http://www.dhammadownload.com

ကျေးရှူးရှင်

လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ကမ္မဋ္ဌာန်းကျမ်းကြီး

စတုတ္ထအကြိမ်

ပန်းချီ ကျော်မြူစ်

http://www.dhammadownload.com

# ကောင်းခြင်းစုံစွာ ဗုဒ္ဓသာသနာ

- ကုသိုလ်တရားမှန်သမျှတို့၏ အဦးအစသည် သီလ (ကောင်းသော ကိုယ်နှုတ် အကျင့်တရား) ရှိခြင်း ဖြစ်၏။ တစ်နည်း -
- ကုသိုလ်တရားမှန်သမျှတို့၏ အဦးအစသည် သမ္မာဒိဋ္ဌိ (အယူဖြောင့်မှန်ခြင်း) ဖြစ်ပေ၏။
- အဓိသီလ, အဓိစိတ္တ, အဓိပညာတို့ဖြင့် မွမ်းမံဆင်သအပ်သော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကား စ၊ လယ်၊ ဆုံး ကောင်းခြင်းနှင့် ပြည့်စုံပါပေ၏။

ဤကျမ်းစာတွင်

* သီလဖြောင့်မှန် စင်ကြယ်ရေး၊ အယူဖြောင့်မှန်ရေးတို့ကို အဦးအစထားလျက်–

~ **ကသိုဏ်း ရှုပွားပုံအမျိုးမျိုး၊**

~ **အသုဘကမ္မဋ္ဌာန်း ရှုပွားပုံအမျိုးမျိုး၊**

~ **အနုဿတိကမ္မဋ္ဌာန်း ရှုပွားပုံအမျိုးမျိုး၊**

~ **ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ရှုပွားပုံအမျိုးမျိုး**– စသည့် ကမ္မဋ္ဌာန်း (၄၀) ရှုပွားနည်းများ။

❊ နတ်နား၊ နတ်မျက်စိတို့ကဲ့သို့ ကြားသိနိုင်သော မိုးပျံ၊ မြေလျှိုး အဘိညာဉ် တန်ခိုးသတ္တိ စွမ်းအားများ၊


❊ ဝိပဿနာရှုပွားနည်း အဖုံဖုံတို့နှင့် ငြိမ်းချမ်းမှု အစစ်အမှန် မြတ်နိဗ္ဗာန်၏သဘောတရားတို့ကို အခန်း (၁၇)ခန်းခွဲ၍ အကျယ်တဝင့် ရှင်းလင်းရေးသားထားသဖြင့် **ကောင်းခြင်းစုံစွာ ဤကျမ်းစာသည်** ပြည်တွင်းပြည်ပ သာသနာပြုတော်မူနေကြသည့် –

❊ သံဃာတော်အရှင်မြတ်များ၊ လူပုဂ္ဂိုလ်များ၊ ဝိပဿနာယောဂီများ၊ ပညာရှင်များအပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာကို လေ့လာလိုသူတိုင်း၊ ဗုဒ္ဓဘာသာဝင်တိုင်း တစ်အိမ်တစ်အုပ် မရှိမဖြစ်ဆောင်ထားရမည့် စာအုပ်ကောင်း ဖြစ်ပါကြောင်း။

ဖြန့်ချိရေး – **မိခင်ရောဝတီစာအုပ်တိုက်၊** ☎ ၀၁ –၅၁၁၄၃၁၊ ရန်ကုန်မြို့။

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ခေါ် "စာပေပါရဂူ" ဘွဲ့တံဆိပ်တော်ရ



ကျေးဇူးတော်ရှင် ပဋ္ဌမ လယ်တီဆရာတော်ဘုရားကြီးပုံ

http://www.dhammadownload.com

ရှေးဦးဆရာ
မာတာပီတ၊ သွန်သင်ပြသည့်
နယနည်းနာ၊ အဖြာဖြာကို
ဩပနာနှင်း၊ နှလုံးသွင်းလျက်
သုံးခင်းသဒ္ဓမ္မ၊ မြတ်လှအမွေ
ခံယူလေဘိ---------။

အသိတရား၊ တိုးပွားဖြန့်ချိ
မြန်ပြည်အနှံ့၊ ခြေဆန့်ခရီး
မြစ်ကြီးရော၊ စီးဆင်းလာသည်
လူ့ရွာသုခပြည့်စေသောင်။ ။

မိခင်ရောဝတီ

မိခင်စာအုပ်အမှတ် (၁၆)

မိခင်ရောဝတီစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၄၀၂) ကျိုက်တော်အိမ်ရာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁- ၇၀၀၄၃၁

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.dhammadownload.com

မုံရွာမြို့

ကျေးဇူးတော်ရှင်

လယ်တီဆရာတော်ဘုရားကြီး

၏

# ကမ္မဋ္ဌာန်းကျမ်းကြီး

မိခင်ရောဝတီစာအုပ်တိုက်

မိခင်စာအုပ်အမှတ် (၁၆)

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် အမှတ် - ၁၆၀ / ၂၀၀၀ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၅၁၉ / ၂၀၀၀ (၉)

**ပထမအကြိမ်**

အုပ်ရေ (၁၀၀၀)

**မျက်နှာဖုံး ပုံနှိပ်သူ**

ရတနာမိုး ပုံနှိပ်တိုက်၊ ၁၂၇ / ၂၊

(၃) ရပ်ကွက်၊ သံသုမာလမ်း၊

**ကွန်ပျူတာ စာစီ**

မခင်စန်းဝေ

(မိခင်ရောဝတီ)

**အတွင်းပုံနှိပ်သူ**

ရတနာမိုး ပုံနှိပ်တိုက်၊ ၁၂၇ / ၂၊

(၃) ရပ်ကွက်၊ သံသုမာလမ်း၊

တောင်ဥက္ကလာပ၊ မြင်သာ။

**စာအုပ်ချုပ်**

ကိုမောင်မောင်အုန်း၊ ၃၂-လမ်း

**ထုတ်ဝေသူ**

ဒေါ်ရွှေအိမ် ၈ / ၆၅၊ အုပ်စု (၃)၊

အောင်သိဒ္ဓိလမ်း၊ အင်းစိန်။

**စီစဉ်သူ**

'မိခင်ရောဝတီ' ဝိုင်းတော်သားများ

စီစဉ်သည်။

**ကာလာခွဲ**

ကိုအောင်ခင်ဦး

**ဖြန့်ချိရေး**

မိခင်ရောဝတီစာအုပ်တိုက်၊ ဖုန်း- ၀၁-၇၀၁၄၃၁

တိုက် (၄) / ၄၀၂၊ ကျိုက်တော်အိမ်ရာ၊

ပုဇွန်တောင်။

**စာအုပ်ရောင်းဈေး**

ကျပ်။


လယ်တီစာပေ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ခွင့်ပြုချက်

အရ လယ်တီဝိသောဓကမှုအဖြစ် ရိုက်နှိပ်ပါသည်။

http://www.dhammadownload.com

# အဖော်ကောင်းနှင့်ခရီးသွားပါ

ယနေ့ ကမ္ဘာတစ်လွှားတွင် ကိုးကွယ် ယုံကြည်မှုဆိုင်ရာ အယူဝါဒ အသီးသီး ရှိကြရာ ယုံကြည်မှုပေါ် အကြောင်းခံ၍ လူမျိုးရေး မုန်းတီးမှု၊ ဘာသာရေး မုန်းတီးမှု စသည့် မိမိတို့အသီးသီး၏ လောဘ၊ ဒေါသ တရားဆိုးများ ဖြစ်ပေါ်နေသည်မှာ ဝမ်းနည်းဖွယ်ရာပင်။ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာ၊ ဗုဒ္ဓဘာသာ စသည့် ပညတ်သဘော အမြင်များကို ဖယ်ခွာလိုက်ပါ။ မည်သည့် နည်းလမ်း၊ မည်သည့် လမ်းညွှန်ချက်သည် မိမိတို့၏ ရုပ်ချမ်းသာရေး၊ စိတ်ချမ်းမြေ့ရေး၊ ဘဝအောင်မြင်ရေး၊ ဘဝလွတ်မြောက်ရေးနှင့် အနှိုင်းမဲ့ သန္တိသုခကို ပေးနိုင်သလဲ။ မည်သည့်နည်းလမ်း၊ မည်သည့်လမ်းညွှန်ချက်သည် ကမ္ဘာ့သာယာဝပြောရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပေးနိုင်သလဲ။ မည်သူ၏ ပြောဆိုမှုကိုမျှ လက်မခံသေးဘဲ ကိုယ်တိုင်လက်တွေ့ ကျင့်သုံးကြည့်ပါ။ တကယ်ကိုယ်တွေ့ သိမြင်မှ ယုံကြည်လိုက်ပါ။

ထိုသို့ လက်တွေ့စမ်းသပ်မှုခံနိုင်သော (အယူအမြင်)မျိုး ဘယ်ဘာသာ၌ ရှိပါသလဲ။ရင်းမြစ်ကျကျ စူးစမ်း စမ်းသပ်မှုခံနိုင်သော၊ စူးစမ်းရှာဖွေလေလေ ထူးခြားသော တရားတော်များကို ခန္ဓာမှာတွေ့ရှိလေလေနှင့် အံ့မခန်းဖွယ်ရာ အယူအမြင်အစစ်သည် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဝါဒ၊ ဗုဒ္ဓ၏သာသနာတော်မှအပ အခြားဘယ်ဘာသာ၊ သာသနာတော်၌ ရှိပါသလဲ။ လေ့လာဆန်းစစ်ရှာဖွေ ကြည့်လိုက်ပါဦး။

ထိုသို့စမ်းသပ်လေ့လာရာတွင် စူးစမ်းလိုစိတ်ရှိရမည်။ မပျင်းမရိ လုံ့လဝီရိယ ထက်သန်ရမည်။ ရိုးသားမှုအပြည့်ရှိရမည်။ သို့မှသာအဖြေကို မှန်မှန်ကန်ကန် ရှာဖွေတွေ့ရှိနိုင်လိမ့်မည်။ မြတ်ဗုဒ္ဓ၏တရားတော်များကို လက်တွေ့စမ်းသပ်လိုသူတို့အတွက် ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ကြီး ရေးသားပြုစုတော်မူခဲ့သော "ကမ္မဋ္ဌာန်းကျမ်းကြီး"စာအုပ်ကြီးသည် အကောင်းဆုံးသော လက်စွဲစာအုပ် **Hand Book** ဖြစ်ပေလိမ့်မည်။ အကောင်းဆုံး အဖော်မွန် ဖြစ်ပေလိမ့်မည်။

မိတ်ဆွေ! မည်သည့်ခရီးသို့ သွားသည်ဖြစ်စေ၊ အဖော်မပါ တစ်ကိုယ်တည်းသွားခြင်းမှာ ပျင်းရိဘွယ်ဖြစ်သည်။ အနှစ်မဲ့ဖြစ်သည် ။ အန္တရာယ်

http://www.dhammadownload.com

တစ်စုံတရာကြုံခဲ့သော် ကူညီသူကင်းမဲ့နေလိမ့်မည်။ သံသရာ ခရီးကဲ့သို့ စွန့်စားရသည့် ခရီးကြမ်းမျိုးတွင်ကား လမ်းမှန်ညွှန်ပြတတ်သည့် အဖော်မွန် အစစ်နှင့် အတူသွားခြင်းသည်သာ အကောင်းဆုံးဖြစ်ပါ၏။

အို! ဓမ္မမိတ်ဆွေ- အဖော်ကောင်းတည်းဟူသော "ကမ္မဋ္ဌာန်းကျမ်းကြီး"ကို လက်စွဲပြု၍ စမ်းသပ်ခံနိုင်သော (အယူ+အမြင်) အစစ်ကို စူးစမ်းရှာဖွေပါလေလော့။ သင်၏ နှလုံးသည်းပွတ်တွင် ဉာဏ်မြင်ပေါက်၍ မကြာမီ အသိထူးလာပါလိမ့်မည်။ အဖြေကို ရှင်းရှင်းလင်းလင်း သိလာပါလိမ့်မည်။ သံသရာခရီး၏ လမ်းဆုံးပန်းတိုင် အစစ်အမှန်ကို သူပြောငါပြောမဟုတ်။ မိရိုးဖလာ အသိမဟုတ်။ သင်၏ ကိုယ်ပိုင်ဉာဏ်ဖြင့် သင်ကိုယ်တိုင်ထိုးထွင်း သိမြင်လာပါလိမ့်မည်။

မွန်မြတ်သောစေတနာဖြင့်

ဒေါ်ရွှေဝါစိုးနှင့် မိခင်ရောဝတီ စာအုပ်တိုက်မိသားစု

မှတ်ချက်။ ။ လူသားအားလုံးအတွက် အလုံးစုံသော ပြီးပြည့်စုံခြင်း၊ မှန်ကန်သော ဘဝလွတ်မြောက်ခြင်းကို ပေးစွမ်းနိုင်သော တစ်ခုတည်းသော အယူအမြင်အစစ်သည် ဗုဒ္ဓ၏အယူအမြင် ဗုဒ္ဓ၏တရားတော်၌သာရှိပါသည်။

http://www.dhammadownload.com

# လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးအဖွဲ့၏အမှာစာ

## ဗုဒ္ဓဘုရားပွင့်တော်မူရာအခါ

ဗုဒ္ဓဘုရား ပွင့်တော်မူ၍ ၄၅-ဝါ တိုင်တိုင် တရားတော်များကို ဟောကြားတော်မူခဲ့ပြီး ပရိနိဗ္ဗာန် စံတော်မူသွားပါသော်လည်း ဟောကြားတော်မူခဲ့သည့် **"တရားတော်များ"** ကိုပင် ဘုရားအရာ၌ ထားတော်မူခဲ့သဖြင့် ယခုအခါ ဗုဒ္ဓဘုရား ပွင့်တော်မူရာ အခါကဲ့သို့ပင် ရှိနေပါသည်။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

အကျွန်ုပ်တို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ဘုရားကိုယ်စား "ဘုရား" အမည်တော်ရ ဓမ္မစေတီ၊ ခက်ခဲနက်နဲလှသော ပိဋကတ်တော်မှ ထုတ်နုတ်၍ လူအများ ဓမ္မအရသာ ခံစားနိုင်ရန် ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာစာတ်အလင်းရောင် ပြန့်စေတော်မူခဲ့သည်။

## ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ဘုရား၏ ဆန္ဒတော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ရေးသားထားသော ကျမ်းစာများကို ပြည်တွင်းပြည်ပ ပြန့်နှံ့စေလိုသော ဆန္ဒရှိတော်မူခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓဘုရား၏ တရားတော်များကို ဘာသာအမျိုးမျိုးဖြင့် ရိုက်နှိပ်ကြကာ ကမ္ဘာသို့ဖြန့်ရန် အချိန်ရောက်ပြီဟု နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကြီး၌ ဩဝါဒပေးတော်မူခဲ့သည်။

## လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ ပဓာနနာယက နဝမလယ်တီဆရာတော် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ကေလာသ၊ ရန်ကုန်မြို့

http://www.dhammadownload.com

နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်၏ ပဓာနနာယက နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း ကျောင်းအုပ် စမ်းချောင်း လယ်တီဝိပဿနာ ကျောင်းတိုက်၊ လှည်းကူး လယ်တီတောရ ကျောင်းတိုက်တို့၏ ပဓာနနာယက နိုင်ငံတော် သံဃာမဟာနာယက ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဓာဂရာဘိဝံသ ဆရာတော်တို့ ဦးဆောင်ပြီး လယ်တီနိကာယဝင် ဆရာတော်ကြီးများနှင့် လူပညာရှိများ စုပေါင်းလျက် လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးကို ဖွဲ့စည်းခဲ့ပါသည်။

## ဆန္ဒတော်ဖြည့်

ဖွဲ့စည်းထားသော လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေး အဖွဲ့သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဆန္ဒတော်ကို ဖြည့်နိုင်ရန် မိခင်ရောဝတီ စာအုပ်တိုက်အား ဒီပနီကျမ်းစာများကို ရိုက်နှိပ်ရန် ခွင့်ပြုသဘော တူခဲ့ပါသတည်း။

**လယ်တီဒီပနီထွန်းကား ပြန့်ပွားရေးအဖွဲ့**

http://www.dhammadownload.com

# [illegible]

❋ မြတ်စွာဘုရားရှင်တစ်ဆူ၏ အနန္တဂုဏ်ကျေးဇူးတော်နှင့် ဉာဏ်တော်ကို ဘုရားရှင်တစ်ဆူ၏ သာသနာကုန်အောင်ပင် ဟောပြောပါသော်လည်း ကုန်ဆုံးနိုင်မည်မဟုတ်ပေ။ ဤမျှ လေးနက် သိမ်မွေ့ နက်နဲ ကျယ်ပြောလှ၍ အတုမရှိ အနှိုင်းမဲ့ဖြစ်ပါ၏။

❋ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော ပိဋကတ်တော် (၃)ပုံ ဟူသည်မှာလည်း မကျဉ်းမကျယ်မျှသာ သင်္ဂါယနာတင်ထားခဲ့သည်ဖြစ်၍ အလုံးစုံ အကုန်မဟုတ်သေး။ ထိုအလုံးစုံ မဟုတ်သေးသည့် ပိဋကတ်တော် (၃)ပုံသည်ပင် ခက်ခဲနက်နဲ သိမ်မွေ့ ကျယ်ပြောသည်ဖြစ်၍ သာမန်လူတို့ စွမ်းဆောင်နိုင်သော အရာမဟုတ်ပေ။

❋ ထို ဘုရားဟော ပိဋကတ်တော် ဒေသနာတို့ကို မွေနှောက် ချောက်ချားစေ၍ သာမာန်လူတို့ နားလည်စေရန် အသိတရားမှ အကျင့်တရားသို့ ကူးပြောင်းတတ်စေရန် ကျမ်းအမျိုးမျိုး ဒီပနီအဖုံဖုံ ရေးသားပြုစုတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ သာသနာပြုသမိုင်းသည်ကား မြန်မာသာသနာတော် သမိုင်းတွင် ထင်ရှားသော မှတ်တိုင်ကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက် ရှိနေပါသည်။ နောင်လည်း အခွန့်ရှည် ခိုင်မာ ရပ်တည်နိုင်လေဦးမည်။

❋ လယ်တီဆရာတော်ကြီး၏ ပဋိပတ္တိနိသ္သျတို့ကို အစဉ်အဆက် လယ်တီဆရာတော်ကြီးများ အနာဂါမ် ဆရာသက်ကြီး၊ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးသန်း၊ ဆရာကြီးဦးဂိုအင်ကာ စသည့် တပည့်ကြီးများ စဉ်ဆက် လက်ကမ်း၍ သာသနာပြုနေကြသည်မှာ မြန်မာအဝှန်း၊ ကမ္ဘာအဝှန်း ဓမ္မရနံ့များ သင်းပျံ့လျက် ရှိပေပြီ။

❋ လယ်တီဆရာတော်ကြီး၏ ပရိယတ္တိသာသနာ ကျမ်းစာ အစောင်စောင် ဒီပနီအဖုံဖုံတို့သည်လည်း မုံရွာမြို့၊ လယ်တီကျောင်းတိုက်

http://www.dhammadownload.com

လယ်တီစာပေထိန်းသိမ်းရေးအဖွဲ့ ဆရာတော်ကြီးများ၏ ကြိုးပမ်းမှုဖြင့် ယနေ့တိုင် မြန်မာပြည်အနှံ့ ပြန့်ပွားလျက်ရှိပေသည်။ ထိုအစဉ်အလာ ကောင်းကို ဆက်ခံ ထိန်းသိမ်း စောင့်ရှောက်သည့်အနေဖြင့် လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ လယ်တီဘဒ္ဒန္တကေလာသ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇာဂရာ ဘိဝံသ အဂ္ဂမဟာပဏ္ဍိတတို့က ဦးဆောင်၍ လယ်တီစာပေများ မြန်မာပြည်အနှံ့ ကမ္ဘာအနှံ့ ပြန့်ပွား၍ မျိုးဆက်သစ် လူငယ်များ အသိဉာဏ် တိုးတက်ပါစေခြင်း အကျိုးငှာ ဆောင်ရွက်ရန် အာသီသ ပြင်းပြတော်မူပါသည်။

❋ ဆရာတော်ကြီး၏ ဆန္ဒနှင့်အညီ လယ်တီဆရာတော်၏ နည်းနိဿျခံ တပည့်ကြီးအဆက်ဆက်၏ ပဋိပတ္တိတပည့် ပရိယတ္တိတပည့် ဖြစ်ခဲ့သော ကျမတို့မိခင်ရောဝတီစာအုပ်တိုက်သည်လည်း ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ကျေးဇူးကိုဆပ်ခွင့်ကြုံလေပြီဟု ဝမ်းမြောက် ဝမ်းသာစွာဖြင့် လယ်တီဒီပနီများ၊ ကျမ်းစာများကို သာသနာတော်အကျိုးအလို့ငှာ ဦးထိပ်ရွက် ရည်သန်၍ စဉ်ဆက်မပြတ် ထုတ်ဝေ ဖြန့်ချိပေးမည်ဖြစ်ပါကြောင်း။

❋ ဗုဒ္ဓသာသနာတော်ကြီး နေရောင်လရောင်ပမာ အစွန့်ရှည် တည်တံ့ပြန့်ပွားပါစေ။

❋ လယ်တီဆရာတော်ကြီး၏ ကျမ်းစာမြတ်များ ကမ္ဘာအနှံ့ ပြန့်ပွားတည်တံ့ပါစေ။

**မိခင်ရောဝတီစာအုပ်တိုက်**

http://www.dhammadownload.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – လယ်တီဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိအကျဉ်းချုပ် | ၁ |

၁။ သာသနာသုံးရပ်ကို ပြဆိုခန်း

| | | |
|---|---|---|
| (က) | ကိလေသာ အသိုက်အအုံကြီး ၃–မျိုး | ၂၀ |
| (ခ) | သာသနာ ၃–ရပ် | ၂၁ |

၂။ သီလကို ပြဆိုခန်း

| | | |
|---|---|---|
| (က) | အာဇီဝဋ္ဌမကသီလ | ၂၂ |
| (ခ) | အာဇီဝဋ္ဌမကသီလ၏သရုပ် | ၂၃ |
| (ဂ) | ဓုတင် ၁၃–ပါးသရုပ် | ၂၄ |
| (ဃ) | စတုပါရိသုဒ္ဓိသီလသရုပ် | ၂၅ |
| (င) | ကမ္မာစောင့်တရားကြီး ၂–ပါး | ၃၁ |
| (စ) | ကမ္မာစောင့်တရားကြီး ၂–ပါးကြောင့် ဒုစရိုက် ၁၀–ပါး ကင်းလွတ်ပုံ | ၃၂ |
| (ဆ) | ကမ္မာဦးအခါ၌ အာဇီဝဋ္ဌမကသီလ, အဋ္ဌင်္ဂ ဥပေါသထသီလ, ဒသင်္ဂသီလတို့ ပေါ်ပေါက်နေပုံ | ၃၃ |
| (ဇ) | ကမ္မာစောင့်တရားကြီး ၂–ပါးနှင့် ဥပေါသထသီလ, ဒသင်္ဂသီလတရား ဆုတ်ယုတ်လာပုံ | ၃၄ |
| (ဈ) | မဇ္ဈိမသာသနာမှစ၍ သာသနာအစဉ်အတိုင်း အာဇီဝဋ္ဌမကသီလ၌ ဆုံးမကြ၍ တည်ထွန်းလာပုံ | ၃၈ |
| (ည) | အာဇီဝဋ္ဌမကသီလသည် ကမ္မာ့ဓမ္မတာသီလဖြစ်ပုံ | ၄၁ |
| (ဋ) | အာဇီဝဋ္ဌမကသီလ၌တည်၍ ပြုလုပ်ကြသော ဒါနမှု, ဥပေါသထမှုတို့သည် ကြီးကျယ်သော အကျိုးကိုပေးပုံ | ၄၂ |
| (ဌ) | အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ | ၄၃ |
| (ဍ) | သတိပေးချက် | ၄၇ |

၃။ ကမ္မဋ္ဌာန်းယူပုံကို ပြဆိုခန်း

| | | |
|---|---|---|
| (က) | ကမ္မဋ္ဌာန်း ၄၀ – ဆောင်ပုဒ်သံခိပ် | ၄၉ |

http://www.dhammadownload.com


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ခ) | သပ္ပာယအပြား | ၅၂ |
| (ဂ) | ပလိဗောဓကြီး ၁၀–ပါး | ၅၄ |
| (ဃ) | ဆရာ့အင်္ဂါ ၇–ပါး | ၅၅ |
| (င) | ကြဉ်ရှောင်အပ်သော အရပ် ၁၈–ပါး | ၅၅ |
| (စ) | ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ လျှောက်ပတ်သော အင်္ဂါ ၅–ပါးရှိသော ကျောင်း | ၅၆ |
| (ဆ) | ပလိဗောဓငယ် ပယ်ဖျက်ခြင်းများ | ၅၇ |
| (ဇ) | အင်္ဂါ ၄–ပါးနှင့် ပြည့်စုံသော ဝီရိယ | ၅၇ |

၄။ ကသိုဏ်းကို ပြဆိုခန်း

| | | |
|---|---|---|
| (က) | ပထဝီ–မြေကသိုဏ်း ပွားများအားထုတ်ပုံ | ၅၉ |
| (ခ) | အာပေါ–ရေကသိုဏ်း ပွားများအားထုတ်ပုံ | ၇၅ |
| (ဂ) | တေဇော–မီးကသိုဏ်း ပွားများအားထုတ်ပုံ | ၇၆ |
| (ဃ) | ဝါယော–လေကသိုဏ်း ပွားများအားထုတ်ပုံ | ၇၆ |
| (င) | နီလ–အညိုကသိုဏ်း ပွားများအားထုတ်ပုံ | ၇၇ |
| (စ) | ပီတ–အဝါကသိုဏ်း ပွားများအားထုတ်ပုံ | ၇၈ |
| (ဆ) | လောဟိတ–အနီကသိုဏ်း ပွားများအားထုတ်ပုံ | ၇၉ |
| (ဇ) | ဩဒါတ–အဖြူကသိုဏ်း ပွားများအားထုတ်ပုံ | ၇၉ |
| (ဈ) | အာလောက–အလင်းကသိုဏ်း ပွားများအားထုတ်ပုံ | ၈၀ |
| (ည) | အာကာသ–ကောင်းကင်ကသိုဏ်း ပွားများအားထုတ်ပုံ | ၈၁ |

၅။ အသုဘကမ္မဋ္ဌာန်းကို ပြဆိုခန်း

| | | |
|---|---|---|
| (က) | ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၃ |
| (ခ) | ဝိနီလက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၃ |
| (ဂ) | ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၄ |
| (ဃ) | ဝိစ္ဆိဒ္ဒက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၄ |
| (င) | ဝိက္ခာယိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၅ |
| (စ) | ဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၅ |
| (ဆ) | ဟတဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၅ |
| (ဇ) | လောဟိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၆ |
| (ဈ) | ပုဠုဝက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ | ၈၆ |

http://www.dhammadownload.com

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

(ည) အင်္ဂက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၈၇

၆။ အနုဿတိကမ္မဋ္ဌာန်းကို ပြဆိုခန်း
(က) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၉၂
(ခ) ဓမ္မာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၁၃၀
(ဂ) သံဃာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၁၈၉
(ဃ) သီလာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၀၄
(င) စာဂါနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၀၅
(စ) ဒေဝတာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၀၆
(ဆ) ဥပသမာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၀၈
(ဇ) မရဏာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၀၉
(ဈ) ကာယဂတာသတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၁၄
(ည) အာနာပါနဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၁၅

၇။ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းကို ပြဆိုခန်း
(က) မေတ္တာဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၂၉
(ခ–ဂ) ကရုဏာ, မုဒိတာ ဗြဟ္မဝိဟာရ ပွားများအားထုတ်ပုံ ၂၃၄
(ဃ) ဥပေက္ခာ ဗြဟ္မဝိဟာရ ပွားများအားထုတ်ပုံ ၂၃၇

၈။ အာရုပ္ပကမ္မဋ္ဌာန်းကို ပြဆိုခန်း
(က) ပထမာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၃၉
(ခ) ဒုတိယာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၄၀
(ဂ) တတိယာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၄၁
(ဃ) စတုတ္ထာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ၂၄၂

၉။ အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်း ပြဆိုခန်း ၂၄၆

၁၀။ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း ပြဆိုခန်း ၂၅၁

http://www.dhammadownload.com

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**၁၁။ အဘိညာဉ်ကို ပြဆိုခန်း**

(က) လောကိယဝိဓအဘိညာဉ် ကသိုဏ်းတို့၏အစွမ်း ၂၆၅
(ခ) ဒိဗ္ဗသောတအဘိညာ ၂၆၈
(ဂ) ပရစိတ္တ ဝိဇာနနအဘိညာ ၂၆၉
(ဃ) ပုဗ္ဗေနိဝါသာနုဿတိအဘိညာ ၂၆၉
(င) ဒိဗ္ဗစက္ခုအဘိညာ ၂၇၁

**၁၂။ စိတ္တဝိသုဒ္ဓိသည် ဝိပဿနာ၏ အခြေခံဖြစ်ပုံ** ၂၇၂

**၁၃။ အဓိပညာသာသနာကို ပြဆိုခန်း**

(က) ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ ၂၇၅
(ခ) ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ ၂၇၆
(ဂ) ဝိပဿနာဉာဏ် ၁၀-ပါး ၂၇၈
(ဃ) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ၂၈၃
(င) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ၂၈၄
(စ) ပထမမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ၂၈၄

**၁၄။ နိဗ္ဗာန်ကို ပြဆိုခန်း**

(က) နိဗ္ဗာန်၏အေးငြိမ်းသောသဘော ၃၀၅
(ခ) အပူ ၂-မျိုး ၃၀၅
(ဂ) အပူမှနိဗ္ဗာန်၏အေးငြိမ်းပုံ ၃၀၆
(ဃ) သဉပါဒိသေသ, အနုပါဒိသေသနိဗ္ဗာန် ၂-မျိုး ၃၀၈
(င) သုညတ, အနိမိတ္တ, အပ္ပဏိဟိတနိဗ္ဗာန် ၃-မျိုး ၃၀၉

**၁၅။ ဝိပဿနာရှုနည်း ပြဆိုခန်း**

(က) ဝေါဟာရမြေကို ပြဆိုချက် ၃၁၂
(ခ) ပရမတ်မြေကို ပြဆိုချက် ၃၁၃
(ဂ) ပရမတ်မြေခေတ်၌ ခေတ်မျက်လုံးတည်ထောင်ပုံ ၃၁၆

http://www.dhammadownload.com

ဦးရေ အကြောင်းအရာ စာမျက်နှာ


၁၆။ မဇ္ဈိမပုဂ္ဂိုလ်တို့ရှုနည်းကို ပြဆိုခန်း

(က) ပရမတ်နှစ် မြေအစစ် ၁၀၉

(ခ) ပရမတ်နှစ် ရေအစစ် ၁၂၃

(ဂ) ပရမတ်နှစ် မီးအစစ် ၁၂၆

(ဃ) ပရမတ်နှစ် လေအစစ် ၁၂၇

၁၇။ တိက္ခပုဂ္ဂိုလ်တို့ရှုနည်းကို ပြဆိုခန်း

(က) အချက်ကြီး ၄-ချက် ၃၃၁

(ခ) မဟာဘုတ်ကြီး ၄-ပါးတို့၏ အလွန်သိမ်မွေ့သေးဖွဲပုံနှင့် အဖြစ်အပျက် အလွန်လျင်မြန်ပုံ ၃၃၆

(ဂ) အာကာသ ၄-ပါး ကြည့်ရှုရန် ၃၃၉

(ဃ) အနိစ္စလက္ခဏာ မထင်မြင်နိုင်ပုံ ၃၄၄

(င) ဓာတ်ကြီး ၄-ပါးနှင့် ဘာဝနာကိစ္စပြီးနိုင်ပုံ ၃၅၉

(စ) ဓာတ်ဆီ ဓာတ်မီးတို့ကို အမှီပြု၍ ရုပ်တရားတို့၌ ဝိပဿနာဉာဏ်အမြင် ထိုးထွင်း၍သိပုံ ၃၇၀

(ဆ) နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်း ဖွင့်နည်း ၃၈၄

(ဇ) ဝိညာဉ် ၆-ပါး, နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက် ၃၉၀

(ဈ) နိဒ္ဒါရာမတာ-စသော တဏှာ ၄-မျိုးကို ပြဆိုချက် ၄၁၂

(ည) ၂၄-ပစ္စည်းတို့ဖြင့် ထင်သာမြင်သာရှိအောင် ဝေဖန်၍ ပြဆိုချက် ၄၁၃

၁၈။ နိဂုံး ၄၁၉


မာတိကာ ပြီး၏။

http://www.dhammadownload.com

# မိခင်ရောဝတီစာအုပ်တိုက်

မှ

ဆက်လက်ထွက်ရှိမည့်

## လယ်တီဆရာတော်ကြီး၏စာအုပ်များ

- ပါရမီဒီပနီ
- ပဋိစ္စသမုပ္ပါဒဒီပနီ
- ဘာဝနာဒီပနီ
- ဥတ္တမပုရိသဒီပနီ
- အာနာပါနဒီပနီ
- ဝိပဿနာဒီပနီ
- လယ်တီနိဗ္ဗာန်
- ကမ္မဋ္ဌာနဒီပနီ
- ရောဂန္တရဒီပနီ
- ဓါတ်ကမ္မဋ္ဌာန်းကျမ်းကြီး
- ဝိဇ္ဇာမဂ္ဂဒီပနီ
- မဂ္ဂင်ဒီပနီ နှင့် စတုသစ္စဒီပနီ

ရွှေတိဂုံဘုရားဈေး စာအုပ်ဆိုင်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ
စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့၊ နဂါးစာပေ အပါအဝင်
စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

http://www.dhammadownload.com



# မုံရွာမြို့

# လယ်တီဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

### ဇာတိ ဌာနနှင့် ခမည်းတော် မယ်တော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈ –ခုနှစ်[၁] နတ်တော်လဆန်း ၁၃ –ရက် အင်္ဂါနေ့တွင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာဖြစ်၍ မယ်တော်မှာ ဒေါ်ကြုံးဖြစ်သည်။

ဦးထွန်းသာ – ဒေါ်ကြုံးတို့တွင် သားသမီးခြောက်ဦး[၂] ထွန်းကားခဲ့ရာ ယင်းတို့မှာ –

(၁) ပထမ အကြီးဆုံးသား (ငယ်စဉ်က ကွယ်လွန်)

(၂) ဒုတိယသား မောင်တက်ခေါင် (လယ်တီဆရာတော်)

(၃) တတိယသား မောင်တက်စွာ (လူဝတ်ကြောင်)

(၄) စတုတ္ထသား မောင်တက်ပွား (ပထမပြန် ဦးကုမာရ)

(၅) ပဉ္စမသား မောင်တက်ထွား (ဆရာတော် ဦးကိတ္တိ)

(၆) ဆဋ္ဌမသမီး မမြလေး – တို့ဖြစ်ကြသည်။

သို့ဖြစ်ရာ သားသမီး ခြောက်ဦးရှိသည့်အနက် ဒုတိသား၊ စတုတ္ထသားနှင့် ပဉ္စမသားများမှာ ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြသည်။

---

၁။ အင်္ဂ သုဉ် ဒွိ ဧက်၊ သက္ကရာဇ်၊ ဖွားလစ် ကျမ်းဆရာ။ (ပရမတ္ထသံခိပ်နိဂုံး)

၂။ 'လယ်တီထေရုပ္ပတ္တိ' စာအုပ်များနှင့် 'လယ်တီဒီပနီ ကျမ်းဦးနိဒါန်းများတွင် ဖော်ပြထားသကဲ့သို့ လယ်တီဆရာတော်၌ မွေးချင်းငါးဦးမဟုတ်၊ မွေးချင်းခြောက်ဦးသာ အမှန်ဖြစ်သည်။

http://www.dhammadownload.com



## မင်္ဂလာ နိမိတ်ထူးနှင့် ငယ်နာမည်

လယ်တီဆရာတော် လောင်းလျာဖြစ်သူ ဒုတိသားကို ဖွားမြင်ဆဲအချိန်တွင် အိမ်ဥပစာအတွင်းရှိ မန်ကျည်းပင်ကြီး၌ ထောင်ထားသော ဝါးလုံးများကြားထဲမှ စို့(သက်တံ)ကြီး ပေါ်ထွက်လာကာ ကောင်းကင်သို့ ထိုးတက်သွားပြီးမှ တစ်ဖန် ညွတ်ကိုင်းပြီး အိမ်တွင်းသို့ ဝင်ရောက်လာပြန်သည်။ ထို့နောက် ယင်းစို့(သက်တံ)ကြီးသည် အိမ်တွင်းမှ အိမ်ခေါင်မိုးသို့ ပျံတက်ပြီး အဝါတစ်တန့် အစိမ်းတစ်တန့် အပြာတစ်တန့် အနီတစ်တန့်ဖြင့် ရောင်မျိုးစုံယှက်သန်းကာ ကောင်းကင်လမ်းသို့ ပျံသန်းပျောက်ကွယ်သွားသည်။

ယင်းကဲ့သို့သော မဖြစ်ဖူးမြဲ ထူးကဲလှသည့် မင်္ဂလာနိမိတ်ထူးကို အစွဲပြု၍ လယ်တီဆရာတော် လောင်းလျာ ဖြစ်သော ဒုတိသားကို မောင်တက်ခေါင်ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်သည်။

## ကျောင်းအပ်ခြင်းနှင့် ရှင်သာမဏေဘဝ

မောင်တက်ခေါင် ၁၀ –နှစ်သားအရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်းဆရာတော် အရှင်နန္ဒထံ ပညာသင်ကြားရန် ကျောင်းအပ်နှံခဲ့သည်။ ကျောင်းသားအဖြစ်ဖြင့် ဘုန်းကြီးကျောင်းပညာရေး၏ သင်ရိုးဖြစ်သော မင်္ဂလသုတ်, နမက္ကာရ, ရတနာရွှေချိုင့် , အတွင်းအောင်ခြင်း အပြင်အောင်ခြင်း, လောကနီတိ, ဓမ္မနီတိ, ပရိတ်ကြီး စသည်တို့ကို သင်ကြားခဲ့သည်။

အသက် ၁၅ –နှစ်သားအရွယ် ရှင်သာမဏေပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ[၁] ဖြစ်သည်။ ရှင်ဉာဏဓဇသည် သာမဏေဘဝဖြင့် ဆရာတော်အရှင်နန္ဒထံ၌

---

၁။ 'မုံရွာ လယ်တီ၊ တောရပ်မိ၊ မထေရ် ဉာဏ်ဓဇ'ဟူသော 'ပရမတ္ထသံခိပ်' နိဂုံးမှ 'ဉာဏ်ဓဇ'ဟူသော စကားရပ်ဖြင့် ကျေးဇူးရှင် ဆရာတော်ကြီး ကိုယ်တော်တိုင် ယင်း၏ဘွဲ့အမည်ကို 'ဉာဏဓဇ' ဖြစ်ကြောင်း ဖော်ထုတ်သွားတော်မူခဲ့ခြင်း ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက သူ၏'ပရမတ္ထသံခိပ်အမေးအဖြေ'၌ ဖြေဆိုရေးသားထားသည်။

သို့သော် ဆရာတော်ကြီး၏ 'ပါရမီဒီပနီကျမ်း'နိဂုံး ၄ –ဂါထာအနက် တတိယမြောက်ဂါထာတွင် 'မယာ ဉာဏာဘိဝံသေန'ဟူ၍ ယင်း၏ ဘွဲ့အမည်မှာ 'ဉာဏာဘိဝံသ'ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိကြရသေးသည်။

http://www.dhammadownload.com



မြန်မာနိုင်ငံ ပါဠိပညာရေး၏ သင်ရိုးဖြစ်သော ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂြိုဟ်, ဝိထိလက်ရိုး, မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း စသော နေ့ဝါ ညဝါ ကျမ်းများကို သင်ကြားခဲ့သည်။

## ဆယ်ကျော်သက်က ရေးသားဖွဲ့ဆိုခဲ့သော ကျမ်းနှင့် ကဗျာများ

၁၈ –နှစ်အရွယ်တွင် ရဲထွက်ရွာအရှေ့ဘက် ဝေဒပါရဂူဆရာတော် အရှင်ဂန္ဓမာအထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူခဲ့သည်။ ယင်းသို့ သင်ယူရင်း ကျည်းကန်ကိုရင်ကြီး၏ လက်ာကို နည်းယူပြီးလျှင် မိုလ်, သုဓိတာ, ဗျူဠတာ, ဓာတာဖွဲ့ သင်္ကြန်တွက် လက်ရိုးလင်္ကာများကို ဖွဲ့ဆို ရေးသားတော်မူခဲ့သည်။

ထိုစဉ်က သာမဏေဘဝဖြင့်ပင် မဟော်ဓာတ်ထုပ်နှင့် မဟော်ကျေးစေခန်း ရတု, ရှင်လောင်းလှည့် (သျှိုးလိုက်)ရတုကဗျာများကိုလည်း ဖွဲ့ဆိုရေးသားတော်မူခဲ့သည်။

ထို့ပြင် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါငယ်ကျမ်းများကို သင်ယူရင်း ဝါစ္စဝါစက အကောက်ကျမ်းဟောင်းကို အားမရသဖြင့် 'ဝါစ္စဝါစက အကောက်ကျမ်းသစ်' ကိုလည်း သာမဏေဘဝ ဆယ်ကျော်သက်ကပင် ရေးသားပြုစုခဲ့သေးသည်။

## အားမရနိုင်သော စာကြည့်ဝါသနာ

သက္ကရာဇ် ၁၂၂၈ –ခု ကဆုန်လဆန်း ၆ –ရက်နေ့တွင် သာမဏေ ရှင်ဉာဏဓဇသည် စိုင်ပြင်ရွာ ကျောင်းမ ကျောင်း ခဏ္ဍသိမ်၌ ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းတော် အရှင်ဉာဏဓဇကား အားရသည်ဟု မရှိလောက်အောင် စာကြည့် ဝါသနာပါလွန်းလှသည်။ ထို့ကြောင့်လည်း ဥပဇ္ဈာယ်ဆရာတော် အရှင်နန္ဒက သူ၏စာတိုက်ကြီး ငါးလုံးရှိ မြန်မာနိဿယများကို ကြည့်ရှုရန် ခွင့်ပြုခဲ့သည်။ ဤမျှနှင့် အားမရသေး၍ စိုင်ပြင်ရွာ မြင်တင်တိုက် ဆရာတော် အရှင်ဓမ္မထံ၌ရှိသော စာတိုက်ကြီး ငါးလုံးမှ မြန်မာနိဿယ ဟူသမျှကိုလည်း

http://www.dhammadownload.com



အားလုံး ကြည်ရှုတော်မူလိုက်သေးသည်။

ထို့နောက် စိုင်ပြင် ၂ –ရွာတွင် တည်ရှိသော ကျောင်းတိုက်ကြီး ငါးတိုက်မှ မြန်မာပြန် နိဿယများကို အကုန်ကြည့်ရှုတော့မည်ဟု ကြံစည်တော်မူသေးသည်။ သို့သော် မန္တလေးမြို့သို့ ကြွ၍ ပညာသင်လိုသောကြောင့် ယင်းအကြံမှာ အထမမြောက်ခဲ့ပေ။

## မန္တလေး စံကျောင်းတိုက်၌ ပညာသင်ကြားခြင်း

သို့ဖြင့်ပင် ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၂၃၁ –ခုနှစ်တွင် မိမိဖွားမြင်ရာ စိုင်ပြင်ရွာမှ မန္တလေး ရတနာပုံနေပြည်တော် မြောက်ပြင်မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွရောက်တော်မူခဲ့သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်း တစ်ဝါမှ တစ်ဆယ့်ခြောက်ဝါအထိ တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် စံကျောင်းတိုက်၌ နေထိုင်ကာ 'သုဒဿနဝရဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဒုတိယစံကျောင်း ဆရာတော်ဘုရားကြီးထံ၌ ဝိနည်း ပါဠိတော် – အဋ္ဌကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာသုံးကျမ်းကို သင်ယူတော်မူသည်။

ထိုအချိန်က ဒုတိယစံကျောင်းဆရာတော် ဘုရားကြီးမှာ မန္တလေးရွှေမြို့တော်တွင် စာချ နာမည်အကျော်ကြားဆုံးဖြစ်၍ စာလိုက်သံဃာ တစ်ထောင်ကျော်အထိပင် ရှိခဲ့ဖူးသည်။

ထို့နောက် ရဟန်းတော် အရှင်ဉာဏဓဇသည် အဆိုပါ ဝိနည်းအဘိဓမ္မာပါဠိ အဋ္ဌကထာများကိုပင် မကုဋာရာမ ဆရာတော်ဘုရားကြီးထံ၌လည်း သင်ယူတော်မူပြန်သည်။

## 'လုံပဏ် လင်းပဏ်' ဘယ်ပဏ်သာ၍ တတ်သနည်း

ထိုအချိန်က ဒုတိယစံကျောင်းဆရာတော် ဘုရားကြီးထံ (၁) 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အလုံဇာတိ မိုင်းခိုင်းဆရာတော် ဦးပဏ္ဍိတနှင့် (၂) 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်မရသော စလင်းဇာတိ ဆရာတော် ဦးပဏ္ဍိစ္စဟူ၍ စာတတ် ပေတတ်

http://www.dhammadownload.com



ပထမစာချ တပည့်ကြီးနှစ်ပါးရှိရာ စံကျောင်းတိုက် ပတ်ဝန်းကျင်တွင် 'လုံပဏ် လင်းပဏ်၊ သည်နှစ်ပဏ်တွင် ဘယ်ပဏ်သာ၍ တတ်သနည်း'ဟု ကဗျာစပ်ဆို မေးခွန်းထုတ်ခြင်း ခံရသည်အထိ ပရိယတ္တိစာပေလောက၌ ထင်ရှားကျော်ကြား သော စာချတပည့်ကြီးနှစ်ပါး ဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် စံကျောင်း ဆရာတော်ဘုရားကြီး ထံ၌ အထက်ပါအတိုင်း ဝိနည်းနှင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကို သင်ယူ ခဲ့သည့်အပြင် အဆိုပါ လုံပဏ်, လင်းပဏ်ဟူသော ပထမစာချကြီးနှစ်ပါးတွင် စလင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် ရဟန်းတော် အရှင်ဉာဏဓဇသည် ပါစိတျာ ဒိအဋ္ဌကထာ, သမ္မောဟဝိနောဒနီအဋ္ဌကထာ, ပဉ္စပကြိုဏ် အဋ္ဌကထာ စသည် တို့ကို အာစရိယ ဟတ္ထမုဋ္ဌိ ဆုပ်မိ ကိုင်မိအောင် ဆိုဝါ တက်ဝါနှင့် သင်ယူတော် မူခဲ့သည်။

ထို့ကြောင့်လည်း ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော် အဖြစ်သို့ ရောက်ရှိတော်မူလာသောအခါ၌ 'ငါ၏ဗိုက်ထဲမှာ ရှိသမျှပညာများသည် စလင်း ဦးပဏ္ဍိစ္စ ဟာတွေချည်းပဲ'ဟူ၍ မကြာခဏ မိန့်ကြားတော်မူလေ့ ရှိပေသည်။[၁]

## ယောအတွင်းဝန်၏ ဩဝါဒ

ရဟန်းတော် အရှင်ဉာဏဓဇကား အစဉ်အလာသမား၊ သမားရိုးကျသမား မဟုတ်ပေ။ ငယ်စဉ်ကပင် တော်လှန်သော အတွေးအခေါ်ရှိသူ ဖြစ်သည်။

ထိုအချိန်က မန္တလေးရွှေမြို့တော်ရှိ ထင်ရှားသော ပညာရှိကြီးများ ရှိသည့် အနက် ရွှေပြည်ဝန်ကြီးခေါ် ယောအတွင်းဝန် ဦးဖိုးလှိုင်မှာ တော်လှန်သော အတွေးအခေါ် အယူအဆရှိသူ ဖြစ်သည်။

သို့ဖြစ်ရာ ရဟန်းတော် အရှင်ဉာဏဓဇသည် ယောအတွင်းဝန် ဦးဖိုးလှိုင် ၏ တော်လှန်သော အတွေးအခေါ် အယူအဆများကို နှစ်သက်စွဲလမ်းသလောက်

၁။ လယ်တီဆရာတော်ဘုရားကြီးက လယ်တီဦးပဏ္ဍိတ (...... လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး)အား ပြောပြဖူးသော စကား။

http://www.dhammadownload.com



ဦးဖိုးလှိုင်၏ ခေတ်မီသော စာရေးနည်း စာရေးဟန်များကိုလည်း အားကျသည်။ အတုယူလိုသည်။ နည်းယူလိုသည်။

ထို့ကြောင့်လည်း သီတင်းနေ့များတွင် ယောအတွင်းဝန် ဦးဖိုးလှိုင်ထံသို့ ကြွရောက်လာကာ ပိဋကတ်တော်၌ ယူဆပုံနည်းများနှင့် မြန်မာစာရေးနည်း ရေးဟန်များကို နည်းခံခဲ့သည်။ ထိုအခါ ယောအတွင်းဝန်က 'ဦးပဉ္ဇင်းကလေး စာတတ်ချင်သလား၊ စာတတ်ချင်ရင် ကထာဝတ္ထု အဋ္ဌကထာကို နိုင်နင်းအောင် သင်ကြားပါ'ဟု ဩဝါဒစကားဖြင့် နည်းပေးညွှန်ကြား လျှောက်ထားခဲ့သည်။ ထို့ပြင် ယောအတွင်းဝန်က ပိဋကတ်၌ တော်လှန်သည့် အတွေးအခေါ် အယူအဆ များကိုလည်း ပြောကြားလျှောက်ထားလိုက်သေးသည်။

ထိုစဉ်က ပြောကြားလိုက်သော ယောအတွင်းဝန်၏ တော်လှန်သည့် အတွေးအခေါ် အယူအဆများနှင့် ပတ်သက်၍ ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိလာသောအခါ တပည့်ဖြစ်သူ လယ်တီ ဦးပဏ္ဍိတ (နောင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)အား 'အိမ်း . . ယောဆိုတာ လူတတ်ကွယ့်၊ သူဟာ ပထမတန်း ပညာရှိကြီးပဲ၊ စကားဆန်း အင်မတန် ပြောတတ်တဲ့သူ၊ သူ ပညာရှိမို့ သူပြောတဲ့စကား ငါမှတ်ထားတာပဲ၊ နို့ပေမယ့် *** ကျမ်းတွေက[၁] အလွန်ခိုင်မာတဲ့ သင်္ဂါယနာတင်ကျမ်းတွေ ဖြစ်တယ်'ဟူ၍ ပြန်လည် အမိန့်ရှိခဲ့ဖူးသည်။

## ပဉ္စမ သင်္ဂါယနာပွဲ၌ ကထာဝတ္ထုကို ပြန်ဆိုတော်မူခြင်း

မင်းတုန်းမင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာ တင်ရန်အတွက် ပထမဆင့် လုပ်ငန်းတစ်ရပ်အဖြစ်ဖြင့် ၁၂၂၂ –ခုနှစ်မှ စတင်ကာ ပိဋကတ်တော်များကို

၁။ ဤသို့ (***)ဖြင့် မြှုပ်၍ထားသော ကျမ်းအမည်များနှင့် ယောအတွင်းဝန်က လျှောက်ထားသော ပိဋကတ်ဆိုင်ရာ တော်လှန်သော အတွေးအခေါ် အယူအဆများကို 'လယ်တီဆရာတော်အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီးနှင့် စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အဋ္ဌုပ္ပတ္တိအကျယ် ကျမ်းကြီး၌ အကျယ်တဝင့် မထိမ်မချန် ဖော်ပြထားသည်။

http://www.dhammadownload.com



ကျောက်ထက်အက္ခရာ ထွင်းထုခဲ့ရာ ၁၂၃၀ –ပြည့်နှစ်တွင် အလုံးစုံ ပြီးစီးခဲ့သည်။

ယင်းသို့ ကျောက်ထက်အက္ခရာ ထွင်းထုပြီးနောက် ပိဋကတ်တော်များကို ပဉ္စမ သင်္ဂါယနာ တင်တော်မူခဲ့ရာ –

– သစ်ဆိမ့်တိုက်က ဝိနည်း ပိဋကတော်ကို လည်းကောင်း၊

– စလင်းတိုက်က သုတ္တန် ပိဋကတော်ကို လည်းကောင်း၊

– စံကျောင်းတိုက်က အဘိဓမ္မာပိဋကတော်ကို လည်းကောင်း

အသီးသီး တာဝန်ယူကာ ရွှေနန်းတော်ကြီးအတွင်း ဗြဲတိုက်တော် ရာဇပလ္လင်ပေါ်၌ တစ်လှည့်စီ ပြန်ဆိုတော်မူကြရသည်။

ထိုအခါ စံကျောင်းတိုက်သား တစ်ပါးဖြစ်သော ရဟန်းတော် အရှင် ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်[၁]ကို တာဝန်ယူပြန်ဆိုတော်မူခဲ့သည်။

---

၁။ ကထာဝတ္ထုပါဠိတော်မှာ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ၅ –ခုမြောက်ကျမ်း ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသိတ ဘုရားဟောမဟုတ်ပေ၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဘီစီ ၃ –ရာစုတွင် ဗုဒ္ဓဘုရားရှင် ထားတော်မူခဲ့သော မာတိကာကို အကျယ်ချဲ့၍ ဟောကြားထားသောကျမ်း ဖြစ်သည်။ ယင်းကထာဝတ္ထု ပါဠိတော်သည် (၁) အန္ဓက, (၂) အပရသေလိယ, (၃) ဉတ္တရပထက, (၄) ကဿပိက, (၅) ဂေါကုလိက, (၆) ပုဗ္ဗသေလိယ, (၇) ဘဒြယာနိက, (၈) မဟာသံဃိက, (၉) မဟိံသာသ, (၁၀) ရာဇဂိရိက, (၁၁) ဝဇ္ဇီပုတ္တက, (၁၂) ဝေတုလ္လ, (၁၃) သဗ္ဗတ္ထိဝါဒီ, (၁၄) သမ္မိတိယ, (၁၅) သိဒ္ဓတ္ထိက, (၁၆) ဟေတုဝါဒ ဟူသော ဂိုဏ်းကြီး ၁၆ –ဂိုဏ်းတို့၏ မိစ္ဆာဝါဒ ၁၆ –ချက်ကို ချေဖျက်ထားသောကျမ်း ဖြစ်သည်။

အရှင်မဟာ ဗုဒ္ဓဃောသကလည်း ကထာဝတ္ထု အဋ္ဌကထာတွင် နိဒါနကထာ၌ ဒီပဝံသကျမ်းကို မှီငြမ်းပြုကာ ဇမ္ဗူဒိပ်၌ မဟာသံဃိက ဂိုဏ်းကြီးကွဲသည်မှစ၍ ဂိုဏ်း ၁၈ –ဂိုဏ်း ကွဲပြားသွားပုံကို ဖော်ပြဖွင့်ဆိုထားသည်။

ယောအတွင်းဝန်၏ ဩဝါဒအတိုင်း ကမ္ဘာကို ဗုဒ္ဓသာသနာ ဖြန့်ချိပြုစုလိုသူတိုင်း ကထာဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာမှာ မလေ့လာလျှင် မဖြစ်သော ကျမ်းများဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည်လည်း ကထာဝတ္ထုကို လေ့လာရင်း ရဟန်းငယ်ဘဝကပင် ကိုးတိုင်းကိုးဌာန သာသနာပြု ခေါင်းဆောင်လည်းဖြစ်၊ တတိယသင်္ဂါယ...

http://www.dhammadownload.com



ယောအတွင်းဝန်၏ ဩဝါဒစကား လျှောက်ထားချက်အရ ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်နှင့် ကထာဝတ္ထု အဋ္ဌကထာကို အထူး ကျွမ်းကျင်နိုင်နင်းအောင် သင်ကြားလေ့လာထားသည့်အတိုင်း မြဲတိုက်တော် ရာဇပလ္လင်ထက်၌ ကထာဝတ္ထုပါဠိတော်ကို အောင်မြင်စွာ ပြန်ဆိုတော်မူနိုင်ခဲ့ခြင်း ဖြစ်သည်။

## ပထမစာချ ဖြစ်တော်မူခြင်း

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်းသိက္ခာ ၈–ဝါအရတွင် စံကျောင်း တိုက်၌ ပထမ စာချအဖြစ် ချီးမြှောက်ခြင်း ခံခဲ့ရသည်။

ထိုအခါ ရဟန်းတော် အရှင်ဉာဏဓဇသည် တပည့်များအား နိရုတ္တိဉာဏ် ထက်သန်စူးရှရေးအတွက် အခြေခံအဖြစ်ဖြင့် "ပဒရူပသိဒ္ဓိ" သဒ္ဒါကျမ်းကို ဇောက် ချကာ ဇောင်းပေး ပို့ချတော်မူခဲ့သည်။

---

ခေါင်းဆောင်လည်း ဖြစ်သူ ကထာဝတ္ထုကျမ်းဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကို အားကျခဲ့ဟန်တူသည်။

ထို့ကြောင့်လည်း နောင်လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိသောအခါ နိုင်ငံခြား သာသနာပြုတော်မူရာတွင် ယင်းကထာဝတ္ထုကို စေ့စီးစွာ လေ့လာထားခဲ့သဖြင့် လယ်တီ ဆရာတော်၏ ကမ္ဘာ့အမြင် – သာသနာပြုအမြင်များမှာ မြန်မာနိုင်ငံကို ကျော်လွှားကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အထူးသဖြင့် ခရစ်ယာန်ဝါဒလွှမ်းမိုးရာ အနောက်တိုင်းသို့ ဗုဒ္ဓသာသနာပြုရာ၌ ကထာဝတ္ထုကို လက်နက်ကောင်းတစ်ခုအဖြစ်ဖြင့် ထက်ထက်မြက်မြက် ကိုင်တွယ်အသုံး ချနိုင်ခဲ့သည်ဟုလည်း ဆိုရမည်။

ယင်းအကြောင်းများနှင့်တကွ ကထာဝတ္ထုအပေါ် ကမ္ဘာ့ပညာရှင်များ၏ အမြင်များကို ပါ 'လယ်တီဆရာတော်' အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀)ကျော် အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ်ကျမ်းကြီး၌ တွေ့မြင် ဖတ်ရှုကြရမည်။

မိခင်ရောဝတီ

http://www.dhammadownload.com



## ပါရမီပုစ္ဆာ ၂၀ –နှင့် ပါရမီဒီပနီ

ရဟန်းတော် အရှင်ဉာဏဓဇ ၁၄ –ဝါအရတွင် စံကျောင်း ဆရာတော် ဘုရားကြီး၏ အမေးပုစ္ဆာ ၂၀ –ထွက်ပေါ်လာသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ ပါရမီနှင့်စပ်ဆိုင်ရာ အချက်ပေါင်း ၂၀ –ကို စံကျောင်း ဆရာတော် ဘုရားကြီးက ပါဠိဘာသာဖြင့် အမေးပုစ္ဆာ ၂၀ –ပြုလုပ်ကာ မေးခွန်းထုတ်ဆင့် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

ယင်း အမေးပုစ္ဆာများ၏ အဆုံး၌ 'မယံ စောဒကာ နာမ ဧကဒေသပေက္ခကာ' စသည်ဖြင့် –

'ငါတို့ စောဒက ပုဂ္ဂိုလ်မည်သည်ကား တစ်ဖက်တစ်စိတ်ကိုသာ မျှော်ကုန် ကြည့်ကုန်၏။ အလုံးစုံကို အကုန်မကြည့်ကုန်၊ အကယ်၍ အလုံးစုံကို မျှော်ကုန် ကြည့်ကုန်ပါမူ ယခု ဤမေးခွန်းပုစ္ဆာများသည် မပေါ်ပေါက်ခဲ့ရာ၊ ဤမေးခွန်း ပုစ္ဆာများသည် ပေါ်လည်းပေါ်ခဲ့၏။ ဇမ္ဗူဒီပါ၏ တံခွန်၊ သာသနာတော်၏ တံခွန်ဖြစ်သော ပညာရှိတို့အတွက် သက်သက် ဤပုစ္ဆာများ ပေါ်ပေါက်လာခြင်း ဖြစ်ရာ ပညာမရှိသော သူတို့သည် ကုပ်၍နောက်ဆုတ်ကြကုန်လော့၊ သင်တို့ ကြောင့်ကြစရာ မဟုတ်ကုန်၊ အဘယ့်ကြောင့်ဆိုသော် ပထမတန်း သာသနာတံခွန် များသည် ဤပုစ္ဆာများကို ဖြေဆိုကြလိမ့်မည် ဖြစ်သောကြောင့်တည်း။

ဟူ၍ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုမည့်သူကို ဘဝင်သို့ တက်ရောက်ရတော့လုမတတ် မြှောက်ပင့်ရေးသားပြီး မဖြေနိုင်သူများအား လမ်း လေးခွ၌ တည်ရှိသော ရှားငုတ်တိုနှင့်လည်းကောင်း၊ လူအများကျော်လွှားသွား လာရာ တံခါးခုံနှင့်လည်းကောင်း နှိုင်းယှဉ်ဥပမာပေးကာ တုဏှိဘာဝ ဆိတ် ဆိတ်နေကြရန် တားမြစ်နှိမ်ချထားသည်။

ယင်းသို့ ရေးသားထားသည်ကို တွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရဟန်းတော် အရှင်ဉာဏဓဇသည် 'ဤအမေးပုစ္ဆာ ၂၀ –ကား ငါ့ကိုစွဲ၍ ငါ့အတွက် သက်သက်ဖြစ်ပေါ်လာပြီတကား'ဟု အားတက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် နိကာယ် ငါးရပ် ပိဋကတ်ကို မွှေနှောက်ချောက်ချားပြီး ယင်းအမေးပုစ္ဆာ ၂၀ –ကို ပါဠိလို ရေးသားဖြေဆိုကာ စံကျောင်းဆရာတော်ဘုရားကြီးအား ဆက်ကပ်လိုက်သည်။

http://www.dhammadownload.com



## မှန်းချက်နှင့် နှမ်းထွက်မကိုက်ခြင်း

ယင်းသို့ ရေးသားဖြေဆိုလိုက်သော်လည်း ရဟန်းတော် အရှင်ဉာဏဓဇ အနေဖြင့် 'မှန်းချက်နှင့် နှမ်းထွက်'မကိုက်အောင် ဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရဟန်းတော် အရှင်ဉာဏဓဇ၏ ဖြေဆိုချက်ကို စံကျောင်းဆရာတော်ဘုရားကြီးက နှစ်သက်လိုလားတော် မမူသောကြောင့် ဖြစ်သည်။

အလုံ ဦးပဏ္ဍိတနှင့် စလင်းဦးပဏ္ဍိစ္စဟူ၍ တပည့်နှစ်ပါးရှိသည့်အနက် အလုံဦးပဏ္ဍိတ၏ တပည့်တပန်းများကိုသာ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုစေလိုသောကြောင့် မနှစ်သက် မလိုလားခြင်း ဖြစ်သည်ဟု အစဉ်အဆက် ပြောစမှတ်ရှိသည်။

## ပထမဆုံး လယ်တီဒီပနီ

ယခုအခါ ပုံနှိပ်စာအုပ်အဖြစ်ဖြင့် တွေ့မြင် ဖတ်ရှုနေကြရသော ပါရမီဒီပနီကျမ်း[၁] စာအုပ်မှာ ရဟန်းတော် အရှင်ဉာဏဓဇ ဘဝက ဖြေဆိုခဲ့သော ယင်းအမေးပုစ္ဆာ ၂၀ –၏ အဖြေပင် ဖြစ်သည်။

လယ်တီဆရာတော်အနေဖြင့် ပထမဆုံးရေးသားသော ပထမဆုံး လက်ရာ၊ ပထမဆုံး လယ်တီဒီပနီကျမ်းစာအုပ်လည်း ဖြစ်သည်။

## နွားသားရှောင်ကြဉ်ရေးနှင့် လယ်တီတိုက်တည်ထောင်ခြင်း

၁၂၄၄ –ခုနှစ်တွင် ရဟန်းတော် အရှင်ဉာဏဓဇသည် မန္တလေးရွှေမြို့တော်မှ မုံရွာမြို့နယ် ရွှေစည်းခုံကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။

၁၂၄၇ –ခုနှစ်တွင် ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ရာ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ ရောက်ရှိခဲ့သည်။

---

၁။ ထိုစဉ်က အရှင် ဉာဏဓဇအား စံကျောင်းဆရာတော်ဘုရား မိန့်မြွက်တော်မူသော စကားအပြည့်အစုံနှင့် အဖြစ်အပျက် အစုံအလင်ကို 'လယ်တီဆရာတော်'အမည်ဖြင့် ထုတ်ဝေရန်စီစဉ်ရေးသားလျက် ရှိသော စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော် ဆိုက်ကြီး အရွယ်ကြီးနှင့် အဋ္ဌုပ္ပတ္တိ အကျယ်စာအုပ်၌ အကျယ်တဝင့် ဖော်ပြထားသည်။

http://www.dhammadownload.com



ထိုအခါ ဗြိတိသျှတို့၏ ကုလားဖြူ ကုလားမည်း စစ်သားများက နွားများကို စည်းမဲ့ကမ်းမဲ့ သတ်ဖြတ်စားသောက်ကြရာ မြန်မာ့လူနေမှုစနစ်နှင့်လည်းကောင်း၊ မြန်မာဘာသာရေး (ဗုဒ္ဓဘာသာ)နှင့် လည်းကောင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

စင်စစ် မြန်မာနိုင်ငံသည် ပကတိ ရုပ်အခြေခံအားဖြင့် မြေယာနိုင်ငံသာဖြစ်သည်။ လယ်ယာကိုင်းကျွန်းကို ပဓာန စီးပွားရေးအဖြစ်ဖြင့် အားထားမှီခိုနေရသော နိုင်ငံသာ ဖြစ်သည်။ စက်မှုသိပ္ပံမထွန်းကားသော နိုင်ငံဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျွဲနွားများကို အားကိုးကာ ထွန်ယက်စိုက်ပျိုးနေကြရရာ ကျွဲနွားများသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် မရှိမဖြစ်သော ကုန်ထုတ်ကိရိယာ ဖြစ်သလောက် မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံး၏ အသက်သခင်များလည်း ဖြစ်သည်။ ကျေးဇူးရှင်လည်း ဖြစ်ကြသည်။

သို့ဖြစ်ရာ အသက်သခင် ကျေးဇူးရှင်များဖြစ်ကြသော ကျွဲ နွားများကို ဘယ်နည်းနှင့်မျှ သတ်ဖြတ်စားသောက်ခြင်း မပြုထိုက်ဟု ဆရာတော် အရှင်ဉာဏဓဇက ခံယူသည်။

ထို့ကြောင့်လည်း အရှင်ဉာဏဓဇသည် ကိုယ်တော်တိုင်လည်း နွားသားကို ရှောင်ကြဉ်တော်မူသည်။ တပည့်တပန်း ရဟန်းသံဃာတော်များနှင့် ပြည်သူအများကိုလည်း နွားသားရှောင်ကြဉ်ရန် 'နွားမေတ္တာစာ'ကို ရေးသားကာ လှုံ့ဆော်တော်မူခဲ့သည်။

ထို့နောက် ၁၂၄၈ –ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေသင်ကြားပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်တီဆရာတော်ဟူသော အမည်ဖြင့် ထင်ပေါ်ကျော်ကြားလာသည်။

http://www.dhammadownload.com



## ပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာသစ်

ယင်းသို့ လယ်တီတိုက်တွင် စာပေပို့ချတော်မူသည့်ကြားမှ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော 'ပရမတ္ထဒီပနီဋီကာ'ကို ပါဠိဘာသာဖြင့် ၁၂၅၉- ခုနှစ်တွင် အပြီးရေးသား ပြုစုတော်မူသည်။

ယင်း ဋီကာမှာ ယခုအခါ 'လယ်တီဋီကာ' ဟူသော အမည်ဖြင့် လူသိများ နေကြသော်လည်း အမည်အပြည့်အစုံမှာ 'ပရမတ္ထဒီပနီ' ခေါ် 'သင်္ဂြိုဟ် မဟာ ဋီကာသစ်' ဟူ၍ ဖြစ်သည်။

## နှစ်ပေါင်း ၃၅ -နှစ်ကြာ ဋီကာ စစ်ပွဲကြီး

သို့သော် လယ်တီဆရာတော်သည် ပရမတ္ထဒီပနီဋီကာဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုရာ၌ ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်အတွေးအခေါ်၊ ကိုယ့် အယူအဆတို့ဖြင့် ရိုးရိုးဖွင့်ဆိုခြင်းမပြုပဲ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်း ၌ အချက်ပေါင်း ၂၄၅ -ချက်တိတိ မှားယွင်း ချွတ်ချော်နေသည်ဟု ထောက်ပြ ကာ 'န သုန္ဒရံ' 'န ယုဇ္ဇတိ' 'န သမေတိ' စသော ခပ်ကြမ်းကြမ်း စကားလုံး များဖြင့် ဋီကာကျော်မှ အဆိုပါ အချက်များကို ပယ်ဖျက်ပစ်ခဲ့သည်။

အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်မှာ မျက်မှောက်ခေတ် မြန်မာနိုင်ငံ ပါဠိပညာရေး၌ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့် ဋီကာကျမ်း တစ်ကျမ်း အဖြစ်ဖြင့် သင်ရိုးပြုကာ သင်ကြားပို့ချမှုကို ခံယူနေရသော ဋီကာ ဖြစ်သည်။

ထို့ကြောင့်လည်း ယင်းကဲ့သို့ လယ်တီဆရာတော်က ဋီကာကျော်မှ အချို့ အချက်အလက်များကို ပယ်ဖျက်လိုက်သော အခါ၌သာသနာတော် တစ်ခုလုံး ပွက်လောရိုက်ကာ ဋီကာကျော်ဘက်မှ ပြန်လည် ခုခံရေးသာ လာကြသော ဋီကာများ ပေါ်ထွက်လာသည်။

သို့ဖြင့်ပင် လယ်တီဋီကာ ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်လာသော ၁၂၆၂- ခုနှစ်မှ ၁၂၉၇ -ခုနှစ်လောက်အထိ ၃၅ -နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ 'ဋီကာစစ် ပွဲကြီး' ဖြစ်ပွားခဲ့သည်။ ယင်း ၃၅ -နှစ်တာ အချိန်ကာလအတွင်း ထွက်ပေါ်လာ သော ဋီကာကျမ်းများမှာ ၄၀ -ခန့် အရေအတွက်ရှိသည်ဟု စာရင်းအရ သိရှိ

http://www.dhammadownload.com



ရသည်။ ယင်း ၄၀ –ခန့်တွင် ပါဠိဘာသာဖြင့် ရေးသားသော ဋီကာကျမ်းများ အပြင် မြန်မာဘာသာဖြင့် ရေးသားသော ကျမ်းများလည်း ပါဝင်ခဲ့သည်။[၁]

## မူလဋီကာနှင့် အနုဋီကာ

ဋီကာကျော်ဆရာသည် မူလ ဋီကာထက် အနုဋီကာကို ပိုမိုနှစ်သက် ဟန်တူသည်။ ခဲရာခဲဆစ် ဌာနများကို အကိုးသာဓကမူရာ၌ ဋီကာကျော်ဆရာ သည် 'ဝေဠ ကတ္တာ ဝုတ္တံ အာစရိယဓမ္မပါလတ္ထေရေန' ဟူ၍ အာစရိယ ဓမ္မပါလ ခေါ် အနုဋီကာဆရာ အရှင် ဓမ္မပါလ၏ အဆိုအမိန့်များကို ထုတ်ဆောင်ပြလေ့ ရှိသည်။

လယ်တီဆရာတော်မကမူ 'အာစရိယာနန္ဒထေရောပန'စသည်ဖြင့် မူလဋီကာဆရာ အရှင်အာနန္ဒာ၏ အမည်ကို လေးလေးစားစား ခေါ်ဝေါ်ရေးသား ပြီး မူလဋီကာဆရာ၏ အယူအဆများကို ဖော်ထုတ်ကာ လက်ရုံးတမ်းလေ့ရှိ သည့်ပြင် တစ်ခါတစ်ရံ အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ အဆို အမိန့်များကိုပင် ကျောခိုင်းဖွင့်ဆိုထားသည်ကို ကျောချမ်းစရာ ကောင်းလောက် အောင် တွေ့ရှိနေရပေသည်။

## သီဟိုကို အန်တုနိုင်သော လယ်တီဋီကာ

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်း၌ ပုဂံခေတ်က သီဟိုကို အန်တုနိုင်သော အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းကြီး ပေါ်ထွက်နိုင်ခဲ့သလို မျက်မှောက်ခေတ်၌လည်း ပရမတ္ထဒီပနီ လယ်တီ ဋီကာဖြင့် သီဟိုအား အံတု

၁။ ၃၅ –နှစ်ကြာ ဋီကာစစ်ပွဲအတွင်းက ထွက်ပေါ်လာခဲ့သော ပါဠိဘာသာရေး ဋီကာကျမ်း များနှင့် မြန်မာဘာသာရေး ကျမ်းများ၏ မျက်နှာဖုံးပုံများ ယင်းဋီကာ ကျမ်းပြုပုဂ္ဂိုလ် များ၏ ဓာတ်ပုံများနှင့် ဋီကာစစ်ပွဲအတွင်း ဘောင်ဘင်ခတ်ခဲ့သော စာပေလှုပ်ရှားမှု အပြည့်အစုံများကို စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော် ပါရှိသည့် 'လယ်တီဆရာတော်' အမည်ဖြင့် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီး အထွာပွတ္တိ အကျယ်စာအုပ်ကြီး၌ ဖော်ပြထားသည်။

http://www.dhammadownload.com



နိုင်ခဲ့ခြင်းကိုကား မည်သူမျှ ငြင်းနိုင်ကြမည် မဟုတ်ပေ။

သို့ဖြစ်ရာ ပရမတ္ထဒီပနီ လယ်တီဋီကာကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းတွင် စာပေမှတ်တိုင် တစ်တိုင်အဖြစ်ဖြင့် ယခုအခါ သမိုင်းသုတေသီတိုင်းက အသိအမှတ် ပြုနေကြရပြီ ဖြစ်ပေသည်။

## လှည့်လည်တရားဟောခြင်းနှင့် ဝါဆိုစဉ်အကျဉ်း

လယ်တီ ဆရာတော်ဘုရားကြီးသည် လယ်တီတိုက်ကြီးကို တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေပို့ချတော်မူပြီးနောက် ၁၂၅၇–ခုနှစ်လောက်မှ စတင်ကာ မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည် ကြွရောက်တော်မူပြီး ဝါဆိုသင့်သော အရပ်ဒေသများတွင် ဝါဆိုလျက် ကျွတ်ထိုက်သူ ဝေနေယျတို့အတွက် နိယျာနိကအစစ် ဗုဒ္ဓဘုရားရှင် အလိုလားဆုံးလည်းဖြစ် အနှစ်သာရလည်းဖြစ်သော ဝိပဿနာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူခဲ့သည်။

ယင်းသို့ ကြွရောက်သီတင်းသုံးကာ တရားဟောရာ ဒေသများနှင့် ဝါဆိုရာဌာနများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၂၅၇– ခုနှစ်၊ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ မဟာဗောဓိမှ အပြန်တွင် အမြို့မြို့ အနယ်နယ်သို့ လှည့်လည်ကာ တရားဟောတော်မူသည်။

၁၂၅၈– ခုနှစ်၊ ဟံသာဝတီနယ် တွံတေးတောကြီးတန်း ဆပဂံတောရ၌ သီတင်းသုံးတော်မူသည်။

၁၂၅၉– ၆၀ –ခုနှစ်၊ မုံရွာမြို့ လယ်တီတိုက်၌ သီတင်းသုံးတော်မူသည်။ ၁၂၆၀ –ပြည့်နှစ်တွင် သေကျွတောင် ဆရာတော် အရှင်တိလောက၏ ပင့်လျှောက်ချက်အရ သေကျွတောင်တွင် တစ်လခန့် သီတင်းသုံးတော်မူသည်။

၁၂၆၁– ခုနှစ်၊ မုံရွာမြို့လယ်စဉ်ရွာ ဓမ္မိကာရုံတိုက် ဓမ္မနန္ဒကျောင်း၌ ဝါကပ်တော်မူသည်။

http://www.dhammadownload.com



၁၂၆၂– ခုနှစ်၊ ဒီပဲယင်းမြို့၏ မြောက်ဖက် မဟာမြိုင် တောကြီး၌ ဝါဆိုတော်မူသည်။

၁၂၆၃– ၆၄ –ခုနှစ်၊ အလုံမြို့၏ အနောက်ဖက်လည်းဖြစ်၊ သလ္လာဝတီ မြစ်၏ အနောက်ဖက်လည်း ဖြစ်သော ရွှေတာဦးတောင် ကျောက်ဂူ၌ ဝါဆိုတော်မူသည်။

၁၂၆၅– ခုနှစ်၊ မုံရွာမြို့၏ အနောက်လက်ပန်းတောင်းတောင် စကြံ ကျောင်း၌ သီတင်းသုံးတော်မူသည်။ ယင်းနှစ်တွင် ကင်းဝန် မင်းကြီး ပင့်လျှောက်သောကြောင့် မန္တလေးမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၆– ခုနှစ်၊ ပျဉ်းမနားမြို့ မြောက်ဖက် အင်ကြင်းမြိုင်တောရ စကြံ ကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၆၇– ခုနှစ်၊ မြင်းခြံမြို့ ရေကန်ကြီးအနီး၌ ဝါဆိုတော်မူသည်။ ယင်းနှစ် တွင် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၈– ခုနှစ်၊ ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူသည်။ ယင်းနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက်မှစ၍ တရားပွဲများ ကျင်းပဟောပြောတော်မူသည်။

၁၂၆၉– ခုနှစ်၊ မင်းလှမြို့ ပက်တန်းတောရ၌ ဝါဆိုတော်မူသည်။ ထို နှစ်၌ပင် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၀– ခုနှစ်၊ မော်လမြိုင်မြို့ ကျိုက်သံလံ တောင်တန်းရှိ အလံတိုင် တောင်ထိပ် ဝါဆိုကျောင်း၌ည ဝါဆိုတော်မူပြီး ပုသိမ်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၁– ခုနှစ်၊ သာပေါင်းမြို့၌ ဝါကပ်တော်မူသည်။

၁၂၇၂– ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ ဝါဆိုတော်မူပြီး စစ်ကိုင်းမြို့၊ ရွှေဘိုမြို့နယ်၊ မိတ္ထီလာမြို့၊ မန္တလေးမြို့များသို့ ကြွရောက်ကာ တရားဟောတော်မူသည်။ ပလိပ်ရောဂါ ပပျောက်ရန်လည်း စီမံတော်မူသည်။

မိခင်ရောဝတီ

http://www.dhammadownload.com



၁၂၇၃– ခုနှစ်၊ ရန်ကုန်မြို့ ဩောင်ကုန်းတိုက်၌ ဝါဆိုတော်မူသည်။

၁၂၇၄– ခုနှစ်၊ စစ်ကိုင်းမြို့၌ ဝါဆိုတော်မူသည်။

၁၂၇၅– ၇၆ –၇၇ –ခုနှစ်၊ မန္တလေးမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၇၈– ခုနှစ်၊ ပျဉ်းမနားမြို့၊ အင်ကြင်းမြိုင် တောရ၌ ဝါဆိုတော်မူသည်။

၁၂၇၉– ခုနှစ်၊ မုံရွာမြို့၊ မဟာလယ်တီတိုက်၌ နောက်ဆုံး ဝါဆိုတော်မူသည်။

၁၂၈၀– ပြည့်နှစ်၊ မြစ်သားမြို့၌ ဝါဆိုတော်မူသည်။

၁၂၈၁– ခုနှစ်၊ ရန်ကုန်မြို့ ကျောင်းဝိုင်းကျောင်း၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ ကြွရောက်ကာ သိမ်သမုတ်တော်မူသည်။ ပုသိမ်မှ အပြန်တွင် သာယာဝတီခရိုင် မင်းလှမြို့၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံတော်မူသည်။ ထို့နောက် ယင်းဆရာတော်ကြီး နှစ်ပါးသည် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားပွဲကြီးများ ကျင်းပဟောကြားတော် မူကြသည်။

၁၂၈၂– ခုနှစ်၊ ကတွန်သတ္တုတွင်း၌ ဝါကပ်တော်မူသည်။

၁၂၈၃– ခုနှစ်၊ စစ်ကိုင်းမြို့ ဇေတဝန်တိုက်၌ ဝါဆိုတော်မူသည်။

၁၂၈၄– ခုနှစ်၊ ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

http://www.dhammadownload.com



## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ခံယူရရှိတော်မူခြင်း

၁၂၇၇ -ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ -ရက် (၇ -၁၁ -၁၉၁၅) တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ အစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။[၁]

## နိုင်ငံခြားသာသနာပြုတော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် အထက်ပါအတိုင်း မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်၍ ဝိပဿနာ တရားဟောကြားကာ သာသနာပြုရုံမျှသာမကပဲ ၁၂၇၅ -ခုနှစ်တွင် နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကြီးကို ကြီးမှူးတည်ထောင်ပြီးလျှင် လန်ဒန်မြို့ရှိ ဂရိတ်ဘရိတန် အိုင်ယာလန် ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန် ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့ပြန်သည်။

---

၁။ ၁၂၇၆ -ခုနှစ်က 'အဂ္ဂမဟာပဏ္ဍိတ' ရရှိသူများကို ၁၂၇၇ -ခုနှစ်၌ ဆက်ကပ်ပွဲပြုလုပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်၌ ၁၂၇၆ -ခုနှစ်ဟု ရေးထိုးထားသည်။ ယခုအခါ လယ်တီဆရာတော်၏ ထေရုပ္ပတ္တိ အများအပြား၌လည်းကောင်း၊ လယ်တီဒီပနီကျမ်းဦး နိဒါန်းများ၌ လည်းကောင်း '၁၂၇၃ -ခုနှစ်က အဂ္ဂမဟာ ပဏ္ဍိတရသည်' ဟု ရေးသားထားကြသည်မှာ မမှန်ပေ။ ၁၂၇၆ -ခုနှစ်ကျမှ ရခြင်းသာ ဖြစ်သည်။ ယင်း အကြောင်းကို 'လယ်တီဆရာတော်' ဟူသော စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံ (၃၀၀)ကျော်၊ အရွယ်ကြီး ဆိုက်ကြီး အတ္ထုပ္ပတ္တိအကျယ် စာအုပ်ကြီး၌ အကျယ်ဖတ်ရှုကြရမည်။

မိခင်ရောဝတီ

http://www.dhammadownload.com



## 'ဒီလစ်'ဘွဲ့ ရရှိတော်မူခြင်း

၁၂၈၃ –ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်)ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

## စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း

၁၂၈၅ –ခုနှစ်၊ ပထမ ဝါဆိုလဆန်း ၁၅ –ရက် (လပြည့်) ဗုဒ္ဓဟူးနေ့ ၂ –နာရီ ၃၀ –မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



# ကမ္မဋ္ဌာန်းကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ သာသနာ (၃) ရပ်ကို ပြဆိုခန်း

**သီလံ သမာဓိ ပညာ စ၊**
**ယဿ ဧတေ သုဘာဝိတာ။**
**အတိက္ကမ္မ မာရဓေယျံ၊**
**အာဒိစ္စောဝ ဝိရောစတိ။**

(ဣတိဝုတ်ပါဠိတော်)

**အနက်။** ။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကြကုန်သော အို.... ချစ်သား ချစ်သမီးတို့။ ယဿ၊ အကြင်သူသည်။ သီလဉ္စ၊ အဓိသီလသိက္ခာဟု ဆိုအပ်သော သီလကိုလည်းကောင်း။ သမာဓိ စ၊ အဓိစိတ္တသိက္ခာဟု ဆိုအပ်သော သမာဓိကိုလည်းကောင်း။ ပညာ စ၊ အဓိပညာ သိက္ခာဟု ဆိုအပ်သော ပညာကိုလည်းကောင်း။ ဧတေ၊ ဤသုံးပါးသော တရားတို့ကို၊ သုဘာဝိတာ၊ ဆုံးခန်းတိုင်အောင် ကောင်းစွာ ပွားများအပ်ကုန်၏။ သော၊ ထိုသူသည်။ မာရဓေယျံ၊ မာရ်မင်း၏ နိုင်ငံကို။ အတိက္ကမ္မ၊ လွန်မြောက်၍။ အာဒိစ္စောဝ၊ ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး, ညစ်မျိုးငါးအင် ကင်းစင်တောက်ပ တင့်တယ်လှသော နေမင်းကြီးကဲ့သို့။ ဝိရောစတိ၊ ထွန်းလင်းတင့်တယ်၏။

**ဆောင်ပုဒ်သံခိပ်။** ။ **အဓိသီလ၊ စိတ္တပညာ၊ သာသနာ၊ သိက္ခာ ၃-ပါးမှတ်။**

မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသည် -

၁။ အဓိသီလ သာသနာတော်မြတ်ကြီး ၁-ပါး,

http://www.dhammadownload.com



၂။ အဓိစိတ္တ သာသနာတော်မြတ်ကြီး ၁-ပါး,

၃။ အဓိပညာ သာသနာတော်မြတ်ကြီး ၁-ပါး,

ဟူ၍ သာသနာတော်မြတ်ကြီး ၃-ပါး ရှိ၏။

(သိက္ခာ ၃-ပါးဟူ၍လည်း ခေါ်၏။ ဤသာသနာ ၃-ပါး၏ အခွင့်ကား ကိလေသာကို ပယ်သတ်မှုတည်း။)

## (က) ကိလေသာအသိုက်အအုံကြီး (၃) မျိုး

ဤကိုယ်ခန္ဓာ၌ ကိလေသာ အသိုက်အအုံသည် -

၁။ ဝီတိက္ကမဘုံကြီး ၁-ပါး၊

၂။ ပရိယုဋ္ဌာနဘုံကြီး ၁-ပါး၊

၃။ အနုသယဘုံကြီး ၁-ပါး၊ ဟူ၍ ဘုံကြီး ၃-ပါး ရှိ၏။

(နိုင်ငံကြီး ၃-ပါးလည်း ဆိုရ၏။ တိုက်ကြီး ၃-တိုက်လည်း ဆိုရ၏။)

ထို ၃-ပါးတို့တွင် -

၁။ ကာယကံ, ဝစီကံ ၂ -ပါးသည် ဝီတိက္ကမဘုံကြီး၊ ဝီတိက္ကမနိုင်ငံကြီး, ဝီတိက္ကမတိုက်ကြီး မည်၏။

(ကိုယ်အမူအရာ သောင်းကျန်းမှု, လွန်ကျူးမှု, နှုတ်အမူအရာ သောင်းကျန်းမှု, လွန်ကျူးမှု။)

၂။ မနောကံစုသည် ပရိယုဋ္ဌာနဘုံကြီး, ပရိယုဋ္ဌာနနိုင်ငံကြီး, ပရိယုဋ္ဌာနတိုက်ကြီး မည်၏။

(အပြင်သို့မရောက် စိတ်ထဲတွင်သာ ဆူပူထကြွ သောင်းကျန်းနေမှု)

၃။ ကံ ၃-ပါးအဖြစ်သို့ မရောက်မူ၍ အနမတဂ္ဂ ဘဝသံသရာတစ်ခွင်၌ ကိုယ်ခန္ဓာအစဉ်မှာ အမြဲနိစ္စထာဝရ တည်ထောင်ကိန်းဝပ် စည်ကား ပွားစီး၍ နေသော အသိုက်အအုံကြီးသည် အနုသယဘုံကြီး၊ အနုသယနိုင်ငံကြီး၊ အနုသယ တိုက်ကြီး မည်၏။

ဆောင်ပုဒ်သံခိပ်။ ။ အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ်နုသယ်။

မိခင်ရောဝတီ

http://www.dhammadownload.com



အပါယ်ဇာတ်, လူဇာတ်, နတ်ဇာတ် ထွက်ရန် မျိုးစေ့အနေအားဖြင့် စိတ်သန္တာန်တွင် စွဲ၍ ကပ်၍ ငုပ်၍ ဝပ်၍ ကိန်း၍ အစဉ်အမြဲနေသော ကံဟောင်း ကံသစ်တို့ကို သိုလှောင်ထားသော ဂိုဒေါင်ကြီးကဲ့သို့တည်း။

(ခြောက်ဒွါရတို့မှာ အာရုံဆက်လာတိုင်း ကိလေသာမီးတောက်ရန်, ကံ ၃ -ပါးဖြစ်ပေါ်ရန် အမြစ်မူလဗီဇ အသိုက်အအုံကြီး ဟူလို။)

ထိုဘုံကြီး ထိုနိုင်ငံကြီးမှ မနောကံတို့ ဖြစ်လာရကုန်၏။ မနောကံတို့မှ ကာယကံ, ဝစီကံတို့ ဖြစ်လာရကုန်၏။

**ဥပမာ။** ။ ဤခန္ဓာကြီးသည် မီးခြစ်ရှိ ဆေးခဲနှင့်တူ၏။

အနုသယနိုင်ငံကြီးသည် မီးခြစ်ရှိ ဆေးခဲတွင် အပြည့်တည်ရှိသော မီးဓာတ်မျိုးနှင့် တူ၏။

အာရုံနှင့်တွေ့၍ စိတ်နှလုံးမှာ ကိလေသာထကြွမှုသည် ကော်ဖတ်နှင့် တိုက်၍ မီးခြစ်ဆေးခဲမှ မီးတောက်သည်နှင့်တူ၏။

ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ လှုပ်ရှားသောင်းကျန်းမှုသည် ထိုမီးတောက်မှ ဝတ္ထုတစ်ပါးသို့ မီးကူး၍ အိမ်ရာ, ဝင်းခြံကို လောင်သည်နှင့်တူ၏။

(က) လောဘဘုံကြီး ၃–ပါး၊

(ခ) ဒေါသဘုံကြီး ၃–ပါး၊

(ဂ) မောဟဘုံကြီး ၃–ပါး၊

(ဃ) ဒိဋ္ဌိဘုံကြီး ၃–ပါး၊

စသည်ဖြင့် အသီးသီး ဘုံကြီး ၃–ပါးစီရှိကြ၏။

## (ခ) သာသနာ ၃–ရပ်

**အဓိသီလ သာသနာ။** ။ အဓိသီလ သိက္ခာသည် ကိလေသာတို့၏ ဝီတိက္ကမ ဘုံကြီး, နိုင်ငံကြီးကို ဖျက်ဆီးရန် လက်နက်မျိုးတည်း။

**အဓိစိတ္တ သာသနာ။** ။ အဓိစိတ္တ သိက္ခာသည် ပရိယုဋ္ဌာနဘုံကြီး, နိုင်ငံကြီး ကို ဖျက်ဆီးရန် လက်နက်မျိုးတည်း။

http://www.dhammadownload.com



**အဓိပညာ သာသနာ။** ။ အဓိပညာ သိက္ခာသည် အနုသယဘုံကြီး, နိုင်ငံကြီးကို ဖျက်ဆီးရန် လက်နက်မျိုးတည်း။

ဤအနုသယနိုင်ငံကြီးသည် အကုန်ပျက်စီးမှ ကိလေသာမျိုး ပြတ်သည်။ ကိလေသာမျိုးပြတ်မှ ကံ ၃-ပါး ကျွတ်လွတ်သည်။ ကံ ၃-ပါး ကျွတ်လွတ်မှ ဝဋ်ဒုက္ခချုပ်ငြိမ်းသည်။

မြတ်စွာဘုရား၏ သာသနာတော်၌ကား -

အနုသယနိုင်ငံကြီးကို ဖျက်ဆီးမှုသည်သာ လိုရင်းပဓာနတည်း။ ထိုနိုင်ငံကြီးကို ဖျက်ဆီးခြင်းငှာ ရှေးဦးစွာ သီလကို ဖြည့်ကျင့်မှု, သမထကို ပွားများမှုတို့ဖြင့် ပြင်ပအရ နိုင်ငံနှစ်ရပ်ကို သုတ်သင်ရှင်းလင်းပြီးမှ ဘုရားသာသနာတော်တွင်းမှာ လိုရင်းပဓာနဖြစ်သော အနုသယနိုင်ငံကြီးသို့ ချဉ်းနင်းခွင့် သာလေသတည်း။

(ဤကား ...... ကမ္မဋ္ဌာန နယောပဒေသ ကျမ်း၏ အချက်အချာ သာသနာတော်ကြီး ၃-ပါး၏ အခွင့်ကို ပြဆိုခန်းတည်း။)

❋ ❋ ❋ ❋ ❋

## ၂။ သီလကို ပြဆိုခန်း

## (က) အာဇီဝဋ္ဌမကသီလ

**ဆောင်ပုဒ်သံခိပ်။** ။ **အာဒိဗြဟ္မ၊ စရိယနှင့်၊ ထိုမှတစ်စိ၊ အာဘိသမာစာရိက၊ ဤနှစ်ဝ၊ သီလသာသနာ။**

အဓိသီလသာသနာ, အဓိသီလသိက္ခာ၌ အကျဉ်းအားဖြင့် -

၁။ အာဒိဗြဟ္မစရိယကသီလ၊

၂။ အာဘိသမာစာရိကသီလ ဟူ၍ ၂ -ပါးရှိသည်။

ထို ၂-ပါးတို့တွင် -

၁။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဟု ဆိုအပ်သော မဂ် ၄-ပါးသည် ဗြဟ္မစရိယ မည်၏။ ထို မဂ် ၄ -ပါးကို ယခုဘဝ ရလို ယူလို ရောက်လိုသော သူတို့၏ ရှေးဦးစွာ နိစ္စသီလအဖြစ်နှင့်

http://www.dhammadownload.com



ထူထောင်ဖြည့်ကျင့်အပ်သော သီလမျိုးသည် အာဒိဗြဟ္မစရိယကသီလ မည်၏။

၂။ ထိုအပေါ်တွင် အမွှမ်းတင်ဖြစ်သော သီလမျိုးသည် အာဘိသမာစာရိက သီလမည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ဗြဟ္မအာဒိသာ။**

အကျဉ်းချုပ်အားဖြင့် ပြဆိုသည်ရှိသော် အာဇီဝဋ္ဌမက သီလသည် အာဒိဗြဟ္မစရိယကသီလ မည်၏။ ရဟန်းတို့၏ ၂၂၇ -ပါးသော သိက္ခာပဒ သီလစုသည် ဤအာဇီဝဋ္ဌမကသီလ၌ အကျုံးဝင်သောကြောင့် အကျဉ်းပြဟူ၍ ဆိုသတည်း။

**ဆောင်ပုဒ်သံခိပ်။ ။ ကာယသုံးလီ၊ လေးဝစီ၊ အာဇီရှစ်သမ္မာ။**

(က) ကာယသုစရိုက် ၃-ပါး,

(ခ) ဝစီသုစရိုက် ၄-ပါး ပေါင်း ၇-ပါး ဖြစ်၏။

ယင်း ၇-ပါးမှာ ၈-ခုမြောက် သမ္မာအာဇီဝဖြည့်၍ "အာဇီဝဋ္ဌမက" ခေါ်သည်။

(မနောသုစရိုက် ၃-ပါး ကျန်ရှိသည်မှာ အဓိစိတ္တ သာသနာ, အဓိပညာ သာသနာတို့၏ ဆိုင်ရာဖြစ်၍ ကျန်ရှိလေသည်။)

## (ခ) အာဇီဝဋ္ဌမကသီလ၏ သရုပ်

၁။ ပါဏာတိပါတာ ဝေရမဏီ,

၂။ အဒိန္နာဒါနာ ဝေရမဏီ,

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ,

၄။ မုသာဝါဒါ ဝေရမဏီ,

၅။ ပိသုဏာဝါစာယ ဝေရမဏီ,

၆။ ဖရုသဝါစာယ ဝေရမဏီ,

၇။ သမ္ဖပ္ပလာပါ ဝေရမဏီ,

http://www.dhammadownload.com



၈။ မိစ္ဆာဇီဝါ ဝေရမဏီ,

**ဆောင်ပုဒ်သံခိပ်။** ။ **ကျင့်ဝတ်ဓုတင်၊ အမွှမ်းတင်၊ ဖြူစင်ဘိသမာ။**

(က) ရဟန်းတော်တို့၌ ဥပဇ္ဈာယဝတ်, အာစရိယာဝတ်အစရှိသော ကျင့်ဝတ်တရားစု၊ ဓုတင်တေရသစုသည် အာဒိဗြဟ္မစရိယက ပေါ်တွင်အမွှမ်းတင် အာဘိသမာစာရိက သီလမည်၏။

(ခ) လူတို့၌ ၈–ပါးသော ဥပေါသထသီလ, ၁၀ –ပါးသီလ, အချို့သော ဓုတင်္ဂသီလများသည် အာဘိသမာစာရိကပင်တည်း။

## (ဂ) ဓုတင် ၁၃ –ပါး သရုပ်

၁။ **ပံသုကူဓုတင်။** ။ ရထားလမ်း, သုသာန်, တံမြက်ချေးစုပုံရာ အရပ်စသည်တို့၌ သူတစ်ပါးတို့ ပစ်စွန့်ထားသော မြေမှုန့် အလိမ်းလိမ်းကပ်သော အဝတ်ကို ကောက်ယူ၍ ပြုအပ်သော သင်္ကန်းကိုသာ ဝတ်ရုံခြင်း။

၂။ **တိစီဝရိတ်ဓုတင်။** ။ ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်ဟု ဆိုအပ်သော သင်္ကန်း ၃–ထည်ကိုသာ ဆောင်ခြင်း။

၃။ **ပိဏ္ဍပါတ်ဓုတင်။** ။ ခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း။

၄။ **သပဒါနစာရိကဓုတင်။** ။ အိမ်စဉ်, ရွာစဉ်, ခရီးစဉ်မပျက် ဆွမ်းခံခြင်း။

၅။ **ဧကာသနိကဓုတင်။** ။ တစ်ထိုင်တည်း၌သာ ဆွမ်းစားခြင်း။

၆။ **ပတ္တပိဏ္ဍိကဓုတင်။** ။ သပိတ်တစ်ခု၌ရှိသော စားဖွယ်ကိုသာ စားခြင်း။

၇။ **ခလုပစ္ဆာဘတ္တိကဓုတင်။** ။ မိမိဆွမ်းစားဆဲတွင် လက်မီသောအရပ်အတွင်းသို့ စားဖွယ်ကိုသာ သူတစ်ဦးကိုကပ်မည်ဟု ယူလာရာ တော်ပြီ, အလိုမရှိပြီဟု ပစ်ပယ်ပြီးသောအစာကို တစ်ဖန် စားထိုက်ပြန်အောင် အတိရိတ်ဝိနည်းကံကို ပြု၍ပင် မစားခြင်း။

၈။ **အာရညကင်ဓုတင်။** ။ တောကျောင်း၌ နေခြင်း။

၉။ **ရုက္ခမူဓုတင်။** ။ သစ်ပင်ရင်း၌သာ နေခြင်း။

၁၀။ **အဗ္ဘောကာသိကဓုတင်။** ။ အမိုး, သစ်ရိပ်မရှိသော လွင်ပြင်၌သာနေခြင်း။

၁၁။ **သောသာနိကဓုတင်။** ။ သုသာန်သင်္ချိုင်း၌သာ နေခြင်း။

http://www.dhammadownload.com



**၁၂။ ယထာသန္တတိကင်္ဂ။** ။ ရရသမျှသော ကျောင်း၌ ရောင့်ရဲခြင်း။
**၁၃။ နေသဇ္ဇိကင်္ဂ။** ။ လျောင်း၍ မအိပ်မူ၍ ကျင့်ခြင်း။

**ဆောင်ပုဒ်သံခိပ်။** ။ **ပါတိမောက္ခ၊ သံဝရနှင့်၊ ဇီဝပါရိ၊ သုဒ္ဓိတစ်လှစ်၊ ပစ္စယသန်၊ နိဿိတံတည့်၊ ခြောက်တန်ဣန္ဒြေ၊ လုံခြုံစေမှု၊ သုဒ္ဓိစု၊ စတုလေးလီဖြာ။**

## (ဃ) စတုပါရိသုဒ္ဓိသီလ သရုပ်

၁။ ပါတိမောက္ခသံဝရ သီလ,
၂။ အာဇီဝပါရိသုဒ္ဓိ သီလ,
၃။ ပစ္စယ သန္နိဿိတ သီလ,
၄။ ဣန္ဒြိယသံဝရ သီလ,

**၁။ ပါတိမောက္ခသံဝရသီလ။** ။ ဟူသည်ကား ၂၂၇ –သွယ်သော သိက္ခာပုဒ်ကို မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပါတိမောက္ခသံဝရ သီလ မည်၏။

**၂။ အာဇီဝပါရိသုဒ္ဓိသီလ။** ။ ဟူသည်ကား ဤသုံးဆောင်ဖွယ်သည် ငါ့အား ရှိပြီ၊ ထိုအလုံးစုံသည် အပိုအမို သုံးဆောင်ဖွယ်သည် တန်ပြီ, တော်ပြီဟု ဤသို့ ဆင်ခြင်ခြင်းသည် ဘောဇနေမတ္တညုတာ မည်၏။

ဤသို့ သုံးဆောင်ဖွယ်မသင့်သော ပစ္စည်းကို ပယ်၍ သုံးဆောင်ဖွယ်သင့်သော ပစ္စည်းကို သုံးဆောင်ခြင်း၌ လိမ္မာသည်၏အဖြစ်ကို အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

**၃။ ပစ္စယသန္နိဿိတသီလ။** ။ ဟူသည်ကား ကျောင်း, သင်္ကန်း, ဆွမ်း, ဆေးဟု ဆိုအပ်သော ပစ္စည်းတို့၌ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။

http://www.dhammadownload.com



**၄။ ဣန္ဒြိယသံဝရသီလ။** ။ ဟူသည်ကား စက္ခု စသော ဣန္ဒြေ ၆-ပါးတို့၌ လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်မှုသည် ဣန္ဒြိယသံဝရသီလ မည်၏။

ပါတိမောက္ခသံသရသီလ, အာဇီဝပါရိသုဒ္ဓိသီလ၊ ဤ ၂-ပါးကား အာဒိဗြဟ္မစရိယက သီလမျိုးတည်း။

ပစ္စယသန္နိဿိတသီလ, ဣန္ဒြိယသံဝရသီလ၊ ဤ ၂-ပါးကား အာဘိသာမစာရိက သီလမျိုးတည်း။

ဤပါတိမောက္ခသံဝရ သီလဟူသော အာဒိဗြဟ္မစရိယက ၂၂၇ -ပါးသော သိက္ခာပဒသီလတို့ကို အကျဉ်းချုံးလိုက်သော် ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလ ဖြစ်လေ၏။

ထိုသီလသည် မဂ္ဂဗြဟ္မစရိယ၏ အစအဦးဖြစ်၍ အာဒိဗြဟ္မစရိယက သီလ မည်၏။

အစအဦးဆိုသည်ကား –နံနက်အခါ၌ အရှေ့အရပ်မှတက်သော နေအရုဏ်သည် ထိုနေ့၏ အစအဦးဖြစ်၍ ထိုနေ့၌ အတွင်းဝင် ဖြစ်လေသကဲ့သို့ ဤ ၂၂၇ -ပါးသော သိက္ခာပဒ သီလအပေါင်းသည် သောတာပတ္တိမဂ္ဂသီလ၌ သင်္ဂြိုဟ် ရေတွက်ခြင်းသို့ ရောက်၏။

ယခုကာလ ဤသီလနှင့် ပြည့်စုံကြကုန်သော သီလဝန္တရဟန်းတို့သည် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့တွင် သေက္ခပုဂ္ဂိုလ်တို့၌ သင်္ဂြိုဟ် ရေတွက်ခြင်းသို့ ရောက်ကုန်၏။

**မဟာခန္ဓက၊ စူဠဝါခန္ဓက။** ။ တို့၌လာသော ဥပဇ္ဈာယဝတ်, အာစရိယဝတ် အစရှိသော ကျင့်ဝတ်တရားတို့သည် ထိုအာဒိဗြဟ္မစရိယက သီလပေါ်တွင် အရောင်တင် အမွှမ်းတင်သီလ ဖြစ်ပေ၍ အထွဋ်အမြတ်ဖြစ်သော အကျင့်အာစာရ ဟူသောအနက်ကြောင့် အာဘိသမာစာရိက သီလ မည်၏။

လောကုတ္တရာ သီလသည်မှုကား အနုတ္တရ အဓိသီလပေတည်း။

ဥပဇ္ဈာယဝတ်, အာစရိယဝတ် အစရှိသော ခန္ဓကဝတ် အကျင့်တို့ကို

http://www.dhammadownload.com



ပြည့်စုံစွာ မဖြည့်နိုင်သော ရဟန်းအား အာဒိဗြဟ္မစရိယကသီလသည် ပြည့်စုံမြဲ မဟုတ်။ နွားပြောက် နွားကျားကဲ့သို့ အကြောင်အကျားသာ ဖြစ်မြဲတည်း။

ထိုဝတ်အကျင့်တို့ကို သဒ္ဓါ, ဝီရိယနည်းကြသော သူတို့သည် ဖြည့်ကျင့်လိုသောစိတ်ပင် မရှိကြကုန်။ ထိုသူတို့သည် သဒ္ဓါ, ဝီရိယ ထက်သန်လှမှ ဖြည့်ကျင့်နိုင်ရာသော အချို့သော အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌လည်းကောင်း, သမထ ကမ္မဋ္ဌာန်းအလုပ်, ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်တို့၌လည်းကောင်း စိတ်ပင် မရှိကြကုန်။

သဒ္ဓါ, ဝီရိယကို ထူထောင်၍ ထိုဝတ်အကျင့်တို့ကို ဖြည့်ကျင့်နိုင်သော သူတို့၌မူကား အာဒိဗြဟ္မစရိယကသိက္ခာပုဒ်တို့၌လည်း ခဲယဉ်းမှုမရှိကြကုန်။

ရှုတင်အလုပ်, သမထကမ္မဋ္ဌာန်းအလုပ်, ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်တို့၌လည်း နည်းလမ်းကျကျ သိမှုသာလို၏။ ဝီရိယအတွက်မှာ ခက်ခဲမှုမရှိကြကုန်။

(ဤကား ရဟန်းတော်နှင့် သက်ဆိုင်သော သီလဝိသုဒ္ဓိကို ပြဆိုချက်တည်း။)

လူတို့နှင့်သက်ဆိုင်သော သီလဝိသုဒ္ဓိကို အတန်ငယ် ရှင်းလင်း၍ ပြဆိုဦးအံ့။

## အဋ္ဌင်္ဂုပေါသထ သီလ

**ရှစ်ပါးသီလ။** ။ မည်သည် ဃရာဝါသ သမ္ဗာဓ၌ တည်နေကြကုန်သော ပကတိ လူတို့၏ သီလတည်း။

ထိုပကတိလူတို့သည် အဗြဟ္မစရိယ, ဝိကာလဘောဇန စသော အမှုများကို အမြဲအနိစ္စထာဝရ ကြဉ်ရှောင်ခြင်းငှါ မတတ်နိုင်ကြကုန်ရကား တစ်လလျှင် လေးသီတင်း, ရှစ်သီတင်း အမှတ်ပြု၍ စောင့်ထိန်းကြသော အနိစ္စသီလမျိုးပေတည်း။

(နိစ္စပြု၍ စောင့်နိုင်လျှင်လည်း အလွန်ကောင်းမြတ်ပါ၏။)

http://www.dhammadownload.com



## ဒသသီလ

**ဆယ်ပါးသီလ။** ။ သည်မှုကား နိစ္စ, အနိစ္စ နှစ်မျိုးရ၏။

ဃရာဝါသကိစ္စကို စွန့်လွှတ်၍ အဝတ်ကြောင်, အဝတ်ဖြူ ဟူသော ပကတိလူတို့ အဝတ်ကိုပယ်၍ အရဟဒ္ဓဇ အဝင်အပါဖြစ်သော ညောင်ခေါက် စသည့် ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်ကိုဝတ်သော လူသူတော်များတို့အား ထို ဆယ်ပါးသော သီလသည် နိစ္စသီလမျိုး ဖြစ်၏။

ထိုအဝတ်ကို ဝတ်မိသည်နှင့် တစ်ပြိုင်နက် ထိုသူတို့အား ထိုသီလသည် တည်လေ၏။

တည်၏ ဆိုသည်ကား –ထိုအဝတ်ကို ဝတ်မိသည်နှင့် တစ်ပြိုင်နက် ထိုသူတို့သည် အဗြဟ္မစရိယ, ဝိကာလဘောဇန စသော အမှုများကို ပြုခြင်းငှာ မထိုက်တန်ကြကုန်ပြီ၊ ပြုခဲ့လျှင် အရဟဒ္ဓဇ အဝတ်အသွင်နှင့် မထိုက်တန်သော အမှုဖြစ်၍ အလဇ္ဇီသဘောကို ရောက်ကုန်၏။ ဤကဲ့သို့ ပြုခြင်းငှါ မထိုက်တန်သော သဘောသို့ သက်ရောက်သည်ကို အခြေပြု၍ ထိုသီလ တည်သည်ဟု ဆိုသတည်း။

(နိစ္စသီလမျိုးဟူသမျှ ဤနည်းချည်းသာတည်း။)

ပကတိ လူဝတ်ကြောင်တို့အား ထိုကဲ့သို့သော နိစ္စသီလအနေနှင့် တည်မှုကို မရအပ်။ ၈–ပါးသီလကဲ့သို့ပင် ဆောက်တည်မှုရသော အနိစ္စမျိုး သာ ဖြစ်၏။ နိစ္စပြု၍ စောင့်ထိန်းလိုလျှင် နိစ္စအနေနှင့် ခံယူမှုရ၏။

(ဤကား အကျဉ်းမျှ ပြဆိုချက်တည်း။)

## အာဇီဝဋ္ဌမက သီလ

**အာဇီဝဋ္ဌမကသီလ။** ။ ဆိုသည်ကား သုစရိုက် ဆယ်ပါးတွင် မနောသုစရိုက် သုံးပါးကို ချန်လှပ်သော် ကာယသုစရိုက် သုံးပါး, ဝစီသုစရိုက် လေးပါးဟူ၍ ခုနစ်ပါးရ၏။ ၎င်း ခုနစ်ပါးမှာ သမ္မာအာဇီဝဝိရတိကို ထည့်၍ အာဇီဝဋ္ဌမကသီလ ခေါ်၏။

ကာယသုစရိုက် သုံးပါးကား သမ္မာကမ္မန္တဝိရတိတည်း။
ဝစီသုစရိုက် လေးပါးကား သမ္မာဝါစာဝိရတိတည်း။

မိခင်ရေ၀တီ

http://www.dhammadownload.com



သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူ၍ ဝိရတိ သုံးပါး ဖြစ်၏။

ထို သုံးပါးတို့တွင် သမ္မာဝါစာဝိရတိသည် -

၁။ မုသာဝါဒါ ဝေရမဏီ,

၂။ ပိသုဏာဝါစာယ ဝေရမဏီ,

၃။ ဖရုသဝါစာယ ဝေရမဏီ,

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ, ဟူ၍ လေးပါး အပြားရှိ၏။

သမ္မာကမ္မန္တဝိရတိသည်လည်း -

၁။ ပါဏာတိပါတာ ဝေရမဏီ,

၂။ အဒိန္နာဒါနာ ဝေရမဏီ,

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ, ဟူ၍ သုံးပါး အပြားရှိ၏။

သမ္မာအာဇီဝ ဝိရတိမူကား အသက်မွေးမှု၏ အစွမ်းဖြင့်ပြုရသော ပါဏာတိပါတ အစရှိသော ထိုဒုစရိုက် ၇-ပါးတို့ကို မိစ္ဆာဇီဝဒုစရိုက်မျိုး ခေါ်ရပြန်၏။ ထိုမိစ္ဆာဇီဝခေါ်ရသော ဒုစရိုက် ၇-ပါးတို့မှ ရှောင်ကြဉ်မှု ဖြစ်သောကြောင့် ၇-ပါး ဖြစ်၏။

(က) သမ္မာဝါစာ ဝိရတိ ၄-ပါး,

(ခ) သမ္မာကမ္မန္တ ဝိရတိ ၃-ပါး,

(ဂ) သမာအာဇီဝ ဝိရတိ ၇-ပါး,

ပေါင်း ဝိရတိ ၁၄ -ပါး ဖြစ်၏။

၎င်း ၁၄ -ပါးသည် -

(က) သမာဒါန ဝိရတိ ၁၄-ပါး,

(ခ) သမ္ပတ္တ ဝိရတိ ၁၄-ပါး,

(ဂ) သမုစ္ဆေဒ ဝိရတိ ၁၄-ပါး, ပေါင်း ၄၂ -ပါး ဖြစ်၏။

## သမာဒါန ဝိရတိ

**သမာဒါနဝိရတိ။** ။ ဆိုသည်ကား ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ-သမာဒိယာမိ အစရှိသော ပါဠိ၏ အနက်အဓိပ္ပာယ်ကို သိ၍

http://www.dhammadownload.com



သိတိုင်းအာရုံပြု၍ ခံယူသောသူတို့အား 'မိ' အက္ခရာကို ရွတ်ဆိုမိသည်နှင့် တစ်ပြိုင်နက် ထိုထို ဝိရတိသည် ဖြစ်၏။

(ဤလည်း သမာဒါန ဝိရတိ ၁၄–ပါး တစ်မျိုး)

သူ့အသက်, သူ့ဝိညာဉ် စသော ဝတ္ထုကို တွေ့ကြုံသောအခါ ငါ့မှာ ခံယူ၍ထားသော သီလရှိပေသည်။ ငါလွန်ကျူး၍ မသင့်ပေဟု ရှောင်ကြဉ်၏။ ရှောင်ကြဉ်သောစိတ် ဖြစ်သည်နှင့် တစ်ပြိုင်နက် ဝတ္ထုအားလျော်စွာ ထိုထို ဝိရတိသည် ဖြစ်၏။

(ဤလည်း သမာဒါန ဝိရတိ ၁၄ –ပါး တစ်မျိုး)

## သမ္ပတ္တ ဝိရတိ

**သမ္ပတ္တဝိရတိ။** ။ ဆိုသည်ကား ခံယူဆောက်တည်၍ ထားမှုကား မရှိ။ ဝတ္ထုကို တွေ့ကြုံရသော အခါ၌မူကား လွတ်အောင် ရှောင်ကြဉ်ပေ၏။ ဤသို့ ရှောင်ကြဉ်သော သူတို့အား ရှောင်ကြဉ်သောစိတ် ဖြစ်သည်နှင့် တစ်ပြိုင်နက် ထိုထို ဝတ္ထုအားလျော်စွာ ထိုထို ဝိရတိသည် ဖြစ်၏။

(ဤကား သမ္ပတ္တဝိရတိမျိုးတည်း။)

## သမုစ္ဆေဒ ဝိရတိ

**သမုစ္ဆေဒဝိရတိ။** ။ ဆိုသည်ကား သောတာပတ္တိ မဂ်ခဏ၌ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် အပါယ်သို့ ချနိုင်သော ဒုစရိုက် ၁၀–ပါးတို့သည် အပြီးတိုင် ချုပ်ငြိမ်းကုန်၏။

ထိုသို့ ချုပ်ငြိမ်းရာ၌ –

**သမ္မာဝါစာမဂ္ဂင်သည်** ဝစီဒုစရိုက် ၄–ပါးကို အပြီးတိုင် ချုပ်ငြိမ်းစေ၏။

**သမ္မာကမ္မန္တမဂ္ဂင်သည်** ကာယဒုစရိုက် ၃–ပါးကို အပြီးတိုင်ချုပ်ငြိမ်းစေ၏။

**သမ္မာအာဇီဝမဂ္ဂင်သည်** အသက်မွေးမှု၏ အစွမ်းဖြင့်ဖြစ်သော ထို ၇–ပါးသော ဒုစရိုက်တို့ကို အပြီးတိုင် ချုပ်ငြိမ်းစေ၏။ ဤမဂ္ဂင် ၃–ပါးကို သမုစ္ဆေဒဝိရတိ ဆိုသည်။

http://www.dhammadownload.com



(ပယ်အပ်သော ဒုစရိုက်အပြား ၁၄-ပါးကို ထောက်၍ သမုစ္ဆေဒဝိရတီ ၁၄ -ပါး ဆိုသည်။

မဂ်စိတ္တက္ခဏမည်သည် တစ်ချက်မျှသာ ကျသည်ဖြစ်၍ မဂ်ဝိရတိမှာ မူကား လောကီဝိရတိမှာကဲ့သို့ အာရုံအမျိုးမျိုး ခဏအမျိုးမျိုးသို့ လိုက်၍ ၁၄-ပါး ဖြစ်ပွားသည် မဟုတ်။)

(က) သမာဒါန ဝိရတိ ၂၈ -ပါး,

(ခ) သမ္ပတ္တ ဝိရတိ ၁၄ -ပါး,

(ဂ) သမုစ္ဆေဒ ဝိရတိ ၁၄ -ပါး,

ပေါင်း ဝိရတိ ၅၆ -ပါး ဖြစ်၏၊

၎င်းကို ကာလ ၃-ပါးနှင့် မြှောက်ပွားသည်ရှိသော် ၁၆၈ -ပါး ဖြစ်၏။

၎င်းကို သန္တာန် ၂-ပါးနှင့် မြှောက်ပွားသည်ရှိသော် ၃၃၆-ပါး ဖြစ်၏။

၎င်းကို အရပ်မျက်နှာ ၁၀-ပါးနှင့် မြှောက်ပွားသည်ရှိသော် ၃၃၆၀-ပါး ဖြစ်၏။

၎င်းကို ပုဂ္ဂိုလ်သန္တာန် အသီးအသီးနှင့် မြှောက်ပွားသည်ရှိသော် ဝိရတိ ပေါင်း အသင်္ချေယျ အနန္တ ဖြစ်၏။

(ဤကား အာဇီဝဋ္ဌမက သီလဝိသုဒ္ဓိအပြားကို ပြဆိုချက်တည်း။)

## (င) ကမ္ဘာစောင့်တရားကြီး ၂ -ပါး

ခပ်သိမ်းသော စကြဝဠာ အနန္တ, ကမ္ဘာအနန္တတို့၌ ပကတိသပ္ပုရိသ အင်္ဂါ လက္ခဏာနှင့် ပြည့်စုံကြကုန်သော လူ့အမျိုးကောင်း, လူသူတော်ကောင်းတို့ ၏ အမြဲအစွဲ အရိုးအစဉ်ဖြစ်သော ကမ္ဘာစောင့်တရားကား -

၁။ အာဇီဝဋ္ဌမက သီလ ၁-ပါး,

၂။ ဗြဟ္မစိုရ်တရား ၁-ပါး၊ ဤ ၂-ပါးတည်း။

**ကမ္ဘာစောင့်တရား** - ဟုဆိုအပ်သော ၂-ပါးသော တရားနှင့်အမြဲညီညာ ပြည့်စုံကြသော အခါတို့၌ ဤလူ့ပြည်သည် နတ်ပြည်, ဗြဟ္မာပြည်ကဲ့သို့ ကြည်လင်ခြင်း ခပ်သိမ်းနှင့် ပြည့်စုံ၏။ အသက်ရှည်မှု, အလိမ္မာမှုတို့၌ နတ်ပြည်ခြောက်ထပ်

http://www.dhammadownload.com



နတ်တို့သည်ပင် မတုနိုင် မပြုနိုင် ရှိကုန်၏။

ထိုတရား ၂–ပါးတို့ အစဉ်အတိုင်း ဆုတ်ယုတ်၍ သွားသောအခါ လူ့ပြည်၌ ဆုတ်ကပ်ဟူ၍ ဖြစ်ရ၏။ ဤလူ့ပြည်၌ ထိုတရား ၂–ပါးတို့ လုံးလုံး ကွယ်ပျောက်သောအခါ ၁၀ –နှစ်တမ်း၌ ကပ်ကြီး ၃–ပါး အကြီးအကျယ် ဖြစ်၏။

ထိုကမ္ဘာစောင့်တရားကြီး ၂–ပါး တိုးတက်ပြန်သောအခါ တက်ကပ် ဖြစ်လာပြန်၏။ ဤသို့သော အကြောင်းကြောင့် ကမ္ဘာစောင့်တရား ၂–ပါး ဆိုသတည်း။

## (စ) ကမ္ဘာစောင့်တရားကြီး ၂ –ပါးကြောင့် ဒုစရိုက် ၁၀ –ပါး ကင်းလွတ်ပုံ

ထိုကမ္ဘာစောင့်တရား ၂–ပါးနှင့် ကောင်းစွာ ပြည့်စုံကြကုန်သော လူအမျိုး ကောင်းတို့အား သုစရိုက် ၁၀–ပါးတို့သည် အမြဲတည်ကုန်၏။ ဒုစရိုက် ၁၀–ပါး တို့မှ အစဉ်ကင်းလွတ်ကြကုန်၏။

အဘယ်သို့လျှင် သုစရိုက် ၁၀–ပါးတို့သည် အမြဲတည်ကုန်သနည်း။ ဒုစရိုက် ၁၀–ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်သနည်း ဟူမူကား –

လောကီဖြစ်သော အာဇီဝဋ္ဌမက သီလခိုင်လုံသည့်အတွက် ကာယသုစရိုက် ၃–ပါး, ဝစီသုစရိုက် ၄–ပါးတို့ အမြဲတည်ကုန်၏။ ကာယဒုစရိုက် ၃–ပါး, ဝစီဒုစရိုက် ၄–ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်၏။

ဗြဟ္မစိုရ်တရား ၄–ပါး ခိုင်လုံသည့်အတွက် မနောသုစရိုက် ၃–ပါးတို့ အမြဲတည်ကုန်၏။ မနောဒုစရိုက် ၃–ပါးတို့မှ အစဉ် ကင်းလွတ်ကြကုန်၏။

မုဒိတာ, ဥပေက္ခာ ဗြဟ္မာစိုရ်တရား ၂–ပါး ခိုင်လုံသည့်အတွက် အနဘိဇ္ဈာ တရား မနောသုစရိုက် အမြဲတည်၏။ အဘိဇ္ဈာ မနောဒုစရိုက်မှ အစဉ် ကင်းလွတ်၏။

မေတ္တာ, ကရုဏာ ဗြဟ္မာစိုရ်တရား ၂–ပါး ခိုင်လုံသည့်အတွက် အဗျာ ပါဒ မနောသုစရိုက် အမြဲတည်၏။ ဗျာပါဒ မနောဒုစရိုက်မှ အစဉ် ကင်းလွတ်၏။

http://www.dhammadownload.com



ထိုတရား ၂-ပါးတို့၏ တည်မှုသည် ဒိဋ္ဌိဇုကမ္မတရားလျှင် အရင်းရှိ လေရကား သမ္မာဒိဋ္ဌိ မနောသုစရိုက် အမြဲတည်၏။ မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏။

(ဤအာဇီဝဋ္ဌမက သီလ ဗြဟ္မစိုရ်တရားတို့မှာကား အထူးဆောက်တည်မှု၊ အများအားထုတ်မှု မရှိ၊ ပကတိ ပင်ကိုယ်ဖြစ်သော နိစ္စသီလ ပကတိ သဘာဝတို့ပေတည်း။)

## (ဆ) ကမ္ဘာဦးအခါ၌ အာဇီဝဋ္ဌမက သီလ, အဋ္ဌင်္ဂဥပေါသထ သီလ, ဒသင်္ဂသီလတို့ ပေါ်ပေါက်နေပုံ

ယခုအခါ ဤအာဇီဝဋ္ဌမကသီလ, ဗြဟ္မစိုရ်တရားတို့သည် ဥတ္တရကုရု အမည်ရှိသော မြောက်ကျွန်း၌သာ တည်ရှိကုန်တော့သည်။

ထိုကမ္ဘာဦးအခါတို့၌ ထိုတရား ၂-ပါးတို့နှင့် ပြည့်စုံကြကုန်သော လူအပေါင်းတို့တွင် အချို့သော သူတို့သည် ဘုန်းတန်ခိုး ကြီးမြတ်သော လူစည်းစိမ်, နတ်စည်းစိမ်တို့ကို နောင်ဘဝအဆက်ဆက် ခံစား စံစားကြရန် တစ်လ တစ်လလျှင် ၄-ကြိမ် လည်းကောင်း၊ ၈-ကြိမ် လည်းကောင်း အမှတ်ပြု၍ အဋ္ဌင် ဥပေါသထသီလကို ကျင့်သုံး ဆောက်တည်ကြကုန်၏။

အချို့သော သူတို့သည် ကမ္ဘာများစွာ အသက်ခန္ဓာ ဘုန်းတန်ခိုး ကြီး ကျယ်စွာနှင့် စံစားကာနေရသော ဗြဟ္မာပြည်သို့ရောက်ခြင်းငှါ ဃရာဝါသအမှုကို စွန့်ပစ်၍ တောထွက်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံ၍ ရသေ့ရဟန်း ပြုလုပ်၍ ၁၀-ပါးသော သီလ၌ နိစ္စတည်၍ ပကတိပင်ကို ဗြဟ္မစိုရ်တရား ၄-ပါးတို့ကို ပရိကံ, ဥပစာ, အပ္ပနာ အစဉ်အားဖြင့် ပွားများအားထုတ်၍ ဈာန် သမာပတ် ချမ်းသာနှင့် နေကြကုန်၏။

(ဤကား စကြဝဠာ အနန္တတို့၌ပင်လျှင် ကမ္ဘာဦးအခါမှစ၍ ကမ္ဘာမြေပေါ်မှာ အာဇီဝဋ္ဌမကသီလ, အဋ္ဌင် ဥပေါသထသီလ, ဒသင်္ဂသီလ၊ ဤသီလ ၃-ပါးတို့ ဖြစ်ထွန်းတည်ရှိနေပုံတည်း။)

http://www.dhammadownload.com



## (ဈ) ကမ္မာစောင့်တရားကြီး ၂-ပါးနှင့် ဥပေါသထသီလ, ဒသင်္ဂသီလ တရားဆုတ်ယုတ်လာပုံ

ငါတို့ မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌မူကား ထို ကမ္မာစောင့် တရား ၂-ပါး, ဥပေါသထသီလ, ဒသင်္ဂသီလ တရား ၂-ပါးတို့သည် လောက၌ အလွန်နည်းပါးကုန်၏။ မိစ္ဆာဒိဋ္ဌိတရား, ဒုစရိုက်တရားတို့သည် လောက၌ အလွန် ထွန်းကားကုန်၏။

ထိုကြောင့် -

မြတ်စွာဘုရားသည် လောက၌ ထိုကမ္မာစောင့်တရား ၂-ပါး, အဋ္ဌင်္ဂ ဥပေါသထသီလ တရားများကိုပင် အားထုတ်ဖော်ပြ ထူထောင်တော်မူရာ၏။

(က) သုစရိုက် ၁၀-ပါး,

(ခ) ဒုစရိုက် ၁၀-ပါး,

(ဂ) မြဟ္မစိုရ်တရား ၄-ပါးတို့ကို လူသတ္တဝါတို့အား အလွန် များစွာ ဟောရ၏။

(သုစရိုက် ၁၀-ပါးတို့တွင် ရှေ့ ၇-ပါးသည် အာဇီဝဋ္ဌမက သီလပင်တည်း။)

၁၀ -ပါးသီလကိုမူကား ဃရာဝါသ၌ တည်ကုန်သော ပကတိလူတို့အား ဘုရားဟောဖူးသော ဝတ္ထုဟူ၍ ပါဠိတော်တို့၌မလာ၊ စောင့်ထိန်းကြသော ဝတ္ထု တို့ကား အဋ္ဌကထာတို့၌ များစွာလာကုန်၏။

အနာဂါမ်ဖြစ်သော သူတို့သည်ကား ၁၀-ပါးသီလ၌ တည်ကြကုန်၏။

မြတ်စွာဘုရား သာသနာတော်မြတ်သည်-

၁။ အဓိသီလ သာသနာ,

၂။ အဓိစိတ္တ သာသနာ,

၃။ အဓိပညာ သာသနာ, ဟူ၍ ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် အာဇီဝဋ္ဌမက သီလသည် အဓိသီလသာသနာ မည်၏။

ထိုအာဇီဝဋ္ဌမက သီလသည် -

၁။ ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမက သီလ,

http://www.dhammadownload.com



၂။ ပကတိလူတို့၏ အာဇီဝဋ္ဌမက သီလ,

၃။ ဖန်ရည်ဆိုးအပ်သော အဝတ်ကို ဝတ်ရုံ၍ ပဗ္ဗဇိတအသွင်ဖြင့် တည်နေကုန်သော ရသေ့သူတော်, လူသူတော်တို့၏ အာဇီဝဋ္ဌမကသီလ ဟူ၍ ၃-ပါး အပြားရှိ၏။

အာဇီဝကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော ၆-ပါးသော သိက္ခာပုဒ်တို့နှင့်တကွ အလုံးစုံသော ရဟန်းတို့၏ ဝိနယသီလ, အလုံးစုံသော သာမဏေတို့၏ ဝိနယသီလသည် ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမကသီလ မည်၏။

ထိုစကားမှန်၏။ အလုံးစုံသော ဝိနည်းသိက္ခာပုဒ်တော် ဟူသမျှသည် ကာယဒွါရ၊ ဝစီဒွါရ ၂-ပါး၌ ပညတ်တော်မူအပ်သည် ဖြစ်၍ ကာယကံ, ဝစီကံ ၂-ပါး၌ အကုန်သက်ဝင်၏။ ကာယသုစရိုက်, ဝစီသုစရိုက် ၂-ပါး၌ အကုန်သက်ဝင်၏။

ထို့ကြောင့် -

ထိုထို ဝိနည်းသိက္ခာပုဒ်အဆုံး၌ 'ကာယကမ္မံ၊ ဝစီကမ္မံ၊ ကာယဝစီကမ္မံ' ဟူ၍ ဝိနည်းအဋ္ဌကထာတို့၌ ဆိုရိုးရှိကြကုန်၏။

ဝိနည်းပညတ်တော်မူတစ်ပါး သုတ္တန် ဒေသနာတော်မှ လာသော အသက်မွေးခြင်းလျှင် အကြောင်း ရှိမရှိအားဖြင့် ၂-မျိုးပြားသော သုစရိုက် ၇-ပါးသည် ပကတိလူတို့၏ အာဇီဝဋ္ဌမက သီလမည်၏။

ထိုပကတိလူတို့၏ နိစ္စသီလမှာ အဗြဟ္မစရိယ, ဝိကာလဘောဇန စသော ၆-ပါးသော သိက္ခာပုဒ်တို့ကို ထည့်၍ ရသေ့သူတော်, လူသူတော်တို့၏ အာဇီဝဋ္ဌမကသီလ ဖြစ်၏။

(အဋ္ဌကာလိနီ အဋ္ဌကထာ၌ စက္ခုသံဝရ စသော ၈-ပါးသော သံဝရတရား, စက္ခုအသံဝရစသော ၈-ပါးသော သံဝရတရားတို့ကို သုစရိုက်, ဒုစရိုက်တို့၌ အကုန်ထည့်သွင်းနည်း၊ ကာယကံ, ဝစီကံ, မနောကံတို့၌ အကုန်ထည့်သွင်းနည်းကို အကျယ်ပြဆိုချက် ရှိလေ၏။)

ဝိနည်းအဋ္ဌကထာများနှင့်တကွ ထိုအဋ္ဌသာလိနီ အဋ္ဌကထာများကို ထောက်မျှော်၍ ရဟန်းသာမဏေတို့ ကျင့်အပ်သော ဝိနည်းသိက္ခာပုဒ်၊ သုတ္တန်

http://www.dhammadownload.com



သိက္ခာပုဒ်ဟူသမျှ၊ လူတို့ကျင့်အပ်သော သုတ္တန်သိက္ခာပုဒ် ဟူသမျှသည် တစ်စုံတစ်ခုမျှမကျန်၊ ကာယကံ, ဝစီကံတို့၌ အကုန်သက်ဝင်ကြောင်းကိုလည်းကောင်း၊ ကာယကံ, ဝစီကံတို့၌ အကုန်သက်ဝင်သဖြင့်လည်း-

**'ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ ပရိသုဒ္ဓံ ဟောတိ အာဇီဝေါစ ပရိသုဒ္ဓေါ'**

ဟူ၍ ဟောတော်မူအပ်သော အာဇီဝဋ္ဌမကသီလ အစီအရင်တွင် အကုန်သက်ဝင်ကြောင်းကိုလည်းကောင်း သိအပ်၏။ အာဇီဝဋ္ဌမက သီလနှင့်ကင်း၍ မဂ်ဖိုလ်ကို မရနိုင်၊ နိစ္စသီလမျိုး တည်ရှိမှ သမာဓိဖြစ်ထွန်းနိုင်သည်။

**သီလ, သမာဓိ** နှစ်ပါးရှိမှ ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာ ဖြစ်ထွန်းနိုင်သည်။

ထို့ကြောင့် ယခုဘဝ၌ပင်လျှင် သမာဓိ, ပညာတို့ကို ရခြင်း၏ အခြေခံ အနေခံကိစ္စနှင့် ကျင့်သုံးအပ်သော သီလသည် လူတို့သီလပင် ဖြစ်သော်လည်း အဓိသီလသာသနာ မည်ပါ၏။

သာဝတ္ထိပြည်၌ ဂဟဋ္ဌဖြစ်သော လူပေါင်းအရေအတွက် ၇-ကုဋေ ၅-သိန်း ရှိ၏။ ထိုတွင် တိတ္ထိတို့၏ တပည့်တို့သည် တစ်ကုဋေမျှ ရှိကုန်၏။ မြတ်စွာဘုရား တပည့်သားဖြစ်သူ လူတို့သည် ၆-ကုဋေ ၅-သိန်းမျှ ရှိကုန်၏။ ထိုတွင် ပုထုဇဉ်တို့သည် တစ်ကုဋေမျှ ပါရှိကုန်၏။ ကျန်ရှိသော ၅-ကုဋေ ၅-သိန်းမျှသော ဂဟဋ္ဌဖြစ်သူ လူတို့သည် အရိယာချည်း ဖြစ်ကုန်၏ဟု အဋ္ဌကထာ တို့၌ လာ၏။

ထိုသူတို့သည် ရှေးအဖို့၌လည်းကောင်း, ကျွတ်လွတ်သောအခါ၌လည်းကောင်း စိတ်သန္တာန်၌ တည်ရှိသော အခြေခံ အနေခံဖြစ်သော အာဇီဝဋ္ဌမက ဝိရတိသီလနှင့်ကင်း၍ မဂ်ဖိုလ်ကို ရသူ ရောက်သူ ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိ၊ အာဇီဝဋ္ဌမက သီလ၏အခွင့်သည် သောတာပတ္တိမဂ်သို့ရောက်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသောအခါ သမုစ္ဆေဒဝိရတိ အဖြစ်သို့ရောက်မှ ကိစ္စပြီးစီး၏။ နိယတ အဖြစ်သို့ ရောက်၏။

ထိုအရိယာဖြစ်သူတို့သည် ဘဝများစွာ ကမ္ဘာအဆက်ဆက် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို အစဉ်ခံစားစံစား၍ သွားကြကုန်သော်လည်း

http://www.dhammadownload.com



အိပ်မက်တွင်မျှ အာဇီဝဋ္ဌမကသီလ ပျက်မှု မရှိကြကုန်ပြီ။

ထိုသူတို့တွင် အနာဂါမ်အဖြစ်သို့ ရောက်ကြကုန်သော စိတ္တသူကြွယ် အစရှိကုန်သော အသိန်းမကသော သူတို့သည် ကဿပဘုရား လက်ထက်တော်၌ ဃဋီကာရ အမည်ရှိသော အိုးထိန်းသည်ယောက်ျားကဲ့သို့ အနာဂါမိမဂ်၏ အစွမ်း ဖြင့်ပြီးသော ၁၀–ပါးသီလ၌ အမြဲတည်ကြကုန်၏။ ဆောက်တည်ဖွယ်ကိစ္စ မရှိ ကြကုန်ပြီ။

၁၀ –ပါးသီလ အမြဲတည်သောသူတို့မှာ အဋ္ဌင်္ဂုပေါသထ သီလသည် လည်း အတွင်းဝင်ဖြစ်၍ ပါလေ၏။ ဆောက်တည်ဖွယ် ကိစ္စမရှိပြီ။

သောတာပန်, သကဒါဂါမ် ဖြစ်ကြကုန်သော ကုဋေများစွာသော ဝိသာခါ, အနာထပိဏ်စသော သူတို့သည်မူကား တစ်လ တစ်လလျှင် ၄–ကြိမ် လည်းကောင်း၊ ၈–ကြိမ်လည်းကောင်း အမှတ်ပြု၍ အဋ္ဌင်္ဂုပေါသထသီလကို ဆောက်တည်ခံယူ၍ ကျင့်သုံးကြကုန်၏။

ပုထုဇဉ် ဖြစ်ကြကုန်သော တစ်ကုဋေမျှလောက်ကုန်သော သာဝတ္ထိပြည် သူတို့သည်ကား အာဇီဝဋ္ဌမက သီလမှလည်း တတ်အားသမျှသော သိက္ခာပုဒ်တို့ကို အမြဲနိစ္စ ထိန်းသိမ်းကြကုန်၏။

အဋ္ဌင်္ဂုပေါသထ သီလကိုလည်း တတ်အားသမျှ ခံယူတည်ဆောက်၍ ကျင့်သုံးကြကုန်၏။

(ရာဇဂြိုဟ်ပြည်, ဝေသာလီပြည် အစရှိသော မဇ္ဈိမဒေသတိုင်းကြီး သောင်္ဂသ တို့၌လည်း ထိုနည်းကိုမှီ၍ အရိယာဖြစ်သူ လူတို့၏ကျင့်နည်းကျင့်လမ်း, ပုထုဇဉ် ဖြစ်သူ လူတို့၏ ကျင့်နည်းကျင့်လမ်းကို သိကြလေ၊ သီဟိုဠ်ကျွန်းမှာ သာသနာ တော် တည်ထွန်း၍ အရိယာပုဂ္ဂိုလ် ထင်ရှားရှိသော အခါတိုင်အောင် ထိုနည်းပင် သိလေ။)

http://www.dhammadownload.com



## (ဈ) မဇ္ဈိမ သာသနာမှစ၍ သာသနာအစဉ်အတိုင်း အာဇီဝဋ္ဌမကသီလ၌ ဆုံးမကြ၍ တည်ထွန်းလာကြပုံ

အရိယာပုဂ္ဂိုလ်တို့ ထင်ရှားမရှိကြသောအခါမှစ၍ သီဟို သာသနာ, သထုံ သာသနာ, သရေခေတ္တရာ သာသနာ, ပေါက်ကံ သာသနာ, မြင်စိုင်း သာသနာ, စစ်ကိုင်း သာသနာ, ရတနာပူရအဝ သာသနာ, အမရပူရ သာသနာ, မန္တလေး သာသနာ အစဉ်တို့၌မူကား သာဝတ္ထိပြည်စသော မဇ္ဈိမသာသနာမှ အစဉ်အဆက်လာခဲ့သော ပုထုဇဉ် သာဝကတို့၏ နည်းလမ်းအတိုင်း ကျင့်ရိုး သုံးရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြကုန်၏။

## ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်းလာပုံ

ကျင့်ရိုး သုံးရိုး အစဉ် ၂-မျိုးတွင်-

ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြပုံကား ထိုသာသနာ တည်ထွန်းရာဖြစ်သော ပတိရူပဒေသအရပ်တို့၌ အမျိုးကောင်း သူတော်ကောင်း ဖြစ်ကြသော လူတို့သည် မိမိတို့၏ သားသမီး မြေးမြစ်ဖြစ်သော သူတို့ကို ငယ်ရွယ်စဉ်အခါမှစ၍ အာဇီဝဋ္ဌမကသီလ၌ ဆုံးမသွန်သင်ရိုး ရှိကြကုန်၏။

ရဟန်းသံဃာ ဆရာသမားတို့သည်လည်း 'ယပ်တောင် တရား ယပ်လှဲ တရား' အနုသာသနီ တရားတို့၌ ဒုစရိုက်အပြစ်, သုစရိုက်၏အကျိုးများကို ဟောပြော၍ တပည့်ဒါယကာ အပေါင်းတို့အား အာဇီဝဋ္ဌမက သီလ၌ ဆုံးမ သွန်သင်ရိုး ရှိကြကုန်၏။

## ဆုံးမသွန်သင်တော်မူကြပုံ

၁။ ရှေးဦးစွာ ဩကာသ ပဏာမပြုနည်း,

၂။ ထိုနောက် သရဏဂုံ ၃-ပါးနှင့်တကွ ၅-ပါးသီလတောင်းနည်း,

၃။ ထိုနောက် သရဏဂုံ ၃-ပါး ဆောက်တည်နည်း,

၄။ ထိုနောက် ပါဏာတိပါတာ ဝေရမဏီ အစရှိသော သီလခံယူနည်း,

ဤနည်းလမ်းများကို သားငယ်, သမီးငယ်, တပည့်ငယ်တို့အား စကားပီ

http://www.dhammadownload.com



သည်မှစ၍ အရိုးအစဉ်ကျိုးကျ၍ သွားလေအောင် ဆုံးမသွန်သင်တော် မူကြရ ကုန်၏။ သရဏဂုံ သီလ ခံယူစေကြရကုန်၏။

(ဤငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ပဥ္စသီလတည်း အာဇီဝဋ္ဌမကသီလ တွင် ပဓာန အင်္ဂါစုပင်တည်း။)

ထိုနောက် အသက်အရွယ် ၁၀-နှစ် ၁၅-နှစ် စသည်ရှိသောအခါမှ-

၁။ ဒုစရိုက် ၁၀-ပါး,

၂။ သုစရိုက် ၁၀-ပါး,

၃။ "သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ"ဟူသော ဗြဟ္မစိုရ်တရား,

၄။ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း အစရှိသော အသုဘ ပဋိကူလတရားတို့ကို သင်ကြားကြကုန်၏။

ထိုတရားတို့တွင်-

**သုစရိုက် ၁၀-ပါးတို့၌** ကာယသုစရိုက် ၃-ပါးကား ၅-ပါးသီလ၌ ပါဝင်ပြီး ဖြစ်၏။

**ဝစီသုစရိုက် ၄-ပါးတို့တွင်** မုသာဝါဒါ ဝေရမဏီ ၁-ပါးသာ ၅-ပါး သီလမှာ ပါဝင်၏။

၁။ ပိသုဏာဝါစာ ဝေရမဏီ,

၂။ ဖရုသဝါစာယ ဝေရမဏီ,

၃။ သမ္ဖပ္ပလာပါ ဝေရမဏီတို့ကိုမူကား -

နောက်မှ ပြည့်စွက်ကြရကုန်၏။ ထိုအခါမှ အင်္ဂါ ၈-ပါး လုံးလုံးပြည့် စုံ၏။ ဒုစရိုက် ၇-ပါး ကင်းလွတ်၏။ သုစရိုက် ၇-ပါး တည်ရှိ၏။

ထိုဗြဟ္မစိုရ်တရား, အသုဘ ပဋိကူလ တရားတို့ကို နှလုံးသွင်းနိုင်ကြ သောအခါ မနောဒုစရိုက်တို့မှ ကင်းလွတ်ကုန်၏။ မနောသုစရိုက်တို့ တည်ကုန်၏။

**သာသနာပအခါ၌ကား**-ဗြဟ္မစိုရ်တရားသာ ထင်ရှားရှိ၏။ အသုဘ ပဋိကူလမနသိကာရတရားကား သာသနာတွင်းမှာကဲ့သို့ ပြည့်စုံစွာ မရှိ။

**ငယ်လှသေးသောအခါတို့၌ကား**- စိတ်၊ စေတနာ နုနယ်သေးသည် ဖြစ်၍ ဝစီဒုစရိုက်မှု ၃-ခု၊ မနောဒုစရိုက်မှု ၃-ခုတို့၌ အကျုံးကြီး အလွန်ကြီး

http://www.dhammadownload.com



မဖြစ်နိုင်ကြကုန်သေး၍ တဖြည်းဖြည်းမှ ဖြည့်စွမ်းရိုး ပြုကြကုန်၏။

မနောဒုစရိုက် ၃–ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကိုမူကား မွေးဖွားစကာလမှစ၍ အမျိုးအရိုး အလေ့နှင့်ပင် ကင်းရှင်းစေနိုင်၏။

(ဤကား ကျင့်ရိုးအစဉ် ထင်ရှား တည်ထွန်းလာပုံတည်း။)

## သုံးရိုးအစဉ် ထင်ရှား တည်ထွန်းလာပုံ

ယခုအခါ သုံးရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြပုံကား–

၁။ ထိုအာဇီဝဋ္ဌမကသီလနှင့် လည်းကောင်း, သုစရိုက် ၁၀–ပါး ကိုယ်ကျင့်တရားနှင့်လည်းကောင်း ပြည့်စုံကြပေကုန်သော ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်သော သူတို့သည် လည်းကောင်း။

၂။ မနောသုစရိုက်ကိုကား မစွဲမြဲနိုင်၊ အာဇီဝဋ္ဌမကသီလကိုမျှသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်လည်းကောင်း။

၃။ အာဇီဝဋ္ဌမကသီလကိုမျှ ပြည့်စုံစွာ မစွဲမြဲနိုင်၊ ထိုအာဇီဝဋ္ဌမကသီလ အထဲမှာ ၅–ပါးသီလကိုမျှ စွဲမြဲနိုင်ကြကုန်သော သူတို့သည် လည်းကောင်း။

၄။ ၅–ပါးသီလကိုမျှ ပြည့်စုံစွာ မစွဲမြဲနိုင်၊ အချို့ အချို့ကိုမျှသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်လည်းကောင်း။

၅။ အချို့ အချို့ကိုမျှ အမြဲအစွဲမတတ်နိုင်။ တစ်ခါ နှစ်ခါမျှသာ တတ်နိုင်ကြကုန်သော သူတို့သည်လည်းကောင်း။

နောက်နောက်ဘဝတို့၌ ကြီးမြတ်သော လောကီချမ်းသာ, လောကုတ္တရာချမ်းသာများကို ခံစား စံစားရခြင်းငှါ ဝါတွင်းဝါပတို့၌ တတ်အားသမျှ အဋ္ဌင်္ဂ ဥပေါသထသီလ သီတင်းသုံးမှုကို ပြုကြကုန်၏။

**အချို့သောသူတို့ကား**–အဝတ်ကြောင်ကိုစွန့်၍ ဆံ၊ မုတ်ဆိတ်ကိုပါ ပယ်၍ ဝတ်ဖြူစင်ကြယ်ကို ဝတ်၍ သီလရှင်အဖြစ်၊ သီလရှင်မ အဖြစ်၌တည်၍ ၈–ပါးသီလ, ၁၀–ပါးသီလတို့ကို နိစ္စအဖြစ်ဖြင့် ကျင့်သုံးကြကုန်၏။

ဤ၌ ဝတ်ဖြူမည်သည် အရဟဒ္ဓဇမျိုးမဟုတ်၊ လူဝတ်မျိုးသာ ဖြစ်ခဲ့၍

http://www.dhammadownload.com



ဇာတိနိစ္စ အနေနှင့်မရ၊ ခံယူဆောက်တည်မှ ရသော နိစ္စမျိုးသာတည်း။

အချို့သောသူတို့ကား ဆံ၊ မုတ်ဆိတ်ကိုပယ်၍ ညောင်ခေါက်ဆိုးအစ ရှိသော အရဟဒ္ဓဇ အဝတ်မျိုးကို ဝတ်ရုံ၍ ရသေ့သူတော်အဖြစ်၌ တည်၍ ၁၀-ပါး သီလကို နိစ္စကျင့်သုံးကြကုန်၏။

ဤနိစ္စကား အရဟဒ္ဓဇ အဝတ်အသွင်ကို ယူသည်နှင့် တစ်ပြိုင်နက် အမြဲတည်သော ဇာတိနိစ္စမျိုးတည်း။ ခံယူဆောက်တည်မှရသော နိစ္စမျိုး မဟုတ်။ သို့သော်လည်း ခံယူဆောက်တည်မှုသည် သိက္ခာပုဒ်အစဉ်၌ နှုတ်တက်ရွရွ ကျင်လည်ရခြင်း၏အကျိုး, ခိုင်မြဲစေရခြင်း အကျိုးရှိသည်သာ ဖြစ်၏။ သာမဏေများကဲ့သို့ပေတည်း။

ဤတွင် နိစ္စဖြစ်သော ၈-ပါး, ၁၀ -ပါးတို့၌မှုကား ကျင့်မှု, သုံးမှု ၂-ပါးနှင့် ဆက်ဆံ၏။ ဤ၌ အဝတ်ဖြူကို မဇ္ဈိမတိုင်းသားတို့၌သာ ပကတိ လူဝတ်ဟု ဆိုထိုက်သည်။

အဝတ်ကြောင်ကို ဝတ်ရိုးရှိသော ငါတို့ မြန်မာလူမျိုးတို့ကား အရဟဒ္ဓဇ အဝတ်မျိုးတို့၌ပင် သက်ဝင်သင့်ပါသည်ဟု ဆိုရန်ရှိ၏။ ကျမ်းဂန်များနှင့် ထောက်ထားဆင်ခြင်ကြလေ။

(ဤကား သုံးရိုးအစဉ် ထင်ရှားတည်ထွန်းလာပုံတည်း။)

## (ည) အာဇီဝဋ္ဌမကသီလသည် ကမ္မာ့ဓမ္မတာသီလဖြစ်ပုံ

အာဇီဝဋ္ဌမကသီလ တည်သောသူတို့၌ ဥပေါသထသီလ, ဒသသီလ ဆိုသော်လည်း အဗြဟ္မစရိယနှင့် ဝိကာလဘောဇန သိက္ခာပုဒ်တို့ကို ထိုနိစ္စသီလ အပေါ်တွင် အမွှမ်းတင်သက်သက်ဖြစ်၏ဟု ဆိုထိုက်၏။ ပါဏာတိပါတမှ ရှောင်ကြဉ်မှု စသည်တို့မှာ ထိုနိစ္စသီလတွင် ပါဝင်ပြီး ဖြစ်ကုန်၏။ ထို့ကြောင့် ထိုသူတို့၌ နိစ္စသီလမှ အဋ္ဌင်္ဂုပေါသထသီလ, ဒသင်္ဂသီလတို့ကို အထူးထုတ်ဖော်၍ဆိုရာ၌ အမွှမ်းတင်ဖြစ်သော သိက္ခာပုဒ်တို့အတွက်သာ ဆိုသည်ဟုမှတ်။

ဤကား ကမ္ဘာဦးမှစ၍ လည်းကောင်း, မြတ်စွာဘုရားလက်ထက်တော်

http://www.dhammadownload.com



မှစ၍ လည်းကောင်း ယခု ဤနေ့တိုင် အာဇီဝဋ္ဌမကသီလ တည်သည့် ဇာတိအာစာရကုလ ပုတ္တမှန်သူ လူအမျိုးကောင်းသားတို့အား ရှိသော မိမိတို့ဘဝ အဖြူထည်ချော အဖြူထည်ကောင်း ဖြစ်စေခြင်းငှါ မွေးဖွားသည်မှစ၍ ပါဏာပေတံ ကာလပတ်လုံး အစဉ်ထာဝရ စွဲမြဲကြရသော ကမ္ဘာ့ဓမ္မတာ သီလဖြစ်ပုံတည်း။

မိမိအလိုအလျောက်သော်လည်းကောင်း၊ ဆရာသမား သူတော် သူမြတ်တို့ အထံ၌လည်းကောင်း 'ပါဏာပေတံ' ခံယူဆောက်တည် စွဲမြဲလျှင်လည်းသာ၍ ကောင်း၏။ တစ်ကြိမ်တစ်ခါ ခံယူပြီးနောက် မပျက်သမျှ ကာလပတ်လုံး ခံယူဖွယ် ကိစ္စမရှိ၊ အခါခါ ခံယူသော်လည်း အခါခါ ကုသိုလ်ပွားများ၏။

ခံယူခြင်းကို တစ်ခါတစ်ရံမျှ မပြုမူ၍ မိမိစိတ်၌သာသိ၍ ဤ ၈-ပါးသော သီလကို အသက်ထက်ဆုံး ကျင့်မည်။ ဤသီလပျက်ရန် အမှုကို အသက်ထက်ဆုံး ငါ ရှောင်ကြဉ်မည်ဟု စိတ်မှာဆောက်တည်၍ ကျင့်ပါလျှင်လည်း ကောင်း၏။ သမ္ပတ္တဝိရတိအနေနှင့် တွေ့တိုင်းတွေ့တိုင်း ရှောင်ကြဉ်၍ နေပေလျှင်လည်း ကောင်းပါ၏။

## (၄) အာဇီဝဋ္ဌမက သီလ၌တည်၍ ပြုလုပ်ကြသော ဒါနမှု, ဥပေါသထမှုတို့သည် ကြီးကျယ်သောအကျိုးကို ပေးပုံ

**ဤအာဇီဝဋ္ဌမကသီလ**-၌ကောင်းစွာတည်သောသူတို့သည် လူသီလဝန္တ စင်စစ် ဖြစ်ကုန်၏။ ဤသီလဝန္တအဖြစ်၌တည်၍ ပြုအပ်သော ဒါနမှု, ဥပေါသထမှုတို့သည် အလွန်ကြီးကျယ်သော အကျိုးကို ပေးနိုင်ကုန်၏။ ရှေးပြဆိုခဲ့ပြီးသော ၅-ကုဋေ ၅-သိန်းမျှလောက်သော သာဝတ္ထိပြည်သူ လူအရိယာတို့မှ စ၍ မဇ္ဈိမဒေသ သာသနာ, သီဟိုသာသနာတို့၌ အရိယာအဖြစ်သို့ ရောက်ကြကုန်သော လူအရိယာ အနန္တတို့သည် အာဇီဝဋ္ဌမက သီလ၌ တည်၍ ရောက်ကြပေကုန်၏။

**အာဇီဝဋ္ဌမကသီလ**-၌ မတည်သော သူတို့သည် ဒါနမှု, ဥပေါသထမှု တို့ကို ပြုကြကုန်သော်လည်း တည်သောသူတို့ကို အကျိုးအားဖြင့် မမှီနိုင်ကုန်။ မတုနိုင်ကုန်။ ယခုဘဝ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို ပွားများ

http://www.dhammadownload.com



ခြင်းငှါ ထိုက်သော အခြေမျိုး မဟုတ်ကုန်။

## ဥပမာပုံ

**အာဇီဝဋ္ဌမကသီလ**-သည် ကျောင်း, အိမ် ဆောက်ကြရာ၌ အဖြူထည်ချော အဖြူထည်ကောင်းနှင့် တူ၏။

**ဥပေါသထသီလ**-သည် ထိုကျောင်း အိမ်တို့၌ အမွမ်းတင် တန်ဆာဆင်သော အပြောက်ကောင်းနှင့် တူ၏။

ကျောင်းအိမ်တို့၌ အပြောက်မဆင်ရသော်လည်း အဖြူထည် ခိုင်ခံ့ချောမောလျှင် သုံးဆောင်မှုခပ်သိမ်း ပြီးစီးတော့သည်။

တစ်နည်း -အာဇီဝဋ္ဌမကသီလသည် ပကတိသော အသက်သခင် အစာထမင်းနှင့် တူ၏။

ဥပေါသထသီလသည် ဝက်သား, ကြက်သား, ငါး, အမဲ စသော ဟင်းလျာကောင်းနှင့် တူ၏။

အာဇီဝဋ္ဌမကသီလ၌ ကောင်းစွာတာရှည်တည်ပြီးသော သူတို့အား မနောသုစရိုက် ၃-ပါးတို့တွင် သမ္မာဒိဋ္ဌိ သုစရိုက်သည် ထိုသီလနှင့်အတူ တည်ပြီးဖြစ်၏။ ဗြဟ္မစိုရ်တရား, ကျန်ရှိသော မနောသုစရိုက်တရားတို့သည် အလိုလိုတည်လာကုန်လတ္တံ့။

## (၄) အာဇီဝဋ္ဌမကသီလဆောက်တည်ပုံ

ခံယူဆောက်တည်၍ ကျင့်သောသူတို့အား သမာဒါနဝိရတိသီလကို ရ၏။ ခံယူဆောက်တည်မှု မရှိမူ၍ အတွေ့ကို လွတ်ကင်းအောင် ကြဉ်ရှောင်ထိန်းသိမ်း၍ သွားသော သူတို့အား သမ္ပတ္တဝိရတိသီလကို ရ၏။ ထိုနှစ်ပါးစုံသည် ခိုင်လုံသည်သာ ပမာဏတည်း။

သမာဒါနဝိရတိသီလသည်လည်း စင်ကြယ်ခိုင်လုံလို့ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒ ဝိရတိသို့ ပေါက်ရောက်နိုင်ခြင်းငှါ အခြေခံ အနေခံကိစ္စနှင့် ပြည့်စုံ ပါ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



သမ္မတ္တဝိရတိ သီလသည်လည်း စင်ကြယ်ခိုင်လုံလို့ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒဝိရတိသို့ ပေါက်ရောက်နိုင်ခြင်းငှါ အခြေခံ, အနေခံကိစ္စနှင့် ပြည့်စုံလေ၏။ ဤမှကြွင်းသော–

(၁) ဣန္ဒြိယသံဝရသီလ,

(၂) ပစ္စယသန္နိဿိတသီလ,

(၃) ဓုတင်္ဂသီလ,

တို့သည်လည်း ဤအာဇီဝဋ္ဌမကသီလ၏ အမွှမ်းတင် အပြောက်တင် တန်ဆာဆင်သီလတို့သာတည်း။

**ဤအာဇီဝဋ္ဌမကသီလ**–သည် မြတ်စွာဘုရားသာသနာတော်၌ အခြေခံ, အနေခံ, အထည်ခံ, အမာခံ, ရောတည် တရားဖြစ်ပေ၍ အာဒိဗြဟ္မစရိယက သီလ မည်၏။ နေထွက်လိုသည်ရှိသော ရှေးဦးစွာ ဖြစ်ပေါ်၍လာသော နေအရုဏ်နှင့် တူသည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။ နေဝန်းသည် သောတာပတ္တိမဂ်၌ ပါရှိသော သမုစ္ဆေဒအာဇီဝဋ္ဌမက ဝိရတိသီလ၏ ဥပမာတည်း။ နေအရုဏ်သည် သမာဒါန, သမ္ပတ္တ အာဇီဝဋ္ဌမကဝိရတီသီလ ၂–ပါး၏ ဥပမာတည်း။

**ဤအာဇီဝဋ္ဌမကသီလ**–နှင့် ပြည့်စုံသောသူသည် သမ္မပ္ပဓာန် တရား ၄–ပါးကို ပြည့်စုံစွာ အားထုတ်သည် ဖြစ်အံ့။ ယခုဘဝ၌ပင် သမုစ္ဆေဒ အာဇီဝဋ္ဌမက သီလသို့ ရောက်နိုင်ပါ၏။ သမ္မပ္ပဓာန်တရား ပြည့်စုံစွာ အားထုတ်ခြင်း မရှိသည့်အတွက် ယခုဘဝ မဂ်ဖိုလ်ကို မရပဲရှိပြန်သော် သီလအတွက် မဟုတ်ပေ။ ထိုသူ ညံ့ဖျင်းသည့်အတွက် သက်သက်သာတည်း။

## ခံယူဆောက်တည်ပုံမှာ

**၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

**၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

**၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

**၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။**

http://www.dhammadownload.com



၅။ ပိသုဏာဝါစာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ဤကား ခုဒ္ဒကပါဌ ပါဠိတော်နည်းတည်း။)

အဋ္ဌကထာနည်းကား

၁။ ပါဏာတိပါတာ ဝိရမာမိ။
၂။ အဒိန္နာဒါနာ ဝိရမာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝိရမာမိ။
၄။ မုသာဝါဒါ ဝိရမာမိ။
၅။ ပိသုဏာဝါစာယ ဝိရမာမိ။
၆။ ဖရုသဝါစာယ ဝိရမာမိ။
၇။ သမ္ဖပ္ပလာပါ ဝိရမာမိ။
၈။ မိစ္ဆာဇီဝါ ဝိရမာမိ။

(ဤကား အဋ္ဌကထာနည်းတည်း။)

(အဋ္ဌကထာနည်းသည် အနက်သွား အလွန်သန့်ရှင်း၏။ ဘုရားရုပ်ပွားတော် ရှေ့မှာ ခံယူလျှင် သီလတောင်းဖွယ် ကိစ္စမရှိ။)

၁။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ပါဏာတိပါတာ ဝိရမာမိ။
၂။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ အဒိန္နာဒါနာ ဝိရမာမိ။
၃။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ကာမေသုမိစ္ဆာစာရာ ဝိရမာမိ။
၄။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ မုသာဝါဒါ ဝိရမာမိ။
၅။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ပိသုဏာဝါစာယ ဝိရမာမိ။
၆။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဖရုသဝါစာယ ဝိရမာမိ။
၇။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ သမ္ဖပ္ပလာပါ ဝိရမာမိ။
၈။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ မိစ္ဆာဇီဝါ ဝိရမာမိ။

(အာမဘန္တေ – စသည်ဆိုဖွယ်ကိစ္စမရှိ။)

http://www.dhammadownload.com



၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၂။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ၏ ဥစ္စာကို ယူခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၃။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး။ ကာမေသု၊ ကာမမှုတို့၌။ မိစ္ဆာစာရာ၊ မှောက်မှောက်မှားမှား ပြုကျင့်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၄။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး၏။ မုသာဝါဒါ၊ မဟုတ်မမှန်သည်ကို အဟုတ်အမှန် ပြုလုပ်ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၅။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး။ ပိသုဏာဝါစာယ၊ သူနှစ်ယောက်တို့၏ အကြား၌ ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင် ပါ၏။

၆။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး။ ဖရုသဝါစာယ၊ ဇာတ်စသည်ကို ထိပါး၍ ဆဲရေးကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင် ပါ၏။

၇။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏာပေတံ၊ အသက်ထက်ဆုံး။ သမ္ဖပ္ပလာပါ၊ ပစ္စုပ္ပန်အကျိုးစီးပွား၌ လိမ္မာရာသောအချက်လည်း မဟုတ်၊ သံသရာ အကျိုးစီးပွား၌ လိမ္မာရာသော အချက်လည်း မဟုတ်၊ အကျိုးမရှိ သက်သက်သာ ဖြစ်သော ရာမ, အီနောင်, ငွေတောင်, ဘာရတ အစရှိသော နိရတ္ထက ဒဏ္ဍာရီဇာတ်ဝတ္ထုများကို လေ့ကျက် ပြောဟောခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



၈။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ မိစ္ဆာဇီဝါ၊ မတရားသော အသက်မွေးခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

(အာမ ဘန္တေ - စသည် ဆိုဖွယ် ကိစ္စမရှိ။)

မိမိနေရာမှာ မိမိအလိုအလျောက်လည်း ဆောက်တည်ရပါ၏။ ထိုသို့ နှုတ်မြွက်၍ မဆောက်တည်ပဲလည်း စိတ်ထဲ၌သာ ဤ ၈-ပါးကို အသက်ထက်ဆုံး လုံခြုံစွာ ငါစောင့်ထိန်းမည်ဟု အဓိဋ္ဌာန်ပြု၍ စောင့်ထိန်းရပါ၏။ လုံခြုံစွာ စောင့်ထိန်းနိုင်သည်သာ ပဓာနတည်း။

(ဤကား အာဇီဝဋ္ဌမကသီလ ခံယူဆောက်တည်ပုံကို ပြဆိုချက်တည်း။)

## (၃) သတိပေးချက်

**ဤအာဇီဝဋ္ဌမကသီလ**-ဟူသော ဝေါဟာရသည် အခေါ်အပြော အစဉ်အဆက် နည်းပါးကြ၏။ ထို့ကြောင့် သီလအမည်ထူး, အမျိုးထူးကဲ့သို့ ထင်မှတ်ကြ၏။ ၈-ပါး သီလ၊ ၁၀ -ပါး သီလတို့နှင့် ဘယ်လိုထူးကြသည် ဘယ်သီလက အကျိုးကြီးသည် အစရှိသည်ဖြင့် မေးကြ လျှောက်ကြ၏။

အချို့ဆရာတို့ကား တစ်နေ့ တစ်ရက် အထူးစောင့်ထိန်းမှုကို မျှော်မိ၍ ဥပေါသထသီလက မြတ်သည်၊ အာဇီဝဋ္ဌမကသီလက ယုတ်နိမ့်သည်ဟု ဆုံးဖြတ်ကြကုန်၏။

**အမှုသွားမှားမှုကား**- လောက၌ သူတော်ကောင်း သူမြတ်လောင်း ပီကြပေကုန်သော အမျိုးကောင်း အနွယ်ကောင်း ဖြစ်ကြကုန်သော သူခပ်သိမ်းတို့အား ကမ္ဘာဦးမှစ၍လည်းကောင်း၊ ဘုရားပွင့်တော်မူသည်မှစ၍လည်းကောင်း၊

၁။ သူ့အသက်ကို မသတ်အပ်။
၂။ သူ့ဥစ္စာကို မယူအပ်။
၃။ သူ့အိမ်ရာကို မပြစ်မှားအပ်။
၄။ မုသား မဆိုအပ်။
၅။ ချောပစ်ကုန်းတိုက်မှုကို မပြုအပ်။

http://www.dhammadownload.com



၆။ ဓာတ်စသည်ကို ထိပါး၍ မဆဲရေးအပ်။

ရ။ ပစ္စုပ္ပန် အကျိုးစီးပွား၌ လိမ္မာရာသောအချက်လည်း မဟုတ်၊ သံသရာ အကျိုးစီးပွား၌ လိမ္မာရာသောအချက်လည်း မဟုတ်၊ အကျိုးမရှိ သက်သက်သာဖြစ်သော ရာမ, အိနောင်, ငွေတောင်, ဘာရတ အစရှိသော နိရတ္ထက ဒဏ္ဍာရီဇာတ်ဝတ္ထုများကို လေ့ကျက်ပြောဟော မှုများကို မပြုအပ်။

၈။ မတရားသော အသက်မွေးမှုကို မပြုအပ်ဟု မိရိုးဖလာ ဆရာစဉ်, သမားစဉ်, ပြောရိုး, ဟောရိုး ထင်ရှားရှိလျက်ပင် ဖြစ်၏။

**ယခုကာလ၌မူကား–** ထိုအာဇီဝဋ္ဌမက သီလ၏ အစိတ်အင်္ဂါ ပမာန အမျိုးဖြစ်သော ၅–ပါးသီလကိုပင် ပြည့်စုံလုံခြုံစွာစောင့်ထိန်းသူ ရှားပါးလျက် ရှိကြသည်နှင့် အာဇီဝဋ္ဌမက သီလကို စောင့်ကြလော့, ထိန်းကြလော့ဟု တိုက်တွန်းမှုအသစ် ဖြစ်နေကြရပြန်၏။

**အာဇီဝဋ္ဌမကသီလ–** သည် နိစ္စသီလ အမျိုးအရိုး ဖြစ်၏။

**အဋ္ဌင်္ဂဥပေါသထသီလ–** သည် ပကတိ လူတို့၌ အနိစ္စသီလမျိုး ဖြစ်၏။ တစ်နေ့ တစ်ရက်တွင် အထူးစောင့်ထိန်းကြမှုကို မျှော်၍ သီလ ၂–ပါး၏ အယုတ်အမြတ်ကို ဆုံးဖြတ်ခြင်းငှါ မသင့်၊ သူ့အခွင့် သူ့သဘောနှင့် သူ့လမ်း, သူ့စခန်းကို အကုန်အစင် မျှော်မြင် ထောက်ထား၍ ပြောဆိုရာ၏။

ပကတိ အသက်သခင်ဖြစ်သော သလေးထမင်းနှင့် ဝက်သား, ကြက်သား, ငါး, အမဲဟင်းလျာများကို ဘယ်ဟာက ကောင်းမြတ်သလဲဟု ဆိုခဲ့လျှင် အတိုကိုသာ မျှော်မိသော သူငယ်တို့အား ဟင်းလျာများက ကောင်းမြတ်သည်ဟု ပြောကြပေလတ္တံ့။

အရှည်ကို မျှော်နိုင်သော လူကြီးတို့သည်ကား သလေးထမင်းက အသက် သခင် ကျေးဇူးရှင် ဖြစ်ပေ၍ ကောင်းမြတ်သည်ဟု ပြောကြကုန်လတ္တံ့။ ဤဥပမာ ကဲ့သို့ ဖြစ်လေရာ၏။

ထို့ကြောင့် အာဇီဝဋ္ဌမကသီလ၏ အရာ၌ အာဇီဝဋ္ဌမကသီလသည် ကောင်းမြတ်၏။

http://www.dhammadownload.com



ဉပေါသထသီလ၏အရာ၌ ဉပေါသထသီလသည် ကောင်းမြတ်၏။
နှစ်ပါးစုံကိုပင် ပြည့်စုံအောင် အားထုတ်ကြကုန်ရာသတည်း။

သီလကို ပြဆိုခန်း ပြီး၏။

☘ ☘ ☘ ☘ ☘

## ၃။ ကမ္မဋ္ဌာန်းယူပုံကို ပြဆိုခန်း

### (က) ကမ္မဋ္ဌာန်း ၄၀ -ဆောင်ပုဒ်သံခိပ်

၁။ မြေ, ရေ, မီး, လေ၊ ညို, ရွှေ, နီ, ဖြူ၊ ပေါက်, လင်းဟူ၊ ဆယ်ဆူကသိဏာ။

၂။ ရောင်, ညို, ပြည်, ပြတ်၊ ခဲအပ်, ပစ်ထား၊ ဓားဖြတ်ပစ်ရေး၊ သွေးယို, ပိုးစု၊ အရိုးစု၊ ဆယ်ခု အသုဘာ။

၃။ ဗုဒ်, သံ, သီ, စာဂီ, ဒေဝတာ၊ သမာဉပ၊ မရဏာနှင့်၊ ကာယဂတာ၊ အာနာပါ၊ ဆယ်ဖြာ နုဿတိ။

၄။ မေ, က, မု, ဉ၊ ပွားများမှု၊ ၄-ခု ပမညာ။

၅။ အာဟာရတွင်၊ ရွံဖွယ်လျှင်၊ မှတ်ထင်ဇေ-သညာ။

၆။ ဓာတ်ကြီးလေးခု၊ ပိုင်းခြားမှု၊ စတု-ဝဝတ္ထာ။

၇။ အာ, ဝိဉ်, အာ, နေ၊ ဤလေးထွေ၊ မှတ်လေ အာရုပ္ပါ။

### ကသိဏ်း ၁၀ -ပါး

၁။ မြေကသိဏ်း၊
၂။ ရေကသိဏ်း၊
၃။ မီးကသိဏ်း၊
၄။ လေကသိဏ်း၊
၅။ အဆင်းညိုကသိဏ်း၊
၆။ အဆင်းဝါကသိဏ်း၊
၇။ အဆင်းနီကသိဏ်း၊

http://www.dhammadownload.com



၈။ အဆင်းဖြူကသိုဏ်း၊

၉။ ပြတင်းပေါက်စသော ကောင်းကင်ပေါက်ကသိုဏ်း၊

၁၀။ တိုက်နံရံစသည်၌ ထင်သောနေရောင်ထွက်–လရောင်ထွက် အစရှိသော အရောက်အလင်းကသိုဏ်း။

## အသုဘ ၁၀ –ပါး

၁။ ဖူးဖူးရောင်သော သူကောင်၊

၂။ ပုပ်၍ ညိုစ်နေသော သူကောင်၊

၃။ ပြည်ယို၍နေသော သူကောင်၊

၄။ အလယ်၌ပြတ်၍ ၂–ပိုင်းနေသော သူကောင်၊

၅။ ခွေး, မြေခွေး ခဲထားအပ်သော သူကောင်၊

၆။ ခဲ၍ ထိုထိုနေရာ၌ ပစ်ထားအပ်သော သူကောင်၊

၇။ ကျီးခြေသဏ္ဌာန် စသည်ဖြင့် ဓားလက်နက်နှင့် ခုတ်ဖြတ်၍ ပစ်အပ်သော သူကောင်၊

၈။ ယိုသော သွေးရှိသော သူကောင်၊

၉။ ပိုးလောက်တို့ဖြင့် ပြည့်သော သူကောင်၊

၁၀။ အရိုးစုမျှသာ ဖြစ်သော သူကောင်။

## မနုဿတိ ၁၀ –ပါး

၁။ ဗုဒ္ဓါနုဿတိ၊

၂။ ဓမ္မာနုဿတိ၊

၃။ သံဃာနုဿတိ၊

၄။ သီလနုဿတိ၊

၅။ စာဂါနုဿတိ၊

၆။ ဒေဝတာနုဿတိ၊

၇။ ဥပသမာနုဿတိ၊

http://www.dhammadownload.com



၈။ မရဏာနုဿတိ၊

၉။ ကာယဂတာနုဿတိ၊

၁၀။ အာနာပါနုဿတိ၊

## အပ္ပမညာ ၄ –ပါး

၁။ မေတ္တာ – ဗြဟ္မဝိဟာရ၊

၂။ ကရုဏာ – ဗြဟ္မဝိဟာရ၊

၃။ မုဒိတာ – ဗြဟ္မဝိဟာရ၊

၄။ ဥပေက္ခာ – ဗြဟ္မဝိဟာရ၊

ဗြဟ္မဝိဟာရ ၄ –ပါးလည်း ခေါ်သည်။

## ဧကသညာ ၁ –ပါး

၁။ အာဟာရေ ပဋိကူလသညာ။

## စတုဓာတုဝဝတ္ထာန် ၁ –ပါး

၁။ ဓာတ်ကြီး ၄ –ခု ပိုင်းခြားမှု။

## အာရုပ္ပ ၄ –ပါး

၁။ အာကာသာနဉ္စာယတန၊

၂။ ဝိညာဏဉ္စာယတန၊

၃။ အာကိဉ္စညာယတန၊

၄။ နေဝသညာနာသညာယတန။

အားလုံးပေါင်းသော် အမျှ ၄၀ –ရှိကုန်၏။

http://www.dhammadownload.com



## (ခ) အပ္ပါယအပြား

### စရိုက် ၆ -ပါး ဆောင်ပုဒ်သံခိပ်

၁။ ရာ, ဒေါ, မော, ဝိ၊ သဒ်, ဗုဒ္ဓိ၊ စရိ ဤ ၆ -ဖြာ။

၂။ အသု, ကာယ၊ ဆယ့်တစ်ဝ၊ ရာဂလျော်လှစွာ။

၃။ အဆင်းမညှ၊ ရှစ်ဌာန၊ ဒေါသ လျော်လှစွာ။

၄။ အာနာပါန၊ အလျော်ကျ၊ မောဟ, ဝိတက်သာ။

၅။ မရဏနှင့်၊ ဥပသမာ၊ သညာတစ်တန်၊ ဝဝတ္ထာတန်၊ လေးတန် ဗုဒ္ဓိသာ။

၆။ နူသသတိဆ၊ သဒ္ဓါကျ၊ သေသ အားလုံးသာ။

၇။ ကသိုဏ်းကြီးမူ၊ မောဟယူ၊ ငယ်မူ ဝိတက်သာ။

### စရိုက် ၆ -ပါး သရုပ်

၁။ ရာဂစရိုက်၊

၂။ ဒေါသစရိုက်၊

၃။ မောဟစရိုက်၊

၄။ ဝိတက်စရိုက်၊

၅။ သဒ္ဓါစရိုက်၊

၆။ ဗုဒ္ဓိစရိုက် (ပညာစရိုက်လည်းဟူ) ဟူ၍ စရိုက် ၆ -ပါး။

### ရာဂစရိုက်

(က) အသုဘ ၁၀ -ပါး၊

(ခ) ကေသာ, လောမာ-စသော ကာယဂတာသတိ ၁-ပါး၊ ဤ ၁၁-ပါး သည် ရာဂစရိုက်နှင့် လျော်၏။

http://www.dhammadownload.com



## ဒေါသစရိုက်

(က) အညို, အရွှေ, အနီ, အဖြူ ဟူသော ဝဏ္ဏကသိုဏ်း ၄-ပါး၊
(ခ) အပ္ပမညာ ၄-ပါး၊ ဤ ၈-ပါးသည် ဒေါသစရိုက်နှင့်လျော်၏။

## မောဟစရိုက်, ဝိတက်စရိုက်

အာနာပါနသည် မောဟစရိုက်, ဝိတက်စရိုက်တို့နှင့် လျော်၏။

## ပညာစရိုက်

၁။ မရဏာနုဿတိ၊
၂။ ဥပသမာနုဿတိ၊
၃။ အာဟာရေပဋိကူလသညာ၊
၄။ စတုဓာတုဝဝတ္ထာန်။ ဤ ၄ -ပါးသည် ပညာစရိုက်နှင့် လျော်၏။

## သဒ္ဓါစရိုက်

၁။ ဗုဒ္ဓါနုဿတိ၊
၂။ ဓမ္မာနုဿတိ၊
၃။ သံဃာနုဿတိ၊
၄။ သီလာနုဿတိ၊
၅။ စာဂါနုဿတိ၊
၆။ ဒေဝတာနုဿတိ။ ဤ ၆-ပါးသည် သဒ္ဓါစရိုက်နှင့် လျော်၏။

## သဗ္ဗစရိုက်

၁။ ပထဝီ - မြေကသိုဏ်း၊
၂။ အာပေါ - ရေကသိုဏ်း၊
၃။ တေဇော - မီးကသိုဏ်း၊
၄။ ဝါယော - လေကသိုဏ်း၊
၅။ အာကာသ - အပေါက်ဟင်းလင်းကသိုဏ်း၊

http://www.dhammadownload.com



၆။ အာလောက – အရောင်အလင်းကသိုဏ်း၊ ပေါင်း ၆–ပါး။
၇။ အာရုပ္ပ ၄–ပါး–
ဤ (၁၀)ပါးသည် အလုံးစုံသောစရိုက် ၆–ပါးတို့နှင့် လျော်၏။

## မောဟစရိုက်နှင့် ဝိတက်စရိုက်

**မောဟစရိုက်များသောသူမှာ** – ကြီးသောကသိုဏ်းနှင့် သင့်လျော်၏။
**ဝိတက်စရိုက်များသောသူမှာ** – ငယ်သောကသိုဏ်းနှင့် သင့်လျော်၏။
(ဤကား သပ္ပါယ အပြားတည်း။)

## (ဂ) ပလိဗောဓကြီး ၁၀ –ပါး

အဓိသီလသာသနာ၌ ကောင်းစွာ တည်ပြီးသော ယောဂီပုဂ္ဂိုလ်သည် အဓိပညာသာသနာ၏ အခြေပါဒဖြစ်သော အဓိစိတ္တသာသနာ ကိုယ်တွေ့ဒိဋ္ဌ ရလို သိမြင်လိုသည်ရှိသော် ရှေးဦးစွာ ၁၀ –ပါးသော ဗောဓကြီးတို့ကို ပြတ်အောင် ဖြတ်ရာ၏။

ပလိဗောဓကြီး ၁၀ –ပါးကား –
၁။ နေရာကျောင်းအိမ် 'အာဝါသပလိဗောဓ'
၂။ အလုပ်အကျွေး တပည့်တပန်း 'ကုလပလိဗောဓ'
၃။ လာဘ်ရခြင်း ပစ္စည်းပေါများခြင်း 'လာဘပလိဗောဓ'
၄။ ဂိုဏ်းဂဏ အပေါင်းအဖော် 'ဂဏပလိဗောဓ'
၅။ နဝကမ္မအမှုကိစ္စ 'ကမ္မပလိဗောဓ'
၆။ ခရီးသွားခြင်း 'သဒ္ဓါနပလိဗောဓ'
၇။ ဆွေမျိုးဉာတကာ 'ဉာတိပလိဗောဓ'
၈။ အနာရောဂါ 'အာဗာဓပလိဗောဓ'
၉။ ကျမ်းဂန်သင်ကြားမှု 'ဂန္ထပလိဗောဓ'
၁၀။ ပုထုဇဉ်တို့၏ ဘုန်းတန်ခိုး 'ဣဒ္ဓိပလိဗာဓ'
(ဤကား ပလိဗောဓကြီး ၁၀–ပါးတည်း။)

http://www.dhammadownload.com



## (ဃ) ဆရာ့အင်္ဂါ ၇-ပါး

ထိုနောက် အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော ဆရာ့အထံ၌ စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း အစီရင်ကို သင်ကြားရာ၏။

ဆရာ့အင်္ဂါ ၇-ပါးကား -

၁။ ပိယော - သီလအတွက် ချစ်အပ်သည်။

၂။ ဂရု - အလေးမူအပ်သည်။

၃။ ဘာဝနီယော - ချီးမွမ်းထိုက်သည်။

၄။ ဝတ္တာ - ကဲ့ရဲ့ပြစ်တင် ဆုံးမချင်တတ်သည်။

၅။ ဝစနက္ခမော - ပြစ်တင်ကဲ့ရဲ့ ဆုံးမခဲ့သော် မရွံ့မစောင်း ကောင်းကောင်း သည်းခံနိုင်သည်။

၆။ ဂမ္ဘီရဉ္စကထံ - နက်နဲသောစကားကို ပြောဟောတတ်သည်။

၇။ အဋ္ဌာနေ နောစနိယောဇယေ - အကျိုးမရှိရာ၌ မတိုက်တွန်းတတ်။

(ဤကား ဆရာ့အင်္ဂါ ၇-ပါးတည်း။)

## (င) ကြဉ်ရှောင်အပ်သော အရပ် ၁၈ -ပါး

ထိုနောက် ကြဉ်ရှောင်အပ်သော အရပ် ၁၈ -ပါးကို ကြဉ်ရှောင်ရာ၏။ ကြဉ်ရှောင်အပ်သော အရပ် ၁၈ -ပါးကား -

၁။ နေရာတိုက်တာအရံကြီး၊

၂။ နေရာသစ်၊

၃။ နေရာတိုက်တာဟောင်း၊

၄။ လမ်း၏အနီးဖြစ်သော နေရာကျောင်း၊

၅။ ရေအိုင်၊ ရေကန်၏ အနီးဖြစ်သော နေရာကျောင်း၊

၆။ ဟင်းရွက်တော၏ အနီးဖြစ်သော နေရာကျောင်း၊

၇။ ပန်းတော၏ အနီးဖြစ်သော နေရာကျောင်း၊

၈။ သစ်သီးရှိသော နေရာကျောင်း၊

၉။ လူတို့ သွားချင်စဖွယ် ဆန်းကြယ် တောင့်တအပ်သော နေရာကျောင်း၊

http://www.dhammadownload.com



၁၀။ မြို့၏ အနီးဖြစ်သော နေရာကျောင်း၊
၁၁။ သစ်ဝါးထင်းတော၏ အနီးဖြစ်သော နေရာကျောင်း၊
၁၂။ လယ်ယာလုပ်ငန်း၏ အနီးဖြစ်သော နေရာကျောင်း၊
၁၃။ အချင်းချင်း မသင့်မတင့်သူရှိသော နေရာကျောင်း၊
၁၄။ ကုန်သည်တို့ ပြွမ်းရာ သင်္ဘောဆိပ်၊ မီးရထားဆိပ်၏ အနီးဖြစ်သော နေရာကျောင်း၊
၁၅။ သဒ္ဓါနည်းပါးသော ပစ္စန္တရစ် နေရာကျောင်း၊
၁၆။ မင်းဘေးနီးသော နယ်ခြား နေရာကျောင်း၊
၁၇။ တစ်စုံတစ်ခု ဘေးရန်ရှိ၍ မလျောက်ပတ်သော နေရာကျောင်း၊
၁၈။ မိတ်ဆွေကောင်းကို မရသော နေရာကျောင်း။

(ကြဉ်ရှောင်အပ်သော အရပ် ၁၈ -ပါးတည်း။)

## (စ) ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ လျောက်ပတ်သော အင်္ဂါငါးပါးရှိသောကျောင်း

**ဆောင်ပုဒ်သံခိပ်။ ။ မဝေးနီးသော၊ မရောလူရှင်၊ မှက်ခြင်ပါးနည်း၊ ပစ္စည်းမိတ်ဆွေ၊ ရလွယ်လေ၊ ငါးထွေ ကျောင်းအင်္ဂါ။**

ဟူသည်နှင့်အညီ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောနေရာ၌ ခိုဝင်မှီတင်း သီတင်းသုံး နေထိုင်ရာ၏။ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော နေရာကား -

၁။ ဆွမ်းခံရွာ မဝေးလွန်း မနီးလွန်းသော နေရာကျောင်းဖြစ်ခြင်း၊
၂။ လူသူလေးပါးမပြွမ်း ဆိတ်ငြိမ်သော နေရာကျောင်းဖြစ်ခြင်း၊
၃။ မှက်, ခြင်, စသည် နည်းပါးသော နေရာကျောင်းဖြစ်ခြင်း၊
၄။ ပစ္စည်းလေးပါး ရလွယ်သော နေရာကျောင်းဖြစ်ခြင်း၊
၅။ ကျမ်းဂန် ဗဟုသုတရှိသော မိတ်ဆွေကောင်းနှင့် နီးကပ်သော နေရာကျောင်းဖြစ်ခြင်း။

(ဤကား အင်္ဂါ ၅-ပါးရှိသော ကျောင်းတည်း။)

http://www.dhammadownload.com



## (ဆ) ပလိဗောဓေယ် ပယ်ဖြတ်ခြင်းများ

ထိုနောက် ပလိဗောဓေယ်တို့ကို ပယ်ဖြတ်ရာ၏။

၁။ ဆံပင်ကို ရိတ်ဖြတ်ခြင်း၊

၂။ မုတ်ဆိတ် -စသည်ကို ရိတ်ဖြတ်ခြင်း၊

၃။ ခြေသည်း လက်သည်းတို့ကို ဖြတ်လှီးခြင်း၊

၄။ သင်္ကန်းကို ဆိုးဖွပ် ချုပ်ဖာခြင်း၊

၅။ သံချေးတက်သော သပိတ်ကို ဖုတ်ခြင်း၊

၆။ ညောင်စောင်း စသည်တို့ကို သုတ်သင်ခြင်း။

(ဤကား ပလိဗောဓေယ်တို့ကို ပယ်ဖြတ်ခြင်းတည်း။)

## (ဇ) အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယ

ငင်းနောက် ပထမဈာန်နှင့် ထိုက်တန်သော -

(က) ကသိုဏ်း ၁၀ -ပါး၊

(ခ) အသုဘ ၁၀ -ပါး၊

(ဂ) ဒွတ္တိံသာကာရတည်းဟူသော ကာယဂတာသတိ ၁-ပါး၊

(ဃ) ထွက်သက် ဝင်သက်တည်းဟူသော အာနာပါန ၁-ပါး၊

(င) မေတ္တာ, ကရုဏာ, မုဒိတာ တည်းဟူသော ဗြဟ္မဝိဟာရ ၃-ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် ၃-ပါး။

ဤ ၂၅-ပါးသော ကမ္မဋ္ဌာန်းတို့တွင် စရိုက်နှင့်လျော်စွာ သင်ယူအပ်ပြီးသော တစ်ခုခုသော ကမ္မဋ္ဌာန်းကို ပြုလုပ်အားထုတ်ရာ၏။ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ပုဗ္ဗကိစ္စတို့ကို ပြည့်စုံစေပြီးသော် -

**ဆောင်ပုဒ်သံခိပ်။ ။ ကြောခြင်, ရှိး, ရေ၊ ကြွင်းလေစေ၊ ကုန်စေသား အသွေး။ အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး။**

မိမိတို့သန္တာန်မှာ ကမ္မပထ မြောက်ခဲ့ဖူး၍ အပါယ်သို့ ပစ်ချနိုင်သည့် ဘဝအဆက်ဆက် အစဉ်ပါရှိ၍နေသော ဒုစရိုက်ကုသိုလ် ကံဟောင်းစုကို အကြွင်း

http://www.dhammadownload.com



မဲ့ပယ်ခြင်းငှါ လည်းကောင်း၊ ဤဘဝမှ နောက် အနမတဂ္ဂ သံသရာ၌ ဒုစရိုက် ကံသစ်တို့ကို မိမိသန္တာန်မှာ တစ်ဖန် မဖြစ်လာစေခြင်းငှါ လည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

(သောတာပန်ဖြစ်ရန် အခွင့်ကိုရည်၍ ဒုစရိုက်ဟောင်း, ဒုစရိုက်သစ်ဟု ဆိုသည်။)

ယခု ရရှိ၍နေသော အာဇီဝဋ္ဌမကသီလ စသော ကုသိုလ်ဟောင်းတို့ကို ပရိနိဗ္ဗာန် စံရာဘဝ ဆိုက်အောင် ဘယ်အခါမှာမှ ပျက်ကွက် ဖောက်ပြားခြင်း မရှိ နိယာမအဖြစ်သို့ ရောက်ပြီး ဖြစ်စေခြင်းငှါ လည်းကောင်း။

ဤသာသနာတော်၌ ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာ ကုသိုလ်ရှိသည် တွင် မိမိမရောက်ဖူးသေး၊ မရဖူးသေး၊ မိမိသန္တာန်မှာ လို၍နေသေးသော ကုသိုလ်သစ်တို့ကို ယခုဘဝ နေ့ချင်း၊ ညချင်း၊ လ, ချင်း၊ နှစ်ချင်း၊ အမြန်ရောက် ထည့် ရထည့်ခြင်း အကျိုးငှါ လည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

ဤ ၄-ပါးသော ဝီရိယတို့ကို အကြောအခြင် ကြွင်းစေ၊ အရိုးအရေ ကြွင်း စေ၊ အသား အသွေး ကုန်ခန်းလေစေဟု အင်္ဂါလေးပါး အခိုင်အမြဲထား၍ ကိစ္စပြီးစီးလိမ့်မည်ဆိုလျှင် အသက်ခန္ဓာကိုမျှ မညှာမတာ အားထုတ်ရာသော သမ္မပ္ပဓာန အာတာပဝီရိယကို စိုက်ထူလျက် -

ပထဝီ - မြေကသိုဏ်း၊ အာပေါ - ရေကသိုဏ်း၊ တေဇော - မီး ကသိုဏ်း၊ ဝါယော - လေကသိုဏ်း စသည်တို့ကို အပူတပြင်း အတင်း အားထုတ်ရာ၏။

ကမ္မဋ္ဌာန်းယူပုံကို ပြဆိုခန်း ပြီး၏။

http://www.dhammadownload.com



## ၄။ ကသိုဏ်းကို ပြဆိုခန်း

### (က) ပထဝီ – မြေကသိုဏ်း ပွားများ အားထုတ်ပုံ

ကသိုဏ်း ၁၀–ပါးတို့တွင် –

**ပထဝီ** – မြေကသိုဏ်းကို ပွားများ အားထုတ်လိုကြသော ရဟန်းယောကျ်ား၊ ရဟန်း မိန်းမ၊ လူယောကျ်ား၊ လူမိန်းမ၊ ဘိုးသူတော်၊ မယ်သီလသူတော် သူမြတ်တို့သည် ညိုရောင်၊ ရွှေရောင်၊ နီရောင်၊ ဖြူရောင်၊ လေးဆူသော အဆင်း ဝဏ္ဏကသိုဏ်းတို့နှင့် မရောယှက် စေခြင်းငှါလည်းကောင်း၊ စိတ်ကြပ်ကြပ် ပျော်မွေ့စေခြင်းငှါ လည်းကောင်း။

နေအရုဏ်ရောင် အဆင်းရှိသော မဝါလွန်း မနီလွန်းသော မြေနီနူန်းမြေစေးစေးကို သဲအမှိုက်မပါရအောင် ညက်စွာဆင့်၍ ရေနှင့်ဖျော်လျက် ညက်စွာနယ်၍ မိမိအထွာဖြင့် တစ်ထွာလောက် အလျားအနံကျယ်စွာ လှည်းဘီးဝန်းကဲ့သို့၊ ကျောက်ပျဉ်ကဲ့သို့ အဝိုင်းမြေချပ်ပြုလုပ်၍ ကြည့်ရှုမည့်ဘက်က ချောမွတ်ညက်သောစွာ စည်မျက်နှာကဲ့သို့ပြု၍ ကလနား၌ ယပ်ဝန်းအနားပတ်ကဲ့သို့ ဒန်ပူတစ်ပြားလောက် အဖြူဖြစ်စေ၊ အစိမ်းဖြစ်စေ ဆေးမင်အနားပတ် သုတ်လိမ်းတင်ထားအပ်၏။

**ကသိုဏ်းဝန်းပြုလုပ်ရာ၌။** ။ တစ်ထွာအောက် လျှော့လိုလျှင် လက် ၂–သစ်၊ ၃–သစ်လောက် လျှော့အပ်၏။ တစ်ထွာထက်ပိုလိုလျှင် လက် ၄–သစ်၊ ၈–သစ်လောက် ပိုအပ်၏။ ကသိုဏ်းဝန်းငယ်လျှင် စိတ်နိုင်လွယ်သည်။ နိမိတ်ရလွယ်သည်။ စိတ်မူကား ကြပ်ကြပ်မထွား။

ကသိုဏ်းဝန်းကြီးလျှင် စိတ်နိုင်ခဲသည်၊ နိမိတ်ရခဲသည်၊ စိတ်မူကား ကြီးထွား၏။ ထိုကသိုဏ်းဝန်းကို အညစ်အကြေး မစွန်းရ၊ မပွန်းပဲ့ရအောင် ကောင်း မွန်ရှိသေစွာ ထားအပ်၏။ ဘုရားစေတီတော်ကဲ့သို့ ရိုသေစွာ ထားအပ်၏။

(ဤကား ကသိုဏ်းဝန်း လုပ်ပုံတည်း။)

http://www.dhammadownload.com



# နိမိတ် ၃-ပါး ထင်ပုံ
## ပရိကမ္မနိမိတ်

ကသိုဏ်းဝန်း ပြုလုပ်ပြီးလျှင် သားငှက် တိရစ္ဆာန် လူသံဆိတ်ငြိမ် အချိန် အေးမြသော မြို့ပြ ပြည်ရွာ အိမ်ဂေဟာ၌ လည်းကောင်း၊ လူရှင်မနှော ဆိတ်ငြိမ်သော တောအရပ်၌ လည်းကောင်း တစ်ယောက်တည်း ချမ်းသာစွာ တင်ပျဉ်ဖွဲ့ခွေ ထိုင်နေလျက် ကသိုဏ်းဝန်းကို မနီးမဝေး ရှေ့လက်လှမ်းမီလောက်မှာ ငုံ့လည်းမငုံ့ရ၊ မော့လည်း မမော့ရ မျက်စိနှင့် ပန်ရအောင် ထောင်ထားပြီးလျှင် ဘုရားရှင်၏ ဂုဏ်တော်များကို အနည်းငယ် အောက်မေ့ရှိခိုး၍ -

ငါ၏ ပတ်ဝန်းကျင်ရှိသော သတ္တဝါခပ်သိမ်းတို့သည် ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ၊ အခါခပ်သိမ်း ကောင်းမြတ်သော အာရုံတို့ကို တွေ့မြင်ကြပါစေဟု စူးစူးစိုက်စိုက် မေတ္တာပို့၍ -

ငါသည် မချွတ်ကေန် အမှန်သေရလိမ့်မည်၊ ဘယ်တော့ခါ သေရမည်လည်း မသိ၊ မသေခင် မသေမီ ကိုးကွယ်ရာကို ရအောင်လုပ်မှဟု အတန်ငယ်၊ အနည်းငယ် သေခြင်းမရဏသညာကို ဖြစ်စေ၍ -

ဤကသိုဏ်း အကျင့်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာပညာရှိ သူတော်ကောင်းတို့၏ ကျင့်စဉ် လမ်းကြောင်းတည်းဟု အောက်မေ့ဆင်ခြင် လျက် ကသိုဏ်းဝန်း၌ ရိုသေခြင်းကို ဖြစ်စေ၍ -

ဤအကျင့်ဖြင့်ပင်လျှင် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ အရှင်မြတ်တို့ သည် အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်ကြလေပြီ၊ ငါသည်လည်း ဤအကျင့် ဖြင့်ပင်လျှင် အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်အံ့သောငှါ ဤအကျင့် ဤကသိုဏ်းဝန်းကို ငါ၏ ကိုးကွယ်ရာ အစစ်တည်းဟု ဆင်ခြင်၍ -

ကသိုဏ်းဝန်း၌ အလွန်မြတ်နိုးနှစ်သက်လျက် အလွန်လိုချင်သော အာသာ ဆန္ဒဖြင့် ထိုပထဝီ မြေကသိုဏ်းဝန်းကို ကြည့်ရှုအပ်၏။

(ဤကား ပရိကမ္မနိမိတ် ထင်ပုံတည်း။)

http://www.dhammadownload.com



## ဥဂ္ဂဟနိမိတ်

**ဆောင်ပုဒ်သံခိပ်။ ။ ပရိကမ္မ၊ ဥဂ္ဂဟာတည့်၊ ပဋိဘာဂါ၊ ဤသုံးဖြာ၊ ထင်လာ နိမိတ်တည်း။**

ထိုပထဝီ မြေကသိုဏ်းဝန်းကို မျက်စိနှင့်မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ် ထင်မြင်၍နေအောင် ကသိုဏ်းဝန်း၌ စိတ်ကို တစ်စိတ် တစ်ဒေသ၌သာ မထားပဲ ကသိုဏ်းဝန်းတစ်ခုလုံးကို အကုန်အနှံ့ စိတ်နှင့်ငုံ၍ ကြည့်ရှုအပ်၏။

စိတ်ကို သန်သန်ခိုင်ခိုင်ကြီးထား၍ သတိပညာဖြင့် ခိုင်ခိုင်မြဲမြဲ မှတ်၍ ကသိုဏ်း မြေကြီးဝန်းတစ်ခုလုံးကို စိတ်၌ အကုန်လုံး စွဲကပ်ထင်မြင်၍ ပါလာ အောင် ပြူးပြူးစိစိ ကြည့်ရှု၍ ယူအပ်၏။

စိတ်၌ စွဲလောက်, ပါလောက်, ရလောက်ချိန်တန်လျှင် မျက်စိကို မှိတ်၍ စမ်း၊ မျက်စိ မှိတ်သောအခါမှာလည်း ဖွင့်၍ ကြည့်နေတုန်းကလို မြေကြီးဝန်းတို့ ထင်မြင်၍နေလျှင် မြေကြီးကသိုဏ်း ဥဂ္ဂဟနိမိတ်ရပြီဟု မှတ်၊ မရသေးလျှင် မျက်စိကိုဖွင့်၍ ကြည့်မြဲတိုင်းပင် ကြည့်ရှု၍ ယူရာ၏။ မျက်စိကို ခဏခဏမှိတ်၍လည်း မစမ်းအပ်၊ ကြာနိုင်သမျှ ကြာအောင် ကြည့်ရှု၍ယူရာ၏။ ကြည့်ရှုဖန်များ၍ ကြာလျှင် ရ၏။

ဥဂ္ဂဟနိမိတ်ရအောင် ကြည့်ရှု၍ယူရာ၌ ပါးစပ်က "ပထဝီကသိဏံ, ပထဝီ ကသိဏံ"ဟု တတွတ်တွတ် မရွတ်ဆိုရ။

ပထဝီ ဆိုသည်ကား – ပါဠိစကားတည်း။ မြန်မာတို့က မြေကြီးဟု ခေါ်သည်။ ဤမြေကြီးအဝန်းကို ကြည့်ရှု၍ ယူသောအခါ စိတ်ကို တစ်ခြမ်း တစ်စိတ် တစ်ဒေသတွင်သာ မထားမူ၍ မြေကြီးဝန်းတစ်ခုလုံးကို အကုန်အနှံ့ ငုံ၍ ကြည့်ရှုရသည်။ ဤသို့ အကုန်လုံးငုံ၍ အနှံ့ကြည့်အပ်သောကြောင့် "ကသိဏ ကသိုဏ်း"ဟူ၍ ခေါ်သည်။

အကြွင်းအကျန်မရှိ အကုန်လုံးအနှံ့ငုံ၍ ကြည့်ရှုယူအပ်သောကြောင့် ကသိဏ မည်သော ဤမြေကြီးအဝန်းကို စိတ်ထဲကသာ "မြေ၊ မြေ"ဟု မှတ်လျက် မျက်စိနှင့်မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် မျက်စိဖြင့်သာ ကြည့်ရှု၍နေရသည်။

http://www.dhammadownload.com



ကြည့်ရှုသောအခါမှာလည်း မျက်စိကို မှေးတုတ်တုတ်လုပ်၍ မကြည့်ရ။ အိပ်ချင်တတ်သည်။ စိတ်ပျော့တတ်သည်။ ရခဲတတ်သည်။ ထို့ကြောင့် မျက်စိကို ဖွင့်နိုင်သမျှ ဖွင့်၍ ကြည့်ရသည်။ မျက်တောင်ကိုလည်း မခတ်ပဲ နေနိုင်သမျှ နေ၍ ကြည့်ရသည်။ ကြာလျှင် အိပ်ချင် လာတတ်သည်။ အိပ်ချင်လေလေ မျက်စိကို ပြူးလေလေ ပြူးရသည်။

အိပ်ချင်၍လာသောအခါ လည်းကောင်း၊ မျက်စိကို မှေး၍ မှိန်၍ စိတ်သညာကို ပျော့စေ၍ ကြည့်သော်လည်းကောင်း ကသိုဏ်းဝန်း နစ်ခုဖြစ်၍ ဖြစ်၍လည်း နေတတ်၏။ မနေစေအပ်။ စိတ်သညာ စိတ်အမှတ်ကို သန်သန်ခိုင်ခိုင် ထား၍ ကြည့်အပ်၏။ သတိပေါ့လွတ်လျက် စိတ်သည် ကသိုဏ်းဝန်း၌ မနေပဲ တစ်ခြားအာရုံကို ပြေးသွားကြဲစည်၍ ကြံစည်၍လည်း နေတတ်၏။ မနေစေအပ်။ ကသိုဏ်းအာရုံမှ တစ်ပါး ဘယ်ကိုမှ မထွက်ပြေးစေအပ်။ ကြပ်ကြပ် သတိပြုအပ်၏။

စိတ်ဝိတက် အကြံအစည်ကို ကြပ်ကြပ်နှိပ်ကွက်၍ ကသိုဏ်းအာရုံ၌သာ မြဲစွာ သတိဖြင့် ဖွဲ့ထားအပ်၏။ ကြာသောအခါ စိတ်မော၍ ဝီရိယလျော့ပြီး ပျင်းလာတတ်သည်။ မပျင်းစေအပ်။ အကျိုးအပြစ်တို့ကို ဆင်ခြင်၍ စိတ်ဝီရိယ ထက်သန်စေတတ်သော အာရုံများကို ဆင်ခြင်၍ မြင့်မိုရ်တောင်ကြီးကို ဖြိုချမည့် ယောကျ်ား၏ စိတ်ဝီရိယကဲ့သို့ စိတ်ဝီရိယကို အားကောင်းထက်သန်စေလျက် မရလျှင် မနေဖူးဟဲ့ဟု အံသွားခဲ၍ စိတ်ခါးတောင်းကျိုက်၍ ကြည့်ရှုရာ၏။

စိတ်မောသဖြင့် ကိုယ်ပါမော၍ ပျင်းရိ၍ ခဏခဏ နားချင်တတ်သည့် ပြင် တော်ရာကို ထ၍ လုပ်ချင်တတ်၏။ ခဏခဏ မနားအပ်၊ မလုပ်အပ်။ ကြပ်ကြပ်ခွဲကောင်းရာ၏။ အသည်းကောင်းရာ၏။ နိမိတ်ယူရာ၌ –

၁။ အချို့သော သူတို့မှာ မကြာခင် အလွယ်တကူဖြင့်ပင် နိမိတ်ရနိုင်သည်။ အချို့သော သူတို့မှာကား ပင်ပင်ပန်းပန်း သက်စွန့်ကြိုးစား အားထုတ်၍ ကြာမှပင် ရသည်။ စိတ်ထဲ၌ယူ၍ ရသောနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။ ပြင်ဖက် ကသိုဏ်းဝန်းကိုကား ပရိကမ္မနိမိတ်ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်ကား ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်း တူ၏။ ဤဥဂ္ဂဟနိမိတ်ရသောအခါ စိတ်သည်

http://www.dhammadownload.com



သံလိုက်ကောင်းကောင်းကို အပ်တွယ်ဘိသကဲ့သို့ ဤမြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ တွယ်၍နေတော့၏။ ဘယ်ကိုမျှ များစွာ မပြေးတော့ပြီ။

၂။ မျက်စိကို ဖွင့်ထားလျှင်ကား ရှေ့တူရှုရှိ အဆင်းတို့ကို မြင်၏။ မျက်စိကို မှိတ်လိုက်စေကာမူ ဘယ်ကိုမျှ မမြင်ပဲ ဤမြေကသိုဏ်းဝန်းကိုသာ မြင်၍ နေတော့၏။ မျက်စိကိုမှိတ်၍ ပက်လက်နေလျှင် မျက်နှာပေါ်က ကသိုဏ်း မြေချပ်ဝန်းကြီး မိုးလျက်နေ၏။ မှောက်၍နေလျှင် အောက်ကကြမ်းရယ်၊ ဖျာရယ် မမှတ်ပဲ ကသိုဏ်းမြေဝန်းချပ်ကြီးကိုသာ မြင်၍ နေတော့၏။

၃။ ရေထဲငုပ်၍နေလျှင်လည်း မျက်နှာရှေ့က ရေရယ်လို့ မမှတ်ပဲ ကသိုဏ်း မြေဝန်းကြီးသာ ရှိ၍ မြင်၍ နေတော့၏။ မျက်နှာကို လုံလုံ လက်ဝါးပိတ်ဖုံး၍ နေလျှင်လည်း လက်ဝါးဟူ၍ အမှတ်မထားပဲ ကသိုဏ်း မြေချပ်ဝန်းကြီးကိုသာ မြင်၍နေတော့၏။

၄။ ညဥ့်အိပ်သောအခါမှာလည်း တစ္ဆေ, မသာ အလွန်ကြောက်တတ် လျက် မလွှဲသာ၍ မသာလောင်းကို ကိုယ်တွယ်ရသဖြင့် မသာလောင်း ဥဂ္ဂဟနိမိတ်ကြီး ထင်မြင်၍ နေသောသူကဲ့သို့ ကသိုဏ်းမြေချပ်ဝန်းကြီးကိုသာ ထင်မြင်၍ နေတော့၏။ အိပ်၍ မပျော်နိုင်တော့ပြီ၊ ကြပ်ကြပ် အားထုတ်ကြည့်လေ နှလုံးသွင်း လေ မျက်စိကျယ်လေ ဖြစ်၍နေတော့၏။ အိပ်၍ ပျော်စေချင်သဖြင့် အားထုတ် ၍ နှလုံးမသွင်းပဲနေ၍ တဖြည်းဖြည်း စိတ်နှံ့၍ ကသိုဏ်းမြေဝန်းကြီးကို မြင်ရာက မေ့ခနဲဖြစ်၍ ဘဝင်ကျ၍ အိပ်ပျော်သွားလေ၏။

၅။ အိပ်ရာမှနိုးပြန်လျှင်လည်း မြေချပ်ကသိုဏ်းဝန်းကြီးကိုပင် ထင်မြင်၍ နိုး၍လာ၏။ မျက်နှာရှေ့က မြေချပ်ကသိုဏ်းဝန်းကြီး ဆီးလျက်သာနေတော့၏။

ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ရ၍ အတော်ခိုင်သော၊ ရင့်သောအခါ ခပ်မှောင် မှောင် အခန်းထဲများမှာ မျက်စိမမှိတ်ပဲ ဖွင့်၍ထားလျှင် မြေချပ်ကသိုဏ်းဝန်းကြီး ကိုသာ မြင်၍နေတော့၏။ စင်္ကြံသွားရင်းလည်း ရှု၍ဖြစ်တော့၏။ ဥဂ္ဂဟနိမိတ် ထင်သည်မှ စ၍ အိပ်ချင်ထိုင်းမှိုင်းသော ထိနမိဒ္ဓတို့သည် အတန်ငယ်ကွာလျက် တဖြည်းဖြည်း နည်း၍ပါး၍ ရှား၍ငုပ်၍ သွားကြလေ၏။

(ဤကား ဥဂ္ဂဟနိမိတ် ထင်ပုံတည်း။)

မိခင်ဧရာဝတီ

http://www.dhammadownload.com



## ပဋိဘာဂနိမိတ်

ဥဂ္ဂဟနိမိတ်ရသောအခါ ပြင်ဖက်ပရိကမ္မနိမိတ် ပထဝီမြေကသိုဏ်းဝန်းကို တော်ရာမှာ သိမ်းထား၍ စိတ်ထဲ၌ပါရသော ဥဂ္ဂဟနိမိတ်ကိုသာ အမြဲအစွဲ ကြည့်ရှုရာ၏။ ထိုသို့အမြဲအစွဲ အားထုတ် ကြည့်ရှုဖန်များသောအခါ ဤဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ အရာအဆာ၊ အကြောင်းပြုပ်မရှိပဲ မှန်သားများကဲ့သို့ ရ-သစ်စ ဥဂ္ဂဟနိမိတ်ထက် အဆတစ်ရာမက အလွန်ချောညက် သိမ်မွေ့၍ နုနယ်၍လာ၏။ အလွန်နှစ်သက် ပျော်မွေ့ဖွယ်ကောင်းသော အဖြစ်သို့ ရောက်၍လာ၏။ စိတ်သည် ဘယ်လောက်ပင် ကြာအောင် ကြည့်၍နေသော်လည်း ပျင်းမှုန်းခြင်း၊ အားရခြင်း မရှိတော့ပြီ၊ ထိုကဲ့သို့သော နိမိတ်ကို ပဋိဘာဂနိမိတ် ဟုခေါ်သည်။

**ဆောင်ပုဒ်သံခိပ်။ ။ ပဋိဘာဂ၊ ထင်လာက၊ နီဝရဏ – ကွာ။**

ထိုပဋိဘာဂနိမိတ်သို့ ကျသောအခါ –

၁။ ကာမဂုဏ်ကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ၊

၂။ အမျက်ဒေါသ ဟူသော ဗျာပါဒနီဝရဏ၊

၃။ ငိုက်မျဉ်းထိုင်းမှိုင်းခြင်း ဟူသော ထိနမိဒ္ဓနီဝရဏ၊

၄။ ပျံ့လွင့်ခြင်း, ပူပန်ခြင်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊

၅။ ဤကဲ့သို့ ပထဝီ မြေကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်လျှင် ဤကဲ့သို့ ဖြစ်သည်ဟု ရေးသောဆရာ၊ ဟောပြောသော ဆရာသည် အဟုတ်တကယ် အမှန်ပဲသိ၍ ရေးလေသလား၊ ဟောလေသလား၊ ပြောလေသလား၊ အဟုတ်တကယ် အမှန်မသိပဲ စမ်းရမ်းရေးလေသလား၊ ဟောလေသလား၊ ပြောလေသလား၊ မှန်မှမှန်ပါလေလား၊ အမှားများလေလားဟု ကမ္မဋ္ဌာန်းလမ်းကြောင်း၌လည်းကောင်း ယုံမှားခြင်း ဝိစိကိစ္ဆာ နီဝရဏ။

ဤနီဝရဏ ၅-ပါးတို့သည် စိတ်သန္တာန်၌ ပါးလျက် တစ်ခါတည်း ကွာ၍ ကွယ်ငုပ်၍ ဝပ်၍ သွားကြလေတော့၏။ မဖြစ်ပေါ်လာ၊ မထလာကြတော့ပြီ။

ကြွင်းသော အကုသိုလ် နီဝရဏတရားတို့လည်း စိတ်သန္တာန်၌ဝပ်၍

http://www.dhammadownload.com



ငုပ်၍ ကုန်ကြလေတော့၏။ မပေါ်လာ၊ မထလာကြတော့ပြီ။

**ဆောင်ပုဒ်သံခိပ်။ ။ နီဝရဏ၊ ဈာနတုံက၊ ဥပစာရလာ။**
ထိုနောက်ဖန်ဖန်၊ ပွားတုံပြန်၊ ပ–ဈာန်အပွနာ။
အာဝဇ္ဇန်၊ အာပဇ္ဇန်၊ ဓိဋ္ဌာန်, ဝုဋ္ဌာန။
ပစ္စဝေက္ခန်၊ ဤ ၅–တန်၊ လျင်မြန်လိုတိုင်းရ။
ရှေးရှေးဈာနင် ၊ ပယ်စွန့်လျှင်၊ အစဉ်နောက်ဈာန်ရ။

၁။ စိတ်ကို အာရုံပေါ်သို့တင်၍ ရောက်အောင် လွှင့်တင်ခြင်း သဘော ဟူသော ဝိတက်။

၂။ ဝိတက်တင်၍ အာရုံပေါ်ရောက်ပြီးသော စိတ်ကို ထိုအာရုံပေါ်မှ ဆုတ်လန်၍ မလာရအောင်၊ မကျရအောင် ဝန်းဝိုင်းဖေးမ ကာဆီးပင့်တင်ခြင်း အနုမဇ္ဇန သဘောဟူသော ဝိစာရ။

၃။ နှစ်သက်ခြင်း ဟူသော ပီတိ။

၄။ ကိုယ်စိတ် အေးမြ ရွှင်လန်းချမ်းသာခြင်း ဟူသော သုခ။

၅။ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်း ဧကဂ္ဂတာ။

ဤဈာန် အင်္ဂါ ၅–ပါးတို့လည်း အတန်ငယ် အားကောင်းထင်ရှား၍ ပေါ်လာကြကုန်၏။

ဤဈာန်အင်္ဂါတို့သာ မဟုတ်၊ ဈာန်အင်္ဂါတို့နှင့် လိုက်လျောနိုင်သော ကြွင်းသော စေတသိက်တရားတို့လည်း အားကောင်းထင်ရှား၍ ပေါ်၍ လာကြရကုန်၏။ ထိုအခါ သတိတရားများ အလွန်ထင်၏။ ယခုအခါမှ စ၍ အမိရင်ခွင်တွင်း နောက်ဆုံးပိတ် နို့စို့သည့်အခါကျအောင် ဤအတွင်း ပြုဖူးသမျှ အမှုကိစ္စတွေကို ယခုပြုနေရဘိသကဲ့သို့ အကုန်လုံးပြန်၍ အမှတ်ရ၏။ စိတ်များလည်း အလွန်ကြီး ထွား၏။ လျင်မြန်၏။ စကြဝဠာ တံတိုင်းပေါ်သို့ စိတ်နှင့်ပြေးသွား လျှောက်ပတ် လိုက်လျှင် လက်ဖျစ်တစ်တွက် အတွင်းမှာပင် ပတ်မိ၏။ အကွင်းကြီးထင်၍ လိုက်၏။ စိတ်ရှုရာ သွားရာအရပ်မှာ မှန်ကို စိန်သွားနှင့်ခြစ်ရာကဲ့သို့ အကြောင်း ထင်၍ လိုက်၏။ ဝိတက်သန်ပုံများမှာလည်း အလိုရှိရာ အရပ်ကို လွှတ်လိုက်တိုင်း

http://www.dhammadownload.com



တန်းခနဲ ပြေးရောက်၏။ ပျော့ညွတ်ကွေးကောက်၍ မနေပြီ။

သမထလမ်း၌ ဤကဲ့သို့သော ပဋိဘာဂ နိမိတ်အရာဌာနသို့ ရောက်နိုင်လျှင် ထိုပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်ဟု မှတ်ကြ။ တိဟိတ်ပုဂ္ဂိုလ်တို့မှသာလျှင် ဤနေရာဌာသို့ ဆိုက်ရောက်နိုင်သည်။ တိဟိတ်ပုဂ္ဂိုလ် မဟုတ်လျှင် မဆိုက်ရောက်နိုင်ပြီ။ မဆိုက်ရောက်နိုင် ဆိုတယ်လို့ အားမထုတ်လို့ မဆိုက်ရောက်တာကိုလည်း မမှတ်ရ။ အားထုတ်ပါလျက်၊ ဆိုက်ရောက်ချိန်သင့်ပါလျက် မဆိုက်ရောက်မှသာ တိဟိတ်မဟုတ်ဟု မှတ်ရမည်။

အားထုတ်ရာမှာလည်း အချို့မှာ အနှစ် ၂၅-၃၀ ပင် ကြာမှ ဤနေရာတို့သို့ ရောက်နိုင်ကြသည်။ ဈာန်မဂ်ဖိုလ်တရားထူးတို့ကို ရရှိနိုင်ကြသည်။ ဤနေရာဌာနတို့သည် တိဟိတ်, ဒွိဟိတ် ခွဲသော နေရာတို့တည်း။ ဤနေရာဌာနတို့သို့ ဆိုက်ရောက်၍ တိဟိတ်မှန်ခဲ့လျှင် ထိုပုဂ္ဂိုလ်သည် အလိုဆန္ဒရှိက ဈာန်မဂ်ဖိုလ် တရားထူးကို ကေန်မချွတ် ရနိုင် ယူနိုင်တော့၏။

(ဤကား ပဋိဘာဂနိမိတ် ထင်ပုံတည်း။)

## ပထမဈာန်

ဤသို့ ပဋိဘာဂနိမိတ်ကို ရပြီး ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ကို စကြာမင်းလောင်း ကိုယ်ဝန်ကို ချစ်ခင်စောင့်ရှောက်သော အမိကဲ့သို့ အလွန်ချစ်ခင် စောင့်ရှောက်လျက် မမေ့မလျော့ အထပ်ထပ် အားထုတ်ကြည့်ရှုဖန်များသောအခါ စိတ်သည် တဖြည်းဖြည်း ရင့်သန်ကြီးထွားလျက်၊ အားကောင်းလျက်၊ ငြိမ်သက်လျက် အကြင်အခါ၌ အာရုံကို ခိုင်မြဲရာတွယ်၍ အာရုံထဲသို့ ဝင်ဘိသကဲ့သို့ ဖြစ်၍ အာရုံကို စူးစိုက်၍၊ ငြိမ်၍၊ မှိန်း၍၊ ခံစား၍ ဖြစ်ပေါ်၏။ ထိုအခါ၌ ဖြစ်ပေါ်သော စိတ်ကို ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပထမဈာန်စိတ်ဟု ခေါ်သည်။ ပထမဈာန် စိတ်ဟုမှတ်။

**ဤဈာန်အပ္ပနာဝီထိကျပုံမှာ။** ။ စိတ်သည် ဧရှဖောဝါရ အဆုံးဘဝင်ကျ၍ ဘဝင်မှထပြီးလျှင် ဤကသိုဏ်းပဋိဘာဂ နိမိတ်ကို အာရုံပြု၍ အာဝဇ္ဇန်းပရိကံ,

http://www.dhammadownload.com



ဥပစာ, အနုလုံ, ဂေါတြဘူ ဈာန်ဟု ဈာန်ဇော တစ်ကြိမ်၊ ထို့နောက် ဘဝင်ကျ၍ သွား၏။

ထို့နောက် အိပ်မက်မက်သဖြင့် နိုး၍ အိပ်မက်ကို ပြန်၍ ဆင်ခြင်သော သူကဲ့သို့ သင်းကား ဝိတက်, သင်းကား ဝိစာရ, သင်းကား ပီတိ, သင်းကား သုခ စသည်ဖြင့် ဈာန်အင်္ဂါ ၅-ပါးတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောဝါရတွေ ဖြစ်ကုန်၏။

**ဤဈာန်အပ္ပနာဝီထိမှာ။** ။ အာရုံမကွဲပြားကြပြီ၊ အာရုံ မကွဲပြားပဲလျက် အဘယ့်ကြောင့် ဈာန်ဇောမှန်းသိရသနည်းဆိုသော် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟူသော ဇောလေးကြိမ်တို့မှာကား ကာမ တဏှာလည်း မကင်းသေး၊ မငုပ်တတ်သေးပြီ။ ဖြစ်ကြပုံလည်း ကြပ်ကြပ် မငြိမ်သက်ကြသေးပြီ။ ဂေါတြဘူ နောက်၌ ဖြစ်သော ဇောတစ်ကြိမ်မှာမူကား ကာမတဏှာလည်း ကင်း၍၊ ပါး၍ ၊ ငုပ်၍သွား၏။ စိတ်လုံးလည်း အလွန် ကြီးထွား၏။ ဈာန်အင်္ဂါတို့လည်း အလွန်ထင်ရှားစွာ ကြီးထွားဖြစ်ပေါ်ကြကုန်၏။ သံမှိုကို မြုပ်အောင် ရိုက်လိုက်လျှင် လှုပ်နှဲ့၍မရ ယိမ်းယိုင်ခြင်း မရှိဘိသကဲ့သို့ ဖြစ်ပုံလည်း အာရုံထဲဝင်ဘိသကဲ့သို့ အလွန်ခိုင်မြဲစွာ တွယ်၍၊ စူးစိုက်၍ လှုပ်ရှား ယိမ်းယိုင်ခြင်းမရှိ အလွန်ငြိမ်သက်စွာ ဖြစ်၏။ ဤသို့သော အကြောင်းကြောင့် ဈာန်ဇောမှန်း သိအပ်၏။

**ဤဈာန်ဇောစေတနာကံသည်။** ။ ကာမတဏှာ ကင်းခြင်းကြောင့် ကာမဘုံ၌ အကျိုးမပေးပြီ။ ကာမဘုံကို လွန်၍ ရူပဗြဟ္မာဘုံ၌ အကျိုးပေး၏။ ထို့ကြောင့် ဤဈာန်စိတ်ကို ရူပါဝစရစိတ်ဟု ခေါ်အပ်၏။

ဤကဲ့သို့ ပထမဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ဤပထမဈာန်ကို ကြပ်ကြပ် မြဲမြဲခိုင်ခံ့အောင်၊ အားကောင်းအောင် အဖန်ဖန် ဝင်စားအပ်၏။

http://www.dhammadownload.com



**ဝင်စားဆိုသည်ကား –** ကသိုဏ်း ပဋိဘာဂနိမိတ်ကို အဖန်ဖန် ရှု၍ ဈာန်ဇောအဖန်ဖန် ကျစေမှုတည်း။ ယခုအစဆုံးကျသော အပ္ပနာဝီထိမှာ ဈာန်ဇော ၁–ကြိမ်သာ ကျ၏။ ထို့နောက် ဝင်စားဖန်များသာအခါ စိတ်အား သန်စွမ်း၍ ၁–ကြိမ်, ၂–ကြိမ်, ၃–ကြိမ်, ၄–ကြိမ် စသည်ဖြင့် စိတ်သန်သလောက် ဈာန်ဇောတွေ့ အသင်္ချေ မရေတွက်နိုင်အောင် များစွာပင် ကျ၍သွား၏။ ၁–နာရီ ပတ်လုံး ဈာန်ဇောချည်းကျ၍ ဖြစ်၍နေ၏။ တစ်နံနက်ပတ်လုံး, တစ်နေ့ပတ်လုံး, တစ်ရက်ပတ်လုံး, ခုနစ်ရက်ပတ်လုံး စသည်ကြာအောင်ပင် ဈာန်ဇောချည်း သက်သက်ကျ၍ ဖြစ်၍ နေ၏။

ဤကဲ့သို့ စိတ်ကို ဈာန်သန်စွမ်း အားကောင်းအောင်၊ ခိုင်ခံ့အောင် ပြုပြီးလျှင် ဤပထမဈာန်ကို –

၁။ သမာပဇ္ဇနဝသီ,

၂။ အဓိဋ္ဌာနဝသီ,

၃။ ဝုဋ္ဌာနဝသီ,

၄။ အာဝဇ္ဇနဝသီ,

၅။ ပစ္စဝေက္ခဏာဝသီ,

ဟု ဝသီဘော် ၅–ပါးတို့ဖြင့် လေ့လာနိုင်နင်းအောင် ပြုအပ်၏။

**ဆောင်ပုဒ်သံခိပ်။ ။ အာဝဇ္ဇနံ၊ သမာပဇ္ဇန်၊ ဓိဋ္ဌာန်, ဝုဋ္ဌာန။**
**ပစ္စဝေက္ခဏ်၊ ဤငါးတန်၊ လျင်မြန်လိုတိုင်းရ။**

## ဝသီဘော် ၅–ပါး အဓိပ္ပါယ်

ဤဝသီဘော် ၅–ပါးတို့တွင် –

၁။ ဈာန်ကို အလိုရှိသော ခဏ၌ အလျင်အမြန် ဝင်စားနိုင်မှုကို သမာပဇ္ဇနဝသီဟု ခေါ်သည်။

၂။ တစ်ခဏ, တစ်နာရီ, တစ်နံနက်, တစ်ရက် စသည်ဖြင့် မိမိ အလိုရှိသမျှ ကာလပတ်လုံး ပိုလည်း မပိုရ၊ လိုလည်း မလိုရအောင် ဈာန်ဇောကို

http://www.dhammadownload.com



ဖြစ်စေနိုင်မှု, ထားနိုင်မှုကို အဓိဋ္ဌာနဝသီ ဟုခေါ်သည်။

၃။ အချိန်ကာလကို ပိုလည်း မပိုရ၊ လိုလည်း မလိုရ မိမိမှန်းထားသော အချိန်၌ ဈာန်ဇောမှ ထနိုင်မှုကို ဝုဋ္ဌာနဝသီဟုခေါ်သည်။

၄။ ဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်ရန် ဘဝင်တွေ များစွာ မကျစေပဲ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော အာဝဇ္ဇန်း လျင်မြန်စွာ ဖြစ်စေနိုင်မှုကို အာဝဇ္ဇနဝသီ ဟုခေါ်သည်။

၅။ ဈာန်အင်္ဂါကို ဆင်ခြင်ပြီးလျှင် တစ်ဖန် ဈာန်ကို အလျင်အမြန် ဝင်စားရန် ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောတွေကို ၇-ကြိမ် လောက်များစွာ မဖြစ်စေပဲ ၄-ကြိမ်, ၅-ကြိမ်မျှလောက်သာ ကျစေနိုင်မှုကို ပစ္စဝေက္ခဏဝသီ ဟုခေါ်သည်။

ဤသို့ ဈာန်အင်္ဂါကို ဆင်ခြင်သော ဇောကို အလျင်အမြန် နည်းနည်း နှင့်ပြတ်စေ၍ ဇောနောင်ဘဝင်တို့ကိုလည်း များစွာ မဖြစ်စေပဲ နည်းနည်းနှင့် ပြတ်စေ၍ အလျင်အမြန် တစ်ဖန် ဈာန်ကို ဝင်စားနိုင်မှုကို သမာပဇ္ဇနဝသီ ဟု ခေါ်သည်။ ဤသို့ ဝသီဘော် ၅-ပါးကို လှည့်ခွေပတ်၍ သိအပ်၏။

ဝသီဘော် နိုင်နင်းသော သူတကာတို့တွင် အထွဋ်အထိပ်သို့ ရောက်တော် မူသော သဗ္ဗညုဘုရားရှင်တို့အား တန်ခိုးယမိုက်ပြာဋိဟာကို ပြသောအခါ အလွန် လျင်မြန်စွာ ပြုရသောအခါတို့၌ကား ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ်၊ ဇောနောင် ဈာန်၏အကြား ဘဝင် ၂-ကြိမ်, ၃-ကြိမ်မျှသာ ဖြစ်ကုန်သည်။ ဤသည်လျှင် အနည်းဆုံး အနိုင်နင်းဆုံးပင်တည်း။ သည့်ထက်ကား နည်း၍ မဖြစ်နိုင်။

ဘုရားမှကြွင်းသော ပုဂ္ဂိုလ်တို့သည်ကား ဤမျှလောက် ဘဝင်ကို နည်းအောင် မတတ်နိုင်ကြပြီ။ ဇောဘဝင်ကိုနည်းအောင် အလျင်အမြန် ဖြတ်နိုင်မှု, ပြောင်းလဲနိုင်မှုသည် အလွန်စိတ်ထက်သန် အားကောင်းမှ အလွန်လျင်မှ ဖြစ်နိုင် သည်။

ထို့ကြောင့် စိတ်ထက်သန် ကြီးထွားအောင်၊ အားကောင်းအောင်၊ ကသိုဏ်း နိမိတ်ကို ကြီးအောင် တိုးပွားစေအပ်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



တိုးပွားစေရမည့်အခါမှာ ဤကဲ့သို့ ဈာန်ကို ရပြီးသော အခါကျမှလည်း တိုးပွားစေအပ်၏။ ဈာန်မရခင် ပဋိဘာဂနိမိတ်သို့ ကျလျှင်လည်း တိုးပွားစေအပ်၏။ ပဋိဘာဂနိမိတ်သို့ မရောက်ခင် ဥဂ္ဂဟနိမိတ်အခါ၌ကား မတိုးပွားစေအပ်။ ဥဂ္ဂဟနိမိတ်အခါက တိုးပွားလျှင် ထိုဥဂ္ဂဟနိမိတ်သည် ကြီးပွား၍ကား လိုက်၏။ စိတ်နိုင်အောင် မထိန်းနိုင်, မရှုနိုင်သဖြင့် ကျဲ၍၊ ကွဲ၍၊ ပျက်စီး၍ သွားတတ်သည်။

ထို့ကြောင့် ဥဂ္ဂဟနိမိတ်ကိုကား ကြီးအောင် နှလုံးမသွင်းအပ်၊ မတိုးပွားစေအပ်၊ ပဋိဘာဂနိမိတ်သို့ကျမှ, ဈာန်ကိုသော်လည်း ရပြီးမှ ကြီးအောင် နှလုံးသွင်းအပ်, တိုးပွားစေအပ်၏။

**တိုးပွားစေပုံမှာလည်း–** စိတ်က "ကြီးကြီး၊ ကြီးကြီး" ဟု နှလုံးသွင်းလျှင် စိတ်ထင်တိုင်း အောက်မေ့တိုင်း ပဋိဘာဂနိမိတ် ကသိုဏ်းဝန်းကြီး၍ လိုက်သည်။ လိုက်တိုင်း တစ်ခါတည်း မကြီးစေအပ်။ တဖြည်းဖြည်း လက် ၁–သစ်, ၂–သစ်, ၄–သစ်, ၈–သစ်, ၁–တောင်, ၁–လံ, ၁၀–လံ စသည်ဖြင့် စကြံဝင္ကာနှင့် အပြည့်တိုင်အောင်သော် လည်းကောင်း၊ ထိုထက်အလွန်သော် လည်းကောင်း တစ်စ တစ်စ ကြီးပွားစေအပ်၏။ အလိုရှိသလောက်, စိတ်သန်သလောက် ကျယ်၍ ကြီး၍ လိုက်၏။

အောက်ဈာန်ကိုရ၍ အထက်ဈာန်ကို တက်လိုသောအခါ မိမိရပြီးသော အောက်ဈာန်ကို ခိုင်မြဲအားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုပြီးမှ အထက်ဈာန်ကို တက်အပ်, ရအောင် ပြုအပ်၏။ ဤကဲ့သို့ မပြုပဲ တက်လျှင် အထက်ဈာန်ကိုလည်းမရ၊ အောက်ဈာန်လည်း ပျက်၊ ၂–ပါးစုံမှ လျှောကျ ပျက်စီးတတ်၏။

(ဤကား ပထမဈာန်သို့ တက်ပုံတည်း။)

## ဒုတိယဈာန်သို့ တက်ပုံ

ပထမဈာန်ကို ရပြီး၍ ခိုင်မြဲ အားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် ဒုတိယဈာန်ကို တက်နိုင်ခြင်းငှါ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်–

မိခင်ရောဝတီ

http://www.dhammadownload.com



၁။ ဤယခု ငါရသော ပထမဈာန်စိတ်သည် အောက်ကျသေး၏။

၂။ နီဝရဏ–ဟူသော ရန်သူနီးသေး၏။

၃။ ဝိတက်ပါခြင်းကြောင့် အလွန်လှုပ်ရှား ရှ့န့်ရင်းကြမ်းတမ်းသေး၏။ အားအစွမ်း ညံ့ဖျင်းသေး၏။

၄။ ဝိတက်မပါလျှင် သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏။ အားစွမ်းကောင်းရာ၏။

ဟုဆင်ခြင်၍ ဝိတက်ကိုမုန်း၍ ဝိတက်မပါသော ဈာန်စိတ်ကို ချစ်ခင်တောင့်တ၍ ဝိတက်ကို မပါစေလိုသော ဆန္ဒဖြင့် ထိုပထဝီပဋိဘာဂ နိမိတ်ကို ပင်လျှင် 'မြေ, မြေ'ဟု စိတ်ထဲကမှတ်လျက် အဖန်ဖန် ကြည့်ရှုသောအခါ စိတ်ထဲ၌ ဝိတက်သည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ဝိတက်ငုပ်၍ ဝိတက်မပါပဲ ပထမဈာန်ဝီထိကျသကဲ့သို့ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟု ဈာန်အင်္ဂါ ၄–ပါးနှင့် ပြည့်စုံသော ဈာန် ဝီထိကျလာ၏။

ဤဈာန်ကို ၂–ကြိမ်မြောက် ရအပ် ဝင်စားအပ်သော ဈာန်ဖြစ်၍ ဒုတိယဈာန်ဟု ခေါ်ဆိုမှတ်သားအပ်၏။ ဤဈာန်ကိုလည်း ရှေးနည်းအတူ ခိုင်မြဲအားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုအပ်၏။

(ဤကား ဒုတိယဈာန်သို့ တက်ပုံတည်း။)

## တတိယဈာန်သို့ တက်ပုံ

ဒုတိယဈာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် တတိယဈာန်ကို တက်နိုင်ခြင်းငှါ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်–

၁။ ဒုတိယဈာန်စိတ်သည်လည်း အောက်ကျသေး၏။

၂။ ဝိတက်ဟူသော ရန်သူနီးသေး၏။

၃။ ဝိစာရ ပါရှိခြင်းကြောင့် ရှန့်ရင်းကြမ်းတမ်းသေး၏။ အားအစွမ်း ညံ့ဖျင်းသေး၏။

၄။ ဝိစာရ မပါလျှင် သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏။ အားအစွမ်း

http://www.dhammadownload.com



ကောင်းရာ၏။

ဟု ဆင်ခြင်၍ ဝိစာရကို မုန်း၍ ဝိစာရမပါသော ဈာန်ကို ချစ်ခင်တောင့်တ၍ ဝိစာရကို မပါစေလိုသော ဆန္ဒဖြင့် ထိုပထဝီ ပဋိဘာဂ နိမိတ်ကို ပင်လျှင် 'မြေ, မြေ'ဟု စိတ်ထဲကမှတ်လျက် အဖန်ဖန် ကြည့်ရှုသောအခါ ဝိစာရ တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ဝိစာရငုပ်၍ ဝိစာရမပါပဲ ပီတိ, သုခ, ဧကဂ္ဂတာ ဟု ဈာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ရှေးနည်းတူ ဈာန်ဇောဝီထိ ကျလာ၏။

ဤဈာန်ကို ၃-ကြိမ်မြောက် ရအပ် ဝင်စားအပ်သော ဈာန်ဖြစ်၍ တတိယဈာန်ဟု ခေါ်ဆိုမှတ်သားအပ်၏။ ဤဈာန်ကိုလည်း ခိုင်မြဲ အားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုအပ်၏။

(ဤကား တတိယဈာန် တက်ပုံတည်း။)

## စတုတ္ထဈာန်သို့ တက်ပုံ

တတိယဈာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် စတုတ္ထဈာန်ကို တက်နိုင်ခြင်းငှါ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် -

၁။ တတိယဈာန်စိတ်သည်လည်း အောက်ကျသေး၏။

၂။ ဝိစာရဟူသော ရန်သူနီးသေး၏။

၃။ ပီတိသည် နှစ်သက်ခြင်း သဘောဖြစ်၍ ကာမရတိနှင့် နီးသောသဘော ရှိ၏။ ကာမရတိ ဟူသော ရန်သူနှင့် နီး၏။

၄။ ဤပီတိပါရှိခြင်းကြောင့် စိတ်သည် ပေါ်လွင်၏။ ရန့်ရင်းကြမ်းတမ်းသေး၏။ အားအစွမ်းလည်း ညံ့ဖျင်းသေး၏။

၅။ ပီတိမပါလျှင် သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏။ အားအစွမ်းလည်း ကောင်းရာ၏။

ဟု ဆင်ခြင်၍ ပီတိကို မုန်း၍ ပီတိမပါသော ဈာန်ကို ချစ်ခင်တောင့်တ၍ ပီတိကို မပါစေလိုသော ဆန္ဒဖြင့် ထိုပထဝီ ပဋိဘာဂနိမိတ်ကိုပင်လျှင်

http://www.dhammadownload.com



'မြေ, မြေ'ဟု စိတ်ထဲကမှတ်လျက် ကြည့်ရှုသောအခါ ပီတိသည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ပီတိငုပ်၍ ပီတိမပါပဲ သုခ, ဧကဂ္ဂတာ ဟု ဈာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ရှေးနည်းတူ ဈာန်ဇောဝီထိ ကျလာ၏။

ဤဈာန်ကို ၄–ကြိမ်မြောက် ရအပ် ဝင်စားအပ်သော ဈာန်ဖြစ်၍ စတုတ္ထဈာန်ဟု ခေါ်ဆိုမှတ်သားအပ်၏။ ဤဈာန်ကိုလည်း ခိုင်မြဲ အားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုအပ်၏။

(ဤကား စတုတ္ထဈာန်သို့ တက်ပုံတည်း။)

## ပဉ္စမဈာန်သို့ တက်ပုံ

စတုတ္ထဈာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် ပဉ္စမဈာန်ကို တက်နိုင်ခြင်းငှါ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်

၁။ စတုတ္ထဈာန် စိတ်သည်လည်း အောက်ကျသေး၏။

၂။ ပီတိဟူသော ရန်သူနီးသေး၏။

၃။ သုခသည် ကာမရတိ ကာမသုခတို့နှင့် နီးစပ်သော သဘော ရှိ၏။ ကာမရတိ ကာမသုခ– ဟူသော ရန်သူနှင့် နီး၏။

၄။ ဤသုခပါရှိခြင်းကြောင့် စိတ်သည် ပေါ်လွင်၏။ ရန့်ရင်းကြမ်းတမ်းသေး၏။ အားအစွမ်းလည်း ညံ့ဖျင်းသေး၏။

၅။ စိတ်ထဲ၌အာရုံကို ကောင်းသည်ဟု ခံစားသော သုခမျိုးမဟုတ်ပဲ အာရုံကို ကောင်းသည်ဟူ၍ လည်းကောင်း၊ မကောင်းဖူးဟူ၍လည်းကောင်း မခံစားပဲ အလယ်အလတ် ခံစားခြင်း ဥပေက္ခာသဘောနှင့် နေလျှင် သည့်ထက်သိမ်မွေ့ ငြိမ်သက်ရာ၏။ အားအစွမ်းလည်း ကောင်းရာ၏။

ဟုဆင်ခြင်၍ သုခကို မုန်း၍ ဥပေက္ခာကို ချစ်ခင်တောင့်တ၍ ထိုပထဝီ ပဋိဘာဂနိမိတ်ကို 'မြေ, မြေ'ဟု စိတ်ထဲကမှတ်၍ အဖန်ဖန် ကြည့်ရှုသောအခါ သုခသည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍သွားလျက် ကောင်းသည်ဟု ခံစားခြင်း သဘောမဟုတ်၊ မကောင်းဖူးဟု ခံစားခြင်း သဘောမဟုတ်ပဲ ကောင်းမှု,

http://www.dhammadownload.com



မကောင်းမှု နှစ်ဖက်သို့ မကျပဲ အလယ်အလတ် ခံစားခြင်း ဥပေက္ခာဝေဒနာ ဖြစ်လာ၍ ဧကဂ္ဂတာနှင့်တကွ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ရှေးနည်းတူ ဈာန်ဇောဝီထိ ကျလာ၏။ ဤဈာန်ကို ၅-ကြိမ်မြောက် ရအပ် ဝင်စားအပ်သော ဈာန်ဖြစ်၍ ပဉ္စမဈာန်ဟု ခေါ်ဆို မှတ်သားအပ်၏။ ဤဈာန်ကိုလည်း နိုင်မြဲ အားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုအပ်၏။

(ဤကား ပဉ္စမဈာန်သို့ တက်ပုံတည်း။)

## စတုက္ကနည်း, ပဉ္စကနည်း

ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်တို့ကို ရအောင် အားထုတ်ရာ၌ -

၁။ အချို့သော ပုဂ္ဂိုလ်တို့မှာ ဈာန် ၅-ဆင့်ရှိသည်။ ဤနည်းကို ပဉ္စကနည်းဟူ၍ ခေါ်သည်။

၂။ အချို့သော ပုဂ္ဂိုလ်တို့မှာကား ဝိတက်နှင့် ဝိစာရကို တစ်ပေါင်းတည်း တစ်ကြိမ်တည်း ပယ်ချခဲ့၍ ဈာန် ၄-ဆင့်သာ ရှိသည်။ ထိုနည်းကို စတုက္ကနည်းဟူ၍ ခေါ်သည်။

ထိုစတုက္ကနည်း၌ တတိယဈာန်သည် ဒုတိယဈာန် ဖြစ်၏။ စတုက္ကဈာန်သည် တတိယဈာန် ဖြစ်၏။ ပဉ္စမဈာန်သည် စတုတ္ထဈာန် ဖြစ်၏။

## ဈာန်ကို ကသိဏခေါ်ပုံ

ပထဝီကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လျှင် ပဉ္စမဈာန်ကျအောင် ဈာန် ၅-ပါးလုံးကို ရနိုင်၏။ ပထဝီကသိုဏ်းကို ကြည့်ရှု၍ရသော ဈာန်တို့သည်လည်း မြေဝန်း ပထဝီကသိုဏ်းကို ကြည့်ရှု၍ရသော ဈာန်ဖြစ်ခြင်းကြောင့် ပထဝီကသိဏ ဟူ၍ပင် အမည်ရကုန်၏။

http://www.dhammadownload.com



## အထုံဝါသီပါရမီရှိသူ, မရှိသူနှင့် ကသိုဏ်းဝန်း

ပထဝီကသိဏစျာန်ကိုရအောင် ပထဝီကသိုဏ်းနိမိတ်ကို ကြည့်ရှုယူရာမှာ ရှေးအတိတ် နီးသောဘဝက ပထဝီမြေကသိုဏ်းနိမိတ်ကို ရခဲ့ဖူးသော အထုံဝါသီ ပါရမီ အဓိကာရ မရှိခဲ့သောသူမှာ မြေကြီးကသိုဏ်းဝန်း အသေအချာလုပ်၍ ရှုမှပင် နိမိတ်ရနိုင်သည်။ စျာန်ရနိုင်သည်။

ရှေးအထုံဝါသီ ပါရမီ အဓိကာရ ရှိသောသူမှာကား မပြုမပြင်ပဲ ပကတိ မြေပြင်ကောက်နယ်တလင်း, ထွန်ယက်ထားသော လယ်ကွက်, ယာကွက်, လယ်ခင်း, ယာခင်းတို့ကို "မြေ, မြေ"ဟု နှလုံးသွင်း၍ ကြည့်ရှုလိုက်လျှင် ပထဝီကသိုဏ်းနိမိတ် ရနိုင်သည်။ စျာန်တို့ကို ဖြစ်စေနိုင်သည်။

ပထဝီမြေကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

## (ခ) အာပေါ – ရေကသိုဏ်း ပွားများ အားထုတ်ပုံ

**အာပေါ** – ရေကသိုဏ်းကို ကြည့်ရှုပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ် သည် ရှေးအတိတ် နီးသောဘဝက ရေကသိုဏ်းကို ရခဲ့ဖူးသော အထုံဝါသီ ပါရမီ အဓိကာရရှိခဲ့လျှင် မပြုမပြင်ပဲ ပကတိသော မြစ်, သမုဒ္ဒရာ, အိုင်, ရေကန်, ရေတွင်းတို့ကို ကြည့်ရှုရုံမျှဖြင့် အလွယ်တကူနှင့်ပင် ရေနိမိတ် ရနိုင်၏။ အထုံဝါသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် တစ်ထောင်လောက်, တောင်ဆုပ်လောက် အဝကျယ်သော အစောက်နက်သော အိုး, ခွက်, စည်ပိုင်းထဲ၌ ကြည်လင်စွာသော ရေကိုထည့်၍ ပထဝီမြေကသိုဏ်း၌ အကျယ်ဆိုခဲ့ပြီးသော ရှုနည်း, ကြည့်နည်း, ရှုပုံ ကြည့်ပုံအတိုင်း ရေကို စိတ်ထဲ၌ ဥဂ္ဂဟနိမိတ်ရအောင် ကြည့်ရှုရာ၏။

**ဤရေကသိုဏ်း၌–** ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်ရေနှင့် တစ်ထပ်တည်း တူ၏။ ပြင်ဖက်ရေကဲ့သို့ လှုပ်ရှားလျှင် လှုပ်ရှားသော အတိုင်း အပွက်ပါလျှင် အပွက်အတိုင်း ပါလျက်ထင်၏။ ပဋိဘာဂနိမိတ်ကား အပွက်မရှိ, လှုပ်ရှားခြင်းမရှိ, အလွန်ငြိမ်သက်လျက် ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာမက သာလွန်၍ ကြည်လင်စွာထင်၏။ မှန်ညီုသားသကဲ့သို့ တစ်သားတည်း အလွန် ကြည်လင်စွာထင်၏။ စျာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်းနည်းအတိုင်း ပေါ်၏။

http://www.dhammadownload.com



ဤရေကသိုဏ်းလည်း ဈာန် ၅-ပါးလုံးကို ဖြစ်စေနိုင်၏။

(ပထဝီ မြေကသိုဏ်း ပွားများနည်းအတိုင်း အကျယ်ပွားများလေ)

အာပေါ - ရေကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဂ) တေဇော - မီးကသိုဏ်း ပွားများအားထုတ်ပုံ

**တေဇော** - မီးကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက အားထုတ်ခဲ့ဖူးသော အထုံဝါသီ ပါရမီအဓိကာရရှိခဲ့လျှင် ပကတိသော မီးပုံ, မီးကျီး, မီးတောက်, ဆီမီး, ဖယောင်းတိုင်မီးတို့ကိုပင် ကြည့်ရှု၍ နိမိတ်ရနိုင်၏။ အထုံဝါသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မီးတောက်ကိုလည်းကောင်း၊ မီးကျီးစုကို သော်လည်းကောင်း ဖြစ်စေ၍ မပူလောက်သောအနီး၌ ထား၍ အလွတ်တည်းကြည့် ရှုရာ၏။ ဖျာ, ရိုင်, သံပွတ်, ဝါးကပ်စသည်တို့ကို တစ်ထွာလောက် အပေါက်ဖောက်၍ ကာဆီး၍သော်လည်း ကြည့်ရှုရာ၏။

**ဤမီးကသိုဏ်း၌**- ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်အတိုင်း မီးခဲဖြစ်လျှင် အခိုးအငွေ့ အရှိန်နှင့်တကွ မီးခဲတွေ အစိတ်စိတ်ကွဲလျက်ပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ အခိုးအငွေ့ အရှိန်ကင်းလျက် မီးခဲတစ်ခုတည်း တစ်သားတည်း တွေခဲလျက် ထင်၏။ မီးတောက် ဥဂ္ဂဟနိမိတ်မှာ အခိုးအငွေ့ အရှိန်နှင့်တကွ အခိုးအငွေ့ အရှိန်မရှိ၊ လောင်စာထင်းမရှိ ငြိမ်သက်စွာ ထင်၏။ ဈာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်းနည်းအတိုင်း ပေါ်၏။

တေဇော - မီးကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဃ) ဝါယော - လေကသိုဏ်း ပွားများအားထုတ်ပုံ

**ဝါယော** - လေကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက ဝါယော လေကသိုဏ်းကို ရခဲ့ဖူးသော အထုံဝါသီ ပါရမီ အဓိကာရရှိခဲ့လျှင် ပကတိ ကောင်းကင်ပြင်မှာ လွင့်တိုက်၍နေသော လေကိုပင် ဖမ်း၍ နိမိတ်ရအောင် ယူနိုင်၏။

အထုံဝါသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မြက်ပင်ဖျား, ပြောင်ပင်ဖျား,

http://www.dhammadownload.com



ကြံပင်ဖျား၊ ဝါးရုံပင်ဖျား၊ သစ်ကိုင်းဖျား၊ လက်လေးသစ်မျှလောက်ရှည်သော ဆံတို ဆံပင်ဖျားတို့၌ လေတဖြတ်ဖြတ်ခတ်၍ လှုပ်၍နေသောအခါ ထိုခတ်အပ်သော မြက်ပင်ဖျား၊ ပြောင်ပင်ဖျား၊ ကြံပင်ဖျား စသည်တို့ဖြင့် မှတ်၍ တိုက်ခတ်လာသောလေကို ဤနေရာ၌ လေတွေပြေးလွင့်၍ တိုက်ခတ်၍ ရှိနေသည်ဟု သတိသညာဖြင့် မှတ်၍စိတ်ကူး၍ "လေ၊ လေ"ဟု ကြည့်ရှု ဖမ်းယူအပ်၏။ လေတိုက်ခတ်သောအခါ ကိုယ်ကို လေတိုက်ခံ၍သော်လည်း ထိုလေတိုက်ခတ်၍ ထိမှန်းသိသောနေရာ၌ လေကိုနှလုံးသွင်း၍ သတိပညာဖြင့် မှတ်၍ စိတ်ကူး၍ ဖမ်းယူအပ်၏။

**ဤလေကသိုဏ်း၌**– ဥဂ္ဂဟနိမိတ်ကား ရေတွေကဲ့သို့သော်လည်းကောင်း၊ မီးခိုးကဲ့သို့သော်လည်းကောင်း စီးသွားပြေးလွင့်သော အခြင်းအရာအားဖြင့် လှုပ်ရှားလျက် ထင်၏။ ပဋိဘာဂနိမိတ်ကား မလှုပ်မရှား ငြိမ်သက်စွာ ထင်၏။ ကျန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏။ လေကို မျက်စိဖြင့် မမြင်ရသော်လည်း မီးခိုးတို၊ ရေတို့ကဲ့သို့ပင်တည်း။

ဝါယော – လေကသိုဏ်း ပွားများ အားထုတ်ပုံ ပြီး၏။

## (င) နီလ – အညိုကသိုဏ်း ပွားများအားထုတ်ပုံ

**နီလ** – အညိုကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက နီလ အညိုကသိုဏ်းကို ရဖူးသော အထုံဝသီ ပါရမီ အဓိကာရ ရှိခဲ့လျှင် မပြုမပြင်ပဲ ညိုညိုမြင်သမျှ အလုံးစုံသော ဝတ္ထုကိုပင် ကြည့်ရှု၍ အလွတ်တကူဖြင့် နိမိတ်ရနိုင်၏။ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တစ်ထွာလောက် အလျား အနံကျယ်စွာ သစ်သားကို ယပ်ဝန်း၊ ရေအိုးဖုံးများကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အညိုဆုံးဆေးကို အချောဆုံး အလှဆုံး နေအောင် လုပ်၍သုတ်၍ အနား၌ အညိုရောင်ကို တောက်ထစေတတ်သော အနီဖြစ်စေ၊ အဖြူဖြစ်စေ အမှတ်မရှိ တစ်ခုခု ဒန်ပူတစ်ပြား (ငွေမှုးစေ့ခန့်) ဆေးမင်အနားသတ် တင်သားသုတ်လိမ်း၍ "အညို၊ အညို"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှု၍ နိမိတ်ယူရာ၏။

http://www.dhammadownload.com



**ဤအညိုကသိုဏ်း၌** – ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူစွာ မျက်စိနှင့် မြင်သောအတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက ညိုချောပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ် ပတ္တမြားညို ယပ်ဝန်းကဲ့သို့ ထင်၏။ ဈာန်ပေါ်ပုံမှာ ပထဝီ မြေကသိုဏ်းနည်းအတိုင်း ပေါ်၏။

နီလ – အညိုကသိုဏ်း ပွားများ အားထုတ်ပုံ ပြီး၏။

## (၈) ပီတ – အဝါကသိုဏ်း ပွားများအားထုတ်ပုံ

**ပီတ** – အဝါကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက ပီတ အဝါကသိုဏ်းကို ရဖူးသော အထုံဝသီ ပါရမီ အဓိကာရ ရှိခဲ့လျှင် မပြုမပြင်ပဲ ဝါဝါမြင်သမျှ အလုံးစုံသောဝတ္ထုကိုပင် ကြည့်ရှု၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်၏။ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တစ်ထွာလောက် အလျားအနံကျယ်စွာ သစ်သားကို ယပ်ဝန်း, ရေအိုးဖုံးများကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အဝါဆုံးဆေးကို အချောဆုံး အလှဆုံး ဖြစ်အောင် သုတ်၍ အနား၌ အဝါရောင်ကို တောက်ထစေတတ်သော အနီဖြစ်စေ, အညိုဖြစ်စေ, အနက်ဖြစ်စေ, အဖြူဖြစ်စေ အမှတ်မရှိ တစ်ခုခု ဒန်ပူတစ်ပြား (ငွေမှုးစေ့ခန့်) ဆေးမင်အနားပတ် တင်သားသုတ်လိမ်း၍ "အဝါ, အဝါ"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှု၍ နိမိတ်ယူရာ၏။

**ဤအဝါကသိုဏ်း၌**– ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူစွာ မျက်စိနှင့် မြင်သောအတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက ဝါချော ပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ် ပတ္တမြားဝါယပ်ဝန်းကဲ့သို့ ထင်၏။ ဈာန်ပေါ်ပုံမှာ ပထဝီ မြေကသိုဏ်းနည်း အတိုင်း ပေါ်၏။

ပီတ–အဝါကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

http://www.dhammadownload.com



## (ဆ) လောဟိတ အနီကသိုဏ်း ပွားများအားထုတ်ပုံ

**လောဟိတ–** အနီကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက လောဟိတ အနီကသိုဏ်းကိုရဖူးသော အထုံဝသီပါရမီ အဓိကာရရှိခဲ့လျှင် မပြုမပြင်ပဲ နီနီသမျှ အလုံးစုံသော ဝတ္ထုကိုပင် ကြည့်ရှု၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်၏။ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တစ်ထွာလောက် အလျားအနံ ကျယ်စွာ သစ်သားကို ယပ်ဝန်း, ရေအိုးဖုံးများကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အနီဆုံးဆေးကို အချောဆုံး အလှဆုံးနေအောင် သုတ်၍ အနား၌ အနီရောင်ကို တောက်ထစေတတ်သော အညိုဖြစ်စေ, အဝါဖြစ်စေ, အဖြူဖြစ်စေ အမှတ်မရှိ တစ်ခုခုဒန်ပူတစ်ပြား (ငွေမှုးစေ့ခန့်) ဆေးမင် အနားပတ် တင်သားသုတ်လိမ်း၍ "အနီ, အနီ"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှု၍ နိမိတ်ယူရာ၏။

**ဤအနီကသိုဏ်း၌** – ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူစွာ မျက်စိနှင့် မြင်သောအတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက နီချော ပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ် ပတ္တမြားနီ, ယပ်ဝန်းကဲ့သို့ ထင်၏။ ကျန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏။

လောဟိတ – အနီကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဇ) ဩဒါတ – အဖြူကသိုဏ်း ပွားများအားထုတ်ပုံ

**ဩဒါတ** – အဖြူကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက ဩဒါတ အဖြူကသိုဏ်းကို ရဖူးသော အထုံဝသီပါရမီ အဓိကာရ ရှိခဲ့လျှင် မပြုမပြင်ပဲ ဖြူဖြူမြင်သမျှ အလုံးစုံသော ဝတ္ထုကိုပင် ကြည့်ရှု၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်၏။ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တစ်ထွာလောက် အလျားအနံကျယ်စွာ သစ်သားကို ယပ်ဝန်း, ရေအိုးဖုံးများကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အဖြူဆုံးသော ဆေးကို အချောဆုံး အလှဆုံးနေအောင်သုတ်၍ အနား၌ အဖြူရောင်ကို တောက်ထစေ

http://www.dhammadownload.com



တတ်သော အနက်ဖြစ်စေ၊ အဝါဖြစ်စေ၊ အနီဖြစ်စေ အမှတ်မရှိ တစ်ခုခု ဒန်ပူတစ်ပြား (ငွေမှုးစေ့ခန့်) ဆေးမင် အနားပတ် တင်သား သုတ်လိမ်း၍ "အဖြူ၊ အဖြူ" ဟု စိတ်ထဲက မှတ်၍ ကြည့်ရှု၍ နိမိတ်ယူရာ၏။

**ဤအဖြူကသိုဏ်း၌** – ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူစွာ မျက်စိနှင့် မြင်သော အတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာမက ဖြူချောနုနယ် ပြောင်လင်းလျက် အလွန် နှစ်သက်ဖွယ် ဖြစ်၍ထင်၏။ အဖြူ ပရိကမ္မနိမိတ်ကို ကြည့်ရှုသောအခါ အတွင်းက ပေါ်လာသော အဖြူထက်ပင် ပဋိဘာဂနိမိတ်က အဆများစွာ သာလွန်၍ ဖြူချောနု နယ် ပြောင်လင်းသေး၏။ ကျန်အပေါ်ပုံမှာ ပထဝီမြေကသိုဏ်းနည်းအတိုင်းပေါ်၏။

ဩဒါတ – အဖြူကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဈ) အာလောက – အလင်းကသိုဏ်း ပွားများအားထုတ်ပုံ

**အာလောက** – အလင်းကသိုဏ်း နိမိတ်ဆိုသည်ကား အမိုးပေါက် နံရံပေါက်များမှ နေရောင်ဝင်လာ၍ အိမ်ခန်း ကျောင်းခန်းအတွင်း ကြမ်းပြင် နံရံများမှာ ထင်နေသော နေရောင်ကွက်ကို ဆိုသည်။ ထိုနေရောင်ကွက်ကို "အလင်း၊ အလင်း"ဟု စိတ်ထဲကမှတ်၍ မျက်စိနှင့်မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် ကြည့်ရှု၍ ယူရာ၏။ ဤကဲ့သို့ နေရောင်ကွက် အလင်းက ကြာရှည်မခံ၍ ရအောင်မယူနိုင်လျှင် မှန်ကို နေပူ၌ အခန်းတွင်းသို့ မျက်နှာလှည့်ပြထား၍ ထိုမှန်ရောင် အလင်းကွက်ကို ကြည့်၍ ယူရာ၏။ ညဉ့်အခါ အခန်းတွင်း နံရံ၌ တစ်ပါးမှလာစေ၍ ထင်လာသော မီးရောင် အလင်းကွက်ကို သော်လည်း ကြည့်ရှု၍ ယူရာ၏။

**ဤအလင်းကသိုဏ်း၌** – ဥဂ္ဂဟနိမိတ်ကား အပြင်ဖက် ပရိကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူစွာ မျက်စိနှင့်မြင်သော အတိုင်းပင် ထင်၏။ ပဋိဘာဂ နိမိတ်မှာ ထိုဥဂ္ဂဟနိမိတ်ထက် သာလွန်၍လင်းလျက် ထူးကဲစွာ တွေခဲ၍ အရောင်လုံး အရောင်ခဲ ကြီးကဲ့သို့ ထင်၏။ ကျန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏။

အာလောက – အလင်းကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

❀

မိခင်ရောဝတီ

http://www.dhammadownload.com



## (ည) အာကာသ – ကောင်းကင်ကသိုဏ်း ပွားများအားထုတ်ပုံ

**အာကာသ** – ကောင်းကင်ကသိုဏ်း နိမိတ်ဆိုသည်ကား အမိုးပေါက် နံရံပေါက်, ပြတင်းပေါက်များကို ဆိုလိုသည်။ ကြည့်ရှုလိုသောအခါ ဝိုင်းဝိုင်း စက်စက် လှပစွာ ပန်ရအောင် အမိုးကိုဖြစ်စေ, နံရံကိုဖြစ်စေ မိမိအထွာဖြင့် ၂–ထွာယောက် ဝိုင်းဝိုင်းစက်စက် အပေါက်ဖောက်၍ ထိုအပေါက်ကို "ကောင်းကင် ဟင်းလင်း, ကောင်းကင်ဟင်းလင်း"ဟု စိတ်ထဲကမှတ်၍ မျက်စိနှင့် မြင်သော အတိုင်း ဟင်းလင်း ကောင်းကင်ကွက်ကို စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် ကြည့်ရှု၍ ယူရာ၏။

(အဝိုင်းမှာသာမဟုတ်၊ လေးထောင့် ပြတင်းပေါက်ကိုလည်း ကြည့်ရှုယူ ရပါ၏။ နိမိတ်ရသည်သာ လိုရင်းတည်း။)

**ဤကောင်းကင်ကသိုဏ်း၌** –ဥဂ္ဂဟနိမိတ်ကား အမိုးစွန်း, နံရံစွန်းနှင့် တကွ ထင်၏။ ပဋိဘာဂနိမိတ်မှာ အစွန်းပျောက်လျက် ကောင်းကင် ဟင်းလင် ကွက် သက်သက်ချည်း ထင်၏။ ဈာန်ပုံပေါ်မှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏။

အာကာသ – ကောင်းကင်ကသိုဏ်း ပွားများအားထုပ်ပုံ ပြီး၏။

## ကသိဏ ကမ္မဋ္ဌာန်း၌ မှတ်ဖွယ်

**ဝဏ္ဏ – အဆင်းကသိုဏ်း၌** – ကဏှ– မည်းနက်သော အဆင်း, ဟရိတ– စိမ်းသောအဆင်းတို့ကိုလည်း ကြည့်ရှု၍ နိမိတ်ရနိုင်၏။ ဈာန်ရနိုင်၏။ ကဏှ –ကသိုဏ်း, ဟရိတ –ကသိုဏ်းတို့ကို နီလ –ကသိုဏ်းဟူ၍ပင် ခေါ်ဆို ရေတွက်အပ်၏။

ထိုနည်းတူ –

၁။ အဝါနှင့်နီးစပ်သော အလုံးစုံသော အဆင်းကသိုဏ်းတို့ကို အဝါ– ကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

၂။ အနီနှင့်နီးစပ်သော အလုံးစုံသော အဆင်းကသိုဏ်းတို့ကို အနီ– ကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

http://www.dhammadownload.com



၃။ အဖြူနှင့်နီးစပ်သော မွဲပြာပြာ ပြာစိမ်းစိမ်းစသော အလုံစုံသော အဆင်းတို့ကို အဖြူ–ကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

(လောကဩ မျက်စိဖြင့် မြင်မြင်သမျှ ကသိုဏ်းချည်းပင်တည်း၊ အရပ် ၁၀–မျက်နှာကို ဘယ်အရပ်ကိုပဲ ကြည့်ကြည့် ကသိုဏ်းချည်းပင် မြင်ရတော့၏။ နိမိတ်ရအောင်သာ ကြည့်ရှု၍ ယူကြလေ။)

ကသိုဏ်းကို ကြည့်ရှုပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်း ၁၀–ပါးတို့တွင် မိမိစိတ် ချစ်ခင်နှစ်သက် တွယ်တာပုံရသော တစ်ခုခုသော ကသိုဏ်းကို ရှေးဦးစွာ ကြည့်ရှု၍ နိမိတ်ယူ၍ ဈာန် ၅–ပါးတို့ကို ဖြစ်စေရာ၏။ ကသိုဏ်းနိမိတ်တစ်ခုခုကို ရသည်ရှိသော် ကြွင်းကသိုဏ်း နိမိတ်တို့ကို အလွယ်တကူဖြင့် ရရှိနိုင်တော့၏။ ရှေးအတိတ်ကာလက အထုံဝါသီ ပါရမီ အဓိကာရ မရှိသော ပကတိသော ပုဂ္ဂိုလ်မှာ ပထဝီကသိုဏ်းလည်း ခက်ခဲသည်။ နိမိတ်ရခဲသည်။ ဝါယောကသိုဏ်း, အာလောက ကသိုဏ်းတို့လည်း ခက်သည်။ နိမိတ်ရခဲသည်။

ရေကသိုဏ်း, မီးကသိုဏ်း, ကောင်းကင်ကသိုဏ်းတို့လည်း တော်တော်လွယ်၏။ အလွယ်ဆုံးမှာ ဝဏ္ဏ–အဆင်းကသိုဏ်းတို့ သာ၍လွယ်၏။ အလုပ်ရအကြည့်ရ လွယ်၏။ နိမိတ်လည်း ရလွယ်၏။

ဤဝဏ္ဏ – အဆင်းကသိုဏ်းတို့တွင်လည်း အာဒိကမ္မိက အဦးအစပုဂ္ဂိုလ်အား ထိန, မိဒ္ဓ ထိုင်းမှိုင်းခြင်းကို လျင်မြန်စွာ ကင်းကွာစေတတ်သော အလွန် စိတ်ဉာဏ်ကို ကြည်စေတတ်သော နိမိတ်မရခင် လမ်းခရီး၌ပင် အထည်ဝတ္ထု အဆင်းဟူသမျှကို အလိုရှိတိုင်း မြင်စေတတ်သော အလွန်တန်ခိုးအာနုဘော်ကြီးသော ကသိုဏ်းတို့တွင် အမြတ်ဆုံး , အကောင်းဆုံး, အသာဆုံး ဟူ၍ ဘုရားရှင် တေဒဂ်ထားတော်မူသော ဩဒါတ – အဖြူကသိုဏ်းကို ရှေးဦးစွာ ပွားများခြင်းကို ငါတို့ လွန်စွာနှစ်သက်၏။

**ကသိုဏ်း ၁၀ –ပါး ပွားများအားထုတ်ပုံ ပြီး၏။**

❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



## ၅။ အသုဘကမ္မဋ္ဌာန်းကို ပြဆိုခန်း

### (က) ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အသုဘ ၁၀–ပါးတို့တွင် –

**ဥဒ္ဓုမာတက အသုဘ–** ဆိုသည်ကား သေပြီး၍ ညိုကြွက်မလာခင် ဖူးဖူးရောင်သော လူသေကောင်ကို ဆိုသည်။ ဥဒ္ဓုမာတက အသုဘကို ကြည့်ရှု ပွားများလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဖူးဖူးရောင်သော လူသေကောင်ကို ကသိုဏ်း နိမိတ် ယူဘိသကဲ့သို့ မျက်စိဖြင့် မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါ၍လာအောင် စက်ဆုပ်ဖွယ်သော အကောင်ပုပ်ဟု စိတ်ထဲက မှတ်၍ မျက်စိဖြင့် ကြည့်၍ နိမိတ်ယူရာ၏။

**ဤဥဒ္ဓုမာတက အသုဘ၌** –ဥဂ္ဂဟနိမိတ်ကား မျက်စိဖြင့်မြင်သော အတိုင်းပင် စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ်ကြီးအတိုင်းပင် ထင်၏။ ပဋိဘာဂ နိမိတ်မှာ ကြောက်မက်ဖွယ် စက်ဆုပ်ဖွယ် မရှိ၊ အလွန် ချောမွန်လှပစွာ ပြည့်ဖြိုးစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။ ဤဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် ၂–ပါးကိုပင် စက်ဆုပ်ဖွယ်ဟု စိတ်ထား၍ နှလုံးသွင်း၍ ရှုအပ်၏။ ကြည့်ရှုဖန်များသောအခါ ကသိုဏ်း၌ ဆိုခဲ့ပြီးသောအတိုင်း ပထမဈာန် ဇောဝီထိကျလာ၏။ ပထမဈာန်ကို ရ၏။

(အာရုံကြမ်းတမ်းခြင်းကြောင့် အထက် ဒုတိယဈာန်ကိုကား မဖြစ်စေနိုင်၊ မရနိုင်၊ ကြွင်းအသုဘတို့လည်း ထိုနည်းတူ ပထမဈာန်မျှကိုသာ ဖြစ်စေနိုင်ကြ၏။)

ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

### (ခ) ဝိနီလက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ဝိနီလက အသုဘ–** ဆိုသည်ကား ပုပ်၍ ညိုနေသော ဖူးဖူးရောင်ပြီး၍ ကွဲပေါက်ခါနီး အညိုအနီ စသည်ရောလျက် အကွက် အကွက် ပေါ်ထပုပ်ရိသော လူသေကောင်ပုပ်ကြီးကို ဆိုသည်။ ဤဝိနီလက အသုဘကိုလည်း "ဝိနီလက– ပုပ်၍ ညို၍နေသော သူကောင်"ဟု စိတ်ထဲကမှတ်လျက် ဥဒ္ဓုမာတက နည်းတူ

http://www.dhammadownload.com



နိမိတ်ယူရာ၏။

ဥဂ္ဂဟနိမိတ်ကား မျက်စိဖြင့် မြင်သောအတိုင်းပင် စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်၏။ ပဋိဘာဂနိမိတ်မှာ စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ်မရှိ အလွန်ချောမွန် လှပစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

ဝိနီလက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဂ) ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ဝိပုဗ္ဗက အသုဘ–** ဆိုသည်ကား ပုပ်ရိပြီး၍ သွေးပြည်တို့ဖြင့် အက်ကွဲယိုကျ၍နေသော လူသေကောင်ပုပ်ကြီးကိုပင် ဆိုသည်။ ဤဝိပုဗ္ဗက အသုဘကိုလည်း "ဝိပုဗ္ဗက – ပြည်ယို၍နေသော သူကောင်"ဟု စိတ်ထဲကမှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့် မြင်သောအတိုင်း စက်ဆုပ်ဖွယ်, ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်၏။ ပဋိဘာဂနိမိတ်မှာ စက်ဆုပ်ဖွယ်, ကြောက်မက်ဖွယ် မရှိ။ အလွန်ချောမွန်း လှပစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဃ) ဝိစ္ဆိဒ္ဒက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ဝိစ္ဆိဒ္ဒက အသုဘ** –ဆိုသည်ကား ၂–ပိုင်းပြတ်သော လူသေကောင်ကိုဆိုသည်။ ဤဝိစ္ဆိဒ္ဒက အသုဘကိုလည်း ၂–ပိုင်းပြတ်ကို လက်တစ်သစ်ခန့် ကွာခြားအောင် ပူးယှဉ်စပ်ဆက်၍ ထားပြီးလျှင် ဝိစ္ဆိဒ္ဒက–ဟု စိတ်ထဲကမှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။ ဥဂ္ဂဟနိမိတ်ကား မျက်စိဖြင့် မြင်သောအတိုင်းပင် စက်ဆုပ်ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ၂–ပိုင်းပြတ် အတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ စက်ဆုပ်ကြောက်မက်ဖွယ် မရှိ။ အလွန်ချောမွန် လှပစွာ နှစ်သက်ဖွယ် တစ်ခုတည်းဖြစ်၍ ထင်၏။ အပြစ်မရှိ။

ဝိစ္ဆိဒ္ဒက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

http://www.dhammadownload.com



## (င) ဝိက္ခာယိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ဝိက္ခာယိတက အသုဘ** –ဆိုသည်ကား ကျီး, ခွေး, လင်းတ စသည်တို့ ထိုးဆွ ကိုက်ခဲ၍ စားရာ တွေ့ရှိသော လူသေကောင်ကို ဆိုသည်။

ဤဝိက္ခာယိတကကိုလည်း – ဝိက္ခာယိတကဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။

ဥဂ္ဂဟနိမိတ်ကား ကိုက်ခဲဆိတ်ကုတ်ရာနှင့်တကွ ထင်၏။ ပဋိဘာဂ နိမိတ်မှာ ကိုက်ခဲဆိတ်ကုတ်ရာ မရှိ ပြေပြစ် ချောမွန် လှပစွာ နှစ်သက်ဖွယ် ဖြစ်၍ ထင်၏။

ဝိက္ခာယိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## (စ) ဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ဝိက္ခိတ္တက အသုဘ** –ဆိုသည်ကား ခြေတစ်ခြား, လက်တစ်ခြား, ကိုယ်တစ်ခြား, ခေါင်းတစ်ခြား အားဖြင့် တစ်ကွဲစီ တစ်ခြားစီ ပစ်လွှင့်၍ ထားအပ်သော လူသေကောင်ကို ဆိုသည်။

ဤဝိက္ခိတ္တက ကိုလည်း တစ်စပ်တည်း စုပုံယှဉ်ထား၍ ဝိက္ခိတ္တကဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့် မြင်သောအတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ အပိုင်းအပြတ် အကွဲမရှိ တစ်လုံးတည်း၊ တစ်ဆက်တည်း၊ တစ်ခုတည်း၊ စပ်လျက် အလွန်နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

ဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## (ဆ) ဟတဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်းပွားများ အားထုတ်ပုံ

**ဟတဝိက္ခိတ္တက အသုဘ–** ဆိုသည်ကား ခြေ, လက်, ကိုယ်, ခေါင်း တစ်ခြားစီဖြစ်လျက် ဓားရာချင်း ရှုပ်အောင်မွှန်း၍ တစ်ကွဲစီ တစ်ခြားစီ ပစ်လွှင့်၍ ထားအပ်သော လူသေကောင်ကိုပင် ဆိုသည်။

ဤဟတဝိက္ခိတ္တက–သည် ဝိက္ခိတ္တကနှင့်တူ၏။ ဓားမွှန်းရာပို၍ ဟတ

http://www.dhammadownload.com



ဝိက္ခိတ္တကဟု စိတ်ထားမှု, မှတ်မှု, ပဋိဘာဂနိမိတ်၌ အရာအဆာ မပါရှိမှုမျှသာ ထူးတော့၏။

ဟတဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## (၈) လောဟိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**လောဟိတက အသုဘ** –ဆိုသည်ကား ထိုမှ ဤမှ သွေးယိုထွက်၍ ကိုယ်၌ အနှံ့အပြား သွေးလိမ်းကျံ၍ နေသော လူသေကောင်ကို ဆိုသည်။

ဤလောဟိတက–ကိုလည်း "လောဟိတက"ဟု စိတ်ထဲကမှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သောအတိုင်းပင် အရာအဆာနှင့်တကွ စက်ဆုပ်ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်၏။

ပဋိဘာဂနိမိတ်မှာ အရာအဆာ မရှိ၊ စက်ဆုပ်ကြောက်မက်ဖွယ် မရှိ။ လှပချောမောစွာ ကမ္ဗလာနီ လွှမ်းခြုံ၍ထားဘိသကဲ့သို့ အလွန်နှစ်သက်ဖွယ် ဖြစ်၍ ထင်၏။

လောဟိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## (၉) ပုဠုဝက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ပုဠုဝက အသုဘ** –ဆိုသည်ကား ပိုးလောက်တွေ ကျိကျိတက် ရှုရှုတက် ပြည့်၍နေသော သူကောင်ပုပ်ကို ဆိုသည်။

ဤပုဠုဝက–ကိုလည်း "ပုဠုဝက"ဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့် မြင်သောအတိုင်းပင် အလွန်စက်ဆုပ်ဖွယ်ဖြစ်လျက် အကောင်ပုပ်နှင့်တကွ ပိုးလောက်တွေ ကျိကျိတက် သွားလာလှုပ်ရှားနေပုံ အခြင်းအရာအားဖြင့် ထင်၏။ ပဋိဘာဂနိမိတ်မှာ စက်ဆုပ်ဖွယ် မရှိ။ ဖြူစွာသော ထမင်းလုံး, ထမင်းခဲတို့ဖြင့် ရောပြွမ်း၍ နေဘိသကဲ့သို့ ပိုးလောက်တွေ ငြိမ်သက်စွာတည်လျက် နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။ ပိုးလောက် နည်းမှု, များမှုအားလျော်စွာ ထင်မှုကို မှတ်အပ်၏။

ပုဠုဝက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## (ည) အဋ္ဌိက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**အဋ္ဌိက အသုဘ** – ဆိုသည်ကား လူသေကောင်၏ အရိုးကိုဆိုသည်။

ဤအရိုးသည် –

၁။ အကြောဆက် မပြုတ်သေး၊ အသွေးအသား အကတ်အသတ် ကျန်ရှိသေးသော အရိုး၊

၂။ အသားမရှိ အသွေးဖြင့်သာ လိမ်းကျံလျက် အဆက်မပြုတ်သေးသော အရိုး၊

၃။ အသွေးအသားမရှိ အဆက်မပြုတ်သေးသော အရိုး၊

၄။ အကြောဆက်တို့ ပြုတ်ပြီး၍ တစ်ကွဲတစ်ခြားစီ နေသော အရိုး၊

ဟူ၍ ၄–ပါးသော အရိုးတို့တွင် ရရာအရိုးကိုပင် ကြည့်ရှုရာ၏။ တကွဲတခြားစီနေသော အရိုးတို့ကိုကား စု၍ရလျှင် ပေါင်းစုယှဉ်ထား၍ ကြည့်ရာ၏။ ရသမျှပင် ကြည့်ရာ၏။ တစ်ခုတည်း, တစ်ချောင်းတည်းကိုပင်လည်း ကြည့်ရှုရာ ၏။ စက်ဆုပ်ဖွယ်သော အရိုးစု, အရိုးစုဟု စက်ဆုပ်ဖွယ် အနေစိတ်ထား၍ ကသိုဏ်းနိမိတ် ယူဘိသကဲ့သို့ စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါ၍လာအောင် ကြည့်ရှုရာ၏။ ကြည့်ရှု၍ နိမိတ်ယူရာ၏။

**ဤအဋ္ဌိက၌** – ဥဂ္ဂဟနိမိတ်ကား မျက်စိဖြင့် မြင်သောအတိုင်းပင် စက်ဆုပ်ဖွယ် အခြင်းအရာအတိုင်းပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ ပြေပြစ်ချောမော လှပစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

အဋ္ဌိက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

## အသုဘကမ္မဋ္ဌာန်း၌ မှတ်ဖွယ်

အသုဘ ၁၀–ပါးတို့တွင် အကောင်အထည် မပျက်သေးသော အသုဘကောင်ကို ကြည့်ရှုရာ၌ နိမိတ်ထင်ခါနီးအခါ၌ လူသေကောင်ကြီး လာဘိသကဲ့သို့ ထ၍ မိမိထံကို လွှမ်းမိုး၍ လိုက်လာဘိသကဲ့သို့ ကြောက်အားကြီးသဖြင့် စိတ်ထဲမှာ ထင်တတ်၏။

ထိုအခါ ကြောက်လန့်၍ နှလုံးသွေးများ ပျက်မတတ် ရူးသွပ်တတ်သည်။

http://www.dhammadownload.com



ကြပ်ကြပ်သတိပြုအပ်၏။ အဝိဇ္ဇာဏကဖြစ်သော သစ်ပင် သစ်တုံးသည် ထ, မလိုက်လာနိုင်ဘိသကဲ့သို့ 'အသက်ဝိဉာဉ် ကင်းပြီးသော လူသေကောင်သည် အဘယ်မှာ ထ, လိုက်နိုင်လိမ့်မည်နည်း'။ ဤကဲ့သို့ ထင်မှုသည် မောင်မင်း စိတ်ရင့်သန်၍ နိမိတ်ရခါနီးမို့ ထင်ခြင်းသာတည်း။ မကြောက်လင့်ဟု မိမိကိုယ်ကို မိမိဆုံးမ၍ ကြောက်ခြင်းကင်းစေ၍ နှစ်သက်ဝမ်းမြောက်စွာ ကြည့်ရှုရာ၏။ အကောင်အထည် အရေပါမစုတ်သေး မပျက်သေးလျှင် ဖုတ်ဝင်၍ ဖြစ်နိုင်သေး၏။ စုတ်ပျက်ချွတ်ယွင်းနေလျှင် ဖုတ်ဝင်၍ မဖြစ်။ အကယ်၍ ဖုတ်ဝင်၍ ထလာခဲ့လျှင် တောင်ဝှေးဖြင့် တွန်းထိုး၍ လှဲအပ်၏။ ပရိတ် မန္တန်ဖြင့်သော်လည်း လှဲအပ်၏။ တစ်ယောက်တည်း အသုဘရှု သွားသောသူသည် တောင်ဝှေး, ပရိတ် စသည် ကောင်းမွန်စွာ ဆောင်အပ်၏။ သတိကောင်းကောင်း ထားအပ်၏။

**ကသိဏ်းအာရုံတို့သည်ကား** – လှမှု, နှစ်သက်ဖွယ်မှု အတွက်နှင့် စိတ်တွယ်ဖို့ အာရုံတို့တည်း။ ဤအသုဘ အာရုံတို့ကား ကြောက်မှု, ရွံမှုအတွက်နှင့် စိတ်တွယ်ဖို့ အာရုံတို့တည်း။ အရပ်ထဲ၌ တချို့, မသာကို အလွန်ကြောက်တတ် ရွံတတ်သော အချို့သော သူတို့အား မလွှဲသာ၍ မသာလောင်းများကို ကိုင်ရလျှင် မသာလောင်းကောင်ကြီး စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါ၍နေ၏။ ညဉ့်အိပ်လျှင်လည်း စောင်း၍အိပ်လျှင် မသာလောင်းကောင်ကြီး နံဘေးကမြှောင်လျက်, ပက်လက် အိပ်လျှင် မသာလောင်းကောင်ကြီး အပေါ်ကမိုးလျက်သာ နေတော့၏။ အိပ်၍မဖြစ် လူအများဝိုင်းဖက်၍ထားမှ အကြောက်သက်သာရာရ၍ အိပ်ပျော်တော့၏။

ဤလိုထင်မှုမှာ ဥဒ္ဓုမာတက အသုဘ ဥဂ္ဂဟနိမိတ် ထင်မှုဟုမှတ်၊ အသုံးမချတတ်၍ ကြောက်မက်ဖွယ် ဘေးဒုက္ခကြီး ဖြစ်သည်။ အသုံးချတတ်သော ယောဂီပုဂ္ဂိုလ်မှာကား ဤကဲ့သို့ထင်လျှင် ပတ္တမြားတုံးကြီးကို ရဘိသကဲ့သို့ အလွန်နှစ်သက်ဖွယ် ချမ်းသာသုခကြီး ဖြစ်၏။ ဤကဲ့သို့ ထင်မြင်မှုသာ ဥဂ္ဂဟနိမိတ် ထင်သည်ဟု မှတ်ရမည်။ မသာလောင်းကောင်ထားတဲ့ ရှိတဲ့နေရာမှာ စိတ်ထဲကလှမ်း၍ သိသည်ကိုလည်း ဥဂ္ဂဟနိမိတ် ထင်သည်ဟု မမှတ်ကြနှင့်။ ဤကဲ့သို့ သိသည်ကို မြင်သည်ဟု မှတ်–မှတ်နေတတ်သည်။

(အဋ္ဌကထာ အရိုးစုကိုရှုတဲ့သူတွေ မထင်မြင်ပဲနှင့် သိသည်ကို ထင်မြင်သည်

http://www.dhammadownload.com



ဟု ဆရာတော်ထံသို့ လျှောက်လာကြတာတွေ လူရော ရဟန်းရော အပုံကြီးများပြီ။)

(က) ထိုသို့လျှောက်လာသောအခါ တကယ်အမှန်မြင်လျှင် ကိုယ်အိပ်ရာနားကို တိုတိုထွာထွာ တိုလီမိုလီတွေကို လှမ်း၍ကြည့်စမ်း၊ မြင်ရဲ့လားဟု မေးရာ မြင်၏ဟု လျှောက်၏။

(ခ) ကိုယ်ကြည့်ရှု၍ ထားခဲ့သော စာအုပ် စာလုံး မျက်နှာ နံပါတ်ကိုကော သည်ကလှမ်း၍ ကြည့်စမ်း၊ မြင်ရဲ့လားဟု မေးရာ မြင်၏ဟု လျှောက်၏။

(ဂ) တကယ်အမှန်မြင်လျှင် ဖတ်စမ်းခိုင်းရာ မဖတ်နိုင်ဖူးဟု လျှောက်၏။

(ဃ) ထိုနည်းတူ လက်ဝါးကို မှောက်စေ၍ လက်ဝါးကို ကြည့်စမ်း၊ မြင်ရဲ့လား ဟု မေးရာ မြင်၏ဟု လျှောက်၏။

(င) တကယ်အမှန်မြင်လျှင် လက္ခဏာကြောင်းကို ရေတွက်၍ ပြစမ်း၊ ဘယ်နှစ်ခု ရှိသနည်းဟု မေးလျှင် မပြတတ်ဖူးဟု လျှောက်၏။ သင်တို့ မြင်တယ်ဆိုတာ မြင်တာ မဟုတ်သေးဖူး၊ သိတာတည်းဟု သိမှု, မြင်မှုတို့ကို ကွဲအောင်ခွဲ၍ ပေးရဖူးလှလေပြီ။

ဤ အသုဘနိမိတ်ကား ကြောက်မှု ရွံမှုထင်၏။ ကြပ်ကြပ် ကြောက်တတ် ရွံတတ်လျှင် ကြပ်ကြပ်ထင်လွယ်၏။ မကြောက်တတ် မရွံတတ်သော သချိုင်း စောင့်, စဏ္ဍာလ, အသုဘရာဇာတို့မှာကား မထင်တော့ပြီ။

ထို့ကြောင့် နိမိတ်ယူသော ပုဂ္ဂိုလ်သည် သချိုင်းစောင့်, စဏ္ဍာလ, အသုဘရာဇာတို့လို လက်နှင့် မကိုင်အပ် အကျွမ်းမဝင်အပ်၊ နေရာရွှေ့လိုပေါင်းစု လိုလျှင် သူတစ်ပါးကို ခိုင်းအပ်၏။ ခိုင်းစရာလူမရှိလျှင် တောင်ဝှေးဖြင့် ကော်ယူ၍ ရွှေ့အပ် ပေါင်းစုအပ်၏။

ဤအသုဘ ၁၀-ပါးတို့သည် လူသေကောင်မှ မဟုတ်၊ တိရစ္ဆာန် သေကောင် အသုဘတို့ကိုလည်း ကြည့်ရှု၍ နိမိတ်ရျာန် ရနိုင်၏။

ပုဋ္ဌဝကမှာ ပိုးလောက်ချည်းသက်သက် စုဝေး၍ နေသည်ကိုလည်း ကြည့် ရှု၍ နိမိတ်ဈာန် ရနိုင်၏။ ကုဋီတွင်း, အိမ်သာတွင်း, မစင်ပုံ စသည်တို့မှာလည်း ပိုးလောက်အစု ပုဋ္ဌဝက အသုဘကြည့်ရှု၍ ရနိုင်၏။

http://www.dhammadownload.com



၁။ အသေကောင်မှ မဟုတ်၊ အရှင်ကောင်မှလည်း ရောင်ဖောစ် နေသော အခါ ဥဒ္ဓုမာတက,

၂။ အနာများစွာ ပေါက်၍ သွေးပြည်ယို၍ လူးလဲ၍ နေသောအခါ ဝိပုဗ္ဗက,

၃။ လက်ခြေပြတ်သောအခါ ဝိစ္ဆိဒ္ဒက,

၄။ ဓားဖြတ်ခြင်း စသည်ကြောင့် သွေးများစွာ ယိုထွက်လူးလဲ၍ နေသောအခါ လောဟိတက,

၅။ အခါခပ်သိမ်း အဋ္ဌိက အသုဘတို့ကို ရနိုင်၏။

ဤအသုဘ ၁၀-ပါးတို့တွင် ကြပ်ကြပ် ကြောက်မက်ဖွယ် ကောင်းသော အသုဘကို နိမိတ်ယူ၍ ရလွယ်၏။ အဋ္ဌိကမှာလည်း ပြင်ဖက် အဋ္ဌိကကို နိမိတ်ယူ၍ ရလွယ်၏။ မိမိကိုယ်တွင်း အဋ္ဌိကကိုကား ရခဲ၏။ မိမိကိုယ်တွင်း အဋ္ဌိကကို ရအောင်ယူနိုင်မူကား အလွန်ကောင်း၏။ ဈာန်, မဂ် ၂-ပါးလုံး အလွယ်နှင့် ရနိုင်တော့၏။

အသုဘ ၁၀-ပါးတို့ကို အသုဘအနေနှင့် ထင်အောင် စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း၍ စိတ်ထား၍ ရှုယူ၍ ပဌမဈာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်တို့သည် အထက်ဒုတိယဈာန် စသည်တို့ကို တက်လိုသောအခါ ထို မိမိရသော အသုဘ နိမိတ်၌ အညို, အဝါ, အနီ, အဖြူ အဆင်းတစ်ခုခု ပါရှိလတ္တံ့။ ထိုအဆင်းတို့ကို "အညို -အညိုဟု, အဝါ -အဝါဟု, အဖြူ -အဖြူ"ဟု နှလုံးသွင်း၍ ဝဏ္ဏကသိုဏ်းဖြစ်အောင် ရှု၍ တက်ရာ၏။

အသုဘအခါမှာ နိမိတ်ကိုကြီးအောင် မပွားအပ်၊ ကသိုဏ်းဖြစ်သော အခါကျလျှင်ကား နိမိတ်ကိုလည်း ကြီးအောင်ပွားအပ်၏။

အသုဘရှုရာ၌ -

၁။ ရေးသားပြဆိုခဲ့ပြီးသော နည်းလမ်းအတိုင်း နိမိတ်ရအောင် ဈာန်ပေါ် အောင် ရှုမှုဟူသော သမထရှုနည်း တစ်မျိုး၊

၂။ ထိုအသုဘဝတ္ထုတို့ကို တွေ့မြင်သောခါ နိမိတ်ရအောင် ကသိုဏ်း ကြည့် မကြည့်ပဲ ဤသူသည် မမြဲပါပဲကလား၊ ဤကဲ့သို့ ဖြစ်၍

http://www.dhammadownload.com



သွားပါကလား၊ ငါသည်လည်း ဤသူကဲ့သို့ပင် မမြဲပြီ၊ သေရလတ္တံ့၊ ဤကဲ့သို့ဖြစ်လတ္တံ့ဟု အနိစ္စရှုမှု၊

ဤသူသည် ဤကဲ့သို့ မတင့်မတယ် စက်ဆုပ်ဖွယ်ပါကလား၊ မကောင်းဖွယ်ပါကလား၊ ငါသည်လည်း ဤသူကဲ့သို့ပင် မတင့်မတယ် စက်ဆုပ်ဖွယ်တည်း၊ မကောင်းဖွယ်တည်းဟု ဒုက္ခရှုမှု၊

ဤသူသည် ဘာမှ မလှုပ်ရှားတတ် အသက်မရှိ မြက်မှိုက် ထင်းချောင်းတို့နှင့်သာ တစ်ထပ်တည်းတူသော အဖြစ်သို့ရောက်လတ္တံ့၊ ယခုလည်း တူသည်ပင်တည်းဟု အနတ္တရှုမှု ဟူသော ဝိပဿနာ ရှုနည်းတစ်မျိုးအားဖြင့် ၂-မျိုး ၂-စား ၂-ပါးရှိ၏။ ထိုတွင် -

**သမထနည်း ရှုသောသူမှာ-** ယောကျ်ားအား မိန်းမအသုဘ၊ မိန်းမအား ယောကျ်ားအသုဘဟူသော ဝိသဘာဂ အသုဘအာရုံသည် လည်းကောင်း၊ အင်္ဂါကြီးငယ် အသွင်သဏ္ဌာန် မပျက်စီးသေးသော အသုဘအာရုံသည် လည်းကောင်း မလျောက်ပတ်၊ မရှုအပ်၊ တပ်မက်ခြင်းရာဂဖြစ်၍ လာတတ်၏။ နိမိတ်မရခင်လည်း ဖြစ်လာတတ်၏။ နိမိတ်ရပြီး၍ အကယ်၍ ဥဂ္ဂဟနိမိတ်၌ မဖြစ်လာသော်လည်း ပဋိဘာဂ နိမိတ်ကျလျှင် ရာဂ ဖြစ်ပေါ်လာတတ်၏။

**ဝိပဿနာနည်း ရှုသောသူမှာကား-** ဝိသဘာဂ အသုဘ အာရုံသည် အထူးသာလွန်၍ လျောက်ပတ်၏။ ဝိသဘာဂ အသုဘကိုပင် တမင်ရှာ၍ ရှုအပ်၏။ ရှုရာ၏။ ထို့ကြောင့်ပင်လျှင် -

ဘုရားရှင်သည် ရာဂစရိုက် လွန်စွာအားကြီးသဖြင့် ဝိပဿနာနည်း အသုဘ ရှုသော ကုလ္လမထေရ်အား မာတုဂါမ မိန်းမအသေကောင်ကိုပင် တမင် ဖန်ဆင်း၍ ပေးတော်မူသည်။

ငှင်းပြင် ပြည့်တန်ဆာမ သီရိမာကို ချစ်ကြိုက်၍ မစားနိုင် မသောက်နိုင် တတွေတွေ ကြံမှိုင်၍နေသော ရဟန်းကလေးကိုလည်း ထိုသီရိမာ၏ အလောင်း အသုဘကိုပင် ပြ၍ မဂ်, ဖိုလ် တရားထူးကို ရစေတော်မူသည်။

အသုဘကမ္မဋ္ဌာန်း၌ မှတ်ဖွယ်ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## ၆။ အနုဿတိ ကမ္မဋ္ဌာန်းကို ပြဆိုခန်း

### (က) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အနုဿတိ ၁၀ -ပါးတို့တွင် -

**ဗုဒ္ဓါနုဿတိဟူသည်ကား** -ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲ အောက်မေ့သော သတိကို ဆိုသည်။

ဗုဒ္ဓါနုဿတိကို ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဘုရားရှင်၏ ဂုဏ်တော်တို့ကို အကျဉ်းနည်း၊ အကျယ်နည်း မိမိ၏ သဒ္ဓါအား၊ ပညာအား၊ ဉာဏ်အားလျော်စွာ နှုတ်ဝယ်အရ ကျက်ဆောင်မှတ်သားပြီးကာ ပွားများအားထုတ်ရမည်။

#### အကျဉ်းပွားများပုံ

**ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။**

**အနက်**။ ။ ၁။ သော ဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း။ အရဟံ၊ **အရဟ** မည်တော်မူပေ၏။

၂။ ဣတိပိ၊ ဤသို့လျှင် သစ္စာ ဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူပေသောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူပေ၏။

၃။ ဣတိပိ၊ ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးတည့် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူပေသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ **ဝိဇ္ဇာစရဏသမ္ပန္န** မည်တော်မူပေ၏။

၄။ ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ

http://www.dhammadownload.com



မကပ်ငြိပဲ မရှိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပုရီ ဘေးမဲ့ပြည့်သို့ ကြွချီဆိုက်ရောက်တော် မူပေသောကြောင့်လည်း။ သုဂတော၊ **သုဂတ** မည်တော်မူပေ၏။

၅။ တ္တတိပိ၊ ဤသို့လျှင် ကာမ, ရူပ, အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသောကြောင့်လည်း။ လောကဝိဒူ၊ **လောကဝိဒူ** မည်တော်မူပေ၏။

၆။ တ္တတိပိ၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏာမာန်, ဗလမာန်, တ္တဒ္ဓိမာန်, ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အန်ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင် ပြု ဆုံးမမှုဝယ အတုမရှိ လွန်ကဲ့ဘိသောကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ **အနုတ္တရော ပုရိသ ဒမ္မသာရထိ** မည်တော်မူပေ၏။

၇။ တ္တတိပိ၊ ဤသို့လျှင် လူ နတ် ဗြဟ္မာ သတ္တဝါ အများ သောင်းတိုက်သားတို့၏ ဝပ်တွားရိုပြောင်း ညွှတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသောကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ **သတ္ထာဒေဝမနုဿာန** မည်တော်မူ၏။

၈။ တ္တတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော်မူပေသော ကြောင့်လည်း။ ဗုဒ္ဓေါ၊ **ဗုဒ္ဓ** မည်တော်မူပေ၏။

၉။ တ္တတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော် အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမှုကြောင့်လည်း။ ဘဂဝါ၊ **ဘဂဝါ** မည်တော်မူ ပေ၏။

(ဘုရားရှိခိုး ပြုလုပ်လိုလျှင်။ ။ တံ၊ ထိုအရဟံ အစ ဘဂဝါအဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဟု ဆိုလေ။)

http://www.dhammadownload.com



# တစ်နည်း အကျည်းပွားနည်း

## ၁။ ဣတိပိ သော ဘဂဝါ အရဟံ

**အနက်။** ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝါ၊ အသမ္ဘိန္နခတ္တိယ ဟု သမ္မတမင်းရိုး အမျိုးသာကီ ပြည်ကပ္ပိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ခြိုးခြံလျက် မြလျှံရွှက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပွဲတင်ချုန်းလျက် ဘုန်းဖြင့်လွှယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ ဥက္ကဋ္ဌ နတ်မင်းတကာတို့၏ မကိုဋ္ဌ အမြိုက် ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီး တစ်ဆူ ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်တည့် ရှိရှင်မြတ်နိုး တစ်ကြိမ်ပျိုးက ကောင်းကျိုးအသချေ ပေးနိုင်ပေ၍ မြေမှအထက် ဘဝဂ်တိုင်မြောက် နယ်တစ်လျှောက်ဝယ် တစ်ယောက်သစ်သူ ဖက်မပြူသည် အလှူခံမြတ်ကြီး ဖြစ်တော်မူပေသောကြောင့်လည်း။ အရဟံ၊ **အရဟာ** ဟု သညာပျံ့ပျူးဂုဏ်ကျေးဇူးဖြင့် အထူးပွင့်လင်း ဘဝဂ်ထွင်းအောင် သတင်းကြီးမြတ်တော်မူပေ၏။

## ၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

**အနက်။** ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤအသို့လျှင်တည့် လေးအင်သစ္စာ နက်နဲစွာဖြင့် ငါးဖြာဥေယျ ဓမ္မအပြား အကျဉ်းအားတည့် ကျယ်ပွားအနန္တရှိသမျှကို တစ်စမကြွင်း အလင်းကုန်စင် ရှိတိုင်းမြင်သည် သဗ္ဗညုတ ဘုရားလက်သုံး ဉာဏ်စက်ဘုန်းကို နလုံးတော်၌ အလံစိုက်လျက် အမိုက်ခပ်သိမ်း ပျောက်ငြိမ်းလွင့်စဉ် အကုန်မြင်သော ပညာရှိအထွဋ္ဌ တမွတ်ခေါင်ဖျား ဖြစ်ပေပြားသောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ **သမ္မာသမ္ဗုဒ္ဓ**ဟု နာမအမွန် ဂုဏ်တံခွန်ကို မိုးစွန်စွင့်စွင့် ဘဝဂ်မြင့်အောင် ဖြန့်လွှင့်စိုက်ထူ ကြီးမြတ်တော်မူပေ၏။

http://www.dhammadownload.com



## ၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်တည့် အယဉ်ထန်စွာ သံသရာဟု မဟာအဏ္ဏဝ အနန္တလျှင် ဆုံးစမရှိ နက်ကျယ်ဘိကို အငြိမစွန်း ကောင်းကင်လမ်းဖြင့် ကမ်းထိုမှဖက် နိဗ္ဗာန်ချက်သို့ ပျံတက်ကျော်လွှား အလွယ်အားဖြင့် သွားရန်အပေါင် အတောင်အလက် အချက်အင်္ဂါ မှန်လှစွာသည် သိက္ခာသီလ ထိုမှစ၍ စရဏအပြား တစ်ဆယ့်တည့်သုံးပါး ရှစ်ဖြာ ဉာဏ်ပညာဟု ဝိဇ္ဇာအသင်း အမိုက်ကင်း၍ အလင်းသိမှု တရားစုကို တစ်ခုမကျန် အတန်တန်လျှင် ပြည့်လျှံမောက်ဖြိုး အမျိုးမျိုးကို အစိုးရတော်မူခြင်း တည်းဟူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ **ဝိဇ္ဇာစရဏသမ္ပန္န** ဟု နာမအမွန် ဂုဏ်တံခွန်ကို မိုးစွန်စွင့်စွင့် ဘဝဂ်မြင့်အောင် ဖြန့်လွှင့်စိုက်ထူ ကြီးမြတ်တော်မူပေ၏။

## ၄။ ဣတိပိ သော ဘဂဝါ သုဂတော

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် ဒီပင်္ကရာ သမ္မာသမ္ဗုဒ္ဓ ဘုရားဗျာဒိတ် ရွှေတံဆိပ်ကို ခတ်နှိပ်ကြည်ဖြူ ခံတော်မူ၍ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်သည့်တိုင်ရောက် အမြင်မှောက်သည် ၆၂-ခန်း ဒိဋ္ဌိလမ်းသို့ မသန်းမငွေ့ ပြကတေ့ဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မတ် အကျင့်မြတ်လျက် လူနတ်ပြဟ္မာ သတ္တဝါ၏ ချမ်းသာစီးပွာ များရန်အကြောင်း အစုပေါင်းလျက် ကောင်းစွာ လာပေသောကြောင့်လည်း။ သုဂတော၊ **သုဂတ**ဟု နာမအမော် အမည်တော်ဖြင့် ထင်ပေါ် ကျော်စောတော်မူပေ၏။

## ၅။ ဣတိပိ သော ဘဂဝါ လောကဝိဒူ

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် လူ့ခွင်နတ်ရွာ ပြဟ္မာနှစ်ဆယ် အပါယ်လေးရပ် သတ်မှတ်ပိုင်းခြား ဗီလာအားဖြင့် ကျယ်ပွားသမျှ အနန္တတွင် လောကအချက် အဆက်ဆက်လျှင် ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း အကြောင်းကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းနိုင်

http://www.dhammadownload.com



သော သဘော သတ္တိကြောင့်လည်း။ လောကဝိဒူ၊ **လောကဝိဒူ** ဟူသော နာမအမော် အမည်တော်ဖြင့် ထင်ပေါ်ကျော်စောတော်မူပေ၏၊

## ၆။ ဣတိပိ သော ဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် သုံးခွင်ဘုံနေ အထွေထွေလျှင် ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်း သန်လျက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေး၍ ယဉ်ကျေးစေမှု အစုစု၌ အတုမရ အဖက်မရ ကြီးမြတ်တော်မူလှသောကြောင့်လည်း။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ **အနုတ္တရော ပုရိသဒမ္မသာရထိ** ဟူသော နာမအမော် အမည်တော်ဖြင့် ထင်ပေါ် ကျော်စောတော်မူပေ၏။

## ၇။ ဣတိပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် အပြင်ကျယ်စွာ သံသရာဟု မဟာအတီး မှောင်တောကြီး၌ ခရီးအစဉ် ရှစ်မဂ္ဂင်ကို မမြင်သောအား မှားကြီးမှား၍ မနားမရပ် ချားရဟတ်သို့ တစ်ပတ် လည်လည် အရှည်ပင်ပန်းစွာ နေကြကုန်သော ဒုက္ခိတ သတ္တဝါ သံသရာခရီးသည် အပေါင်းတို့ကို လမ်းမှန်ကြောင်းအစဉ် ရှစ်မဂ္ဂင်ကို မျက်မြင်ဒိဋ္ဌ စခန်းပြလျက် အမတလွင် ရွှေပြည်ခွင်သို့ အလျင်ရောက်အောင် ပို့ဆောင်ပေတတ် ယောက်ျား မြတ်ကြီး ဖြစ်ပေသောကြောင့်လည်း။ ဒေဝမနုဿာနံ၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏။ သတ္ထာ၊ ဆရာအထွဋ် အတုလွတ်ကြီး ဖြစ်တော်မူပေ၏။

## ၈။ ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် စင်စစ်ကေန် သိထိုက်တန်သည် အမှန်လေးချက် သဘောနက်ကို အိပ်မက်

http://www.dhammadownload.com



ထဲတွင် မပြင်စဖူး အလူးအလဲ ဝင့်ဆင်းရဲ၍ တဝဲလည်လည် အမြစ်တွယ်သို့ မဖွယ်မလှ နေကြကုန်သော ဒုက္ခိတသတ္တဝါ အပေါင်းတို့ကို အဟုတ်အမှန် အမြင်သန်သည့် မဂ်ဉာဏ် ၄-ပါး ပတ္တမြားမျက်ရှင်ကြီးကို ပေးသဖြင့် မိုက်မြေး ပြယ်လွင့် အလင်းပွင့်အောင် ပေးတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ **ဗုဒ္ဓ** ဟူသော နာမအမော် အမည်တော်ဖြင့် ထင်ပေါ်ကျော်စောတော်မူပေ၏။

## ၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ

**အနက်**။ ။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝါ၊ အသမ္ဘိန္နခတ္တိယ ဟု သမ္မတမင်းရိုး အမျိုးသာကီ ပြည်ကပ်ဝိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ခြိုးခြံလျက် မြလျှံရွှက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပဲ့တင်ချုန်းလျက် ဘုန်းဖြင့်လွယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ ဥက္ကဋ္ဌ နတ်မင်းတကာ တို့၏ မကိုဋ် အမြိုက်ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီး တစ်ဆူ ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်တည့် ဒီပင်္ကရာ သာသနာမှ မဟာဗောဓိ သီရိလျှံဖိတ် ရွှေညောင်ရိပ်ဝယ် အတိသာရ ဘုရားတန်ခိုး အမျိုးမျိုးကို အစိုးပိုင်ပိုင် ရသည်တိုင်အောင် မဏ္ဍိုင်ဗဟို မြင်းမိုရ် မေရု မြေအစုနှင့် ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်စဖွယ် အကျယ်အပွား များကြီးများအောင် မနားမနေ ဆည်းပူးပေသည် ဆယ်ထွေသုံးလီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် ယခုဤမှ တိုက်တစ်သောင်းလုံး သိမ့်သိမ့်ချုန်းသည် ရွှေဘုန်းတော်သခင် အရှင်တစ်ဆူ ဖြစ်တော်မူပေသောကြောင့်လည်း။ ဘဂဝါ၊ **ဘဂဝါ**ဟု သညာအမွန် ဂုဏ်တံခွန်ကို မိုးစွန်စွင့်စွင့် ဘဝဂ်မြင့်အောင် ဖြန့်လွှင့် စိုက်ထူ ကြီးမြတ်တော်မူပေ၏။

## မြန်မာသက်သက် အကျဉ်းပွားပုံ

၁။ ဘုရားရှင်၏ ကိလေသာဟူသော ရန်သူတို့ကို ပယ်ဖျက်သတ်ဖြတ်တော်မူ နိုင်သော အစွမ်းသတ္တိတော်ဟူသော **အရဟံ** ဂုဏ်တော်။

မိခင်ဇေရာဝတီ

http://www.dhammadownload.com



၂။ ခပ်သိမ်းသော တရားတို့ကို ဆရာမရှိ မိမိအလိုလို မှေ့ပျောက်ဖောက်ပြန်ခြင်း မရှိ ကောင်းမွန်စွာ သိတော်မူနိုင်သော အစွမ်းသတ္တိတော်ဟူသော **သမ္မာသမ္ဗုဒ္ဓ** ဂုဏ်တော်။

၃။ အဘိညာဉ်တွေ, ဝိပဿနာဉာဏ်တွေ ဟူသော ဝိဇ္ဇာတရား၊ အကျင့်သီလတွေ, ဈာန်တွေ, သဒ္ဓါသတိစသော သူတော်ကောင်း တရားတွေ ဟူသော စရဏ တရား၊ ဤဝိဇ္ဇာတရား, စရဏ တရားတို့နှင့် ပြည့်စုံတော်မူခြင်း ဟူသော **ဝိဇ္ဇာစရဏသမ္ပန္န** ဂုဏ်တော်။

၄။ သတ္တဝါတို့ ချမ်းသာကောင်းကျိုး ဖြစ်ကြောင်း စကားကောင်းကိုသာ မမှား မယွင်း ထင်လင်းသေချာ ကောင်းမွန်စွာ ဆိုတော်မူတတ်သော အစွမ်းသတ္တိ တော် ဟူသော **သုဂတ** ဂုဏ်တော်။

၅။ သတ္တဝါဟူသော သတ္တလောက, ရုပ်နာမ်ဟူသော သင်္ခါရလောက, ထို သတ္တလောက, သင်္ခါရလောက နှစ်ပါး၏ တည်ရာဌာနဟူသော ဩကာသ လောက၊ ဤလောကသုံးပါးတို့ကို ဖြစ်ကြောင်းနှင့်တကွ ဆရာမရှိ မိမိ အလိုလို ကောင်းမွန်စွာ ထိုးထွင်း၍ သိတော်မူနိုင်သော အစွမ်းသတ္တိတော် ဟူသော **လောကဝိဒူ** ဂုဏ်တော်။

၆။ ဆုံးမထိုက်သော မယဉ်ကျေးသော နာဠာဂီရိဆင် စသော တိရစ္ဆာန်ယောကျ်ား, အင်္ဂုလိမာလစသော လူယောကျ်ား, အာဠဝကစသော ဘီလူးယောကျ်ား, သိကြားစသော နတ်ယောကျ်ား၊ ဝါ၊ ရာဂအရာဖြင့်, ဒေါသအရာဖြင့်, မောဟအရာဖြင့် မယဉ်ကျေးသော အလုံးစုံသော ဝေနေယျသတ္တဝါတို့ကို မြင်းကို ဆုံးမတတ်သော ရထားထိန်းကဲ့သို့ အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော အစွမ်းသတ္တိတော်ဟူသော **အနုတ္တရောပုရိသဒမ္မသာရထိ** ဂုဏ်တော်။

၇။ လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ပစ္စုပ္ပန်အကျိုး တိုးပွားဖြစ်ပေါ်အောင် ကောင်းစွာ သွန်သင်ပြသ ဆုံးမတော်မူပေတတ်သော အစွမ်းသတ္တိတော် ဟူသော **သတ္ထာဒေဝမနုဿာန** ဂုဏ်တော်။

၈။ သစ္စာလေးပါး တရားတို့ကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်မြတ်လည်း

http://www.dhammadownload.com



သိတတ်, ဝေနေယျ သတ္တဝါတို့ကိုလည်းသိစေတော်မူပေတတ်သော အစွမ်း သတ္တိတော်ဟူသော ဗုဒ္ဓ ဂုဏ်တော်။

၉။ (က) မိမိစိတ်ကို အစိုးရခြင်းဟူသော ဣဿရိယ,

(ခ) လောကုတ္တရာ တရားဟူသော ဓမ္မ,

(ဂ) အခြေအရံ အကျော်အစော ဟူသော ယသ,

(ဃ) ဘုန်းကျက်သရေတော် ဟူသော သိရီ,

(င) မိမိ၏အကျိုးစီးပွား, သူတစ်ပါးတို့၏ အကျိုးစီးပွား နှစ်ပါးစုံကို လိုလားခြင်းဟူသော ကာမ,

(စ) ထိုလိုလားတော်မူသည့်အတိုင်း ပြီးစီးပြည့်စုံအောင် တတ်စွမ်းတော်မူနိုင်ခြင်းဟူသော ပယတ္တ။

ဤဘုန်းတော် ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူခြင်း ဟူသော ဘဂဝါ ဂုဏ်တော်။

## သဒ္ဓါ, ဆန္ဒ, ဉာဏ်ထက်သန်သော ပုဂ္ဂိုလ်တို့အတွက် ဂုဏ်တော် အကျယ်

### ၁။ ဣတိပိ သော ဘဂဝါ အရဟံ

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး။ ပါရမိယော –

(က) ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ တည်းဟူသော ပါရမီ ၁၀–ပါး။

(ခ) ဒါနဥပပါရမီ, သီလဥပပါရမီ, နိက္ခမဥပပါရမီ, ပညာဥပပါရမီ, ဝီရိယဥပပါရမီ, ခန္တီဥပပါရမီ, သစ္စဥပပါရမီ, အဓိဋ္ဌာနဥပပါရမီ, မေတ္တာဥပပါရမီ, ဥပေက္ခာဥပပါရမီ တည်းဟူသော ဥပပါရမီ ၁၀–ပါး။

http://www.dhammadownload.com



(ဂ) ဒါနပရမတ္ထပါရမီ, သီပရမတ္ထပါရမီ, နိက္ခမပရမတ္ထပါရမီ, ပညာပရမတ္ထပါရမီ, ဝီရိယပရမတ္ထပါရမီ, ခန္တီပရမတ္ထပါရမီ, သစ္စပရမတ္ထပါရမီ, အဓိဋ္ဌာနပရမတ္ထပါရမီ, မေတ္တာပရမတ္ထပါရမီ, ဥပေက္ခာပရမတ္ထပါရမီ တည်းဟူသော ပရမတ္ထပါရမီ ၁၀–ပါး။

ဤသို့အားဖြင့် အပြား ၃၀–သော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လူမင်း, နတ်မင်း, သိကြားမင်း, ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာ ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော အတုမဲ့ ယောကျ်ားမြတ်ကြီး ဖြစ်တော်မူပေ၏။

## ၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

**အနက်။** ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော။ ယော ဘဂဝါ၊ အကြင်ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး။ ပါရမိယော –

(က) ဒါနပါရမီ, သီလပါရမီ။ ပ ။ မေတ္တာပါရမီ, ဥပေက္ခာပါရမီ တည်းဟူသော ပါရမီ ၁၀–ပါး။

(ခ) ဒါနဥပပါရမီ, သီလဥပပါရမီ။ ပ ။ မေတ္တာဥပပါရမီ, ဥပေက္ခာဥပပါရမီ တည်းဟူသော ဥပပါရမီ ၁၀–ပါး။

(ဂ) ဒါနပရမတ္ထပါရမီ, သီလပရမတ္ထပါရမီ။ ပ ။ မေတ္တာပရမတ္ထပါရမီ, ဥပေက္ခာပရမတ္ထပါရမီ တည်းဟူသော ပရမတ္ထပါရမီ ၁၀–ပါး။

ဤသို့အားဖြင့် အပြား ၃၀–သော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။ မေ၊

http://www.dhammadownload.com



အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် –

(က) လူကောင်အထည်,
နတ်ကောင်အထည်,
ဗြဟ္မာကောင်အထည်,
ကြီးငယ်သတ္တဝါ ခန္ဓငါးပါး ရုပ်နာမ်တရားတည်းဟူသော ဒုက္ခ အစစ်အမှန်ဖြစ်သော ဒုက္ခသစ္စာ,

(ခ) ထိုဒုက္ခအစစ်အမှန်ဖြစ်သော ဒုက္ခသစ္စာ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ဘဝအဆက်ဆက် အသစ်အသစ် ဖြစ်ပေါ်ပေါက် ပွားအောင် တည်ထောင်ဖန်ဆင်းသူ အမှန်ဖြစ်ပေသော လောဘ၊ တဏှာ၊ ကိလေသာ တည်းဟူသော သမုဒယသစ္စာ,

(ဂ) ထို ဒုက္ခသစ္စာ, သမုဒယသစ္စာ တရားနှစ်ပါးတို့၏ ကွယ်ပျောက် ကုန်ဆုံးရာဖြစ်၍ သုခအစစ်အမှန်ဖြစ်သော နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာ,

(ဃ) ထိုနိရောဓသစ္စာသို့ ဖြောင့်မှန်စွာ ဆိုက်ရောက်အောင် ပို့ဆောင် ပေးတတ်သည်ဖြစ်၍ မဂ္ဂအမှန်ဖြစ်ပေသော သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတည်းဟူသော အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာ,

ဤသစ္စာလေးပါး တရားတို့ကို ကိုယ်တော်သာလျှင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ **သမ္မာသမ္ဗုဒ္ဓ** ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာ သိမြင်တော်မူပေသော အတုမဲ့ ယောကျ်ားမြတ်ကြီး ဖြစ်တော်မူပေ၏။

http://www.dhammadownload.com



## ၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

**အနက်။** ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထို မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် –

၁။ အထူးထူး အထွေထွေ ဖန်ဆင်းမှု, ကောင်းကင် မြေမိုး ပျံလျှိုးမှုတို့၌ စွမ်းနိုင်သော ဣဒ္ဓိဝိဓဝိဇ္ဇာဉာဏ်,

၂။ မိမိကိုယ်တွင်းမှ သူငယ်သဏ္ဌာန် ဖန်ဆင်း၍ ပြနိုင်သော မနောမယ ဝိဇ္ဇာဉာဏ်,

၃။ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အစဉ်လျှောက်၍ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်,

၄။ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်တိုင်အောင် အဆင်းသဏ္ဌာန် ဟူသမျှကို နတ်မျက်စိအသွင် အကုန်မြင်နိုင်သော ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်,

၅။ သတ္တဝါခပ်သိမ်းတို့၏ စိတ်အကြံကို သိနိုင်သော စေတောပရိယ ဝိဇ္ဇာဉာဏ်,

၆။ လူ နတ် ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့ ပြောဆိုသမျှ အသံစကားကို ကြားနိုင်သော ဒိဗ္ဗသောတ ဝိဇ္ဇာဉာဏ်,

၇။ မိမိသန္တာန်, သူတစ်ပါးသန္တာန်, ခန္ဓာ နာမ်ရုပ်တို့၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးကို ထင်ရှားစွာ မြင်နိုင်သော ဝိပဿနာ ဝိဇ္ဇာဉာဏ်,

၈။ ၁၅၀၀–ကိလေသာတို့ကို ကုန်ခန်းစေနိုင်သော အာသဝက္ခယ ဝိဇ္ဇာဉာဏ်,

ဤ ၈–ပါးသော ဝိဇ္ဇာဉာဏ်တို့ကို အစိုးရတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

http://www.dhammadownload.com



၁။ ကိုယ်, နှုတ် ၂-ပါးကို စောင့်ထိန်းမှုဟူသော သီလ,

၂။ ဣန္ဒြေ ၆-ပါးတို့ကို စောင့်ထိန်းမှုဟူသာ ဣန္ဒြိယ သံဝရ,

၃။ အစားအစာတို့၌ အတိုင်းအရှည်ကို သိမှုဟူသော ဘောဇနေမတ္တညုတာ,

၄။ အအိပ်အနေ အလွန်နည်းပါးခြင်းဟူသော ဇာဂရိယာနုယောဂ,

၅။ သဒ္ဓါ, ၆-သတိ, ၇-ဟိရီ, ၈-ဩတ္တပ္ပ, ၉-ဝီရိယ, ၁၀-ဗာဟုသစ္စ, ၁၁-ပညာ, ၁၂-ပထမဈာန်, ၁၃-ဒုတိယဈာန်, ၁၄-တတိယဈာန်, ၁၅-စတုတ္ထဈာန်။

ဤ ၁၅-ပါးသော စရဏဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ **ဝိဇ္ဇာစရဏသမ္ပန္န** ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာ ၈-မျိုး, စရဏ ၁၅-မျိုးတို့ကို အစိုးရတော်မူသော အတုမဲ့ယောကျ်ားမြတ်ကြီး ဖြစ်တော်မူပေ၏။

## ၄။ တ္တတိပိ သော ဘဂဝါ သုဂတော

**အနက်။** ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓါဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္တတိပိ၊ ဤသို့လျှင် -

(က) ဘိက္ခုဝိဘင်းကျမ်း, ဘိက္ခုနီဝိဘင်းကျမ်း, မဟာဝါကျမ်း, စူဠဝါကျမ်း, ပရိဝါကျမ်း စသော ဝိနည်းပိဋကတ် ၅-ကျမ်း။

(ခ) ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက် ၁၀-ကျမ်း, ပဋ္ဌာန်း ၂၄-ကျမ်း ဟူသော အဘိဓမ္မာ ပိဋကတ် ၃၉-ကျမ်း။

http://www.dhammadownload.com



(ဂ) သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ ဟူသော ဒီဃနိကာယ် ၃–ကျမ်း, သုတ်ပေါင်း ၃၃။

(ဃ) မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသ ဟူသော မဇ္ဈိမနိကာယ် ၃–ကျမ်း၊ သုတ်ပေါင်း ၁၅၀။

(င) သဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် ဟူသော သံယုတ်နိကာယ် ၅–ကျမ်း၊ သုတ်ပေါင်း ၃ရ၅၀။

(စ) ဧက အင်္ဂုတ္တရ, ဒုက အင်္ဂုတ္တရ, တိက အင်္ဂုတ္တရ, စတုက အင်္ဂုတ္တရ, ပဉ္စ အင်္ဂုတ္တရ, ဆက္က အင်္ဂုတ္တရ, သတ္တ အင်္ဂုတ္တရ, အဋ္ဌ အင်္ဂုတ္တရ, နဝ အင်္ဂုတ္တရ, ဒသ အင်္ဂုတ္တရ, ဧကာဒသ အင်္ဂုတ္တရ ဟူသော အင်္ဂုတ္တရနိကာယ် ၁၁–ကျမ်း၊ သုတ်ပေါင်း ၉၉၅၀။

(ဆ) ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု၊ ထေရဂါထာ, ထေရီဂါထာ, ပါဠိဇာတ်, မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, ထေရအပါဒါန်, ထေရီအပါဒါန် ဟူသော ခုဒ္ဒကနိကာယ် ၁၅–ကျမ်း၊ သုတ္တန်ပိဋကတ် ၃ရ–ကျမ်း။

ဤသို့လျှင် အာဒိကလျာဏဂုဏ်, မဇ္ဈေကလျာဏဂုဏ်, ပရိယောသာနကလျာဏဂုဏ်နှင့် ပြည့်စုံလှစွာ ပိဋကတ်အားဖြင့် ၃–ပါး, နိကာယ်အားဖြင့် ၅–ပါး, အင်္ဂါအားဖြင့် ၉–ပါး, ကျမ်းအားဖြင့် ၈၁–ပါး ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ အရေအတွက်ရှိသော ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့် လည်း။ သုဂတာ၊ **သုဂတ** ဟူသော ဂုဏ်အမည်နာမ ဝိသေသကို ရတော်မူပေ၏။

သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။

## ၅။ တ္တတိပိ သော ဘဂဝါ လောကဝိဒူ

**အနက်**။ ။ မေ၊ အကျွန်ုပ်။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။

http://www.dhammadownload.com



ပုရေတွာ။ ဖြည့်တော်မူ၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် –

## ကာမ ၁၁ –ဘုံ

၁။ ငရဲဘုံ,

၂။ တိရစ္ဆာန်ဘုံ,

၃။ ပြိတ္တာဘုံ,

၄။ အသူရကာယ်ဘုံ, ဟူသော အပါယ် ၄–ဘုံ။

၁။ မနုဿဘုံ,

၂။ စတုမဟာရာဇ်ဘုံ,

၃။ တာဝတိံသာဘုံ,

၄။ ယာမာဘုံ,

၅။ တုသိတာဘုံ,

၆။ နိမ္မာနရတိဘုံ,

၇။ ပရနိမ္မိတ ဝသဝတ္တီဘုံ, ဟူသော ကာမသုဂတိ ၇–ဘုံ။

အပါယ် ၄–ဘုံနှင့်တကွ ပေါင်းသည်ရှိသော ကာမ ၁၁–ဘုံ ဖြစ်၏။ နတ်ပြည် ၆–ထပ်သည် လူ့ဘုံမှအထက် ယူဇနာ ၄–သောင်း ၂–ထောင်စီ အဆင့်ဆင့် မြင့်ကွာကြ၏။

## နတ်ပြည် ၆–ထပ် နတ်သက်

၁။ စတုမဟာရာဇ်ဘုံသက်ကား စတုမဟာရာဇ်နှစ်နှင့် အနှစ် ၅–ရာ ရှိ၏။ လူတို့နှစ်နှင့် အနှစ် ၉–သန်း ရှိ၏။

၂။ တာဝတိံသာ ဘုံသက်ကား တာဝတိံသာနှစ်နှင့် အနှစ် ၁–ထောင်

http://www.dhammadownload.com



ရှိ၏။ လူတို့နှစ်နှင့် အနှစ် ၉–သန်း ၄–လီ၊ ၃–ကုဋေ ၆–သန်း ရှိ၏။

၃။ ယာမာဘုံသက်ကား ယာမာနှစ်နှင့် အနှစ် ၂–ထောင် ရှိ၏။ လူတို့၏နှစ်နှင့် အနှစ် ၁၄–ကုဋေ ၄–သန်း ရှိ၏။

၄။ တုသိတာဘုံသက်ကား တုသိတာနှစ်နှင့် အနှစ် ၄–ထောင် ရှိ၏။ လူတို့၏နှစ်နှင့် အနှစ် ၅၇–ကုဋေနှင့် ၆–သန်း ရှိ၏။

၅ နိမ္မာနရတိဘုံသက်ကား နိမ္မာနရတိနှစ်နှင့် အနှစ် ၈–ထောင် ရှိ၏။ လူတို့၏နှစ်နှင့် ကုဋေ ၂၃၀ နှင့် ၄– သန်း ရှိ၏။

၆။ ပရနိမ္မိတ ဝသဝတ္တီဘုံသက်ကား ပရနိမ္မိတ ဝသဝတ္တီနှစ်နှင့် ၁–သောင်း ၆–ထောင် ရှိ၏။ လူတို့နှစ်နှင့် နှစ်ပေါင်း ၉၂၁–ကုဋေ ၆–သန်း ရှိ၏။

## ရူပ ၁၆ –ဘုံ

၁။ ဗြဟ္မပါရိသဇ္ဇာဘုံ,
၂။ ဗြဟ္မပုရောဟိတာဘုံ,
၃။ မဟာဗြဟ္မာဘုံ,
တစ်ပြင်တည်းတည်သော ပထမဈာန် ၃–ဘုံ။
၄။ ပရိတ္တာဘာဘုံ,
၅။ အပ္ပမာဏာဘာဘုံ,
၆။ အာဘဿရာဘုံ,
တစ်ပြင်တည်းတည်သော ဒုတိယဈာန် ၃–ဘုံ။
၇။ ပရိတ္တသုဘာဘုံ,
၈။ အပ္ပမာဏသုဘာဘုံ,
၉။ သုဘကိဏှာဘုံ,
တစ်ပြင်တည်းတည်သော တတိယဈာန် ၃–ဘုံ။
၁၀။ ဝေဟပ္ဖိုလ်ဘုံ,
၁၁။ အသညသတ်ဘုံ,
တစ်ပြင်တည်းတည်သော စတုတ္ထဈာန် ၂–ဘုံ။

http://www.dhammadownload.com



၁၂။ အဝိဟာဘုံ,

၁၃။ အတပ္ပာဘုံ,

၁၄။ သုဒဿာဘုံ,

၁၅။ သုဒဿီဘုံ,

၁၆။ အကနိဋ္ဌာဘုံ,

အဆင့်ဆင့်တည်သော သုဒ္ဓါဝါသ စတုတ္ထဈာန် ၅–ဘုံ၊ ပေါင်း ရူပ ၁၆–ဘုံ ဖြစ်၏။

## ရူပ ၁၆–ဘုံ အကွာအဝေး

ဝသဝတ္တီဘုံမှအထက် ယူဇနာပေါင်း ၅–သန်း ၅–သိန်း ၈–ထောင် မြင့်သော ကောင်းကင်ပြင်၌ ပထမဈာန် ၃–ဘုံ တည်၏။

၎င်းမှအထက် ယူဇနာပေါင်း ၅–သန်း ၅–သိန်း ၈–ထောင် မြင့်သော ကောင်းကင်ပြင်၌ ဒုတိယဈာန် ၃–ဘုံ တည်၏။

၎င်းမှအထက် ယူဇနာပေါင်း ၅–သန်း ၅–သိန်း ၈–ထောင် မြင့်သော ကောင်းကင်ပြင်၌ တတိယဈာန် ၃–ဘုံ တည်၏။

၎င်းအထက် ယူဇနာပေါင်း ၅–သန်း ၅–သိန်း ၈–ထောင် မြင့်သော ကောင်းကင်ပြင်၌ ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံ တည်၏။

၎င်းမှအထက် သုဒ္ဓါဝါသ ၅–ဘုံသည်လည်း အဆင့်ဆင့် ယူဇနာ ၅–သန်း ၅–သိန်း ၈–ထောင်စီ အမြင့် ကွာခြား၏။

## ရူပဗြဟ္မာတို့၏ သက်တမ်း

၁။ ဗြဟ္မာပါရိသဇ္ဇာ ဗြဟ္မာတို့၏အသက်မှာ အန္တရကပ် ၆၄–ကပ် ရှိ၏။

ယင်း ၆၄–ကပ်ကို ၃–ဖို့ပြု၊ အန္တရကပ် ၂၁–ကပ်သာသာ ရှိ၏။

၂။ ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့၏အသက်မှာ အန္တရကပ် ၃၂–ကပ် ရှိ၏။

၃။ မဟာဗြဟ္မာတို့၏အသက်မှာ အန္တရကပ် ၆၄–ခု အပေါင်းဖြစ်သော ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ၁–ကပ် ရှိ၏။

http://www.dhammadownload.com



၄။ ဒုတိယဈာန် ၃–ဘုံ၌ ပရိတ္တာဘာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၂–ခု ရှိ၏။

၅။ အပ္ပမာဏာဘာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၄–ခု ရှိ၏။

၆။ အာဘဿရာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၈–ခု ရှိ၏။

၇။ တတိယဈာန် ၃–ဘုံ၌ ပရိတ္တသုဘာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၁၆–ခု ရှိ၏။

၈။ အပ္ပမာဏသုဘာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၃၂–ခု ရှိ၏။

၉။ သုဘကိဏှာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၆၄–ခု ရှိ၏။

၁၀ – ၁၁။ စတုတ္ထဈာန် ၇–ဘုံတို့တွင် ဝေဟပ္ဖိုလ်ဗြဟ္မာ, အသညသတ်ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၅၀၀– ရှိ၏။

၁၂။ အဝိဟာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၁–ထောင် ရှိ၏။

၁၃။ အတပ္ပာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၂–ထောင် ရှိ၏။

၁၄။ သုဒဿာ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၄–ထောင် ရှိ၏။

၁၅။ သုဒဿီ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၈–ထောင် ရှိ၏။

၁၆။ အကနိဋ္ဌ ဗြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၁–သောင်း ခြောက်ထောင် ရှိ၏။

## အရူပ ၄–ဘုံ အကွာအဝေးနှင့် ဘုံသက်

အကနိဋ္ဌ အထက်ယူဇနာပေါင်း ၅–သန်း ၅–သိန်း ၈–ထောင်စီ အဆင့်ဆင့်မြင့်သော ကောင်းကင်ပြင်၌ –

၁။ အာကာသာနဉ္စာယတနဘုံ,

၂။ ဝိညာဏဉ္စာယတနဘုံ,

၃။ အာကိဉ္စညာယတနဘုံ,

၄။ နေဝသညာနာသညာယတနဘုံ, ဟူသော အရူပ ၄–ဘုံ တည်၏။

http://www.dhammadownload.com



၁။ ဘုံသည်လည်း အစဉ်အတိုင်း ကမ္ဘာ ၂-သောင်း၊
၂။ ဒုတိယဈာန်ဘုံ ကမ္ဘာ ၄-သောင်း၊
၃။ တတိယဈာန်ဘုံ ကမ္ဘာ ၆-သောင်း၊
၄။ စတုတ္ထဈာန်ဘုံ ကမ္ဘာ ၈-သောင်း ၄-ထောင် ရှိ၏။
ဤ ၃၁-ဘုံကား ဩကာသလောက မည်၏။

## ပုဂ္ဂိုလ်အပြား

ပုဂ္ဂိုလ်သည် အကျဉ်းအားဖြင့် -
၁။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်,
၂။ သုဂတိအဟိတ် ပုဂ္ဂိုလ်,
၃။ ဒွိဟိတ် ပုဂ္ဂိုလ်,
၄။ တိဟိတ် ပုဂ္ဂိုလ်, ပုထုဇဉ် ၄-ယောက်။

၁။ သောတာပတ္တိ မဂ္ဂဋ္ဌ ပုဂ္ဂိုလ်,
၂။ သောတာပတ္တိ ဖလဋ္ဌ ပုဂ္ဂိုလ်,
၃။ သကဒါဂါမိ မဂ္ဂဋ္ဌ ပုဂ္ဂိုလ်,
၄။ သကဒါဂါမိ ဖလဋ္ဌ ပုဂ္ဂိုလ်,
၅။ အနာဂါမိ မဂ္ဂဋ္ဌ ပုဂ္ဂိုလ်,
၆။ အနာဂါမိ ဖလဋ္ဌ ပုဂ္ဂိုလ်,
၇။ အရဟတ္တမဂ္ဂဋ္ဌ ပုဂ္ဂိုလ်,
၈။ အရဟတ္တဖလဋ္ဌ ပုဂ္ဂိုလ်, အရိယာ ၈-ယောက်။

## ဘုံ၌ ပုဂ္ဂိုလ်

၁။ အပါယ်ဘုံ၌ ဒုဂ္ဂတိအဟိတ် တစ်ယောက် ရ၏။ ၄-ဘုံ ဖြစ်၍ ၄-ယောက်။

http://www.dhammadownload.com



၂။ လူ့ဘုံ, စတုမဟာရာဇ်ဘုံ၌ ဒုဂ္ဂတိအဟိတ်ကို ချန်လှပ်၍ တစ်ကျိပ် တစ်ယောက်စီ ရ၏။ နှစ်ဘုံ ဖြစ်ရကား ၂၂–ယောက်၊ ပေါင်း ၂၆–ယောက် ဖြစ်၏။

၃။ အထက် နတ်ပြည် ၅–ထပ်မှာ ဒုဂ္ဂတိ အဟိတ်, သုဂတိ အဟိတ် ၂–ယောက်ကြဉ် တစ်ကျိပ်စီဖြစ်၍ ၅–ကျိပ် ရ၏။

၄။ ပထမဈာန် ၃–ဘုံ, ဒုတိယဈာန် ၃–ဘုံ, တတိယဈာန် ၃–ဘုံ, ဝေဟပ္ဖိုလ်ဘုံ၊ ဤ ၁၀–ဘုံ၌ တိဟိတ် ပုထုဇဉ်– ၁၊ အရိယာ– ၈ ၉–ယောက်စီဖြစ်၍ ၉–ကျိပ် ရ၏။

၅။ အသညသတ်ဘုံ၌ သုဂတိအဟိတ် ၁–ယောက်သာ ရ၏။

၆။ သုဒ္ဓါဝါသ ၅–ဘုံ၌ ပုဂ္ဂိုလ် ၁၂–ယောက်တွင် အထက်ဆုံးဖြစ်သော အနာဂါမိဖလဋ္ဌ, အရဟတ္တမဂ္ဂဋ္ဌ, အရဟတ္တ ဖလဋ္ဌ ၃–ယေက်စီ ဖြစ်၍ ၁၅–ယောက် ရ၏။

၇။ အရူပ ၄–ဘုံ၌ အရိယာ ပုဂ္ဂိုလ် ၈–ယောက်တွင် သောတာပတ္တိမဂ် ပုဂ္ဂိုလ်မရ၊ ကြွင်းသော အရိယာ ၇–ယောက်နှင့် တိဟိတ်ပုထုဇဉ် ၁–ယောက်သာ ရ၏။ ၄–ဘုံဖြစ်၍ ၃–ကျိပ် ၂–ယောက် ရ၏။

ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ် ၃–ပါး ပေါင်းသည်ရှိသော် ပုဂ္ဂိုလ်ပေါင်း ၂–ရာ့ တစ်ကျိပ် ၄–ယောက်။

(ဤကား သတ္တလောကတည်း။)

၃၁–ဘုံဟု ဆိုအပ်သော ဩကာသလောကသည်လည်း သင်္ခါရဓမ္မစုပင် တည်း။

ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, လူ, နတ်ဟု ဆိုအပ်သော သတ္တလောက ဟူသည်လည်း သင်္ခါရဓမ္မစုပင်တည်း။

ထိုသင်္ခါရသည် ရုပ်သင်္ခါရ, နာမ်သင်္ခါရဟူ၍ ၂–ပါး အပြား ရှိ၏။ ရုပ်သင်္ခါရသည်ကား –

(က) မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ် ဟူသော မဟာဘုတ်ကြီး ၄–ပါး။

http://www.dhammadownload.com



(ခ) စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်ဟူသော အကြည်ဓာတ် ၅-ပါး။

(ဂ) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော ဂေါစရဓာတ် ၅-ပါး။

(ဃ) ကွတ္တိဘာဝရုပ်, ပုရိသဘာဝရုပ်, ဟဒယဝတ္ထုရုပ်, ဇီဝိတရုပ်, ဩဇာ ဟု ဆိုအပ်သော အာဟာရရုပ်။

ဤတရားစုသည် သင်္ခါရ မည်၏။

(က) စက္ခုဝိညာဉ်ဓာတ်, သောတဝိညာဉ်ဓာတ်, ဃာနဝိညာဉ်ဓာတ်, ဇိဝှာဝိညာဉ်ဓာတ်, ကာယဝိညာဉ်ဓာတ်, မနောဝိညာဉ်ဓာတ် ဟူသော ဝိညာဉ် ၆-ပါး။

(ခ) ထိုဝိညာဉ် ၆-ပါးနှင့် ထိုက်သည့်အားလျော်စွာ ယှဉ်တွဲစွာ ဖြစ်သော ဖဿဓာတ်, ဝေဒနာဓာတ်, သညာဓာတ်, စေတနာဓာတ်, သမာဓိဓာတ်, ဇီဝိတဓာတ်, မနသိကာရဓာတ်, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဆန္ဒ, လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သဒ္ဓါ, ပညာ, သတိ အစရှိသော စေတသိက် တရားစု။

ဤဝိညာဉ် ၆-ပါးနှင့် စေတသိက် တရားစုသည် နာမ်သင်္ခါရ မည်၏။

သတ္တလောက, သင်္ခါရလောက, ဩကာသလောက- တည်းဟူသော လောက ၃-ပါးကို အကြွင်းမရှိ သိတော်မူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ **လောကဝိဒူ** ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

လောကဝိဒူ၊ လောက ၃-ပါးကို အကြွင်းမရှိ သိတော်မူသော အတုမဲ့ ယောကျ်ားမြတ်ကြီး ဖြစ်တော်မူပေ၏။

## (၆) ကွတိပိ သော ဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ

**အနက်**။ ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊

http://www.dhammadownload.com



ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္တတိပိ၊ ဤသို့လျှင် ကုသိုလ်ဖြစ်မှု၌ အချက်ကျကျ မလိမ္မာသောသူကို ပုညကိရိယာ ဝတ္ထု ၁၀-ပါးကို ပြသဖြင့် ဆုံးမတော်မူပေ၏။

## ပုညကိရိယာဝတ္ထု ၁၀-ပါး ဟူသည်ကား

၁။ ဒါန - အလှူပေးခြင်း၊

၂။ သီလ - သီလသီတင်း ဆောက်တည်ခြင်း၊

၃။ ဘာဝနာ - ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊

၄။ အပစာယန - အသက်သိက္ခာကြီးသောသူတို့၌ အရိုအသေပြုခြင်း၊

၅။ ဝေယျာဝစ္စ - သူတစ်ပါးတို့၏ အမှုကြီးငယ်တို့ကို သဒ္ဒါကြည်ဖြူ ဆောင်ရွက်ခြင်း၊

၆။ ပတ္တိဒါန - မိမိ၏ ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း၊

၇။ ပတ္တာနုမောဒန - သူတစ်ပါးတို့ ပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊

၈။ ဓမ္မဿဝန - သူတစ်ပါးတို့၏ တရားကို ကြားနာခြင်း၊

၉။ ဓမ္မဒေသနာ - မိမိသိသမျှသော တရားစကားတို့ကို သူတစ်ပါးတို့အား သင်ကြား ဟောပြောခြင်း၊

၁၀။ ဒိဋ္ဌိဇုကမ္မ - ကံ, ကံ၏ အကျိုးကို ယုံကြည်၍ ဖြောင့်မတ်သော အယူကို ယူခြင်း၊

(ဤကား ပုညကိရိယာဝတ္ထု ၁၀-ပါးတည်း။)

ဒုစရိုက် ၁၀-တန် အကင်းသန့်သဖြင့် ခက်ထန်းရိုင်းစိုင်း၍နေသော သူကို ဒုစရိုက် ၁၀-ပါး၏အပြစ်, သုစရိုက် ၁၀-ပါး၏ အကျိုးကိုပြသဖြင့် ဆုံးမတော်မူပေ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## ဒုစရိုက် ၁၀–ပါး ဟူသည်ကား

၁။ ပါဏာတိပါတ – သူ့အသက်ကို သတ်ခြင်း၊

၂။ အဒိန္နာဒါန – သူ့ဥစ္စာကို ခိုးယူခြင်း၊

၃။ ကာမေသု မိစ္ဆာစာရ – သူ့အိမ်ရာကို ကျူးလွန်ခြင်း၊

(ဤကား အကုသိုလ် ကာယကံ ၃–ပါးတည်း။)

၁။ မုသာဝါဒ – မဟုတ်မမှန်စကား ပြောခြင်း၊

၂။ ပိသုဏာဝါစာ – ကုန်းတိုက်စကား ပြောခြင်း၊

၃။ ဖရုသဝါစာ – အကြမ်းအတမ်း ဆဲရေးခြင်း၊

၄။ သမ္ဖပ္ပလာပ – အနက်မဲ့၍ ပြိန်ဖျင်းသောစကားကို ဆိုခြင်း၊

(ဤကား အကုသိုလ် ဝစီကံ ၄–ပါးတည်း။)

၁။ အဘိဇ္ဈာ – သူ့ပိုင်နက် ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု ကြံဆတောင့်တခြင်း၊

၂၊ ဗျာပါဒ – သူတစ်ပါး၏ အသက်ခန္ဓာ သေကြေပျက်စီးမှုကို တောင့်တခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ – အယူမှားခြင်း၊

(ဤကား အကုသိုလ် မနောကံ ၃–ပါးတည်း။)

**ဒုစရိုက် ၁၀–ပါး ပြီး၏။**

## သုစရိုက် ၁၀–ပါး ဟူသည်ကား

၁။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ၊ သူ့အိမ်ရာကို ကျူးလွန်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

(ဤကား ကုသိုလ် ကာယကံ ၃–ပါးတည်း။)

၁။ မုသာဝါဒါ၊ မဟုတ်မမှန်စကား ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်

http://www.dhammadownload.com



ကြည်ခြင်း။

၂။ ပိသုဏဝါစာယ၊ ကုန်းတိုက်စကား ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာယ၊ အကြမ်းအတမ်း ဆဲရေးခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပါ၊ အနက်မဲ့၍ ပြိန်ဖျင်းသောစကားကို ဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

(ဤကား ကုသိုလ် ဝစီကံ ၄–ပါးတည်း။)

၁။ အနဘိဇ္ဈာ – သူ့ပိုင်နက်ကို ကိုယ့်ဖက် မညွတ်စေပဲ စိတ်နှလုံး ကြည်ဖြူခြင်း။

၂။ အဗျာပါဒ – သတ္တဝါတစ်ပါး၏ အသက်ခန္ဓာကို ချမ်းသာကြီးပွား စေလိုခြင်း။

၃။ သမ္မာဒိဋ္ဌိ – ဖြောင့်မှန်သော အယူကို ယူခြင်း။

(ဤကား ကုသိုလ် မနောကံ ၃–ပါးတည်း။)

**သုစရိုက် ၁၀ –ပါး ပြီး၏။**

နီသရဏ ၆–တန် အကင်းသန်သဖြင့် ခက်ထန်ရိုင်းစိုင်းသော သူကို ကသိုဏ်းရှာန် ၁၀–ပါး, အသုဘရှာန် ၁၀–ပါး, အနုဿတိရှာန် ၁၀–ပါး, ဗြဟ္မဝိဟာရရှာန် ၄–ပါး, အာရုပ္ပရှာန် ၄–ပါး, ပဋိကူလသညာရှာန် ၁–ပါး, ဓာတုမနသိကာရရှာန် ၁–ပါး၊ ဤ ၄၀–သော ဥပစာရရှာန်, အပ္ပနာကမ္မဋ္ဌာန်းတို့ကို ပြ၍ ဆုံးမတော်မူပေ၏။

## ကသိုဏ်းရှာန် ၁၀ –ပါး ဟူသည်ကား

၁။ မြေအခန်း၌ စီးဖြန်း၍ရသော ပထဝီကသိုဏ်းရှာန် ၁–ပါး,

၂။ ရေအခန်း၌ စီးဖြန်း၍ရသော အာပေါကသိုဏ်းရှာန် ၁–ပါး,

၃။ လေအခန်း၌ စီးဖြန်း၍ရသော ဝါယောကသိုဏ်းရှာန် ၁–ပါး,

http://www.dhammadownload.com



၄။ မီးအခန်း၌ စီးဖြန်း၍ရသော တေဇော ကသိုဏ်းစျာန် ၁-ပါး,

၅။ အလွန်မည်းနက် စိမ်းညိုသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးမျိုးတို့၌ စီးဖြန်း၍ရသော နီလ ကသိုဏ်းစျာန် ၁-ပါး,

၆။ အလွန်ဝါသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးဒန်းစသော ဆေးမျိုးတို့၌ စီးဖြန်း၍ရသော ပီတ ကသိုဏ်းစျာန် ၁-ပါး,

၇။ အလွန်နီသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးမျိုးတို့၌ စီးဖြန်း၍ရသော လောဟိတ ကသိုဏ်းစျာန် ၁-ပါး,

၈။ အလွန်ဖြူသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးမျိုးတို့၌ စီးဖြန်း၍ရသော ဩဒါတ ကသိုဏ်းစျာန် ၁-ပါး,

၉။ အရောင်အလင်းမျိုးတို့၌ စီးဖြန်း၍ရသော အာလောက ကသိုဏ်းစျာန် ၁-ပါး,

၁၀။ အပေါ်ကောင်းကင်၌ စီးဖြန်း၍ရသော အာကာသ ကသိုဏ်းစျာန် ၁-ပါး,

(ဤကား ကသိုဏ်းစျာန် ၁၀-ပါးတည်း။)

## အသုဘစျာန် ၁၀-ပါး ဟူသည်ကား

၁။ ဖူးဖူးရောင်သော သူကောင်ပုပ်၌ စီးဖြန်း၍ရသော ဥဒ္ဓုမာတကစျာန် ၁-ပါး,

၂။ ပုပ်၍ညိုမည်းသော သူကောင်ပုပ်၌ စီးဖြန်း၍ရသော ဝိနီလကစျာန် ၁-ပါး,

၃။ အပုပ်လွန်သော အပုပ်ရည်ပြည်အစု၌ စီးဖြန်း၍ရသော ဝိပုဗ္ဗကစျာန် ၁-ပါး,

၄။ အလယ်၌ပြတ်၍ နှစ်ပိုင်းပြတ်သော သူကောင်၌ စီးဖြန်း၍ရသော ဝိစ္ဆိဒ္ဒကစျာန် ၁-ပါး,

၅။ တောခွေး, ရွာခွေး စား၍ကျန်သော သူကောင်၌ စီးဖြန်း၍ရသော ဝိက္ခာယိတကစျာန် ၁-ပါး,

http://www.dhammadownload.com



၆။ တောခွေး, ရှာခွေးတို့ ကိုက်ဆွဲ၍ ထိုထိုအရပ်တွင် အပိုင်းပိုင်းနှင့် နေသော သူကောင်၌ စီးဖြန်း၍ရသော ဝိက္ခိတ္တကချာန် ၁-ပါး,

၇။ ဓား လက်နက်တို့ဖြင့် ဖြတ်လှီး ဖရိုဖရဲဖြစ်၍ ထားအပ်သော သူကောင်၌ စီးဖြန်း၍ရသော ဟတဝိက္ခိတ္တကချာန် ၁-ပါး,

၈။ လက်နက်ထိရာမှ သွေးယိုသော သူကောင်၌ စီးဖြန်း၍ရသော လောဟိတကချာန် ၁-ပါး,

၉။ ပိုးလောက်တို့ဖြင့် ပြည့်သော သူကောင်၌ စီးဖြန်း၍ရသော ပုဠုဝက ချာန် ၁-ပါး,

၁၀။ အရိုးစုမျှသာဖြစ်သော သူကောင်၌ စီးဖြန်း၍ရသော အဋ္ဌိကချာန် ၁-ပါး,

(ဤကား အသုဘချာန် ၁၀-ပါးတည်း။)

## အနုဿတိချာန် ၁၀-ပါး ဟူသည်ကား

၁။ ဘုရားဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ဗုဒ္ဓါနုဿတိချာန် ၁-ပါး,

၂။ တရားဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ဓမ္မာနုဿတိချာန် ၁-ပါး,

၃။ သံဃာ့ဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော သံဃာနုဿတိချာန် ၁-ပါး,

၄။ စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလဂုဏ်ကို အောက်မေ့၍ ရသော သီလနုဿတိချာန် ၁-ပါး,

၅။ စင်ကြယ်စွာ ပြုပြီးသော မိမိဒါန၏ ဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့ ၍ရသော စာဂါနုဿတိချာန် ၁-ပါး,

၆။ နတ်ပြည်သို့ တင်ပို့ဆောင်တတ်သော မိမိသန္တာန်၌ ဖြစ်သော သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ စသော သူတော်ကောင်း တရားစုကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ဒေဝတာနုဿတိချာန် ၁-ပါး,

၇။ မိမိသန္တာန်၌ ကိလေသာ၏ ငြိမ်းမှုကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော

http://www.dhammadownload.com



ဥပသမာနုဿတိစျာန် ၁-ပါး,

၈။ မိမိသေရမည်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော မရဏာနုဿတိစျာန် ၁-ပါး,

၉။ မိမိသန္တာန်၌ ဆံပင်စသော ၃၂-ပါးသော အပုပ်အစုတို့ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ကာယဂတာသတိစျာန် ၁-ပါး,

၁၀။ မိမိ၏ ထွက်သက် ဝင်သက်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော အာနာပါနဿတိစျာန် ၁-ပါး,

(ဤကား အနုဿတိစျာန် ၁၀-ပါးတည်း။)

## ဗြဟ္မဝိဟာရစျာန် ၄-ပါး ဟူသည်ကား

၁။ ခပ်သိမ်းသော သတ္တဝါတို့ကို မေတ္တာဖြန့်ဖြူး၍ရသော မေတ္တာစျာန် ၁-ပါး,

၂။ ဆင်းရဲသော သတ္တဝါတို့ကို ကရုဏာ ဖြန့်ဖြူး၍ရသော ကရုဏာစျာန် ၁-ပါး,

၃။ ချမ်းသာသော သတ္တဝါတို့ကို မုဒိတာ ဖြန့်ဖြူး၍ရသော မုဒိတာစျာန် ၁-ပါး,

၄။ ခပ်သိမ်းသော သတ္တဝါတို့ကို ဥပေက္ခာ ဖြန့်ဖြူး၍ရသော ဥပေက္ခာစျာန် ၁-ပါး,

(ဤကား ဗြဟ္မဝိဟာရစျာန် ၄-ပါးတည်း။)

## အာရုပ္ပစျာန် ၄-ပါး ဟူသည်ကား

၁။ အာကာသာနဉ္စာယတန စျာန် ၁-ပါး,

၂။ ဝိညာဏဉ္စာယတန စျာန် ၁-ပါး,

၃။ အာကိဉ္စညာယတန စျာန် ၁-ပါး,

၄။ နေဝသညာနာသညာယတန စျာန် ၁-ပါး,

(ဤကား အာရုပ္ပစျာန် ၄-ပါးတည်း။)

http://www.dhammadownload.com



## ပဋိကူလသညာရျာန် ၁-ပါး ဟူသည်ကား

နေ့တိုင်း နေ့တိုင်း စားသောထမင်း အစာအာဟာရတို့၌ စက်ဆုပ်ရွံ့ရှာဖွယ်ဟု အမြဲရှု၍ရသော ဥပစာရရျာန်သည် ပဋိကူလသညာရျာန် မည်၏။

## ဓာတုမနသိကာရရျာန် ၁-ပါး ဟူသည်ကား

မိမိကိုယ်ကောင် ဖြစ်၍နေသော မြေဓာတ်အစု, ရေဓာတ်အစု, မီးဓာတ်အစု, လေဓာတ်အစုတို့၌ ရှု၍ရသော ဥပစာရရျာန်သည် ဓာတုမနသိကာရရျာန် မည်၏။

ကမ္မဋ္ဌာန်း ၄၀- ပြီး၏။

ခန္ဓာတရား၊ ရုပ်နာမ်တရားတို့ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟု အထင်မှောက်မှား၍ နေကြကုန်သော သတ္တဝါအပေါင်းတို့ကို ထိုအထင်မှ စင်ကြယ်ကင်းလွတ်စေခြင်းငှါ ရုပ်တရားအစု နာမ်တရားအစုတို့ကို ပြသဖြင့် ဆုံးမတော်မူပေ၏။

ရုပ်တရား, နာမ်တရားတို့သည် အကြောင်းမရှိ မိမိအလိုအလျောက်ဖြစ်ကြကုန်သည်ဟူ၍ အထင်မှောက်မှား၍ နေကြသော သတ္တဝါတို့ကို ထိုအထင်မှ စင်ကြယ်ကင်းလွတ်စေခြင်းငှါ ပဋိစ္စသမုပ္ပာဒ် အကြောင်းတရား ပဋ္ဌာန်းအကြောင်းတရားတို့ကို ပြသဖြင့် ဆုံးမတော်မူပေ၏။

မိမိသန္တာန်၌ရှိသော စက္ခု, သောတ, ဖဿ, ဝေဒနာ အစရှိသော ထိုရုပ်တရား, နာမ်တရားတို့ကိုပင် မိမိအပိုင် ဥစ္စာဟု တဏှာစွဲလမ်း၍ နေသော သတ္တဝါအပေါင်းတို့ကို ထို "တဏှာ" တရားချုပ်စေခြင်းငှါ ဒုက္ခလက္ခဏာကို ပြသဖြင့် ဆုံးမတော်မူပေ၏။

မိမိသန္တာန်၌ရှိသော စက္ခု, သောတ, ဖဿ, ဝေဒနာ- အစရှိသော ရုပ်တရား, နာမ်တရားတို့ကိုပင်လျှင် ငါငါ-ဟု မာန်ဖြင့် စွဲလမ်း၍နေသော သတ္တဝါအပေါင်းတို့ကို ထို မာန" တရားချုပ်စေခြင်းငှါ အနိစ္စလက္ခဏာကို ပြသဖြင့် ဆုံးမတော်မူပေသည်။

မိခင်ရောဝတီ

http://www.dhammadownload.com



မိမိသန္တာန်ရှိသော စက္ခု, သောတ, ဖဿ, ဝေဒနာ အစရှိသော ထိုရုပ်တရား, နာမ်တရားတို့ကိုပင်လျှင် ငါ၏ကိုယ်, ငါ၏ကိုယ်ဟု ဒိဋ္ဌိဖြင့် စွဲလမ်း၍နေသော သတ္တဝါအပေါင်းတို့ကို ထို "ဒိဋ္ဌိ" တရားချုပ်စေခြင်းငှါ အနတ္တ လက္ခဏာကို ပြသဖြင့် ဆုံးမတော်မူပေ၏။

ဤသို့လျှင် ဆုံးမထိုက်သော သတ္တဝါ အပေါင်းတို့ကို ဆုံးမကြသော သူအပေါင်းတို့ထက် အတုမရှိ မြတ်တော်မူသည်၏ အဖြစ်ကြောင့် အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ **အနုတ္တရော ပုရိသ ဒမ္မာသာရထိ** ဟူသောအမည်နာမ ဝိသေသကို ရတော်မူပေ၏။

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ ခပ်သိမ်းသော သတ္တဝါတို့ကို ဆုံးမတတ် သော သူတို့ထက် အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရား။

## (၇) တ္တတိပိ သော ဘဂဝါ သတ္ထာဒေဝ မနုဿနံ

**အနက်။** ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စိရကာလံ၊ ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော် မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္တတိပိ၊ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် တည်းဟူသော ဘေးမျိုး သောင်းကျန်း လမ်းမှား လမ်းဆိုးမှ သတ္တဝါ အပေါင်းတို့ကို ထုတ်ဆောင်တော်မူပြီးလျှင် နိဗ္ဗာန်တည်းဟူသော ဘေးမျိုးကင်းကွာ ချမ်းသာရာသို့ ပို့ဆောင်ကယ်တင်တော်မူပေ၏။

အလွန်လိမ္မာလှစွာသော လှည်းမှူးကြီးသဖွယ် ဖြစ်ပါပေ၏။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပာဒ် စက်ရဟတ် ဟူသည်ကား

၁။ လူ နတ် ဗြဟ္မာ ခန္ဓာငါးပါးတို့၌ရှိသော အနိစ္စဘေး၊ ဒုက္ခဘေး၊ အနတ္တဘေးတို့ကို ဖုံးဝှက်ကွယ်ကာ၍ နေသော အဝိဇ္ဇာတည်း ဟူသော အမှောင်ဓာတ်ကြီး တစ်ခုသည် သတ္တဝါတို့၏ စိတ်ထဲ၌ အမြဲ ကိန်းဝပ်၍ နေ၏။

၂။ ထိုအဝိဇ္ဇာရှိနေခြင်းကြောင့် ပစ္စုပ္ပန်ခန္ဓာကို သာယာမောက်မားသည့် အတွက် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းစသော အကုသိုလ် မကောင်းမှုတို့ကို ပြုကြကုန်၏။ နောက်ဘဝ ခန္ဓာကို မောက်မားသည့်အတွက် ဒါနအမျိုးမျိုး၊ သီလအမျိုးမျိုး၊ မေတ္တာ စသော ဘာဝနာအမျိုးမျိုးဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏။ ထိုကောင်းမှု၊ မကောင်းမှု ၂-ပါးသည် သင်္ခါရ မည်၏။

၃။ ကောင်းမှု၊ မကောင်းမှုကို ပြုကြသည့်အတွက် သေသည်မှ နောက် ကာလ ဘဝတစ်ပါးတွင် ဝိညာဉ်ဟူသော စိတ်တစ်ခုသည် ဖြစ်ပေါ် လေ၏။

၄။ ဝိညာဉ် ဟူသောစိတ် ဖြစ်ပေါ်လျှင် ထိုဝိညာဉ်၏ တည်နေရာ ရုပ်ခန္ဓာအိမ်နှင့် ဝိညာဉ်၏ အကိုင်းအခက် ဖြစ်ကုန်သော ဖဿ၊ ဝေဒနာ အစရှိသော နာမ်ခန္ဓာတို့သည် တစ်ပြိုင်နက် ဖြစ်ပေါ်ကုန်၏။

၅။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ၂-ပါး ဖြစ်ပေါ်လျှင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော ဟူသော ဒွါရ ၆-ပါး၊ တံခါး ၆-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၆။ ဒွါရ ၆-ပါး ဖြစ်ပေါ်လျှင် ထိုဒွါရ ၆-ပါးတွင် ခိုက်လာ ဆိုက်လာ သော အာရုံ ၆-ပါးတို့ကို စိတ်၏တွေ့ခြင်းဟူသော ဖဿ ၆-ပါး တို့သည် ဖြစ်ပေါ်ကုန်၏။

၇။ ဖဿ ၆-ပါး ဖြစ်ပေါ်လျှင် ထိုအာရုံ ၆-ပါးကို ခံစားမှု စံစားမှုဟူသော ဝေဒနာ ၆-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၈။ ဝေဒနာ ၆-ပါး ဖြစ်ပေါ်လျှင် ခံစား စံစားဖို့ အာရုံ ၆-ပါးကို

http://www.dhammadownload.com



သယာတွယ်တာသော တဏှာ ၆–ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၉။ တဏှာ ၆–ပါး ဖြစ်ပေါ်လျှင် အပြင်းအထန် စွဲလမ်းသော ဥပါဒါန်တရား ၄–ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၁၀။ ဥပါဒါန်တရားစွဲလမ်းမှုကြောင့် ကာယကံ, ဝစီကံ, မနောကံ ဟူသော ကုသိုလ်ကံ ၃–ပါး အကုသိုလ်ကံ ၃–ပါးတို့သည် ဖြစ်ပေါ်လာကုန်၏။

၁၁။ ကုသိုလ်ကံ, အကုသိုလ်ကံ ဖြစ်ပေါ်လျှင် နောက်တစ်ဖန် ဘဝအသစ် ဖြစ်ပေါ်ပြန်၏။

၁၂။ ဘဝသစ် ဖြစ်ပေါ်ပြန်လျှင် အိုခြင်း, သေခြင်း ဘေးကြီး ၂–ပါးတို့သည် အမြဲဖြစ်ပေါ်လာကုန်၏။

ဤကား အနမတဂ္ဂ သံသရာ၌ အစဉ်တစိုက် ဖြစ်ပွား၍နေသော ပဋိစ္စသမုပ္ပါဒ် ရဟတ်စက်ချား လမ်းမှားလမ်းဆိုး အကြောင်းကြီးပေတည်း။

နိဗ္ဗာန်တည်းဟူသော ဘေးမျိုးကင်းကွာ ချမ်းသာရာဟူသည်ကား –

၁။ အကြင်အခါ ကောင်းစွာ အားထုတ်သဖြင့် လူ, နတ်, ဗြဟ္မာ ဤခန္ဓာတို့၌ အနိစ္စဘေးကို မြင်နိုင်သော ဝိဇ္ဇာဉာဏ်, ဒုက္ခဘေးကို မြင်နိုင်သော ဝိဇ္ဇာဉာဏ်, အနတ္တဘေးကို မြင်နိုင်သော ဝိဇ္ဇာဉာဏ် ဤဝိဇ္ဇာဉာဏ် ၃–ပါးသည် စိတ်အစဉ်မှာ ဖြစ်ပေါ်လာ၏။ ထိုအခါ သတ္တဝါတို့၏ သန္တာန်၌ အဝိဇ္ဇာဟူသော အမှောင်ဓာတ်ကြီးသည် ကွယ်ပျောက် ချုပ်ငြိမ်းလေ၏။ ဤအဝိဇ္ဇာချုပ်ငြိမ်းမှုသည် "ဘေးမျိုးကင်းကွာ ချမ်းသာရာ"ဟူသော နိဗ္ဗာန်ကြီး တစ်ခုပေတည်း။

၂။ အဝိဇ္ဇာချုပ်ငြိမ်းလျှင် ကောင်းမှု, မကောင်းမှု တို့သည်လည်း အကုန်ချုပ်ငြိမ်းကုန်၏။ ကုသိုလ်ကောင်းမှုတို့၏ ချုပ်ငြိမ်းမှု, အကုသိုလ်မကောင်းမှုတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်ကြီးတစ်ခုပေတည်း။

၃။ ဤအတူ ဝိညာဉ်ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၄။ နာမ်ရုပ်တို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၅။ ဒွါရ ၆–ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၆။ ဖဿ ၆–ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

http://www.dhammadownload.com



၇။ ဝေဒနာ ၆-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၈။ တဏှာ ၆-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၉။ ဥပါဒါန် ၄-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၁၀။ ကုသိုလ်ကံ, အကုသိုလ်ကံ ၂-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၁၁။ ပဋိသန္ဓေနေခြင်း၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

၁၂။ အိုခြင်း, သေခြင်း ဘေးကြီး ၂-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တစ်ခု။

နိဗ္ဗာန်အပြား ၁၂-ပါး ဖြစ်၏။

စကားအစဉ်အားဖြင့် ၁၂-ပါး ပြားသည်။ တရားကိုယ်အားဖြင့်မူကား အဝိဇ္ဇာ ချုပ်ငြိမ်းမှုနှင့် တစ်ခုတည်း တစ်ချက်တည်းသာလျှင်တည်း။

(ဤကား အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် အမြင်သန်သော ဝိဇ္ဇာဉာဏ် ၃-ပါးကို ရသောအခါ အဝိဇ္ဇာ ဟူသောသံသရာလမ်းစပြတ်၍ ပဋိစ္စသမုပ္ပါဒ်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တည်းဟူသော ဘေးမျိုးကင်းစွာ ချမ်းသာအတိသို့ ပေါက်ရောက်ပုံတည်း။)

ဤသို့ သတ္တဝါတို့ကို သံသရာလမ်း ခရီးကြမ်းမှ ကယ်ထုတ်၍ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာဌာနသို့ ပို့ဆောင်ကယ်တော်မူပေ၍ လိမ္မာလှသော လှည်းမှူးကြီးသဖွယ် ဖြစ်ပေသောကြောင့် သတ္ထာဒေဝမနုဿာန ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

ဒေဝမနုဿာနံ၊ နတ်လူအပေါင်းတို့၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူး၏ ရှင်ကြီး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

## ၈။ ဗုဒ္ဓေါတိပိ သော ဘဂဝါ ဗုဒ္ဓေါ

**အနက်**။ ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊

http://www.dhammadownload.com



ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထော၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ကိုယ်တော်မြတ်လည်း သစ္စာ ၄-ပါး တရားတို့ကို သိတော်မူပေ၏။ သတ္တဝါ အပေါင်းတို့အားလည်း ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ကို ပွားများစေတော်မူသဖြင့် သစ္စာ လေးပါး တရားတို့ကို သိစေတော်မူပေ၏။

## ၃၇-ပါးသော ဗောဓိပက္ခိယတရား ဟူသည်ကား
## သတိပဋ္ဌာန် ၄-ပါး

၁။ မိမိကိုယ်အစု၌ ဖြစ်မှု ပျက်မှုကို ရှုသော ကာယာနုပဿနာ သတိပဋ္ဌာန်။
၂။ မိမိဝေဒနာအစု၌ ဖြစ်မှု ပျက်မှုကို ရှုသော ဝေဒနာနုပဿနာ သတိပဋ္ဌာန်။
၃။ မိမိစိတ်အစု၌ ဖြစ်မှု ပျက်မှုကို ရှုသော စိတ္တာနုပဿနာ သတိပဋ္ဌာန်။
၄။ မိမိလောဘ စသော တရားစုတို့၌ ဖြစ်မှု ပျက်မှုကို ရှုသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

(ဤကား သတိပဋ္ဌာန် ၄-ပါးတည်း။)

## သမ္မပ္ပဓာန် ၄-ပါး

၁။ မိမိတို့သန္တာန်မှာ ကမ္ဘာပထမကြောက်ခဲ့ဖူး၍ အပါယ်သို့ ပစ်ချခြင်းငှါ ဘဝအဆက်ဆက် အစဉ်ပါရှိ၍နေသော ဒုစရိုက် အကုသိုလ် ကံဟောင်းစုကို အကြွင်းမဲ့ ပယ်ခြင်းငှါ လည်းကောင်း,
၂။ ဤဘဝမှ နောက် အနမတဂ္ဂ သံသရာ၌ ဒုစရိုက်တို့ကို မိမိသန္တာန်မှာ တစ်ဖန် မဖြစ်လာစေခြင်းငှါလည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

http://www.dhammadownload.com



၃။ သောတာပန်ဖြစ်ရန် အခွင့်ကိုရည်၍ ဒုစရိုက်ဟောင်း ဒုစရိုက်သစ်ကို ဆိုသည်။ ယခု ရရှိ၍နေသော အာဇီဝဋ္ဌမကသီလ စသော ကုသိုလ်ကံဟောင်းတို့ကို ပရိနိဗ္ဗာန်စံရာ ဘဝဆိုက်အောင် ဘယ်အခါမှာမှ ပျက်ကွက် ဖောက်ပြားခြင်းမရှိ နိယာမအဖြစ်သို့ ရောက်ပြီး ဖြစ်စေခြင်းငှါ လည်းကောင်း,

၄။ ဤသာသနာတော်မြတ်ကြီး၌ ကာမ, ရူပ, အရူပ, လောကုတ္တရာ ကုသိုလ် ၄-မျိုး ရှိသည်တွင် မိမိ မရောက်ဖူးသေး, မရဖူးသေး, မိမိသန္တာန်မှာ လို၍နေသေးသော ကုသိုလ်ကံသစ်မျိုးတို့ကို ယခုဘဝ နေ့ချင်း, ညချင်း, လချင်း, နှစ်ချင်း အမြန်ရထည့်ရောက်ထည့်ခြင်း အကျိုးငှါလည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

ဤ ၄-ပါးသော ဝီရိယတို့ကို အရေကြွင်းစေ, အကြောအခြင် ကြွင်းစေ, အရိုးကြွင်းစေ, အသားအသွေး ကုန်ခန်းလေစေ ဟု အင်္ဂါ ၄-ပါး အခိုင်အမြဲထား၍ ကိစ္စပြီးစီးလိမ့်မည်ဆိုလျှင် အသက်ခန္ဓာကိုမျှ မညှာမတာ အားထုတ်ရာသော အခွင့် ၄-ပါးသည် သမ္မပ္ပဓာန် ၄-ပါး မည်၏။

(ဤကား သမ္မပ္ပဓာန် ၄-ပါးတည်း။)

## ဣဒ္ဓိပါဒ် ၄-ပါး

၁။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ အလွန်ထက်သန်သော ဆန္ဒ ၁-ပါး။

၂။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ အလွန်ထက်သန်သော စိတ်အကြံ ၁-ပါး,

၃။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ အလွန်ထက်သန်သော ဝီရိယ ၁-ပါး,

၄။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ အလွန်ထက်သန်သော ဉာဏ်ပညာ ၁-ပါး,

(ဤကား ဣဒ္ဓိပါဒ် ၄-ပါးတည်း။)

http://www.dhammadownload.com



## ဣန္ဒြေ ၅-ပါး

၁။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ စိတ်မကြည်လင်ခြင်းကို ပယ်နိုင်သော သဒ္ဓိန္ဒြေ ၁-ပါး,

၂။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ စိတ်၏ဆုတ်နစ်ခြင်းကို ပယ်နိုင်သော ဝီရိယိန္ဒြေ ၁-ပါး,

၃။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ စိတ်၏မေ့လျော့ခြင်းကို ပယ်နိုင်သော သတိန္ဒြေ ၁-ပါး,

၄။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ စိတ်၏ပျံ့လွင့်ခြင်းကို ပယ်နိုင်သော သမာဓိန္ဒြေ ၁-ပါး,

၅။ သမထ, ဝိပဿနာ -ဘာဝနာမှုတို့၌ စိတ်၏တွေဝေခြင်းကို ပယ်နိုင်သော ပညိန္ဒြေ ၁-ပါး,

(ဤကား ဣန္ဒြေ ၅-ပါးတည်း။)

## ဗိုလ် ၅-ပါး

၁။ သဒ္ဓါဗိုလ်,

၂။ ဝီရိယဗိုလ်,

၃။ သတိဗိုလ်,

၄။ သမာဓိဗိုလ်,

၅။ ပညာဗိုလ်,

(ဤကား ဗိုလ် ၅-ပါးတည်း။)

## ဗောဇ္ဈင် ၇-ပါး

၁။ သတိပဋ္ဌာန် ကိစ္စရှိသော သတိသမ္ဗောဇ္ဈင် ၁-ပါး,

၂။ နာမ်ရုပ်တရားတို့၌ ဟုတ်မှန်သော လက္ခဏာကို ရှာဖွေ၍ သိနိုင်မြင်နိုင်သော ဓမ္မဝိစယ သမ္ဗောဇ္ဈင် ၁-ပါး,

၃။ သမ္မပ္ပဓာန် ကိစ္စရှိသော ဝီရိယသမ္ဗောဇ္ဈင် ၁-ပါး,

http://www.dhammadownload.com



၄။ ဓမ္မရသတရား အရသာတို့၌ သာယာနှစ်သက်သော ပီတိသမ္ဗောဇ္ဈင် ၁–ပါး,

၅။ ကိုယ်, စိတ် ၂–ပါးတို့၏ ပူပန်ခြင်း ခပ်သိမ်းကို ငြိမ်းစေတတ်သော ပဿဒ္ဓိသမ္ဗောဇ္ဈင် ၁–ပါး,

၆။ တရားအာရုံ၌ တုန်လှုပ်ခြင်း မရှိသော သမာဓိသမ္ဗောဇ္ဈင် ၁–ပါး,

၇။ ဘာဝနာမှုတို့၌ မတွေ့မထောင့် အဖြောင့် ဆောင်ကြဉ်းတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင် ၁–ပါး။

(ဤကား ဗောဇ္ဈင် ၇–ပါးတည်း။)

## မဂ္ဂင် ၈–ပါး

၁။ သစ္စာ ၄–ပါးကို မြင်နိုင်သော သမ္မာဒိဋ္ဌိ ၁–ပါး,

၂။ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ ကြံဖန်ခြင်းဟူသော သမ္မာသင်္ကပ္ပ ၁–ပါး,

၃။ ဝစီဒုစရိုက် ၄–ပါးတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်သော သမ္မာဝါစာ ၁–ပါး,

၄။ ကာယဒုစရိုက် ၃–ပါးတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်သော သမ္မာကမ္မန္တ ၁–ပါး,

၅။ မကောင်းသော အသက်မွေးမှုတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်သော သမ္မာအာဇီဝ ၁–ပါး,

၆။ သမ္မပ္ပဓာန် ကိစ္စရှိသော သမ္မာဝါယမ ၁–ပါး,

၇။ သတိပဋ္ဌာန် ကိစ္စရှိသော သမ္မာသတိ ၁–ပါး,

၈။ ဈာန် ၄–ပါးနှင့် ယှဉ်သော သမ္မာသမာဓိ ၁–ပါး,

(ဤကား မဂ္ဂင် ၈–ပါးတည်း။)

ဤ ၃၇–ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွားများစေတော်မူသဖြင့် သူတစ်ပါးတို့အားလည်း သစ္စာ ၄–ပါးတရားတို့ကို သိစေတော်မူသောအကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

မိခင်ဧရာဝတီ

http://www.dhammadownload.com



ဗုဒ္ဓေါ၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတစ်ဖြာ ၄–သစ္စာကို ဆရာမကူ သယမ္ဘူဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူသော မြတ်စွာဘုရား။

## ၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ

**အနက်**။ ။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စိရကာလံ၊ ၄–သချေ်နှင့် ကမ္ဘာ ၁–သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော် မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် အတုမရှိ ကြီးမြတ် သော ဘုန်းတော် ၆–ပါးနှင့် ပြည့်စုံတော်မူပေ၏။

### ဘုန်းတော် ၆–ပါးကား

၁။ အလိုရှိတိုင်း ဖန်ဆင်းခြင်းငှါ စိတ်တော်ကို အစိုးရခြင်း ဟူသော ဣဿရိယ ဘုန်းတော် ၁–ပါး,

၂။ လောကုတ္တရာ ဂုဏ်ကျေးဇူးဟူသော ဓမ္မ ဘုန်းတော် ၁–ပါး,

၃။ လောက သုံးပါး၌ အတုမရှိ ကျော်စောတော်မူသော ယသဘုန်းတော် ၁–ပါး,

၄။ အတုမရှိ တင့်တယ်သော ကျက်သရေတည်းဟူသော သိရီ ဘုန်းတော် ၁–ပါး,

၅။ အလိုခပ်သိမ်း ပြီးငြိမ်းစေခြင်း တည်းဟူသော ကာမ ဘုန်းတော် ၁–ပါး,

၆။ သတ္တဝါတို့အကျိုးကို အားထုတ်မှု၌ အတုမရှိသော လုံ့လဝီရိယ ရှိတော်မူခြင်း တည်းဟူသော ပယတ္တ ဘုန်းတော် ၁–ပါး။

ဤ ၆–ပါးသော အတုမရှိ ကြီးမြတ်သော ဘုန်းတော်တန်ခိုးတော်တို့နှင့်

http://www.dhammadownload.com



ပြည့်စုံတော်မူသောကြောင့်လည်း။ ဘဂဝါ၊ **ဘဂဝါ** ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

ဘဂဝါ၊ ဘုန်းတော် ၆–ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(ဤကား မြတ်စွာဘုရား၏ ဂုဏ်တော် ၉–ပါး အကျဉ်းပွားများပုံ, အလယ်အလတ် ပွားများပုံ, အကျယ်ပွားများပုံတို့ကို ပြဆိုခြင်းပေတည်း။)

ငင်း ဂုဏ်တော် ၉–ပါး အပြင်–

၁။ စက္ခု ၅–ပါးနှင့် ပြည့်စုံတော်မူခြင်း စက္ခုမန္တဂုဏ်,

၂။ မာရ် ၅–ပါးကို အကြွင်းအကျန်မရှိ အောင်တော်မူသော အစွမ်းသတ္တိတော်ဟူသော ဇိနဂုဏ်,

၃။ ကိုယ်တော်အား ၁၀–ပါး, ဉာဏ်တော်အား ၁၀–ပါးနှင့် ပြည့်စုံတော်မူခြင်း ဒသဗလဂုဏ်,

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့သည် အပ္ပမာဏော ဗုဒ္ဓေါ ဆိုသောအတိုင်း အသင်္ချေယျ, အနန္တ များပြားကုန်၏။

ထိုများပြားသော ဂုဏ်တော်တို့ကို မိမိသဒ္ဓါစွမ်း, ဝီရိယစွမ်း, ဉာဏ်စွမ်း ရှိသည် အားလျော်စွာ သိနိုင်သမျှ သိအောင်လုပ်၍ ဤဂုဏ်တော် ၉–ပါး နည်းတူပင် ဆင်ခြင်အောက်မေ့ရာ၏။

၁–ပါးတည်း ဆင်ခြင်အောက်မေ့သည်ထက် ၂–ပါး, ၃–ပါး, ၄–ပါး, ၅–ပါးစသည်ဖြင့် များစွာအောက်မေ့နိုင်လေ ကောင်းလေဖြစ်၏။ စိတ်အလွန်ကြည်လင်၏။ ဉာဏ်ပွင့်လန်း၏။ အကျိုးအာနိသင် ကြီးမားမြင့်မြတ်၏။

ဤကဲ့သို့ မိမိတို့ သိနိုင်သလောက် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သည်ရှိသော် အလွန် သဒ္ဓါတရား ထက်သန်၏။ မိမိဦးခေါင်းကိုပင် ဖြတ်၍ ပူဇော်ချင်အောင် သဒ္ဓါတရား ဖြစ်တတ်၏။ အလွန် စိတ်ဉာဏ်ကြည်၏။ ဉာဏ်တိုးပွားကြီးရင့်၏။ အလွန် စိတ်တည်ကြည်၏။ ဥပစာရ ဈာန်ကို ရ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## ဥပစာရစျာန် ဟူသည်ကား

၁။ နိမိတ်ရစကောင်းသော ကမ္မဋ္ဌာန်းတို့၌ အစမှစ၍ ပဋိဘာဂ နိမိတ် ဖြစ်ပေါ်သည်တိုင်အောင် ဤအတွင်း ကြည့်ရှုပွားများသော စိတ္တုပ္ပာဒ် ကို ပရိကမ္မဘာဝနာ ဟုခေါ်သည်။

၂။ ပဋိဘာဂနိမိတ် ဖြစ်ပါသည်မှစ၍ အပ္ပနာသို့ မရောက်မီ ဤအတွင်း ကြည့်ရှုပွားများသော စိတ္တုပ္ပာဒ်ကို ဥပစာရဘာဝနာဟု ခေါ်၏။

၃။ ဈာန်စိတ်ကိုကား အာရုံထဲသို့ ဝင်ဘိသကဲ့သို့ စူးစိုက်၍ ဖြစ်ခြင်း ကြောင့် အပ္ပနာဘာဝနာဟု ခေါ်၏။

ဤဘာဝနာ ၃-ပါး၌ -

၁။ ပရိကမ္မဘာဝနာအခိုက်၌ ပါရှိသော သမာဓိကို, ဈာန်ကို ပရိကမ္မ သမာဓိ, ပရိကမ္မဈာန်ဟု ခေါ်၏။

၂။ ဥပစာရဘာဝနာအခိုက်၌ ပါရှိသော သမာဓိကို, ဈာန်ကို ဥပစာရ သမာဓိ, ဥပစာရဈာန်ဟု ခေါ်၏။

၃။ အပ္ပနာအခိုက်၌ ပါရှိသော သမာဓိကို, ဈာန်ကို အပ္ပနာသမာဓိ, အပ္ပနာဈာန်ဟု ခေါ်၏။

ဤကဲ့သို့ ဘာဝနာ ၃-မျိုး၊ သမာဓိ ၃-မျိုး၊ ဈာန် ၃-မျိုး ရှိ၏။

**ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည်ကား** - ဘုရား ဂုဏ်ကျေးဇူးတော်များ သည် အလွန်နက်နဲသိမ်မွေ့သော ပရမတ္ထတရားဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် စိတ်ဉာဏ်ကြည်လင်ခြင်း, ဝမ်းမြောက်ခြင်း, တည် ကြည်ခြင်း ဥပစာရဈာန်, ဥကပစာရသမာဓိမျှကိုသာ ဖြစ်စေနိုင်၏။ အပ္ပနာဈာန်, အပ္ပနာသမာဓိကို မဖြစ်စေနိုင်။ အပ္ပနာဈာန်ကိုကား နိမိတ်အာရုံရကောင်းသော ကမ္မဋ္ဌာန်းမှာမူ ဖြစ်စေနိုင်ကောင်း၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပြီး၏။

http://www.dhammadownload.com



## (ခ) ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အနုဿတိ ၁၀-ပါးတို့တွင် -

**ဓမ္မာနုဿတိ ဟူသည်ကား** - ဘုရားရှင် ဟောကြားတော်မူအပ်သော ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူသော ၃-ပါးသော တရားတော်မြတ်၏။ ဝါ၊ ပရိယတ္တိ, ပဋိပတ္တိ, ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော ၆-ပါးသော တရားတော်မြတ်၏ သွာက္ခာတတာ စသော ဂုဏ်တော်တို့ကို အဖန်ဖန် ဆင်ခြင် အောက်မေ့သော သတိကို ဆိုသည်။

ထိုဓမ္မာနုဿတိကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် တရားတော်မြတ်၏ သွာက္ခာတတာ စသော ဂုဏ်တော် ၆-ပါးကို ကောင်းမွန်စွာ သိ၍ ဘုရားဂုဏ်ကျေးဇူးတော်ကို ဂုဏ်လုံးပေါ်အောင် ထင်ရှားအောင် လောကကြီးနှင့်တကွ မိမိတို့ ရနိုင်ခဲ့သောအဖြစ်, မရနိုင်သော အဖြစ်တို့ကို ဆင်ခြင်၍ အောက်မေ့ရဘိသကဲ့သို့ ထို့အတူ တရားတော်မြတ် ဂုဏ်တော်ကိုလည်း ဂုဏ်လုံးပေါ်အောင်, တန်ဖိုးမဖြတ်နိုင်အောင်, ထင်ရှားအောင် ဆင်ခြင်အောက်မေ့ရမည်။

### ဓမ္မဂုဏ်တော် ၆-ပါး

**၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော,**

**၂။ သန္ဒိဋ္ဌိကော,**

**၃။ အကာလိကော,**

**၄။ ဧဟိပဿိကော,**

**၅။ ဩပနေယျိကော,**

**၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော၊ အစ, အလယ်, အဆုံး ၃-ပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ တရားတော်မြတ်သည်။

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဥ္ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစံရသော ဂုဏ်ကျေးဇူး အထူးနှင့်လည်း ပြည့်စုံပေ၏။

http://www.dhammadownload.com



၃။ အကာလိကော၊ ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံပေ၏။

၄။ ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံပေ၏။

၅။ ဩပနေယျိကော၊ မိမိကာယ အဇ္ဈတ္တတွင် ပါရှိပေါက်ရောက် ကိုယ်တွေ့ မြောက်အောင် ကပ်၍ ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံပေ၏။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိသူ ရှင်, လူအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ၊ အသီးသီးသော မိမိတို့သန္တာန်၌။ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ, ကောင်းလေစွ ဟူ ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသ နှင့်လည်း ပြည့်စုံပေ၏။

**ဘုရားရှိခိုးပြုလုပ်လိုလျှင်။** ။ (တံ၊ ထိုသွာက္ခာတ အစ ဝေဒိတဗ္ဗ အဆုံး ဘဝင်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆-ပါး နှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။)

## သွာက္ခာတ ဂုဏ်တော်

ငါ၏ဆရာ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်မြတ်သည်ကား မိစ္ဆာဒိဋ္ဌိဆရာများ ဟောကြားအပ်သော တရားများကဲ့သို့ “ဒုရက္ခာတ၊ မကောင်းသဖြင့် ဟောကြားသောတရား” မဟုတ်၊ အလွဲအမှား မဟုတ်၊ ဒုက္ခဖြစ်ကြောင်း မဟုတ်၊ စင်စစ် ဖြောင့်မှန်ပေ၏။ ခပ်သိမ်းသော ဒုက္ခကို ပျောက်စေ၍ ချမ်းသာကို ဖြစ်စေတတ်ပေ၏။ ထို့ကြောင့် သွာက္ခာတ၏ ကောင်းစွာ ဟောကြားအပ်သော တရားတော်မြတ်ပေတည်း။

မိစ္ဆာဒိဋ္ဌိ တရားတို့နှင့် ယှဉ်၍, နှိုင်းစာ၍ ဆင်ခြင် အောက်မေ့ရာ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ဤနည်းကိုမှီ၍ ကြွင်းသော ဂုဏ်တော်တို့ကိုလည်း မိစ္ဆာဒိဋ္ဌိတရား လောကီဗာဟိရ တရားတို့နှင့် ယှဉ်၍ ယှဉ်၍၊ နှိုင်းစာ၍ နှိုင်းစာ၍ ဆင်ခြင် အောက်မေ့အပ်၏။ အောက်မေ့ရာ၏။

## သန္ဒိဋ္ဌိက ဂုဏ်တော်

အကြင်တရားသည် သူ့ကို ကြည့်ရှုလျှင် အကျိုးရှိ၏။ ချမ်းသာ ကောင်းကျိုးကို ဖြစ်စေတတ်၏။ ထိုတရားသည် ကြည့်ရှုခြင်းငှါ သင့်သော ထိုက်သော သန္ဒိဋ္ဌိက တရားတည်း။

## အကာလိက ဂုဏ်တော်

အကြင်တရားသည် မိမိကို ပြုကျင့် ကြည့်ရှုလာသော သူအား ချမ်းသာ ကောင်းကျိုးကို ပေးရာ၌ နောက်ခဏမှ နောက်ရက်မှ နောက်လမှဟု အခါကာလ ကို မဆိုင်းငံ့ပဲ ထို မိမိကို ပြုကျင့် ကြည့်ရှုသည်နှင့် တစ်ပြိုင်နက်ပင်လျှင် ချမ်းသာ ကောင်းကျိုးကို ဖြစ်စေ၏။ ပေး၏။ ထိုတရားသည် အခါမလင့် အကျိုးပေးတတ်သော အကာလိက တရားတည်း။

## ဧဟိပဿိက ဂုဏ်တော်

အကြင်တရားသည် သူ့ကို ကြည့်ရှုလျှင် အကျိုးရှိ၏။ ချမ်းသာကောင်း ကျိုးကို ဖြစ်စေတတ်၏။ ပေးတတ်၏။ ထိုတရားသည် လာလှည့် ဤတရားကို ကြည့်ရှုလှည့်ဟု တိုက်တွန်းစေခိုင်းခြင်း အစီအရင်ကို ထိုက်သော ဧဟိပဿိက တရားတည်း။

## ဩပနေယျိက ဂုဏ်တော်

သံသာသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်စေ၍ နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်တတ် သော ဉာဏ်ဖြင့်ကပ်၍ လေ့လာ ရှုက်ဆောင်အပ်သော ဩပနေယျိက တရားတည်း။

http://www.dhammadownload.com



## ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်တော်

ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည် အသီးအသီးသော မိမိတို့သန္တာန်၌ ချမ်းသာလေစွ, ကောင်းလေစွဟု သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ပစ္စတ္တံဝေဒိတဗ္ဗ တရားတည်း။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ၃-ပါး ၆-ပါးသော တရားတော်မြတ်သည် ဤ ၆-ပါးသော ဂုဏ်တို့နှင့် ထိုက်သည်အားလျော်စွာ ပြည့်စုံကြသည်။ ထင်မြင်အောင် ကြည့်ရှုကြရာ၏။

တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတို့သည် အပ္ပမာဏော ဓမ္မော ဆိုသော အတိုင်း ဤ ၆-ပါး အပြင်လည်း အသချေ်ယျ, အနန္တများပြားစွာ ရှိကုန်၏။ တရားတော်မြတ်၏ ဂုဏ်တော်တို့ကို ၁-ပါးထက် ၂-ပါး, ၂-ပါးထက် ၃-ပါး စသည်ဖြင့် များများကြီး သိလေအောင် အောက်မေ့နိုင်လေလေ အကျိုးသာလွန်၍ ကြီးမြတ်လေလေ ဖြစ်၏။

ဤကဲ့သို့ ဆင်ခြင် အောက်မေ့သည်ရှိသော် အလွန်နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း ဖြစ်၏။ အလွန် စိတ်ဉာဏ် ကြည်၏။ အလွန် ဉာဏ်ထက်သန်ကြီးထွား၏။ အလွန် စိတ်တည်ကြည်၏။ ဥပစာရရှာန်ကို ရ၏။

**ဤဓမ္မာနုဿတိ ကမ္မဋ္ဌာန်းသည်လည်း** – တရားတော် ဂုဏ်တော်မြတ်သည် အလွန် နက်နဲသိမ်မွေ့သော ပရမတ္ထဓမ္မတွေဖြစ်၍ နိမိတ်ရကောင်းသော တရား မဟုတ်ခြင်းကြောင့် အပ္ပနာရှာန်ကို မဖြစ်စေနိုင်။

## သွာက္ခာတဂုဏ်တော်အကျယ်

**သုဋ္ဌု အက္ခာတောတိသွာက္ခာတော**။ ။ သုဋ္ဌု၊ ကောင်းစွာ။ အက္ခာတော၊ ဟောကြားအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သွာက္ခာတော်၊ သွာက္ခာတမည်၏။

❀ **မေး**။ ။ ကောင်းစွာ ဟောအပ်သည်ဟူသော အဘယ်နည်း။

✲ **ဖြေ**။ ။ ဤတရားသည် အစ၌လည်းကောင်း, အလယ်၌လည်းကောင်း, အဆုံး၌လည်းကောင်း အနက်နှင့်လည်း ပြည့်စုံ၏။ သဒ္ဒါ, ပုဒ်,

http://www.dhammadownload.com



ဗျည်းနှင့်လည်း ပြည့်စုံ၏။ ဤတရားတော်ဖြင့် မြတ်စွာဘုရားသည် အလုံးစုံပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၏။ ဤသို့လျှင် ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကို သိအပ်၏။

## ချဲ့၍ဆိုဦးအံ့

၁။ တရားတော်သည် အစ၌ ကောင်းခြင်း ရှိသောကြောင့် သွာက္ခာတ မည်၏။

❁ **မေး**။ ။ အစ၌ ကောင်းခြင်းဟူသည် အဘယ်နည်း။

✲ **ဖြေ**။ ။ ထိုတရားသည် ဟောတော်မူသော မြတ်စွာဘုရား၏ ကောင်းသော ဘုရားအဖြစ်သည် တရား၏ အစ၌ ကောင်းခြင်းမည်၏။

❁ **မေး**။ ။ ဘုရား၏ကောင်းသော ဘုရားအဖြစ်ဟူသည် အဘယ်နည်း။

✲ **ဖြေ**။ ။ ဘုရား၏ကောင်းသော ဘုရားဖြစ်ပုံကို ဘုရားဂုဏ်တော် ၉-ပါး ဆိုအပ်ပြီးသောအတိုင်း သိအပ်၏။

❁ **မေး**။ ။ အလယ်၌ ကောင်းမြတ်ခြင်းဟူသည် အဘယ်နည်း။

✲ **ဖြေ**။ ။ တရား၏ ကောင်းမြတ်မှန်ကန်သော တရားဖြစ်မှုသည် အလယ် ကောင်းခြင်း မည်၏။

❁ **မေး**။ ။ တရား၏ ကောင်းမြတ်မှန်ကန်မှုဟူသည် အဘယ်နည်း။

✲ **ဖြေ**။ ။ အနက်အဓိပ္ပါယ်နှင့် ပြည့်စုံမှု, သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံမှုသည် လည်းကောင်း၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ပြခြင်းသည် လည်းကောင်း တရား၏ကောင်းမြတ် မှန်ကန်မှု မည်၏။

❁ **မေး**။ ။ တရားတော်၏ အနက်နှင့် ပြည့်စုံမှု, သဒ္ဒါ ပုဒ် ဗျည်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း။

http://www.dhammadownload.com



## သီလအရာ၌ ရှေးဦးစွာ ပြဆိုပေအံ့

✲ ဖြေ။ ။ ထိုသီလနှင့် စပ်၍ ဟောတော်မူအပ်သော အရာ၌ အကြင်မျှလောက် သဒ္ဒါအစီအစဉ်ကို ပြသော ပုဒ်, ဗျည်းတို့ကို လည်းကောင်း အနက်အဓိပ္ပာယ်ကို ပြသော ပုဒ်, ဗျည်းတို့ကို လည်းကောင်း ရထိုက်ကုန်၏။ ထိုမျှလောက်ကုန်သော သဒ္ဒါပုဒ်, အနက်ပုဒ်တို့ကို လိုလေသေးသည် ဟူ၍ မရှိ၊ အပြည့်အစုံ စီစဉ် ထည့်သွင်း၍သာလျှင် ဟောကြားတော်မူအပ်၏။ ထို့ကြောင့် တရားတော်သည် အနက်နှင့်ပြည့်စုံသည်၊ သဒ္ဒါ, ပုဒ်, ဗျည်းနှင့် ပြည့်စုံသည်မည်၏။

ထို့အတူ သမာဓိနှင့်စပ်၍ ဟောသောအရာ, ပညာနှင့်စပ်၍ ဟောသော အရာတို့၌ ယုတ်လျော့သည် လိုသေးသည်ဟူ၍ မရှိ၊ အပြည့်အစုံ ဖြစ်ကုန်သော သဒ္ဒါပုဒ်, အနက်ပုဒ်တို့နှင့် စီစဉ်၍ ဟောကြားတော်မူအပ်သည်၏အဖြစ်သည် တရားတော်၏ အနက်နှင့်ပြည့်စုံမှု, သဒ္ဒါနှင့်ပြည့်စုံမှု မည်၏။

သီလတရားနှင့်စပ်လျဉ်း၍ ဟောတော်မူသောအခါ အနမတဂ္ဂ သံသရာ ကမ္ဘာအနန္တတို့၌ ကောင်းသော အလေ့အကျင့်ဟု ဆိုအပ်ကုန်သော ကုသလ သီလမျိုးတို့သည် ရှိကုန်၏။

ထိုမျှလောက်ကုန်သော အလေ့ကောင်း, အကျင့်ကောင်း သီလကုသိုလ် အပေါင်းတို့ကို သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံ သိမြင်တော်မူပြီး၍ ကောင်းစွာ ဟောကြားတော်မူအပ်၏။ ထို့ကြောင့် သီလတရားများသည် အနက်နှင့် ပြည့်စုံသည်၊ သဒ္ဒါနှင့် ပြည့်စုံသည် မည်၏။

သမာဓိနှင့် စပ်လျဉ်း၍ ဟောတော်မူရာ, ပညာနှင့်စပ်လျဉ်း၍ ဟောတော် မူရာတို့၌လည်း ဤနည်းအတိုင်း သာတ္ထ, သဗျဉ္ဇန ဖြစ်ပုံကို သိအပ်၏။

ဤဆိုလတ္တံ့သောနည်းကား အနက်နှင့်ပြည့်စုံ, သဒ္ဒါနှင့်ပြည့်စုံ၍ သာတ္ထ, သဗျဉ္ဇန ဖြစ်ပုံနည်း အမြွက်ပေတည်း။

ကုသလ = ကုသိုလ်။ ဤကုသလ ဟူသော စကားသည် ဗျဉ္ဇနပဒ မည်၏။ ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်များသည် ထိုကုသလ ပုဒ်သည် ဟောအပ်သော ကုသလပုဒ်၏ အနက်ဖြစ်သော အတ္ထပဒ မည်ကုန်၏။

http://www.dhammadownload.com



တစ်ဖန် ကာမာဝစရကုသလဟူသောစကားသည် ဗျဉ္ဇနပဒ မည်၏။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ် အစရှိသော ကာမာဝစရကုသိုလ်စိတ် ၈-ပါးသည် ထိုကာမာဝစရ ပုဒ်၏ အနက်ဖြစ်သော အတ္ထပဒ မည်၏။

ရူပါဝစရကုသလစသော စကားတို့၌လည်း ဤနည်းအတိုင်းပင်တည်း။ (ဤကား အဘိဓမ္မာ၌ ဗျဉ္ဇနပဒ, အတ္ထပဒ ခွဲဝေပုံကို နည်းအမြွက်ပေ တည်း။)

## သုတ္တန်နည်းအားဖြင့်

ကုသလဟူသော စကားသည် ဗျဉ္ဇနပဒ မည်၏။ ထိုကုသလ၏ အနက်သဘောဖြစ်သော သုစရိုက် ၁၀-ပါး, ကုသလကမ္မပထ ၁၀-ပါး, ပုညကိရိယာဝတ္ထု ၁၀-ပါးသည် အတ္ထပဒ မည်၏။

(ဤကား သုတ္တန်နည်းအားဖြင့် ဗျဉ္ဇနပဒ, အတ္ထပဒ ခွဲဝေပုံတည်း။)

ဤကဲ့သို့ ဟောတော်မူအပ်သော ကုသိုလ်တရားသည် အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်တို့၌ ဤမည်သော ကပ်ကမ္ဘာတွင်, လောကဓာတ် ပေါင်း အနန္တတို့၌ ဤမည်သော လောကဓာတ်တွင်, ဤမည်သော သတ္တလောကတွင် တစ်စုံတစ်ခုသော ကုသိုလ်မျှလည်း ထိုကုသလဟူသော ဗျဉ္ဇနပုဒ်, အတ္ထပုဒ်တို့ဖြင့် မရေမတွက်သည်မရှိ၊ အနမတဂ္ဂ သံသရာ ကမ္ဘာအနန္တ သတ္တဝါ အနန္တတို့၌ ကုသိုလ်ဟူ၍ ဆိုလျှင် ထိုကုသလပုဒ်အတွင်းသို့ အကျုံးဝင် ကြလေသည်ချည်းသာ ဖြစ်လေ၏။ ကုသိုလ်မှန်လျှင် ကုသလပုဒ်ဖြင့် ဝေဖန်အပ် သည်ချည်းသာ ဖြစ်လေ၏။

(ဤသို့လျှင် ကုသလဓမ္မဟူသော ပုဒ်၏ သာတ္ထ, သဗျဉ္ဇနဖြစ်ပုံ, သဒ္ဒါနှင့် ပြည့်စုံပုံ, အနက်နှင့်ပြည့်စုံပုံကို သိအပ်၏။)

အကုသလာ ဓမ္မာ အစရှိကုန်သော ၈-သောင်း ၄-ထောင်ကုန်သော ဓမ္မက္ခန္ဓာပုဒ် အပေါင်းတို့၌လည်း ဤနည်းအတိုင်း သာတ္ထ, သဗျဉ္ဇန ဖြစ်ပုံကို

http://www.dhammadownload.com



သိရာသတည်း။

❁ **မေး**။ ။ ထိုတရားတော်ဖြင့် အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ် ဗြဟ္မစရိယကို အဘယ်သို့ ပြပါသနည်း။

❁ **ဖြေ**။ ။ (က) ဗြဟ္မဇာလသုတ်၌ ဟောတော်မူအပ်သော စူဠသီလသည်လည်း ဗြဟ္မစရိယမည်၏။ မဇ္ဈိမသီလသည်လည်းကောင်း၊ မဟာသီလသည်လည်းကောင်း ဗြဟ္မစရိယပင် မည်၏။

(ခ) အလုံးစုံသော ဝိနည်းပိဋကတ်၌ ပညတ်တော် မူအပ်သော ဝိနည်းသိက္ခာပုဒ် ဟူသမျှတို့သည်လည်း ဗြဟ္မစရိယ မည်ကုန်၏။

(ဂ) ထိုမှတစ်ပါး အလုံးစုံသော ဣန္ဒြိယသံဝရသီလ၊ အလုံးစုံသော သတိသမ္ပဇဉ္ဉ၊ ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲမှု သန္တောသ၊ အလုံးစုံသော နီဝရဏတရားကို ခွာမှု သမာပတ် ၈-ပါး၊ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ စုတူပပါတဉာဏ် အလုံးစုံသည်လည်း ဗြဟ္မစရိယပင် မည်၏။

(ဃ) သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး၊ ဤဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်လည်း ဗြဟ္မစရိယပင် မည်ကုန်၏။

ပြဆိုအပ်ပြီးသော ဗြဟ္မစရိယတို့၏ အကျိုးဖြစ်ကုန်သော လောကီ အဘိညာဉ် ၅-ပါး၊ ဗိုလ် ၅-ပါးတို့ကိုလည်း ဗြဟ္မစရိယ၌ပင်သွင်း၍ ရေတွက် အပ်ကုန်၏။

မြတ်စွာဘုရားသည် ထိုတရားတော်မြတ်ဖြင့် ဤအလုံးစုံသော ဗြဟ္မစရိယ အကျင့်မြတ်ကို ပြတော်မူ၏။ ထိုသို့ ပြအပ်သော ဗြဟ္မစရိယသည်လည်း စူဠ သီလ စသည်တို့၌ တစ်စုံတစ်ခုမျှ မပြည့်စုံသော ဗြဟ္မစရိယမည်သည် မရှိ၊

http://www.dhammadownload.com



အလုံးစုံ ပြည့်စုံသည်သာ ဖြစ်၏။

ထိုထို ဗြဟ္မစရိယဖြင့် ထိုထို ဆိုင်ရာဆိုင်ရာ ဖြစ်သော ကိလေသာအဖို့ကို ထိုက်သည်အားလျော်စွာ ပယ်ရှားခြင်းကြောင့် မြတ်စွာဘုရား ပြတော်မူအပ်သော ဗြဟ္မစရိယသည် ထက်ဝန်းကျင်မှ စင်ကြယ်သည်မည်၏။

ဤဆိုအပ်ပြီးသော ဗြဟ္မစရိယသည်ကား အနာဂါရိက ဖြစ်သော ရဟန်းတို့နှင့် သက်ဆိုင်သော ဗြဟ္မစရိယပေတည်း။

အိမ်ရာထောင်သူ လူတို့၏ ဗြဟ္မစရိယ၊ နတ်တို့၏ ဗြဟ္မစရိယသည်ကား ၅-ပါးသီလ၊ ၈-ပါးသီလ၊ အဋ္ဌင်္ဂဥပုသ်၊ ၁၀-ပါးသီလပေတည်း။

ဗြဟ္မစရိယနှင့်စပ်သော စကားရပ်၌-

ပုဏ္ဏကဇာတ်တွင် ဒါနကို ဗြဟ္မစရိယဟု ဟောတော်မူ၏။ တိတ္တိရဇာတ်၌ ၅-ပါးသီလကို ဗြဟ္မစရိယဟု ဟောတော်မူ၏။ နေမိကဇာတ်၌ ဥပေါသထသီလကို ဗြဟ္မစရိယဟု ဟောတော်မူ၏။ ၁၀-ပါးသီလကိုကား ၈-ပါးသီလနှင့် အလားတူသောကြောင့် ဗြဟ္မစရိယဟူ၍ ဆိုအပ်၏။

ထိုမှတစ်ပါး ထိုထို သုတ္တန်အရပ်ရပ်တို့၌ အကြင်အကြင် ပုညကိရိယာဝတ္ထုတို့ကို ဆိုင်ရာဆိုင်ရာ၌ ဟောတော်မူ၏။ ထိုအလုံးစုံသော ကုသိုလ် ကောင်းမှုပြုခြင်းနှင့် စပ်ဆိုင်သမျှသော ပုညကိရိယာဝတ္ထုတို့ကို ဗြဟ္မစရိယ၌ သွင်း၍ ရေတွက်အပ်ကုန်၏။

လောက၌ ဤဗြဟ္မစရိယတို့၏ ထင်ရှားရှိနေခြင်းကြောင့် လူတို့ဟူ၍ ထင်ရှားရှိနေကြကုန်၏။ နတ်တို့ဟူ၍၊ ဗြဟ္မာတို့ဟူ၍ ထင်ရှားဖြစ်ပေါ်လျက် ရှိနေကြကုန်၏။ ဘုရားရှင်တို့လည်း ထင်ရှားပွင့်တော်မူကြကုန်၏။ ပစ္စေကဗုဒ္ဓါတို့လည်း ထင်ရှားဖြစ်ပေါ်ကြကုန်၏။ တပည့်သာဝကတို့လည်း ထင်ရှားဖြစ်ပေါ်ကြကုန်၏။ သူတော်ကောင်းတို့ဟူ၍ ထင်ရှားရှိကြကုန်၏။

ဤဗြဟ္မစရိယတို့ကို ကြဉ်ဖယ်၍ ထားကြပါကုန်မူကား လူသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း မရှိနိုင်ကုန်၊ ဘုရား ပစ္စေကဗုဒ္ဓါတို့ ပွင့်ပေါ်နိုင်ရန်မှာ ဆိုဖွယ်ရာမရှိချေ။

အကြင် အယူဝါဒ၊ အကြင် ဘာသာတို့၌-

http://www.dhammadownload.com



မြတ်သောအကျင့်ဟု ဆိုအပ်သော ဗြဟ္မစရိယတို့ကို ပညတ်ခြင်း မရှိကြကုန်၊ ထိုအယူဘာသာတို့၌ သွာက္ခာတ တရားမရှိ၊ ဒုရက္ခာတ မကောင်းသဖြင့် ဆိုအပ်သော တရားသာ ရှိလေသောကြောင့် ထိုအယူဘာသာသို့ ဝင်၍ ကျင့်ကြံအားထုတ်ကြကုန်သော သူတို့သည် ပိတ်ကွယ်သော သုဂတိတံခါး ရှိကြကုန်သည်ဖြစ်၍ များသောအားဖြင့် အပါယ်သို့သာ လားကြလေကုန်၏။

ဤသို့လျှင် တရားတော်မြတ်၏ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှာ စင်ကြယ်သော အကျင့်ကောင်း အကျင့်မြတ်ကို ပြခြင်းသည်ဖြစ်၏။

ဆိုအပ်ပြီးသော စကားရပ်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်မြတ်၏ အနက်သဒ္ဒါနှင့်ပြည့်စုံ၍ သာတ္ထ, သဗျဉ္ဇနအဖြစ်၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ပြသည်၏အဖြစ်ကြောင့် မဇ္ဈေကလျာဏ ဖြစ်ပုံကို သိအပ်သတည်း။

❀ မေး ။ ။ တရားတော်မြတ်၏ အဆုံး၌ ကောင်းခြင်းဟူသည် အဘယ်နည်း။

✲ ဖြေ ။ ။ မြင့်မြတ်သော သာဝကတို့နှင့် ပြည့်စုံခြင်းသည် တရားတော်၏ အဆုံး၌ ကောင်းခြင်းမည်၏။

## သာဝကနှင့် ပြည့်စုံခြင်းဟူသည်ကား

သွာက္ခာတဖြစ်သော တရားတော်ကို ကျင့်ဆောင်ကြကုန်သော တပည့်သာဝကတို့သည် ကျင့်ကြံအားထုတ်အပ်သော ဗြဟ္မစရိယ၏ အကျိုးတို့ကို ကိုယ်တွေ့ဒိဋ္ဌ ရရှိခံစံ ကြရကုန်၍ ထူးသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြသည်ကို သာဝကသမ္ပတ္တိ ဆိုသည်၊ ဤတရားဂုဏ်တော်၌ ဓမ္မ ဆိုသည်ကား သူတော်ကောင်းတို့၏ တရားပေတည်း။ ထိုတရားကို သဒ္ဓမ္မဆိုသည်။

ထိုသဒ္ဓမ္မသည် -

၁။ လောကိယသဒ္ဓမ္မ,

၂။ လောကုတ္တရာသဒ္ဓမ္မအားဖြင့် ၂-ပါးရှိ၏။

ထို ၂-ပါးတို့တွင် -

လောကိယသဒ္ဓမ္မ ဆိုသည်ကား -လောက၌ ရဟန်းပညာရှိတို့သည်လည်း

http://www.dhammadownload.com



ကောင်း၊ ပုဏ္ဏား ပညာရှိတို့သည်လည်းကောင်း၊ လူပညာရှိ နတ်ပညာရှိတို့သည် လည်းကောင်း၊ ဗြဟ္မပညာရှိတို့သည်လည်းကောင်း ဒုစရိုက် ၁၀–ပါးတို့ကို ပညတ် ကြကုန်၏။ သုစရိုက် ၁၀–ပါးတို့ကို ပညတ်ကြကုန်၏။

အကုသလကမ္မပထ ၁၀–ပါးတို့ကို ပညတ်ကြကုန်၏။ ကုသလကမ္မပထ ၁၀–ပါး၊ ပုညကိရိယာဝတ္ထု ၁၀–ပါးတို့ကို ပညတ်ကြကုန်၏။

ကသိုဏ်းစျာန် ၁၀–ပါး၊ အပ္ပမညာစျာန် ၄–ပါး၊ ရူပ–အရူပ သမာပတ် ၈–ပါး၊ လောကီ အဘိညာဉ် ၅–ပါးတို့ကို ပညတ်ကြကုန်၏၊ ဤပစ္စုပ္ပန် လောကကိုလည်း ဟောကြားကြကုန်၏၊ တမလွန်လောကကိုလည်း ဟောကြား ကြကုန်၏။ အပါယ် ၄–ပါးကိုလည်း ဟောကြားကြကုန်၏။

ကာမာဝစရ နတ်ပြည် ၆–ထပ်၊ ရူပဗြဟ္မာဘုံ ၁၆–ထပ်၊ အရူပဘုံ ၄–ထပ်တို့ကိုလည်း ဟောကြားကြကုန်၏။ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ် တို့၏ ရှိခြင်းကိုလည်း ဟောကြားကြကုန်၏။

ဒုစရိုက် ၁၀–ပါး၊ အကုသလ ကမ္မပထရား ၁၀– ပါးတို့သည် အပါယ် ၄–ပါးသို့သွားရန် လမ်းခရီး ဖြစ်ကြကုန်၏။ သုစရိုက် ၁၀–ပါး၊ ကုသလ ကမ္မပထတရား ၁၀–ပါးတို့သည် လူ့ပြည် နတ်ပြည်သို့သွားရန် လမ်းခရီး ဖြစ်ကြ ကုန်၏ ဟူ၍လည်း ပညတ်ကြကုန်၏၊ စျာန်သမာပတ် ၈–ပါးတို့သည် ဗြဟ္မာ့ ပြည်သို့ သွားရန် လမ်းခရီး ဖြစ်ကြကုန်၏ဟူ၍လည်း ပညတ်ကြကုန်၏။

ထိုသို့ ဟောကြား ပညတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် သာမညအားဖြင့် စိတ်သဘော ထင်မြင်ရာ ယံဝါ တံဝါ ပညတ်ဟောကြားကြသည် မဟုတ်ကုန်၊ စျာန် အဘိညာဉ် ရရှိကြကုန်သော ရဟန်း၊ ပုဏ္ဏား၊ တန်ခိုးကြီးသော နတ်၊ ဗြဟ္မာများတို့သည် ဤပစ္စုပ္ပန် လောက၊ တမလွန်လောကကြီးတွေကို ကိုယ်တိုင် သိ၍ မျက်မှောက်ပြုပြီးမှ မှန်သောအတိုင်း ပညတ်ဟောကြားကြကုန်၏။

အချို့သော ပညာရှိတို့သည်လည်း ထိုသို့ အဘိညာဉ်ရပြီးသော ရဟန်း ပုဏ္ဏား စသည်တို့၏အထံမှ တရားကို ကြားနာကြကုန်ပြီးလျှင် ထိုအဘိညာဉ် ရရှိသော ပုဂ္ဂိုလ်တို့၏ ဟောပြောသည့်အတိုင်း ပညတ်ဟောကြားကြကုန်၏၊ ဤသို့ လောကီ၌ ပညာရှိကြကုန်သော ထိုပုဂ္ဂိုလ်မြတ်တို့ ဟောကြားအပ်သော

http://www.dhammadownload.com



တရားသည် လောကိယသဒ္ဓမ္မ မည်၏။

(အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်၌ လောကီပညာရှိကြီးများ ပညတ်ဟောကြား၍ ထားသော ကမ္ဘာစောင့် တရားကြီးများဟူ၍ ဆိုလိုသည်။)

ဤလောကိယသဒ္ဓမ္မသည် -

အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်တို့၌ ထိုထိုကပ်ကမ္ဘာ တည်ဦးစ အခါမှစ၍ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဖြစ်ပေါ်ကြကုန်၏။ အနန္တလောက ဓာတ်တို့၌လည်း ထိုသို့ပင် ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ ကမ္ဘာစောင့် လောကိယသဒ္ဓမ္မ တရားတော်ကြီးများ ထင်ရှားဖြစ်ပေါ်ကြကုန်သောကြောင့်သာလျှင် ထိုကမ္ဘာအစဉ်အဆက်တို့၌လည်းကောင်း, ထိုလောကဓာတ် အနန္တတို့၌လည်းကောင်း လူ့ပြည်ဟူ၍ ထင်ရှားဖြစ်ပေါ်ကြကုန်၏။ နတ်ပြည်, ဗြဟ္မာ့ပြည်ဟူ၍ ထင်ရှားဖြစ်ပေါ် ကြကုန်၏။ ထိုကမ္ဘာစောင့်ဖြစ်သော လောကိယသဒ္ဓမ္မများ မထွန်းကားခဲ့ပါမူကား သုဂတိဘုံများဟူ၍ ဖြစ်ပေါ်နိုင်ရန် အကြောင်းမရှိ။ သုဂတိဘုံသားတို့ဟူ၍ ပေါ်ပေါက်နိုင်ရန် အကြောင်းမရှိ၊ အပါယ်ဘုံနှင့် အပါယ်ဘုံသားတို့ချည်းသာလျှင် ဖြစ်ကြကုန်ရာ၏။

ဤလောကိယသဒ္ဓမ္မသည်လည်း သူနှင့်ဆိုင်ရာ ပရိယာယ်တစ်မျိုးအားဖြင့် အစ၌ ကောင်းခြင်းရှိသည်၊ အလယ်၌ ကောင်းခြင်းရှိသည်၊ အဆုံး၌ ကောင်းခြင်းရှိသည်၊ အနက်နှင့် ပြည့်စုံသည်၊ သဒ္ဒါ, ပုဒ်, ဗျည်းနှင့် ပြည့်စုံသည်၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှာ စင်ကြယ်သော ဗြဟ္မစရိယအကျင့်မြတ်ကို ပြသည်ဟူ၍ ဆိုထိုက်၏။

ထိုစကားရပ်၌ -

❀ **မေး**။ ။ လောကိယသဒ္ဓမ္မ၏ အာဒိကလျာဏ အစ၌ကောင်းခြင်းဟူသည် အဘယ်နည်း။

❀ **ဖြေ**။ ။ ဤပစ္စုပ္ပန် လောကကိုလည်းကောင်း၊ တမလွန် လောကကိုလည်းကောင်း ကိုယ်တိုင်ထိုးထွင်း၍ သိပြီးလျှင် မျက်မှောက်ပြု၍ ပညာရှိ ပုဂ္ဂိုလ်ကြီးတို့ ကောင်းစွာ ဟောကြားအပ်သည်၏ အဖြစ်သည်

http://www.dhammadownload.com



အစ၌ ကောင်းခြင်းမည်၏။

❀ မေး။ ။ မဇ္ဈေကလျာဏ အလယ်၌ကောင်းခြင်းဟူသည် အဘယ်နည်း။

✲ ဖြေ။ ။ ထိုလောကီတရား အားလျော်စွာ အနက်နှင့်ပြည့်စုံမှု, သဒ္ဒါ, ပုဒ်, ဗျည်းနှင့် ပြည့်စုံမှု, အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ကောင်းစွာပြမှုသည် အလယ်၌ ကောင်းခြင်းမည်၏။

❀ မေး။ ။ ပရိယောသာနကလျာဏ အဆုံး၌ ကောင်းခြင်းဟူသည် အဘယ်နည်း။

✲ ဖြေ။ ။ လောကီပညာရှိ ပုဂ္ဂိုလ်ကြီးတို့ ဆုံးမအပ်သောအတိုင်း တရားအစဉ်ကို ကျင့်ကြံကြကုန်သော သူတို့၏ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟု ဆိုအပ်သော သုဂတိလောကသို့ ရောက်၍ သုခချမ်းသာကို ခံစားရမှုသည် လောကီယသဒ္ဓမ္မ၏ ပရိယောသာနကလျာဏ အဆုံး၌ ကောင်းခြင်းမည်၏။

ထိုစကားမှန်၏။ မဟာဂေါဝိန္ဒသုတ်၌ –

ထို ဂေါဝိန္ဒပုဏ္ဏားကြီးသည် တပည့်သာဝကတို့အား ဗြဟ္မာ့ဘုံသို့ ရောက်စိမ့်သောငှါ တရားကို ဟောကြားပေ၏။

အကြင်တပည့်တို့သည် ထိုမဟာဂေါဝိန္ဒ ပုဏ္ဏားကြီး၏ အဆုံးအမသြဝါဒကို အလုံးစုံသိရှိ လိုက်နာ ကျင့်ကြံကြကုန်၏။ ထိုတပည့်တို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်ကာလ၌ ကောင်းသော သူတို့၏ လားရာဖြစ်သော ဗြဟ္မာ့ဘုံသို့ ကပ်ရောက် ဖြစ်ပွားကြလေကုန်၏။

အကြင်တပည့်တို့သည် ထိုဂေါဝိန္ဒပုဏ္ဏားကြီး၏ အဆုံးအမ သြဝါဒကို အလုံးစုံ သိရှိလိုက်နာ ကျင့်ကြံခြင်း မပြုကြကုန်၊ တစ်စိတ်တစ်ဒေသမျှကိုသာ ကျင့်ကြံကြကုန်၏။ ထိုတပည့်တို့သည် အချို့ ဝသဝတ္တီနတ်ပြည်၌ ဖြစ်ကြလေကုန်၏။ အချို့ နိမ္မာနရတိ နတ်ပြည်၊ အချို့ တုသိတာနတ်ပြည်၊ အချို့ ယာမာနတ်ပြည်၊ အချို့ တာဝတိံသာနတ်ပြည်၊ အချို့ စတုမဟာရာဇ် နတ်ပြည် ဖြစ်ကြကုန်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။

http://www.dhammadownload.com



ထိုမှတစ်ပါး အလောင်းတော် ဟတ္ထိပါလ ရှင်ရသေ့ စသော လောကီပညာရှိပုဂ္ဂိုလ်တို့၏ အဆုံးအမဩဝါဒဟု ဆိုအပ်သော လောကီယသဒ္ဓမ္မကို လိုက်နာကြကုန်သော တပည့်သာဝကပေါင်း များစွာတို့၏ နတ်ပြည်၊ ဗြဟ္မာပြည်ဟု ဆိုအပ်သော သုဂတိဘဝတို့၌ ဖြစ်ကြကြောင်းကိုလည်း ထိုထိုကျမ်းဂန် တို့၌ ပြဆိုလျက် ရှိလေ၏။

သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟု ဆိုအပ်သော ဗောဓိ ၃–ပါးဆုကို ဖြည့်ကျင့်ကြကုန်သော အလောင်းတော် ၃–မျိုးတို့သည်လည်း အနမတဂ္ဂ သံသရာ ကမ္ဘာအစဉ်အဆက်မှာ ကမ္ဘာစောင့်တရားကောင်းကြီးတွေဟု ဆိုအပ်သော လောကီယသဒ္ဓမ္မများကို ရှေ့သွားပြုလုပ် ဖြည့်ကျင့်ခြင်းအားဖြင့်သာလျှင် ပါရမီရင့်၍ အဆုံးစွန်၌ မိမိတို့ရည်ရွယ်မှန်းထားချက်အတိုင်း ဆိုင်ရာဆိုင်ရာ ဗောဓိသို့ ရောက်ရှိ ပွင့်ပေါ်ကြလေကုန်၏။

ဤသို့လျှင် လောကီယသဒ္ဓမ္မသည်လည်း ကောင်းခြင်း ၃–ပါးနှင့် ယှဉ်သည်၏အဖြစ်ကြောင့် ထိုက်သည့်အားလျော်စွာ သွာက္ခာတပင် မည်၏ဟူ၍ ဆိုထိုက်ပေသည်။

## သာသနသဒ္ဓမ္မ

**သာသနသဒ္ဓမ္မ ဆိုသည်ကား** –သုညတဟု ဆိုအပ်သော ခန္ဓာ၊ နာမ်၊ ရုပ်၊ ဓာတ်၊ အာယတနတို့နှင့် စပ်သောတရား၊ လက္ခဏာရေး ၃–ပါးနှင့်စပ်သော တရား၊ မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရားနှင့် စပ်သော တရားများပေတည်း။

အဘယ်ကျမ်းဂန်များ၌လာသော တရားမျိုးကဲ့သို့နည်းဆိုလျှင်–

အလုံးစုံသော အဘိဓမ္မာပိဋကတ်, အလုံးစုံသော မဟာနိဒါနသုတ်၊ အလုံးစုံသော နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ အာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂ သံယုတ်၊ ဤသို့စသော ကျမ်းတို့၌ ဟောအပ်သော တရားမျိုးကဲ့သို့တည်း။

ပြဆိုအပ်ပြီးသော ကျမ်းတို့၌ ဟောတော်မူအပ်သော တရားတို့သည်

http://www.dhammadownload.com



သာသနာသဒ္ဓမ္မတို့ မည်ကုန်၏။ ထိုသာသနသဒ္ဓမ္မ၏ ကောင်းခြင်း ၃-ပါးနှင့် ပြည့်စုံပုံကို ရေး၌ပြဆိုအပ်ခဲ့ပြီ။

## အဓိပ္ပာယ်တစ်နည်း

**အဓိပ္ပာယ်တစ်နည်းအားဖြင့်** - ဤမြတ်စွာဘုရား၏ သာသနာတော် ကျမ်းဂန်ဟု ဆိုအပ်သော ပိဋကတ်သုံးပုံတို့၌ လောကိယသဒ္ဓမ္မဟု ဆိုအပ်သော ကမ္မာစောင့်တရားကြီးများကိုလည်း မြတ်စွာဘုရား ထည့်သွင်း၍ ဟောကြားတော်မူအပ်ကုန်၏။

အဘယ့်ကြောင့် ဟောကြားတော်မူပါသနည်းဆိုလျှင်-

၁။ ထိုလောကိယသဒ္ဓမ္မတို့၌ အချို့သော တရားတို့သည် ဤသာသနာတော်ဓမ္မ၏ အာဒိဗြဟ္မစရိယသဖွယ်ဖြစ်၍ ပထမ အခြေခံကျင့်ရန် တရားများ ဖြစ်ကြကုန်၏။

၂။ အချို့သော တရားတို့သည် ဝိပဿနာကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အကြောင်းဖြစ်ကုန်၏။

၃။ အချို့သော တရားတို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ ခံစား သုံးဆောင်နေခြင်းငှါ ဆောင်ရွက်ကြကုန်၏။

၄။ အချို့သော တရားတို့သည် သာသနဓမ္မ၏ ပြည့်စုံခြင်းကို ညွှန်ပြတတ်ကုန်၏။

ထို့ကြောင့် ထိုလောကိယသဒ္ဓမ္မများကို မြတ်စွာဘုရားသည် သာသနာတော်ကျမ်းတို့၌ ထည့်သွင်း၍ ဟောတော်မူရလေသည်။

သို့ဖြစ်၍ ဤသာသနာသဒ္ဓမ္မသည် လောကိယသဒ္ဓမ္မအားဖြင့် အစ၌ ကောင်းခြင်း ရှိ၏။ ရုပ်၊ နာမ်၊ ခန္ဓာ အာယတနတရား၊ ပဋိစ္စသမုပ္ပာဒ် တရား စသည်တို့၌ အစဉ်သိမြင်ခြင်း ထိုးထွင်း၍ သိမြင်ခြင်း တည်းဟူသော အသိဉာဏ် အထူးကို ရရှိခြင်းအားဖြင့် အလယ်၌ ကောင်းခြင်းရှိ၏။ ဖိုလ်တည်းဟူသော ဝိမုတ္တိ၊ နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိရသကို ရရှိခြင်းအားဖြင့် အဆုံး၌ ကောင်း ခြင်းရှိ၏ဟူ၍လည်း ဆိုအပ်၏။

http://www.dhammadownload.com



အကြင်ဘာသာ အယူဝါဒတို့၌ ကမ္ဘာဦးမှစ၍ အစဉ်အဆက် ဆင်းသက်၍လာသော လောကီယသဒ္ဓမ္မများသည် မရှိ။ ထိုဘာသာ အယူဝါဒတို့၌ သွာက္ခာတ ဂုဏ်နှင့် ပြည့်စုံသောတရား၏ မရှိခြင်းကြောင့် လူအပေါင်းတို့ကို များသောအားဖြင့် အပါယ်ဘုံ၌ ပြည့်နှက်ခြင်းကိုသာ ဖြစ်စေကုန်၏ ဟူ၍ မှတ်အပ်၏။

## ဆိုဖွယ်ရာအထူး ရှိပြန်သည်ကား

လူတို့အသက်တမ်းရှည်လျားသော ကပ်ကမ္ဘာကာလတို့၌ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည် ထိုခေတ်အခါ ကမ္ဘာလောကအပေါ်၌ လောကီယသဒ္ဓမ္မဟု ဆိုအပ်သော ကမ္ဘာစောင့်တရားတော်ကြီးများ ထင်ရှားရှိနေကြကုန်သောကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားဓမ္မ ဟောပြ သွန်သင်တော်မူသောအခါ သာသနာတွင်းနှင့် သက်ဆိုင်သော သာသနသဒ္ဓမ္မ တရားစစ်ကြီးများကိုသာလျှင် ဟောကြားတော်မူကြကုန်၏။ လောကီယသဒ္ဓမ္မမျိုးများကို ဟောကြားတော်မူရန် အကြောင်းကြစိုက်တော် မမူကြရကုန်။

တပည့်သား ရဟန်းတို့အား သိက္ခာပုဒ်ပညတ်တော်မူခြင်း၌လည်း ကင်းသော ကြောင့်ကြခြင်း ရှိတော်မူကြကုန်၏။

အကြောင်းကိုဆိုသော် –

> ထိုခေတ်အခါ ကာလသမ္ပတ္တိနှင့် ကြုံကြိုက်သဖြင့် ကမ္ဘာစောင့်ဖြစ်သော လောကီလက်ရိုး တရားကြီးများလည်း ထွန်းကားလျက် ရှိနေဆဲဖြစ်၏ ထိုတရားမျိုးကို အထူးဟောကြားရန် မလို။ လောကီယသဒ္ဓမ္မကြီးတွေ ထွန်းကား နေဆဲအခါဖြစ်၍ ရဟန်းတော်တို့သည်လည်း ပကတိသဘောအားဖြင့် စင်ကြယ် ပြည့်စုံ၍ နေကြကုန်၏။ ထိုသို့ စင်ကြယ်ပြည့်စုံ၍ ကာယကံ၊ ဝစီကံ လုံခြုံသော ရဟန်းတို့အားလည်း သိက္ခာပုဒ်ကို ပညတ်ရန် အကြောင်းလည်း မပေါ်ပေါက်နိုင်။

ထို့ကြောင့် အသက်ရှည်သောခေတ်၌ ပွင့်တော်မူကြသော မြတ်စွာဘုရားတို့သည် သာသနသဒ္ဓမ္မသက်သက်ကိုသာ ဟောကြားတော်မူကြရကုန်သဖြင့်

http://www.dhammadownload.com



နည်းပါးသောကိစ္စ ရှိတော်မူကြကုန်၏။

## ဂေါတမ ဗုဒ္ဓသာသနာ

ဂေါတမမြတ်စွာဘုရားသည်ကား လူတို့အသက်တမ်းအလွန်တိုသော ကာလ ဆုတ်ကပ်ထဲ၌ ပွင့်တော်မူရ၏၊ ညှိုးဖျင်းသော ခေတ်ကာလအခါနှင့် ကြုံကြိုက်သဖြင့် လောကိယသဒ္ဓမ္မကြီးများလည်း များသောအားဖြင့် ပျောက်ကွယ် တိမ်မြုပ်ဆဲဖြစ်၏။ လူပေါင်းတို့သည်လည်း သောင်းကျန်းဆိုးသွမ်းကြကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားဟောတော်မူသောအခါ တိမ်မြုပ် မှေးမှိန်၍နေသော လောကိယသဒ္ဓမ္မကြီးများကိုလည်း အလွန်အရေးကြီးစွာ ဟောကြားတော်မူရမည့် အခွင့်နှင့် ကြုံကြိုက်လျက် ရှိနေတော်မူ၏။

ထို့ကြောင့် တရားဒေသနာကိစ္စဖြင့် လောကိယသဒ္ဓမ္မကို ဟောတော်မူရသည်က တစ်ဖက်၊ သာသနသဒ္ဓမ္မကို ဟောတော်မူရသည်က တစ်ဖက်ကြောင့် အလွန်ကြီး ကြောင့်ကြစိုက်တော်မူရလေ၏။

၁။ လောကိယသဒ္ဓမ္မကို ထုတ်ဖော်ဟောတော်မူရ၏။

၂။ သာသနသဒ္ဓမ္မကိုလည်း တည်ထောင်တော်မူရ၏။

၃။ သောင်းကျန်းဆိုးသွမ်းသော ခေတ်ကာလအတွင်းဖြစ်၍ ရဟန်းတော်တို့အားလည်း သိက္ခာပုဒ် ပညတ်တော်မူရန် အတွက် အလွန်ပင် ကြောင့်ကြစိုက်တော်မူရလေ၏။

(ဤသို့လျှင် တရားတော်၏ကလျာဏ ၃-ပါးနှင့်ပြည့်စုံကြောင်းကို သိရာ၏။)

❀ **မေး**။ ။ ကမ္ဘာစောင့် လောကိယသဒ္ဓမ္မကြီးများသည် လောက၌ များသောအားဖြင့် အဘယ်ကာလတွင် ပျောက်ကွယ်ခြင်းသို့ ရောက်ပါသနည်း။

✲ **ဖြေ**။ ။ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်လာသောအခါမှစ၍ ကမ္ဘာစောင့်တရား လက်ဟောင်းကြီးများ ပျောက်ကွယ်ခြင်းသို့ ရောက်ကြလေကုန်သည်။

❀ **မေး**။ ။ အဘယ်အခါမှစ၍ လောက၌ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်ကြကုန်သနည်း။

http://www.dhammadownload.com



✲ ဖြေ ။ ။ လူတို့အနှစ်တစ်ထောင်သက်တမ်းသို့ ရောက်သောအခါမှစ၍ လောက၌ မှောက်မှားဖောက်ပြန်သော အယူရှိကြကုန်သော မိစ္ဆာဒိဋ္ဌိ ရဟန်း, ပုဏ္ဏားတို့ ပေါ်ကြကုန်သည်ဟူ၍ စက္ကဝတ္တိသုတ်၌ ဟောတော်မူ၏။

❀ မေး ။ ။ မိစ္ဆာဒိဋ္ဌိဟူသည် အဘယ်နည်း။

✲ ဖြေ ။ ။ မိစ္ဆာဒိဋ္ဌိအယူမျိုးသည် ၁၀–ပါးရှိ၏။ ၁၀–ပါးဟူသည်ကား –

၁။ အလှူ၏အကျိုးသည် မရှိ။

၂။ ယဇ်ကြီးပူဇော်မှု (အလှူကြီး၏)၏ အကျိုးသည် မရှိ။

၃။ ယဇ်ငယ်ပူဇော်မှု (အလှူငယ်)၏ အကျိုးသည် မရှိ။

၄။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးသည် မရှိ။

၅။ ဤပစ္စုပ္ပန်လောကလည်း မရှိ။

၆။ တမလွန်လောကလည်း မရှိ။

၇။ အမိ ဟူ၍လည်း မရှိ။

၈။ အဖ ဟူ၍လည်း မရှိ။

၉။ နတ်၊ ဗြဟ္မာစသည်တို့ကဲ့သို့ ဥပပါတ်ပုဂ္ဂိုလ်ဟူ၍လည်းမရှိ။

၁၀။ အကြင်ပုဂ္ဂိုလ်တို့သည် ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း၊ ကိုယ်တိုင် ထိုးထွင်း သိမြင်၍ မျက်မှောက်ပြုကြကုန်ပြီးလျှင် ဟောကြားကြကုန်၏။ ထိုသို့ လောကနှစ်ရပ်ကို အတတ်သိမြင် ဟောကြားနိုင်၍ အညီအညွတ် ကောင်းစွာကျင့်သော ထိုရဟန်း၊ ပုဏ္ဏားမျိုးတို့သည်လည်း လောက၌ မရှိ။

(ဤသည်လျှင် မိစ္ဆာဒိဋ္ဌိ အယူကြီး ၁၀–မျိုးပေတည်း။ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိလည်း ခေါ်သည်။)

ထိုမိစ္ဆာဒိဋ္ဌိကြီးတွေ ပေါ်ပေါက်သည်မှစ၍ လောကီယသဒ္ဓမ္မ ကမ္မာစောင့် လက်ရိုးကောင်း တရားဟောင်းကြီးများသည် အစွန်အဖျား ဖြစ်သော တိုင်းနိုင်ငံ ဇနပုဒ်တို့၌ အလုံးစုံ ကွယ်ပျောက်ကြလေကုန်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ကမ္ဘာ၏ အလယ်ဗဟိုဖြစ်၍ သူတော်ကောင်းတို့ ထွန်းကားရာဖြစ်သော မဇ္ဈိမတိုက်ကြီးအတွင်း၌ များသောအားဖြင့် ကွယ်ပျောက်ကြလေကုန်သည်သာ ဖြစ်၏။ တစ်ခါတစ်ရံ ဘုရားအလောင်းတော်ကြီးများ ပေါ်ပေါက်လာသောအခါ၌သာလျှင် ဘုရားပွင့်တော်မူသောအခါကဲ့သို့ ကြီးစွာသော သမ္မာဒိဋ္ဌိ ခေတ်ကာလကြီး ပေါ်ပေါက်လာ၏။

တစ်ပါး တစ်ပါးသော ဘုရားအလောင်းကြီးတို့၏ ဆုံးမဩဝါဒ ဒေသနာသည် နှစ်ပေါင်း ၆-သောင်း တည်ထွန်း၏ ဟူ၍ အဋ္ဌကထာတို့၌ ဆို၏။

အကြင်တိုင်းနိုင်ငံ ဇနပုဒ်တို့၌ ထိုကမ္ဘာစောင့်တရားကောင်း တရားမှန်ကြီးများသည် အလုံးစုံကွယ်ပျောက်လေ၏။ ထို တိုင်းနိုင်ငံ ဇနပုဒ်တို့၌ အကြင်လူအပေါင်းတို့သည် ထိုမိစ္ဆာဒိဋ္ဌိအယူဆိုးကြီးတို့ကိုသာလျှင် စွဲလမ်းယူငင် ကျင့်ကြံကြကုန်၏။ ထို လူအပေါင်းတို့သည် ဥစ္ဆေဒဒိဋ္ဌိတို့သာလျှင် ဖြစ်ကြလေကုန်၏။

ဥစ္ဆေဒဒိဋ္ဌိ အယူရှိကြလေကုန်သောကြောင့် နောင်တမလွန်လောကကို မယုံကြည်သည့်အတွက် ထို တမလွန်လောကအလို့ငှါ ကုသိုလ်ကောင်းမှုပြုရန် ကြောင့်ကြ မစိုက်ကြကုန်။ ထိုသူတို့သည် စင်စစ်အားဖြင့် အပါယ်သို့သာ လားကြလေကုန်၏။

ထို ဥစ္ဆေဒဒိဋ္ဌိကို မစွဲလမ်းကြကုန်သည်ရှိသော် သဿတဒိဋ္ဌိကို ယူငင်စွဲလမ်းကြလေကုန်၏။ သဿတဒိဋ္ဌိမှာ တမလွန်လောကကို ယုံကြည်၏။ ထိုတမလွန်လောကအတွက် ကြောင့်ကြ စိုက်ကြပါကုန်သော်လည်း တရားကောင်း တရားမှန်မှကင်း၍ ကံကိုယုံကြည်သော ကမ္မဿကတာ ဉာဏ်မျက်စိကွယ်ကြကုန်သောကြောင့် မကိုးကွယ်ထိုက်ရာ၌ ကိုးကွယ်ရာဟူ၍ ရှာမှီးထင်မှတ်၍ နေကြလေကုန်၏။

(ဤအရာ၌ ကိုးကွယ်သည်ဟူသော စကားမှာ သရဏဂုံကဲ့သို့ သံသရာဘေးမှ ကယ်တင်လိမ့်မည်ဟု ထင်မှတ်၍ ကိုးကွယ်ခြင်းကို ဆိုလိုသည်။)

၁။ အချို့သော သူတို့သည် လောကကိုအစိုးရသော အရှင်ကို ဆည်းကပ်ကိုးကွယ်ကြကုန်၏။

၂။ အချို့သော သူတို့သည် မဟာဗြဟ္မာကြီးကို ကိုးကွယ်ဆည်းကပ်

http://www.dhammadownload.com



ကြကုန်၏။

၃။ အချို့သော သူတို့သည် လ–ကို, နေ–ကို, မဟာဒေဝ စသော မိမိတို့ဆိုင်ရာ နတ်တို့ကို, တောကို, တောင်ကို, သစ်ပင်ကြီး ကို, မြစ်ကို ကိုးကွယ်ကြကုန်၏။

ထိုအလုံးစုံကုန်သော ကိုးကွယ်မှုများသည် တစ်စုံတစ်ခုမှ အကျိုးကို မရစေနိုင်သောကြောင့် နိရတ္ထက အချည်းနှီးတို့သာ ဖြစ်ကုန်၏။ အားကိုးပါသော်လည်း ကိုးကွယ်ရာမရောက် ဖြစ်ကြလေကုန်၏။

မိမိတို့ ထင်မြင်စွဲလမ်းသောအတိုင်း ကိုးကွယ်ရာတို့ကို ကိုးကွယ်၍ ဆုတောင်းခြင်း၊ ချီးမွမ်းထောမနာပြုခြင်း၊ နဖူးမြေစိုက်နှင့် ခစားဝပ်တွားခြင်း၊ ပူဇော်လုပ်ကျွေးခြင်း၊ တင်သခြင်း စသောကိစ္စတို့ဖြင့် တစ်သက်တာ ကာလပတ်လုံး ပင်ပန်းကြီးစွာ အားထုတ်ကြပါကုန်သော်လည်း ပင်ပန်းကာမျှသာ အဖတ်တင်ခံရ၍ သေလွန်စုတိကျသောအခါ ကိုးကွယ်ရာမဲ့သော သေခြင်းဖြင့် သေခြင်းဆိုး သေကြရကုန်၏။ တစ်သက်လုံး တစ်ပင်တစ်ပန်းကြီး ခစားပူဇော်ရပြီးသောနောက်ကာလ၌ အပါယ်ဒုဂ္ဂတိသို့သာ လားကြရလေကုန်၏။

နွားမ၏ ဦးချိုဖျားကို နို့ရည်ထွက်မည်အထင်နှင့် ညှစ်သောသူရူး၏ အချည်းနှီး ပင်ပန်းခြင်းကဲ့သို့လည်းကောင်း, မီးကို အလိုရှိသဖြင့် ပိုးစုန်းကြူးကို အပန်းကြီးစွာ ကောက်ရိုးဖြင့် မီးမှုတ်သော သူရူးကဲ့သို့ လည်းကောင်း, ဆီကိုအလိုရှိသဖြင့် သဲတို့ကို ဆီပွတ်သော သူရူးကဲ့သို့ လည်းကောင်း ဖြစ်ကြရလေကုန်၏။

မဇ္ဈိမဒေသ၌ မူလတိုင်းရင်းသားဖြစ်သော ဟိန္ဒူလူမျိုးတို့သည်ကား မဟာဗြဟ္မာကြီးကိုလည်းကောင်း, တစ်ပါးသော ကိုးကွယ်ရာတို့ကို လည်းကောင်း ဆည်းကပ်ကိုးကွယ်ကြကုန်သော်လည်း ကမ္ဘာဦးကစ၍ အစဉ်အဆက် မိရိုးဖလာ ဆင်းသက်၍ လာသောကံ, ကံ၏အကျိုးကို ယုံကြည်သော ကမ္မကိရိယဝါဒကို မစွန့်လွှတ်ကြကုန်၊ ပုညကိရိယဝတ္ထုကိုလည်း ပြုကြကုန်၏။

ဤသို့လျှင် လူတို့၏ အနှစ်တစ်ထောင်တမ်းအခါ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ် ထွန်းကားသည်မှစ၍ လောကိယသဒ္ဓမ္မကြီးသည် အဆင့်ဆင့် အစဉ်အတိုင်း ဆုတ်ယုတ်၍ လာလေ၏။

http://www.dhammadownload.com



ဂေါတမဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်အခါ၌မူကား -

၁။ ပုဏ္ဏားဟုခေါ်သော ဗြဟ္မဏလူမျိုးတို့သည် အထူးထူးသော မိစ္ဆာဒိဋ္ဌိကျမ်းဂန်တို့ကိုသာလျှင် အမှီသဟဲပြု၍ နေကြကုန်၏။

၂။ အိမ်ရာမထောင်ပဲ ရသေ့ ရဟန်း ဇာတိနှင့် ရှိနေကြကုန်သော သူတို့သည်လည်း ဘာသာဝါဒတို့ကို တွေးတောခြင်း၊ စုံစမ်းခြင်း အားဖြင့် ဝိစိကိစ္ဆာတရား တစ်လုံးတစ်ထွေးထွေးနှင့် အယူအထူးထူး ရှိသော မိစ္ဆာဒိဋ္ဌိတို့သာလျှင် ဖြစ်ကုန်၏။

၃။ အိမ်ရာထောင်သော လူ့ဘောင်၌ နေထိုင်ကြကုန်သော မင်းမျိုး၊ သူဌေးမျိုး၊ ကုန်သည်မျိုးတို့သည်ကား မိမိတို့နှင့် စပ်လျဉ်းရာ ပူရဏကဿပ အစရှိကုန်သော တိတ္ထိဆရာကြီး ၆-ဦးတို့ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြကုန်၍ များသောအားဖြင့် မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့သာလျှင် ဖြစ်နေကြလေကုန်၏။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် အလွန်ကြီးကျယ် ထူထပ်လှစွာသော မိစ္ဆာဒိဋ္ဌိ တောကြီးထဲမှထူးကဲစွာ ဘုရားအဖြစ်သို့ ရောက်တော်မူလာရသည်။

ထို့ကြောင့် -

၁။ မိစ္ဆာဒိဋ္ဌိတို့၏ လွှမ်းမိုးချက်ကြောင့် ပျက်စီးတိမ်မြုပ်၍နေသော "လောကိယသဒ္ဓမ္မ" ကမ္မဿကတာ စောင့် လက်ရှိးတရားဟောင်းကြီး တရားကောင်းကြီး တို့ကို တစ်ဖန် အသစ်ဖြစ်ထွန်း ပေါ်ပေါက်လာရလေအောင် များစွာကြောင့်ကြ စိုက်တော်မူပြီး တရားဟောတော်မူခြင်းကိစ္စ၌ လွန်မင်းစွာ ကြိုးစားတော်မူရ၏။

၂။ ကိလေသာတရားတို့ ပြန့်ပွားသောင်းကျန်းသော ခေတ်အတွင်းမှာ ဖြစ်ပေါ်တော်မူလာရသောကြောင့်လည်း ရဟန်းတို့အတွက်နှင့် သိက္ခာပုဒ်တော် အမျိုးမျိုးကို ပညတ်တော်မူရခြင်းကိစ္စ၌လည်း များစွာ ကြောင့်ကြစိုက်တော်မူရ လေ၏။

ပြဆိုအပ်ပြီးသော စကားအစဉ်ကို ဆင်ခြင်သောအားဖြင့် ထိုလောကိယ သဒ္ဓမ္မသည် ဤမြတ်စွာဘုရား၏ သာသနာတော်မှာ၌ အာဒိကလျာဏဟု ဆိုအပ် သော အစ၏ ကောင်းခြင်း ဖြစ်မှုကို ကောင်းစွာသိအပ်လေသတည်း။

သဒ္ဓါကဏ္ဍတဂုဏ်တော် ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## သန္ဒိဋ္ဌိက ဂုဏ်တော်

သာမံ အတ္တနိ ဒဋ္ဌဗ္ဗန္တိ သန္ဒိဋ္ဌံ။ သာမံ၊ ကိုယ်တိုင်။ အတ္တနိ၊ မိမိသန္တာန်၌။ ဒဋ္ဌဗ္ဗံ၊ ရှုအပ် မြင်အပ်သည်လည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌံ၊ သန္ဒိဋ္ဌ မည်၏။

သူတစ်ပါးပြောဟောချက်နှင့် မယုံကြည်မူ၍ ကိုယ်တိုင်ဒိဋ္ဌ ထင်ထင်ရှားရှား တွေ့မြင်အပ်သည်ကို သန္ဒိဋ္ဌ ဆိုသည်။

သန္ဒိဋ္ဌံ သာမညဖလံ ဧတဿတိ သန္ဒိဋ္ဌိကော။ ဧတဿ၊ ထိုတရားတော်အား။ သန္ဒိဋ္ဌံ၊ ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံခံစားရသော။ သာမညဖလံ၊ ရဟန်းအဖြစ်၏ အကျိုး, မဂ်၏အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုတရားတော်သည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်၏။

မျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရသော ရဟန်းအဖြစ်၏ အကျိုး, မဂ်၏ အကျိုးရှိသောကြောင့် သန္ဒိဋ္ဌိက မည်၏ ဟူ၍ ဆိုလိုသည်။

သာမညဆိုသော စကား၌–

ရဟန်းအဖြစ်ကိုလည်းကောင်း, အရိယမဂ်ကိုလည်းကောင်း သာမည ဆိုသည်။ ထိုသာမည၏ အကျိုးသည် သာမညဖလ မည်၏။ ဤတရားတော်ကို ကျင့်ဆောင်လျှင် မျက်မှောက်ဒိဋ္ဌအားဖြင့် ရဟန်းဖြစ်မှု၏အကျိုး သို့မဟုတ် မဂ်၏ အကျိုးများကို ခံစားရသည် ဟူ၍ ဆိုလိုသည်။

ဤသန္ဒိဋ္ဌိက ဟူသော ဂုဏ်ပုဒ်ကို သီလက္ခန်ပါဠိတော် သာမညဖလ သုတ်၌ အကျယ်အားဖြင့် ပြဆိုလျက် ရှိ၏။ ထိုသာမညလဖလ သုတ်၌ ရဟန်း အဖြစ်၏ အကျိုး, အရိယာမဂ်၏အကျိုးများကို သန္ဒိဋ္ဌိက ဟူ၍ ဆို၏။

### ဤဂုဏ်တော်အရာ၌မှုကား

ရဟန်း၏အဖြစ်, အရိယမဂ် ဟူသော အကြောင်းတရားကိုသာ သန္ဒိဋ္ဌိက ဟူ၍ ဆိုသည်။ သာမညနှင့် သာမညဖလသည် အချင်းချင်း မကွေမကွင်းနိုင်သော တရားများ ဖြစ်ကြပေသည်။

ထိုသာမညဖလ သုတ်၌ အဇာတသတ်မင်းသည် မျက်မှောက်၌ ဒိဋ္ဌတွေ့

http://www.dhammadownload.com



ကြုံခံစားရသော ရဟန်းအဖြစ်၏ အကျိုးဟုဆိုအပ်သော သာမညဖလကို မေး လျှောက်လေ၏။

မြတ်စွာဘုရားသည် ဤသို့ ဖြေကြားတော်မူ၏။

တစ်ဦးသော မင်းခယောကျ်ားသည် အသင်မင်းကြီးကို မပန်ကြားပဲ သာသနာဘောင်၌ ရဟန်းပြုလေ၏။ မင်းကြီး သိလေသည်ရှိသော် ထိုမင်းခ ယောကျ်ား၌ အဘယ်သို့ ပြုစီရင်မည်နည်းဆိုလျှင် တစ်စုံတစ်ရာ ဒဏ်ထားခြင်း စသည် အမှုကို မပြုရာ၊ စင်စစ်မူကား မင်းသည်သာလျှင် ထိုရဟန်းကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း၊ ပစ္စည်း ၄–ပါးတို့ဖြင့် ဖိတ်မံခြင်းကို ပြုရာ၏။ ထိုရဟန်းအား တရားနှင့်လျော်သော အစောင့်အရှောက်ကို ပေး၍ စီရင်ရာ၏။

(ဤသည်ကား ရဟန်းပြုလေသော ထိုမင်းခယောကျ်ား၌ ဒိဋ္ဌတွေ့ကြုံ ခံစားရသော ရဟန်းဖြစ်မှု၏ အကျိုးပေတည်း။)

ရဟန်းမပြုမီ ရှေးအဖို့၌ မင်းကြီးကို မိမိက ရှိခိုးရ၏။ ရဟန်း အဖြစ်သို့ ရောက်သောအခါ မိမိကို မင်းကြီးက ရှိခိုးရလေ၏။ မင်း၏ ရှိခိုးခြင်းကို ခံရလေ၏ ဟူ၍ ဟောတော်မူ၏။

**ဤသာမညဖလသုတ်၌** –ရဟန်းအဖြစ်ကို သာမည ဟူ၍ ဆို၏။ ရဟန်းအဖြစ်၏ အကျိုးကို သာမညဖလဟူ၍ ဆို၏။ ရဟန်းအဖြစ်သို့ ရောက်သည် နှင့် တစ်ပြိုင်နက် ခံစားရသော အကျိုးအာနိသင် ဟူ၍ ဆိုသည်။ ဤမျှသည်သာ လျှင် အကျိုးရှိသည် မဟုတ်သေး။

**စင်စစ်သော်ကား** –များလှစွာသော ကာမဂုဏ်၏ အပြစ်ဒေါသ = အာဒီနဝတို့ကို ပယ်ရှား၍ ချမ်းသာစွာနေရခြင်း တည်းဟူသော အကျိုးသည်လည်း ရဟန်းအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံခံစားရသော သာမညဖလ တို့သာလျှင် ဖြစ်ကုန်၏။

ဤနေရာ၌ မူလပဏ္ဏာသ ပါဠိတော် တတိယဝဂ် စူဠဒုက္ခက္ခန္ဓသုတ်, မဟာဒုက္ခက္ခန္ဓသုတ်, မဇ္ဈိမပဏ္ဏာသ ပါဠိတော် စတုတ္ထသုတ်တို့၌ ဟောတော်မူ အပ်သော ကာမဂုဏ်တို့၏ အပြစ်ဒေါသတို့ကို ထုတ်ပြသင့်၏။ ကျယ်အံ့စိုး၍ မပြတော့ပြီ။

မိခင်ရောဝတီ

http://www.dhammadownload.com



ဤသို့လျှင် မြတ်စွာဘုရား၏ သာသနာတော်ဓမ္မသည် မျက်မှောက်ဒိဋ္ဌ၌ ခံစားတွေ့ကြုံရသော ချမ်းသာအကျိုးထူး ရှိလေသောကြောင့် သန္ဒိဋ္ဌိက မည်လေသည်။

သန္ဒိဋ္ဌိက ဂုဏ်တော်ပြီး၏။

## အကာလိက ဂုဏ်တော်

အာဂမေတဗ္ဗော အနာဂတေ ဘဝေ ဖလကာလော ဧတဿာတိ ကာလိကော။ ဧတဿ၊ ထိုတရားအား။ အနာဂတေ ဘဝေ၊ နောင်အနာဂတ်ဘဝ၌။ အာဂမေတဗ္ဗော၊ ဆိုင်းငံ့လင့်မျှော်ရသော။ ဖလကာလော၊ အကျိုးပေးချိန်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ – တသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ကာလိကော၊ ကာလိက မည်၏။

သေသည်၏ အခြားမဲ့ဖြစ်သော နောက်ကာလ၌ အကျိုးပေးလိမ့်မည်ဟူ၍ ထင်စားမျှော်လင့်ရသော တိတ္ထိတို့၏ တရားကိုရစေ။ ထို အညတိတ္ထိတို့၏ တရားသည် ကာလိက မည်၏။

န ကာလိကော အကာလိကော။ ကာလိကော၊ နောင်ကာလ အကျိုးပေးချိန်ကို မျှောင့်လင့်ရသော တရားမျိုးသည်။ န၊ မဟုတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အကာလိကော၊ အကာလိက မည်၏။ မြတ်စွာဘုရား၏ တရားတော်ကိုရစေ၊ ထိုမြတ်စွာဘုရား၏ တရားတော်မြတ်သည် ဤမျက်မှောက် ဘဝ၌ပင်လျှင် ကျင့်သုံးဆောက်တည်သော အခါမှစ၍ ကျင့်စဉ်လမ်းရှိသည့်အတိုင်း အဆင့်ဆင့် ရသင့်ရထိုက်သော "သာမညဖလ" ဒိဋ္ဌ အကျိုးထူး, ဒိဋ္ဌ ချမ်းသာထူးကို ပေးတတ်၏။ ထိုသို့ အခါမလင့် အကျိုးထူး, ချမ်းသာထူးကို ပေးတတ်သောကြောင့် မြတ်စွာဘုရား၏ တရားတော်သည် အကာလိက မည်၏။

ကာလိက, အကာလိက စကားနှင့်စပ်၍ မာရသံယုတ်၌ လာသော သုတ္တန်ကို ထုတ်ဆောင်၍ ပြအပ်၏။

တစ်ရံသောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သီလဝတိ မည်သော ဌာန တောင်ချောင်ကြားတို့၌ သီတင်း သုံးတော်မူသောအခါ များစွာ

http://www.dhammadownload.com



သော ရဟန်းတို့သည်လည်း ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်၌သာနေ၍ မမေ့မလျော့ မပူမပင် ကျွတ်ကျွတ်လွတ်လွတ် ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်၍ နေတော်မူကြကုန်၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သားသည် ပုဏ္ဏားအသွင် ဖန်ဆင်းပြီးလျှင် လာလတ်၍ ထိုရဟန်းတို့ကို ဤသို့ဆိုလေ၏။

**ဒဟရော ဘဝန္တော ပဗ္ဗဇိတာ အနိကီလိတာဝိနော ကာမေသု၊**

**ဘုဥ္ဇန္တု ဘောန္တော မာနုသကေ ကာမေ၊ မာ သန္ဒိဋ္ဌိကံ ဟိတွာ ကာလိကံ အနုဓာဝိတ္ထ။**

ဘဝန္တော၊ အရှင်ရဟန်းတို့။ တုမေ၊ အရှင်တို့သည်။ ဒဟရာ၊ ပျိုမျစ်နုနယ် အရွယ်ငယ်ငယ်တုန်းက။ ပဗ္ဗဇိတာ၊ ရဟန်းပြု၍ လာကြကုန်၏။ ကာမေသု၊ ကာမဂုဏ်တို့၌။ အနိကီလိတာဝိနော၊ သက်ဝင်ပျော်ပါး ခံစားရွှင်မြူး ခဲ့ကြဖူးသည် မဟုတ်ကြပေကုန်။

ဘောန္တော၊ အရှင်တို့။ မာနုသကေ ကာမေ၊ လူ့ပြည်၌ ဖြစ်သော ကာမဂုဏ်တို့ကို။ ဘုဥ္ဇန္တု၊ သုံးဆောင်ခံစားကြကုန်ဦးလော့။ သန္ဒိဋ္ဌိကံ၊ ဒိဋ္ဌတွေ့ကြုံဆဲဖြစ်သော လူတို့ကာမဂုဏ်ချမ်းသာကို။ ဟိတွာ၊ စွန့်ခွာ၍။ ကာလိကံ၊ အချိန်ကာလ စောင့်ဆိုင်းမျှော်လင့်ရသော နတ်တို့ကာမဂုဏ်သို့။ မာ အနုဓာဝိတ္ထ၊ စိတ်ပြေးသွား၍ မနေကြကုန်လင့်။

ထိုမာရ်နတ်၏ စကား၌ –

၁။ သန္ဒိဋ္ဌိက ဆိုသည်မှာ လူ့ဘုံ၌ တွေ့ကြုံ၍နေသော လူတို့ ကာမဂုဏ်ကို ရည်၍ဆိုသည်။

၂။ ကာလိက ဆိုသည်မှာ သေသည်မှ နောက်ကာလ၌ ခံစားရမည် ဖြစ်သော နတ်တို့ကာမဂုဏ်ကို ရည်၍ဆိုသည်။

မာရ်နတ်၏ အထင်မှာ ရဟန်းပျိုတို့သည် နောက်ဘဝ၌ ခံစားရန် မျှော်လင့်ရသော နတ်ကာမဂုဏ်တို့ကို အလိုရှိသောကြောင့် တွေ့ကြုံ၍နေသော လူတို့ကာမဂုဏ်ကို စွန့်ပြီးလျှင် တောထွက်ကျင့်ကြံ၍ နေသည်ဟု ထင်သဖြင့် ဤသို့ ဆိုလေသည်။

http://www.dhammadownload.com



ထိုအခါ ရဟန်းတို့က ဤသို့ပြောဆိုကြကုန်၏။ အို..... ပုဏ္ဏားငါတို့သည် ဒိဋ္ဌတွေ့ကြုံရသော လူတို့ကာမဂုဏ်ကို စွန့်၍ စောင့်ဆိုင်းမျှော်လင့်ရသော နတ်တို့ကာမဂုဏ်သို့ စိတ်ပြေးသွား၍ နေကြကုန်သည်မဟုတ်။ ငါတို့သည် စောင့်ဆိုင်းမျှော်လင့်ရသော ကာမဂုဏ်တို့ကို စွန့်၍ မျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရသော သာမညဖလ ရဟန်းအဖြစ်၏ အကျိုးထူးဆီသို့သာလျှင် စိတ်ပြေးဝင်၍ နေကြကုန်၏။

အို..... ပုဏ္ဏား၊ ကာမဂုဏ်တရားတို့သည် စင်စစ်အားဖြင့် စောင့်ဆိုင်းမျှော်လင့်ရသော ကာလိကတို့မည်ကုန်၏ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူ၏။ ကာမဂုဏ်တို့သည် များသော ဒုက္ခရှိကုန်၏။ များသောပင်ပန်းခြင်းရှိကုန်၏။ ဤကာမဂုဏ်တို့၌ အပြစ်တို့သည် အလွန်များပြားကုန်၏။

အို...... ပုဏ္ဏား၊ ဤကျင့်ကြံအားထုတ်အပ်သော ရဟန်းတရားသည် မျက်မှောက်ဒိဋ္ဌ ခံစားအပ်သော အကျိုးရှိ၏။ အခါမလင့် အကျိုးပေးတတ်၏ဟူ၍ ဆိုကြကုန်၏။

ထိုစကား၌ ရှေးရှေးဘဝတို့၌ ကံကိုပြု၍ နောက်နောက်ဘဝတို့၌ ရရှိခံစားအပ်ကုန်သောကြောင့် အလုံးစုံသော လူ့ကာမဂုဏ်, နတ်ကာမဂုဏ်တို့ကို ကာလိက ဟူ၍ ဆိုသည်။

(နောင်အနာဂတ်ဘဝ၌ ရရှိခံစားရန် မျှော်လင့်ရသော တရားမျိုးဟူ၍ ဆိုလိုသည်။)

တို့အရာ၌ ဗုဒ္ဓဘာသာတရားနှင့် သာသနာတော်မှအပဖြစ်သော အညတိတ္ထိယတရား ၂-ပါးတို့၏ အထူးကို ပြဆိုဦးအံ့။

၁။ ကာလိက ဟူ၍ ဆိုလျှင် အကျိုးကို စောင့်ဆိုင်းမျှော်လင့်ရသော တရား။

၂။ အကာလိက ဟူ၍ ဆိုလျှင် လက်ငင်းဒိဋ္ဌအကျိုးပေးသော ဗုဒ္ဓဘာသာတရားဟူ၍ မှတ်လေ။

ဗုဒ္ဓဘာသာမှတစ်ပါးသော တိတ္ထိတို့၏တရားသည် ကာလိက ဖြစ်၏။ ဗုဒ္ဓဘာသာတရားတော်မြတ်သည် အကာလိက ဖြစ်၏။

http://www.dhammadownload.com



❀ **မေး။** ။ တိတ္ထိတို့၏ တရားသည် အဘယ်သို့ကာလိကမျိုး ဖြစ်သနည်း။

❀ **ဖြေ။** ။ သဗ္ဗညုတ ဂုဏ်တော်တို့တွင် ပြဆိုခဲ့ပြီးသော နည်းအားဖြင့် တိတ္ထိတို့၏ တရား၌ အလုံးစုံပြည့်စုံသော အကျင့်သီလဟု ဆိုအပ်သော ဗြဟ္မစရိယလည်း မရှိ၊ ဈာန်သမာပတ်ဟု ဆိုအပ်သော ဗြဟ္မစရိယလည်း မရှိ၊ လောကုတ္တရာမဂ်ဟု ဆိုအပ်သော ဗြဟ္မစရိယလည်း မရှိ၊ ရှေး၌ ပြဆိုခဲ့ပြီးသော လောကိယသဒ္ဓမ္မ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကမ္မာစောင့် တရားကောင်း တရားမှန်ကြီးများပင်သော်လည်း မရှိကြကုန်။

ထို့ကြောင့် ပြဆိုခဲ့ပြီးသော အဆင့်ဆင့် မှန်မြတ်ကုန်သော မျက်မှောက်ဘဝ၌ ကိုယ်တွေ့ဒိဋ္ဌ ခံစားအပ်ကုန်သော သာမညဖလဟု ဆိုအပ်ကုန်သော ချမ်းသာသုခတို့သည်လည်း မရှိကုန်၊ သေသည်မှ အခြားမဲ့ဖြစ်သော နောက်ကာလ၊ နောက်ဘဝတို့၌ အထက် ကောင်းကင်ဘုံသို့ရောက်၍ နိစ္စချမ်းသာ၊ ထာဝရချမ်းသာကို ရရှိခံစားရလတ္တံ့ဟူ၍ အမြဲအစွဲ မှတ်ယူပြီးလျှင် ဤပစ္စုပ္ပန်ဘဝ၌ အသက်ထက်ဆုံး ထာဝရအရှင်ကို လည်းကောင်း၊ လောကကို အစိုးရသော ဣဿရအရှင်ကို လည်းကောင်း၊ မဟာဗြဟ္မာကြီးကိုလည်းကောင်း ဂရုတစ်စိုက် အပင်တပန်း ရှိသေညွှတ်တွား ခစားဆည်းကပ်ခြင်း စသော အတ္တကိလမထာနုယောဂ = ကိုယ်ပင်ပန်းကြောင်းဖြစ်သော အကျင့်ကို ပြုကျင့်လိုက်စားရုံမျှသာ ဖြစ်၏။

ဗုဒ္ဓသာသနာတော်မှအပ၌ ကိုးကွယ်ရာမဟုတ်သည်တို့ကို ကိုးကွယ်အားထားရာ ဝတ္ထုတို့ဟူ၍ မှတ်ထင်ကြကုန်ပြီးလျှင် ဆုတောင်းခြင်းအလုပ်၊ ဝပ်တွားခစားခြင်းအလုပ်၊ ချီးမွမ်းထောမနာခြင်း အလုပ်ပိုတွေကိုပြုကျင့်ရုံမျှသာ ဖြစ်၏။

ထို့ကြောင့် တိတ္ထိတို့၏တရားသည် နောင်အနာဂတ်ဘဝ၌ မျှော်လင့်ရသော အကျိုးရှိသည်ဖြစ်၍ ကာလိက မည်သတည်း။

ထိုတိတ္ထိတရားများ၏ နောင်အနာဂတ်ဘဝ၌ မျှော်လင့်အားထားရသော အကျိုးဆိုသည်မှာလည်း ထိုတိတ္ထိတို့၏ အရမ်းမဲ့ ထင်မြင်ယုံကြည်မှတ်ယူ ပြောဆိုခြင်း၏ အစွမ်းအားဖြင့်သာလျှင် ဆိုရသောစကားဖြစ်၏။

**စင်စစ်မူကား** –ထိုတိတ္ထိတို့၏ တရားမှာ လောကိယသဒ္ဓမ္မ များပင်သော်လည်း မရှိလေသောကြောင့် ထိုတိတ္ထိတို့၏ တရားသည် အနန္တရဘဝ၌

http://www.dhammadownload.com



အပါယ်သို့ ကောင်းကောင်းကြီး ဖြောင့်ဖြောင့်ကြီး သွားရန် အကြောင်းသက်သက်မျှသာ ဖြစ်လေ၏။

(ထိုတိတ္ထိတို့၏ တရားသည် ကောင်းကင်ဘုံသို့မျှော်၍ ချိန်ရွယ်ကျင့်ကြံပါသော်လည်း သေသည်မှ နောက်ကာလ၌ အပါယ်ဘုံသို့ ငုံ၍ ခုန်ဆင်းကြရကုန်၏ဟူ၍ ဆိုလိုသည်။)

❀ **မေး**။ ။ ဗုဒ္ဓဘာသာ တရားတော် အဘယ်သို့ အကာလိက ဖြစ်ပါသနည်း။

✲ **ဖြေ**။ ။ ဗုဒ္ဓဘာသာ တရားတော်မှာကား အာဒိကလျာဏ ဟုဆိုအပ်သော လောကိယသဒ္ဓမ္မ၏ဆိုင်ရာ ကောင်းမြတ်သော အကျင့်တို့လည်း ရှိကုန်၏။ ထိုလောကိယသဒ္ဓမ္မထက် လွန်ကဲသော သာသနသဒ္ဓမ္မတို့၌မူကား မြင့်မြတ်သော ဗြဟ္မစရိယနှင့် ထိုဗြဟ္မစရိယ၏ မျက်မှောက်ဒိဋ္ဌဖြစ်သော အကျိုးတို့သည်လည်း သာသနာတော်ဓမ္မ၏ လိုရင်းသဘောအနေအားဖြင့် ထင်ရှားရှိကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ တရားတော်မြတ်သည်ကာ အကာလိကအစစ် ဖြစ်လေသည်။

ဤအရာ၌ စောဒနာစကား ပြောကြားခွင့် ရှိသည်မှာ –

ထို ဗုဒ္ဓဘာသာတရားတော်မြတ်၌ လောကိယသဒ္ဓမ္မများလည်း ထင်ရှားပါဝင် ရှိနေသည်၏အဖြစ်ကြောင့် ထိုလောကိယသဒ္ဓမ္မကြောင့် လူဖြစ်ခြင်း, နတ်ဖြစ်ခြင်း, ဗြဟ္မာဖြစ်ခြင်းတို့သည်လည်း ထင်ရှားရှိကုန်ကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာတရားသည်လည်း အခြားမဲ့ဖြစ်သော ဘဝ၌ သုဂတိ ဘုံဘဝသို့ ရောက်စေတတ်သော ကံတို့ကို ထောက်ဆသောအားဖြင့် နောင်အနာဂတ်၌ မျှော်လင့်ငံ့စားရသော ကာလိက တရားမျိုးပင် ဖြစ်၍ နေသည် မဟုတ်ပါလောဟူ၍ စောဒနာစကား ပြောကြားကုန်ရာ၏။

ထိုစောဒနာစကားသည် တစ်စိတ်တစ်ဒေသအားဖြင့် မှန်ပေ၏။ ထိုသို့ ကာလိကမျိုးပင် ဖြစ်စေဦးတော့ ထိုအခြားမဲ့ဘဝ၌ သုဂတိဘဝသို့ ရောက်ရလိမ့်မည်ဟု မျှော်လင့်ရသော အကျိုးသည် သာသနဓမ္မ၌ လိုရင်းမဟုတ်၊ မျက်မှောက်ဒိဋ္ဌ တွေ့ကြုံရသော သာမညဖလ သန္ဒိဋ္ဌိကတို့သာလျှင် ဗုဒ္ဓဘာသာတရားတော်၌ လိုရင်းအချက် ဖြစ်၏။ ပညာရှိ၍ ပါရမီပြည့်ကြကုန်ပြီးသော ပုဂ္ဂိုလ်မြတ်တို့သည်ကား ထိုကာလိက အကျိုးငှါ ကျင့်ကြံအားထုတ်ကြကုန်သည် မဟုတ်၊

http://www.dhammadownload.com



မျက်မြင်ဒိဋ္ဌ တွေ့ကြုံခံစားရသော အကာလိက အကျိုးငါ့သာလျှင် ကျင့်ကြံအား ထုတ်ကြကုန်သည်။

ယခင်ပြဆိုခဲ့သော မာရသံယုတ်၌ ရဟန်းတို့က ပြန်ပြောသော စကားတွင်

**ကာလိကဉ္စ ခေါ မယံ ဟိတွာ သန္ဒိဋ္ဌိကံ အနုဓာဝါမ။**

ဟူ၍ ဆိုသောစကားကို ထောက်ရာ၏။

ခေါ၊ စင်စစ်။ မယံ၊ ငါတို့သည်။ ကာလိကဉ္စ၊ နောက်ဘဝ၌ မျှော်လင့်အားထားရသော ကာမဂုဏ်အကျိုးကို။ ဟိတွာ၊ စွန့်၍။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်ဒိဋ္ဌတွေ့ကြုံခံစားရသော သာမညဖလ–အကျိုးသို့သာလျှင်။ အနုဓာဝါမ၊ စိတ်ပြေးဝင်သောအားဖြင့် ကျင့်ကြံအားထုတ်ကြကုန်၏။

ထို့ကြောင့် ဤဗုဒ္ဓဘာသာ တရားတော်မြတ်ကို အကာလိကဟူ၍သာလျှင် ဆိုထိုက်၏။

သို့ပင် အကာလိက –စင်စစ်ဖြစ်သော်လည်း အကြင် ပုဂ္ဂိုလ်တို့သည် အကာလိက – အကျိုးငှါ ကျင့်ကြံကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် မဟာဂေါဝိန္ဒသုတ်၌ ဆိုအပ်ပြီးသော နည်းအားဖြင့် အလုံးစုံသော ဤသာသနသဒ္ဓမ္မကို ထိုးထွင်း၍ သိမြင် ပေါက်ရောက်ကြကုန်သည်ရှိသော် အကာလိက အကျိုးအလုံးစုံကို ရရှိကြလေကုန်၏။

အလုံးစုံ မထိုးထွင်း မပေါက်ရောက်နိုင်သော ပုဂ္ဂိုလ်တို့သည်ကား တစ်စိတ်တစ်ဒေသဖြစ်သော အကာလိက အကျိုးကိုရ၍ ဤဘဝ၌ သုဂတိဘုံသို့ ရောက်စေတတ်သော ကံ၏အစွမ်းအားဖြင့် အခြားမဲ့ဘဝ၌ သုဂတိဘုံသို့သာ လားကြရလေကုန်၏။

သာသနာတော်သဒ္ဓမ္မသည် အောက်ထစ်ဆုံးအားဖြင့် သုဂတိဘုံဘဝသို့ လားစေနိုင်၏။ မျက်မှောက်ဒိဋ္ဌ အကာလိက အကျိုးကို ရရှိစေနိုင်သော တရားအမှန်အစစ်ပင် ဖြစ်သော်လည်း ကျင့်ဆောင်အားထုတ်သော ပုဂ္ဂိုလ်တို့၏ ပါရမီအနုအရင့်, ဉာဏ်အနုအရင့် အနန့်အထက်သို့လိုက်၍ အကျိုးကို ဖြစ်စေနိုင်၏။ ဆောင်းဥတုသည် အမှန်အေးသည် ဆိုသော်လည်း အသည်းအသန် အဖျားတက်၍ နေသောသူကို အေးမြစေလိမ့်မည် မဟုတ်သကဲ့သို့တည်း။

http://www.dhammadownload.com



## စောဒနာရန် ရှိပြန်သည်မှာ

ဤဗုဒ္ဓဘာသာတရားတော်၌လည်း အကြင်ပုဂ္ဂိုလ်တို့သည် ကောင်းစွာ မကျင့်ကြကုန်။ ထိုပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အပါယ်သို့ သွားခြင်းတို့လည်း ထင်ရှားရှိကြကုန်သည် မဟုတ်ကုန်လောဟု စောဒနာရန်ရှိ၏။

ထိုစကားမှန်၏။ ထိုသို့ အပါယ်သို့လားကြကုန်ရာ၌ ကောင်းစွာ မကျင့်ကြကုန်သောသူတို့၏ အပြစ်ဒေါသသာလျှင်ဖြစ်၏။ ဗုဒ္ဓဘာသာ တရားတော်၏ အပြစ်မဟုတ်ချေ။ သို့ဖြစ်၍ ကောင်းစွာ မကျင့်ကြံကြကုန်သော သူတို့၏ အပါယ်သို့ လားမှုအတွက်ကြောင့် ဗုဒ္ဓဘာသာတရားတော်ကို အပြစ်ဆိုရန် အကြောင်း မဟုတ်ချေ။

**ဥပမာ** – ပြဒါးဓာတ်, သံဓာတ်တို့သည် ကောင်းစွာ စီရင်နိုင်သော သူတို့အား နေသိဒ္ဓိ, အာယုသိဒ္ဓိ စသော ကိစ္စများကို ပြီးစီးစေနိုင်၏။ ကောင်းစွာ မစီရင်တတ်ပဲ သုံးစွဲသော သူတို့အား အပြစ်ကို ဖြစ်စေတတ်၏။ ထိုသို့ အပြစ်ကို ဖြစ်စေမှု၌ ပြဒါးဓာတ်, သံဓာတ်တို့ကို အပြစ်ဆိုထိုက်သည် မဟုတ်။ ကောင်းစွာ မစီရင်နိုင်သော ပုဂ္ဂိုလ်တို့၏ အပြစ်သာလျှင် ဖြစ်လေသကဲ့သို့တည်း။

**နာနက္ခဏိက ကမ္မပစ္စည်းအရာ၌** – မဂ် ၄–ပါး၌ရှိသော စေတနာသည် အခြားမဲ့ဖြစ်သော ဖိုလ် ၄–ပါးအား အနန္တရ, သမနန္တရ စသော သတ္တိဖြင့် ကျေးဇူးပြု၍ အကျိုးဖြစ်စေခြင်းသည်လည်း တရားတော်မြတ်၏ အခါမလင့် အကျိုးပေးသော အကာလိက ဂုဏ်တော်အစွမ်းပင် ဖြစ်၏ဟူ၍ ဆိုကြကုန်၏။

အကာလိက ဂုဏ်တော် ပြီး၏။

## ဧဟိပဿိက ဂုဏ်တော်

**ဧဟိ ပဿ ဣမံ ဓမ္မန္တိ ဧဝံ ပဝတ္တံ ဧဟိပဿ ဝိဓိံ အရဟတီတိ ဧဟိပဿိကော။** ဧဟိ၊ လာလော့။ ပဿ၊ ရှုလော့။ ဣမံ ဓမ္မံ၊ ဤတရားကို။ ဣတိ ဧဝံ ပဝတ္တံ၊ ဤသို့ဖြစ်သော။ ဧဟိပဿ ဝိဓိံ၊ လာရှုစေသော အစီအရင်ကို။ အရဟတိ၊ ထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဧဟိပဿိကော၊ ဧဟိပဿိက မည်၏။

http://www.dhammadownload.com



တရားတော်မြတ်သည် ကောင်းခြင်း ၃-ရပ်နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ဤအရပ်မှ သည်သို့လာလှည့်, ဤတရားကို ရှုလှည့်ဟူ၍ စီရင်ထိုက်, တိုက်တွန်း နှိုးဆော်ထိုက်သောကြောင့် ဗုဒ္ဓဘာသာ တရားတော်သည် ဧဟိပဿိက မည်၏။

လက်သို့ရောက်သော စကြာမင်း၏ စည်းစိမ်ချမ်းသာကိုပင်သော်လည်း စွန့်ခွာပယ်ပစ်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်းအားဖြင့် လျင်မြန်စွာ လာပါလှည့်၊ လျင်မြန်စွာ လာပြီးလျှင် ဤတရားတော်ကို နာပါလှည့်၊ ဤတရားတော်ကို နာပြီးလျှင် အနက်, သဘောအဓိပ္ပာယ်ကို နက်နက်နဲနဲ စုံစမ်းဆင်ခြင်သော ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်ပါလှည့်ဟူ၍ သွင်းဆောင်ခြင်း, ဆောက်တည်ခြင်းငှါ သင့်လျော်သော တရားတော်မြတ် ဖြစ်သည်ဟူ၍ ဆိုလိုသည်။

❀ **မေး**။ ။ တရားတော်သည် အဘယ်သို့လျှင် လာလှည့်, ရှုလှည့်ဟူသော အစီအရင်ကို ထိုက်ပါသနည်း။

❀ **ဖြေ**။ ။ ဤသို့ စီရင်တိုက်တွန်းသော သူတို့သည် စီရင်တိုက်တွန်းချက်အတိုင်း လာရောက်ကြည့်ရှုကြကုန်သော သူတို့၏ ဝမ်းမြောက်ဝမ်းသာ ပူဇော်သက္ကာရပြုခြင်း, ပြော၍မပြီးနိုင်အောင် ကျေးဇူးကြီးကျယ်စွာတင်ခြင်းတို့ကို ဖြစ်စေနိုင်သောကြောင့် ဤဗုဒ္ဓဘာသာ တရားတော်မြတ်သည် လာလှည့်, ရှုလှည့် ဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်သည်ဟူ၍ မှတ်ရာ၏။

❀ **မေး**။ ။ လာရောက် ကြည့်ရှုသောသူတို့သည် အဘယ်သို့ကျေးဇူးတင်ခြင်း, ပူဇော်ခြင်း, ချီးမွမ်းအံ့သြခြင်းကို ပြုကြပါသနည်း။

❀ **ဖြေ**။ ။ အရှင်သည် အကျွန်ုပ်အားကောင်းသောအမှု ကိစ္စကြီးဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုပေ၏။ အရှင်သည် ဤထူးမြတ်လှစွာသော တရားတော်အတွင်း, သာသနာတော်အတွင်းသို့ သွတ်သွင်းခေါ်ဆောင်ပေ၏။ ထိုသို့ ခေါ်ဆောင်သွတ်သွင်းခြင်းကား ကောင်းသော ခေါ်ဆောင်သွတ်သွင်းခြင်းပေတည်း။ အကယ်၍ ကျွန်ုပ်ကို ဤတရားတော်အတွင်း, ဤသာသနာတွင်းသို့ သွတ်သွင်း ခေါ်ဆောင်ခြင်းကို မပြုပါမူကား အကျွန်ုပ်သည် ဤတရားတော်မှ အပြင်ပ၌ မျက်ကွယ်ဖြစ်၍

http://www.dhammadownload.com



နေရတော့အံ့၊ မိစ္ဆာဒိဋ္ဌိ အဖြစ်နှင့်သာ ဆုံးရှုံးရတော့အံ့၊ ဤတရား တော်မှ အပဖြစ်၍ နေရပါလျှင် အပါယ် ၄-ပါးတည်းဟူသော ဆင်းရဲတွင်းသို့ သက်ဆင်းရတော့အံ့။

အရှင်သည် အကျွန်ုပ်ကို ဤတရားတော်အတွင်းသို့ သွတ်သွင်းခေါ်ဆောင်လျက် အကျွန်ုပ်ကို အပါယ်ဆင်းရဲမှ ကယ်တင်ပေ၏။ ဝဋ္ဋဒုက္ခမှ ထုတ်ဆောင်ပေ၏ဟူ၍ ပူဇော်ချီးမွမ်းခြင်းကို ရရှိကြကုန်၏။ စင်စစ်မှာ ထိုသို့ မြင့်မြတ်သာ ပူဇော်ခြင်း, ချီးမွမ်းခြင်းကို ရသည်မူလည်း ဖြစ်စေ, မရသည်မူလည်းဖြစ်စေ၊ တရားတော်မြတ်သည် စင်စစ် သံသရာမှ ထွက်မြောက်စေတတ်သော နိယျာနိက တရားမျိုး, ပါဠိအရသာ အနက်အရသာနှင့် ပြည့်စုံသော တရားမျိုးဖြစ်သောကြောင့် သူတစ်ပါးတို့၏အကျိုးကို လိုလားတောင့်တလေ့ရှိသော ပညာရှိပုဂ္ဂိုလ်တို့မှန်လျှင် တစ်ပါးသောသူတို့ကို ဤတရားတော်အတွင်းသို့ မချွတ်မယွင်း သွတ်သွင်းသင့် သွတ်သွင်းထိုက်သည်သာလျှင် ဖြစ်၏။ ထိုတရားကို ဆောက်တည် ကျင့်သုံးစေခြင်းငှါ နှိုးဆော်သင့် နှိုးဆော်ထိုက် တိုက်တွန်းသင့် တိုက်တွန်းထိုက်သည်သာလျှင် ဖြစ်၏။

မဟာဝဂ္ဂ သံယုတ်ပါဠိတော် ရာဇကာရာမ ဝဂ်၌လည်း -

ချစ်သား ရဟန်းတို့ - အကြင်မိတ်ဆွေ ခင်ပွန်းတို့ကိုလည်းကောင်း, အကြင် ချစ်ကျွမ်းဝင်သော သူတို့ကိုလည်းကောင်း, အကြင် သွေးချင်းတော်စပ်သော ဉာတိပေါက်ဖော်တို့ကိုလည်းကောင်း သနားငဲ့ညှာကုန်သည်ဖြစ်အံ့၊ ထိုမိတ်ဆွေစသော သူတို့ကလည်း လိုက်နာသင့် လိုက်နာထိုက်ပေသည်ဟူ၍ ထင်မြင်ယုံကြည်ကြကုန်သည် ဖြစ်အံ့။

ချစ်သား ရဟန်းတို့ - ထိုသူတို့ကို သောတာပတ္တိယင်္ဂတရား ၄-ပါးတို့၌ ကောင်းစွာ ဆောက်တည်စေအပ်ကုန်၏။ ကောင်းစွာ သွတ်သွင်းအပ်ကုန်၏။ ကောင်းစွာ ထောက်တည်ရာကို ရစေအပ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ဤတရားဒေသနာတော်ဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် တရားတော်အတွင်းသို့ သွတ်သွင်းသင့် သွတ်သွင်းထိုက် ခေါ်ဆောင်သင့် ခေါ်ဆောင်ထိုက်သော သူများကို ထိုတရားတော်အတွင်းသို့ သိမ်းသွင်းခေါ်

http://www.dhammadownload.com



ဆောင်ရန် နှိုးဆော် တိုက်တွန်းတော်မူသည်။

**သောတာပတ္တိယင်္ဂ တရား ၄-ပါး ဟူသည်ကား**

၁။ ဘုရား၌ အကြွင်းမဲ့ သက်ဝင်ယုံကြည်ခြင်း,

၂။ တရားတော်၌ အကြွင်းမဲ့ သက်ဝင်ယုံကြည်ခြင်း,

၃။ သံဃာတော်တို့၌ အကြွင်းမဲ့ သက်ဝင်ယုံကြည်ခြင်း,

၄။ သီလသိက္ခာတို့ကို ဖြည့်ကျင့်လေ့ရှိခြင်း- ဤ ၄-ပါးတို့ပေတည်း။

(သောတာပန်ဖြစ်ရန် အကြောင်းအင်္ဂါ ဖြစ်သောကြောင့် သောတာပတ္တိယင်္ဂ တရား ခေါ်သည်။)

မြတ်စွာဘုရား ကိုယ်တော်တိုင် "**ဧဟိ ဘိက္ခု**" ခေါ်တော်မူ၍ ရဟန်းအဖြစ်သို့ သိမ်းသွင်းသော အစီအရင်တို့၌လည်း -

**ဧဟိ ဘိက္ခု သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ၊ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။**

ပုဂ္ဂိုလ်တစ်ဦးတည်းကို "**ဧဟိ ဘိက္ခု**" ခေါ်ယူ သိမ်းသွင်းရာ၌ မြတ်စွာဘုရား အသုံးပြုတော်မူသော ဧကဝုစ်စကားတော်ဖြစ်သည်။

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ငါဘုရား ကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ သမ္မာ၊ ကောင်းစွာ မဖောက်မပြန်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လှည့်ပါလော့။

**ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ၊ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။**

ပုဂ္ဂိုလ်အများကို "**ဧဟိ ဘိက္ခု**" ခေါ်ယူ သိမ်းသွင်းတော်မူရာ၌ မြတ်စွာဘုရား အသုံးပြုတော်မူသော ဗဟုဝုစ်စကားတော် ဖြစ်သည်။

ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ငါဘုရား ကောင်းစွာဟောကြားတော်မူအပ်ပြီ။ သမ္မာ၊ ကောင်းစွာ မဖောက်မပြန်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ၊

http://www.dhammadownload.com



ဖြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရထ၊ ကျင့်လည့်ကြကုန်လော့။

ဤသို့လျှင် "**ဧဟိ ဘိက္ခု**" ခေါ်တော်မူ၍ ကိုယ်တော်တိုင် တရားတော်အတွင်း၊ သာသနာတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်တော်မူအပ်သော ဥပသမ္ပဒ ရဟန်းတော်တို့သည်လည်း မြတ်စွာဘုရား လက်ထက်တော်အခါ အသိန်းမက များပြားစွာ ရှိတော်မူကြကုန်၏။

ထို့ပြင်လည်း –

**ဧထ ဘိက္ခဝေ သီလဝန္တော ဟောထ၊ ပါတိမောက္ခသံဝရ သံဝုတာ ဝိဟရထ။**

ဟူ၍ ထိုထိုပါဠိတော်တို့၌ ဟောကြားတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ သီလဝန္တော၊ သီလနှင့်ပြည့်စုံကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ပါတိမောက္ခသံဝရ သံဝုတာ၊ ပါတိမောက္ခသံသရသီလဟု ဆိုအပ်သော ဝိနည်းသိက္ခာပုဒ်တို့ကို လုံခြုံစွာ စောင့်သုံးကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

ဤပါဠိတော်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းတို့ကို ဟောကြားပညတ်တော်မူအပ်သာ တရားတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်တော်မူကြောင်းကို ပြဆို၏။

ရဟန်းတို့ကိုသာ ဤသို့ သိမ်းသွင်းခေါ်ဆောင်တော်မူသည် မဟုတ်၊ အိမ်ရာထောင်သော လူများကိုလည်း –

**ဧထ တုမှေ ကာဠာမာ။** = အို . . ကာဠာမ အမျိုးဖြစ်သော ဒါယကာတို့၊ သင်တို့သည် လာကြကုန်လော့။

**ဧထ တုမှေ သာဠှာ။** = အို . . သာဠှမည်သော ဒါယကာတို့၊ သင်တို့သည် လာကြကုန်လော့။

**ဧထ တုမှေ ဘဒ္ဒိယာ။** = အို . . ဘဒ္ဒိယမည်သော ဒါယကာတို့၊ သင်တို့သည် လာကြကုန်လော့။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ခေါ်ဆောင်ခြင်းအစီအရင်တို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



(ဤကား ဟေတိဟူသော အစီအရင်ကို ပြဆိုသော ပါဠိတော်သာဓကများပေတည်း။)

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ဒုတိယဝဂ်၌ –

**ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ ဌိတာဝ သာ ဓာတု၊ တံ တထာဂတော အဘိသမ္ဗု– ဇ္ဈတိ၊ အဘိသမ္ဗုဇ္ဈိတွာ ဒေသေတိ၊ ပဿထာတိ စာဟ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သာ ဓာတု၊ ဇာတိကြောင့် ဇာရာမရဏ ဖြစ်မှုဟူသော ထိုဓာတ်သဘောသည်။ တထာ ဂတာနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပါဒါ ဝါ၊ ပွင့်တော်မူသော်လည်းကောင်း။ အနုပ္ပါဒါ ဝါ၊ ပွင့်တော် မမူသော်လည်းကောင်း။ ဌိတာဝ၊ တည်လျက် ရှိနေသည်သာလျှင်တည်း။ တံ၊ ဇာတိကြောင့် ဇရာမရဏဖြစ်ခြင်းဟူသော ထိုဓာတ်သဘောကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အဘိသမ္ဗုဇ္ဈတိ၊ ထိုးထွင်း၍ သိတော်မူ၏။ အဘိသမ္ဗုဇ္ဈိတွာ၊ ထိုးထွင်းသိမြင်ပြီး၍ ။ ပဿထ၊ ရှုကြကုန်လော့။ ဣတိစ၊ ဤသို့လျှင်။ အာဟ၊ မြတ်စွာဘုရားဟောကြားတော်မူ၏။

**အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ ပဿထာတိ စာဟ။**

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ တုမှေ၊ သင်တို့သည်။ ပဿထ၊ ရှုကြကုန်လော့။ ဣတိစ၊ ဤသို့လျှင်။ အာဟ၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤပါဠိတော်တို့ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် တရားတော်ကို ရှုကြကုန်လော့ဟု နှိုးဆော်တိုက်တွန်းတော်မူကြောင်းကို သိအပ်၏။

(ဤကား ပဿဟူသော အစီအရင်ကို ပြသော ပါဠိတော်သာဓကများပေတည်း။)

**ဟေတိ, ပဿ** = လာလှည့်, ရှုလှည့်ဟူသော တိုက်တွန်းချက် ၂–မျိုးတို့တွင် **ဟေတိဟူသောပုဒ်ဖြင့်** တရားတော်အတွင်း၊ သာသနာတော်အတွင်းသို့

http://www.dhammadownload.com



သိမ်းသွင်းခေါ်ဆောင်ခြင်း အစီအရင်ကို ပြ၏။

**ပဿဟူသောပုဒ်ဖြင့်** တိုက်တွန်းချက်ဖြင့် ထိုတရားကို ကျင့်ဆောင်အားထုတ်ခြင်း၊ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်း အစီအရင်ကို ပြ၏။

လာလှည့်၊ ရှုလှည့်ဟူသော ထိုတိုက်တွန်းချက် ၂-မျိုးတို့ဖြင့် နှိုးဆော်ခြင်းငှါ ထိုက်သောကြောင့် တရားတော်သည် ဧဟိပဿိကမည်၏။

ဤလောက၌ လာပါလှည့်၊ ကြွပါလှည့်ဟူ၍ ဖိတ်လျှင် ကြွလာသောသူအား ပြုစုကျွေးမွေးခြင်း၊ လှူဒါန်းပူဇော်ခြင်းဖြင့် တစ်စုံတစ်ရာ ဝမ်းမြောက်နှစ်သက်ဖွယ်ရာ ကျေးဇူးပြုနိုင်မှသာလျှင် လာပါ၊ ကြွပါဟူ၍ ပင့်ဖိတ်ခြင်းငှါသင့်လျော်လေသကဲ့သို့။ ထို့အတူ တရားအတွင်းသို့ သိမ်းသွင်းခြင်း အနေအားဖြင့်ဧဟိ လာလှည့်ဟူ၍ ခေါ်ဆောင် ပင့်ဖိတ်လျှင် ထိုတရားအတွင်းသို့ ခိုဝင်ကပ်ရောက်လာသော သူတို့အား အကျိုးများစွာ ဖြစ်ထွန်းစေနိုင်မှသာလျှင် ခေါ်ဆောင်သိမ်းသွင်းသင့်လေသဖြင့် ဧဟိ ဟူသောအစီအရင်ကို ထိုက်သည် မည်၏။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ကလျာဏ ၃-ပါးနှင့် ပြည့်စုံသောတရားတော်သည်ကား -

မိမိအတွင်းသို့ သိမ်းသွင်းခေါ်ဆောင်၍ ရောက်လာသောသူတို့အား အောက်ထစ်ဆုံးအားဖြင့် သုဂတိဘုံဘဝသို့ လားစေနိုင်၏။ အလွန်ဆုံး အကျိုးအားဖြင့် အမြတ်ထက် အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်စေနိုင်၏။ ထိုကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် ဧဟိဟူသော အစီအရင်ဖြင့် နှိုးဆော်ခြင်းကို ထိုက်လေသည်။

ဤလောက၌ တစ်စုံတစ်ခုသော ပွဲသဘင်ကိုဖြစ်စေ၊ တစ်စုံတစ်ခုသော ရတနာကိုဖြစ်စေ၊ တစ်စုံတစ်ခုသော အထူးအဆန်း ပန်းမလ်ဥယျာဉ်တို့ဖြစ်စေ ရှုကြည့်လှည့်ပါဟု နှိုးဆော်တိုက်တွန်းလျှင် ရှုကြည့်သောသူ၏ စိတ်နှလုံးကို ရွှင်စေခြင်း၊ အံ့ဖွယ်သရဲကို ဖြစ်စေခြင်း၊ ရှုမြင်ရသည့်အတွက် ကျေးဇူးတင်စွာနှင့် တစ်သက်လျှာ ကာလပတ်လုံး မှတ်သားလောက်အောင် စိတ်စွဲ၍သွားခြင်း စသော အကျိုးကို ဖြစ်စေနိုင်မှသာလျှင် ရှုလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်လေသကဲ့သို့ ထို့အတူ -

http://www.dhammadownload.com



၁။ တရားကို ရှုလှည့်ပါဟု နှိုးဆော်တိုက်တွန်းလျှင် ဆန်းကြယ်သော အနက်အရသာ၊ ပါဠိအရသာကို ရရှိစေခြင်း၊

၂။ စိတ်သန္တာန်၌ ဓမ္မပီတိကို ရရှိ၍ ငြိမ်သက်ချမ်းသာခြင်း၊

၃။ စိတ်၌ရှိသော အညစ်အကြေးတို့ကို ပယ်ရှားနိုင်ခြင်း၊

၄။ ဉာဏ်ပညာ၏ တိုးတက်ပွင့်လင်းခြင်း၊

၅။ နက်နဲသော တရားသဘောတို့၏ အဖြစ်အပျက်ကို ထိုးထွင်းသိမြင်နိုင်ခြင်း၊

၆။ မိမိ မူလအခြေအနေမှ ထူးသော အခြေအနေသို့ ရောက်ရှိခြင်း၊

စသော သာမညဖလ အကျိုးတို့ကို ရရှိဖြစ်ထွန်းစေနိုင်မှသာလျှင် ရှုလှည့်ပါဟူသော နှိုးဆော်တိုက်တွန်းခြင်းကို ထိုက်သည် မည်၏။

**ဗုဒ္ဓဘာသာတရားတော်မြတ်သည်** – ကျင့်ဆောင်သောသူ၊ ဝိပဿနာဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ဆင်ခြင် ရှုစားသော သူတို့အား ဆိုခဲ့ပြီးသော အကျိုးတို့ကို ရရှိစေနိုင်၏။ ထို့ကြောင့် ရှုလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်လေသည်။

ဤသို့ လာလှည့်ပါ ရှုလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းတို့ ထိုက်သောကြောင့် **ဧဟိပဿိက** ဟူ၍ ခေါ်ထိုက်လေသည်။

**အခြားသော ဘာသာတရားများသည်ကား** – ထိုကဲ့သို့ လာလှည့်ပါ၊ ရှုလှည့်ပါဟူသော အစီအရင်ကို ထိုက်သည် မဟုတ်ချေ။

ထိုသာသနာတော်မှ အပဖြစ်သော တရားများသည်ကား –

လာလှည့်ပါဟု ဆို၍ သိမ်းသွင်းခေါ်ဆောင်လျက် ထိုတရားအတွင်းသို့ ဝင်ရောက်လျှင် ထိုဗာဟိရတရားစုတို့၏ သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည် မဟုတ်သောကြောင့် အသိမ်းအသွင်းခံရသောသူ၊ ဝင်ရောက်သော သူတို့အား အကျိုးမများစေသည့်ပြင် အပါယ်လားခြင်း ဟူသော အပြစ်ကို ရရှိကြစေကုန်၏။ ထို့ကြောင့် လာလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်သည် မဟုတ်ချေ။

ရှုလှည့်ပါ ဆို၍ ကျင့်ကြံရှုစားသောအခါ အနက်အရသာ၊ ပါဠိအရသာ ဓမ္မပီတိ စသော သာမညဖလအကျိုးများကို မရသည့်ပြင် မိစ္ဆာဒိဋ္ဌိ အမှားဖက်သို့

http://www.dhammadownload.com



နက်နက်ကြီး စူးစိုက်သက်ဝင်သွားခြင်း၊ အပါယ်သို့ နက်နက်ကြီး ကျရောက်ရန် မျိုးစေ့တို့ကို အောင်အောင်မြင်မြင် ထူထောင်နိုင်ခြင်းစသော အကျိုးယုတ်တို့ကို ရရှိလေ၏။ ထို့ကြောင့် ထိုမိစ္ဆာတရားများသည် ရှုလှည့်ပါဟူသော အစီအရင်ကို ထိုက်သည် မဟုတ်ချေ။

ဗုဒ္ဓဘာသာ တရားတော်မြတ်သည် လာလှည့်၊ ရှုလှည့် ဟူသော နှိုးဆော်ခြင်းကို ထိုက်သောကြောင့် ထိုအစီအရင်အတိုင်း နှိုးဆော် တိုက်တွန်း သိမ်းသွင်း ခေါ်ဆောင် ပြသ သွန်သင်သော ပုဂ္ဂိုလ်တို့အားလည်း ကုသိုလ်ပုည ပွားစီးခြင်းတည်းဟူသော အကျိုးကို ဖြစ်ပွားစေနိုင်ကုန်သည်။ သာသနာတော်မှ အပဖြစ်သော တရားတို့သည်ကား ထိုကဲ့သို့ လာလှည့်ပါ၊ ရှုလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းကို မထိုက်သောကြောင့် ထိုတရားအတွင်းသို့ ခေါ်ဆောင် သိမ်းသွင်း ပြသ သွန်သင်သော ပုဂ္ဂိုလ်တို့အား မကောင်းမှုပွားခြင်း၊ အပါယ်လားခြင်းစသော အကျိုးယုတ်တို့ကို ဖြစ်ပွားစေနိုင်ကုန်၏။

ထို့ကြောင့် ဧကင်္ဂုတ္တရပါဠိတော် တေရသမဝဂ်၌ –

**ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယော စ သမာဒပေတိ၊ ယဉ္စ သမာဒပေတိ၊ ယော စ သမာဒပိတော တဒတ္တာယ ပဋိပဇ္ဇတိ၊ သဗ္ဗေ တေ ဗဟုံ အပုညံ ပသဝန္တိ၊ တံ ကိဿ ဟေတု၊ ဒုက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။**

**သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ဗဟုံ ပုညံ ပသဝန္တိ၊ တံ ကိဿ ဟေတု၊ သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။**

ဟူ၍ ဟောတော်မူ၏။

**အနက်ကား။** ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒုရက္ခာတေ၊ မကောင်းသဖြင့် ဟောကြားအပ်သော။ ဓမ္မဝိနယေ၊ ဟောအပ်သော တရား, ပညတ်အပ်သော အဆုံးအမ၌။ ယော စ၊ အကြင်သူသည်လည်း။ သမာဒပေတိ၊ နှိုးဆော်တိုက်တွန်း၏။ ယဉ္စ၊ အကြင်သူကိုလည်း။ သမာဒပေတိ၊ နှိုးဆော်တိုက်တွန်း၏။ သမာဒပိတော၊ သိမ်းသွင်း နှိုးဆော်အပ်သော။ ယော စ၊ အကြင်သူသည်လည်း။ တဒတ္တာယ၊ ထိုနှိုးဆော်တိုက်တွန်းအပ်သောအတိုင်း။ ပဋိပဇ္ဇတိ၊ ကျင့်ကြံ

http://www.dhammadownload.com



အားထုတ်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုနှိုးဆော် တိုက်တွန်းသောသူ, နှိုးဆော်တိုက်တွန်းအပ်သော သူတို့သည်။ ဗဟုံ၊ များစွာ။ အပုညံ၊ မကောင်းမှုကို။ ပသဝန္တိ၊ ပွားအောင် ဆည်းပူးကြကုန်၏။

တံ၊ ထိုသို့ဖြစ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဿ၊ မိစ္ဆာတရားများ၏။ ဒုရက္ခာတတ္တာ၊ မကောင်းသဖြင့် ဟောကြားအပ်သော တရားများ ဖြစ်လေသောကြောင့်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သွာက္ခာတေ၊ ကောင်းစွာ ဟောကြားအပ်သော။ ဓမ္မဝိနယေ၊ သုတ်, အဘိဓမ္မာ, ဝိနည်းတော်ဟု ဆိုအပ်သော သာသနာတော်မြတ်၌မူကား။ ဧဝံ ကတေ၊ ဤသို့ သိမ်းသွင်းနှိုးဆော်ခြင်း, ကျင့်ဆောင်ခြင်းကို ပြုအပ်သည်ရှိသော်။ ဗဟုံ၊ များစွာ။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ပသဝန္တိ၊ ပွားများကြကုန်၏။ တံ၊ ထိုသို့ ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း ဟူမူကား။ ဓမ္မဿ၊ သုတ်, ဝိနည်း, အဘိဓမ္မဟု ဆိုအပ်သော တရားတော်မြတ်၏။ သွာက္ခာတတ္တာ၊ ကောင်းစွာ ဟောကြားအပ်သော သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်တည်း။

## ဤနေရာ၌ ဆိုဖွယ်ရှိသည်ကား

သာသနာတော်မှအပဖြစ်သော တိတ္ထိတို့သည် ဖေဟိပဿိကဂုဏ်နှင့် မပြည့်စုံသော မိမိတို့၏ တရားအတွင်းသို့ သွင်းဆောင်ကြကုန်၏။ မိမိတို့ သာသနာသို့ ဝင်ရန် နှိုးဆော်တိုက်တွန်းကြကုန်၏။

ထိုသို့ သိမ်းသွင်းနှိုးဆော်သောအတိုင်းလည်း ထိုမိစ္ဆာသာသနာသို့ ဝင်ရောက်ကြကုန်ပြီးလျှင် မိစ္ဆာတရား နည်းလမ်းအတိုင်း လိုက်နာပြုကျင့်ကြကုန်၏။

သို့ရာတွင် ထိုမိစ္ဆာဒိဋ္ဌိသာသနာတို့၌ ချီးမွမ်းအံ့ဩ နှစ်သက်မြတ်နိုးလောက်ဖွယ်ဖြစ်သည့် ဓမ္မသမ္ပတ္တိဂုဏ်မရှိခြင်းကြောင့် တရား၏ ဂုဏ်ကျေးဇူးတို့ကို ညွှန်ပြ၍ နှိုးဆော်တိုက်တွန်း သိမ်းသွင်းကြသည် မဟုတ်ကုန်။

**စင်စစ်မူကား** – လောကမျက်မှောက်၌ အသက်မွေးဝမ်းကျောင်း လွယ်ကူရန်ဖြစ်သော လောကီလာဘ်လာဘ ပစ္စည်းပစ္စယ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို

http://www.dhammadownload.com



ခုံမင်တွယ်တာလောက်အောင် ဗန်းပြ၍ မိမိတို့၏ သာသနာအတွင်းသို့ ဆွဲဆောင်သိမ်းသွင်းကြကုန်၏။

**အယဥ္စ လောကော ယေဘုယျေန အာမိသဂရုကောဝ ဟောတိ။**

ဤလောကကြီးသည် ပစ္စည်းပရိက္ခရာ လာဘ်သပ်ပကာ ၅-ဖြာ အာရုံကာမဂုဏ်တည်းဟူသော အာမိသကိုသာ အလေးပြုလေ့ ရှိသည်သာလျှင် ဖြစ်၏။

ဟေဝိပသိက ဂုဏ်တော် ပြီး၏။

## ဩပနေယျိက ဂုဏ်တော်

ဥပေစ္စ နယနံ ဥပနယော။ ဥပေစ္စ၊ ကပ်၍။ နယနံ၊ ဆောင်ခြင်းတည်း။ ဥပနယော၊ ကပ်၍ဆောင်ခြင်း။

မိမိသို့လည်းကောင်း, သူတစ်ပါးသို့လည်းကောင်း ကပ်၍ တရားကို ဆောင်ခြင်း, ညွှန်ကြားပြသခြင်းပေတည်း။ မိမိကိုယ်သို့ တရားနှင့်ကပ်ခြင်း၊ သူတစ်ပါးသို့ တရားနှင့်ကပ်ခြင်း ဆိုလိုသည်။

**အတ္တူပနယံ ဝါ ပရူပနယံ ဝါ ကာတုံ အရဟတီတိ ဩပနယိကော။**

ယော ဓမ္မော၊ အကြင်တရားသည်။ အတ္တူပနယံ ဝါ၊ မိမိဆီသို့ ကပ်ဆောင်ခြင်းကိုလည်းကောင်း။ ပရူပနယံ ဝါ၊ သူတစ်ပါးဆီသို့ ကပ်ဆောင်ခြင်းကိုလည်းကောင်း။ ကာတုံ၊ ပြုခြင်းငှါ။ အရဟတိ၊ ထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဩပနေယျိကော၊ ဩပနေယျိက မည်၏။

**မိမိသို့ကပ်ဆောင်ပုံ** – ဤတရားသည် ငါ၏သန္တာန်၌ ထင်ရှားတည်ရှိ၏။ ငါသည်လည်း ဤတရား၌ တည်ရှိ၏။ ဤသို့လျှင် မိမိဆီသို့ တရားကို ကပ်ဆောင်ခြင်းငှါ, တရားဆီသို့ မိမိကို ကပ်၍ ဆောင်ခြင်းငှါလည်း ထိုက်၏။

**သူတစ်ပါးသို့ကပ်ဆောင်ပုံ** – ဤတရားသည် ဤသူ၌ ထင်ရှားတည်ရှိ၏။ ဤသူသည်လည်း ဤတရား၌ တည်ရှိ၏။ ဤသို့လျှင် သူတစ်ပါးဆီသို့ တရားကို, တရားဆီသို့ သူတစ်ပါးကို ကပ်၍ ဆောင်ခြင်းငှါလည်း

http://www.dhammadownload.com



ထိုက်၏။ ထို့ကြောင့် တရားတော်သည် ဩပနေယျိက မည်၏ဟူ၍ ဆိုလို၏။

❀ **မေး**။ ။ အဘယ့်ကြောင့် ကပ်၍ဆောင်ခြင်းကို ပြုခြင်းငှါ ထိုက်သနည်း။

❀ **ဖြေ**။ ။ မကြည်ညိုသေး၊ သဒ္ဓါတရား မရှိသေးသော သူတို့၏ သဒ္ဓါတရားကို ဖြစ်ပွားစေတတ်သောကြောင့်လည်း, သဒ္ဓါတရားဖြစ်ပွားကြည်ညိုပြီးသော သူတို့အားလည်း တရားတော် နည်းလမ်းရှိသောအတိုင်း ကျင့်ကြံအားထုတ်ခြင်း အမှု၌ ယှဉ်စေတတ်သောကြောင့်လည်းကောင်း ဤတရားတော်သည် ကပ်၍ဆောင်ခြင်းကို ပြုခြင်းငှါထိုက်၏။

## ထင်ရှားစွာပြဦးအံ့

အကြင်သူတို့သည် ဤဗုဒ္ဓဘာသာတရားတော်မြတ်၌ မကြည်ညိုကြကုန်၊ အကြင်သူတို့သည်လည်း ကြည်ညိုကာမတ္တသာလျှင် ဖြစ်ကြကုန်၏။ တရားတော် နည်းလမ်းအတိုင်း မကျင့်ဆောင် မလိုက်ပါကြကုန်။ ထိုသူတို့သည် ပုဂ္ဂိုလ်နှင့် တရားကိုကပ်၍ ဟောပြသဖြင့် ကြားနာရသောအခါ မကြည်ညိုသော သူတို့သည်လည်း ဤတရားတော်၌ သဒ္ဓါတရား ဖြစ်ပွား ကြည်ညိုကြကုန်၏။

ကြည်ညိုရုံမျှသာဖြစ်၍ ကောင်းစွာ မကျင့်ကြံ မလိုက်နာကြသော သူတို့သည်လည်း မိမိသန္တာန်၌ တရားကပ်စေခြင်းငှါ ကျင့်ကြံအားထုတ်ကြကုန်၏။ မိမိဆီသို့ တရားကို ဆောင်ကြကုန်၏။ ထိုစကား မှန်၏။

မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဒုတိယဝဂ်၌ **'တံ ကိံ မညသိ အနုရုဒ္ဓ'** စသည်ဖြင့် ဟောတော်မူသည်။

## ပါဠိတော် မြန်မာပြန်

အိုး . . အနုရုဒ္ဓါ – ငါဘုရား မိန့်ဆိုလတ္တံ့သောစကားကို သင် အဘယ်သို့ မှတ်ထင်သနည်း။

မြတ်စွာဘုရားသည် အဘယ်အကျိုးကိုမြင်၍ တပည့်သား သာဝကတို့ စုတိကွယ်လွန်သောအခါ ဤမည်သော တပည့်သားသည် ဤမည်သော ဘုံ၌ ဖြစ်လေ၏။ ဤမည်သော တပည့်သားသည် ဤမည်သော ဘုံ၌ ဖြစ်လေ၏

http://www.dhammadownload.com



ဟူ၍ ဥပပါတ်ဘုံဘဝတို့၌ ဖြစ်ခြင်းကို ပြောကြားမိန့်ဆိုတော်မူသနည်း ဟူ၍ မြတ်စွာဘုရားက မေးတော်မူ၏။

အရှင်ဘုရား – တရားတော်တို့သည် မြတ်စွာဘုရားသာလျှင် အကြောင်းရင်း ရှိပါကုန်၏။ မြတ်စွာဘုရားသည် ဖြေကြားတော်မူစေချင်ပါ၏။ ရဟန်းအပေါင်းတို့သည် မှတ်သားဆောင်ရွက်ကြပါကုန်လတ္တံ့ဟူ၍ အရှင်အနုရုဒ္ဓါက လျှောက်ထားလေ၏။

အို . . အနုရုဒ္ဓါ – ကြည်ညိုယုံကြည်စွာ သဒ္ဓါတရား ရှိကြကုန်သော၊ မွန်မြတ်သော နှစ်သက်ခြင်း ရှိကြကုန်သော၊ မွန်မြတ်သော ဝမ်းမြောက်ခြင်း ရှိ ကြကုန်သော အကြင်အမျိုးကောင်းသားတို့သည် ရှိကုန်၏။

ထိုအမျိုးကောင်းတို့သည် ကွယ်လွန်သော တပည့်သာဝကတို့၏ ဥပပါတ်ဘုံ၌ ဖြစ်ကြောင်းကို ပြောကြားတော်မူသော ထိုမြတ်စွာဘုရား၏ စကားကို ကြားကြကုန်သည်ရှိသော် ထိုဥပပါတ်ဘုံဘဝသို့ ရောက်ကြောင်းဖြစ်သော တရားဆီသို့ ရှေးရှုဆောင်ကြကုန်၏။ ကျင့်ကြံ အားထုတ်ကြကုန်၏။ ထိုအမျိုးကောင်းသားတို့၏ ထိုသို့ စိတ်ကို တရားဆီသို့ ဆောင်ခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးဖြစ်ခြင်းငှါ အစီးအပွားဖြစ်ခြင်းငှါ၊ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

ဤသို့ ပုဂ္ဂိုလ်သို့ ကပ်ဆောင်၍ ပုဂ္ဂိုလ်နှင့်ယှဉ်တွဲ၍ ပြအပ်သော တရားတော်သည် သဒ္ဓါမဲ့သော သူတို့အားလည်း သဒ္ဓါတရားကို တိုးပွားစေတတ်၏။ သဒ္ဓါတရားရှိပါလျက် ထိုတရားကို ကောင်းစွာ မကျင့်ဆောင်သော ပုဂ္ဂိုလ်တို့အားလည်း ကောင်းစွာ ကျင့်ဆောင်ခြင်းကိစ္စနှင့် ယှဉ်စေ၏။ ကျင့်ကြံ အားထုတ်စေ၏။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ ရှေးဦးစွာ ဤတရားကို ကိုယ်တော်မြတ်သို့ကပ်၍ ဆောင်ပြီးမှသာလျှင် သတ္တဝါတို့အား ဟောကြား ညွှန်ပြတော်မူ၏။

❀ **မေး ။** ။ အဘယ်သို့လျှင် အလုံးစုံသော သတ္တဝါတို့၏ ရှေးဦးစွာ ကိုယ်တော်မြတ်ဆီသို့ တရားကို ကပ်၍ ဆောင်ပြီး၍ ဟောကြားပြသတော်မူပါသနည်း။

http://www.dhammadownload.com



❋ ဖြေ ။ ။ မြတ်စွာဘုရားသည် တောထွက်တော်မူသော အခါမှစ၍ ဓမ္မစကြာတရားကို ဟောကြားတော်မူသည့် တိုင်အောင် အကြင် ဘုရားဖြစ် တော်မူခြင်း၏ အကြောင်းနှင့် ဘုရားဖြစ်တော်မူခြင်းကို လည်းကောင်း၊ ဘုရားဂုဏ်ကျေးဇူးနှင့် စပ်သော များစွာကုန်သော အကျင့်တရားတို့ကိုလည်းကောင်း များစွာသော သုတ္တန်တို့၌ များစွာသော သူတို့၏အလယ်၌ ဟောကြားတော်မူ၏။

ထိုမှတစ်ပါး ဘုရားဂုဏ်တော်ဖွင့်တွင် ပြဆိုခဲ့ပြီးသောအတိုင်း ဘုရားဂုဏ်ကျေးဇူးတို့ကိုပြ၍ သာသနာပြည့်စုံခြင်း၏ အကြောင်းများကိုလည်း ဟောကြားတော်မူ၏။

တစ်ရံတစ်ခါလည်း များစွာသော ပရိသတ်အလယ်၌ ကိုယ်တော်မြတ်၏ အတုမရှိ မြင့်မြတ်သာ အကျင့်သီလ တရားတို့ကိုလည်းကောင်း၊ ဈာန်, သမာဓိ, သမာပတ္တိတရားတို့ကို လည်းကောင်း၊ အဘိညာဉ်တရားတို့ကို လည်းကောင်း ဟောကြားတော်မူ၏။ တန်ခိုးပြာဋိဟာ ပြခြင်းတို့ကိုလည်း ပြတော်မူ၏။ ထိုဆိုပြီး အလုံးစုံကို ဟောပြပြုလုပ် ဆောင်ရွက်တော်မူခြင်းများသည် မြတ်စွာဘုရားအား "**အတ္တူပနယ**" တရားတော်ကို ကိုယ်တော်နှင့် ကပ်ဆောင်၍ ပြုတော်မူခြင်း၊ ပြတော်မူခြင်း မည်၏။

❀ **မေး** ။ ။ အဘယ်သို့လျှင် တရားတော်ကို သူတစ်ပါးသို့ ကပ်၍ ဆောင်ပြီးမှ ဟောကြား ပြသတော်မူပါသနည်း။

❋ ဖြေ ။ ။ ပရိသတ် ၄–ပါးတို့၏ အလယ်၌ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ အစရှိကုန်သော တပည့်သာဝကကြီးတို့၏ အကျင့်သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဟောပြောချီးမွမ်းတော်မူ၏။

ထို့ပြင်လည်း ဟတ္ထာဠဝက သူကြွယ်၊ စိတ္တသူကြွယ်၊ ဥဂ္ဂသူကြွယ် အစရှိကုန်သော လူဥပါသကာတို့၏ အကျင့်သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကိုလည်း ဖော်ပြချီးမွမ်းတော်မူ၏။

ထိုအလုံးစုံသော အချက်များသည် မြတ်စွာဘုရား၏ တရားတော်ကို "**ပရူပနယ**" သူတစ်ပါးသို့ ကပ်ဆောင်၍ ပြုတော်မူခြင်း၊ ပြတော်မူခြင်း မည်၏။

နိဒါနဝဂ္ဂ ကဿပ သံယုတ်၌ –

http://www.dhammadownload.com



ချစ်သား ရဟန်းတို့ - ငါဘုရားသည် အကြင်မျှလောက် အလိုရှိ၏။ ထိုမျှလောက် ပထမဈာန်ကို ဝင်စား၍ နေနိုင်၏။ ချစ်သား ရဟန်းတို့ - ကဿပသည်လည်း အကြင်မျှလောက် အလိုရှိ၏။ ထိုမျှလောက် ပထမဈာန်ကို ဝင်စား၍ နေနိုင်၏။ ဤသို့စသည်ဖြင့် ကိုယ်တော်မြတ်နှင့်တကွ ရှင်မဟာကဿပ မထေရ်၏ ကိုးဆင့်သော အနုပုဗ္ဗဝိဟာရ သမာပတ်တို့၌ ဝင်စား၍ နေနိုင်ကြောင်းကို ဗျာဒိတ်မြွက်ကြားတော်မူသော စကားတော်သည်လည်း ရှိ၏။

ထို့အတူ-

ရှင်မဟာကဿပမှ တစ်ပါးကုန်သော မထေရ်တို့၏ ထိုထိုဂုဏ်ကျေးဇူး တရားတို့၌ အသီးသီး ထင်ရှားရှိခြင်းကို ဗျာဒိတ် မြွက်ကြားတော်မူသော စကားတော်သည်လည်း ရှိ၏။ ထိုအလုံးစုံသော စကားတော်များသည် မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အခြားသော ပုဂ္ဂိုလ်တို့ဆီသို့ တရားကို ကပ်ဆောင်၍ ပြသတော်မူခြင်း ဥဘယူပနယကို ပြုတော်မူခြင်း မည်၏။

ထို့ပြင်တစ်ပါး -

မဟာထေရ်အရှင်မြတ်ကြီးများသည်လည်း သင့်လျော်လျောက်ပတ်သော အခါ၌ အချင်းချင်းသော်လည်းကောင်း, မြတ်စွာဘုရား၏ ထံတော်ပါး၌သော်လည်းကောင်း ဥတ္တရိမနုဿဓမ္မဈာန် မဂ်ဖိုလ်တရားတို့ကို ဖွင့်ဆိုပြောကြားကြကုန်၏။ ဤသို့ ပြောကြားခြင်းသည် မဟာထေရ်မြတ်ကြီးတို့၏ မိမိတို့ဆီသို့ တရားကိုကပ်၍ ဆောင်ခြင်း, မိမိတို့ကိုယ်၌ တရားတော် ထင်ရှားရှိခြင်းကို ပြခြင်း မည်၏။

ထို့ပြင်တစ်ပါး -

အိမ်ရာတည်ထောင် လူ၏ဘောင်၌ တည်နေကြကုန်သော ဥပါသကာ၊ ယောကျာ်း၊ ဥပါသိကာ မိန်းမတို့သည်လည်း တရားတော်မြတ်များကို မိမိတို့ဆီသို့ ကပ်ဆောင်၍ ပြဖူးကြလေကုန်၏။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် စိတ္တဝဂ်၌ -

တစ်ရံသောအခါ စိတ္တသူကြွယ်သည် "အရှင် . . ရဟန်းပြုသော အရှင့်အား နှစ်ပေါင်းမည်မျှကြာပါပြီနည်း" ဟူ၍ အစေဠကကဿပကို မေးမြန်း

http://www.dhammadownload.com



လေ၏။

"ရဟန်းပြုသော ငါ့အား နှစ်ပေါင်း ၃၀-မျှ ရှိကုန်ပြီ"ဟူ၍ အစေဠက ကဿပ ဖြေကြားလေ၏။

"အရှင် . . ဤ ၃၀-မျှလောက်ကုန်သော နှစ်တို့ဖြင့် ရဟန်းပြုနေခဲ့ရာ အရှင့်သန္တာန်မှာ တစ်စုံတစ်ခုသော ဈာန်, အဘိညာဉ်, မဂ်, ဖိုလ်တရားများ ရှိပါသလော။

အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင် အထူးများကို ရရှိပါပြီလော။

ချမ်းသာစွာ နေထိုင်ရပါ၏လော"ဟူ၍ မေးမြန်းလေ၏။

"အို . . သူကြွယ် . . မရှိပါ"ဟူ၍ ဖြေကြားလေ၏။

"အို . . အချင်းတို့၊ အံ့ဖွယ်ရှိစွတကား၊ အို . . အချင်းတို့၊ မဖြစ်စဖူး ဖြစ်ပေစွတကား၊ နှစ်ပေါင်း ၃၀-မျှတို့ဖြင့် ရဟန်းပြု၍နေပါလျက် တစ်စုံတစ်ခု သော ဈာန်, အဘိညာဉ်, မဂ်, ဖိုလ်တရားကို မရပဲ ရှိဘိ၏။

အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကို မရပဲ ရှိဘိ၏။

ချမ်းသာစွာ မနေရပဲ ရှိဘိ၏"ဟူ၍ စိတ္တသူကြွယ်က အံ့သြသော စကား နှင့် ဆိုလေ၏။

"အို . . သူကြွယ်၊ ဥပါသကာအဖြစ်သို့ ကပ်ရောက်သော အသင့်အား နှစ်ပေါင်းမည်မျှ ကြာပြီနည်း"ဟူ၍ အစေဠကကဿပက မေးမြန်းပြန်လေ၏။

"အရှင် . . နှစ်ပေါင်း ၃၀-မျှ ရှိပါကုန်ပြီ"

၁။ "ဤ ၃၀-မျှလောက်သော နှစ်တို့ဖြင့် ဥပါသကာအဖြစ်သို့ ကပ်၍နေခဲ့ ရာ သင့်အား တစ်စုံတစ်ခုသော ဈာန်, အဘိညာဉ်, မဂ်, ဖိုလ်တရားများ ရှိပါသလော။

၂။ အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကို ရအပ်ပါသလော။

၃။ ချမ်းသာစွာ နေရပါ၏လော" ဟူ၍ အစေဠက ကဿပ မေးလေ၏။

http://www.dhammadownload.com



"အို . . အရှင်၊ ရှိပါ၏။

အို . . အရှင်၊ အမှန်အားဖြင့် အကျွန်ုပ်သည် အကြင်မျှလောက် အလို ရှိ၏။ ထိုမျှလောက် ပထမဈာန်ကို ဝင်စား၍နေနိုင်ပါ၏။ ဒုတိယဈာန်ကို, တတိယဈာန်ကို, စတုတ္ထဈာန်ကို ဝင်စား၍ နေနိုင်ပါ၏။

အို . . အရှင်၊ အကျွန်ုပ်သည် အကယ်၍ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား၏ ရှေးဦးစွာ ကွယ်လွန်စုတေခဲ့ပါမူကား မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူရာ၏။

အကြင် သံယောဇဉ်ဖြင့် ငြိတွယ်နှောင်ဖွဲ့အပ်သည်ဖြစ်၍ စိတ္တသူကြွယ် သည် တစ်ဖန် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လာရာ၏။ ထိုသံယောဇဉ် မျိုး မရှိပြီဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူရာ၏"ဟူ၍ ပြောကြားလေ၏။

ထိုအခါ၌ အစေဠကကဿပသည် အံ့သြဖွယ်စကား ပြောကြားလေ၏။

၁။ အို . . အချင်းတို့၊ တရားတော်၏ ကောင်းစွာ ဟောအပ်သော သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်၏အဖြစ်သည် အံ့ဖွယ်ရှိစွတကား။

၂။ အို . . အချင်းတို့၊ မဖြစ်ဖူးမြဲ ဖြစ်လေစွတကား။

၃။ အဝတ်ဖြူကို ဆည်း၍ အိမ်၌နေသောလူပင် ဖြစ်သော်လည်း ဤသို့ သဘောရှိသော "**ဥတ္တရိမနုဿဓမ္မ**" လူတို့ ကျင့်စဉ်တရားထက် လွန်ကဲမြင့်မြတ်သော ဈာန်, မဂ်, ဖိုလ်တရားကို ရရှိနိုင်လေဘိ၏ တကား။

၄။ အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကိုလည်း ရရှိနိုင်လေဘိ၏တကား။

၅။ ချမ်းသာစွာနေခွင့်ရရှိနိုင်လေဘိ၏တကား"ဟူ၍ အံ့ဖွယ်စကား ပြော ကြားလေ၏။

ဤစကားရပ်၍ ထိုသူကြွယ်သည် မိမိ၌ ပထမဈာန်စသော ဈာန်တရား များ ထင်ရှားရှိကြောင်းကို လည်းကောင်း၊ ဩရမ္ဘာဂိယ သံယောဇဉ် တရားကင်း၍ အနာဂါမ်ဖြစ်ကြောင်းကိုလည်းကောင်း ပြောကြားပြဆိုလေ၏။

ဈာန်တရား၊ မဂ်တရားတို့ကို မိမိဆီသို့ဆောင်၍ မိမိသို့ ကပ်၍ ပြလေ၏။

http://www.dhammadownload.com



နန္ဒမာတာမည်သော ဥပါသိကာသည်လည်း သာရိပုတ္တရာ မထေရ်ကို ဖွင့်ဆိုပြောကြား၍ တရားကို မိမိသို့ကပ်၍ ပြဖူးလေ၏။

ထိုစကားမှန်၏။

သတ္တင်္ဂုတ္တရပါဠိတော် သတ္တမ မဟာယညဝဂ်၌ -

''အရှင်ဘုရား . . အကျွန်ုပ်သည် ဤသာသနာတော်မြတ် အတွင်း၌ အကြင်မျှလောက် အလိုရှိ၏။ ထိုမျှလောက် ပထမစျာန်ကို ဝင်စား၍ နေနိုင်ပါ၏။ ဒုတိယစျာန်ကို, တတိယစျာန်ကို, စတုတ္ထစျာန်ကို ဝင်စား၍ နေနိုင်ပါ၏။

''အရှင်ဘုရား . . ကာမတည်းဟူသော အောက်ဘုံသို့ သက်ဆင်းကျရောက်စေတတ်ကုန်သော အကြင် ဩရမ္ဘာဂိယသံယောဇဉ် ၅-ပါးတို့သည် ရှိကုန်၏။ ထိုသံယောဇဉ် ၅-ပါးတို့တွင် တစ်စုံတစ်ခုသော သံယောဇဉ်ကိုမျှ အကျွန်ုပ်၏ သန္တာန်၌ မပယ်အပ်သေးပဲ ကြွင်းကျန်၍နေသည်ကို အကျွန်ုပ် မတွေ့မမြင်ရပါ''ဟူ၍ လျှောက်ကြားလေ၏။

ဤစကားရပ်၌လည်း -

နန္ဒမာတာသည် မိမိ၌ စျာန်တရား၊ အနာဂါမိ မဂ်တရားရှိကြောင်းကို ဖော်ပြ၏။ ထိုစျာန်တရား၊ မဂ်တရားတို့ကို မိမိသို့ကပ်၍ ပြ၏။

❀ မေး။ ။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဤသို့ သဘောရှိသော ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် အဘယ်မျှလောက် ရှိပါကုန်သနည်း။

❀ ဖြေ။ ။ ဇနဝသဘသုတ် ပါဠိတော်၌ -

အို . . အချင်းတို့၊ အမှတ်မထင်သော အကြင်ပုဂ္ဂိုလ်တို့သည် ဘုရား၌လည်းကောင်း၊ တရားတော်၌လည်းကောင်း၊ သံဃာတော်၌လည်းကောင်း သက်ဝင်ကြည်ညိုယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏။ အရိယာတို့ နှစ်သက်မြတ်နိုးအပ်သော သီလနှင့်လည်း ပြည့်စုံကြကုန်၏။ မဂဓတိုင်းသား ဘုရားအလုပ်အကျွေး ဖြစ်ကြကုန်သော သောတာပန် ဖြစ်ကြကုန်ပြီးသော တရားဖြင့် ယဉ်ကျေးပြီး ဖြစ်ကုန်သော ရှေးလွန်လေပြီးသော ကာလက ကွယ်လွန်စုတေ၍ နတ်ပြည်၌ ဖြစ်ကြကုန်ပြီးသော ဤဥပပါတ်ပုဂ္ဂိုလ်တို့သည် ၂-သန်း ၄-သိန်းကျော် ရှိကုန်၏။

http://www.dhammadownload.com



ဤပုဂ္ဂိုလ်တို့၌ သကဒါဂါမ်ပုဂ္ဂိုလ်တို့လည်း ပါရှိကြကုန်၏။

**အဋ္ဌာယံ ဏ္ဍတရာ ပဇာ၊**

**ပုညဘာဂါတိ မေ မနော။**

**သင်္ခါတုံ နောပိ သက္ကောမိ၊**

**မုသာဝါဒဿ ဩတပ္ပံ။**

**အနက်။** ။ အယံ၊ ဤဆိုအပ်ပြီးသော ၂၄၀၀,၀၀၀ (နှစ်သန်းလေးသိန်း) ကျော်သော ပုဂ္ဂိုလ်တို့သည်။ အဋ္ဌိ၊ ရှိကုန်၏။ ဏ္ဍတရာ၊ ဤ ၂၄၀၀,၀၀၀ (နှစ်သန်းလေးသိန်း) ကျော်သော ပုဂ္ဂိုလ်တို့မှ တစ်ပါးကုန်သော။ ပဇာ၊ လူများ အပေါင်းတို့သည်။ ပုည - ဘာဂါ၊ သောတာပတ္တိယင်္ဂတရားနှင့် ပြည့်စုံ၍ အလုံးစုံကုသိုလ်အဖို့ ရပြီးသော ပုဂ္ဂိုလ်တို့ချည်းသာတည်း။ ဏ္ဍတိ၊ ဤသို့။ မေ၊ အကျွန်ုပ်၏။ မနော၊ စိတ်အထင်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ နောပိ သက္ကောမိ၊ တတ်ကားမတတ်နိုင်ပါ။ မုသာဝါဒဿ၊ ချွတ်ယွင်းစွာ ရေတွက်ပြောဆိုမိခြင်းမှ။ ဩတ္တပ္ပံ၊ ထိတ်လန့်ပါ၏။

ဤပါဠိတော်ဖြင့် မဂဓတိုင်းမှ စုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သောတာပန်, သကဒါဂါမ်တို့သည် ၂၄၀၀,၀၀၀ (နှစ်သန်းလေးသိန်း) ရှိကုန်၏။ ထိုမှတစ်ပါး ဖြည့်ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု ရှိကုန်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ထိုမဂဓတိုင်း၌ မရေမတွက်နိုင်၊ အသင်္ချေယျရှိ၏ဟူ၍ ပြဆိုသည်။

ထို့ပြင်လည်း -

နာတိကာမည်သော ရွာငယ်တစ်ခု၌ပင်သော်လည်း အနာဂါမ်ပုဂ္ဂိုလ်ပေါင်း ၅၀-ကျိုပ်ကျော်၊ သကဒါဂါမ်ပုဂ္ဂိုလ်ပေါင်း ၉-ကျိပ်ကျော်၊ သောတာပန် ပုဂ္ဂိုလ်ပေါင်း ၅၀၀ (ငါးရာ)ကျော် ရှိကုန်၏ဟူ၍ ထိုထို သုတ္တန်တို့၌ ဆို၏။

ထိုမှကြွင်းကျန်သော ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လာတိုင်း၊ စေတတိုင်း၊ ဝံသတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ မစ္ဆတိုင်း၊ သူရသေနတိုင်း တို့၌လည်း ရေးကကွယ်လွန်ပြီး၍ ဥပပါတ်ပုဂ္ဂိုလ်ဖြစ်နေကြကုန်သော ဘုရားအလုပ် အကျွေးပေါင်း များစွာတို့ကို မြတ်စွာဘုရား ဟောကြားတော်မူ၏ဟူ၍ ဆို၏။

http://www.dhammadownload.com



(သုတ္တန်တို့၌ အရေအတွက် အချုပမာဏကို မည်ရွေ့မည်မျှ ရှိသည်ဟု အဆိုမရှိချေ။ မိလိန္ဒပဥှာ၌ကား ကောသလတိုင်း၌ ၅၀,၃၅၇,၀၀၀ (ငါးကုဋေ သုံးသိန်း ငါးသောင်း ခုနစ်ထောင်) ရှိ၏ဟူ၍ ဆို၏။)

ဤသို့လျှင် တရားတော်မြတ်သည် မိမိကိုယ်သို့ ကပ်၍ ဆောင်ခြင်းကို ပြုခြင်းငှါထိုက်သောကြောင့်လည်းကောင်း၊ သူတစ်ပါးသို့ကပ်၍ ဆောင်ခြင်းကို ပြုခြင်းငှါ ထိုက်သောကြောင့်လည်းကောင်း "**ဩပနေယျိက**" မည်လေသည်။

(ဩပနေယိက ဟူ၍လည်း ရေးသား ရွတ်ဖတ်ကြကုန်၏။)

## လိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်

ထို '**ဩပနေယျိက**' ဂုဏ်တော်၏ ဆိုလိုရင်းအဓိပ္ပာယ် အကျဉ်းချုပ်မှာ မိမိနှင့်တရားကိုကပ်၍ တရားနှင့်မိမိကို ကပ်၍ကပ်ပြခြင်းငှါ ထိုက်သောကြောင့် လည်းကောင်း၊ သူတစ်ပါးနှင့် တရားကို, တရားနှင့် သူတစ်ပါးကိုကပ်၍ ပြခြင်း ငှါထိုက်သောကြောင့်လည်းကောင်း '**ဩပနေယျိက**' မည်၏။

(ပုဂ္ဂိုလ်နှင့်တရား – တရားနှင့်ပုဂ္ဂိုလ် ကပ်၍ ပြထိုက်သည်ဟူလို။)

ဈာန်၊ အဘိညာဉ်၊ မဂ်, ဖိုလ်တရားရှိသောသူသည် ငါ့မှာဈာန်တရား ရှိ၏။ ငါ့မှာ အဘိညာဉ်တရား ရှိ၏။ ငါ့မှာ မဂ်တရား ရှိ၏။ ငါ့မှာ ဖိုလ်တရား ရှိ၏ဟူ၍ ပုဂ္ဂိုလ်နှင့်တရား ကပ်၍ ပြထိုက်သည်။

ထိုသို့ ပြခြင်းအားဖြင့် သဒ္ဓါတရား မရှိသောသူသည် တရားတော်၌ သဒ္ဓါတရား ဖြစ်ပွား၍ လာ၏။ သဒ္ဓါတရား ရှိလျက်နှင့် အားမထုတ်သော သူသည် တရားကပ်သော ပုဂ္ဂိုလ်ကိုမြင်လျှင် မိမိလည်း ထိုကဲ့သို့ တရားလက်ရှိ ပုဂ္ဂိုလ်ဖြစ်လိုသောကြောင့် အားထုတ်ချင်စိတ်သော်လည်း ပေါ်လာ၏။ ကိုယ်တိုင် သော်လည်း အားထုတ်ကြိုးစားလေ၏။ ဤသို့သော အကျိုးတရားများ ဖြစ်ထွန်း နိုင်လေ၏။

**ဥပမာ**။ ။ တိုင်းပြည်ကို အစိုးရခြင်းတည်းဟူသော မင်းအဖြစ် ဂုဏ် ရှိလျှင် ထိုဂုဏ်ကို မိမိသို့ကပ်၍ ပြောဆိုထိုက်၏။ ထို့ပြင် တစ်စုံတစ်ရာ ရာထူး ဂုဏ်သိန်ရှိလျှင် ထိုဂုဏ်သိန်ကို မိမိသို့ကပ်၍ ပြောဆိုထိုက်၏။ ထိုသို့ ပြောဆိုသဖြင့်

http://www.dhammadownload.com



လူအပေါင်းတို့ ရှိသေကိုင်းညွတ်ခြင်း၊ သြဇာအာဏာရှိခြင်း စသောအကျိုးများ ဖြစ်ထွန်းလေသကဲ့သို့တည်း။

ပုဂ္ဂိုလ်နှင့်တရားကိုကပ်၍ ပြောဆိုညွှန်ပြထိုက်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် မိမိ၌ မည်သည့် တရားရှိကြောင်း မည့်သည့်ပုဂ္ဂိုလ်၌ မည်သည့် တရားထူးရှိကြောင်းကို အကြောင်းအခွင့်သင့်သည့်အခါ ပြောကြား ညွှန်ပြတော်မူလေသည်။

သြပနေယျိက ဂုဏ်တော် ပြီး၏။

## ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်

အသီး၊ အသန့် 'သင်းသီး' ကို ပစ္စတ္တံ ဆိုသည်။

ပဋိသန္ဓေကပင် ဉာဏ်နှင့်ယှဉ်၍လာသော တိဟိတ်ပုဂ္ဂိုလ်ကို ဝိညူ ဆိုသည်။

### ဝိညူနှင့် ပဏ္ဍိတ ၂-ပါး အထူး

**ပဋိသန္ဓိယံ ဇာတိ ပညာဝသေန ဝိညူ။**

**ပဝတ္တိယံ ဒိဋ္ဌ, သုတ, စိန္တာ ပညာဝသေန ပဏ္ဍိတော။**

၁။ ပဋိသန္ဓေအခါ၌ ဇာတိအားဖြင့် ဉာဏ်ပါလာသူကို ဝိညူ ခေါ်သည်။

၂။ ပဝတ္တိအခါ မြင်မှု, ကြားမှု, ကြံစည်မှုဖြင့် ပညာရှိ၍ လာသောသူကို ပဏ္ဍိတ ခေါ်သည်။

ဝိညူဇာတ်ရှိ၍ ပဋိသန္ဓေက ဉာဏ်ပါ၍လာသော သူတို့သည်သာလျှင် အသီးအခြား သင်းသီးပြု၍ သိသင့် သိထိုက်၏။ ပညာမဲ့သော သူတို့နှင့် မတန်မရာ မသက်ဆိုင်။ ထို့ကြောင့် တရားတော်သည် "**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**" မည်၏။

**တစ်နည်းကား** – ပညာရှိတို့သည်သာလျှင် သင်းသီး သီးသန့် သိအပ်သည်၏အဖြစ်ဖြင့် ကိုယ်တွေ့ လက်တွေ့ ထိထိရောက်ရောက် ခံစားသင့် ခံစားထိုက်သောကြောင့် "**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**" မည်၏။

http://www.dhammadownload.com



**တစ်နည်းကား** – ကြည်ညိုကာမျှ ယုံကြည်ကာမျှတွင်သာ မရပ်မူ၍ ပညာရှိတို့သည် ကိုယ်တွေ့မျက်မှောက် ဒိဋ္ဌဉာဏ်ဖြင့် ထိ၍ သိသင့် သိထိုက်သောကြောင့် "**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**" မည်၏။

## ပညာရှိတို့နှင့်သာလျှင် သက်ဆိုင်သည် ပညာမဲ့သူတို့နှင့် မဆိုင်

❀ **မေး**။ ။ အဘယ်သို့လျှင် ဤတရားကို ပညာရှိတို့သာလျှင် သင်းသီးအနေအားဖြင့် သိသင့် သိထိုက်သနည်း။ ပညာမဲ့သော သူတို့နှင့် မတန်မရာ မသက်ဆိုင်ပဲ ဖြစ်ပါသနည်း။

❀ **ဖြေ**။ ။ ဈာန်သမာပတ်တရား, မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော တရားတို့သည် လွန်စွာ နက်နဲလှ၏။ သာမန်လူစားတို့သည် ကိုယ်တိုင်သိမည် ဝေးစွ၊ သေချာစွာ ဟောပြ၍ ကြားနာရသော်လည်း နားလည်ရန်ပင် လွန်စွာ ခဲယဉ်းလှလေ၏။

ပဋိသန္ဓေက ပါရှိသော ဇာတိဉာဏ်နှင့် ပြည့်စုံသူမဟုတ်ပါလျှင် အခြားသော လောကီ အရေးအရာတို့၌ မည်မျှလောက်ပင် ထိုးထွင်း၍ ဉာဏ်သွားစေကာမူ နက်နဲသောတရားနှင့် တွေ့ကြုံသောအခါ ကြက်ဥတွင် အစရှာ၍ မရသကဲ့သို့ တွေဝေမှိုင်ငေးလျက် နေကြရလေကုန်၏။

နက်နဲသောတရား အာရုံတွင်းသို့သွင်း၍ ဉာဏ်ကိုအလုပ်ပေးသောအခါ ထိုဉာဏ်၏ အရည်အချင်း အတိမ်အနက် အနုံ့အထက်ကို သိနိုင်လေသည်။

ဇာတိဉာဏ်, ပင်ကိုဉာဏ်များသည် နက်နဲသော အရာဌာနကို သိမြင်မှုနှင့် တွေ့ကြုံလေလေ အစွမ်းထက်လေလေသာ ဖြစ်၏။ ဇာတိဉာဏ်, ပင်ကိုဉာဏ် မဟုတ်သော ပဝတ္တိဉာဏ်များသည် ရေတိမ်သွား သင်္ဘောကဲ့သို့ ခပ်တိမ်တိမ် အရေးအရာတွင် လွန်စွာ လျင်မြန်စူးရှ၍ နေစေကာမူ နက်နဲသော အရာဌာနကို သိမြင်စူးရှ ထိုးထွင်းရန် ကိစ္စနှင့် တွေ့ကြုံသည်ရှိသော် အစွမ်းမထက်နိုင်ပဲ ပျော့ခွေ တွန့်ဆုတ်၍သာ နေလေသည်။

**ဥပမာ**။ ။ သံမဏိ သံကောင်းဖြင့် ပြုလုပ်အပ်သော ဓား၊ သံညံ့ဖြင့် ပြုလုပ်အပ်သော ဓား ၂–စင်းကို ကျောက်ကောင်းကောင်း ဖြင့်သွေး၍ ထားရာ အသွေးကောင်းသည့်အတွက် အထက်ချင်း တူမျှသကဲ့သို့ ရှိလေ၏။ သို့ရာတွင်

http://www.dhammadownload.com



မာသော သစ်သားတို့ကို ခုတ်ပိုင်း၍ ယှဉ်ကြည့်ရာတွင် –

၁။ သံညှပ်ဖြင့် ပြုလုပ်အပ်သောဓားသည် အသွားကြွေလိပ်၍ မိမိကိစ္စကို မရွက်ဆောင်နိုင်ပဲ တွန့်ဆုတ်ရလေ၏။

၂။ သံမဏိဖြင့် ပြုလုပ်အပ်သော ဓားမှုကား မာသောသစ်သားကို မိမိအသွားဖြင့် ဝါး၍ ရဲရဲဝံ့ဝံ့ မဆုတ်မနစ် မိမိ၏ ဖြတ်တောက်ခြင်း ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်လေ၏။

ဤဥပမာကဲ့သို့ နက်နဲသော တရားသဘောကို ကြံစည်မှု, သိမြင်မှု အရာ၌ ဇာတိဉာဏ်, ပဝတ္တိဉာဏ် ၂–ပါးတို့၏ ခြားနားပုံကို သိအပ်၏။ သို့ဖြစ်၍ နက်နဲသော တရားတော်များသည် ပညာရှိပုဂ္ဂိုလ်တို့သာလျှင် အသီးအခြားပြု၍ သိသင့် သိထိုက်သော အရာဖြစ်၏။ ပညာမဲ့ပုဂ္ဂိုလ်တို့၏ သိနိုင်သောအရာ မဟုတ်ပေ။ ဤသို့ ပညာရှိတို့သာလျှင် သင်းသီးအဖြစ်ဖြင့် သိသင့် သိထိုက်ကြောင်း ကို အင်္ဂုတ္တရပါဠိတော် တတိယဝဂ် မဟာဝိတက္ကသုတ်ဖြင့် သိအပ်၏။

ယောကျ်ားမြတ်တို့သာ ကြံစည်ရာဖြစ်သော မဟာပုရိသ ဝိတက်တို့ကို ကြံစည်၍နေသော ရှင်အနုရုဒ္ဓါအား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

''အို . . ချစ်သား အနုရုဒ္ဓါ – ကောင်းပေစွ ကောင်းပေစွ၊ အို . . ချစ်သား အနုရုဒ္ဓါ – သင်သည် မဟာပုရိသ ဝိတက်တို့ကို ကြံစည်၍နေဘိ၏။ ကောင်းပေစွတကား''ဟု မိန့်တော်မူ၏။

## မဟာပုရိသ ဝိတက် ၈–ပါး

၁။ **အပ္ပိစ္ဆဿာယံ ဓမ္မော၊ နာယံ ဓမ္မော မဟိစ္ဆဿ။** ဤတရားသည် အလိုနည်းသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် အလိုကြီးသော ပုဂ္ဂိုလ်၏ အရာမျိုးမဟုတ်။

၂။ **သန္တုဋ္ဌဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသန္တုဋ္ဌဿ။** ဤတရား သည် ရောင့်ရဲ တင်းတိမ်လွယ်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရား သည် မရောင့်ရဲ မတင်းတိမ်သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

၃။ **ပဝိဝိတ္တဿာယံ ဓမ္မော၊ နာယံ ဓမ္မော သင်္ဂဏိကာရာမဿ။**

http://www.dhammadownload.com



ဤတရားသည် ဆိတ်ဆိတ်ငြိမ်ငြိမ် နေလေ့ရှိသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် အပေါင်းအသင်းနှင့် မွေ့လျော်၍ ပြီးပြွမ်း ရှုပ်ထွေးစွာ နေလေ့ရှိသော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

**၄။ အာရဒ္ဓ ဝီရိယဿာယံ ဓမ္မော၊ နာယံ ဓမ္မော ကုသီတဿ။** ဤတရားသည် အားထုတ်ကြိုးစား၍နေသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် ပျင်းရိ ပေါ့တန်စွာနေသော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

**၅။ ဥပဋ္ဌိတဿတိဿာယံ ဓမ္မော၊ နာယံ ဓမ္မော မုဋ္ဌဿတိဿ။** ဤတရားသည် အောက်မေ့လက်စွဲ သတိမြဲသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် ပေါ့လျော့ ချွတ်ယွင်း သတိကင်းသော ပုဂ္ဂိုလ်၏တရားမျိုး မဟုတ်။

**၆။ သမာဟိတဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသမာဟိတဿ။** ဤတရားသည် တည်ကြည်ခိုင်ခံ့သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် မတည်မကြည် မခိုင်ခံ့သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

**၇။ ပညဝတောယံ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿ။** ဤတရားသည် ပင်ကိုထက်သန် ဇာတိဉာဏ်ရှိသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် ပညာမဲ့သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

(ဤ ၇-ပါးကား အရှင်အနုရုဒ္ဓါ ကြံစည်၍နေသော မဟာပုရိသ ဝိတက် ၇-ပါးတည်း။ ဆိုလတ္တံ့သော ၈-ခုမြောက်တရားကို မြတ်စွာဘုရား ဖြည့်စွက်တော်မူ၏။)

"အို . . ချစ်သား အနုရုဒ္ဓါ - ထိုသို့ ကြံစည်၍နေလျှင် ၈-ခုမြောက်သော ဤမဟာပုရိသဝိတက်ကိုလည်း ကြံစည်လေဦးလော့။"

**၈။ နိပ္ပပဉ္စဿာယံ ဓမ္မော၊ နာယံ ဓမ္မော ပပဉ္စာရာမဿ။** ဤတရားသည် သံသရာတစ်ခွင်ဝယ် အကျယ်မကြိုက် အကျဉ်းလိုက်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏။ ဤတရားသည် သံသရာတစ်ခွင်ဝယ် အကျဉ်းမကြိုက် အကျယ်လိုက်သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

(ဤမဟာပုရိသ ဝိတက်အရာ၌ ဓမ္မဆိုသည်ကို မဂ်, ဖိုလ်, နိဗ္ဗာန်တရား၊ ဈာန်, သမာဓိ, သမာပတ္တိ တရားများကို ယူအပ်၏။)

http://www.dhammadownload.com



## ပဏ္ဍိတဓမ္မ

ထိုမှတစ်ပါး ကုသိုလ်ကံမြောက်ကြောင်းဖြစ်သော ကုသလကမ္မပထ တရား ၁၀-ပါးသည် ပညာရှိတို့ ချီးမွမ်းအပ်သော **"ပဏ္ဍိတဓမ္မ"** ဖြစ်၏။ ဒါနသည် လည်း ပညာရှိတို့ ချီးမွမ်းအပ်သော **"ပဏ္ဍိတဓမ္မ"** ဖြစ်၏။ သီလ, အဋ္ဌင် ဥပေါသထသည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော **"ပဏ္ဍိတဓမ္မ"** ပင်ဖြစ်၏။ ထို့အတူ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း, သူတော်ကောင်း တို့၏ တရားကို ကြားနာခြင်း, အသင့်အတင့် နှလုံးသွင်းခြင်း, တရားတော် အားလျော်သောအကျင့်တို့ကို ကျင့်ခြင်းတို့သည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော **"ပဏ္ဍိတဓမ္မ"**တို့ပင် ဖြစ်ကုန်၏။

တိကင်္ဂုတ္တရ ပါဠိတော်၌ -

**တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတပညတ္တာနိ သပ္ပုရိသပညတ္တာနိ၊**
**ဒါနံ ဘိက္ခဝေ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ၊ ပဗ္ဗဇ္ဇာ။ ပ ။**
**မာတာပိတု ဥပဋ္ဌာနံ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ။**

**အနက်**။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတပညတ္တာနိ၊ ပညာရှိတို့ ပညတ်အပ်ကုန်သော။ သပ္ပုရိသပညတ္တာနိ၊ သူတော်ကောင်းတို့ ပညတ်အပ်ကုန် သော တရားမျိုးတို့သည်။ ဣမာ တီဏိ၊ ဤဆိုလတ္တံ့သော ၃-ပါးတို့ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနံ၊ အလှူဒါနကို။ ပဏ္ဍိတပညတ္တံ၊ ပညာရှိတို့ ပညတ်အပ် ၏။ သပ္ပုရိသပညတ္တံ၊ သူတော်ကောင်းတို့ ပညတ်အပ်၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ် ကို။ ပဏ္ဍိတပညတ္တာ၊ ပညာရှိတို့ ပညတ်အပ်၏။ သပ္ပုရိသပညတ္တာ၊ သူတော် ကောင်းတို့ ပညတ်အပ်၏။ မာတာပိတုဥပဋ္ဌာနံ၊ မိခင်, ဖခင်တို့အား လုပ်ကျွေး ခစားခြင်းကို။ ပဏ္ဍိတပညတ္တံ၊ ပညာရှိတို့ ပညတ်အပ်၏။ သပ္ပုရိသပညတ္တံ၊ သူတော်ကောင်းတို့ ပညတ်အပ်၏။

ဤပါဠိတော်၌လာသော အလှူဒါန, ရဟန်းအဖြစ်, မိဘတို့အား လုပ်ကျွေးခြင်း တရား ၃-ပါးတို့သည်လည်း ပညာရှိတို့ချီးမွမ်းအပ်သော **"ပဏ္ဍိတဓမ္မ"** တို့သာ ဖြစ်ကြကုန်၏။

ထို့ပြင်လည်း - **"ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ"** စသည်

http://www.dhammadownload.com



ဖြင့် ၅-ပါးသီလကို ဒါနကြီး ၅-ပါးဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထိုမှတစ်ပါး ဉာဏ်ပညာကို ဖြစ်ပွားစေတတ်ကုန်သော ကုသိုလ်အမှုတို့သည်လည်း ရှိကုန်၏။ ထိုဆိုပြီး အလုံးစုံသော တရားကောင်း၊ တရားမြတ်တို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော **'ပဏ္ဍိတဓမ္မ'** တို့ ဖြစ်ကုန်၏။ ထိုတရားတို့သည် ပညာရှိတို့သည် သင်းသီးပိုင်အဖြစ်ဖြင့် သိသင့်သိထိုက်သော တရားတို့သာလျှင် ဖြစ်ကုန်၏။ **'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'**ပင် မည်ကုန်၏။

## တစ်နည်းပြဆိုချက်

**'ဝေဒိတဗ္ဗော'**ဟူသော ပုဒ်ကို 'ခံစားအပ်သည်'ဟူသော အနက်ကြံ၍ တရားတော်၌ရှိသော အနက်အဓိပ္ပာယ်၏အရသာ၊ ပါဠိ၏အရသာများကို ပညာရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် သင်းသီးအဖြစ်ဖြင့် ခံစားသင့် ခံစားထိုက်သောကြောင့် တရားတော်သည် **'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'** မည်၏။

တရားတော်၌ရှိသော အနက်အရသာ၊ ပါဠိအရသာများကို သာမညက်၊ သာမညဉာဏ်၊ သာမညပါရမီရှိသောပုဂ္ဂိုလ်တို့ ခံစားခြင်းငှါ ထိုက်သည် မဟုတ်ကြကုန်၊ **'သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ'**ဟူ၍ ဟောတော်မူသောအတိုင်း ၃-ပါးသော လောက၌ ရှိရှိသမျှသော အရသာတို့တွင် တရားအရသာ၊ ဓမ္မအရသာသည် အထွဋ်အထိပ်ဆုံး အသာလွန်ဆုံး ဖြစ်၏။ ထိုသို့ ထွဋ်မြတ်သော သာလွန်သော တရား အရသာသည် သာမညဗာလပုဂ္ဂိုလ်တို့၏ အရာမဟုတ်၊ ပညာရှိတို့အား အသီး အခြား သက်ဆိုင်သော အရသာဖြစ်လေသည်။

(ဤသို့သော အဓိပ္ပါယ်ကို ပဥ္စင်္ဂုတ္တရပါဠိတော် ဗြာဟ္မဏဝဂ်၌ ဆိုလတ္တံ့သောသုတ်ဖြင့် သိအပ်၏။)

## ပါဠိတော် မြန်မာပြန်

တစ်ရံသောအခါ ဝေသာလီပြည်၌ ကာရဏပါလိ မည်သော ပုဏ္ဏားသည် ပိင်္ဂိယာနိ မည်သောပုဏ္ဏားကို မေးမြန်းလေ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



❁ **မေးမြန်းပုံ။** ။ အို . . အရှင်ပိဂ်ဳယာနိ၊ အဘယ်ကဲ့သို့ အကျိုးအစွမ်းကို မျှော်မြင်သောကြောင့် ရဟန်းဂေါတမဒ္ဓ ဤမျှလောက် အလွန်ကြည်ညိုပါ သနည်းဟူ၍ မေးလေ၏။

✲ **ဖြေပုံ။** ။ အို . . ကာရဏပါလိပုဏ္ဏား ဥပမာသော်ကား မွန်မြတ်သော အရသာဖြင့်သာလျှင် တင်းတိမ်ရောင့်ရဲလေ့ရှိသော ယောကျ်ားသည် မွန်မြတ်သော အရသာတို့မှတစ်ပါး ယုတ်ညံ့သော အရသာတို့ဖြင့် မနှစ်သက်နိုင်၊ တင်းမတိမ်နိုင်၊ မရောင့်ရဲနိုင် ဘိသကဲ့သို့ ထို့အတူပင်လျှင် ထိုအရှင်ဂေါတမ၏ တရားတော်မြတ်ကို အကြင်အကြင်သို့သော–

(က) သုတ္တအားဖြင့်လည်းကောင်း၊

(ခ) ဂေယျအားဖြင့်လည်းကောင်း၊

(ဂ) ဝေယျာကရဏအားဖြင့်လည်းကောင်း၊

(ဃ) အဗ္ဘုတဓမ္မအားဖြင့်လည်းကောင်း ကြားနာရ၏။ ထိုထိုသို့သော အခြင်းအရာအားဖြင့် တစ်ပါးကုန်သော ရဟန်းပုဏ္ဏားတို့၏ ဟောပြောချက် တရားစကားတို့ကို ရောင့်ရဲ တင်းတိမ် နှစ်သက်ခြင်း မဖြစ်နိုင်။

## ဥပမာ တစ်နည်းသော်ကား

ငတ်မွန်ခြင်း၊ အားနည်းခြင်းဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် ပျားလပို့စိုင် တစ်ခုကို ရလေရာ၏။ ထိုယောကျ်ားသည် ထိုပျားလပို့စိုင်ကို အကြင်အကြင် နေရာမှ လျက်လေရာ၏။ ထိုထို လျက်ရာဌာနမှ အရသာတစ်ပါး ကူဖွယ် လောင်ဖွယ်မရှိသော အချိုတွက်ဖွယ်မရှိသော ပျားအရသာကို ရရှိ သုံးဆောင်ရလေရာ၏။

## ဥပမာ တစ်နည်းသော်ကား

နံ့သာကို အလိုရှိသော ယောကျ်ားတစ်ဦးသည် နံ့သာတုံး တစ်ခုကို ရလေရာ၏။ ထိုယောကျ်ားသည် ထိုနံ့သာတုံးကို အရင်းမှသော်လည်းကောင်း၊

http://www.dhammadownload.com



အလယ်မှသော်လည်းကောင်း၊ အဖျားမှသော်လည်းကောင်း အကြင် အကြင် နေရာဌာနမှ နမ်းရှုပ်လေရာ၏။ ထိုထို နမ်းရှုပ်ရာ အရပ်မှ အမွှေးတစ်ပါး လောင်းစွက်ဖွယ် မရှိသော ပကတိ အနံ့ကောင်းကို ရလေရာ၏။

ဤသို့လျှင် ဤတရားတော်ကို ပညာရှိဇာတ်မဟုတ်သော ဗာလပုဂ္ဂိုလ်တို့ ခံစားသင့် ခံစားထိုက်သည် မဟုတ်၊ စင်စစ်အားဖြင့်သော်ကား ပညာရှိပုဂ္ဂိုလ်တို့သည်သာလျှင် အသီးအခြားအားဖြင့် သိအပ် ခံစားအပ်သောကြောင့် **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"** ဟူ၍ ဆိုအပ်ပေသည်။

## တစ်နည်းပြဆိုချက်

**"ပစ္စတ္တံ ဝေဒိတဗ္ဗော"**ဟူသောပုဒ်၌ ပစ္စတ္တ–သဒ္ဒါကို "ကိုယ်တိုင်မျက်မှောက် ကိုယ်တွေ့ဒိဋ္ဌ" ဟူသော အနက်ဟောကြ၍ ပညာရှိ ပုဂ္ဂိုလ်တို့သည် ယုံကြည်ကာမျှ နှစ်သက်ကာမျှ တစ်ဆင့်စကားကြားရုံမျှ အခြင်းအရာကြံစည်ရုံမျှ အမှတ်အယူဖြင့် ရှုစား၍ သဘောကြိုက်ညီရုံမျှနှင့်သာ မဟုတ်ပဲ တရားတော်မြတ်ကို ကိုယ်တွေ့ဒိဋ္ဌအားဖြင့် သိအပ် သိထိုက်သောကြောင့် **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"**ဟူ၍ ဆိုအပ်၏။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ အရှင်ပဝိဋ္ဌ မထေရ်က အရှင်မုသိလကို ပြောဆိုသော စကားရပ်တွင် –

**အညတြေဝ အာဝုသော မုသိလ သဒ္ဓါယ၊ အညတြ ရုစိယာ၊ အညတြ အနုဿဝါ၊ အညတြ အာကာရ ပရိဝိတက္ကာ၊ အညတြ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ အတ္ထိ အာယသ္မတော မုသိလဿ ပစ္စတ္တမေဝ ဉာဏံ ဇာတိပစ္စယာ ဇရာမရဏန္တိ။**

ဟူ၍ ဟောတော်မူချက် ရှိ၏။

ထိုပါဠိတော်၌ ပစ္စတ္တ –သဒ္ဒါသည် ကိုယ်တိုင်လက်တွေ့ ဟူသောအနက်ကို ဟော၏။ ပစ္စတ္တ – သဒ္ဒါဖြင့် ယုံကြည်ကာမျှဖြစ်သော သဒ္ဒါအစရှိသည့် တရား ၅–ပါးတို့ကို နှစ်စေ၏။ မြစ်ပယ်၏။

**အနက်**။ ။ အာဝုသော မုသိလ၊ ငါ့ရှင် မုသိလ။ သဒ္ဓါယ၊ ယုံကြည်

http://www.dhammadownload.com



ကာမျှကို။ အညတြေ၀၊ ကြဉ်၍သာလျှင်။ ရုစိယာ၊ နှစ်သက်ရုံမျှကို။ အညတြ၊ ကြဉ်၍သာလျှင်။ အနုဿ၀၊ တစ်ဆင့်စကား ကြားရခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ အာကာရပရိဝိတက္ကာ၊ အခြင်းအရာ ထွေထွေလာလာ ကြံစည်ခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ မိမိအထင်ဖြင့် ဆင်ခြင် သဘောကျခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ အာယသ္မတော မုသိလဿ၊ ငါ့ရှင်မူသိလအား။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏန္တိ၊ ဇရာမရဏဖြစ်၏ ဟူ၍။ ပစ္စတ္တမေ၀၊ ကိုယ်တွေ့ဒိဋ္ဌသာလျှင်ဖြစ်သော။ ဉာဏံ၊ အသိဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

## ရှင်မုသိလစကား

ရှင်မုသိလက ပြန်၍ဆိုသော စကားရပ်တွင်လည်း –

**အညတြေ၀ အာဝုသော ပဝိဋ္ဌ သဒ္ဓါယ၊ အညတြ ရုစိယာ၊ အညတြ အနုဿ၀၊ အညတြ အာကာရပရိဝိတက္ကာ၊ အညတြ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ အဟမေတံ ဇာနာမိ၊ အဟမေတံ ပဿာမိ၊ ဇာတိပစ္စယာ ဇရာမရဏန္တိ** ဟူ၍ ဟောတော်မူ၏။

**အနက်။** ။ အာဝုသော ပဝိဋ္ဌ၊ ငါ့ရှင်ပဝိဋ္ဌ။ သဒ္ဓါယ၊ ယုံကြည်ကာမျှကို။ အညတြေ၀၊ ကြဉ်၍သာလျှင်။ ရုစိယာ၊ နှစ်သက်ရုံမျှကို။ အညတြ၊ ကြဉ်၍သာလျှင်။ အနုဿ၀၊ တစ်ဆင့်စကား ကြားရခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ အာကာရပရိဝိတက္ကာ၊ အခြင်းအရာ ထွေထွေလာလာ ကြံစည်ခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ မိမိအထင်ဖြင့် ဆင်ခြင်သဘောကျခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ ဇာတိပစ္စယာ၊ ဇာတိဟူသောအကြောင်းကြောင့်။ ဇရာမရဏန္တိ၊ ဇရာမရဏဖြစ်၏ ဟူ၍။ ဧတံ၊ ဤသဘောကို။ အဟံ၊ ငါကိုယ်တိုင်။ ဇာနာမိ၊ သိ၏။ ဧတံ၊ ဤသဘောကို။ အဟံ၊ ငါကိုယ်တိုင်။ ပဿာမိ၊ မြင်၏။

ဤပါဠိတော်စကားရပ်၌ –

"**အဟမေတံ ဇာနာမိ**" ဟူသော ပါဠ်ဖြင့် ပစ္စတ္တဉာဏ်ကို ပြ၏။

http://www.dhammadownload.com



ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရရှိခြင်း မျက်မှောက်ပြုခြင်းကို သစ္ဆိကရဏဟူ၍လည်းကောင်း၊ အတ္တပစ္စက္ခ ဟူ၍လည်းကောင်း၊ ပစ္စတ္တ ဟူ၍လည်းကောင်း ဆို၏။ ယုံကြည်ကာမျှ နှစ်သက်ကာမျှ တစ်ဆင့်ကြားကာမျှတို့ကို ပစ္စတ္တ၊ သစ္ဆိကရဏ၊ အတ္တပစ္စက္ခ ဟူ၍ မဆိုနိုင်။

**သဒ္ဓါ၊ ရုစိ၊ အနုဿဝ၊ အာကာရ ပရိဝိတက္က၊ ဒိဋ္ဌိနိဇ္ဈာနခန္တိ ၅-ပါးတို့၏ သဘောအထူး**

၁။ ယုံကြည်ခြင်းမျှသည် သဒ္ဓါ မည်၏။ ထိုသဒ္ဓါဖြင့် ယုံကြည်၍ နေမှုသည်လည်း အသိဉာဏ် မဟုတ်၊ ပုဂ္ဂိုလ်ခင်မှ တရားကိုမင် ဆိုသောစကားကဲ့သို့ ပုဂ္ဂိုလ်ကို ယုံကြည်နေလျှင် ထိုပုဂ္ဂိုလ် ပြောသမျှတို့ကို ယုံကြည်၍နေတတ်၏။ ထိုသို့ ယုံကြည်မှု၌ ထိထိမိမိ အသိဉာဏ် မသက်ဝင်ချေ။

၂။ နှစ်သက်ခြင်းသည် ရုစိ မည်၏။ သဘောကျခြင်းပေတည်း။ ထိုနှစ်သက်ခြင်းသည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ စိတ်ညွတ်ကိုင်းသည့်အတိုင်း အဟုတ်ထင်၍ နှစ်သက်တတ်၏။ ထို့ကြောင့် ထို ရုစိဟု ဆိုအပ်သော နှစ်သက်ခြင်းကိုလည်း ထိထိမိမိ အသိဉာဏ် သဘောမှန်ဟူ၍ အဆိုနိုင်။

၃။ တစ်ဆင့်စကား ကြားရခြင်းသည် အနုဿဝ မည်၏၊ ကြားရသောအတိုင်း မှတ်သားခြင်းသည်လည်း အသိဉာဏ် မဟုတ်၊ ကိုယ်တိုင်ဉာဏ်ဖြင့် ထိထိမိမိ ဆုံးဖြတ်နိုင်သော အရာမဟုတ်။

၄။ အခြင်းအရာ ထွေထွေလာလာ ကြံစည်ခြင်းသည် အာကာရပရိဝိတက္က မည်၏။ ထိုသို့ ထွေထွေလာလာ ကြံစည်၍ ထင်မြင်လာသောအချက်များသည်လည်း အသိဉာဏ်အစစ် မဟုတ်။ ဝိတက်၏ အရှိန်အစော်ဖြင့် ပေါ်မိပေါ်ရာ, ထင်မိထင်ရာ ဖြစ်ပေါ်လာတတ်သည်။ ဝိတက်ဖြင့် ထွေထွေလာလာ ကြံစည်ထင်မြင်ချက်နှင့် ဉာဏ်ဖြင့် ကိုယ်တွေ့ဒိဋ္ဌ ထင်မြင်ချက်သည် အလွန်ခြားနား၏။

၅။ မိမိစိတ်သဘော ထင်မြင်ချက်ဖြင့် ကြံစည်တွေးဆ သဘောကျ၍နေခြင်းသည် ဒိဋ္ဌိနိဇ္ဈာနခန္တိ မည်၏။ ထိုဒိဋ္ဌိနိဇ္ဈာနခန္တိ သည်လည်း အသိဉာဏ် မဟုတ်။ စိတ်သန္တာန်၌ ထင်မိထင်ရာ စိတ်ညွတ်ကိုင်းမိရာ ထင်မြင်သဘောကျ၍ လာတတ်သည်။

http://www.dhammadownload.com



**ဥပမာ**။ ။ လောကကို ဣသရအရှင် ဖန်ဆင်းသည်ဟူ၍ ဣသရနိမ္မာန ဒိဋ္ဌိ အရင်းခံ ရှိနေသူသည် ထိုအယူကို မူလထား၍ ရှုစားဆင်ခြင်သောအခါ ထင်မိထင်ရာ မိမိအယူအားလျော်စွာ ထင်မြင်၍ လာတတ်သည်။ ထို့ကြောင့် ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ သည်လည်း ထိထိမိမိ အသိဉာဏ် မဟုတ်ချေ။

ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ ဟူသောစကား၌ –

(က) ထင်မြင်ချက်သည် ဒိဋ္ဌိမည်၏။

(ခ) ကြံဆဆင်ခြင်ချက်သည် နိဇ္ဈာနမည်၏။

(ဂ) သဘောကျခြင်းသည် ခန္တိမည်၏။

(မိမိထင်မြင်ချက်ဖြင့် ကြံစည်၍ သဘောကျမှု ဆိုလိုသည်။)

ပစ္စတ္တ –ဉာဏ်, သစ္စိကရဏ –ဉာဏ်သည်သာလျှင် ဆိုခဲ့ပြီးသော ယုံကြည်ခြင်း သဒ္ဓါအစရှိသည့် အသိဉာဏ်ယောင်ယောင် တရားတို့ကို တွန်းလှန်၍ အမှန်အကန် ထိထိမိမိ နေရာတကျ ကိုယ်တိုင် သိရှိနိုင်သည်။

မြတ်စွာဘုရား၏ တရားတော်သည် ယုံကြည်ကာမျှ နှစ်သက်ကာမျှ သဒ္ဓါ, ရုစိ အစရှိသည့် တရား ၅–ပါးတို့နှင့်ကင်း၍ ပညာရှိပုဂ္ဂိုလ်တို့သည် ကိုယ်တွေ့ဒိဋ္ဌ ထိထိမိမိ သိအပ်သောကြောင့် **'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'** မည်ပေသည်။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်ပြီး၏။

ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းပြီး၏။

## (ဂ) သံဃာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**သံဃာနုဿတိ** ဟူသည်ကား မြတ်စွာဘုရားတပည့် သံဃာတော်မြတ်၏ သုပ္ပဋိပန္နတာစသော ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ဆိုသည်။

ထိုသံဃာနုဿတိသည် ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သံဃာတော်မြတ်၏ **'သုပ္ပဋိပန္နတာ'** စသော ၉–ပါးသော ဂုဏ်တော်တို့ကို ကောင်းမွန်စွာ သိပြီး၍ မြတ်စွာဘုရား၏ တပည့်သံဃာတော်မြတ်သည် မိစ္ဆာ

http://www.dhammadownload.com



ဒိဋ္ဌိဆရာများ၏ တပည့်တို့လို 'ဒုပ္ပဋိပန္န' မကောင်းသဖြင့် ကျင့်အပ်သော ပုဂ္ဂိုလ်မျိုးမဟုတ်။ သုပ္ပဋိပန္န – ကောင်းစွာ ကျင့်အပ်သော ပုဂ္ဂိုလ်မျိုးတို့ပေ တည်း။

'သုပ္ပဋိပန္န' ဟု ခေါ်ဆိုရအောင် ကောင်းစွာကျင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံတော်မူကြပေ၏။

ဤသံဃာတော်မြတ်၏ သဒ္ဓါစွမ်း, ဝီရိယစွမ်း, သတိစွမ်း, သမာဓိစွမ်း, ပညာစွမ်း အစွမ်းသတ္တိတော်တို့သည် အလွန်ထက်မြက် ကြီးမားလေ၏ဟု ဆင်ခြင် အောက်မေ့အပ်၏။

## သံဃာ့ဂုဏ်တော် ၉–ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၅။ ယဒိဒံ စတ္တာရိ ပုရိသ – ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော။

၆။ ပါဟုနေယျော။

၇။ ဒက္ခိဏေယျော။

၈။ အဉ္ဇလိကရဏီယော။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ ကလျာဏ ပုထုဇဉ် သီလဝန်, ပညာဝန်, အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ ၈–ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ ကလျာဏ

http://www.dhammadownload.com



ပုထုဇဉ် သီလဝန်, ပညဝန်, အရှင်မွန် အရှင်မြတ်တို့နှင့်တကွသော အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ ကလျာဏ ပုထုဇဉ် သီလဝန်, ပညဝန်, အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ ကလျာဏ ပုထုဇဉ် သီလဝန်, ပညဝန်, အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သာမိစိပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ရှိသေအပ်သော ပဋိပတ်ဂုဏ်နှင့် လည်း ပြည့်စုံတော်မူပေ၏။

၅။ ယဒိဒံ - ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် ၄-ပါး သော ယောကျ်ားမြတ် အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ယဒိဒံ - ယေ ဣမေ အဋ္ဌပုရိသပုဂ္ဂလာ၊ အကြင် ၈-ပါးသော ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန် ၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော - ထော သာဝကသံဃော၊ ဤ ၄-စုံ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ အာဂန္တုအား ရည်၍ ထားအပ်သော အလှူ ဝတ္ထု မျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော် မူပေ၏။

၆။ ပါဟုနေယျော၊ လက်ဆောင်အလို့ငှါ ယူ၍လာသော အလှူဝတ္ထုမျိုး ကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် နှင့်လည်း ပြည့်စုံတော်မူပေ၏။

၇။ ဒက္ခိဏေယျော၊ နောက်နောက်ဘဝအကျိုးရဖို့ ပျိုးချတုံလတ်မြတ်သော

http://www.dhammadownload.com



အလှူမျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၈။ အဉ္ဇလိကရဏီယော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၉။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိ မြင့်မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပေ၏။

**အမှာစကား။** ။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသော ဘုရားဂုဏ် ၉-ပါး, ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသော တရားဂုဏ် ၆-ပါး, ဤသံဃာနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသော သံဃာ့ဂုဏ် ၉-ပါးကို အဓိပ္ပယ်နှင့်တကွ ရေလည်စွာ မသိသောသူသည် ဘုရား, တရား, သံဃာကို ဉာဏ်နှင့် ကြည်ညိုတတ်သော သူမဟုတ်၊ ထိုသူ၌ တိဟိတ် ကုသိုလ်မဖြစ်၊ ဒွိဟိတ် ကုသိုလ်သာ ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာလူမျိုးမှန်လျှင် ဤဂုဏ်တော် ၃-ပါးအနက်ကို နှုတ်တက်ကျေမွ တကယ်ရမှ သင့်မြတ်သတည်း။

ဤဂုဏ်တော်ကြီးကို သုတ္တန်ပိဋကတ်၌ မြတ်စွာဘုရား ကိုယ်တော်တိုင် အဖန်ဖန် ဟောတော်မူ၏။ ရဟန္တာကြီးများလည်း အဖန်ဖန် ဟောတော်မူ၏။

**ဘုရားရှိခိုး ပြုလုပ်လိုလျှင်** - (တံ၊ ထိုသုပ္ပဋိပန္န အစ ပုညခေတ္တအဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှန်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူပေသော သံဃာတော်မြတ်အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဟု ထည့်၍ဆိုကြလေ။ ဤဘုရားရှိခိုးကြီးထက် ကြီးမြတ်သာ ဘုရားရှိခိုး မရှိပြီ။)

'သုပ္ပဋိပန္န' ဖြစ်အောင် ကျင့်သောပုဂ္ဂိုလ်သည် ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္နလည်း ဖြစ်တော့၏။ ဤသမ္မာပဋိပတ်ကိုပင်လျှင် ဥဇုပ္ပဋိပတ်, ဉာယပ္ပဋိပတ်, သာမိစိပ္ပဋိပတ် ဟုခေါ်၏။

http://www.dhammadownload.com



## သမ္မာပဋိပတ် ပုဂ္ဂိုလ်

❀ **မေး။** ။ သမ္မာပဋိပတ်ပုဂ္ဂိုလ် ဆိုသည်ကား မည်ကဲ့သို့သော အကျင့်မျိုးကို ကျင့်သော ပုဂ္ဂိုလ်ကို ခေါ်သနည်း။

❀ **ဖြေ။** ။ **ယေ ဟိ ကေစိ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဧဝံ ရူပံ အဘိညာယ ဧဝံ ရူပသမုဒယံ – အဘိညာယ ဧဝံ ရူပနိရောဓံ အဘိညာယ ဧဝံ ရူပနိရောဓဂါမိနိပဋိပဒံ အဘိညာယ ဧဝံ ရူပဿ အဿာဒံ အဘိညာယ ဧဝံ ရူပဿ အာဒီနဝံ အဘိညာယ ဧဝံ ရူပဿ နိဿရဏံ အဘိညာယ ရူပဿ နိဗ္ဗိ ဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နာ၊ တေ သုပ္ပဋိပန္နာ။ ယေ သုပ္ပဋိပန္နာ၊ တေ ဣမသ္မိံ ဓမ္မဝိနယေ ဂါဓန္တိ။**

**(သံယုတ်ပါဠိတော် သတ္တဋ္ဌာန ကုသလသုတ်)**

**အနက်။** ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေ ကေစိ၊ အမှတ်မရှိ အလုံးစုံကုန်သော။ သမဏာ ဝါ၊ ရဟန်းတို့သည်လည်းကောင်း။ ဗြာဟ္မဏာ ဝါ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ ဧဝံ၊ ဤသို့ ငါဘုရား ဟောကြားပြီးသောအတိုင်း။ ရူပံ၊ ရုပ်ကို။ အဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ငါဘုရားဟောကြားပြီးသောအတိုင်း။ ရူပသမုဒယံ၊ ရုပ်ဖြစ်ကြောင်းကို။ အဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ငါဘုရားဟောကြားပြီးသောအတိုင်း။ ရူပနိရောဓံ၊ ရုပ်ချုပ်ရာဌာနကို။ အဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ငါဘုရားဟောကြားပြီးသောအတိုင်း။ ရူပနိရောဓဂါမိနိပဋိပဒံ၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို။ အဘိညာယ၊ ဉာတပရိညာဖြင့် သိ၍။ ဧဝံ၊ ဤသို့ ငါဘုရားဟောကြားပြီးသောအတိုင်း။ ရူပဿ၊ ရုပ်၏။ အဿာဒံ၊ သာယာဖွယ်ကို။ အဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ငါဘုရားဟောကြားပြီးသောအတိုင်း။ ရူပဿ၊ ရုပ်၏။ အာဒီနဝံ၊ အပြစ်ဒေါသကို။ အဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ငါဘုရားဟောကြားပြီးသောအတိုင်း။ ရူပဿ၊ ရုပ်၏။ နိဿရဏံ၊ ကျွတ်လွတ်ထွက်မြောက်ရာကို။ အဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ရူပဿ၊ ရုပ်၌။ နိဗ္ဗိဒါယ၊ ပျင်းမုန်းငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ချစ်ခင်တပ်မက်ခြင်းကင်းခြင်းငှါ။ နိရောဓာယ၊ ရုပ်၌စွဲလမ်းသော တဏှာကို ချုပ်စေခြင်းငှါ။ ပဋိပန္နာ၊ ကျင့်ကြကုန်၏။ တေ၊

http://www.dhammadownload.com



ထိုသို့ ကျင့်ကြသော ရဟန်းပုဏ္ဏားတို့သည်။ သုပ္ပဋိပန္နာ၊ ကောင်းစွာ ကျင့်ကြသော ပုဂ္ဂိုလ်တို့ပေတည်း။ ဝါ၊ ကောင်းစွာကျင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံကြသော သုပ္ပဋိပန္န ပုဂ္ဂိုလ်တို့ပေတည်း။

ယေ၊ အကြင်သူတို့သည်။ သုပ္ပဋိပန္နာ၊ ကောင်းစွာ ကျင့်ကြကုန်၏။ (ဝါ) ကောင်းစွာကျင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံကြကုန်၏။ တေ၊ ထိုကောင်းစွာကျင့်ကြကုန်သော ကောင်းစွာကျင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံကြကုန်သော သူတော်သူမြတ်တို့သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤ ငါဘုရား သာသနာတော်၌။ ဂါဓန္တိ၊ ထောက်မှီကြကုန်၏။ (ဝါ) ထောက်ရာ, တည်ရာ, မှီရာ ရကြကုန်၏။

ခန္ဓာ ၅-ပါး ရ-ပါးသော အရာဌာနတို့၌ သိလိမ္မာ၍ ထိုခန္ဓာ ၅-ပါးတို့ကို ငြီးငွေ့ရွံမုန်းအောင်၊ ချစ်ခင်တပ်မက်ခြင်း ကင်းအောင်၊ စွန့်ပစ်နိုင်အောင် ကျင့်သောပုဂ္ဂိုလ်ကို သမ္မာပဋိပတ်ပုဂ္ဂိုလ်ဟု ခေါ်သည်။

(ဤပုဂ္ဂိုလ်မျိုးကို သုပ္ပဋိပန္န, ဥဇု, ဉာယ, သာမိစိပ္ပဋိပန္န ဖြစ်သော ပုဂ္ဂိုလ်ဟူ၍ ခေါ်သည်။ ၎င်းပုဂ္ဂိုလ်သည် အာဟုနေယျ, ပါဟုနေယျ စသော အကျိုး ၅-ပါးနှင့်လည်း ပြည့်စုံနိုင်တော့၏။)

ထို့ကြောင့် -

(က) "**စတ္တာရော စ ပဋိပန္နာ စတ္တာရော စ ဖလေ ဋ္ဌိတာ။ လ ။ ဧတ္ထ ဒိန္နံ မဟပ္ဖလံ**" ဟူ၍ လည်းကောင်း၊

(ခ) "**သောတာပတ္တိဖလသစ္ဆိ ကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ**" အစရှိသည့်ဖြင့်လည်းကောင်း ဒက္ခိဏာဝိဘင်္ဂသုတ် စသည်တို့၌ ဟောတော်မူသည်။

## အာဟုနေယျ စသည်ကို ပြဆိုချက်

၁။ အရပ်ဝေးမှ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ခဲယဉ်းစွာ ဆောင်ယူခဲ့၍ လှူအပ်သော ဝတ္ထုအလှူကို "**အာဟုနဝတ္ထုအလှူ**"ဟု ခေါ်သည်။

၂။ အရပ်လေးမျက်နှာတို့မှ လာလတ္တံ့သော ချစ်ခင်အပ်သော မိတ်ဆွေ ဧည့်သည်တို့အဖို့ ရည်စူး၍ ထားသော ထွင်ထွင်မြတ်မြတ် လက်

http://www.dhammadownload.com



ဆောင်ဝတ္ထုအလှူကို **"ပါဟုနဝတ္ထုအလှူ"** ဟု ခေါ်သည်။

၃။ ကံ, ကံ၏အကျိုးကို ယုံကြည်၍ နောင်သံသရာ၌ အကျိုးမြတ်ခြင်းကို လိုလားတောင့်တ၍ ဘယ်ဝတ္ထုမဆို ယုတ်စွအဆုံး ပန်းတစ်ပွင့်ပင် ဖြစ်စေ လှူသော ဝတ္ထုအလှူကို **"ဒက္ခိဏဝတ္ထုအလှူ"**ဟု ခေါ်သည်။

ဤအလှူ ၃–ပါးတို့ကို သာမညပုဂ္ဂိုလ်တို့ ခံယူသုံးဆောင်၍ အလှူရှင်က စိတ်မကျေချမ်းနိုင်၊ သာမညပုဂ္ဂိုလ်တို့ အလှူမခံထိုက်၊ ဤကဲ့သို့ သမ္မာပဋိပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှသာလျှင် အသရေယျ အကျိုးကြီးမြတ်ခြင်းကို ဖြစ်စေတတ်သောကြောင့် ခံယူ သုံးဆောင်ထိုက်သည်။ အလှူရှင်ကလည်း စိတ်ကျေချမ်းနိုင်သည်။ သဒ္ဓါနိုင်သည်။ ဝမ်းမြောက်နိုင်သည်။

ထို့ကြောင့် ဤသမ္မာပဋိပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အာဟုနဝတ္ထုအလှူကို ခံထိုက်သော အာဟုနေယျ, ပါဟုနဝတ္ထုအလှူကို ခံထိုက်သော ပါဟုနေယျ, ဒက္ခိဏဝတ္ထု အလှူကိုခံထိုက်သော ဒက္ခိဏေယျပုဂ္ဂိုလ် ဖြစ်နိုင်ပေသည်။

## မိဘ ၂–ပါးတို့သည် သားသမီးတို့ ဝတ္ထု အလှူကို ခံထိုက် မခံထိုက်

သားသမီးတို့၏ အာဟုနဝတ္ထု, ပါဟုနဝတ္ထု ၂–ပါးကိုကား သမ္မာပဋိပတ်နှင့်ပင် မပြည့်စုံငြားသော်လည်း မိဘ ၂–နှစ်ပါးတို့သည် ခံထိုက်ကုန်၏။ အမိအဖတို့သည် သားသမီးတို့၏ အပေါ်၌ အာဟုနေယျ, ပါဟုနေယျ ဂုဏ်တို့နှင့် ပြည့်စုံကြ၏။ အာဟုနေယျပုဂ္ဂိုလ်, ပါဟုနေယျပုဂ္ဂိုလ် ဖြစ်ကြ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် –

**အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။**

စသည်ဖြင့် ဣတိဝုတ်ပါဠိတော်၌ ဟောတော်မူပေ၏။

ဝိသာခါ, အနာထပိဏ် စသည်တို့လို သမ္မာပဋိပတ်နှင့် ပြည့်စုံသော သုပ္ပဋိပန္နပုဂ္ဂိုလ် ဖြစ်ခဲ့ပါလျှင် သားသမီးတို့နှင့်တကွ သတ္တဝါခပ်သိမ်းတို့၏ ဒက္ခိဏအလှူကိုလည်း ခံထိုက်၏။ ဒက္ခိဏေယျ ပုဂ္ဂိုလ်လည်း ဖြစ်နိုင်ကြ၏။ သမ္မာပဋိပတ်နှင့် မပြည့်စုံလျှင် ဒက္ခိဏေယျ ပုဂ္ဂိုလ် မဖြစ်နိုင်ကြကုန်၊ ဤအာဟု

http://www.dhammadownload.com



နေယျစသော ပုဂ္ဂိုလ်ဖြစ်နိုင်မှုသည်ကား သမ္မာပဋိပတ်၏ အစွမ်းသတ္တိပင်လျှင် တည်း။

(ဤသို့လျှင် ပဋိပတ္တိ, ပဋိဝေဓ တရားတော်မြတ်၏ ဂုဏ်ကျေးဇူး ကြီးမားပုံ, အာနုဘော် ကြီးမားပုံကို သိကြလေ။)

## သံဃာနုဿတိ၏ အကျိုး

ဤသို့ သုပ္ပဋိပန္နတာ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြကုန်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်၏ ဂုဏ်တို့ကိုလည်း အဖန်ဖန် ဆင်ခြင် အောက်မေ့ကြရာ၏။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်၌ ဤဂုဏ် ၉-ပါးအပြင် ဂုဏ်ကျေးဇူးတွေသည် "**အပ္ပမာဏော သံဃော**" ဆိုသောအတိုင်း အသချေ်၊ အနန္တများပြားစွာ ရှိကုန်သည်။ သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးတွေကို ၁-ပါးထက် ၂-ပါး၊ ၂-ပါးထက် ၃-ပါးစသည်ဖြင့် များများကြီး သိနိုင်လေ ဆင်ခြင် အောက်မေ့နိုင်လေ အကျိုး သာလွန်ကြီး မြတ်နိုင်လေသည်။

ဤကဲ့သို့ ဆင်ခြင် အောက်မေ့သည်ရှိသော် အလွန်နှစ်သက် ဝမ်းမြောက် ခြင်းဖြစ်၏။ အလွန် စိတ်ဉာဏ်ကြည်လင်၏။ အလွန် ဉာဏ်ထက်သန် ကြီးထွား ၏။ အလွန်စိတ်တည်ကြည်၏။ ဥပစာရစျာန်ကို ရ၏။

**ဤသံဃာနုဿတိကမ္မဋ္ဌာန်းသည်လည်း** - သံဃာတော်မြတ် ဂုဏ်ကျေး ဇူးတွေက အလွန်နက်နဲသိမ်မွေ့သော ပရမတ္ထဓမ္မတွေဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပ္ပနာစျာန်ကို မဖြစ်စေနိုင်။

## သုပ္ပဋိပန္န ဂုဏ်တော်

(က) သေက္ခပုဂ္ဂိုလ် (ရ)-ယောက်တို့သည် ကောင်းစွာ ကျင့်နေဆဲဖြစ်သော ကြောင့် သုပ္ပဋိပန္န မည်ကုန်၏။

**သုဋ္ဌု ပဋိပန္နာတိ သုပ္ပဋိပန္နော။**

သုဋ္ဌု၊ ကောင်းမွန်စွာ။ ပဋိပန္နာ၊ ကျင့်ဆဲဖြစ်ကြကုန်၏။ ဣတိတသ္မာ၊

http://www.dhammadownload.com



ထို့ကြောင့်။ သုပ္ပဋိပန္နာ၊ သုပ္ပဋိပန္န မည်ကုန်၏။

**သုဋ္ဌု ပဋိပဇ္ဇိတ္တာတိ သုပ္ပဋိပန္နော။**

သုဋ္ဌု၊ ကောင်းမွန်စွာ။ ပဋိပဇ္ဇိတ္တ၊ ကျင့်ခြင်းကိစ္စ ပြီးစီးလေပြီ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္န မည်၏။

အရိယာ သံဃာတော် ၈-ပါးသည် ကောင်းစွာကျင့်ဆဲ ကျင့်ပြီးဖြစ်သော ကြောင့် သုပ္ပဋိပန္န မည်တော်မူသည်။

## ဥဇုပ္ပဋိပန္န ဂုဏ်တော်

ဥဇုပ္ပဋိပန္န စသော ပုဒ်တို့၌လည်း သေက္ခ, ရဟန္တာ ခွဲ၍ ဝိဂြိုဟ်ပြုရာ၏။

**ဥဇုကံ ပဋိပန္နာတိ ဥဇုပ္ပဋိပန္နာ။**

ဥဇုကံ၊ ဖြောင့်မတ်တည်တံ့စွာ။ ပဋိပန္နာ၊ ကျင့်တော်မူကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥဇုပ္ပဋိပန္နာ၊ ဥဇုပ္ပဋိပန္နမည်ကုန်၏။

**ဖြောင့်ဖြောင့်ကျင့်သည် ဟူသည်ကား** –ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော ကိုယ်, နှုတ်, နှလုံး အကောက် ၃-ပါးတို့နှင့်ကင်း၍ စဉ်းလဲခြင်း လှည့်ဖြားခြင်းမရှိပဲ ကျင့်သည်ကို ဆိုသည်။

## ဉာယပ္ပဋိပန္န ဂုဏ်တော်

**ဉာယေန ပဋိပန္နာတိ ဉာယပ္ပဋိပန္နာ။**

ဉာယေန၊ အသင့်အလျော်အားဖြင့်။ ပဋိပန္နာ၊ ကျင့်တော်မူကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဉာယပ္ပဋိပန္နာ၊ ဉာယပ္ပဋိပန္န မည်ကုန်၏။

**အသင့်အလျော်ကျင့်သည်ဟူသည်ကား** – မချွတ်မယွင်း ကျင့်သည်၊ ကျင့်စဉ်နည်းလမ်းအတိုင်း လျှော်ညီစွာ ကျင့်သည်ကိုဆိုသည်။

## သာမိစိပ္ပဋိပန္န ဂုဏ်တော်

**သာမိစိ ကတ္တာ ပဋိပန္နာတိ သာမိစိပ္ပဋိပန္နာ။**

သာမိစိ ကတ္တာ၊ အရိုအသေပြု၍။ ပဋိပန္နာ၊ ကျင့်တော်မူကြကုန်၏။

http://www.dhammadownload.com



ဣတိတသ္မာ၊ ထို့ကြောင့်။ သာမိစိပ္ပဋိပန္နာ၊ သာမိစိပ္ပဋိပန္န မည်ကုန်၏။

**သာမိစိပ္ပဋိပန္န ဟူသည်ကား** –မြတ်စွာဘုရား ဟောကြားနည်းပြတော်မူသောအတိုင်း မဆန့်ကျင်စေမူ၍ လေးလေးမြတ်မြတ် ဂရုတစိုက် ကျင့်သည်ကို သာမိစိပ္ပဋိပန္န ဆိုသည်။

ပြဆိုအပ်ပြီးသော ဂုဏ်တော် ၄–ပါးသည် သဘောအဓိပ္ပာယ်အားဖြင့် များစွာ ထူးခြားလှသည်မဟုတ်၊ အကျင့်ပဋိပတ်ကို ကောင်းစွာ ကျင့်သည်၊ ဖြောင့်စွာကျင့်သည်၊ သင့်လျော်စွာကျင့်သည်၊ ရိုသေစွာကျင့်သည်ဟူ၍ အနည်းငယ်မျှသာ ထူးခြားလေသည်။

## ရဟန်းရှင်လူတို့ တူညီပုံ, ထူးခြားပုံ

**တူညီပုံ** – ရဟန်းဖြစ်စေ, လူဖြစ်စေ အကြင်အကြင် ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ဆုံးမနည်းပေးတော်မူသောအတိုင်း အပြည့်အစုံ စင်စင်ကြယ်ကြယ် ကျင့်ကြံအားထုတ်ကြကုန်၏။ ထိုထိုပုဂ္ဂိုလ်တို့သည် သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္န တို့မည်ကုန်၏၊ သို့သော်လည်း ဤသံဃာဂုဏ်တော် အရာ၌ "**အနုတ္တရ ပုညက္ခေတ္တ**" အတုမရှိသော ကုသိုလ်၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းကို အလိုရှိအပ်သောကြောင့် ရဟန်းသံဃာတို့ကိုသာလျှင် သုပ္ပဋိပန္န စသည်ဖြင့် ဂုဏ်တင်၍ ဆိုအပ်ကုန်၏။

စင်စစ်အားဖြင့်မူကား သိက္ခာသုံးရပ်တို့တွင် အဓိစိတ္တ, အဓိပညာ ဟု ဆိုအပ်သော အထက်ဘာဝနာ အထက်သိက္ခာတို့၌ ကျင့်စဉ်စခန်းသည် ရဟန်း, ရှင်, လူ ဟူ၍ အထူးအခြား မရှိ၊ အတူအမျှပင် ဖြစ်၏။

**ထူးခြားပုံ** –အဓိသီလသိက္ခာ အရာ၌မူကား လူနှင့် ရဟန်းတို့သည် လွန်စွာ ခြားနားကြကုန်၏။ ထိုစကား မှန်၏။ လူတို့မှာကား ၅–ပါးသီလဟု ဆိုအပ်သော သိက္ခာပုဒ် ၅–ပါးတို့သာလျှင် နိစ္စသီလရှိကြကုန်၏။ ရဟန်းတော် အရှင်မြတ်တို့မှာကား အတိုင်းမသိသော သိက္ခာပုဒ်တော်များ ရှိကြကုန်၏။

ရဟန်းတော်တို့၏ သိက္ခာပုဒ်ပေါင်းသည် ဝိနည်း ပိဋကတ်တော်၌ (၉၁,၈၀၅,၀၃၆,၀၀၀) ကုဋေကိုးထောင် တစ်ရာ့ရှစ်ဆယ်ငါးသန်း သုံးသောင်း

http://www.dhammadownload.com



ခြောက်ထောင် ရှိသည်။

**ဆောင်ပုဒ်သံခိပ်။ ။ ကိုးထောင်တစ်ရာ၊ ရှစ်ဆယ်သာ၊ သချာကုဋေထုတ်၊ ငါးသန်းသုံးသောင်း၊ ခြောက်ထောင်ဆောင်း၊ များ တောင်း သိက္ခာပုဒ်။**

ထို့ကြောင့် –

ဥပသမ္ပန္နဘုံ၌တည်၍ အတိုင်းမသိ များပြားသော သိက္ခာပုဒ်တို့ကို ကျင့်ဆောင်တော်မူကြကုန်သော ရဟန်းတော် အရှင်မြတ်တို့သည်သာလျှင် အတုမရှိသော ကောင်းမှု၏ စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ်တို့ ဖြစ်ကြကုန်၏။

❀ **မေး။** ။ ကျင့်ဆောင်ကြိုးစားကြကုန်သော ထိုတပည့်သာဝကတို့သည် အဘယ်သို့လျှင် ကောင်းစွာ ကျင့်ခြင်းကိစ္စ ပြီးစီးကြကုန်သနည်း။

❀ **ဖြေ။** ။ အကြင်သို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရားသည် ထိုတပည့် သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏။ ထိုသို့ ဟောကြားတော်မူသောအတိုင်း ကျင့်ဆောင်ကြိုးစားကြကုန်သည်ရှိသော် ထိုတပည့်သာဝကတို့သည် ကောင်းစွာ ကျင့်ခြင်းကိစ္စ, ဖြောင့်မတ်စွာကျင့်ခြင်းကိစ္စ, သင့်လျော်စွာကျင့်ခြင်းကိစ္စ, ရိုသေစွာကျင့်ခြင်းကိစ္စ ပြီးစီးကြသည် မည်ကုန်၏။

❀ **မေး။** ။ အဘယ်သို့လျှင် မြတ်စွာဘုရားသည် ထိုတပည့်သာဝကတို့အား အကျင့်ပဋိပတ်ကို ဟောကြားတော်မူပါသနည်း။

❀ **ဖြေ။** ။ ဆိုလတ္တံ့သော စကားရပ်ဖြင့် သာဝကတို့အား အကျင့်ပဋိပတ် ဟောကြားပုံကို သိအပ်၏။

အရှင် ဥဒါယီအား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန်၌–

အို . . ဥဒါယီ၊ တစ်ဖန်တုံ ငါဘုရားသည် တပည့်သားတို့အား အကျင့်ပဋိပတ်ကို ဟောကြားတော်မူအပ်၏။

အကြင်ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် သတိပဋ္ဌာန် ၄–ပါးကို ပွားများကြကုန်၏၊ ထိုသို့ ပွားများရာ၌ ငါဘုရား၏ များစွာသော တပည့်သားတို့သည် အထူးသိမြင် အဘိညာဉ်လမ်း

http://www.dhammadownload.com



ပေါက်ကြကုန်လျက် ပါရမီ၏ ပြီးဆုံးခြင်းသို့ ဆိုက်ရောက်ကြကုန်သည်ဖြစ်၍ နေကြကုန်၏။

ငါဘုရားသည် တပည့်သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏။

အကြင်ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် သမ္မပ္ပဓာန် ၄-ပါးတို့ကို ပွားများကြကုန်၏။ ဣဒ္ဓိပါဒ် ၄-ပါးတို့ကို ပွားများကြကုန်၏။ ဣန္ဒြေ ၅-ပါးတို့ကို ပွားများကြကုန်၏။ ဗိုလ် ၅-ပါးတို့ကို ပွားများကြကုန်၏။ ဗောဇ္ဈင် ၇-ပါးတို့ကို ပွားများကြကုန်၏။ အရိယမဂ္ဂင် ၈-ပါးတို့ကို ပွားများကြကုန်၏။ ထိုသို့ ပွားများရာ၌ ငါဘုရား၏ များစွာသော တပည့်သားတို့သည် အထူးသိမြင် အဘိညာဉ်လမ်းပေါက်ကြလျက် ပါရမီ၏ ပြီးဆုံးခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ နေကြကုန်၏။ ငါဘုရားသည် တပည့်သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏။

အကြင် ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် ဝိမောက္ခစျာန် ၈-ပါးတို့ကို ပွားများကြကုန်၏။ အဘိဘာယတနစျာန် ၈-ပါးတို့ကို ပွားများကြကုန်၏ ကသိဏာယတနစျာန် ၁၀-ပါးတို့ကို ပွားများကြကုန်၏။ စျာန် ၄-ပါးတို့ကို ပွားများကြကုန်၏။ ထိုသို့ ပွားများရာ၌ ငါဘုရား၏ များစွာသော တပည့်သားတို့သည် အထူးသိမြင် အဘိညာဉ်လမ်းပေါက် ကြကုန်လျက် ပါရမီ၏ ပြီးဆုံးခြင်းသို့ရောက်၍ နေကြကုန်၏။

(အထက်ပါ စကားရပ်၌ စျာန် ၄-ပါး ဆိုသည်မှာ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန် ၄-ပါးကို ယူလေ၊ ကသိဏ်းစျာန်, အသုဘစျာန်, အနုဿတိစျာန်, အပ္ပမညာဗြဟ္မဝိဟာရစျာန်, အာရုပ္ပစျာန် တို့သည် ဆိုခဲ့ပြီးသော စျာန် ၄-ပါးတို့၌ အကျုံးဝင်ကုန်၏။)

## အာဟုနေယျ ဂုဏ်တော်

**အာဟုနံ အရဟတီတိ အာဟုနေယျော။**

အာဟုနံ၊ နိစ္စဘတ်တည်သော အလှူဝတ်ကို။ အရဟတိ၊ ခံခြင်းငှါ

http://www.dhammadownload.com



ထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာဟုနေယျော၊ အာဟုနေယျ မည်၏။ မိဘ, ဆရာ, ပူဇော်ရိုသေထိုက်သူများကို ရည်၍ ရှေးကပြုပေဖူးသော ကျေးဇူး အထူးကို အောက်မေ့ဆင်ခြင်ပြီးလျှင် ကတညုတ, က တဝေဒီတရားကို ပွားများ ဖြည့်ဆည်းပူးသည်၏ အစွမ်းအားဖြင့် အမြဲမပြတ် နိစ္စဘတ် ဝတ်တည်ထားအပ် သော အလှူဝတ်သည် အာဟုနမည်၏။ ထိုအလှူကို ခံထိုက်သောကြောင့် အာဟု နေယျ မည်သည်။

**အယံ ခေါ အာယသ္မတော ဗြဟ္မဒေဝဿ မာတာ ဗြာဟ္မဏီ ဗြဟ္မုနော အာဟုတိံ နိစ္စံ ပဂ္ဂဏှာတိ။**

ဟူသော ဗြဟ္မသံယုတ် ပါဠိတော်ကိုထောက်၍ အာဟုန ဆိုသည်ကား နိစ္စဘတ်တည်သော အလှူဝတ်ဟူ၍ သိအပ်၏။ အာဟုတိနှင့် အာဟုန အနက် တူ၏။

(မိဘတို့သည်လည်း သားသမီးတို့၏ ဤသို့ နိစ္စဘတ်တည်ထား ပြုစုအပ်သော ဝတ်ကို ခံထိုက်သောကြောင့် အာဟုနေယျပင် မည်ကြ ပေကုန်၏။)

## ပါဟုနေယျ ဂုဏ်တော်

**ပါဟုနံ အရဟတီတိ ပါဟုနေယျော။**

ပါဟုနံ၊ ဧည့်သည်အာဂန္တုတို့အလို့ငှါ ရည်စူး၍ ထားအပ်သော အလှူကို။ အရဟတိ၊ ခံထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပါဟုနေယျာ၊ ပါဟုနေယျ မည်၏။ ဧည့်သည်ကိုလည်းကောင်း, ဧည့်သည်၏အကျိုးငှါ ရည်ညွှန်း၍ ထား အပ်သော အလှူဝတ္ထုကိုလည်းကောင်း ပါဟုန ခေါ်သည်။

## ပါဟုန၏ အဓိပ္ပာယ်အကျယ်

ထိုပါဟုန၏ အနက်အဓိပ္ပာယ်ကို ပြဆိုလတ္တံ့သော တေမိယဇာတ် ပါဠိ တော်ဖြင့် သိအပ်၏။

http://www.dhammadownload.com



**ဣဒံပိ ပဏ္ဏကံ မယှံ၊**
**ရဉ္ဇ ရာဇ အလောဏကံ။**
**ပရိဘုဉ္ဇ မဟာရာဇ၊**
**ပါဟုနော မေ ဣဓာဂတော။**
**(တေမိယဇာတ် ပါဠိတော်)**

**အနက်။** ။ ရာဇ၊ ခမည်းတော်မင်းကြီး။ ဣဒံပိ ပဏ္ဏကံ၊ ဤကံပြင်း ရွက်ကိုလည်း။ မယှံ၊ အကျွန်ုပ်သည်။ အလောဏကံ၊ ဆားမခတ်ရပဲ။ ရဉ္ဇ၊ ပြုတ်၍ထားအပ်ပါ၏။ မဟာရာဇ၊ ခမည်းတော် မင်းမြတ်။ ပရိဘုဉ္ဇ၊ သုံးဆောင် တော်မူပါလော့။ မေ၊ အကျွန်ုပ်၏။ ပါဟုနော၊ ဧည့်သည်တော် ဖြစ်သော အရှင် မင်းကြီးသည်။ ဣဓာဂတော၊ ဤအရပ်သို့ ဆိုက်ရောက်တော် မူလာပေ၏။

ထို့ကြောင့် –

**ပါဟုနဆိုသည်ကား –** မိမိနေရာဌာနသို့ ဆိုက်ရောက်လာကြကုန်သော ဆွေမျိုးမိတ်ဆွေ ဧည့်သည်အာဂန္တုတို့အား သူတော်ကောင်းတို့၏ ရှေးဟောင်း ကျင့်ဝတ်ကို မချွတ်မယွင်းစေသောအားဖြင့် စီရင် ဧည့်ခံပြုစု လုပ်ကျွေးတည်ထား အပ်သော ဝတ္ထုကို ပါဟုနေဆိုသည်ဟု သိအပ်၏။ မိမိသည် ဧည့်သည် အာဂန္တု အဖြစ်ဖြင့် ဆွေမျိုး မိတ်ဆွေ စသည်တို့၏ နေရာဌာနသို့ ဆိုက်ရောက်လာသော အခါ မိမိရှေ့သို့ တည်ခင်း ဆိုက်ရောက်လာသော ဝတ္ထုပစ္စည်းကိုလည်း ပါဟုန ဟူ၍ပင် ဆိုအပ်၏။ ထိုဧည့်သည် အာဂန္တုတို့၏ အတွက် ရည်မှန်းလှူဒါန်းအပ် သော အလှူဝတ္ထုကို ခံခြင်းငှါ ထိုက်သောကြောင့် ပါဟုနေယျ မည်သည်။

## ဒက္ခိဏေယျ ဂုဏ်တော်

**ဒက္ခိဏံ အရဟတီတိ ဒက္ခိဏေယျော။**

ဒက္ခိဏံ၊ သဒ္ဓါဖြင့် လှူအပ်သော အလှူဝတ္ထုကို။ အရဟတိ၊ ခံစားခြင်းငှါ ထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်၏။

http://www.dhammadownload.com



**ဒက္ခိဏာဆိုသည်ကား** – အာဟုန, ပါဟုန မျိုးမဟုတ်ပဲ သက်သက်ကံကို လည်းကောင်း, ကံ၏အကျိုးကို လည်းကောင်း ယုံကြည်အားထား၍ နောင်အခါ အကျိုးထူးကို ခံစားရလိမ့်မည်ဟူ၍ လည်းကောင်း, ပါရမီကုသိုလ် ပြည့်စိမ့်သောငှါ လည်းကောင်း, သီလစသော ဂုဏ်ကျေးဇူးတို့ကို ပူဇော်ချီးမြှောက်ခြင်းငှါ လည်းကောင်း သဒ္ဓါသဖြင့် စီရင်၍ ထားအပ်သော သဒ္ဓါဒေယျ ဒါနသည် ဒက္ခိဏာ မည်၏။ ထိုဒက္ခိဏာ မည်သော အလှူဝတ္ထုကို ခံထိုက်သောကြောင့် ဒက္ခိဏေယျ မည်သည်။

## အဉ္ဇလိကရဏီယ ဂုဏ်တော်

ဆိုအပ်ပြီးသော ဒါန ၃–မျိုးကို အရိယာသံဃာတော်အား လှူဒါန်းအပ်သည်ရှိသော် အထူးသဖြင့် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင်ကို ဖြစ်စေတတ်၏။

ထို့ကြောင့် –

အရိယာ သံဃာတော်သည် အာဟုနေယျ, ပါဟုနေယျ, ဒက္ခိဏေယျ ဟူသော ဂုဏ်ကို ရရှိတော်မူသည်။

လက်အုပ်ချီခြင်းကို အဉ္ဇလိကမ္မဟူ၍ လည်းကောင်း, အဉ္ဇလိကရဏ ဟူ၍လည်းကောင်း ဆိုအပ်၏။

**အဉ္ဇလိကရဏံ အရဟတီတိ အဉ္ဇလိကရဏီယော။** အဉ္ဇလိကရဏံ၊ လက်အုပ်ချီမိုး ရှိခိုးရိုသေခြင်းကို။ အရဟတိ၊ ခံထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိကရဏီယ မည်၏။

သုပ္ပဋိပန္န စသော ဂုဏ်တို့နှင့်ပြည့်စုံ၍ မြတ်သာ ပုဂ္ဂိုလ်ဖြစ်သောကြောင့် လက်အုပ်ချီခြင်းကို ခံထိုက်သည်။ ထို့ကြောင့် အဉ္ဇလိကရဏီယ မည်၏။

### ရှိခိုးခြင်း၏အကျိုးကို ဥပမာဖြင့် ပြဆိုချက်

ဤလောက၌ က္ကသဿရိယဂုဏ်နှင့် ပြည့်စုံသော မင်းစိုးရာဇာတို့အား ရှိခိုးလျှင် ထိုက်သည်အားလျော်စွာ လောကီအကျိုးကို ပေးတတ်သကဲ့သို့ သုပ္ပဋိပန္န စသော ဂုဏ်ကောင်း, ဂုဏ်မြတ်တို့နှင့် ပြည့်စုံသော အရှင်မွန်, အရှင်မြတ်တို့ကို

http://www.dhammadownload.com



ရှိခိုးလျှင် မရေမတွက်နိုင်သော သံသရာ၏ ကောင်းကျိုးချမ်းသာတို့ကို ပေးနိုင်လေသည်။

ဤသို့ ရှိရှင်မြတ်နိုး တစ်ကြိမ်ခိုးက ကောင်းကျိုးအသချေ ပေးနိုင်ပေသောကြောင့် ထိုအရှင်မွန်, အရှင်မြတ်တို့သည် အဋ္ဌလိကရဏီယ ဟူသော ဂုဏ်ထူးကို ရရှိတော်မူကြကုန်သည်။

သံဃာနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

## (ဃ) သီလနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**သီလာနုဿတိ ဟူသည်ကား** – မိမိ ထိန်းသိမ်း စောင့်ရှောက်အပ်သော သီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ဆိုသည်။

၁။ လူတို့ စောင့်ရှောက်အပ်သော ဂဟဋ္ဌသီလပင်ဖြစ်စေ, ရဟန်းတို့ စောင့်ရှောက်အပ်သော ပဗ္ဗဇိတသီလပင်ဖြစ်စေ, ထိုသီလတို့၌ အစက ဖြစ်စေ, အဆုံးကဖြစ်စေ, သိက္ခာပုဒ် ၁–ပါးပါး ပျက်သော သီလသည် အစွန်အဖျား စုတ်ပြတ်သော ပုဆိုးကဲ့သို့ ပြတ်ကျိုးသော သီလမည်၏။

၂။ အလယ်၌ သိက္ခာပုဒ် ၁–ပါးပါးပျက်သော သီလသည် အလယ်၌ မီးလောင်ပေါက်သော ပုဆိုးကဲ့သို့ ပေါက်သောသီလ မည်၏။

၃။ သိက္ခာပုဒ် ၁–ခုခြား, ၁–ခုခြား အစဉ်အတိုင်း ပျက်သော သီလသည် နွားမ ဝါစေ့ပြောက်ကဲ့သို့ ပြောက်သောသီလ မည်၏။

၄။ သိက္ခာပုဒ် ၂–ခုကျော်, ၃–ခုကျော် စသည်ဖြင့် ပျက်သောသီလသည် နွားမကျားကဲ့သို့ ကြောင်ကျားသောသီလ မည်၏။

### သီလာနုဿတိကို ပွားများပုံနှင့်အကျိုး

ထိုသီလာနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိတို့ ထိန်းသိမ်းစောင့်ရှောက်အပ်သော သီလကို မကျိုး, မပေါက်, မပြောက်မကျား ရအောင် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်၍–

၁။ ငါ၏သီလသည် မကျိုး, မပေါက်, မပြောက်, မကျားလေပြီ။

http://www.dhammadownload.com



ကောင်းစွာ ပြည့်စုံသန့်ရှင်းပေ၏။ အလွန်ကောင်းပေစွ၊ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် နီးစွာသော အကြောင်းဖြစ်၍ တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်လွတ်မြောက်ကြောင်း ဖြစ်ပေစွ။

၂။ သူတစ်ပါးတို့သည် သင်၏သီလ၌ ဤကဲ့သို့ အပြစ်ဒေါသရှိသည်ဟု စွပ်စွဲပြောဆိုခြင်းငှါ မထိုက်အောင် အပြစ်မှ သန့်ရှင်းဖြူစင်ပေ၏။

၃။ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းထိုက်အောင် စိတ်အေးမြချမ်းသာ တည်ကြည်ခြင်း သမာဓိကို ဖြစ်စေနိုင်လောက်အောင် လွန်စွာ အပြစ်တို့မှ သန့်ရှင်းဖြူစင်ပေ၏။ အလွန်ကောင်းပေစွဟု မိမိသီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့အပ်၏။ အောက်မေ့ရာ၏။

ဤကဲ့သို့ အောက်မေ့သည်ရှိသော် –

အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်၏။ စိတ်ဉာဏ်ထက်သန် ကြီးထွား၏။ ကြည်လင်၏။ တည်ကြည်၏။ ဥပစာရဈာန်ကို ရ၏။

**ဤသီလာနုဿတိ ကမ္မဋ္ဌာန်းသည်လည်း** – သီလဂုဏ်ကျေးဇူးတို့၏ နက်နဲသိမ်မွေ့သည်ဖြစ်၍ နိမိတ်ကောင်းသော တရားမဟုတ်ခြင်းကြောင့် အပ္ပနာဈာန်ကိုကား မဖြစ်စေနိုင်။

သီလာနုဿတိကမ္မဋ္ဌာန်း ပြီး၏။

## (င) စာဂါနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**စာဂါနုဿတိ ဟူသည်ကား** – နှမြောမဖက် သဒ္ဓါသက်သက်ဖြင့် လှူဒါန်းစွန့်ကြဲအပ်သော မိမိ၏ အလှူစာဂ၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ဆိုသည်။

### စာဂါနုဿတိကို ပွားများပုံနှင့်အကျိုး

ထိုစာဂါနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် တရားသဖြင့် ရရှိသော လှူဖွယ်ဝတ္ထုတို့ကို ဂုဏ်ကျေးဇူးကြီးမြတ်သာ ပုဂ္ဂိုလ်တို့၌ မလှူမီ, လှူဆဲ, လှူပြီး ၃–ပါးသော ခဏ၌ စိတ်ကို ကြည်လင်ရွှင်လန်း ဝမ်းမြောက်စေလျက် နှစ်သက်ကြည်ဖြူစွာ ပေးလှူစွန့်ကြဲပြီး၍ စွန့်ကြဲပေးလှူသော စိတ်စေတနာ၏

http://www.dhammadownload.com



မတွန့်မတိုဖြစ်ပုံ အခြင်းအရာနိမိတ်ကို မှတ်ယူ၍–

ငါသည် မပေးလှူလို ဝန်တိုနှမြောခြင်း မစ္ဆေရမရှိပဲ ဝန်တိုနှမြောခြင်း မစ္ဆေရအညစ်အကြေးကင်းသည်ဖြစ်၍ ကောင်းစွာပေးလှူ စွန့်ကြဲရပေပြီ။ ကောင်းလေစွ, ကောင်းလေစွ။

ငါသည် ဖြစ်လေရာရာဘဝ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာများခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း စသော အကျိုးအာနိသင်လာဘ်တို့ကို ရထိုက်ကုန်စွတကား။

ငါသည် လူဖြစ်ကျိုးနပ်စွတကား၊ သံသရာဝဋ်မှ လွတ်မြောက်ကြောင်းအမှုကို ငါပြုပေစွတကား၊ သြော် – ကောင်းလေစွတကား၊ သြော် – ကောင်းလေစွတကားဟု အဖန်ဖန် ဆင်ခြင်အောက်မေ့ရာ၏။

ဤသို့ ဆင်ခြင်အောက်မေ့သည်ရှိသော် –

အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်၏။ စိတ်ဉာဏ် ကြည်လင်၏။ တည်ကြည်၏။ ဥပစာရစျာန်ကို ရ၏။

**ဤစာဂါနုဿတိကမ္မဋ္ဌာန်းသည်လည်း** – အလှူ စာဂ ဂုဏ်ကျေးဇူးတို့၏ နက်နဲသိမ်မွေ့သည်ဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပ္ပနာစျာန်ကိုကား မဖြစ်စေနိုင်။

စာဂါနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

## (စ) ဒေဝတာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ဒေဝတာနုဿတိ ဟူသည်ကား** – နတ်တို့ကို သက်သေထား၍ နတ်တို့ကို တုပြိုင်အားထုတ်၍ မိမိ၌ရှိသော သဒ္ဓါစသော သူတော်ကောင်းဥစ္စာ, သူတော်ကောင်းတရားတို့ကို အားကိုးအားထား ဝမ်းမြောက်ရွှင်လန်းစွာ ဆင်ခြင်အောက်မေ့သော သတိကို ဆိုသည်။

### ဒေဝတာနုဿတိ ပွားများပုံနှင့်အကျိုး

ထိုဒေဝတာနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အထက်ကောင်းကင်၌ စတုမဟာရာဇ်နတ်, တာဝတိံသာနတ်, ယာမာနတ်, တုသိတာနတ်,

http://www.dhammadownload.com



နိမ္မာနိရတိနတ်, ပရနိမ္မိတဝသဝတ္တီနတ်တို့သည် ရှိကြကုန်၏။

နတ်ပြည် ၆-ထပ် အထက်ဖြစ်သော ဗြဟ္မာဘုံ၌လည်း ပထမဈာန် ဗြဟ္မာ, ဒုတိယဈာန် ဗြဟ္မာ, တတိယဈာန် ဗြဟ္မာ, စတုတ္ထဈာန် ဗြဟ္မာ စသော ဗြဟ္မာကြီးတို့သည်လည်း ရှိကြကုန်၏။ ထို နတ်, ဗြဟ္မာကြီးတို့သည် အလွန် ဘုန်းတန်ခိုး ကြီးမားကြကုန်၏။

ထို နတ်, ဗြဟ္မာကြီးတို့သည် ဤလူ့ပြည်၌ နေစဉ်အခါ၌ -

၁။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဟူသော သူတော်ကောင်းဥစ္စာ ရ-ပါး,

၂။ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ ဟူသော သူတော်ကောင်းတရား ရ-ပါး,င

တို့နှင့် ပြည့်စုံကြခြင်းကြောင့် ဤလူ့ပြည်မှ စုတေသောအခါ ထိုနတ်ပြည်, ဗြဟ္မာပြည်၌ ဖြစ်ကြကုန်၏။

ငါ့မှာလည်း ထိုကဲ့သို့ တန်ခိုးကြီးမားစွာ နတ်, ဗြဟ္မာအဖြစ်ကို ဖြစ်စေတတ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဟူသော အဖိုးတန် သူတော်ကောင်းဥစ္စာ ရတနာတို့သည်လည်းကောင်း၊ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ ဟူသော အဖိုးတန် သူတော်ကောင်းတရားတို့သည် လည်းကောင်း ရှိကြကုန်သည် တကား။ ဩော် - ကောင်းလေစွ၊ ကောင်းလေစွ ဟု အဖန်ဖန် ဆင်ခြင်အောက်မေ့ရာ၏။

ဤသို့ ဆင်ခြင်အောက်မေ့သည်ရှိသော် အလွန်အားရှိ၏။ အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်၏။ စိတ်တည်ကြည်၏။ ဥပစာရဈာန်ကို ရ၏။

**ဤဒေဝတာနုဿတိကမ္မဋ္ဌာန်းသည်လည်း** - သဒ္ဓါစသော တရားတို့ကို အလွန်နက်နဲသိမ်မွေ့သော တရားဖြစ်၍ နိမိတ်ရကောင်းသော တရား မဟုတ်ခြင်းကြောင့် အပ္ပနာဈာန်ကိုကား မဖြစ်စေနိုင်။

ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

## မိခင်ရောဝတီ

http://www.dhammadownload.com



## (ဆ) ဥပသမာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဥပသာမနုဿတိ ဟူသည်ကား – နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ခေါ်သည်။

ထိုဥပသမာနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်၏ ဂုဏ်ဓမ္မာရုံကို အာရုံပြု၍ လှည့်ကာလှည့်ကာ ရှုအပ်ရာ၏။

### နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ

၁။ မဒနိမ္မဒနော – မာန်မယ်စ်ရာ နိဗ္ဗာန်။

၂။ ပိပါသဝိနယော – တဏှာမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ နိဗ္ဗာန်။

၃။ အာလယသမုဂ္ဃါတော – ကာမဂုဏ် အာလယကို အကြွင်းမဲ့ခွာရာ နိဗ္ဗာန်။

၄။ ဝဋ္ဋုပစ္ဆေဒေါ – ဝဋ် ၃–ပါးမှ ကင်းပြတ်ရာ နိဗ္ဗာန်။

၅။ တဏှာက္ခယော – တဏှာကုန်ငြိမ်းရာ နိဗ္ဗာန်။

၆။ ဝိရာဂေါ – ရာဂကင်းလွတ်ရာ နိဗ္ဗာန်။

၇။ နိရောဓော – တဏှာ၏ ချုပ်ရာ နိဗ္ဗာန်။

၈။ ဓုဝံ – အမြဲခိုင်ခံ့သော နိဗ္ဗာန်။

၉။ အဇရံ – အိုခြင်းမရှိသာ နိဗ္ဗာန်။

၁၀။ နိပ္ပပဉ္စံ – သံသရာချဲ့တတ်သော တရားမရှိသော နိဗ္ဗာန်။

၁၁။ သစ္စံ – မဖောက်မပြန် မှန်ကန်သော နိဗ္ဗာန်။

၁၂။ ပါရံ – သံသရာ၏ ဟိုမှာဘက်ကမ်းဖြစ်သော နိဗ္ဗာန်။

၁၃။ သုဒုဒ္ဒသံ – ဉာဏ်နုံ့သူတို့ အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်။

၁၄။ သိဝံ – ကိလေသာကင်းဝေး ချမ်းအေးသော နိဗ္ဗာန်။

၁၅။ အမတံ – သေခြင်းကင်းရာ နိဗ္ဗာန်။

၁၆။ ခေမံ – ငြိမ်းချမ်းရာ ဘေးကင်းရာ နိဗ္ဗာန်။

၁၇။ အဗ္ဘုတံ – သင်္ခါရကင်းဖွယ် အံ့ဖွယ်သရဲ မဖြစ်ဖူးသော နိဗ္ဗာန်။

၁၈။ အနီတိကံ – အကျိုးမဲ့သူဘိ ဤတိ ဘေးမရှိသော နိဗ္ဗာန်။

http://www.dhammadownload.com



၁၉။ **တာဏံ** – ဝဋ်ဆင်းရဲမှ စောင့်ရှောက်ရာ နိဗ္ဗာန်။

၂၀။ **လေဏံ** – ဘေးရန်လွတ်ရှောင်း ပုန်းအောင်းရာ နိဗ္ဗာန်။

၂၁။ **ဒီပံ** – ဩဃမလွှမ်းသော ကျွန်းတည်းဟူသော နိဗ္ဗာန်။

၂၂။ **ဝိသုဒ္ဓိ** – ကိလေသာမှ စင်စစ် စင်ကြယ်သော နိဗ္ဗာန်။

၂၃။ **ဝရံ** – သူတော်ကောင်းတို့ တောင့်တအပ်သော နိဗ္ဗာန်။

၂၄။ **နိပုဏံ** – သိမ်မွေ့နူးညံ့သော နိဗ္ဗာန်။

၂၅။ **အသင်္ခတံ** – အကြောင်းတရား မပြုပြင်အပ်သော နိဗ္ဗာန်။

၂၆။ **မောက္ခော** – ကိလေသာမှ လွတ်သော နိဗ္ဗာန်။

၂၇။ **သေဋ္ဌော** – အထူးသဖြင့် ချီးမွမ်းအပ်သော နိဗ္ဗာန်။

၂၈။ **အနုတ္တရော** – အတုမရှိ အလွန်မြတ်သာ နိဗ္ဗာန်။

၂၉။ **လောကဿန္တော** – လောကသုံးပါး၏ ဆုံးရာ နိဗ္ဗာန်။

နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို သိအောင်ပြု၍ အဖန်ဖန် နှလုံးသွင်းရာ၏။ ဆင်ခြင်အောက်မေ့ရာ၏။ ဤသို့ နိဗ္ဗာန်၏ ဂုဏ်တို့ကို အသီးသီး ဆင်ခြင်အောက်မေ့သည်ရှိသော် အလွန် စိတ်ကြည်လင်၏။ ဉာဏ်ကြီးထွား၏။ စိတ်အေးချမ်းတည်ကြည်၏။ ဥပစာရရျာန်ကိုရ၏။

**ဤဥပသမာနုဿတိ ကမ္မဋ္ဌာန်းသည်လည်း** – နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ အလွန်နက်နဲ သိမ်မွေ့သဖြင့် နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပ္ပနာဈာန်ကို မဖြစ်စေနိုင်။

ဥပသမာနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

## (၈) မရဏာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**မရဏာနုဿတိ ဟူသည်ကား** – သေရခြင်းကို အဖန်ဖန် ဆင်ခြင်အောက်သော သတိကို ခေါ်သည်။

ထိုမရဏာနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင်အောက်မေ့ရာ၏။

ငါသည် သေရခြင်းသဘောရှိ၏။ သေရခြင်းသဘောကို မလွန်နိုင်ချေ။

http://www.dhammadownload.com



ကေန်မုချ ငါသေရလိမ့်မည်၊ လောက၌ သေစရာ အကြောင်းတို့သည် များပြား၏၊

ဆင်ဘေး, ကျားဘေး, ဝံဘေး, မြွေဘေး, ကင်းဘေး, ပင့်ကူဘေး, ကြောင့်ဘေး, သစ်ပင်ဘေး, ရေတွင်းရေကန်ဘေး, မီးဘေး, ခိုးသူဘေး, မင်းဘေး, စားပြဘေး, ရန်သူဘေး, စုန်း–နတ်–တစ္ဆေ မြေဖုတ်ဘီလူး–အစိမ်းသူရဲ–ပယောဂ ဘေး, ပိုးမျိုး ၈၀–ဘေး, အသပ္ပာယ မသင့်သောအစာဘေး, အဆိပ်ဘေး, အနာရောဂါဘေး, ဓာတ်ကြီး ၄–ပါး ဖောက်ပြန်သောဘေး, ဆနဝုတိ ၉၆–ပါး, အဋ္ဌနဝုတိ ၉၈–ပါး များပြားသောဘေး, အရာ အထောင် အသောင်း အသိန်း မကသောဘေးတို့ဖြင့် ညှဉ်းဆဲထိခိုက်၍ သေရလိမ့်မည်တကား။

သတ္တဝါတို့၏ အသက်သည် ကံကြောင့်ဖြစ်၏။ ဆိုခဲ့ပြီးသော ဘေးဥပါဒ် တို့နှင့် အကယ်၍ မတွေ့မကြုံ၍ နေရငြားသော်လည်း ဤအသက်ကို ဖြစ်စေတတ် သော ကံကုန်လျှင်လည်း အသက် ကင်းပြတ် သေဆုံး၏။ ကံအားကောင်းလျှင် အသက်ရှည်၏။ ကံအားညံ့လျှင် အသက်တို၏။ မည်သူ မည်ဝါ၏ အသက်ကို ဖြစ်စေတတ်သော ကံသည် မည်မျှအားကောင်း၏။ အားညံ့၏ ဟူ၍လည်း မသိနိုင် ကြချေ။ ငါ၏ကံသည် ဘယ်လောက် အားကောင်း၍ ငါ၏အသက်သည် ရှေ့သို့ ဘယ်လောက် ရှည်မည်ကိုလည်း ကေန်မသိရ။ နောက်ကလည်း ငါ၏အသက်ကို အခါကာလ စား၍စား၍ လိုက်ချေ၏။

၁။ ညဉ့်လွန်၍ အားလျှင် ငါ၏အသက် ၁–ပိုင်းကုန်၍ သွားလေပြီ။ ၂–ညဉ့်လွန်၍သွားလျှင် ငါ၏အသက် ၂–ပိုင်းကုန်၍သွားလေပြီ။ ဤနေ့ ညဉ့် ကာလသည် ငါ၏အသက်ကို အပိုင်းပိုင်းကုန်စေ၍ စား၍ စား၍ လိုက်ချေ၏။

ငါ၏အသက်သည် တို၍ တို၍ ကုန်ပါပြီတကား၊ ငါသည် ၁–နေ့ထက် ၁–နေ့ သေမင်းထံသို့ နီး၍ နီး၍ သွားပါပြီတကား၊ သြော် – ငါ၏ အသက်ကို ဖြစ်စေတတ်သောကံသည် အကယ်၍ ညဉ့်အိပ်နေဆဲအခါ၌ ကုန်ခဲ့ငြားအံ့၊ ထိုညဉ့် အိပ်နေဆဲအခါ၌ပင် အသက်လည်း ကုန်ဆုံး၍ ငါသည် အိပ်ရာမှ ထနိုင်တော့ မည် မဟုတ်။

အကယ်၍ ထိုင်နေဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထို ထိုင်နေဆဲ ခဏ၌ပင် အသက်ကုန်ဆုံး၍ ထိုင်ရာမှ ထနိုင်တော့မည်မဟုတ်၊ အကယ်၍

http://www.dhammadownload.com



ထနေဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုထနေဆဲ ခဏ၌ပင် အသက်ကုန်ဆုံး၍ ထရာမှ သွားနိုင်တော့မည် မဟုတ်၊ အကယ်၍ ပထမ ခြေလှမ်းဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုပထမခြေလှမ်း၌ပင် အသက်ကုန်ဆုံး၍ တစ်ဖန် ဒုတိယ ခြေလှမ်းကို လှမ်းနိုင်တော့မည် မဟုတ်။

အကယ်၍ ထမင်းလုတ် ဆွမ်းလုတ် ဝါးနေဆဲ စားနေဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုဝါးဆဲ စားဆဲ ခဏ၌ပင် အသက်ကုန်ဆုံး၍ ထိုဝါးပြီး စားပြီးသော ထမင်းလုတ် ဆွမ်းလုတ်ကို မျိုနိုင်တော့မည် မဟုတ်၊ အကယ်၍ ထမင်းလုတ် ဆွမ်းလုတ် မျိုဆဲခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုမျိုဆဲခဏ၌ အသက်ကုန်၍ တစ်ဖန် အသစ် ထမင်းလုတ် ဆွမ်းလုတ်ကို ဝါးနိုင်တော့မည် စားနိုင်တော့မည် မဟုတ်။

အကယ်၍ ထွက်သက်ရှူခိုက်၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုထွက်သက် ရှူခိုက်၌ပင် အသက်ကုန်ဆုံး၍ တစ်ဖန် ဝင်သက် ရှိုက်နိုင်တော့မည် မဟုတ်၊ အကယ်၍ ဝင်သက်ရှိုက်ခိုက်၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုဝင်သက်ရှိုက်ခိုက်၌ပင် အသက်ကုန်ဆုံး၍ ငါသည် တစ်ဖန် ထွက်သက်ရှူတော့မည် မဟုတ်ပါပြီတကား ဟု အဖန်ဖန် နှလုံးသွင်းရာ၏။ အဖန်ဖန် ဆင်ခြင်အောက်မေ့ရာ၏။

ဤကဲ့သို့ အဖန်ဖန် ဆင်ခြင်အောက်မေ့သော ယောဂီပုဂ္ဂိုလ်အား မိမိသေရမှာကိုမြင်၍ လွန်စွာတိုသည်တိုင်အောင်မြင်၍ မိမိချည်းသေရမှာလို ထင်ပြီး စိတ်ငယ်၍ ကြောက်ရွံ့တုန်လှုပ်၍လည်း သွားတတ်၏။ ထိုသို့ မဖြစ်ရအောင် သတိဆောင်၍ ဆင်ခြင်အောက်မေ့ရာ၏။

**န ခေါ အဟဗ္ဗေဝကော မရဏဓမ္မော မရဏံ အနတီတော၊**
**အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊**
**သဗ္ဗေသတ္တာ မရဏဓမ္မာ မရဏံ အနတီတာ။**

(ပဋ္ဌဂ္ဂိုတ္တရပါဠိတော် အဘိဏှသုတ်)

**အနက်။** ။ အဟမ္ဗေဝ ဧကော၊ ငါတစ်ယောက်တည်းသာလျှင်။ မရဏဓမ္မော၊ သေရခြင်းသဘောရှိသည်။ မရဏံ၊ သေရခြင်းကို။ အနတီတော၊ မလွန်နိုင်သည်။ န ခေါ၊ မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ ယာဝတာ၊

http://www.dhammadownload.com



အကြင်မျှလောက်။ သတ္တာနံ၊ သတ္တဝါတို့အား။ အာဂတိ၊ ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပဋိသန္ဓေနေရအောင် လာခြင်းသဘောသည်။ ဂတိ၊ လာပြီး၍ ပဋိသန္ဓေနေခြင်း သဘောသည်။ စုတိ၊ ပဋိသန္ဓေနေပြီး၍ ဖွားမြင်ပြီး၍ တစ်ဖန်စုတေခြင်း သဘောသည်။ ဥပပတ္တိ၊ ဤပစ္စုပ္ပန်ဘဝမှ စုတေ သေဆုံးပြီး၍ နောက်တစ်ဖန် ပဋိသန္ဓေနေပြန်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ တေ သဗ္ဗေ သတ္တာ၊ ထိုပဋိသန္ဓေနေခြင်း သဘောရှိကြသော အလုံးစုံသော သတ္တဝါတို့သည်လည်း။ မရဏဓမ္မာ၊ သေခြင်းသဘောရှိကြကုန်၏။ မရဏံ၊ သေရခြင်းကို။ အနတီတာ၊ မလွန်နိုင်ကြကုန်။ သေကြရကုန်လတ္တံ့ ဟူ၍လည်း ဆင်ခြင်အောက်မေ့ကြလေ။

## မရဏာနုဿတိကို ပွားများသော ရဟန်း ၈-ပါး

မြတ်စွာဘုရား ရှေ့လက်ထက်တော် အခါက မရဏာနုဿတိကို ပွားများကြသောရဟန်း ၈-ပါးအကြောင်း အင်္ဂုတ္တရ ပါဠိတော်၌ လာရှိပေ၏။

### လာရှိပုံကား

၁။ တစ်ပါးမှာ တစ်နေ့နှင့် တစ်ညဉ့်လောက်သာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။

၂။ တစ်ပါးမှာ တစ်နေ့လောက်သာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။

၃။ တစ်ပါးမှာ နေ့ထက်ဝက်လောက်သာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။

၄။ တစ်ပါးမှာ ဆွမ်းဝအောင် တစ်ကြိမ် စားကာမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၅။ တစ်ပါးမှာ ဆွမ်းတစ်ကြိမ်စားထက်ဝက်စာ ကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၆။ တစ်ပါးမှာ ဆွမ်း ၄-၅ လုတ်စားသော ကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

http://www.dhammadownload.com



၇။ တစ်ပါးမှာ ဆွမ်းတစ်လုတ်စားပြီး၍ မျိုး၍ ဆွမ်း ၁-လုတ်စားပြီး ကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၈။ တစ်ပါးမှာ ထွက်သက် ရှုခိုက်မျှသာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။ တစ်ဖန် ဝင်သက် ရှိုက်ရလိမ့်မည်ဟု မထင်၊ ဝင်သက် ရှိုက်ပြန်လျှင်လည်း ထိုဝင်သက် ရှိုက်ခိုက် ဝင်ခိုက်မျှသာ အသက်ရှည်စွာနေရလိမ့်မည်ဟု ထင်၏။ တစ်ဖန် ထွက်သက် ရှူရ ထွက်ရလိမ့်မည်ဟု မထင်၊ သို့ကလောက် တိုစွာ ထင်မြင်၏။

ဤ ရဟန်း ၈-ပါးတို့တွင် ရှေ့ ၆-ပါးကို မရဏာဿတိ အထင်လေးသေးသော မေ့မေ့လျော့လျော့ နေသောသူ, နောက် ၂-ပါးကို အထင်မြန်သော မမေ့မလျော့သောသူ ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

**ယခုခေတ် နောက်ပိုင်းသာသနာ၌** – ပထမရဟန်းလောက် ထင်မြင်လျှင်ပင် အတော်အသင့် နေသာထိုင်သာရှိပေပြီ။ အဖိုးတန်လှပြီ။ တိုနိုင်သမျှ တိုစွာ ထင်မြင်နိုင်အောင် ဆင်ခြင်အောက်မေ့ရမည်။ ထိုသို့ တိုစွာထင်မြင်အောင် ကံဖြင့် ဆင်ခြင်အောက်မေ့ရမည်။ ကံဖြင့် ဆင်ခြင်အောက်မေ့ရသည် ရှိသော် ၈-ယောက်မြောက် နောက်ဆုံး အပ္ပမာဒဝိဟာရီ ရဟန်းကဲ့သို့ ထွက်သက် ဝင်သက် ၁-ရှူထွက် ၁-ရှိုက်ထွက် ကာလမျှလောက် တိုတောင်းစွာ ထင်မြင်ကြလတ္တံ့။

ဤသို့ တစ်လောကလုံးနှင့်တကွ မိမိသေရလိမ့်မည်ဟု အဖန်ဖန် ဆင်ခြင်အောက်မေ့သော ယောဂီပုဂ္ဂိုလ်သည် မိမိဉာဏ်အားလျော်စွာ သေရမည်ကို ကာလတိုတောင်းစွာ ထင်မြင်လေ၏။ ဤသို့ ထင်မြင်၍ မရဏာသညာ မရဏာနုဿတိ ကောင်းစွာ တည်သည်ရှိသော် အလွန် စိတ်ဉာဏ်ကြည်လင်၏။ ဉာဏ်ကြီးထွားထက်သန်၏။ သေရမှု မရဏာတရား၌ စိတ်သည် စွဲမြဲလျက် တည်ကြည်၏။ ဥပစာရဈာန်ကို ရ၏။

**ဤမရဏာနုဿတိ ကမ္မဋ္ဌာန်းသည်လည်း** – သေခြင်းသဘောဇီဝိတိန္ဒြေ၏ ချုပ်ပြတ်ခြင်း၊ အလွန်နက်နဲ သိမ်မွေ့သော သဘောဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပ္ပနာဈာန်ကိုကား မဖြစ်စေနိုင်။

မရဏာနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

မိခင်ရောဂတီ

http://www.dhammadownload.com



## (ဈ) ကာယဂတာသတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**ကာယဂတာသတိ ဟူသည်ကား** – ဆံပင်, အမွေး, လက်သည်း, ခြေသည်း, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်,အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ် ဤ ၃၂–ပါးသော ကောဋ္ဌာသကာယကို အာရုံပြု၍ ဖြစ်သော သတိကို ခေါ်သည်။

ထိုကာယဂတာသတိကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤဒွတ္တိံသကာယကို အဆင်း, သဏ္ဌာန်, တည်ရာဌာန, အပိုင်းအခြား ပရိစ္ဆေဒ ဤ ၄–ပါးသော အခြင်းအရာတို့ဖြင့် မှတ်၍ ဆံပင်မှသည် ကျင်ငယ် ကျင်ငယ်မှသည် ဆံပင်ကျအောင် အနုလုံ ပဋိလုံ အပြန်အလှန်အားဖြင့် မရပ်မဆိုင်း အပြေးစိုင်း နှုတ်တက်ရအောင် ကျက်မှတ်၍ ရပြီးလျှင် နှုတ်ဖြင့် မရွတ်အံ့ပဲ စိတ်ဉာဏ်ဖြင့်သာလျှင် အနုလုံ ပဋိလုံ အပြန်အလှန် အစဉ်အတိုင်း အဖန်ဖန် ကြည့်ရှုရာ၏။

ထိုသို့ ကြည့်ရှုဖန်များသောအခါ ထိုကောဋ္ဌာသတို့သည် ပကတိမံသမျက်စိနှင့် မြင်ရသကဲ့သို့ စိတ်ထဲ ဉာဏ်ထဲ၌ ထင်မြင်၍ လာကုန်၏။ ဤကဲ့သို့ ထင်မြင်လျှင် ဥဂ္ဂဟနိမိတ် ထင်ပြီဟုမှတ်၊ ဥဂ္ဂဟနိမိတ် ထင်လာသောအခါ ထိုထင်လာသေ ကောဋ္ဌာသတို့တွင် ကြပ်ကြပ် ထင်ရှားသည့်, စိတ်ထဲ ဉာဏ်ထဲမှာ ကြပ်ကြပ် ထင်မြင်ရသည့် ကောဋ္ဌာသ တစ်ခုတည်းကိုသာလျှင် ကြည့်ရှု၍ နေရာ၏။

ထိုသို့ ကြည့်ရှု၍ နေရာမှာလည်း ထိုကောဋ္ဌာသ တစ်ခုတည်းကိုသာလျှင် ကြည့်ရှု၍ နေရာ၏။ ထိုသို့နေရာမှာလည်း ထိုကောဋ္ဌာသကို ကသိဏ်းဖြစ်အောင် အဆင်းကိုလည်း နှလုံးမသွင်းပဲ သုညတ ဖြစ်အောင် ဓာတ်ကိုလည်း နှလုံးမသွင်းပဲ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း၍ ရှုရာ၏။ အကယ်၍ စက်ဆုပ်ဖွယ် အသုဘာသဘော မထင်တည့်နိုင်လျှင် အဆင်းနေပုံ, အသွင်သဏ္ဌာန်နေပုံ, စက်ဆုပ်ဖွယ်သော အစာသစ်ချေးဆီကြောင့် အမိအဖတို့၏ ရောနှောသော သွေးဥတုတို့ကြောင့် ဖြစ်မှု,

http://www.dhammadownload.com



စက်ဆုပ်ဖွယ် ညှီစော်သောအနံ့၊ ဤအကြောင်း ၄-ပါးတို့ဖြင့် စက်ဆုပ်ဖွယ်သော သဘောအပေါ် ပေါ်အောင်ဆင်ခြင်၍ နှလုံးသွင်းအပ် ရှုအပ်၏။

ဤသို့ ဆင်ခြင်လျှင် စက်ဆုပ်ဖွယ် အခြင်းအရာပေါ်၏။ ထိုသို့ပေါ်၍ စက်ဆုပ်ဖွယ် အခြင်းအရာအားဖြင့် နှလုံးသွင်း၍ အဖန်ဖန် ကြည့်ရှုသောအခါ ထိုကောဋ္ဌာသ ဥဂ္ဂဟနိမိတ်သည် ပြေပြစ်ချောမွေ့စွာ လှပစွာ နှစ်သက်စွာ ပဋိဘာဂ နိမိတ်ဖြစ်၍ ထင်၏။ ထိုကောဋ္ဌာသ ပဋိဘာဂနိမိတ်ကို စက်ဆုပ်ဖွယ်ဟု စိတ်ထား လျက် နှလုံးသွင်းလျက် ကြည့်ရှုဖန်များသောအခါ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံ သော ပထမဈာန် အပ္ပနာဇောဝီထိကျလာ၏။ ပထမဈာန်ကို ရ၏။

ထိုပထမဈာန်ကို ထက်သန်ကြီးထွားအောင် မြဲမြံခိုင်ခံ့အောင် ဝသီဘော် နိုင်အောင် ပြုအပ်၏။ ထိုသို့ ပြုပြီးမှသာလျှင် ဤနည်းအတူ ကြွင်းသော ကောဋ္ဌာသတို့ကိုလည်း စေ့အောင် နိမိတ်ယူ၍ ပထမဈာန်ဇောကို ကျစေအပ်၏။

**ဤကာယဂတာသတိ ကမ္မဋ္ဌာန်းသည်လည်း** - အသုဘကမ္မဋ္ဌာန်းကဲ့သို့ အာရုံ ရုန့်ရင်းကြမ်းတမ်းခြင်းကြောင့် အထက်ဒုတိယဈာန်ကိုကား မဖြစ်စေနိုင်။

ဤသို့ ကာယဂတာသတိ ကောဋ္ဌာသ အသုဘအာရုံဖြင့် ပထမဈာန်ကို ရပြီး ထက်သန်အားကောင်းအောင်, မြဲမြံခိုင်ခံ့အောင်, ဝသီဘော်နိုင်အောင် ပြုပြီး သော ယောဂီပုဂ္ဂိုလ်သည် အထက်ဒုတိယဈာန်စသည် တို့ကို တက်လို ဖြစ် လိုသောအခါ ကောဋ္ဌာသတို့ကို အဆင်းကို နှလုံးသွင်း၍ ဝဏ္ဏကသိုဏ်းဖြစ်အောင် ရှု၍တက်အပ်၏။ တက်ရာ၏။

**မဂ်ဖိုလ်ကို ကူးလိုသောအခါ** - ပထဝီဓာတ် ၂၀, အာပေါဓာတ် ၁၂-ပါး ဝေဖန်ပိုင်းခြား၍ ဓာတ် သုညတအနေရှု၍ တက်အပ်၏။ တက်ရာ၏။

ကာယဂတာသတိ ကမ္မဋ္ဌာန်း ပြီး၏။

## (ည) အာနာပါနသတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

**အာနာပါနသတိ ဟူသည်ကား** - ထွက်သက် ဝင်သက်လေကို အာရုံပြု၍ဖြစ်သော သတိကို ခေါ်သည်။ ထိုအာနာပါနသတိကို ပွားများအားထုတ် လိုသော ယောဂီပုဂ္ဂိုလ်သည် စိတ်ကို သန်သန်ခိုင်ခိုင်ထား၍ ထွက်သက်

http://www.dhammadownload.com



ဝင်သက်လေကို မနှေး, မမြန်, မပျော့, မပြင်း မှန်မှန်ဖြစ်စေ၍ နှာခေါင်းပေါက်၌ စိတ်ထားလျက် ထွက်လေ ဝင်လေကို သတိချပ်လျက် သိမှတ်အပ်၏။ ထွက်လျှင် ထွက်မှန်း, ဝင်လျှင် ဝင်မှန်း သိအောင် ပြုရမည်။ အမှုမဲ့ အမှတ်မဲ့ သတိမလစ်စေရ၊ သတိသညာဖြင့် သိလိုက်, မှတ်မိလိုက်၍သာလျှင် ထွက်စေအပ်၏။ ဝင်စေအပ်၏။

**ပဌမကဏ္ဍ – ပထမခန်း**

**၁။ သော သတောဝ အဿသတိ သတောဝ ပဿသတိ။**

**ဒုတိယကဏ္ဍ – ဒုတိယခန်း**

**၂။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊**
**ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊**
**ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊**
**ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။**

**တတိယကဏ္ဍ – တတိယခန်း**

**၃။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။**
**သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

**စတုတ္ထကဏ္ဍ – စတုတ္ထခန်း**

**၄။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။**
**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

**(ဥပရိပဏ္ဏာသ ပါဠိတော်)**

၁။ သော၊ ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်။ သတောဝ၊ မလစ်စေမူ သတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက်လွှတ်၏။ သတောဝ၊ မလစ်စေမူ သတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်ရှူ၏။

၂။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်လွှတ်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်သက် ငါလွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ငါရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊

http://www.dhammadownload.com



တိုစွာမူလည်း။ အဿဿန္တော၊ ထွင်သက်လွှတ်သည် ရှိသော်။ ရဿံ၊ တိုစွာ။ အဿဿာမီတိ၊ ထွက်သက် ငါလွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿဿန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿဿာမီတိ၊ ဝင်သက် ငါရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။

၃။ သဗ္ဗကာယပဋိသံဝေဒီ၊ ထွက်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတွာ၊ ဖြစ်၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအံ့။ တိက္ခတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ ဝင်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ တိက္ခတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

၄။ ကာယသင်္ခါရံ၊ ထွက်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿမိ၊ ထွက်သက်လွှတ်ပေအံ့။ တိက္ခတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ ကာယသင်္ခါရံ၊ ဝင်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ ပဿသိဿာမိ၊ ဝင်သက်ရှူပေအံ့။ တိက္ခတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

**ဆောင်ပုဒ်သံခိပ်။ ။ (က) သတိမြဲရာ၊ ပထမာ၊ ဒု – မှာ ရှည်တိုသိ။**
**(ခ) လုံးစုံလင်းရာ၊ တ – ဋ္ဌသာ၊ စ – မှာ ငြိမ်းစေဘိ။**

၁။ ပထမခန်းမှာ ထွက်သက်ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။

၂။ ဒုတိယခန်းမှာ ထွက်သက် ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်ဟု တိုလျှင် တိုသည်ဟု သိအောင်အားထုတ်ရသည်။

၃။ တတိယခန်းမှာ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး ထင်လင်းအောင် အားထုတ်ရသည်။

၄။ စတုတ္ထခန်းမှာ ရှန့်ရင်းသော ထွက်သက် ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။

(ဤကား စတုက္က ၄–ခု အဓိပ္ပာယ် အကျဉ်းတည်း။)

မိခင်ရောဝတီ

http://www.dhammadownload.com



## ပထမခန်း

၁။ ပထမခန်းမှာ အရှည်အတို စသည်တို့ကို နှလုံးမသွင်းနိုင်သေး၊ နှာသီးဖျား၌သော်လည်းကောင်း, အထက်နှုတ်ခမ်းဖျား၌သော်လည်းကောင်း ထွက်သက် ဝင်သက်တို့၏ ထိမှုခိုက်မှု ထင်ရှားရာ တစ်ခုခုသောဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ ထွက်တိုင်း ဝင်တိုင်းသိအောင် အားထုတ်ရသည်။ ၁-နာရီ, ၂-နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည်နှောင်၍ ထားဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ ထွက်သမျှ ဝင်သမျှကို ၁-ခုမလွတ် သိမှုပိုင်နိုင်သည့်တိုင်အောင် အားထုတ်ရသည်။

ပထမခန်း ပြီး၏။

## ဒုတိယခန်း

၂။ ဒုတိယခန်းမှာ ထိုသို့ သိမှုပိုင်နိုင်ပြီးနောက် မိမိရှူသော ထွက်သက် ဝင်သက်ကို ရှည်လျှင်ရှည်မှန်း သိစေရမည်။ တိုလျှင်တိုမှန်း သိစေရမည်။ တစ်ယောက်သောသူ၏ တစ်ထိုင်တွင်းမှာပင် ရှည်သည့်အလှည့်, တိုသည့်အလှည့် ရှိ၏။ ရှည်မှုတိုမှုကို ၁-ခုမလွတ်သိအောင် အားထုတ်ရသည်။ ထွက်သက် ဝင်သက် အထွက်အဝင် နှေးသည်ကို အရှည်ဆိုသည်။ လျင်မြန်သည်ကို အတိုဆိုသည်။ နှေးလျှင် နှေးမှု, , မြန်လျှင်မြန်မှုကို သိစေရမည် ဆိုလိုသည်။

ဒုတိယခန်း ပြီး၏။

## တတိယခန်း

၃။ တတိယခန်းမှာ ထိုသို့ အရှည် အတိုသိမှု ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်ကျအောင် ကိုယ်ကာယအတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာ မြင်ရအောင် အားထုတ်ရသည်။

တတိယခန်း ပြီး၏။

http://www.dhammadownload.com



## စတုတ္ထခန်း

၄။ စတုတ္ထခန်းမှာ ထိုသို့ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရှန့်ရှင်းစွာသော ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍, သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။ ငါ၏ ဝင်သက် ထွက်သက် သက်ပျောက်၍သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။

(ဤကား ပထမ – စတုတ္ထ ပါဠိတော်မြတ်၏ ပါဠ်လျှောက်အဓိပ္ပာယ်တည်း။)

## အဋ္ဌကထာကြီးတို့နည်း

ယခုအခါ ဤပထမစတုက္ကအရာ၌ အဋ္ဌကထာကြီးတို့မှာ လာသော နည်းလမ်းကို ပြဆိုပေအံ့။

ဂဏနာ – အနေးအမြန်၊ အစဉ်မှန်၊ ၂–တန် ရေတွက်နည်း။

အနုဗန္ဓနာ – အမြဲအမြန်၊ အတွယ်သန်၊ တစ်ဖန် ဖွဲ့ထားနည်း။

ဌပနာ – ငြိမ်ဝပ်ပျံ့ပျူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း။

**အဓိပ္ပာယ်ကား** – ထွက်သက် ဝင်သက်တို့၏ ထိခိုက်ရာ ဌာနသည် နှာသီးဖျား, အထက်နှုတ်ခမ်းဖျား ဟူ၍ ၂–ပါးရှိ၏။ အချို့သော သူတို့အား နှာသီးဖျား၌ ထိခိုက်မှု ထင်ရှား၏။ အချို့သော သူတို့အား အထက်နှုတ်ခမ်းဖျား၌ ထိခိုက်မှု ထင်ရှား၏။ မိမိ၌ ထင်ရှားရာ တစ်ခုခုကို အစွဲပြု၏။ အစ၌ ရေတွက် နည်းဖြင့် အားထုတ်ရာ၏။ အလယ်၌ အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏။ အဆုံး၌ ထွက်သက် ဝင်သက်တို့၌ အခိုင်အမြဲ စိတ်ထားနည်းဖြင့် အားထုတ်ရာ၏။

ထို ၃–ပါးတို့တွင် ရေတွက်နည်းသည် နှေးနှေးရေတွက်နည်း, မြန်မြန် ရေတွက်နည်းဟူ၍ ၂–ပါးရှိ၏။ ထိုတွင် –

**နှေးနှေးရေတွက်နည်း ဆိုသည်ကား** – ဌာန ၂–ပါးတွင် တစ်ပါးပါး၌ စိတ်ကို စိုက်ထား၍ ထွက်သက်ဝင်သက် ၂–ပါးကို နှလုံးသွင်းသောအခါ အစ၌ စိတ်မငြိမ်မသက်သေးသည့် အတွက်ကြောင့် ထွက်သက် ဝင်သက်တို့သည် အချက်တိုင်း အချက်တိုင်း စိတ်၌ ထင်ရှားကုန်သေးသည် မဟုတ်၊ မထင်ရှားသော အချက်စုလည်း ပါရှိကုန်သေး၏။ ထို့ကြောင့် မထင်ရှားသော အချက်စုကို

http://www.dhammadownload.com



မရေတွက်မူ၍ ထင်ရှားသော အချက်စုကိုသာ ရေတွက်ခြင်းကြောင့် နေ့သော ရေတွက်နည်း ဖြစ်လေသတည်း။

## ဝါရအကြိမ်ပြု၍ ဂဏနာ ရေတွက်နည်း

ရေတွက်ရာ၌လည်း –

၁ – ၂ – ၃ – ၄ – ၅ –တွင် တစ်ဝါရ။

၁ – ၂ – ၃ – ၄ – ၅ – ၆ –တွင် တစ်ဝါရ။

၁ – ၂ – ၃ – ၄ – ၅ – ၆ – ၇ –တွင် တစ်ဝါရ။

၁ – ၂ – ၃ – ၄ – ၅ – ၆ – ၇ – ၈ –တွင် တစ်ဝါရ။

၁ – ၂ – ၃ – ၄ – ၅ – ၆ – ၇ – ၈ – ၉ –တွင် တစ်ဝါရ။

၁ – ၂ – ၃ – ၄ – ၅ – ၆ – ၇ – ၈ – ၉ – ၁၀ –တွင် တစ်ဝါရ။

ဤသို့ ၆ –ဝါရတို့ဖြင့် ရေတွက်ရာ၏။

(ပထမဝါရ၊ ဒုတိယဝါရ၊ တတိယဝါရ၊ စတုတ္ထဝါရ၊ ပဉ္စမဝါရ၊ ဆဋ္ဌမဝါရ ဟူ၍လည်း အစဉ်အတိုင်း ခေါ်ရ၏။)

(ဆဋ္ဌမဝါရ ၆–ကြိမ်မြောက်ပြီးလျှင် ပထမဝါရ အစရှေးဦးအကြိမ်သို့ ပြန်လေ၊ ၎င်း ၆–ဝါလုံးကိုမှ တစ်ဝါရဟူလည်း ခေါ်ကြ၏။)

ရှေးဦးစွာ စိတ်ကို နှာခေါင်းဝ၌စိုက်ထား၍ ထွက်သက် ဝင်သက် ၂–ပါးတွင် ထင်ရှားရာ တစ်ခုခုကို ၁–ဟု ရေတွက်ရာ၏။ ၎င်းနောက် ထွက်သက် ဝင်သက် ၂–ပါးပင် ထင်ရှားသည်ချည်း ဖြစ်၍လာခဲ့လျှင် အစဉ်အတိုင်း ၂ – ၃ – ၄ – ၅ –ဟု ရေတွက်ရာ၏။ မထင်မရှား ပါရှိခဲ့လျှင် ထိုမထင်ရှားသော အချက်ကို မရေတွက်မူ၍ ထင်ရှားသည့်အချက် မတွေ့သေးသမျှ ကာလပတ်လုံး တန့်ရပ်၍ ၁ – ၁ စသည်ဖြင့် ရေတွက်ဆဲအတိုင်းသာ ထပ်၍နေရာ၏။ ထင်ရှားသော အချက်ပေါ်လာမှ ၂–စသည်ဖြင့် အထက်ဂဏန်းသို့ တက်၍ ရေတွက်ရာ၏။ ၅–သို့ကျလျှင် ၁–က ပြန်ရာ၏။

ဤနည်းတူ ဒသက ဝါရ ၁၀–ကြိမ်တိုင်အောင် ၆–ဝါရတို့၌ မထင်ရှားသော ထွက်သက် ဝင်သက်အချက်တို့ကို မရေတွက်မူ၍ ထင်ရှားသော ထွက်သက်

http://www.dhammadownload.com



ဝင်သက်တို့ကိုသာ ရွေးကောက်၍ ရေတွက်သောကြောင့် နှေးသောရေတွက်နည်း ဖြစ်လေသတည်း။

ရေတွက်ဖန်များလတ်သော် ထင်ရှားသော အချက်များ၍ လာလတ္တံ့၊ ၁ - ၂ -စသော ဂဏန်းချက်လည်း စိပ်၍ စိပ်၍ လာလတ္တံ့။ ထွက်သက် အချက် ဝင်သက်အချက် မပြတ်မစဲ မြန်ရ၏။ တစ်ခုကိုမျှ သတိမလွတ်စေရ၊ ထွက်သက် ဝင်သက် အစဉ်နှင့် ဂဏန်းအစဉ်သည် အခုန်အကျော် အလစ်အလပ် မရှိ အစဉ်မှန်စေရမည်။ ၁ - ၂ -စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့်ရွတ်ဆို ဖွယ်မရှိ၊ စိတ်ဖြင့် ရေတွက်လျှင် ပြီးတော့သတည်း။ အချို့သူတို့ကား ၆-၀၊ရ အဆုံး အဆုံးတွင် ပုတီးစေ့တစ်လုံး တစ်လုံးချ၍ တစ်နေ့တစ်နေ့လျှင် ပုတီးပတ် ပေါင်း မည်မျှ စိပ်မည်ဟု ပိုင်းခြား၍ စိပ်ကြကုန်၏။ အာရုံမြန်မြန် ထင်နိုင်သည် သာ ပဓာနတည်း။

အကြင်အခါ၌ မရေတွက်သော်လည်း ရေတွက်သည်နှင့် ထပ်တူ ထွက်သက် ဝင်သက်တို့၏ ထိုဋ္ဌာန၌ ထိတိုင်း ထိတိုင်း အသိမြဲစွဲ၏။ အလုပ်ခွင် သို့ဝင်၍ နှလုံးသွင်းနေသမျှ ကာလပတ်လုံး တစ်ခုသော ထွက်သက်၊ တစ်ခုသော ဝင်သက်မျှ အမှတ်မဲ့လွတ်၍ သွားသည်မရှိပြီ။ ထိုအခါမှစ၍ ရေတွက်မှုကို ရုပ်သိမ်း၍ အနုဗန္ဓနာနည်းဖြင့် ရှုရာ၏။

အနှေးအမြန် အစဉ်မှန် ၂-တန် ရေတွက်နည်း ပြီး၏။

## အနုဗန္ဓနာနည်း

**အနုဗန္ဓနာနည်း ဆိုသည်ကား** - ရေတွက်ခန်းတွင် အစဉ်မှန်ခဲ့လျှင် အတိုင်း ထိရာဋ္ဌာန၌ စိတ်ကို စိုက်ထား၍ ထွက်မှု ဝင်မှု အကြိမ်စဉ်အတိုင်း တစ်ကြိမ်မျှ မလွတ်စေရပဲ ထွက်မှု ဝင်မှုအစဉ်နှင့် နှလုံးသွင်းမှု အစဉ်ဖွဲ့တွယ် စွဲမြဲ၍နေအောင် အားထုတ်မှုသည် အနုဗန္ဓနာ မည်၏။ ရေတွက်မှု မရှိပဲလျက် ရေတွက်နည်းမှာ သိမှုအစဉ် မှန်ခဲ့သည့်အတိုင်း သိမှုအစဉ်မှန်၍နေအောင် တစ်ဖန် လိုက်စားအားထုတ်မှု ဆိုလိုသည်။ အဘယ်မျှလောက် ကာလကြာမြင့်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာသနည်းဟူမှုကား ပဋိဘာဂနိမိတ် ဖြစ်ပေါ်၍

http://www.dhammadownload.com



လာသည့်တိုင်အောင် အားထုတ်ရာ၏။

## ပဋိဘာဂနိမိတ်

**ပဋိဘာဂနိမိတ် ဆိုသည်ကား** – ပကတိသော ထွက်သက်ဝင်သက်လေအတိုင်းကို လွန်၍ အဆင်းသဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါ ငွမ်းအစုကဲ့သို့, လေအယဉ်ကဲ့သို့, မိုးကြယ်ကဲ့သို့, ပတ္တမြားလုံးကဲ့သို့, ပုလဲရုံးကဲ့သို့, ပုလဲသွယ်ကဲ့သို့ အစရှိသည်ဖြင့် တစ်ခုခု ထင်ပေါ် ဖြစ်ထွန်း၍လာသော ပညတ္တိဓမ္မအထူးကို **"ပဋိဘာဂနိမိတ်"** ဆိုသည်။

ထိုပဋိဘာဂနိမိတ် ပညတ်အာရုံအထူး အထင်အရှား စိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ်ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်။ ဂဏနာနည်း, အနုဗန္ဓနာနည်း ၂–ပါးမှာ ထိရာဌာနကို မလွှတ်ရသေး။

အမြဲအမြန် အတွယ်သန် တစ်ဖန်ဖွဲ့ထားနည်း ပြီး၏။

## ဌပနာနည်း

ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ဌပနာနည်းဖြင့် အားထုတ်ရာ၏။

**ဌပနာနည်း ဆိုသည်ကား** – ပဋိဘာဂနိမိတ်မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန် ထင်မြင်ရန်အမှုလည်း ခဲခက်၏။ ထို့ကြောင့် ထင်မြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ်မပျောက်စေမူ၍ တစ်နေ့တစ်ခြား ထင်ရှားပွင့်လင်း၍ သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကိုထားခြင်းသည် ဌပနာမည်၏။

ဤဌပနာနည်းသို့ ရောက်သောအခါ၌မူကား အသပ္ပါယ ရ–ပါးကို ကြဉ်ရှောင်၍ သပ္ပါယ ရ–ပါးကို မှီဝဲရာ၏။ အပ္ပနာကောသလ္လ ၁၀–ပါးကို ပြည့်စုံစေရာ၏။

http://www.dhammadownload.com



## အသပ္ပါယ ၇–ပါး

၁။ ဘာဝနာမှု၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန,

၂။ ဆွမ်းခံရွာ

၃။ စကားများမှု,

၄။ အပေါင်းအဖော်,

၅။ ဘောဇဉ်,

၆။ ဥတု,

၇။ ဣရိယာပုထ်,

(သပ္ပါယ ၇–ပါး ဆိုသည်ကား ဘာဝနာမှု၏ တိုးပွားကြောင်းဖြစ်သော ထို ၇–ပါးပင်တည်း။)

## အပ္ပနာကောသလ္လ ၁၀ – ပါး

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ဝတ္ထုမျိုး သန့်ရှင်းမှု,

၂။ ထွက်သက် ဝင်သက်ဟူသော အာရုံနိမိတ်၌ လိမ္မာမှု,

၃။ တက်ကြွလွန်းသော စိတ်ကို ဖိနှိပ်မှု,

၄။ ဆုတ်နစ်လွန်းသော စိတ်ကို ချီးပင့်မှု,

၅။ ခြောက်သွေ့လွန်းသော စိတ်ကို ရွှင်စေမှု,

၆။ ညီညွတ်သော စိတ်ကို လျစ်လျူရှုမှု,

၇။ သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု,

၈။ သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲမှု,

၉။ ဣန္ဒြေ ၅–ပါးကို ညီညွတ်အောင် ပြုမှု,

၁၀။ အပ္ပနာဈာန်ကို ရခြင်းငှါ အမြဲညီညွတ်သော စိတ်ရှိမှု,

ပေါင်း ၁၀ –ပါးတည်း။

ဤသို့သော အမှုတို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီး မြဲလေအောင် နေ့ရှည်လများ ရှုသောအားဖြင့် ပွားများ စေရာ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



အဘယ်မျှလောက် ကြာမြင့်အောင် ဤဥပနာ နည်းအားဖြင့် ပွားများအား ထုတ်ရာသနည်း ဟူမူကား ရူပါဝစရ စတုတ္ထဈာန် တိုင်အောင်သည် ဥပနာခေတ် ပေတည်း။

ငြိမ်ဝပ်ပျံ့ပျူး စိတ်စူးစိုက် အထူးစိတ်ထားနည်း ပြီး၏။

## နိမိတ် ၃-ပါး, ဘာဝနာ ၃-ပါးခွဲနည်း

ဂဏနာနည်း, အနုဗန္ဓနာနည်း, ဥပနာနည်း ဟူသော နည်း ၃-ပါးတို့ဖြင့် အစဉ်အတိုင်း ပွားများဖြစ်ထွန်း၍ သွားရာ၌ နိမိတ် ၃-ပါး ဘာဝနာ သမာဓိ ၃-ပါး ခွဲနည်းကား -

၁။ ဂဏနာအခန်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက် အာရုံသည် ပရိကမ္မနိမိတ် မည်၏။

၂။ အနုဗန္ဓနာအခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည်ပင်လျှင် ဥဂ္ဂဟ နိမိတ် မည်၏။

၃။ ဥပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

ဤကား နိမိတ် ၃-ပါး ခြားနားပုံတည်း။

၁။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာ သမာဓိသည် ပရိကမ္မဘာဝနာသမာဓိ မည်၏။

၂။ ဥပနာခေတ်တွင် အပ္ပနာဈာန်သို့ မရောက်မီအကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် ဥပစာရဘာဝနာ သမာဓိ မည်၏။

၃။ စတုက္ကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ဟူ ဆိုအပ်သော ရူပါဝစရဈာန် ၄-ပါးသည် အပ္ပနာ ဘာဝနာသမာဓိ မည်၏။

http://www.dhammadownload.com



အာနာပါနအလုပ်ကို အားထုတ်ရာ၌ ဂဏနာ, အနုဗန္ဓနာတို့အခန်းတွင် ထွက်သက်ဝင်သက် တည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် အဆင့်ဆင့် သိမ်မွေ့၍ သွားသဖြင့် ကွယ်ပျောက်၍ သွားသကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကို ထိရာဌာန၌သာ ထားမြဲထား၍ အလွန်သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင် ရအောင်ယူနိုင်၌ ထိုအာရုံ ထင်ရှားပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂနိမိတ် ပေါ်လာလတ္တံ့၊ ဥပစာရရှုချန်သို့ ဆိုက်လတ္တံ့၊ နီဝရဏတရား ၅–ပါးကွာပြီးသော ကာမာဝစရဘာဝနာ ဥပစာရသမာဓိကို ဥပစာရရှုချန် ဆိုသည်။

ဤကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့်သိမ်မွေ့၍ ပျောက်ကွယ်မှုမှာ အဋ္ဌကထာ နည်းလမ်းမှာ သိမ်မွေ့၍သွားအောင် တမင် အားထုတ်မှုကို မဆို၊ သူ့အလို အလျောက် အဆင့်ဆင့် သိမ်မွေ့၍သွားသည်ကို ဆို၏။ လောက၌လည်း ဤကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြရာ အဆင့်ဆင့် သိမ်မွေ့၍ သွားသဖြင့် ထွက်သက်ဝင်သက် ပျောက်ကွယ်၍ သွားသူများကို တွေ့မြင်ရဖူး၏။

ရှေ့၌ ထုတ်ပြခဲ့ပြီးသော ပါဠိတော်၊ နောက်ဆုံး ဝါရ၌ကား –

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

ဟု ဟောတော်မူ၏။

**ဤပါဠိတော်မြတ် အလိုမှုကား** – အနုဗန္ဓနာအခန်းသို့ ရောက်သော အခါ၌ ထွက်သက် ဝင်သက်ကို အဆင့်ဆင့် သိမ်မွေ့၍ သွားလေအောင် တမင် အားထုတ်ရမည်ပင် ဖြစ်၏။

(ဤအာရုံ ပျောက်ကွယ်ခန်းမှာ ကမ္မဋ္ဌာန်း အစီအရင်၌ မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားခဲ့ပြီဟု ထင်၏။ ကမ္မဋ္ဌာန်းအလုပ်ကို လွှတ်၍ ပစ်တတ်၏။ သတိမူကြလေ။)

## ပါဠိတော်နှင့် အဋ္ဌကထာ နှီးနှောပုံ

ထုတ်ပြခဲ့ပြီးသော ပါဠိတော် ၄–ဝါရ၏ အရဖြစ်သော

၁။ သတိမြဲရာ၊ ပထမာ၊ ၃ – မှာ ရှုည်တို – သိ။

http://www.dhammadownload.com



၂။ လုံးစုံလင်းရာ၊ တ – ၌သာ၊ စ – မှာ ငြိမ်းစေသိ။

ဟူသော ၄–ချက်ကို ပြဆိုခဲ့ပြီးသော ဂဏနာ အစရှိသော အဋ္ဌကထာ နည်းလမ်းနှင့် နီးနေရာ၏။

**နီးနေပုံကား** – ထိရာဌာ၌ စိတ်ကို စိုက်ထား၍ ဂဏနာ နည်းအားဖြင့် အစဉ်မှန်စွာ ရေတွက်မှုသည် သတိမြဲရာ ပထမာဖြစ်၏။ နာရီအပိုင်းအခြားနှင့် ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ဝင်၍ နှလုံးသွင်းရာ အပသို့ ခဏခဏ ထွက်ပြေးသော စိတ်ဝိတက်ကို ချိုးဖျက်ခြင်းငှါ ဂဏနာနည်းကို ပြုလုပ်ရသည်ဖြစ်၍ ဂဏနာခန်း၌ အရှည်အတိုသိမှုကို တမင်အားထုတ်ဖွယ် မရှိသေး၊ '**သတောဝ အဿသတိ သတောဝ ပဿသတိ**'ဟူသော ပါဠိတော်မြတ်နှင့်အညီ ထွက်သက် ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏခဏ ထွက်သောစိတ်ဝိတက် ငြိမ်းမှုကိုသာ ကောင်းစွာ ငြိမ်းအောင် အားထုတ်ရာ၏။

ထို့ကြောင့် အဋ္ဌကထာ၌ –

**ဗဟိ ဝိသဋ္ဌဝိတက္ကဝိစ္ဆေဒံ ကတွာ အဿာသပဿာသာရမ္မဏေ သတိသဏ္ဌာပနတ္ထံယေဝ ဟိ ဂဏနာ။**

ဟူ၍ မိန့်ပြီ။

ဂဏနာ၊ ရေတွက်ခန်းမည်သည်။ ဗဟိ၊ မိမိကိုယ်အင်္ဂါမှ အပ။ အလွတ်၌။ ဝိသဋ္ဌဝိတက္ကဝိစ္ဆေဒံ၊ ဘဝအဆက်ဆက် ပျံ့နှံ့ ပြေးသွား၍နေသော စိတ်ဝိတက် အလျဉ်၏ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ အဿာသပဿာသာရမ္မဏေ၊ မိမိကိုယ် အင်္ဂါဖြစ်သော ထွက်သက် ဝင်သက်ဖြစ်သော အာရုံ၌။ သတိသဏ္ဌာပနတ္ထံယေဝ၊ သတိကို ခိုင်မြဲစွာ ထားခြင်းငှါသာလျှင်။ ဟောတိ၊ ဖြစ်၏။

ဂဏနာခန်းပြီးစီး၍ အနုဗန္ဓနာခန်းသို့ ရောက်သောအခါ၌ '**ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ**' အစရှိသော ဒုတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာထားမှုနှင့်တကွ အရှည်အတို သိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။ အရှည်အတို သိမှုကို သတိပြုရာ၌ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး အစဉ်လိုက်၍ တမင် အာရုံပြုရသည်မဟုတ်၊ စိတ်ကို ထိရာဌာန၌ ခိုင်မြဲစွာ ထားမြဲထား၍

http://www.dhammadownload.com



အရှည်အတိုကိုလည်း အစဉ်မှန်စွာ သိအောင် ငါသတိပြုမည်ဟု ဥဿာဟ တစ်ခု တိုး၍ ပြုရုံမျှသာတည်း၊ ရှည်သောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာရှည်၏။ တိုသောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာတို၏။ ထိခိုက်ချက် တာရှည်မှု၊ တာတိုမှုကို သိ၍ အရှည်အတိုကို သိ၏။

စိတ်၏ ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိရှိသော ကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍လာသောအလား၊ ဝင်၍သွားသော အလားများသည်လည်း အလိုလို ထင်မြင်လာလတ္တံ့။

အရှည် အတိုသိမှု စွဲမြဲသောအခါ၌ -

**သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**

**သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

ဟူသော တတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာစိုက်ထား၍ အရှည်အတို သိမှုနှင့်တကွ ထွက်သက်ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစေမှု၊ ဝင်သက်ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏။ ထွက်သက် လွှတ်မည် ရှိခဲ့လျှင် အမှတ်တမဲ့ မလွှတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ်သော အစမှစ၍ ထိရာဌာနတိုင်အောင် ထွက်သက် သဏ္ဌာန်ကို စိတ်၌ထင်ရှားအောင်ပြု၍ ထွက်သက် လွှတ်မည်ဟု ဥဿာဟပြု၍ ပြု၍ လွှတ်ရမည်။ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံးရာဌာနတိုင် အောင် ဝင်သက်သဏ္ဌာန်ကို စိတ်၌ ထင်ရှားအောင် ပြု၍ ဝင်သက် ရှူမည်ဟု ဥဿာဟပြု၍ ရှူရမည်။

ထိုသို့ ပြုရာ၌လည်း နှာသီးဖျားဟု ဆိုအပ်သော ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍သာ ဥဿာဟ ပြုရမည်။ ထိရာဌာန၌ စိတ်ထားမှုကို လွှတ်၍ မလိုက်ရ၊ ထိရာဌာနကို လွှတ်၍ မလိုက်သော်လည်း အစ, အလယ်, အဆုံး အကုန်လုံး ထင်ရှားစေမည်ဟူသော ဥဿာဟနှင့်တကွ ထိရာဌာန၌ စိတ်ကို စိုက်၍ထားလျှင်ပင် တစ်စ, တစ်စအားဖြင့် ထွက်သက် ဝင်သက်တို့သည် အစ, အလယ်, အဆုံး အကုန်လုံး အလိုလို ထင်ရှားလာကုန်လတ္တံ့။

http://www.dhammadownload.com



အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သောအခါ၌-

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

ဟူသော စတုတ္ထပါဠိတော်မြတ်နှင့်အညီ အဆင့်ဆင့် ရှန့်ရှင်းမှု၏ ချုပ်ငြိမ်းခြင်း၊ အဆင့်ဆင့် သိမ်မွေ့ခြင်း ကွယ်ပျောက်၍သွားပြီး ထင်ရအောင် သိမ်မွေ့ခြင်းကို အလိုအလျောက် မရောက်ခဲ့သည်ရှိသော် ထိုသို့ သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်မည်ဟူသော ဥဿာဟကိုပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေရမည်။ အမှတ်တမဲ့ မဖြစ်စေရာ။

အဋ္ဌကထာနည်း၌ကား -

ဂဏနာခန်းမှစ၍ပင် အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍သွားမှု ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်မှုကို ပြပေ၏။ အလိုအလျောက် ကွယ်ပျောက်သူများကိုလည်း ငါတို့ တွေ့မြင်ရဖူး၏။

**ဂဏနာ ဝသေနေဝ ပန မနသိကာရကာလတော ပဘုတိ**

**အနုက္ကမတော ဩဠာရိကအဿာသပဿာသနိရောဓဝသေန**

**ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံ လဟုကံ ဟောတိ၊**

**သရီရံ အာကာသေ လင်္ဃနာကာရပ္ပတ္တံ ဝိယဟောတိ။**

**အနက်။** ။ ပန၊ အထူးဖြစ်တတ်ပုံကို ပြဆိုပေအံ့။ ဂဏနာဝသေနေဝ၊ ဂဏနာနည်း၏ အစွမ်းဖြင့်သာလျှင်။ မနသိကာရကာလတော၊ နှလုံးသွင်းသော ကာလမှ။ ပဘုတိ၊ အစပြု၍။ အနုက္ကမတော၊ အစဉ်အားဖြင့်။ ဩဠာရိကအဿာသပဿာသနိရောဓဝသေန၊ ရှန့်ရှင်း ရှန့်ရှင်းသော ထွက်သက် ဝင်သက်တို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသည်၏ အစွမ်းဖြင့်။ ကာယဒရထေ၊ ကိုယ်တွင်းသန္တာန် ပူပန်ချောက်ချားမှုသည်။ ဝူပသန္တေ၊ ငြိမ်းလတ်သော်။ ကာယောပိ၊ ရူပကာယတစ်ခုလုံးသည်လည်းကောင်း။ စိတ္တံပိ၊ စိတ်သည်လည်းကောင်း။ လဟုကံ၊ ပေါ့ပါးသည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ကိုယ်ကောင်သည်။ အာကာသေ၊ ကောင်းကင်၌။ လင်္ဃနာကာရပ္ပတ္တံ ဝိယ၊ ပျံတက်လွင့်ပါးတော့မည့် အခြင်းအရာသို့ ရောက်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com



(ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာမှ မြေနှင့် လက်လေးသစ်ခန့် ကွာအောင် ကောင်းကင်သို့ တက်ကြွ၍နေသူများကို ကြားရဖူး၏။)

ဤသို့ ကွယ်ပျောက်သော အခြင်းအရာသို့ရောက်သောအခါ ထိုဌာန၌ စိတ်ကို ခိုင်မြဲစွာစိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တစ်ဖန်ပေါ်လွင် ထင်ရှား၍ လာသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ ကြောက်ခြင်း, လန့်ခြင်း, အိပ်ခြင်း, ပျင်းရိခြင်း စသော နီဝရဏတရားတို့ ကျွတ်ကွာသဖြင့် ဥပစာရဈာန်ကို ရ၏။

(ဤကား ပဌမစတုက္ကပါဠိတော်နည်းနှင့် အဋ္ဌကထာနည်းကို နှီးနှောပြ ပုံတည်း။)

အဋ္ဌကထာ၌ ဂဏနာ, အနုဗန္ဓနာ, ဖုသနာ, ဌပနာ, သလ္လက္ခဏာ, ဝိဝဋ္ဋနာ, ပါရိသုဒ္ဓိ ဟူ၍လာသော အာနာပါနကမ္မဋ္ဌာန်း ၇–ခန်းတို့တွင် ဖုသနာ ဟူသော ထိရာဌာနနှင့်တကွ ဂဏနာအခန်း, အနုဗန္ဓနာအခန်း, ဥပစာရဈာန်ဟု ဆိုအပ်သော ဌပနာအခန်းများကို ပြဆိုမှုပြီး၏။ ဤပဌမစတုက္ကသည် လိုရင်း ပဓာနတည်း။ ယခုအခါ၌ ဤပဌမစတုက္ကအလုပ် ပြီးစီးလျှင်ပင် သမထ, ဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။

(ဤကား အာနာပါနဿတိကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံတည်း။)

အနုဿတိကမ္မဋ္ဌာန်း ပြီး၏။

✿ ✿ ✿ ✿ ✿

## ၅။ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ပြဆိုခန်း

## (က) မေတ္တာဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဗြဟ္မဝိဟာရ ၄–ပါးတို့တွင် မေတ္တာဗြဟ္မဝိဟာရကို ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ပွားများရာ၏။

### ကုသိုလ်ရရုံ ပွားများနည်း

မေတ္တာပွားများနည်းသည် ကုသိုလ်ရရုံပွားများနည်း, ဈာန်အပ္ပနာရအောင် ပွားများနည်းဟု ၂–မျိုးရှိသည်။ ထို ၂–မျိုးတွင် ကုသိုလ်ရရုံ ပွားများနည်းမှာ

http://www.dhammadownload.com



တစ်ကျောင်းလုံး, တစ်တိုက်လုံး, တစ်အိမ်လုံး, တစ်ရွာလုံး, တစ်မြို့လုံး စသည်ဖြင့် သတ္တဝါအများကို တစ်လုံးတည်း အာရုံပြု၍ ဤသတ္တဝါတို့သည် ချမ်းသာပါစေ, ကိုယ်ရောစိတ်ရော ချမ်းသာပါစေဟု ချမ်းသာစေလိုသော စိတ်ဆန္ဒ အဖန်ဖန် ဖြစ်ရသည်။ ပွားများရသည်။

ထိုသို့ဖြစ်ရာ ပွားများရာမှာလည်း သားငယ်အား အလွန်ချစ်ခင်သော မိခင်သည် အချိန်လွန်ခါနီးမှ ရရှိလာသော တစ်ယောက်တည်းသော သားငယ်ကို အလွန်သနားစောင့်ရှောက် ချစ်ခင်ဘိသကဲ့သို့ တကယ်အမှန် ချမ်းသာစေလိုသော စိတ်ဆန္ဒဖြစ်မှသာ မေတ္တာတည်း၊ စိတ်ကမပါပဲနှင့် နှုတ်ကချမ်းသာပါစေဟု ဆိုရုံနှင့် မေတ္တာမဟုတ်၊ စိတ်ကချမ်းသာစေလိုသော ဆန္ဒမရှိပါပဲနှင့် **'အဝေရာဟောန္တု, အဗျာပဇ္ဇာဟောန္တု'** စသည်ကို အနက်ပါဋ္ဌိရွတ်၍ နေငြားသော်လည်း ထိရောက်သော မေတ္တာပို့ဟု မဆိုသာ၊ ကုသိုလ်ရရုံမျှသာ ဖြစ်လေသောကြောင့် ကုသိုလ်ရရုံ မေတ္တာဘာဝနာဟု ဆိုရသည်။

ကုသိုလ်ရရုံ မေတ္တာပွားများနည်း ပြီး၏။

## ချာန်ရအောင် မေတ္တာပွားများနည်း

ချာန်ရအောင် မေတ္တာပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် "ငါသည်လည်း ဆင်းရဲဒုက္ခကို မုန်း၏။ ချမ်းသာသုခကို အလိုရှိ၏။ နှစ်သက်၏။ ခပ်သိမ်းသော သတ္တဝါတို့သည်လည်း ငါကဲ့သို့ ဆင်းရဲဒုက္ခကို မုန်းကြ၏။ ချမ်းသာသုခကို အလိုရှိကြ၏။ နှစ်သက်ကြ၏။ ငါသည်လည်း ချမ်းသာသုခကို အလိုရှိ၏။ သတ္တဝါခပ်သိမ်းသည်လည်း ချမ်းသာသုခကို ရကြပါစေ"ဟု ခပ်သိမ်းသော သတ္တဝါတို့၌ ချမ်းသာစေလိုသော စိတ်ဆန္ဒကို ညွတ်စေ၍ -

ဤယခုနေ့မှစ၍ ရှေးလွန်ခဲ့ပြီးသော ၂-နှစ် ၃-နှစ်လောက်ကျအောင်သော်လည်းကောင်း, ၅-နှစ် ၁၀-နှစ်လောက် ကျအောင်သော်လည်းကောင်း, ထိုထက်အလွန်သော်လည်းကောင်း ဤအတွင်း၌ မိမိသွားဖူးသမျှ၊ ရောက်ဖူးသမျှ၊ နေဖူးသမျှ အရပ်တို့၌ မိမိနှင့် တွေ့ဖူး, မြင်ဖူး, ကြုံဖူး, စကားပြောဖူး, အတူနေဖူး, အတူထိုင်ဖူး, အချင်းချင်း ကျေးဇူးပြုဖူးသမျှသော ပုဂ္ဂိုလ်ကြီးငယ်တို့ကို အကုန်ပြန်

http://www.dhammadownload.com



၍ စဉ်းစား၍, တွေး၍, အမှတ်ရ၍, ဤယနေ့ တွေ့ဖူး, ကြုံဖူးသော ပုဂ္ဂိုလ်ကြီးငယ်မှစ၍ နောက်ပြန် အစဉ်အတိုင်း ဤသူသည် ငါကဲ့သို့ အသက်နှင့်သူပဲ၊ ချမ်းသာချင်ရှာတယ်၊ ချမ်းသာပါစေ, တစ်စုံတစ်ရာမှ ရောဂါဝေဒနာ ဘေးရန် အန္တရာယ် မတွယ်မငြိပါစေနှင့်။ ချမ်းသာပါစေ၊ ကိုယ်ရော စိတ်ရော ချမ်းသာပါစေ ဟု မိမိတွေ့ဖူးသမျှ, ကြုံဖူးသမျှ ပုဂ္ဂိုလ်ကြီးငယ် သတ္တဝါတို့ကို တစ်ယောက်ချင်း တစ်ယောက်ချင်း နောက်ပြန် အစဉ်အတိုင်း မေတ္တာပို့၍ သွားရာ၏။ မိမိနှင့် မတွေ့မမြင်ဖူးခြားသော်လည်း အဝေးကလှမ်း၍ မိမိကို ကျေးဇူးပြုဖူးတဲ့သူဆိုလျှင် တိရစ္ဆာန်ကလေးတောင် မကျန်စေနှင့်၊ အကုန်ပါအောင်ပို့။

ဤသို့ နောက်ပြန် အစဉ်အတိုင်း မေတ္တာပို့သွား၍ ၁၀–နှစ်လောက်က တွေ့ကြုံဖူးတဲ့ အဆုံးစွန် ပုဂ္ဂိုလ်သို့ကျလျှင် ထိုသူမှ တစ်ဖန် လှည့်ပြန်၍ ယခု တွေ့ဖူးတဲ့သူကျအောင် အနုလုံ အစဉ်အတိုင်း တစ်ယောက်ချင်း တစ်ယောက်ချင်း ပို့၍လာရာ၏။ ကာယဂတာသတိ ပွားများရာ၌ ကောဋ္ဌာသတို့ကို အနုလုံ, ပဋိလုံ အခေါက်ခေါက် အပြန်ပြန် ကြည့်ရှုဘိသကဲ့သို့ မိမိတွေ့ကြုံဖူးသမျှ ပုဂ္ဂိုလ် သတ္တဝါတို့ကို နောက်ပြန် ရှေ့ပြန် ပဋိလုံ, အနုလုံအားဖြင့် တစ်ယောက်ချင်း, တစ်ယောက်ချင်း အခေါက်ခေါက် အပြန်ပြန် မေတ္တာပို့၍ ပို့၍ သွားသည်ရှိသော် ဤသတ္တဝါတွေထဲ၌ တဏှာပေမ မဖက်ပဲ ကုသိုလ်မေတ္တာ သက်သက်ဖြင့် ချစ်ခင်နိုင်သော အချစ်ခင်ဆုံး, မေတ္တာစိတ် ကြပ်ကြပ် အသက်ဝင်ဆုံး ပုဂ္ဂိုလ် တစ်ယောက်ကို တွေ့လတ္တံ့။

ထိုပုဂ္ဂိုလ်ကိုသာ စိတ်နှင့် ဉာဏ်နှင့် ကြည့်၍ ဤသူသည် ငါ့အား သနားချစ်ခင်ရှာတယ်၊ ဤမည်သော, ဤမည်သော ကျေးဇူးဥပကာရ ပြုရှာဖူးတယ်။ စောင်မရှာတယ်။ ဤသူသည် ငါကဲ့သို့ အသက်နှင့်သတ္တဝါ ဖြစ်တယ်။ ဆင်းရဲကို မုန်းရှာတယ်။ ချမ်းသာသုခကို နှစ်သက်လိုချင်ရှာတယ်။ ချမ်းသာချင်ရှာတယ်။ ချမ်းသာပါစေ၊ တစ်စုံတစ်ရာ ရောဂါဝေဒနာ ဘေးရန်အန္တရာယ် မတွယ်မငြိပါစေနှင့်၊ ကိုယ်ရော စိတ်ရော အေးအေးမြမြ ချမ်းသာပါစေဟု ထိုပုဂ္ဂိုလ်ကို ခြေဖျားမှသည် ဦးခေါင်း ဦးရေကျအောင်, ဦးခေါင်းဦးရေမှသည် ခြေဖျားကျအောင် အပြင်ရော အတွင်းရော တစ်ကိုယ်လုံး အနှံ့အပြား မေတ္တာစိတ်

http://www.dhammadownload.com



ဖြန့်ဖြန့်နှံ့နှံ့ ပို့သရာ၏။ နှလုံးတွင်းရှိ စိတ်ကလေးကိုလည်း မေတ္တာစိတ်နှင့် ဝင်၍ ဤသူ၏ စိတ်ကလေးသည် ပူလောင်ခြင်း ဆင်းရဲခြင်းမရှိ ချမ်းသာပါစေဟု ဖြန့်နှံ့ပို့သရာ၏။

ဤကဲ့သို့ အဖန်ဖန် မေတ္တာစိတ် ဖြန့်နှံ့၍ ပို့သနေလျှင် ကြာသောအခါ ထိုပုဂ္ဂိုလ်ကို မျက်စိနှင့် မြင်ရဘိသကဲ့သို့ ထင်မြင်၍, အနီး၌ ချဉ်းကပ်၍ နေဘိသကဲ့သို့ ထင်မြင်၍လာ၏။ ချစ်ခင်ခြင်း မေတ္တာစိတ်လည်း အလွန်အားကြီး၍ လာ၏။ မေတ္တာစိတ်တွေ တစ်ဖွားဖွားဖြစ်၍ ထိုပုဂ္ဂိုလ်၌သာ တွယ်၍နေတော့၏။ များစွာ မပြေးလွှင့်တော့ပြီ။ ထိုအခါ ဥဂ္ဂဟနိမိတ်ရပြီဟူ၍မှတ်၊ ဥဂ္ဂဟာဖြစ်အောင် ထင်မြင်ရသော ထိုပုဂ္ဂိုလ်ကို အဖန်ဖန် မေတ္တာစိတ် ဖြန့်နှံ့ပို့သသည်ရှိသော် ကြာသောအခါ စိတ်သည် ထိုပုဂ္ဂိုလ်၌ တွယ်၍ အလွန်ငြိမ်သက် တည်ကြည်၍ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပထမဈာန်ဇော အပ္ပနာဝီထိ ကျလာ၏။ ပထမဈာန်ကို ရ၏။

ထိုသို့ ပထမဈာန်ကို ရပြီးသော ယောဂီသည် ပုဂ္ဂိုလ်ကိုပင်လျှင် အာရုံပြု၍ မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍ ကသိုဏ်း၌ ဆိုခဲ့ပြီးသော နည်းအတိုင်း အထက် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ကျအောင် တက်အပ်၏။ ဖြစ်စေအပ်၏။ ဤသို့ တစ်ဦးတည်းသော ပုဂ္ဂိုလ်ကို မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍, အာရုံပြု၍ စတုတ္ထဈာန်ကျအောင် ရပြီး၍ ဝသီဘော်နိုင်ပြီးသောအခါ မိမိ တွေ့ဖူး, ကြုံဖူး၍ ပထမ မေတ္တာပို့၍ ချန်ထားခဲ့သော ပုဂ္ဂိုလ်တို့ကိုလည်း တစ်ယောက်ချင်း, တစ်ယောက်ချင်း စေ့အောင် ဤနည်းတူ မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍ အာရုံပြု၍ စတုတ္ထဈာန်ကျအောင် ဖြစ်စေအပ်၏။

ထို့နောက် မိမိ မတွေ့ဖူးသော်လည်း ကြားဖူးသမျှသော အရပ် ၁၀-မျက်နှာရှိ အလုံးစုံသော သတ္တဝါတို့ကို တစ်ယောက်ချင်းသော်လည်းကောင်း, အပေါင်းများစွာကို တစ်လုံးတည်း အာရုံပြု၍သော်လည်းကောင်း မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍, အာရုံပြု၍ စတုတ္ထဈာန်ကျအောင် ဖြစ်စေအပ်၏။

http://www.dhammadownload.com



## မိမိ၏ ရန်သူပုဂ္ဂိုလ်

ထိုသို့ မေတ္တာပို့ရာ၌ ထိုပုဂ္ဂိုလ်အပေါင်းတို့တွင် မိမိမုန်းသော ငြိုးသော ရန်သူရန်ဖက်များတွေ့၍ ထိုရန်သူ၌ အကယ်၍ မေတ္တာစျာန် မဖြစ်နိုင်ပဲ မဝင်စားနိုင်ပဲ မုန်းသောစိတ်, မြင်ပြင်းကတ်သောစိတ်, ဒေါသစိတ်များ ဖြစ်ပေါ်လာခဲ့လျှင်

"န – သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊
ယော န မာတာဘူတပုဗ္ဗော။"

စသော ဘုရားရှင် ဟောကြားတော်မူသော အနမတဂ္ဂသုတ်တော်မြတ်အတိုင်း ထိုရန်သူသည် အသင်၏ရန်သူ မဟုတ်၊ ရှေးရှေးဘဝတို့က အမိ, အဖ စသည်ဖြစ်၍ အသင့်အား ကျေးဇူးပြုဖူးလှပြီ။ ဤစိတ်ထဲ၌ ဖြစ်ပေါ်လာသော ဒေါသသည်သာလျှင် အသင်၏ ရန်သူတည်း။ ထိုပုဂ္ဂိုလ်သည် အသင့်ကို စျာန်မှ လျော့အောင်လည်း မလုပ်၊ ငရဲသို့ ကျအောင်လည်း မချ၊ အသင်၏ ရန်သူ မဟုတ်။ ဤဒေါသသည်သာလျှင် အသင့်ကို စျာန်မှ လျော့ကျအောင် ညှဉ်းဆဲသော, ငရဲကျအောင်ချသော ရန်သူကြီးတည်း။

အသင်သည် ရန်သူမဟုတ်သောသူကို မမုန်းနှင့်၊ မမြင်ပြင်းနှင့်၊ ရန်သူဖြစ်သော ဒေါသကိုသာ မုန်းလော့၊ မြင်ပြင်းလော့၊ ပယ်ဖျက် သတ်ဖြတ်လော့ဟု မိမိကိုယ်ကို မိမိဆုံးမ၍ မိမိ၏ရန်သူ အစစ်ဖြစ်သာ အမျက်ဒေါသကိုသာလျှင် သတ်ဖြတ် ပြေငြိမ်းစေ၍ ထိုရန်သူ ပုဂ္ဂိုလ်၌ ရှေးရှေးက အမိ, အဖစသည် ဖြစ်ဖူးသော အဖြစ်ကို အောက်မေ့ဆင်ခြင်၍ ယခုလည်း အမိရင်း, အဖရင်း စသည်ကဲ့သို့ မှတ်လျက် မေတ္တာစျာန်ကျစေ ဖြစ်စေအပ်၏။

အကယ်၍ အမိ, အဖ စသည်ကဲ့သို့ မမှတ်နိုင်ပဲ သူစိမ်းအနေနှင့် ထင်၍ နေလျှင် သြော် . . သူလဲ ငါ့လိုပဲ၊ အသက်နှင့်ကောင်ပဲ၊ ဆင်းရဲဒုက္ခကို မုန်းရှာတယ်။ ချမ်းသာသုခကို နှစ်သက်လိုလားရှာတယ်။ ချမ်းသာချင်ရှာ တယ်။ ချမ်းသာပါစေဟု ကိုယ်ချင်းစာ၍ မေတ္တာစျာန်ဇော ကျစေဖြစ်စေအပ်၏။ အကယ်၍ ဤကဲ့သို့လည်း ကိုယ်ချင်းမစာနိုင်၍ မုန်းစိတ်မပျောက်ခဲ့ပဲ မေတ္တာစျာန်ဇော ထိုသူ၌ မကျင့်နိုင်ခဲ့ငြားအံ့၊ ထိုသို့ဖြစ်ခဲ့လျှင် သူခပ်သိမ်းတို့၌ မေတ္တာစျာန်ဇော ကျစေပြီးမှ နောက်ဆုံးမှ ဤရန်သူလူမုန်း၌ ကျစေအပ်၏။

http://www.dhammadownload.com



ရန်သူမဟုတ်သော သူတို့၌ မေတ္တာစျာန်ဇောဖြစ်ဖန်များ၍ မေတ္တာစိတ် ထက်သန် အားကောင်းသောအခါ အလွန်မုန်းသော ရန်သူ၌လည်း မေတ္တာစျာန် ဖြစ်နိုင်တော့၏။ အကယ်၍ ဤကဲ့သို့ စျာန်ဇောမကျစေနိုင်ပြားအံ့၊ ထိုသို့ဖြစ်ခဲ့လျှင် ထိုရန်သူလူမုန်းကို နှလုံးမသွင်းအပ်၊ အာရုံမပြုအပ်၊ မေတ္တာမပို့အပ်၊ တောထဲ၌ရှိသော မြက်မှိုက်, ထင်းချောင်းတို့နှင့် အတူသာ ထားအပ်တော့သည်။ ရှိသည်ဟူ၍ပင် မမှတ်အပ်၊ အနာရမ္မဏဥပေက္ခာ ပြုအပ်၏။ မေတ္တာစျာန်ဇော ကျစေနိုင်သော ထိုရန်သူမှကြွင်းသော ခပ်သိမ်းသော သတ္တဝါတို့ကိုသာလျှင် မေတ္တာစျာန်ဇော ဖြန့်နှံ့ပို့သအပ်၏။

မေတ္တာဗြဟ္မဝိဟာရပွားများပုံ ပြီး၏။

## (ခ – ဂ) ကရုဏာ, မုဒိတာ ဗြဟ္မဝိဟာရ ပွားများအားထုတ်ပုံ

ကရုဏာ, မုဒိတာတို့ကို ပွားများနည်းသည်လည်း မေတ္တာနည်းတူ ပင်ကုသိုလ်ရရုံ ပွားများနည်း, စျာန်အပ္ပနာကို ရအောင် ပွားများနည်းဟု ၂–မျိုး ရှိသည်။

### ကုသိုလ်ရရုံ ပွားများနည်း

ထို ၂–မျိုးတို့တွင် ကုသိုလ်ရရုံ ပွားများနည်းမှာ သားကိုချစ်ခင်တတ်သော် အမိသည် ထိုမိမိသားငယ် ဆင်းရဲဒုက္ခ ရောက်၍နေလျှင် ထိုဆင်းရဲ ဒုက္ခမှ အလွန် လွတ်စေချင်ဘိသကဲ့သို့ အလွန်သနားခြင်း ဖြစ်ဘိသကဲ့သို့ ထိုမိမိသား စည်းစိမ်ချမ်းသာနှင့် ပြည့်ပြည့်စုံစုံ ခံစံ၍ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေသည်ကို တွေ့မြင်ရလျှင်လည်း ထိုစည်းစိမ်ချမ်းသာမှ မဆုတ်မယုတ် အလွန်ကြာမြင့်စွာ ဤစည်းစိမ်အတိုင်းသာလျှင် တည်စေချင်ဘိသကဲ့သို့ တိုး၍သာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံစေချင်ဘိသကဲ့သို့ အလွန် နှစ်သက် ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း ဖြစ်ဘိသကဲ့သို့ ထို့အတူ တစ်ယောက်တည်းသော်လည်းဖြစ်စေ, အများသော်လည်းဖြစ်စေ ဆင်းရဲဒုက္ခ ရောက်၍နေသော သတ္တဝါကို ထိုဆင်းရဲ ဒုက္ခမှ လွတ်စေလိုသော စိတ်ဆန္ဒဖြင့် အလွန်သနားခြင်း ဖြစ်ရာ၏။ သနားသော

http://www.dhammadownload.com



ကရုဏာစိတ်ကို အဖန်ဖန် ဖြစ်စေရာ၏။ ပွားများရာ၏။

စည်းစိမ်ချမ်းသာ ပြည့်ပြည့်စုံစုံနှင့် ခံစံမွေ့လျော်၍ ပျော်ပျော်ရွှင်ရွှင် တင့်တင့်တယ်တယ် ချမ်းသာ၍နေသောသူကို တွေ့မြင်လျှင်လည်း ဤသူသည် ဤစည်းစိမ်ချမ်းသာမှ မဆုတ်မယုတ်ပဲ ဤစည်းစိမ်ချမ်းသာ အတိုင်းသာ တည်ပါစေ, တိုးတက်၍သာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံပါစေဟု တောင့်တလျက် အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း ဖြစ်ရာ၏။ ဝမ်းသာ ဝမ်းမြောက်သော မုဒိတာစိတ်ကို အဖန်ဖန် ဖြစ်စေရာ၏။ ပွားများရာ၏။ မနာလိုပဲ ငြူစူစောင်းမြောင်းခြင်း – ဣဿာတရား မဖြစ်အပ်။

(ဤကား ကုသိုလ်ရရုံ ကရုဏာ မုဒိတာ ပွားများနည်းတည်း။)

## ဈာန်ရအောင် ပွားများနည်း

မေတ္တာကို မပွားများသော မေတ္တာဈာန်ကို မရသော ပုဂ္ဂိုလ်သည် ဆင်းရဲဒုက္ခရောက်၍ နေသောသူ၌ သနားသောကရုဏာစိတ် ကြာမြင့်စွာ အလွန် တည်နိုင်ခဲ၏။ ဈာန်အပ္ပနာပေါ်အောင် အလွန်ကရုဏာစိတ် ဖြစ်နိုင်ခဲ၏။ ကမ္မသကာဟု အောက်မေ့ပြီး ကြောင့်ကြမစိုက်ပဲ, အာရုံမပြုပဲ အနာရမ္မဏ ဥပေက္ခာပြု၍ လျစ်လျူရှု၍သာ နေတတ်၏။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ ချမ်းသာ ရွှင်လန်း၍နေသောသူ၌လည်း နှစ်သက်ဝမ်းမြောက်သော မုဒိတာစိတ်ကား သာလွန်၍ ကြာမြင့်စွာ တည်နိုင်ခဲ၏။ ဈာန်အပ္ပနာဖြစ်အောင် အလွန် မုဒိတာစိတ် ဖြစ်နိုင်ခဲ၏။ မနှစ်သက် မနာလိုခြင်း, ငြူစူခြင်း, ဣဿာတရားသာ ဖြစ်တတ်၏။ ထို့ကြောင့် ဈာန်အပ္ပနာကို ရအောင် ကရုဏာ၊ မုဒိတာကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာကိုသာလျှင် ပွားများအပ်၏။

မေတ္တာကို ပွားများ၍ မေတ္တာဈာန်ကို ရပြီးသောအခါမှုကား ထိုမိမိ မေတ္တာဈာန်စိတ်သည် အာရုံပြုအပ်သော မိမိအလွန်ချစ်ခင်၍နေသော သတ္တဝါတို့၌ တစ်ဦးဦး ဆင်းရဲဒုက္ခရောက်၍နေလျှင် ထိုသူ့ကို အလွန်သနားခြင်း ဖြစ်တော့၏။ ဖြစ်သည်နှင့် တစ်ပြိုင်နက် ဤသူသည် ဤဆင်းရဲဒုက္ခမှ လွတ်ပါစေဟု ဆင်းရဲဒုက္ခမှ လွတ်စေလိုသော အလွန်သနားသော စိတ်ဆန္ဒဖြစ်လျက် ခဏချင်း

http://www.dhammadownload.com



ကရုဏာအပွားနာရှာနိဗ္ဗာနိဗ္ဗာ ကျလေတော့၏။ ချစ်ခင်နေရာက သနားသောစိတ် ပြောင်းပေးလိုက်ရုံမျှသာ ဝန်ရှိတော့၏။ ကရုဏာရှာနိဗ္ဗာ ကျလာအောင် အထူး ကြောင့်ကြစိုက်၍ အားထုတ်၍ မနေရတော့ပြီ။ ထိုမိမိ ချစ်ခင်အပ်သော သူတို့သည် အလွန်ဆင်းရဲဒုက္ခသို့ပင် မရောက်ငြားသော်လည်း ဤသူတွေ ဇာတိဘေး, ဇရာဘေး, မရဏဘေး တို့မှ မလွတ်ကြရှာသေးပြီ။ ထိုဘေးတွေထဲမှာပင် နစ်မွန်း၍ နေကြရှာ၏ဟု သံသရာဘေးနှင့်ချီ၍ ဆင်ခြင်အောက်မေ့ လိုက်လျှင်လည်း အလွန်အကဲအားဖြင့် ပုထုဇဉ် သတ္တဝါတို့သည် ဒုက္ခသည်ချည်း ဖြစ်ကုန်သဖြင့် အလွန်သနားခြင်း ဖြစ်၍ ထိုပုထုဇဉ် ပုဂ္ဂိုလ်တိုင်း၌ပင် ကရုဏာရှာနိဗ္ဗာကျနိုင်၊ ဖြစ်နိုင်လေတော့၏။

မိမိ အလွန် မေတ္တာသက်ဝင် ချစ်ခင်အပ်သော၊ အလွန် သနားကြင်နာ အပ်သော ထိုပုဂ္ဂိုလ်တို့တွင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခံစံ၍ ရွှင်လန်း ချမ်းသာစွာ နေသောသူကို တွေ့မြင်လျှင်လည်း အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း မုဒိတာ ဖြစ်လေတော့၏။ ဖြစ်သည်နှင့် တစ်ပြိုင်နက် ဤသူသည် ဤစည်းစိမ် ချမ်းသာမှ မဆုတ်ယုတ်ပါစေနှင့်။ ဤစည်းစိမ် ချမ်းသာအတိုင်း နှစ်သက်ရွှင်လန်း ချမ်းသာစွာ တည်ပါစေဟု ထိုရပြီးသော စည်းစိမ်မှ မဆုတ်ယုတ်စေလိုသော ထိုကဲ့သို့ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ နေသည်ကို အလွန်နှစ်သက် ဝမ်းမြောက် ဝမ်းသာသော စိတ်ဆန္ဒဖြစ်လျက် ခဏချင်း မုဒိတာ အပ္ပနာရှာနိဗ္ဗာ ကျလေတော့၏။

ချစ်နေရာက သနားနေရာက နှစ်သက်ဝမ်းမြောက်သော စိတ်ပြောင်းလဲ ပေးလိုက်ရုံမျှသာ ဝန်ရှိတော့၏။ မုဒိတာရှာနိဗ္ဗာ ကျလာအောင် အထူးကြောင့် ကြစိုက်၍ အားထုတ်၍ မနေရတော့ပြီ။ ထိုမိမိသနား ချစ်ခင်အပ်သော သူတို့သည် အလွန်ပင်စည်းစိမ်ချမ်းသာသို့ မရောက်ငြားသော်လည်း မျက်နှာ ရွှင်ရွှင်လန်းလန်း ပြုံးပြုံးကြည်ကြည် နေကြသည်ကို မြင်ရလျှင်ပင် အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း ဖြစ်၍ ထိုပုဂ္ဂိုလ်၌ မုဒိတာရှာနိဗ္ဗာ ကျနိုင်၊ ဖြစ်နိုင်လေတော့၏။

ဤကရုဏာ၊ မုဒိတာတို့ကိုလည်း မေတ္တာနည်းတူ စတုတ္ထရှာနိဗ္ဗာသို့ကျ အောင် ပွားများအပ်ကုန်၏။

(ကရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရ ၂-ပါး ပွားများပုံ ပြီး၏။)

မိခင်ဧရာဝတီ

http://www.dhammadownload.com



## (ဃ) ဥပေက္ခာဗြဟ္မဝိဟာရ ပွားများအားထုတ်ပုံ

မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် စတုတ္ထစျာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် အထက် ပဉ္စမစျာန်ကို တက်လိုသောအခါ အောက်ကကသိုဏ်း၌ ဆိုခဲ့ပြီးသောနည်းအတိုင်း စတုတ္ထစျာန်ကို သုခကို အပြစ်မြင်၍, မုန်း၍ ပဉ္စမစျာန် ကို ဥပေက္ခာကို သာယာချစ်ခင် လိုချင်တောင့်တ၍ တစ်ဦးဦးသော ပုဂ္ဂိုလ်၌ မေတ္တာစိတ်ဖြင့်သော်လည်းကောင်း၊ ကရုဏာစိတ်ဖြင့်သော်လည်းကောင်း, မုဒိတာ စိတ်ဖြင့်သော်လည်းကောင်း တစ်ခုခုဖြင့် စတုတ္ထစျာန်ကို ဝင်စား၍ စျာန်မှထပြီးလျှင် ထိုပုဂ္ဂိုလ်ကိုပင်လျှင် အာရုံဖြင့် –

ဩော် . . ဤပုဂ္ဂိုလ်သည် ငါကချမ်းသာပါစေဟု တောင့်တသော်လည်း သူချမ်းသာစရာ အကြောင်းကံရှိမှ ချမ်းသာမည်။ ငါက ဆင်းရဲဒုက္ခ လွတ်ပါစေဟု တောင့်တသော်လည်း သူလွတ်စရာ အကြောင်းကံရှိမှ လွတ်မည်။ ငါက ဤစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ပါစေနှင့်ဟု တောင့်တငြားသော်လည်း သူ မဆုတ်မယုတ်စရာ အကြောင်းကံရှိမှ မဆုတ်ယုတ်မည်။ ငါက တောင့်တ၍ ဖြစ်နိုင်သည်မဟုတ်၊ သူ့ကံရှိမှ ဖြစ်မည်။ သူ့မှာ ကံသာလျှင် အပြုအပြင် အစီအရင်ရှိသည်။ ကံသာလျှင် ကိုးကွယ်မှီခိုရာ ဥစ္စာရှိသည်။ "ကမ္မဿကာတည်း" ဟု စိတ်ထဲ၌ ချမ်းသာစေလိုသော, ဒုက္ခမှ လွတ်စေလိုသော, စည်းစိမ်ချမ်းသာမှ မဆုတ်မယုတ်စေလိုသော ကြောင့်ကြစိုက်ခြင်း ဗျာပါရကို ရုပ်သိမ်း၍ လျစ်လျူ ဥပေက္ခာသဘောနှင့် ဆင်ခြင်ကြည့်ရှုလိုက်လျှင် စျာန်စိတ်ထဲ၌ သုခဝေဒနာမဟုတ်ပဲ ဥပေက္ခာဝေဒနာဖြစ်၍ ဧကဂ္ဂတာနှင့်တကွ စျာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ပဉ္စမစျာန် အပ္ပနာဝီထိ ကျလာ၏။ ပဉ္စမစျာန်ကို ရ၏။ ထိုပဉ္စမစျာန်ကို အား ကောင်းအောင်, မြဲမြံခိုင်ခံ့အောင်, ဝသီဘော်နိုင်အောင် ပြုအပ်၏။

အောက်ဗြဟ္မဝိဟာရတို့ဖြင့် စတုတ္ထစျာန်ကို ရပြီး၍ အထက်ပဉ္စမစျာန် ကို ဖြစ်စေလိုသောအခါ ဤကဲ့သို့ စိတ်ထဲ၌ သတ္တဝါတို့ကို ချမ်းသာအောင် စသည်ဖြင့် ကြောင့်ကြစိုက်ခြင်း ဗျာပါရကို ရုပ်သိမ်း၍ သူ့မှာ ကံသာလျှင် အပြုအပြင် အစီအရင် ကိုးကွယ်ရာဥစ္စာ ရှိသည်။ "ကမ္မဿကာ"တည်းဟု လျစ်လျူဥပေက္ခာဖြင့် ဆင်ခြင်ကြည့်ရှုသည်ကို ဥပေက္ခာဗြဟ္မဝိဟာရကို ပွားများ

http://www.dhammadownload.com



သည်ဟု ခေါ်သည်။ ဥပေက္ခာဗြဟ္မဝိဟာရကို ပွားများသည်ဟု မှတ်ကြ။ ဥပေက္ခာကို ပွားများရမည်ဆိုလို့ သတ္တဝါကို တောထဲမှာရှိနေသော မြက်မှိုက်, ထင်းချောင်းတို့ လို အမှတ်မရပဲ၊ အာရုံမပြုပဲ မေ့လျော့နေရသည်မဟုတ်၊ အမှတ်မရ, နှလုံးမသွင်း, အာရုံမပြု, မေ့လျော့နေရသည့် အနာရမ္မဏ ဥပေက္ခာမျိုး မဟုတ်။ အောက်ဗြဟ္မ ဝိဟာရ စတုတ္ထဈာန်စိတ် သက်ဝင်စွဲတွယ်၍နေသည့် ပုဂ္ဂိုလ်ကိုပင်လျှင် စိတ်နှင့် စွဲတွယ်သက်ဝင်၍, အာရုံပြု၍နေရသည်။

စိတ်ထဲမှာ ချမ်းသာခြင်း စသည် ဖြစ်စေလိုတဲ့ ကြောင့်ကြစိုက်ခြင်း ဗျာပါရမှုကိုသာ ရုပ်သိမ်းရသည်။ ကမ္မဿကာ အနေနှင့် ကြောင့်ကြစိုက်ခြင်း ဗျာပါရကို ရုပ်သိမ်း၍ ထိုပုဂ္ဂိုလ်ကိုပင်လျှင် လျစ်လျူဥပေက္ခာစိတ်နှင့် ကြည့်ရှု၍ အာရုံပြု၍ စွဲတွယ်၍ နေရသည်။ ဤဥပေက္ခာ ဗြဟ္မဝိဟာရမှာ ကုသိုလ်ရရုံ ပွားများမှုဟူ၍ မရှိ၊ အောက်ဗြဟ္မဝိဟာရ စတုတ္ထဈာန်ကို မရပဲ သတ္တဝါတို့ကို သူ့ကံနှင့်သူ "ကမ္မဿကာ" တည်းဟု ရှုလို့ ကုသိုလ်မဖြစ်၊ အကုသိုလ်လည်း မဖြစ်၊ တောထဲမှာရှိနေသော မြက်မှိုက်, ထင်းချောင်းတို့ကို လျစ်လျူရှုတဲ့ အနာရမ္မဏဥပေက္ခာမျိုးတည်း။

ဥပေက္ခာဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း ပြီး၏။

## ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း မှတ်ဖွယ်

မေတ္တာကို ပွားများသော သူအား ကရုဏာ, မုဒိတာ, ဥပေက္ခာတို့သည် အထူးများစွာ အားမထုတ်ရပဲ အလိုလို ပြည့်စုံလာကြတော့၏။ ထို့ကြောင့် မေတ္တာကိုသာလျှင် ရှေးဦးစွာ အားထုတ်အပ်၏။ အားထုတ်ရာ၏။ ဤမေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား၏။ ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိ အကျိုးပေးသန်သော ကောင်းသောကံအများတို့တွင် ဤမေတ္တာကံသည် အထွဋ်ို အမြတ်ဆုံး အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံ ဟူ၍မရှိ။ အနုဿတိတို့တွင် ဗုဒ္ဓါနုဿတိကံသည် ဘဝသမ္ပတ္တိ အကျိုးပေးသန်၏။ ကြီးမား မြင့်မြတ်၏။ ထို့ကြောင့် ဘဝများစွာ နေရဦးမည့် ဘုရားဖြစ်လိုသော ဘုရားဆုပန် ပုဂ္ဂိုလ်များမှာ အထူးအားဖြင့် ဗုဒ္ဓါနုဿတိနှင့် မေတ္တာ ၂-ပါးကို လက်ကိုင်ထား

http://www.dhammadownload.com



ကြရာ၏။ ပွားများကြရာ၏။ မေတ္တာကို ပွားများလျှင် ကြွင်းသော ဗြဟ္မဝိဟာရ တို့လည်းပါ၍ လိုက်ကုန်တော့၏။

ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း၌ မှတ်ဖွယ်ပြီး၏။

❀ ❀ ❀ ❀ ❀

## ၈။ အာရုပ္ပကမ္မဋ္ဌာန်းကို ပြဆိုခန်း

## (က) ပဌမာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အာရုပ္ပ ၄–ပါးကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းတို့ဖြင့် ပဥ္စမဈာန်ကိုရ၍ ထက်သန်အားကောင်းအောင်, မြဲမြံခိုင်ခံ့အောင်, ဝသီဘော်နိုင် အောင်ပြုပြီး၍ ထိုကသိုဏ်းဟူသော ရုပ်တရားကိုလည်းကောင်း, ထိုရုပ်တရားလျှင် အာရုံရှိသော ရူပဈာန်ကိုလည်းကောင်း, အောက်ကျသေးသည်, ညံ့ဖျင်းသေးသည် ဟု အပြစ်မြင်၍မုန်း၍ အထက်အရူပဈာန်ကို သိမ်မွေ့မွန်မြတ်၏။ ကောင်း၏ဟု နှစ်သက်ချစ်ခင် လိုချင်တောင့်တ၍ ထိုအထက်အရူပ အာကာသာနဉ္စာယတနဈာန် ဖြစ်စေလို, ရလိုသောအခါ –

အာကာသကသိုဏ်းမှ ကြွင်းသော ကသိုဏ်း ၉–ပါးတို့တွင် တစ်ပါးပါး ကို အာရုံပြု၍ ပဥ္စမဈာန်ကို ဝင်စား၍ ဈာန်မှထပြီးလျှင် ထိုကသိုဏ်းဝန်းကိုပင် လျှင် အာရုံပြု၍ မျက်နှာရှေ့၌ ခင်းဖြန့်ထား၍ ထိုကသိုဏ်းဝန်းကို စေ့စေ့စပ်စပ် ကြည့်၍ ဤနေရာ၌ ကသိုဏ်းဝန်းမဟုတ်၊ မရှိ။ ကောင်းကင်ဟင်းလင်းတည်း။ ကောင်းကင်ဟင်းလင်းတည်းဟု ကသိုဏ်းဝန်းကို နှလုံးမသွင်းပဲ ကောင်းကင် ဟင်းလင်းအနေနှင့် အဖန်ဖန် နှလုံးသွင်း၍ ရှုလိုက်သည်ရှိသော် ကသိုဏ်းဝန်း ကွယ်ပျောက်၍ ထိုကသိုဏ်းဝန်းနေရာ၌ ဟင်းလင်းကောင်းကင်ကွက်ဖြစ်၍ ထင်၏။

**ဥပမာ** – ပြတင်းပေါက်ကို ပဝါကားကြက် ဆီးတား၍ ကြည့်ရှု၍နေဆဲ၌ လေတိုက်၍ ပဝါလွင့်ကျသွားသဖြင့် ပဝါနေရာ၌ ဟင်းလင်း ကောင်းကင်ကွက် ဖြစ်၍ ထင်မြင်ရဘိ သကဲ့သို့တည်း။ ဤကောင်းကင်ကွက်ကို ကသိုဏ်းကိုခွာ၍ ကွယ်ပျောက်စေ၍ ရအပ်သော ကောင်းကင်ဖြစ်၍ '**ကသိဏုဂ္ဃါဋိမ – ကောင်း**

http://www.dhammadownload.com



**ကင်**'ဟု ခေါ်၏။ ဤ '**ကသိဏုဂ္ဃါဋိမ – ကောင်းကင်**' ကို ဥပါဒ်, ဘင်ဟူသော အစအဆုံးမရှိသော ကောင်းကင်ဟင်းလင်း ကောင်းကင်ဟင်းလင်း ဟု စိတ်ထဲက မှတ်၍ အဖန်ဖန် ကြည့်ရှုသည်ရှိသော် ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ပဌမဈာန် အပ္ပနာဝီထိ ကျလာ၏။

ဤပဌမဈာန်ကို ကသိဏ်းဟူသော ရုပ်တရားကို မုန်းသော, လွန်မြောက်သော, အာရုံမပြုသော ဈာန်ဖြစ်၍ အရူပဈာန်ဟု ခေါ်၏။ ဥပါဒ်, ဘင်ဟူသော အစအဆုံးမရှိသော ကောင်းကင်လျှင် တည်ရာ မှီတွယ်ရာ အာရုံရှိသောကြောင့် အာကာသာနဉ္စာယတန ဈာန်ဟူ၍ ခေါ်၏။ ဤအာကာသာနဉ္စာယတန အရူပဈာန် သည်ပင်လျှင် အာကာသာနဉ္စာယတန အာရုပ္ပ မည်၏။ ပထမရအပ်, ရောက်အပ် သော အရူပဈာန်ဖြစ်၍ ပဌမာရုပ္ပဈာန် ဟူ၍လည်း ခေါ်၏။

ပထမာရုပ္ပကမ္မဋ္ဌာန်း ပြီး၏။

## (ခ) ဒုတိယာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဤပဌမာရုပ္ပဈာန်ကို ထက်သန် အားကောင်းအောင် မြဲမြံခိုင်ခံ့အောင် ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက်ဒုတိယဈာန်ကို တက်လို ဖြစ်စေလိုသောအခါ အောက်ဈာန်ထက် အထက်ဈာန် သာလွန် မြင့်မြတ်၏။ ကောင်း၏ဟု အောက်ဈာန် ကိုမုန်း၍ အထက်ဈာန်ကို ချစ်ခင်လိုချင်၍ ဤ '**ကသိဏုဂ္ဃါဋိမ – ကောင်းကင်**' ကို အာရုံပြု၍ ပဌမာရုပ္ပဈာန်ကို ဝင်စား၍ ဈာန်မှထပြီးလျှင် ထိုယခုဝင်စား၍, ဖြစ်၍ ချုပ်လေပြီးသော အတိတ် ပဌမာရုပ္ပဈာန် စိတ်ဝိညာဉ်ကို ဥပါဒ်, ဘင် အစအဆုံးမရှိသော ကောင်းကင်ကို အာရုံပြုသော ဝိညာဉ်, ဝိညာဉ်ဟု စိတ်ထဲက မှတ်လျက် အဖန်ဖန် ကြည့်ရှုသည်ရှိသော် ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ပဌမဈာန်ဇော အပ္ပနာဝီထိ ကျလာ၏။ အရူပ ပဌမဈာန် ကို ရ၏။

ဤဈာန်ကို အနန္တကောင်းကင်ကို အာရုံပြု၍ ဖြစ်သဖြင့် အနန္တမည်သော ပဌမာရုပ္ပဝိညာဉ်လျှင် တည်ရာ, မှီတွယ်ရာ အာရုံရှိခြင်းကြောင့် ဝိညာဏဉ္စာယတန ဈာန်ဟု ခေါ်၏။ ၂–ကြိမ်မြောက် ရအပ်ရောက်အပ်သော အရူပဈာန်ဖြစ်၍

http://www.dhammadownload.com



ဒုတိယာရုပ္ပဈာန်ဟူ၍လည်း ခေါ်၏။

နီဝရဏကင်း၍ စိတ်ဉာဏ်ကြည်သောအခါမူကား မိမိ၏ စိတ်ဖြစ်နေပုံကို လင်းလင်းကျင်းကျင်း ထင်မြင်ရသည်။ စိတ်တွေက ရှေ့စိတ် နောက်စိတ် အဆက်အစပ် အလွှန်စေ့လျက် အလွန်မြန်စွာဖြစ်၍ နေကြသည် ဖြစ်ခြင်းကြောင့် ညဥ့်အခါ မီးစကို ယမ်းရာ၌ကဲ့သို့ အတောင့်ကြီး အတန်းကြီး စက်ဝိုင်းကြီးထင်သကဲ့သို့ ထင်မြင်ရသည်။

ထို ပဌမာရုပ္ပဝိညာဉ်ချုပ်၍ သွားပြီးငြားသော်လည်း ဝင်စား၍ နေစဉ်အခါက ကောင်းကင်ဟင်းလင်းကွက်ကို စိပ်ပုတီးကုံးကို ပုတီးစေ့များ ထိုးသီထားဘိသကဲ့သို့ အာရုံပြု၍ စွဲတွယ်ပြီး မတုန်မလှုပ် ငြိမ်သက်စွာ တန်းပြီးဖြစ်၍ နေပုံအတိုင်းကို ဤဒုတိယာရုပ္ပဝိညာဉ်သည် လင်းလင်းကျင်းကျင်း ထင်မြင်၍ အာရုံပြု၍ စွဲတွယ်ပြီး ဖြစ်သည်။

ဒုတိယာရုပ္ပကမ္မဋ္ဌာန်း ပြီး၏။

## (ဂ) တတိယာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဤ ဒုတိယာရုပ္ပဈာန်ကို ထက်သန်အားကောင်း မြဲမြဲခိုင်ခံ့ ဝသီဘော် နိုင်အောင် ပြုပြီး၍ အထက် တတိယာရုပ္ပဈာန်ကို တက်လို, ဖြစ်စေလိုသော အခါ–

အောက်ဈာန်ထက် အထက်ဈာန် သာလွန်မြင့်မြတ်၏။ ကောင်း၏ဟု အောက်ဈာန်ကိုမုန်း၍ အထက်ဈာန်ကို ချစ်ခင်လိုချင်၍ ပဌမာရုပ္ပဝိညာဉ်ကို အာရုံပြု၍ ဒုတိယာရုပ္ပဈာန်ကို ဝင်စား၍ ဈာန်မှ ထပြီးလျှင် ယခု ငါအာရုံပြုအပ်သော ကောင်းကင်ကွက်၌ တန်းပြီးဖြစ်နေသည့် ဤပဌမာရုပ္ပဝိညာဉ်သည် 'မရှိဖူး – မရှိဖူး' ဟု ကသိုဏ်းကို ခွာရာ၌ကဲ့သို့ ထိုဝိညာဉ်ကို မရှိအောင်, ပျောက်အောင် နှလုံးသွင်း၍ ရှုလိုက်, ပျောက်ဖျက်လိုက်သည်ရှိသော် ကောင်းကင်ကွက်၌ တန်းပြီးဖြစ်နေသည့် ထိုပဌမာရုပ္ပဝိညာဉ်တန်းကြီးကို မြင်နေရာက မမြင်ပဲ ဖြစ်၍ သွား၏။ ကောင်းကင်ကွက်ထဲ၌ ပဌမာရုပ္ပဝိညာဉ်တန်းကြီး မရှိပဲဖြစ်၍ သွား၏။ ကောင်းကင်ကွက်ထဲ၌ ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိသည်ကိုသာ မြင်လေတော့၏။

http://www.dhammadownload.com



**ဥပမာ** – သိမ်အပြင်၌ သံဃာအစည်းအဝေးကို မြင်ပြီး၍ တပိုတပါး ခဏသွား၍ သံဃာအစည်းအဝေးပျက်၍ ထသွားကြပြီး နောက်မှ ရောက်လာ၍ ကြည့်လတ်သော် သိမ်အပြင်၌ သံဃာကို မမြင်ပဲ သံဃာမရှိသည်ကိုသာ မြင်လေဘိသကဲ့သို့တည်း။

ထိုအခါ ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း အဘာဝပညတ်မျှကို အာရုံပြု၍ **"နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ ပဌမာရုပ္ပဝိညာဉ် အနည်းငယ်မျှ မရှိဖူး၊ အနည်းငယ်မျှ မရှိဖူး"** ဟု စိတ်ထဲကမှတ်လျက် ထိုမရှိခြင်း အဘာဝကို အဖန်ဖန် နှလုံးသွင်းလတ်၊ ကြည့်ရှုလတ်သော် ဥပေက္ခာ၊ ဧကဂ္ဂတာဈာန် အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်ဇော အပ္ပနာဝီထိ ကျလာ၏။ အရူပပဉ္စမဈာန်ကို ရ၏။

ဤဈာန်ကို ပဌမာရုပ္ပဝိညာဉ်၏ အနည်းငယ် စိုးစဉ်းမျှ မရှိခြင်း အဘာဝပညတ်လျှင် တည်ရာမှီတွယ်ရာ အာရုံရှိခြင်းကြောင့် အာကိဉ္စညာယတနဈာန်ဟု ခေါ်၏။ ၃–ကြိမ်မြောက် ရအပ်၊ ရောက်အပ်သော အရူပဈာန်ဖြစ်၍ တတိယာရုပ္ပဈာန် ဟူ၍လည်း ခေါ်၏။

တတိယာရုပ္ပကမ္မဋ္ဌာန်း ပြီး၏။

## (ဃ) စတုတ္ထာ ရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဤတတိယာ ရုပ္ပဈာန်ကို ထက်သန်ခိုင်ခံ့ ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် စတုတ္ထာရုပ္ပဈာန်ကို တက်လို့, ဖြစ်စေလိုသောအခါ –

အောက်ဈာန်ထက် အထက်ဈာန် သာလွန်မြင့်မြတ်၏။ ကောင်း၏ဟု အောက်ဈာန်ကို မုန်း၍ အထက်ဈာန်ကို ချစ်ခင်လိုချင်၍ ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း အဘာဝပညတ်ကို အာရုံပြု၍ တတိယာရုပ္ပဈာန်ကို ဝင်စား၍ ဈာန်မှ ထပြီးလျှင် ထိုယခု ဝင်စား၍ ဖြစ်၍ ချုပ်လေပြီးသော အတိတ် တတိယာရုပ္ပဈာန်စိတ် ဝိညာဉ်ကိုပင် ဤဝိညာဉ်သည် အလွန်သိမ်မွေ့ ငြိမ်သက်၏။ သိမ်မွေ့ ငြိမ်သက်၏ဟု စိတ်ထဲကမှတ်လျက် အာရုံပြု၍ အဖန်ဖန် နှလုံးသွင်းလတ်၊ ကြည့်ရှုလတ်သည်ရှိသော် ဥပေက္ခာ၊ ဧကဂ္ဂတာဈာန် အင်္ဂါ ၂–ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်ဇော အပ္ပနာဝီထိ ကျလာ၏။ အရူပဈာန်ကို ရ၏။

http://www.dhammadownload.com



ဤဈာန်ကို ပျောက်သလောက်နီးနီး အလွန်သိမ်မွေ့၍ သွားသဖြင့် ရုန့်ရင်းသော သညာကားမရှိ၊ အလွန်သိမ်မွေ့သော သညာမျှသာရှိခြင်းကြောင့် နေဝသညာနာသညာယတန ဈာန်ဟု ခေါ်၏။ ၄-ကြိမ်မြောက်ရအပ် ရောက်အပ်သော အရူပဈာန် ဖြစ်ခြင်းကြောင့် စတုတ္ထာရုပ္ပဈာန်ဟူ၍လည်း ခေါ်၏။ ဤဈာန်ကိုလည်း ထက်သန်အားကောင်းအောင် မြဲမြဲခိုင်ခံ့အောင် ဝသီဘော်နိုင်အောင် ပြုအပ်၏။

စတုတ္ထာရုပ္ပ ကမ္မဋ္ဌာန်း ပြီး၏။

## ဝိမောက္ခ ၈-ပါး, သမာပတ် ၈-ပါး, ၉-ပါး
## အနုပုဗ္ဗဝိဟာရသမာပတ် ၉-ပါး

၁။ ရူပဈာန်က စတုက္ကနည်းအားဖြင့် ၄-ပါး၊ အရူပဈာန်က ၄-ပါး ဤ ၈-ပါးကို နီဝရဏစသော ဘေးရန်တို့မှ ကင်းစင်ကျွတ်လွတ်ခြင်းကြောင့် ဝိမောက္ခ ၈-ပါးဟူ၍လည်း ခေါ်၏။

၂။ ဝင်စားအပ်ခြင်းကြောင့် သမာပတ် ၈-ပါး ဟူ၍လည်း ခေါ်၏။

၃။ ဤသမာပတ် ၈-ပါးထဲသို့ နိရောဓသမာပတ်ကို ထည့်သွင်းလျှင် သမာပတ် ၉-ပါး ဖြစ်၏။

၄။ ဤ ၉-ပါးသော သမာပတ်ကို အစဉ်အတိုင်း ဝင်စားအပ်သော အနုပုဗ္ဗဝိဟာရ သမာပတ် ၉-ပါးဟူ၍ ခေါ်၏။

ဤသမာပတ် ၉-ပါးကို ကာမရာဂ ကင်းစင်ပြီးသော ရုပ်ရှိသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ် ၂-ဦးတို့မှသာလျှင် ဝင်စားနိုင်၏။

**ဝင်စားပုံကား** - ရှေးဦးစွာ ပဌမဈာန်ကို တစ်ခဏမျှ ဝင်စား၍ ဈာန်မှထပြီးလျှင် ထိုပဌမဈာန်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု တိလက္ခဏာ တင်ရှုအပ်၏။ ပြီးလျှင် ဒုတိယဈာန်ကို ဝင်စား၍ ဈာန်မှ ထ၍ ဤဒုတိယဈာန်ကိုလည်း ရှေးနည်းတူ အနိစ္စ, ဒုက္ခ, အနတ္တဟု တိလက္ခဏာ တင်ရှုအပ်၏။

ဤနည်းတူ အစဉ်အတိုင်း အာကိဉ္စညာယတန သမာပတ်တိုင်အောင် သမာပတ် ၇-ပါးလုံးကို ဝင်စား၍ အနိစ္စ, ဒုက္ခ, အနတ္တဟု တိလက္ခဏာတင်ရှု၍

http://www.dhammadownload.com



ပြီးသောအခါ နိရောဓသမာပတ် ဝင်စားရာမှ ထ၍ အလျင်အမြန် စုတိစိတ်များ ကျမသွားအောင် စုတိစိတ်ကျမည့်အခါများ ဝေးသေး၏လားဟု ကြည့်မျှော်၍ မိမိအလိုရှိသလောက် ကာလကို မှန်းထား၍ –

၁။ ဘယ်အခါကျလျှင် ထနိုင်စေသတည်း။

၂။ ထိုကာလအတွင်းမှာလည်း ဘုရားရှင်ခေါ်လျှင်လည်း ထနိုင်စေသတည်း။

၃။ သံဃာ့ကိစ္စရှိ၍ ငါ့ကို တောင့်တမျှော်လင့်လျှင်လည်း ထနိုင်စေသတည်း။

၄။ ငါ၏ သပိတ်, ပရိက္ခရာ, ပစ္စည်းဘဏ္ဍာတို့သည်လည်း ဘာတစ်စုံတစ်ခုကြောင့်မှ မပျက်စီးနိုင်စေသတည်း။

ဟု ဓိဋ္ဌာန်ခြင်း ပုဗ္ဗကိစ္စကို ပြုပြီးလျှင် နေဝသညာနာသညာယတနသမာပတ်ကို ဝင်စားအပ်၏။ ထိုသမာပတ် ဈာန်ဇော ၁–ကြိမ်, ၂–ကြိမ်လောက် ကျပြီးလျှင် စိတ်မဖြစ်လာပဲ စိတ်အစဉ် ပြတ်၍ ချုပ်၍ မိမိမှန်းထားသမျှကာလအတွင်း စိတ်, စေတသိက် မရှိပဲ ရုပ်ချည်းသက်သက်ဖြစ်၍ နေလေတော့၏။ ဤကဲ့သို့ စိတ်, စေတသိက် ချုပ်ခြင်းသို့ ဆိုက်ရောက်၍ နေသည်ကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်၏။

ထချိန်ကျသောအခါ နိဗ္ဗာန်ကို အာရုံပြုလျက် ဖိုလ်စိတ် ဖြစ်ပေါ်လာ၍ နိရောဓသမာပတ်မှ ထ၏။ ဤကဲ့သို့ ဓိဋ္ဌာန်၍ နိရောဓသမာပတ် ဝင်စား၍ နေသောပုဂ္ဂိုလ်ကို တတ်နိုင်လျှင် အမြောက်နှင့်ပစ်၊ မလဲတော့ပြီ။ မီးနှင့်ရှို့၊ မလောင်တော့ပြီ။ သူနေသော ကျောင်းကို ပျက်စီးအောင် မီးလောင်အောင် မတတ်နိုင်တော့ပြီ။ ပစ္စည်းဘဏ္ဍာ ပရိက္ခာရာနှင့်တကွ ကာယသိဒ္ဓိပြီးစီး၍ နေတော့၏။ အဓိဋ္ဌာန်ပြုလုပ်လျှင် သူသာပြီးစီး၏။ ပရိက္ခာရာဘဏ္ဍာ မပြီးစီးပြီ။

(ဤကား အနုပုဗ္ဗဝိဟာရ သမာပတ် ၉–ပါးကို ဝင်စားပုံတည်း။)

http://www.dhammadownload.com



## အသညသတ် ဗြဟ္မာ

ဤသမာပတ် ၈-ပါးတို့တွင် ရူပစတုတ္ထစျာန်ကို ရသော ပုဂ္ဂိုလ်သည် ဤနာမ်ရှိခြင်းကြောင့် စိုးရိမ်ပူပန်ရ ဒုက္ခရောက်ရသည်။ နာမ်မရှိပဲ ရုပ်ချည်းသက်သက် နေရလျှင် ဘာကိုမျှ မသိရပဲ အေးအေးချမ်းချမ်း နေရ၏။ ကောင်း၏ဟု တောင့်တ၍ နာမ်ကိုသာ အပြစ်မြင်၍, မုန်း၍ ရုပ်ကို အပြစ်မမြင်ပဲ မမုန်းပဲ ရုပ်နှင့် နေလိုသော စိတ်ဆန္ဒရှိလျက် စျာန်မလျှောပဲ စုတေခဲ့လျှင် နာမ်မရှိ ရုပ်သာရှိသော အသညသတ်ဗြဟ္မာ့ဘုံသို့ရောက်၍ အသညသတ် ဗြဟ္မာဖြစ်ရာ၏။ ကမ္ဘာကြီး ငါးရာ အသက်ရှည်၏။ ကမ္ဘာငါးရာစေ့လျှင် စတုတ္ထစျာန် စေတနာ ကံကုန်၍ ထိုအသညသတ် ဗြဟ္မာကောင် ရုပ်တုံးကြီး ကွယ်ချုပ်စုတေ၍ ရှေးက ပြုဖူးသော ကာမကုသိုလ်ကံကြောင့် လူ့ဘုံ၌ ရုပ်နာမ် ၂-စုံ ဖြစ်ပေါ်၍ လူဖြစ် ရပြန်၏။

## အရူပဗြဟ္မာ

ဤအာရုပ္ပစျာန်ကို ရသော ပုဂ္ဂိုလ်သည်လည်း အကယ်၍ မိမိက ဤကိုယ်ခန္ဓာ ရုပ်ကောင်ကြီးရှိလို့သာ အရိုက်ခံရ, ဓားထိုးခံရ, အနာပေါက်ရ, ဖျားရ, နာရ, ဒုက္ခမျိုးစုံ ရောက်ရသည်။ ရုပ်မရှိပဲ နာမ်ချည်းသက်သက် နေရလျှင် ဘာတစ်စုံတစ်ခုမျှ မထိခိုက်နိုင်ပဲ အေးအေးချမ်းချမ်း နေရ၏။ ကောင်း၏ဟု တောင့်တ၍ ရုပ်ကိုသာ အပြစ်မြင်၍ မုန်း၍ နာမ်ကို အပြစ်မမြင်ပဲ မမုန်းပဲ နာမ်နှင့်နေလိုသော စိတ်ဆန္ဒရှိလျက် စျာန်မလျှောပဲ စုတေခဲ့လျှင် ရုပ်မရှိ နာမ်သာ ရှိသော အရူပဗြဟ္မာဘုံသို့ ရောက်၍ အရူပဗြဟ္မာ ဖြစ်ရ၏။ အထက်ဆုံး နေဝသညာ နာသညာယတနဘုံ၌ ကမ္ဘာကြီး (၈၄၀၀၀) အသက်ရှည်၏။ ကမ္ဘာသက်တမ်းစေ့လျှင် စုတေ၍ ရုပ်နာမ် ၂-ပါးစုံ ဖြစ်ပေါ်၍ ကာမဘုံ၌ ဖြစ်ရပြန်၏။

အကယ်၍ ဤပုဂ္ဂိုလ်က ထိုစတုတ္ထစျာန်, အာရုပ္ပစျာန်တို့ကို ရငြားသော်လည်း မိမိနာမ်ကို, မိမိ ကရဇရုပ်ကို မိမိက မမုန်းပဲ ထိုဘုံတို့ကို မတောင့်တငြားအံ့၊ ထိုအသညသတ်, အရူပဘုံတို့မှာ မဖြစ်၊ ရုပ်နာမ် ၂-ပါးစုံသော ကြွင်းသော ဗြဟ္မာဘုံတို့မှာသာ ဖြစ်၏။ ကာမဘုံတို့မှာ ဖြစ်လိုလျှင်လည်း ဖြစ်၏။

http://www.dhammadownload.com



ဤစကားရပ်ဖြင့် ရူပဈာန်မှ အရူပဈာန် တက်သောအခါ မိမိကိုယ်ကောင် ရုပ်ခဲ ဟူသေ ကရဇရုပ်ကို အပြစ်ရှုရ, မုန်းရတာမျိုး မဟုတ်။ အာရုံကသိုဏ်းရုပ်နှင့်တကွ ရူပဈာန်ကိုသာ အောက်ကျသေးသည်။ ညံ့ဖျင်းသေးသည်ဟု အပြစ်တင်ရှုရ, မုန်းရတာမျိုးတည်းဟူသော အနက်အဓိပ္ပါယ်ကိုလည်း ပြ၏။ သိစေ၏။

အာရုပ္ပကမ္မဋ္ဌာန်း ပြီး၏။

## ၉။ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်းကို ပြဆိုခန်း

**အာဟာရေ ပဋိကူလသညာ** ဟူသည်ကား စားသောက် မျိုသွင်းအပ်သော ကဗဠီကာရ အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု ကောင်းစွာထင်မြင်၍ တည်နေသော သညာကို ခေါ်သည်။ ထိုသညာကိုရလို, ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ပွားများရာ၏။

**ဥပမာဆိုသည်ရှိသော်** – ရှေးသောအခါ သားငယ်ကိုချီ၍ ကန္တာရခရီးခဲကို သွားကြသော သမီးခင်ပွန်း ၂–ဦးတို့သည် လမ်းခရီး၌ ရိက္ခာကုန်ပြတ်သဖြင့် ငါတို့အား အသက်ရှည်စွာ နေရလျှင် နောင်အခါ သားအစား ရလိမ့်မည်။ ဤသားကို သတ်၍ အသားကိုစား၍, ရိက္ခာလုပ်၍ ကန္တာရခရီးခဲကို လွန်မြောက်ကြအံ့ဟု ကြံစည်တိုင်ပင်ပြီးလျှင် သားငယ်ကိုသတ်၍ သားငယ်၏အသားကို စားကြကုန်၏။ စား၍ ကန္တာရခရီးခဲကို လွန်မြောက်ကြကုန်၏။

ထို မိဘ ၂–ဦးတို့၏ သား၏အသားကို စားကြရာ၌ ဤသား၏ အသားသည် –

၁။ ဓာတ်တူသားဖြစ်ခြင်းကြောင့် လည်းကောင်း,

၂။ ဆွေမျိုး၏အသား ဖြစ်ခြင်းကြောင့် လည်းကောင်း,

၃။ ဆွေမျိုးမှာလည်း အဖျားမဟုတ်၊ မိမိ၏ သားအရင်း ဖြစ်ခြင်းကြောင့် လည်းကောင်း,

၄။ အလွန်ချစ်လှစွာသော သား၏အသား ဖြစ်ခြင်းကြောင့် လည်းကောင်း,

၅။ အလွန်သနားကြင်နာသော သား၏အသား ဖြစ်ခြင်းကြောင့်လည်းကောင်း,

http://www.dhammadownload.com



၆။ မီးမရှိ မဖုတ်မြိုက် မကင် မချက်ရပဲ အစိမ်းဖြစ်ခြင်းကြောင့် လည်းကောင်း,

၇။ ကြမ်းကြုတ်, ကြောက်မက်ဖွယ်သော လူသားဖြစ်ခြင်းကြောင့် လည်းကောင်း,

၈။ ဆားမရှိ ဆားမထည့် ရခြင်းကြောင့် လည်းကောင်း,

၉။ တစ်ပါးသော အရသာ မဖက်စွက်ရသောကြောင့် လည်းကောင်း,

ဤသို့သော အကြောင်းတို့ကြောင့် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ အလွန်ပင် စက်ဆုပ်ကြ ရွံရှာကြ၏။ အနည်းငယ်မျှပင်ကောင်းသည်, ကောင်းသည်ဟု နှစ်သက်သာယာခြင်း မဖြစ်ကြရာ၊ နှစ်သက်သာယာခြင်း မရှိ။ အလွန်စက်ဆုပ်လျက်နှင့်ပင် ကန္တာရခရီးခဲမှ လွန်မြောက်ခြင်းငှါ စားကြရာ၏။

ထိုသားငယ်၏ အသားကဲ့သို့ ထို့အတူ စားသောက်မျိုသွင်းအပ်သော ကဗဠီကာရ အာဟာရသည်လည်း မိုးစွတ်မရှောင်, နေပူမရှောင်, ဘေးမရှောင်, ရန်မရှောင် ဆင်းရဲငြိုငြင် ပင်ပန်းစွာ အရှာသွားရ, သွား၍ရအောင် ရှာရသည့် အတွက်ကြောင့်လည်း အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ ရှာမှီးသဖြင့် ရ၍ စားသောက်သောအခါလည်း ခံတွင်း၌ဝါး၍ လျှာရည် တံတွေးချွဲတို့ဖြင့် ရောလျက် ကောင်းသော အဆင်းသဏ္ဌာန် အနံ့တို့ ပျက်၍ ခွေးအန်ဖတ်ကဲ့သို့ ဖောက်ပြန်၍ နေပုံအခြင်းအရာအားဖြင့်လည်း ထိုအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။ ဝါးပြီး၍ မျိုသောအခါ၌လည်း သည်းခြေ, သလိပ်ပုပ်ဟူသော ပြည်, သွေး၊ ဤ ၄-ပါးသော အညစ်အကြေး အာသယတို့ဖြင့် ရောနှော လူးလဲအပ်ခြင်းကြောင့် လည်း ထိုအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

မျိုပြီး၍ အစာသစ်အိမ်သို့ ရောက်သောအခါလည်း ထိုအစာသစ်အိမ်သည် ဆေးကြောသုတ်သင်ခြင်း မရှိ၊ ညစ်ထေး၍နေသော ခွေးစာခွက်ကဲ့သို့ မွေးကတည်းက တစ်ရံတစ်ခါမျှ မဆေးကြော မသုတ်သင်ရဖူးသဖြင့် အလွန်စက်ဆုပ်ဖွယ် ကောင်းအောင် ညစ်ထေး၍နေ၏။ ဤကဲ့သို့ ညစ်ထေး၍နေစေသော တည်ရာ အစာသစ်အိမ်အတွက်ကြောင့်လည်း ထိုအစာအာဟာရသည် အလွန် စက်ဆုပ်ဖွယ် ကောင်း၏။

http://www.dhammadownload.com



အစာသစ်အိမ်သို့ ရောက်ပြီးသောအခါလည်း ဒွန်းစဏ္ဍားရွာနား တန်စီး တွင်းကဲ့သို့ ၃၂–ပါးသော ပိုးမျိုးသန်ကောင်တို့ဖြင့် ကျိကျိတက်ပြွမ်းလျက် ခတ်မီး ချက်အပ်သဖြင့် အမြှုပ်အပွက်ထလျက် အလွန်စက်ဆုပ်ဖွယ်သော အဆင်းအနံ့ ရှိလျက် ဖောက်ပြန် ကြေကျက်၍ နေ၏။ ဤကဲ့သို့ အစာသစ်အိမ်တွင်း၌ ဖောက်ပြန်ကြေကျက်လျက် တည်နေပုံ အခြင်းအရာအားဖြင့်လည်း ထိုအစာ အာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

အကယ်၍ မကြေကျက်ပြန်လျှင်လည်း ဝမ်းရောင်ခြင်း၊ ရင်ပြည့်ခြင်း စသည်ကို ဖြစ်စေ၏။ ဤသို့ ဝမ်းရောင်ခြင်း၊ ရင်ပြည့်ခြင်း စသည်ကိုဖြစ်စေ တတ်သည့်အတွက်ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

ကောင်းစွာ ကြေကျက်ပြီးလျှင်လည်း ရွှေ, ငွေ စသော အဖိုးတန် နှစ်သက် ဖွယ် မရှိ၊ စင်စစ် အလွန်စက်ဆုပ်ဖွယ်သော ကျင်ငယ်၊ ကျင်ကြီးသာ ဖြစ်လေ၏။ ဤသို့ ကျင်ငယ်, ကျင်ကြီးဖြစ်၍ သွားခြင်းကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

ထိုအာဟာရထဲမှထွက်သော အဆီတို့သည်လည်း အဖိုးတန် နှစ်သက်ဖွယ် ဝတ္ထုကို မဖြစ်စေ။ စင်စစ် စက်ဆုပ်ဖွယ်သော ဆံပင်, အမွေး, လက်သည်း ခြေသည်း, သွား, အရိုး, ခြင်ဆီစသော ၃၂–ပါးသော အပုပ်မျိုးတို့ကိုသာ ဖြစ် စေ၏။ ယားနာ, ပွေးနာ, နှင်းခူနာစသော အမျိုးမျိုးသော အနာရောဂါတို့ကိုလည်း ဖြစ်စေ၏။ ဤသို့ မကောင်းစက်ဆုပ်ဖွယ်သော အကျိုးကို ဖြစ်စေသည့် အတွက် ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

ထိုအစာအာဟာရသည် ဝမ်းတွင်းသို့ မျိုသွင်းပြီး ပြန်လျှင်လည်း တစ်ဖန် ပြင်ဖက်သို့ မထုတ်ရမနေနိုင် ထုတ်ပစ်ရပြန်၏။ မိုးစွတ်မရှောင်, နေပူမရှောင်, ဘေးမရှောင်, ရန်မရှောင်, ရှက်ရှက်ကြောက်ကြောက် ပုန်းကွယ်လျက် စက်ဆုပ် ပင်ပန်းစွာ ထုတ်ရပြန်၏။ ဤသို့ မနေသာပဲ တစ်ဖန် စွန့်ထုတ်ရမှုအတွက်ကြောင့် လည်း ထိုအစာအာဟာရ၏ အကျိုးဆက်သည် ၉–ပေါက်သော ဒွါရတို့မှ စက်ဆုပ် ဖွယ် ဝတ္ထုဖြစ်လျက် ယိုထွက်၏။ ဤသို့ ၉–ပေါက်သော ဒွါရတို့မှ စက်ဆုပ်

http://www.dhammadownload.com



ဖွယ် ယိုထွက်စေသော အတွက်ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

ထိုအစာအာဟာရသည် စားမည်ဟု ပြုသည်မှစ၍ ဒွါရ ၉–ပေါက်ထွက်သည့်အခါတိုင်အောင် ခွက်ကိုလည်းကောင်း၊ လက်ကိုလည်းကောင်း၊ ပါးစပ်ကိုလည်းကောင်း၊ ကိုယ်တွင်း တစ်ကိုယ်လုံးကိုလည်းကောင်း၊ ဒွါရ ၉–ပေါက်ဝကို လည်းကောင်း ပေရေညစ်ထပ် လိမ်းကပ်လူးလဲ၏။ ဤသို့ လိမ်းကပ်လူးလဲမှုကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

ထိုအစာအာဟာရသည် ခံတွင်းသို့ ရောက်ကာမျှဖြင့်ပင်လျှင် –

၁။ စိတ်ကို ညစ်နွမ်းစေ၏။

၂။ တုန်လှုပ်ပျံ့လွင့်စေ၏။

၃။ ဝမ်းတွင်းသို့ ရောက်လျှင်လည်း ကိုယ်စိတ်ကိုပင် ထိုင်းမှိုင်းလေးလံခြင်း၊ နုံ့ခြင်းကို ဖြစ်စေတတ်၏။

၄။ စိုးရိမ်ကြောင့်ကြခြင်းကိုလည်း ဖြစ်စေတတ်၏။

၅။ အနာရောဂါ အမျိုးမျိုးတို့ကိုဖြစ်စေ၍ ပုဂ္ဂိုလ်ကို ဆင်းရဲပင်ပန်းစေ၏။

၆။ အသက်ကိုသော်လည်း သေအောင်သတ်၏။

၇။ ဗြဟ္မစရိယ သီလကိုသော်လည်း ညှိုးနွမ်းအောင်၊ ပျက်စီးအောင် ပြုတတ်၏။

၈။ မိစ္ဆာစာရ ဒုစရိုက်မှုကိုလည်း ဖြစ်စေတတ်၏။

ဤသို့သော အကြောင်းတို့ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ် ရွံမုန်းဖွယ်ကောင်း၏။

ထိုအစာအာဟာရကို အကြောင်းပြု၍ အမျိုးမျိုးသော အနာရောဂါ ဆင်းရဲဝေဒနာတွေ ဖြစ်ရ၏။ အမျိုးမျိုးသော အငြင်းအခုံ ခိုက်ရန်ဒေါသတွေ၊ အကုသိုလ်ဒုစရိုက်တွေ၊ ဘေးတွေ၊ ရန်တွေ၊ ဒုက္ခတွေ ဖြစ်ရ၏။ ဤသို့ ဖြစ်သမျှတို့သည် အာဟာရကြောင့်ဖြစ်သည် ချည်းပင်တည်း။ ဆင်းရဲဒုက္ခဟူသမျှသည် ကြွင်းနာမ်အာဟာရတို့နှင့်တကွ ဤကဗဠီကာရ အာဟာရကြောင့် ဖြစ်သည်ချည်းပင်တည်း။ လောက၌ ရှိရှိသမျှ အလုံးစုံသော ဘေးဒုက္ခတို့သည် ထိုအာဟာရ

http://www.dhammadownload.com



၄–ပါးတို့ကြောင့်သာလျှင် ဖြစ်ရကုန်၏။ ထိုအာဟာရတို့သည် အလုံးစုံသော ဘေးဒုက္ခတို့ကို ဖြစ်စေနိုင်ကြကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့် ထိုကဗဠီကာရအာဟာရသည် အလွန် စက်ဆုပ်ဖွယ် ကောင်း၏။

ထိုစက်ဆုပ်ရွံရှာဖွယ် ကောင်းငြားသော်လည်း အနာပျောက်ခြင်းငှါ အလွန် ခါးသော ဆေးခါးကြီးကို စားသောက် သုံးဆောင်ရဘိသကဲ့သို့ ကန္တာရ ခရီးခဲကို လွန်မြောက်ခြင်းငှါ သား၏အသားကို စားရဘိသကဲ့သို့ အသက်ရှည်၍ ဣရိယာပုထ် ၄–ပါးမျှတ ကျန်းမာ၍ ကိလေသာ အနာကင်းပျောက်ကြောင်း ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်နိုင်ခြင်းငှါ၊ သံသရာ ကန္တာရ ခရီးခဲကို လွန်မြောက်နိုင်ခြင်းငှါ ထို ကဗဠီကာရ အာဟာရကို စားသောက် မှီဝဲအပ်၏။ စားသောက်မှီဝဲရာ၏။ စားသောက်မှီဝဲရသည်။

ဤ **"အာဟာရ ပဋိကူလသညာ"**ကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဤယခု ရေးသားခဲ့ပြီးသောအတိုင်း ထို ကဗဠီကာရ အာဟာရ၌ စက်ဆုပ်ရွံမုန်းဖွယ် အခြင်းအရာ၊ စက်ဆုပ်ရွံမုန်းသော အကြောင်းတို့ကို အဖန်ဖန် ဆင်ခြင် အောက်မေ့ရာ၏။ ဤသို့ ဆင်ခြင် အောက်မေ့ဖန်များသောအခါ စားပြီးစားဆဲ စားလတ္တံ့သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ ၃–ပါး၌ တည်သော ထိုကဗဠီကာရ အာဟာရသည် ထိုယောဂီပုဂ္ဂိုလ်၏ စိတ်, ဉာဏ်, သညာ၌ စက်ဆုပ်ဖွယ် ဖြစ်၍ ထင်၏။ ထိုယောဂီပုဂ္ဂိုလ်၏ စိတ်, ဉာဏ်, သညာသည် ထိုကဗဠီကာရ အာဟာရ၌ စက်ဆုပ်ဖွယ်အဖြစ်ဖြင့် ကောင်းစွာ ထင်မြင်၍ တည်၏။ ထိုအခါ စိတ်, ဉာဏ် အလွန်ထက်သန် ကြီးထွား၏။ ကြည်လင်၏။ တည်ကြည်၏။ ဥပစာရဈာန်ကိုရ၏။

ထိုယောဂီပုဂ္ဂိုလ်အား –

၁။ ရသတဏှာ လွန်စွာပါး၏။

၂။ ကာမဂုဏ် ၅–ပါးစလုံး၌ တပ်နှစ်သက်သော တဏှာရာဂလည်း လွန်စွာ ပါးတော့၏။

၃။ အာဟာရကို စားသောက်မှီဝဲသောအခါ၌လည်း ကန္တာရခရီး၌

http://www.dhammadownload.com



သား၏အသားကို စားကြသော သူတို့ကဲ့သို့ နှစ်သက်သာယာခြင်း ကင်းလျက် သံသရာမှ လွန်မြောက်ခြင်းငှါသာလျှင် စားသောက်မှီဝဲလေတော့၏။

(အာဒီနဝဒဿဝီ နိဿရဏပညော ပရိဘုဉ္ဇတိ ဆိုသော အတိုင်းပင်တည်း။)

အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်း ပြီး၏။

## ၁၀။ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း ပြဆိုခန်း

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း စီးဖြန်းပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကာယဝိဝေကအလို့ငှါ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်သဖြင့်လည်းကောင်း, စိတ္တဝိဝေကအလို့ငှါ အထူးထူးသော အာရုံမှ ဖဲစေလျက် ကမ္မဋ္ဌာန်းသို့ စိတ်ကို သွင်းလျက်လည်းကောင်း ဆံဖျားမှခြေဖဝါးတိုင်အောင်, ခြေဖဝါးမှ ဆံဖျားတိုင်အောင် မဟာဘုတ်ဖြင့်ပြီးသော မိမိရူပကာယကို ဓာတ်အားဖြင့် ကောင်းစွာ ဆင်ခြင်ရမည်။

### ဆင်ခြင်ပွားများပုံ

ငါ၏ တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌ –

၁။ မြေဓာတ်လွန်သော ကိုယ်အစု၊

၂။ ရေဓာတ်လွန်သော ကိုယ်အစု၊

၃။ မီးဓာတ်လွန်သော ကိုယ်အစု၊

၄။ လေဓာတ်လွန်သော ကိုယ်အစု၊

၄–ပုံ ၄–စု ဓာတ်ကွဲအောင် ရှုရမည်။

ထို ၄–ပါးသော ကိုယ်အစုတို့တွင် မြေဓာတ်လွန်သော ကိုယ်အစု ဟူသည်ကား –

http://www.dhammadownload.com



## မြေဓာတ်လွန်သော ကိုယ်အစု

၁။ **ကေသာ** – ၂–ကုဋေ ၄–သန်းမျှသော ဆံပင်ဟူသော မြေအစု။

၂။ **လောမာ** – ၉–သောင်း ၉–ထောင်မျှသော မွေးညင်းဟူသော မြေအစု။

၃။ **နခါ** – ၂၀–အရေအတွက်ရှိသော ခြေသည်း လက်သည်းဟူသော မြေအစု။

၄။ **ဒန္တာ** – ၃၂–အရေအတွက်ရှိသော သွားဟူသော မြေအစု။

၅။ **တစော** – အရေထူ အရေပါး ၂–မျိုးပြားသော အရေဟူသော မြေအစု။

၆။ **မံသံ** – ၉–ရာမျှ အရေအတွက်ရှိသော အသားစိုင်ဟူသော မြေအစု။

၇။ **နှာရု** – ၉–ရာမျှ အရေအတွက်ရှိသော အကြောဟူသော မြေအစု။

၈။ **အဋ္ဌိ** – ၂–ရာမျှ အရေအတွက်ရှိသော အရိုးဟူသော မြေအစု။

၉။ **အဋ္ဌိမိဉ္ဇံ** – ရိုးတွင်းခြင်ဆီဟူသော မြေအစု။

၁၀။ **ဝက္ကံ** – ကျောက်ကပ်ခေါ်သော အညှိုဟူသော မြေအစု။

၁၁။ **ဟဒယံ** – နှလုံးသားဟူသော မြေအစု။

၁၂။ **ယကနံ** – အသည်းဟူသော မြေအစု။

၁၃။ **ကိလောမကံ** – အမြှေးလွှာဟူသော မြေအစု။

၁၄။ **ပိဟကံ** – သရက်ရွက်ခေါ်သော အဖျဉ်းဟူသော မြေအစု။

၁၅။ **ပပ္ဖာသံ** – အဆုတ်ဟူသော မြေအစု။

၁၆။ **အန္တံ** – အူမဟူသော မြေအစု။

၁၇။ **အန္တဂုဏံ** – အူသိမ်ဟူသော မြေအစု။

၁၈။ **ဥဒရိယံ** – အစာသစ်ဟူသော မြေအစု။

၁၉။ **ကရီသံ** – အစာဟောင်းဟူသော မြေအစု။

၂၀။ **မတ္ထလုင်္ဂံ** – ဦးနှောက်ဟူသော မြေအစု။

မြေဓာတ်လွန်သော ကိုယ်အစု ပြီး၏။

http://www.dhammadownload.com



## ရေဓာတ်လွန်သော ကိုယ်အစု

၁။ **ပိတ္တံ** – သည်းခြေဟူသော ရေအစု။

၂။ **သေမှံ** – သလိပ်ဟူသော ရေအစု။

၃။ **ပုဗ္ဗော** – ပြည်ဟူသော ရေအစု။

၄။ **လောဟိတံ** – သွေးဟူသော ရေအစု။

၅။ **သေဒေါ** – ချွေးဟူသော ရေအစု။

၆။ **မေဒေါ** – အဆီပျဉ်, အဆီခဲဟူသော ရေအစု။

၇။ **အဿု** – မျက်ရည်ဟူသော ရေအစု။

၈။ **ဝသာ** – ဆီကြည်ဟူသော ရေအစု။

၉။ **ခေဠော** – လျှာရည် တံတွေးဟူသော ရေအစု။

၁၀။ **သိင်္ဃာဏိကာ** – နှာရည်နှပ်စေးဟူသော ရေအစု။

၁၁။ **လသိကာ** – အစေးပုပ်ဟူသော ရေအစု။

၁၂။ **မုတ္တံ** – ကျင်ငယ်ဟူသော ရေအစု။

ရေဓာတ်လွန်သော ကိုယ်အစု ပြီး၏။

## မီးဓာတ်လွန်သော ကိုယ်အစု

၁။ **သန္တာပေါ** – ရက်ဆက်, ရက်ချန်ဖျားခြင်းစသော အပူလွန်သော မီးအစု။

၂။ **ဒါဟော** – ပေါက်နာ, ကျောက်နာစသော အသွေးအသားကို အကျက်လောင်သော မီးအစု။

၃။ **ပါစကော** – အစာကို ကြေကျက်စေတတ်သော မီးအစု။

၄။ **ဇီရဏာ** – ရင့်ရော် မှည့်ရွှမ်း ဟောင်းနွမ်း ဆွေးမြည့်စေတတ်သော မီးအစု။

မီးဓာတ်လွန်သော ကိုယ်အစု ပြီး၏။

http://www.dhammadownload.com



## လေဓာတ်လွှန်သော ကိုယ်အစု

၁။ **ဥဒ္ဓင်္ဂမာဝါတာ** – အထက်သို့ဆန်တက်သော လေအစု။

၂။ **အဓောဂမာဝါတာ** – အောက်သို့ စုန်ဆင်းသော လေအစု။

၃။ **ကုစ္ဆိသာယဝါတာ** – ဝမ်းခေါင်းတွင်း၌ ကိန်းသော လေအစု။

၄။ **ကောဋ္ဌာသယာဝါတာ** – အူမ, အူသိမ်အတွင်း၌ ကိန်းသော လေအစု။

၅။ **အင်္ဂမင်္ဂါနုသာရိနောဝါတာ** – ကိုယ်အင်္ဂါလှုပ်ရှားမှုတို့၌ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော လေအစု။

၆။ **အဿာသပဿာသာဝါတာ** – ထွက်သက်ဝင်သက်ဟူသော လေအစု။

လေဓာတ်လွှန်သော ကိုယ်အစု ပြီး၏။

## ၂–ကုဋ္ဌေ ၄–သန်းမျှသော ဆံပင်ဟူသော မြေအစု၌ ဓာတ် ၈–ပါး ခွဲစိတ်ကြည့်ရှုခန်း

ဆံပင်တစ်ခု၌ ပထဝီကာယ, အာပေါကာယ, တေဇောကာယ, ဝါယောကာယ ဟူ၍ ကာယကြီး ၄–ပါးရှိ၏။

၁။ ဆံပင်တစ်ခုလုံး၌ အမာခံဖြစ်သော ခက်မာမှုကိရိယာအပေါင်းသည် ပထဝီကာယ မည်၏။

၂။ ဖွဲ့စေးမှု ကိရိယာအပေါင်းသည် အာပေါကာယ မည်၏။

၃။ ပူသောအခါ၌ ပူမှုအပေါင်း, အေးသောအခါ၌ အေးမှုအပေါင်းသည် တေဇောကာယ မည်၏။

၄။ တေဇောကာယ၏ အရှိန်ဖြစ်သော ထောက်ကန်မှုအပေါင်းသည် ဝါယောကာယ မည်၏။

(ဤဆံပင်၌ ဝဏ္ဏ– အဆင်း, ဂန္ဓ– အနံ့, ရသ– အရသာ, ဩဇာ– အဆီအစေး ဟူသော ဥပါဒါရုပ် ၄–ပါး ကျန်ရှိသေး၏။)

အချုပ်အားဖြင့် ရေတွက်လျှင် –

http://www.dhammadownload.com



**ဆံပင်တစ်ခု၌** – ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဓာတ် ၈–ပါး။

**မွေးညှင်း၌** – ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဓာတ် ၈–ပါး။

**ခြေသည်းလက်သည်း၌** – ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဓာတ် ၈–ပါး။

(ကြွင်းသော ကောဋ္ဌာသတို့၌လည်း ဤနည်းအတိုင်း ဓာတ် ၈–ပါးခွဲလေ။)

## ဆံပင်၌ ဓာတ် ၈–ပါး မြန်မာလိုခွဲနည်း

ဆံပင်၌ ဓာတ် ၈–ပါးခွဲနည်းကား –

၁။ ဆံပင်ကို စမ်းသပ်လျှင် မာသည်ဟု တွေ့ရှိ၏။ ထိုမာမှုသည် ပထဝီဓာတ်တည်း။

၂။ လုံးပတ်သဏ္ဌာန် ဖြစ်နေသည်ကိုမြင်၍ ဖွဲ့စေးမှုကို သိရ၏။ ထိုဖွဲ့စေးမှုသည် အာပေါဓာတ်တည်း။

၃။ ပူသောအခါ ပူမှု, နွေးသောအခါ နွေးမှု, အေးသောအခါ အေးမှုကို တွေ့ရှိ၏။ ထိုပူမှု, နွေးမှု, အေးမှုသည် တေဇောဓာတ်တည်း။

၄။ ပူရှိန်, နွေးရှိန်, အေးရှိန်ကို တွေ့ရှိ၏။ ထိုအရှိန်စုသည် ဝါယောဓာတ်တည်း။

၅။ မျက်စိနှင့်ကြည့်ရှုလျှင် ဆံပင်၌ အဆင်းကိုမြင်၏။ ထိုအဆင်းသည် ဝဏ္ဏဓာတ်တည်း။

၆။ နှာခေါင်းနှင့်နမ်းလျှင် ဆံပင်၌ အနံ့ကို နံ၏။ ထိုအနံ့သည် ဂန္ဓဓာတ်တည်း။

၇။ လျှာနှင့်မြည်းလျှင် အရသာကို သိရ၏။ ထိုအရသာသည် ရသဓာတ်တည်း။

၈။ ဆံပင်ကိုစားသော သတ္တဝါတို့မှာ ရုပကာယကို စောင့်ရှောက်ထောက်ပံ့ခြင်း သဘောရှိသော အဆီအစေးမည်သည် ဆံပင်၌ ရှိ၏။ ထို

http://www.dhammadownload.com



အဆီအစေးသည် သြဇာခေါ်သော အာဟာရဓာတ်တည်း။
ဆံပင်၌ ဓာတ် ၈-ပါးခွဲနည်း ပြီး၏။

မွေးညင်း၌ ဓာတ် ၈-ပါး, ခြေသည်းလက်သည်း၌ ဓာတ် ၈-ပါး, သွား၌ ဓာတ် ၈-ပါး, အရေ၌ ဓာတ် ၈-ပါး, အသား၌ ဓာတ် ၈-ပါး, အရိုး၌ ဓာတ် ၈-ပါး, ခြင်ဆီ၌ ဓာတ် ၈-ပါး, အညှို့၌ ဓာတ် ၈-ပါး, နှလုံး၌ ဓာတ် ၈-ပါး, အသည်း၌ ဓာတ် ၈-ပါး, အမြှေး၌ ဓာတ် ၈-ပါး, အဖျဉ်း၌ ဓာတ် ၈-ပါး, အဆုတ်၌ ဓာတ် ၈-ပါး, အူမ၌ ဓာတ် ၈-ပါး, အူသိမ်၌ ဓာတ် ၈-ပါး, ဤသို့စသည်ဖြင့် ကျင်ငယ်၌ ဓာတ် ၈-ပါးတိုင်အောင် ခွဲခြမ်း၍ သိလေ။ မြင်လေ။ ကြွင်းသော တေဇောကာယ ၄-ပါး, ဝါယောကာယ ၆-ပါးတို့၌လည်း ဓာတ် ၈-ပါးစီ ရှိကြသည်။

ဤ ဓာတ် ၈-ပါးကား အဝိနိဗ္ဘောဂ - ရုပ်ဖြစ်၍ ခပ်သိမ်းသောရုပ်အစုတို့မှာ အရင်းခံ ဖြစ်ကြ၏။ ဤ ဓာတ် ၈-ပါးကို ခွဲခြမ်း၍ မြင်နိုင်လျှင်ပင် ဉာဏ်၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, မိန်းမ, ယောကျ်ား, ဦးခေါင်း, ခြေလက်စသည် ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အရိုး စသည် ဉာဏ်မျက်စိ၌ အကုန်ကွယ်ပျောက်လတ္တံ့၊ ဓာတ်စု ဓာတ်ခဲကြီးငယ်မျှသာ ရှိသည်ဟု ဉာဏ်မျက်စိ၌ မြင်ရလတ္တံ့။

## စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းအကျိုး

ဤစတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်

၁။ ပုဂ္ဂိုလ် သတ္တဝါ ဟူသော အမှတ်သညာကို ပယ်နိုင်ခြင်း,
၂။ ကြောက်မက်ဖွယ်သော ဘေးကြီး ဘေးငယ်ကို သည်းခံနိုင်ခြင်း,
၃။ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ တပ်မက်ရွှင်ပြုံး နှလုံးမသာယာခြင်းသို့ မရောက်ခြင်း,
၄။ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းရတိ, သမထ ဝိပဿနာ ဆိတ်ငြိမ်ရာတို့၌ မမွေ့မလျော်နိုင်ခြင်း အရတိတို့ကို နှိမ်နင်းနိုင်ခြင်း,

http://www.dhammadownload.com



၅။ ကြီးကျယ်သော ပညာရှိခြင်း,

၆။ ဤပစ္စုပ္ပန်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ရခြင်း,

၇။ တမလွန်ဘဝ၌ သုဂတိကို လားရခြင်း,

အကျိုးရင်း, အကျိုးဖျားတို့ကို ရနိုင်၏ဟု မှတ်။

စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်း ပြီး၏။

❀ ❀ ❀ ❀ ❀

## ၁၁။ အဘိညာဉ်ကို ပြဆိုခန်း

**ဆောင်ပုဒ်သံခိပ်။ ။ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗနှစ်ထွေ၊ စေတောပရိ၊ ပုဗ္ဗေနိဝါ၊ယထာကမ္မံ၊ နာဂတံသ၊ ဤသတ္တ၊ မှတ်ကြ အဘိညာ။**

နေဝသညာတိုင်အောင် သမာပတ် ၉-ပါးကို ရပြီး၍ ထို ၉-ပါးလုံး၌ အသီးအသီး ဝသီဘော်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် သမထဘာဝနာ၏ အကျိုးဆက်ဖြစ်သော အဘိညာဣဒ္ဓိကို ရလိုပြန်သည်ရှိသော် ရူပါဝစရ ပဥ္စမဈာန် စိတ်ကို ဈာနာနုလောမ အစရှိသော ၁၄-ပါးသော အခြင်းအရာတို့ဖြင့် အလွန်ထက်သန်ခြင်းသို့ ရောက်အောင် ဆုံးမရာ၏။ အလွန်ထက်သန်ခြင်းသို့ ရောက်သောအခါ ထို ရူပပဥ္စမဈာန် စိတ်သည် အဘိညာအဖြစ်သို့ ရောက်၏။

### အဘိညာ ၇-ပါး

၁။ **ဣဒ္ဓိဝိဓအဘိညာ** – ကောင်းကင်မြေမိုး ပျံလျှိုးမှု, တန်ခိုးအထွေထွေ ဖန်ဆင်းမှု။

၂။ **ဒိဗ္ဗစက္ခုအဘိညာ** – နတ်မျက်စိကဲ့သို့ အဆင်းအမျိုးမျိုးကို မြင်မှု။

၃။ **ဒိဗ္ဗသောတအဘိညာ** – နတ်နားကဲ့သို့ အသံအမျိုးမျိုးကို ကြားမှု။

၄။ **စေတောပရိယအဘိညာ** – သူတစ်ပါးတို့၏ စိတ်အကြံအစည်ကို သိမှု။

၅။ **ပုဗ္ဗေနိဝါသာနုဿတိအဘိညာ** – ရှေးရှေးသော ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တွေက ဖြစ်ဖူးသော ခန္ဓာအစဉ်ကို သိမှု။

http://www.dhammadownload.com



၆။ **ယထာကမ္မူပဂအဘိညာ** – ဘယ်နတ်, ဘယ်လူ, ဘယ်သတ္တဝါ, ဘယ်ကံကြောင့် ဤသို့ဖြစ်ရသည်ဟု ကံဟောင်းကို သိမှု။

၇။ **အနာဂတံသအဘိညာ** – နောက်နောက်ဘဝတွေ, ကမ္ဘာတွေကို သိမှု။

**ဆောင်ပုဒ်သံခိပ်။ ။ ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ တစ်ဖန်ပါဒက၊ စတုတ္ထ ကျတုံ့အဘိညာ။**

၁။ ရူပပဉ္စမဈာန်ကို ဝင်စားမှုတစ်ရပ်။

၂။ ထို့နောင် အလိုရှိရာအခွင့်ကို ဤအမှု ပြီးစီးစေသတည်းဟု မိဋ္ဌာန်သော ကာမဇောဝီထိ ကျသည်တစ်ရပ်။

၃။ ထို့နောင် အဘိညာ၏ အခြေပြုရာဌ် ရူပပဉ္စမဈာန်ကို ဝင်စားမှု တစ်ရပ်။

၄။ ထို့နောင် ဘဝင် ၂–ကြိမ်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ,အနုလုံ, ဂေါတြဘူ, အဘိညာတစ်ကြိမ်စီ၊ ထို့နောင် ဘဝင်ကျ၏။ အဘိညာ ဖြစ်သည်နှင့် တစ်ပြိုင်နက် ကောင်းကင်မြေမိုး ပျံလျှိုးခြင်း တ္တဒ္ဓိကိစ္စ ပြီးစီး၏။

## ချဲ့ဦးအံ့

ဤ သမထ ၄၀–တို့တွင် ကသိဏ်း ၁၀–ပါးတို့၌ရသော ဈာန်တို့မှသာလျှင် အဘိညာကို ဖြစ်စေနိုင်၏။ ကြွင်းသော ကမ္မဋ္ဌာန်းတို့၌ ရသောဈာန်တို့သည် အဘိညာကို မဖြစ်စေနိုင်။ ကသိဏ်းတို့ဖြင့် ရူပသမာပတ် ၄–ပါး, ၅–ပါးလုံးကို အကုန်ရလျှင်ပင် အရှင်သာရိပုတ္တရာ အလောင်းသုရုစိရသေ့ ဆရာကြီး၏ တပည့် ရသေ့ ၂၄၀၀၀ စသည်တို့ကဲ့သို့ ရှေးရှေးသော နီးသော ဘဝတို့က အဘိညာကို လေ့လာနိုင်နင်းခဲ့ဖူးသော ဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့မှာ အဘိညာကို ဖြစ်စေနိုင်၏။ ရှေးက မလေ့လာဖူးသော ဉာဏ်နုံ့သောသူမှာကား ဈာန်သမာပတ် ၈–ပါး, ၉–ပါး လုံးကိုပင်ရမှ အဘိညာကို ဖြစ်စေနိုင်သည်။

ကသိဏ်း ၁၀–ပါးတို့ဖြင့် သမာပတ် ၈–ပါး, ၉–ပါးကို ရသော ယောဂီ

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု ဟူသော အဘိညာ ၅-ပါးတို့ကိုလည်း ရအောင်ပြုရာ၏။ ဖြစ်စေရာ၏။ ထိုအဘိညာတို့ကို ရလိုဖြစ်စေလိုသော ယောဂီပုဂ္ဂိုလ်သည် တောခုတ်ခါနီး ဓားကို ထက်သည်ထက် ထက်အောင် သွေးဘိသကဲ့သို့ ဝေးစွာသောအရပ်၌ ဝတ္ထုကို ကြည့်ရှုခါနီး မှန်ပြောင်းကို ကြည်သည်ထက် ကြည်အောင် ပွတ်တိုက်ဘိသကဲ့သို့ ဈာန်စိတ်ကို ဉာဏ်ကို ထက်သည်ထက်ထက်အောင် ကြည်သည်ထက်ကြည်အောင် ဤသို့ သွေးရာ၏။ ပွတ်တိုက်ရာ၏။ ဈာန်ကစားရာ၏။

## ဈာန်ကစားပုံ

၁။ စတုက္ကနည်းမှာ သမာပတ် ၈-ပါး, ပဉ္စကနည်းမှာ သမာပတ် ၉-ပါး, ထို ၈-ပါး, ၉-ပါးသော သမာပတ်တို့ကို ပဌမဈာန်မှသည် နေဝသညာနာသညာ ယတနဈာန် ကျအောင် အစဉ်အတိုင်း အနုလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၂။ တစ်ဖန် နေဝသညာနာသညာယတနဈာန်မှသည် ပဌမဈာန်ကျအောင် နောက်ပြန်အစဉ် ပဋိလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၃။ တစ်ဖန် အသွားအပြန် အနုလုံ, ပဋိလုံအားဖြင့်လည်း အကြိမ်များစွာ ဝင်စားရာ၏။

ကသိုဏ်း ၁၀-ပါးလုံးကိုလည်း ထိုနည်းတူ -

၁။ ပထဝီကသိုဏ်းမှသည် အာကာသကသိုဏ်းကျအောင် အစဉ်အတိုင်း အနုလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၂။ အာကာသကသိုဏ်းမှသည် ပထဝီကသိုဏ်းကျအောင် နောက်ပြန် အစဉ်အတိုင်း ပဋိလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၃။ တစ်ဖန် အသွားအပြန် အနုလုံ ပဋိလုံအားဖြင့်လည်း အကြိမ်များစွာ ဝင်စားရာ၏။

၄။ ထိုသို့ ဈာန်ကသိုဏ်းတို့ကို အနုလုံအားဖြင့်လည်းကောင်း, ပဋိလုံ အားဖြင့် လည်းကောင်း ဝင်စားရာတို့၌ ဈာန်ကိုချည်းလည်း တစ်ခုကျော် တစ်ခု

http://www.dhammadownload.com



ကျော် ဝင်စားရာ၏။

၅။ ကသိုဏ်းကိုချည်းလည်း တစ်ခုကျော် တစ်ခုကျော် ဝင်စားရာ၏။

ဈာန်ကသိုဏ်း ၂-ပါးစုံရောလျက်လည်း တစ်ခုကျော် တစ်ခုကျော် ဝင်စားပုံကား -

၁။ ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စား၍ ထပြီးလျှင် ဒုတိယဈာန် အာပေါကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ တေဇောကသိုဏ်း၌ တတိယဈာန်ကို ဝင်စားအပ်၏။

၂။ ထို့နောင် စတုတ္ထဈာန် ဝါယောကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ နီလကသိုဏ်း၌ ပဉ္စမဈာန်ကို ဝင်စားအပ်၏။

၃။ ထို့နောင် အာကာသာနဉ္စာယတန ဈာန်ကို ချန်ထားခဲ့၍ ကျော်၍ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားအပ်၏။

၄။ ထို့နောင် အာကိဉ္စညာကို ချန်ထားခဲ့၍ ကျော်၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားအပ်၏။

၅။ ထို့နောင် ထိုဈာန်မှထ၍ နောက်သို့ ပဋိလုံ ပြန်ဆင်းသောအခါ အာကိဉ္စညာယတနဈာန်ကို ဝင်စားအပ်၏။

၆။ ထို့နောင် ဝိညာဏဉ္စာယတနဈာန်ကို ချန်ထားခဲ့၍ ကျော်၍ ပီတကသိုဏ်းကို ခွာ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားအပ်၏။

၇။ ထို့နောင် ပဉ္စမဈာန် နီလကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ ဝါယောကသိုဏ်း၌ စတုတ္ထဈာန်ကို ဝင်စားအပ်၏။

၈။ ထို့နောင် တတိယဈာန် တေဇော ကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ အာပေါကသိုဏ်း၌ ဒုတိယဈာန်ကို ဝင်စားအပ်၏။

၉။ ထို့နောင် ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စား၍ ရှေးနည်းတူ အထက်သို့တက်၍ ဝင်စားအပ်၏။

၁၀။ ဤကဲ့သို့ပြု၍ အောက်ကသိုဏ်း ၆-ခုလမ်း ကျေပွန်နိုင်နင်းသောအခါ အထက်ကသိုဏ်း ၆-ခုလမ်းလည်း ကျေပွန် နိုင်နင်းအောင် နီလကသိုဏ်း

http://www.dhammadownload.com



မှစ၍ အထက်ကသိုဏ်းတို့၌ ရှေးနည်းတူ ဝင်စားအပ်၏။ ပြုအပ်၏။

နီလ, ပီတ ၂-ပါးတို့ကား အထက်အောက် ၂-ပါး၌ပင် ကသိုဏ်း ၆-ခု စေ့အောင် အရေအတွက် ပါရမည်။ အကြင်အမှတ်မရှိ တစ်ခုခုသော ကသိုဏ်းကို ချန်လှပ်ထား၍ မကျေပွန် မနိုင်နင်းခဲ့လျှင် ထိုကသိုဏ်းဖြင့် ခိပ္ပနိသန္တိ ဖြစ်အောင် ပြုအပ်သော ဆရာတို့၌ ခိပ္ပနိသန္တိ မဖြစ်နိုင်ပဲ နေတတ်သည်။

**ခိပ္ပနိသန္တိ ဟူသည်ကား** – တန်ခိုး ဖန်ဆင်းသောအခါ အလျင်အမြန် ဖြစ်စေ ပြီးစီးစေနိုင်မှုကို ဆိုသည်။ ထို့ကြောင့် ကသိုဏ်း ၁၀-ပါးလုံးကိုပင် ကျေပွန်အောင် နိုင်နင်းအောင် စေ့အောင်ပြုအပ်၏။ မကျန်စေအပ်။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားလိုသောအခါ အာကာသကသိုဏ်းနှင့် ကြိမ်၍နေလျှင် ကြွင်းသော အမှတ်မရှိ တစ်ခုခုသော ကသိုဏ်းကိုခွာ၍ ဝင်စားအပ်၏။ အထက် အရူပဈာန် ၃-ခုတို့သို့ကား ကသိုဏ်းနှင့်မဆိုင်၊ ကသိုဏ်း မလိုက်စေအပ်၊ ဈာန်တိုင်းဈာန်တိုင်းကိုပင်လျှင် ဝင်စား၍ထပြီးလျှင် ဈာန်အင်္ဂါတို့ကိုလည်း ဆင်ခြင်၍ ဆင်ခြင်၍ပြီးမှ နောက်နောက်ဈာန်ကို ဝင်စားအပ်၏။ ဝင်စားရမည်။ ဤကဲ့သို့ပြုမှ ဝသီဘော် ၅-ပါးလုံး နိုင်နင်းသည်။

(ဤပြဆိုခဲ့ပြီးသော ဈာန်ဝင်စားပုံ၊ ကစားပုံကား နည်းပြမျှသာတည်း။ အစအဆုံးက မဟုတ်ပဲ အလယ်ကပဲ ဖောက်၍ ဝင်စား ဝင်စား၊ ၂-ခု ကျော် ၃-ခုကျော်ကပဲ ဝင်စား ဝင်စား မိမိအလိုရှိသလို ဝင်စားအပ်၏။ ကစားအပ်၏။ ဈာန်ကသိုဏ်းတို့၌ လေ့လာနိုင်နင်းမှုသည်သာ လိုရင်းတည်း။)

ဈာန်ကစားပုံ ပြီး၏။

## ဈာန်တန်ခိုးကြီးကျယ်ပုံ

ပြဆိုခဲ့ပြီးသောအတိုင်း ၁၈-ပါးသော အခြင်းအရာတို့ဖြင့် ဈာန်ကစားခြင်းကို ပြုသည်ရှိသော် ဈာန်စိတ်သည်, ဉာဏ်သည် အလွန်ထက်သန် ကြီးထွား၏။ အားကောင်း၏။ မြဲမြံခိုင်ခံ့၏။ လွန်စွာ ဝသီဘော်နိုင်၏။ လွန်စွာ တည်ကြည်၏။ ကြည်လင်၏။ ထိုအခါ –

http://www.dhammadownload.com



**ဇဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ။ လ ။ ဋ္ဌိတေ အာနဉ္စပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနိဟာရတိ အဘိနိန္နာမေတိ၊ သော အနေက ဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ၊ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ။**

စသည်ဖြင့် ဟောတော်မူသောအတိုင်း တစ်ယောက်တည်းကိုလျက် တစ်ရာ၊ တစ်ထောင် ဖန်ဆင်းနိုင်ခြင်း၊ မြေကိုလျှိုးခြင်း၊ မိုးကိုပျံခြင်း စသည်ဖြင့် တန်ခိုး အမျိုးမျိုးကို ဖြစ်စေနိုင်တော့၏။ စေတောဝသီပတ္တ စိတ်အလိုအတိုင်း ပြီးစီးစေနေခြင်းသို့ ရောက်တော့၏။

ထိုစေတောဝသီပတ္တ စိတ်အလိုအတိုင်း ပြီးစီးစေနိုင်ခြင်းသို့ ရောက်သော ဣဒ္ဓိမာ ပုဂ္ဂိုလ်သည် မိမိကိုယ်ကို တစ်ရာ၊ တစ်ထောင် စသည်ဖြင့် ဖန်ဆင်းလိုလျှင်

အကယ်၍ တစ်ရာဖန်ဆင်းလိုအံ့၊ ဝိဇ္ဇာဓိုရ်များ ဆေးနှိုးဘိသကဲ့သို့ တန်ခိုးနှိုး သောအားဖြင့် ရှေးဦးစွာ ပထဝီ ကသိုဏ်း၌ တန်ခိုးနှိုး ပဉ္စမဈာန်ကို တစ်ခဏမျှ ဝင်စား၍ နှိုး၍ ထပြီးလျှင် ငါတစ်ရာ ဖန်ဆင်းမည်။ ဖြစ်မည်ဟု ရည်မှန်းဆင်ခြင် ခြင်း ပရိကံကိုပြု၍ အဘိညာပါဒက ပဉ္စမဈာန်ကို တစ်ဖန် တစ်ခဏမျှ ဝင်စား၍ ထပြီးလျှင် **"သတံ ဟောမိ – ငါတစ်ရာဖြစ်စေ"** ဟု အဓိဋ္ဌာန် ပြုလိုက်အပ်၏။ စေလိုက်အပ်၏။ ထိုအဓိဋ္ဌာန် အဘိညာဇော ကျသည်နှင့် တစ်ပြိုင်နက် **"တစ်ရာ"** ဖြစ်၍သွား၏။

## အဘိညာဇောဝီထိကျပုံ

**ဤအဓိဋ္ဌာန် အဘိညာဇော ဝီထိကျပုံမှာ** – တစ်ဆောင်ဟူသော နိမိတ္တ ရုပ်ပွားကို အာရုံပြု၍ အာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟု ကာမစိတ်ဖြစ်၍ ဂေါတြဘူ အခြားမဲ့၌ ရူပပဉ္စမဈာန်က အဘိညာဇော တစ်ကြိမ် ဖြစ်၍ ထို့နောင် ဘဝင်ကျ၍ သွား၏။

နောက် အဘိညာ ဝီထိတို့မှာလည်း ထိုနည်းတူချည်း မှတ်ကြလေ၊ အကယ်၍ တစ်ထောင် မဖြစ်လာသေးမူ ဤနည်းတူ နှစ်ကြိမ် သုံးကြိမ် စသည် ဖြင့် ပြုအပ်၏။ ဖြစ်ပေါ်လာ၏။

အရှင်စူဠပန် စသည်တို့ကဲ့သို့ တစ်ထောင်လည်းကောင်း, ထိုထက်အလွန်

http://www.dhammadownload.com



လည်းကောင်း, သဘောတူ လည်းကောင်း, သဘောပြားလည်းကောင်း ဖန်ဆင်းလိုမှု –

၁။ ဤမျှလောက် ရဟန်းစုက ပထမအရွယ် ဘယ်လို အဆင်းသဏ္ဌာန်, အဝတ်သင်္ကန်း, အလုပ်အကိုင်နှင့်နေစေ။

၂။ ဤမျှလောက် ရဟန်းစုက ဒုတိယအရွယ် ဘယ်လို အဆင်းသဏ္ဌာန်, အဝတ်သင်္ကန်း, အလုပ်အကိုင်နှင့်နေစေ။

၃။ မိမိအလိုရှိသလို ရည်မှန်းဆင်ခြင်ခြင်း ပရိကံပြု၍ အဓိဋ္ဌာန်အပ်၏။ ဓိဋ္ဌာန်တိုင်း၊ အလိုရှိတိုင်း ဖြစ်၏။

ထိုသို့ ဖန်ဆင်းသောအခါ ငါဘယ်လောက်ကြာအောင် ဖန်ဆင်း၍ နေမည်ဟူ၍လည်း ကာလအပိုင်းအခြားကို မှတ်ထား၍ ဖန်ဆင်းအပ်၏၊ ထိုမိမိ မှန်းထားသော ကာလစေ့လျှင် တန်ခိုးငြိမ်း၍ မိမိတစ်ယောက်တည်းပင် ဖြစ်၍သွား၏။ အကယ်၍ မှန်းထားသော အချိန်ကာလမတိုင်မီ အကြား၌ တန်ခိုးကို သိမ်းရုပ်လိုအံ့၊ ဈာန်ကိုဝင်စား၍ ထ၍ ငါတစ်ယောက်တည်းအတိုင်းပင် ဖြစ်မည်ဟု ရည်မှန်းဆင်ခြင်၍ ဈာန်ကို ဝင်စားပြီးလျှင်ထ၍ "**ဧကော ဟောမိ ငါတစ်ယောက်တည်း အတိုင်းပင်ဖြစ်စေ၊ နေစေ**"ဟု အဓိဋ္ဌာန်ပြုအပ်၏။ အဓိဋ္ဌာန် အဘိညာဇော ကျသည်နှင့်တစ်ပြိုင်နက် နိမ္မိတ ရုပ်ပွားတွေ ချုပ်ကွယ်သွား၍ မိမိတစ်ယောက်တည်း အတိုင်းပင်ဖြစ်၍ ကျန်ရှိ၍ နေတော့၏။

မည်သည့်ဟာမဆို မိမိအလိုရှိသလို ဖန်ဆင်းလို ပြုပြင်လိုလျှင် ဤနည်း အတူ ရှေးဦးစွာ တန်ခိုးနှီး ဈာန်ဝင်စား၍ ထ၍ မိမိ အလိုရှိသောအတိုင်း ရည်မှန်းဆင်ခြင်ခြင်း ပရိကံကို ပြု၍ အဘိညာ၏ အခြေခံ တစ်ဖန် ဈာန်ကို ဝင်စား၍ ထပြီးလျှင် မိမိအလိုရှိသောအတိုင်း အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ စေ–ဟု စေလိုက်အပ်၏။ ဓိဋ္ဌာန်တိုင်း, စေလိုက်တိုင်း ဖြစ်တော့၏။ ပြီးစီးတော့၏။ ပြည့်စုံတော့၏။

http://www.dhammadownload.com



## အထူးကား

၁။ ရေ၌ ငုပ်ချည်ပေါ်ချည် လုပ်ဘိသကဲ့သို့ မြေကြီး၌ ငုပ်ချည်ပေါ်ချည် ပြုလုပ်လိုလျှင် အာပေါကသိုဏ်း၌ ဝင်စား၍ 'ဤနေရာ၌ ရေဖြစ်စေ' ဟု မိဋ္ဌာန်ဖန်ဆင်း၍ ပြုအပ်၏။

၂။ နံရံကို တံတိုင်းကို၊ မြေကြီးကို ဖောက်ဝင်ငုပ်လျှိုး၍ ကောင်းကင်၌ သွားဘိသကဲ့သို့ မထိမခိုက် သွားလိုလျှင် အာကာသကသိုဏ်း၌ ဝင်စား၍ မိမိသွားလိုသော နေရာ၌ 'ဤနေရာ၌ ကောင်းကင်ဖြစ်စေ'ဟု မိဋ္ဌာန် ဖန်ဆင်း၍ ဖောက်၍ ငုပ်လျှိုး၍ သွားအပ်၏။

၃။ ငှက်ကဲ့သို့ မိုးကောင်းကင်သို့ ပျံတက်၍ ခြေဖြင့်နင်း၍ သွားလိုလျှင် ပထဝီကသိုဏ်း၌ ဝင်စား၍ မိမိသွားလိုသော မိုးကောင်းကင်၌ 'ဤနေရာ၌ မြေဖြစ်စေ'ဟု မိဋ္ဌာန် ဖန်ဆင်း၍ သွားအပ်၏။

၄။ အကယ်၍ ခြေဖြင့် နင်း၍ လှမ်း၍မသွားလိုပဲ ရုပ်သေးဇာတ်ပွဲထဲ၌ နတ်ရုပ်တွေ ထွက်လာဘိသကဲ့သို့ ငြိမ်ငြိမ်သွားလိုလျှင် ဝါယော ကသိုဏ်း၌ ဝင်စား၍ 'ငါသည် ကောင်းကင်သို့ လွင့်တက်စေ'ဟု မိဋ္ဌာန်ခြင်းကိုပြု၍ သွားအပ်၏။

၅။ ထိုသို့ သွားရာတို့၌ ပကတိသွားဘိသကဲ့သို့ ဖြည်းဖြည်း သွားလိုလျှင် 'ငါ၏စိတ်သည် ကိုယ်ကဲ့သို့ ဖြည်းဖြည်းလေးလေး'ဖြစ်စေဟု စိတ်ကို ရုပ်၌ ထည့်သွင်းခြင်း၊ ညွတ်စေခြင်းကိုလည်း ပြုအပ်၏။

၆။ ရောဟိတရှင်ရသေ့ ပြေးသွားပုံကဲ့သို့ အလိုရှိရာအရပ်သို့ အလျင်အမြန် ခဏချင်း ရောက်လိုမူ ငါ၏ကိုယ်သည် စိတ်ကဲ့သို့ ပေါ့ပါးလျင်မြန် စေဟု ရုပ်ကို စိတ်၌ ထည့်သွင်းခြင်း၊ ညွတ်စေခြင်းကိုလည်း ပြုအပ်၏။

၇။ သီဟိုဠ်ကျွန်း ဓမ္မဒိန္နမထေရ်သည် အပဏ္ဏကသုတ်ကို ဟောရင်း ပရိသတ်တို့အား မြေကိုခွဲ၍ ငရဲကိုပြဘိသကဲ့သို့လည်းကောင်း၊ နတ် ပြည်တို့ကိုလည်း ပြဘိသကဲ့သို့လည်းကောင်း၊ ရှေးကသံကိစ္စရသေ့ ကြီး ဗြဟ္မဒတ်မင်းသား ငရဲတို့ကို ခွဲ၍ပြဘိသကဲ့သို့ လည်းကောင်း၊

http://www.dhammadownload.com



**"သုစိဏ္ဏဿ ဖလံ ပဿ၊ ဣဒ္ဓိမာ ဒေဝါ သမ္ဗြဟ္မကာ"** ဟု နတ်ဗြဟ္မာတို့ကိုလည်း မြင်အောင် ပြဘိသကဲ့သို့လည်းကောင်း ပြလိုလျှင် အာကာသကသိုဏ်း၌ ဝင်စား၍ 'ဤမျှသော မြေအရပ်တို့သည် ဟင်းလင်းအပြင်ကောင်းကင်ဖြစ်စေ၊ ဤဝတ္ထုတို့သည် ထင်မြင်စေ'ဟု ဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။

## (က) ဣဒ္ဓိဝိဓ အဘိညာကသိုဏ်းတို့၏အစွမ်း

ပြဆိုခဲ့ပြီးသော တန်ခိုးအမျိုးမျိုးတို့ကို ဖန်ဆင်းရာ, ပြုရာ, ဖြစ်စေရာတို့၌ ကသိုဏ်းတို့၏ အစွမ်းတို့ကိုသိ၍ မိမိအလိုရှိသလို ပြုရာ၏။ ကသိုဏ်းတို့၏ အစွမ်းတို့ကား –

## ပထဝီကသိုဏ်း၏အစွမ်း

ပထဝီကသိုဏ်း၏ အစွမ်းဖြင့် တစ်ရာ တစ်ထောင် စသည်ဖန်ဆင်းခြင်း၊ နဂါး, ဂဠုန်ယောင် စသည် ဖန်ဆင်းခြင်း၊ ကောင်းကင်၌ လည်းကောင်း၊ ရေပေါ်၌လည်းကောင်း မြေဖန်ဆင်း၍ ခြေဖြင့်နင်း၍ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့ကို ပြုခြင်း, သစ်ပင်၊ တော၊ တောင်၊ မြေ၊ အိမ်၊ ကျောင်း၊ ဗိမာန် စသော အထည်ဝတ္ထုတို့ကို ဖန်ဆင်းခြင်း, တစ်စုံတစ်ခုသော အထည်ဝတ္ထု မိုးကိုရွာစေခြင်း၊ ပေါ့သောဝတ္ထုကို လေးစေခြင်း, တစ်စုံတစ်ခုသော ဝတ္ထုကို ရွှေ့ရှား၍ မရနိုင်အောင် ခိုင်မြဲစေခြင်း စသည်တို့သည် ဖြစ်ကုန်၊ ပြီးစီးကုန်၏။

## အာပေါကသိုဏ်း၏အစွမ်း

အာပေါကသိုဏ်း၏ အစွမ်းဖြင့် မြေ၌ငုပ်မှု ပေါ်မှုကိုပြုခြင်း, မိုးရွာစေခြင်း, မြစ်, သမုဒ္ဒရာ စသည်ဖန်ဆင်းခြင်း, ပကတိရေကို ဆီ, ပျားရည်, နို့ရည်စသည် ဖန်ဆင်းခြင်း, ကိုယ်မှ ရေစိုင်ထွက်စေခြင်း, မြေ၊ တောင်၊ ပြာသာဒ် စသည်ကို လှုပ်စေခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။ မြေ၊ တောင်၊ ပြာသာဒ် စသည်ကို လှုပ်စေသောအခါ အာပေါကသိုဏ်း၌ ဝင်စား၍ ထိုအာပေါကသိုဏ်းဖြင့်

http://www.dhammadownload.com



လှုပ်စေလိုသော ဝတ္ထုကို ပေါလောပေါ်၍နေသော နွားချေးချပ်ကဲ့သို့ နေအောင် ပြု၍ လှုပ်စေသည်။

ရှေးက မဟာနာဂမထေရ်၏ တူရင်းဖြစ်သော သံဃရက္ခိတသာမဏေ ကလေးသည် သာမဏေပြုသောနေ့ ဆံချစဉ်၌ပင် ရဟန္တာဖြစ်၍ တန်ခိုးပါ ပြည့်စုံ၍ ထိုနေ့၌ပင် သိကြားမင်း၏ ယူဇနာတစ်ထောင်မြင့်စွာ ကြီးမားသော ဝေဇယန္တာ ပြာသာဒ်ကို လှုပ်စေလိုသောအခါ ပထဝီကသိုဏ်း၌ ဝင်စားပြီးလှုပ်၍ မလှုပ်သဖြင့် နတ်သမီးတွေ ဝိုင်းပြီးသရော်လှောင်ပြောင်ကြ၍ ပြန်ပြေးလာပြီးလျှင် ဆရာကို မေးလျှောက်၍ ထိုကဲ့သို့ အာပေါကသိုဏ်း၌ ဝင်စား၍လှုပ်မှ ပြာသာဒ်ကြီး လဲလု မတတ် လှုပ်လေသည်။ နတ်သမီးတွေဝိုင်း၍ တောင်းပန်ရသည်။

## တေဇောကသိုဏ်း၏အစွမ်း

တေဇောကသိုဏ်း၏ အစွမ်းဖြင့် မိမိကိုယ်မှလည်းကောင်း, တစ်ပါးသော ဝတ္ထုမှလည်းကောင်း အခိုးထွက်စေခြင်း, မီးလျှံထထွက်စေခြင်း, မီးကျီးမိုး ရွာစေခြင်း, မိမိတန်ခိုးမီးဖြင့် သူတစ်ပါး တန်ခိုးမီးကို ကုန်စေနိုင်ခြင်း, လောင်စေလို သော ဝတ္ထုကို လောင်စေနိုင်ခြင်း, ဒိဗ္ဗစက္ခု ရှုရာ၌ အလင်းကိုပြုခြင်း, ပရိနိဗ္ဗာန် စံသောအခါ မိမိကိုယ်ကို တေဇောဓာတ်လောင်စေခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

## ဝါယောကသိုဏ်း၏အစွမ်း

ဝါယောကသိုဏ်း၏ အစွမ်းဖြင့် လေကဲ့သို့ လွင့်ပြေးစေခြင်း၊ လေးသော ဝတ္ထုကို ပေါ့စေခြင်း၊ လေမုန်တိုင်း ထစေခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီး ကုန်၏။

## နီလကသိုဏ်း၏အစွမ်း

နီလကသိုဏ်း၏ အစွမ်းဖြင့် ညိုသောအဆင်း ဝတ္ထုဖန်ဆင်းခြင်း၊ ပတ္တမြား ညို ဖန်ဆင်းခြင်း၊ မှောင်ချခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

http://www.dhammadownload.com



## ပီတကသိုဏ်း၏အစွမ်း

ပီတကသိုဏ်း၏အစွမ်းဖြင့် ဝါရွှေသောအဆင်းဝတ္ထု ဖန်ဆင်းခြင်း၊ ရွှေအစရှိသော ဝတ္ထုဖန်ဆင်းခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

## လောဟိတကသိုဏ်း၏အစွမ်း

လောဟိတကသိုဏ်း၏အစွမ်းဖြင့် နီသောအဆင်းဝတ္ထုဖန်ဆင်းခြင်း၊ ပတ္တမြားနီ ဖန်ဆင်းခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

## ဩဒါတကသိုဏ်း၏အစွမ်း

ဩဒါတကသိုဏ်း၏ အစွမ်းဖြင့် ဖြူသောအဆင်းဝတ္ထုကို ဖန်ဆင်းခြင်း၊ ငွေ အစရှိသော ဝတ္ထုဖန်ဆင်းခြင်း၊ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း၊ ဒိဗ္ဗစက္ခုရှုရာ၌ အလင်းကိုပြုခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

## အာလောကကသိုဏ်း၏အစွမ်း

အာလောကကသိုဏ်း၏အစွမ်းဖြင့် မိမိကိုယ်မှလည်းကောင်း, တစ်ပါးသော ဝတ္ထုမှလည်းကောင်း, အရောင်ထွက်စေခြင်း၊ အရောင်တောက်ပသော ရုပ်ကို ဖန်ဆင်းခြင်း၊ အရောင်အလင်းကိုဖြစ်စေခြင်း၊ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း၊ ဒိဗ္ဗစက္ခုရှုရာ၌ အလင်းကိုပြုခြင်း စသည်တို့သည် ဖြစ်ကုန်ပြီးစီးကုန်၏။

## အာကာသကသိုဏ်း၏အစွမ်း

အာကာသကသိုဏ်း၏ အစွမ်းဖြင့် ဖုံးကွယ်၍နေသော ဝတ္ထုကို ထင်ရှားမြင်ရအောင် ပေါ်အောင်ပြုခြင်း၊ မြေကြီးအတွင်း, တောင်အတွင်း၌ ကောင်းကင်ဖန်ဆင်း၍ ဣရိယာပုထ် ၄-ပါးပြုနိုင်ခြင်း၊ တံတိုင်းနံရံ တစ်ဖက်သို့ မထိမငြိ ဖောက်ထွင်း၍ သွားနိုင်ခြင်း စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

http://www.dhammadownload.com



## ကသိုဏ်း ၁၀–ပါးလုံး၏အစွမ်း

ကသိုဏ်း ၁၀–ပါးလုံး၏အစွမ်းဖြင့် မမြင်စေလိုသော အထည်ဝတ္ထုကို မမြင်ရအောင် ကွယ်ထားခြင်း၊ ငယ်သောဝတ္ထုကို ကြီးစေခြင်း၊ ကြီးသော ဝတ္ထုကို ငယ်စေခြင်း၊ နီးသောဝတ္ထုကို ဝေးစေခြင်း၊ ဝေးသောဝတ္ထုကို နီးစေခြင်း၊ သူတစ်ပါးတို့အား မေ့စေလိုသောအကြောင်းကို အမှတ်မရပဲ သတိမေ့အောင်ပြုခြင်း စသည်တို့ကိုကား ကသိုဏ်း ၁၀–ပါးလုံး၏ အစွမ်းသည်ပင်လျှင် ဖြစ်စေ, ပြီးစီးစေနိုင်၏။

## (ခ) ဒိဗ္ဗသောတ အဘိညာ

ပြဆိုခဲ့ပြီးသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် နတ်နားကဲ့သို့ သန်း, ကမျဉ်းနီတို့၏ မြည်တွန်သံ အစရှိသော အလွန်သိမ်မွေ့သောအသံ, ဝေးစွာသော အရပ်၌ရှိသော အသံတို့ကို ကြားလိုသောအခါ အကယ်၍ နတ်ပြည်က ပြောဆိုသံကို ကြားလိုအံ့၊ ပေ့ါပါးသော ကသိုဏ်းတို့ကို ထိုမိမိကြားလိုသော အသံရှိရာအရပ်တို့ဖြန့်၍ တန်ခိုးဈာန်ကို ဝင်စား၍ ထ၍ ပကတိလူစားပြောသံများကို နားက ကြားရဘိသကဲ့သို့ ဤနတ်တို့အသံကို ငါကြားအံ့ဟု ရည်မှန်းဆင်ခြင်း ပရိကံကိုပြု၍ တစ်ဖန် အဘိညာပါဒကဈာန်ကို ဝင်စား၍ထပြီးလျှင် ဤနတ်တို့၏အသံကို ငါကြားစေသတည်းဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ အဓိဋ္ဌာန်အဘိညာဇော ကျသည်နှင့် တစ်ပြိုင်နက် ကြားရ၏။ အကယ်၍ မကြားရသေးလျှင် ဤနည်းအတူ အဖန်ဖန် အဓိဋ္ဌာန်အပ်၏။ ကြားရ၏။ ကြမ်းပိုး, သန်း, ကမျဉ်းနီ မြည်တွန်သံစသည်ဖြင့် ဘယ်အသံကိုမဆို မိမိကြားလိုသောအခါ ဤနည်းတူချည်း ပြုအပ်၏။ ထိုသို့ အသံကို ကြားရာတို့၌ မိမိနားမလည်သော ဘာသာကွဲစကားသံကို ကြားရလျှင် အသံကိုသာ ကြားရ၏။ ဘာကိုဘယ်လိုဟာကို ပြောသည်။ ဆိုသည်ကား မသိ။ ထိုအခါ ပရစိတ္တဝိဇာနနဉာဏ်ဖြင့် ထိုစကားပြောသူ၏ စိတ်အလိုကို သိအောင် လုပ်၍ စကားသံ၏ အဓိပ္ပာယ်ကိုလည်း သိအပ်, နားလည်အပ်၏။

ဤကဲ့သို့ ပကတိနားဖြင့် မကြားကောင်းသော အသံတို့ကို ကြားနိုင်သော ဉာဏ်ကို နတ်နားကဲ့သို့ ကြားတတ်သဖြင့် နတ်နားနှင့်တူခြင်းကြောင့် ဒိဗ္ဗသောတ အဘိညာဟု ခေါ်သည်။

ဒိဗ္ဗသောတ အဘိညာ ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## (ဂ) ပရစိတ္တဝိဇာနန အဘိညာ

ထိုဣဒ္ဓိမာပုဂ္ဂိုလ်သည် သူတစ်ပါး၏ စိတ်အကြံအစည်ကို သိလိုသော အခါ တန်ခိုးဖြင့် မနိုင်နင်းသေးသော အာဒိကမ္မိကပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုအဘိညာ ဖြင့် သူတစ်ပါး၏ နှလုံးသွေးကို ရှေးဦးစွာ ကြည့်၍ နှလုံးသွေးနီလျှင် ရာဂစိတ် မည်းလျှင် ဒေါသစိတ်၊ ဝါလျှင် သဒ္ဓါစိတ်၊ ဖြူလျှင် ပညာစိတ် စသည်ဖြင့် နှလုံးသွေးကို မြင်သဖြင့် စိတ်ကိုလည်း ဘယ်လိုစိတ်ဟု သာမညအနုမာနအားဖြင့် သိ၍ "ဤသူ၏ စိတ်အကြံအစည်ကို ငါသိအံ့"ဟု ရည်မှန်းဆင်ခြင်ခြင်း ပရိကံကို ပြု၍ အဘိညာပါဒကဈာန်ကို ဝင်စား၍ထပြီးလျှင် "ဤသူ၏ စိတ်အကြံအစည် ကို ငါသိစေသတည်း"ဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ စိတ်အကြံအစည်ကို သိသော အဓိဋ္ဌာန် အဘိညာဇော ကျလာ၏။ သိ၏။

အကယ်၍ ပထမတစ်ကြိမ်ဖြင့် မသိသေးငြားအံ့၊ ဤနည်းအတူ အဖန်ဖန် ပြုအပ်၏။ သိအပ်၏။ ဤကဲ့သို့ သိနိုင်ဖန်များ၍ နိုင်နင်းသောအခါကျ၍လျှင် နှလုံးသွေးကို ကြည့်နေဖွယ်မရှိ၊ တစ်ခါတည်း စိတ်ကိုပင်ကြည့်၍ သိနိုင်တော့ ၏။ နှလုံးသွေးမရှိသော အရူပဘုံ စိတ်တို့ကိုလည်း သိနိုင်တော့၏။ ၎င်းကို စေတောပရိယအဘိညာ ဟူ၍လည်း ခေါ်၏။

ပရစိတ္တဝိဇာနနအဘိညာ ပြီး၏။

## (ဃ) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာ

ထိုဣဒ္ဓိမာ ပုဂ္ဂိုလ်သည် မိမိရှေးက ဖြစ်ခဲ့ဖူးသော ဘဝအစဉ်ကို သိလို၊ အောက်မေ့လို အမှတ်ရလိုသောအခါ တေဇော, ဩဒါတ, အာလောက-ဟု အလင်းကသိုဏ်း ၃-ခုတို့တွင် တစ်ခုခု၌ တန်ခိုးနှီး ဈာန်ကို ဝင်စား၍, ထ၍ ယခုအခါမှစ၍ မိမိ နို့စို့အခါ, မိမိ မွေးဖွားလာသောအခါကျအောင် နောက်ပြန် အစဉ်အတိုင်း မိမိနေဖူး, ပြုဖူး, ဆိုဖူးသမျှ အလုံးစုံကို ပရိကံစိတ်ဖြင့်ပင်လျှင် ဆင်ခြင်အောက်မေ့၍, အမှတ်ရ၍ သွားအပ်၏။ နို့စို့အရွယ်ကျအောင် ပရိကံစိတ် မှာ ထင်ရှားအမှတ်ရနိုင်၏။

ထို့နောင် အရင်းသို့ကျအောင် တိုး၍တိုး၍ ဆင်ခြင်အောက်မေ့အပ်၏။

http://www.dhammadownload.com



ထို့နောင် မသိနိုင်သော အရာသို့ကျလျှင် ဤမွေးခါစအခါ, ပဋိသန္ဓေနေဆဲ အခါတို့ကို ငါသိအံ့ဟု ရည်မှန်းဆင်ခြင်ခြင်း ပရိကံကို ပြု၍ အဘိညာပါဒကစျာန် ကို ဝင်စား၍ ထပြီးလျှင် "ဤမွေးခါစအခါ, ပဋိသန္ဓေနေသောအခါတိုင်အောင် ငါလာခဲ့သော အစဉ်ကိုသိစေ, အမှတ်ရစေသတည်း"ဟု အဓိဋ္ဌာန်ကို ပြုအပ်၏။ သိနိုင်သော အဓိဋ္ဌာန် အဘိညာဇော ကျလာ၏။ သိ၏။

ထို့နောင် ငါသည် ဘယ်ဘဝ ဘယ်အဖြစ်က လာခဲ့လေသနည်း။ "ငါလာခဲ့သော ရှေးဘဝကို သိစေ အမှတ်ရစေသတည်း"ဟု ပရိကံပြုပြီးလျှင် စျာန်ကို ဝင်စား၍ ထ၍ အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ ထိုအခါ ပဋိသန္ဓေမှ အရင်းသို့တိုးလျက် ရှေးဘဝကို သိမြင် အမှတ်ရနိုင်သော အဓိဋ္ဌာန် အဘိညာဇော ကျလာ၏။ အကယ်၍ မသိနိုင်, အမှတ်မရနိုင်သေးလျှင် စျာန်ဝင်စား၍ ဝင်စား၍ အဖန်ဖန် အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ သိမြင် အမှတ်ရနိုင်တော့၏။ ဤယခု ဘဝ၌ မိမိ၏ အဖြစ်အပျက် အကြောင်းခြင်းရာ အလုံးစုံကို အကုန်သိနိုင်ဘိသကဲ့သို့ ရှေးဘဝ၌ မိမိ၏ အဖြစ်အပျက် အကြောင်းခြင်းရာ အလုံးစုံကို အကုန်သိနိုင်, အမှတ်ရနိုင်တော့၏။

(ဤနည်းတူ ရှေးရှေးဘဝတို့ကိုလည်း သိအောင်, အမှတ်ရအောင် နောက် ပြန်အောက်မေ့၍ သိအောင်ပြု၍ သွားရာ၏။)

ထိုသို့ သွားသောအခါ မိမိတို့စိတ်ဉာဏ် ထက်သန်သလောက် ဘဝများစွာ, ကမ္ဘာများစွာ အောက်မေ့အမှတ်ရနိုင်ကြ, သိနိုင်ကြ၏။ သာသနာပရသေ့ ရဟန်း တို့ အောက်မေ့ကြသောအခါ ဉာဏ်အကြီးဆုံးပုဂ္ဂိုလ်သည် ကမ္ဘာကြီး ၄၀–ကုန် အောင် အမှတ်ရနိုင်, သိနိုင်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့ကား မိမိတို့ ဆုတောင်းပါရမီ ဖြည့်ခဲ့ရသမျှ ကာလကုန်အောင် အမှတ်ရနိုင်, သိနိုင်ကြ၏။ သဗ္ဗညု ဘုရားရှင် တို့မူကား ကမ္ဘာသင်္ချေ အောက်မေ့ အမှတ်ရနိုင်, သိနိုင်ကြ၏။ စိတ်ဉာဏ် ထက်သန် ကြီးထွားသော ပုဂ္ဂိုလ်တို့သည် မိမိ၏ ဘဝအစဉ်ကို သာမဟုတ်၊ သူတစ်ပါး၏ ဘဝအစဉ်ကိုလည်း အောက်မေ့ အမှတ်ရနိုင်, သိနိုင်ကြ၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာ ပြီး၏။

http://www.dhammadownload.com



## (င) ဒိဗ္ဗစက္ခုအဘိညာ

ထို ဣဒ္ဓိမာပုဂ္ဂိုလ်သည် နတ်မျက်စိကဲ့သို့ ကွယ်ခြားရာ, ဝေးရာအရပ်တို့၌ ရှိသော အဆင်းဝတ္ထုတို့ကို မြင်လိုသောအခါ အကယ်၍ နတ်ပြည်ကို မြင်လိုအံ့၊ အလင်းကသိုဏ်း ၃-ခုတို့တွင် တစ်ခုခုကို ထိုမိမိ မြင်လိုသော အရပ်သို့ ဖြန့်ခင်း၍, နှီးရှာန်ကို ဝင်စား၍, ထ၍ ပကတိမျက်စိဖြင့် ဤအနီးရှိ အဆင်းဝတ္ထုတို့ကို မြင်ရဘိသကဲ့သို့ ဤနတ်ပြည်ကို ငါမြင်အံ့ဟု ရည်မှန်းဆင်ခြင်ခြင်း ပရိကံကို ပြုပြီးလျှင် အဘိညာပါဒက ရှာန်ကို ဝင်စား၍ ထပြီးလျှင် ဤနတ်ပြည်ကို ငါမြင်စေသတည်းဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ မြင်နိုင်သော အဓိဋ္ဌာန်အဘိညာဇော ကျလာ၏။ မြင်ရ၏။ အကယ်၍ ပထမအကြိမ်ဖြင့် မမြင်ရသေးလျှင် ပါဒကရှာန်ကို ဝင်စား၍ ဝင်စား၍ အဖန်ဖန် အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ မြင်ရတော့၏။ ငရဲကို မြင်လိုလျှင်လည်း ဤနည်းတူ ကြည့်ရှုအပ်၏။ မြင်ရ၏။ မည်သည့် ဝတ္ထုကိုမဆို မြင်လိုလျှင် ဤနည်းတူ ကြည့်ရှုရာ၏။ မြင်ရ၏။

၁။ ထိုသတ္တဝါတို့ကို ကြည့်ရှု၍ မြင်၍ ဤသတ္တဝါတို့သည် ဘယ်လို ကံကိုပြု၍ ဤကဲ့သို့ စည်းစိမ်ချမ်းသာကို ရပါလိမ့်မည်နည်း။ ဒုက္ခကို ခံရပါလိမ့်မည်နည်းဟု ကံကို ဆင်ခြင်ကြည့်ရှုလျှင် ကံကိုလည်း သိမြင်နိုင်တော့၏။ ထိုကံကို သိမြင်နိုင်သည့်ဉာဏ်ကို ယထာကမ္မုပဂအဘိညာဟု ခေါ်၏။

၂။ ထိုသတ္တဝါတို့ကို နောင်ဖြစ်လတ္တံ့သည်ကိုလည်း ဆင်ခြင်ကြည့်ရှုလျှင် သိမြင်နိုင်၏။ ထိုသို့ သိမြင်နိုင်သောဉာဏ်ကို အနာဂတံသအဘိညာဟု ခေါ်၏။ ဤအဘိညာ ၂-ပါးတို့ကိုလည်း ဒိဗ္ဗစက္ခုအဘိညာသို့ သွင်း၍ လောကီအဘိညာ ၅-ပါးဟု မိန့်ဆိုကြကုန်၏။

ဒိဗ္ဗစက္ခုအဘိညာ ပြီး၏။

## အဘိညာဉ်၌မှတ်ဖွယ်

ဤအဘိညာ ၅-ပါးထဲသို့ အရဟတ္တဖိုလ်ကိုထည့်၍ အဘိညာ ၆-ပါး ဖြစ်၏။ ဤအဘိညာ ၆-ပါးတို့တွင် ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, အရဟတ္တဖိုလ်ဟူသော အာသဝက္ခယ၊ ဤ ၃-ပါးကို ဝိဇ္ဇာ ၃-ပါးဟု ခေါ်၏။ အဘိညာ

http://www.dhammadownload.com



၆-ပါးထဲကို ဝိပဿနာဉာဏ်, မနောမယိဒ္ဓိတန်ခိုး၊ ဤ ၃-ပါးကို ဝိဇ္ဇာ ၈-ပါးဟု ခေါ်၏။

**မနောမယိဒ္ဓိတန်ခိုး ဟူသည်ကား** - မိမိကိုယ်ထဲကို ကောင်းကင်ဟု ဆင်ခြင်ဖန်ဆင်း၍ ထိုကိုယ်အခေါင်းထဲမှ မိမိကိုယ်ငယ်တစ်ခုကို ဖန်ဆင်း၍ ဓားအိမ်မှ ဓားကို ထုတ်နုတ်ဘိသကဲ့သို့ ထုတ်နုတ်၍ ပြသောတန်ခိုးကို ခေါ်သည်။ ဣဒ္ဓိဝိဓ တန်ခိုးပင်လျှင်တည်း။

အဘိညာဉ်၌ မှတ်ဖွယ် ပြီး၏။

❁ ❁ ❁ ❁ ❁

## ၁၂။ စိတ္တဝိသုဒ္ဓိသည် ဝိပဿနာ၏ အခြေခံဖြစ်ပုံ အဘိညာဈာန်လမ်းမှ ဝိပဿနာစခန်းသို့ရောက်ပုံ

တန်ခိုးအဘိညာတို့နှင့်တကွ ဈာန်သမာပတ်တို့ကို ရပြီး၍ စိတ်ဉာဏ် အလွန်ထက်သန် ကြည်လင်လတ်သော်-

**သော ဝိဝိစ္စေဝ ကာမေဟိ။ လ ။ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ။ လ ။ ဠိတေ အာနဉ္ဇပ္ပတ္တေ အာသဝါနံ ခယဉာဏာယ စိတ္တံ အဘိနိန္နာမေတိ၊ သောဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။**

(ပဉ္စင်္ဂုတ္တရ ပါဠိတော် ယောဓာဇီဝေါပမသုတ်)

အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်အလို့ငှါ စိတ်ကို ဝိပဿနာလမ်းသို့ ညွတ်စေ တက်စေအပ်၏။ ဈာန် ၉-ပါးတို့တွင် ၁-ပါးပါးကို ဝင်စား၍ ဈာန်သမာပတ်မှ ထပြီးလျှင် ရှေ့ပညာစခန်း၌ ပြလတ္တံ့သော ခတ်ကြီး ၄-ပါး, ခတ်ကြီး ၆-ပါးစသည်တို့ကို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ထင်အောင်ရှုရာ၏။

မျက်မှန်၊ မှန်ပြောင်းဖြင့် တပ်ချိန်၍ ကြည့်သောအခါ ပကတိမြင်နိုင်ခဲ သော ဝေးသော အာရုံတို့ကိုပင်လျှင် အလွယ်တကူ ချမ်းသာစွာ ထင်ထင်ရှားရှား

http://www.dhammadownload.com



မြင်ရဘိသကဲ့သို့ ထိုအတူ ဈာန်ကိုဝင်စား၍, ဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာ ရှုသည်ရှိသော် အလွန်နက်နဲသိမ်မွေ့သော အလွန်ဝေးသော အလွန်ထင်မြင်နိုင်ခဲ သော အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ အာရုံတို့ကိုလည်း မပင်မပန်း ချမ်းသာလွယ်ကူစွာ ထင်မြင်နိုင်တော့၏။ အာသဝေါတရားတို့ကို အကြွင်းမဲ့ ကုန်စေတတ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဖြစ်ပေါ်လာကြ တော့၏။ အလွန်နက်နဲ သိမ်မွေ့သော အလွန်ဝေးသော အလွန်ထင်မြင်နိုင်ခဲသော သစ္စာ ၄-ပါးအာရုံ၊ နိဗ္ဗာန်အာရုံတို့ကို ထင်မြင်နိုင်တော့၏။

လက္ခဏာရေး ၃-ပါးကို ထင်မြင်မှသာလျှင် နိဗ္ဗာန်ထင်မြင်ရသည်ဖြစ်၍ လက္ခဏာရေး ၃-ပါးကို ထင်မြင်အောင် ကြည့်ရှုခြင်းသည်လည်း နိဗ္ဗာန်ကို ကြည့် ရှုမှုပင် မည်၏။ ဈာန်သမာပတ်ကို ဝင်စား၍, အခြေခံ၍ အာသဝေါကုန်မှုကို ရည်တော်မူ၍ -

**ပဌမံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါန ခယံ ဝဒါမိ။ လ ။ နေဝသညာနာသညာယတနံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ။**

(နဝင်္ဂုတ္တရ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမံပိ ဈာနံ၊ ပဌမဈာန်ကိုလည်း။ နိဿာယ၊ အခြေပါဒပြု၍, အမှီပြု၍။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်မှုကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူလေ၏။ လ ။ ဘိက္ခဝေ၊ ရဟန်းတို့။ နေဝသညာနာသညာယတနံပိ ဈာနံ၊ နေဝသညာနာသညာယတန ဈာန်ကိုလည်း။ နိဿာယ၊ အခြေပါဒပြု၍, အမှီပြု၍။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယံ၊ ကုန်မှုကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော် မူ၏။

**မှတ်ချက်။** ။ ဈာန်ကို ရှေးဦးစွာ ရအောင်ပြု၍ ဈာန်ကို အခြေခံပါဒခံ၍ အားထုတ်သဖြင့် ရအပ်သော မဂ်, ဖိုလ်ကို စေတောဝိမုတ္တိ မဂ်, ဖိုလ်၊ ထိုပုဂ္ဂိုလ်ကို စေတောဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်သည်။

ဈာန်ကိုရအောင် ရှေးဦးစွာ မပြုပဲ, ဈာန်ကို အခြေမခံပဲလျက် ဝိပဿနာ မဂ်လမ်း သက်သက်ကိုသာ အားထုတ်ရာ၌လည်း ရှေးရှေးသော နီးသောဘဝက

http://www.dhammadownload.com



ဈာန်သမာပတ်ကို ရခဲ့ဖူးသော အဓိကာရရှိခဲ့လျှင် မဂ်ပေါ်လာသောအခါ ဈာန်ပါ တစ်ခါတည်းရ၍ ပါ၍လာ၏။ ဤကဲ့သို့ ဈာန်ပါပါ၍လာသော မဂ်, ဖိုလ်ကိုလည်း စေတောဝိမုတ္တမဂ်, ဖိုလ်၊ ထိုပုဂ္ဂိုလ်ကိုလည်း စေတောဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်၏။

ဤကဲ့သို့ ရှေးဦးစွာ ဈာန်ကိုလည်း မရပဲ၊ အခြေခံမရပဲ မဂ်ပေါ်သောအခါ မှာလည်း ဈာန်မပါလာပဲ မဂ်ချည်းသက်သက် ဖြစ်ပေါ်လာသော မဂ်, ဖိုလ်ကို ပညာဝိမုတ္တ မဂ်, ဖိုလ်ဟု ခေါ်၏။ ထိုပုဂ္ဂိုလ်ကိုလည်း ပညာဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်၏။ ဈာန်သမာဓိအစေးမှ ခြောက်သွေ့သော သုက္ခဝိပဿကပုဂ္ဂိုလ် ဟူ၍လည်း ခေါ်၏။

**မံသစက္ခုဿ ဥပ္ပါဒေါ၊ မဂ္ဂေါ ဒိဗ္ဗဿ စက္ခုနော။**
**ယတော စ ဉာဏံ ဥဒပါဒိ၊ ပညာစက္ခု အနုတ္တရံ။**
**ယဿ စက္ခုပဋိလာဘာ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

(ဣတိဝုတ်ပါဠိတော် တိစက္ခုသုတ်)

**အနက်။** ။ ဘိက္ခဝေ၊ ရဟန်းတို့။ မံသစက္ခုဿ၊ ပကတိမံသစက္ခု၏၊ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ပါရှိ၍ လာခြင်းသည်။ ဒိဗ္ဗဿ စက္ခုနော၊ ဒိဗ္ဗစက္ခု၏။ မဂ္ဂေါ၊ ဖြစ်ပေါ်ရရှိနိုင်ခြင်းအကြောင်းတည်း။ ယတော စ၊ အကြင် ဒိဗ္ဗစက္ခုဟူသော အကြောင်းကြောင့်ကား။ ဉာဏံ၊ နိဗ္ဗာန်ကို သိမြင်နိုင်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်နိုင်၏။ တံ၊ ဤကဲ့သို့ ဖြစ်ပေါ်သောဉာဏ်သည်။ အနုတ္တရံ၊ အတုမရှိ လွန်မြတ်သော။ ပညာစက္ခု၊ ပညာစက္ခုပေတည်း။ ပညာမျက်စိပေတည်း။ ယဿ စက္ခုပဋိလာဘာ၊ အကြင်ပညာစက္ခုကို ရခြင်းကြောင့်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော သံသရာဝဋ်မှ။ ပမုစ္စတိ၊ လွတ်၏။

သမထဟု ဆိုအပ်သော အဓိစိတ္တသိက္ခာသာသနာ – စိတ္တဝိသုဒ္ဓိအခန်း ပြီးပြည့်စုံပြီ။

စိတ္တဝိသုဒ္ဓိသည် ဝိပဿနာ၏ အခြေခံဖြစ်ပုံကို ပြဆိုခန်း ပြီး၏။

❄ ❄ ❄ ❄ ❄

http://www.dhammadownload.com



## ၁၃။ အဓိပညာသာသနာကို ပြဆိုခန်း
## (က) ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။ (က) လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့်ရုပ်။

(ခ) လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။

စိတ်, ဖဿ, ဝေဒနာ အစရှိသော နာမ်တရားတို့ကိုလည်းကောင်း, ပထဝီ, အာပေါ အစရှိသော ရုပ်တရားတို့ကိုလည်းကောင်း ဓမ္မဝဝတ္ထာနဉာဏ်ဖြင့် အသီးအသီး ခြားခြားနားနား ထင်မြင်သိမ်းဆည်းနိုင်ရန် အချက်ကား –

(က) လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဟူ၍ ၄–ပါးရှိ၏။

(ခ) ရသသည် ကိစ္စရသ, သမ္ပတ္တိရသ ဟူ၍ ၂–မျိုးရှိ၏။

(ဂ) ပစ္စုပဋ္ဌာန်သည် ဖလပစ္စုပဋ္ဌာန်, ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန် ဟူ၍ ၂–မျိုးရှိ၏။

### ဥပမာ စံပြရန်

၁။ ပူခြင်းသဘောရင်းသည် မီး၏လက္ခဏာတည်း။

၂။ ဝတ္ထုတစ်ပါးကို လောင်ခြင်းအမှုသည် မီး၏ ကိစ္စရသတည်း။

၃။ ထွန်းပခြင်းဂုဏ်သည် မီး၏ သမ္ပတ္တိရသတည်း။

၄။ အခိုးအလျှံသည် မီး၏ ဖလပစ္စုပဋ္ဌာန်တည်း။

၅။ ထွန်းပခြင်းဟူသော သမ္ပတ္တိရသသည်ပင်လျှင် မီး၏ ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်တည်း။

၆။ ထင်းမီးစာသည်လည်းကောင်း၊ မီးကို ဖြစ်စေတတ်သော ပယောဂ အထူးသည်လည်းကောင်း မီး၏ ပဒဋ္ဌာန်တည်း။

၁။ အာရုံကို သိခြင်းသည် စိတ်၏ လက္ခဏာတည်း။

၂။ စေတသိက်၏ ရှေ့ဆောင်ရှေ့သွားဖြစ်မှုသည် စိတ်၏ရသတည်း။

http://www.dhammadownload.com



၃။ ရှေ့နောက် အစဉ်ဆက်စပ်မှုသည် စိတ်၏ ပစ္စုပဋ္ဌာန်တည်း။

၄။ နာမ်ရုပ် ၂–ပါးသည် စိတ်၏ ပဒဋ္ဌာန်တည်း။

(လက္ခဏာကား သဘောရင်းတည်း၊ ရသကား ကိစ္စနှင့်ဂုဏ်တည်း၊ ပစ္စုပဋ္ဌာန်ကား ထင်ပေါ်သော တံခွန်တည်း၊ ပဒဋ္ဌာန်ကား အလွန်နီးစပ်သော အကြောင်းတည်း၊ အကျိုးကိုဖြစ်စေမှု၌ မချွတ်မယွင်းနိုင်သော အကြောင်းဟူလို။)

ဤ ၄–ပါးနှင့် ခြားနားစွာ ထင်မြင်သည်ရှိသော် တရား ၁–ပါးနှင့် ထွေးယှက်ခြင်း မရှိစေမူ၍ တစ်ခု တစ်ခုသော နာမ်တရား ရုပ်တရားတို့ကို သီးသန့်ခြားနားစွာ သိမြင်လေ၏။

ဒိဋ္ဌိ ဝိသုဒ္ဓိဖြစ်ပုံ ပြီး၏။

## (ခ) ကင်္ခါဝိတရဏသုဒ္ဓိဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။ ။ နာမရူပ၊ သင်္ခါရ၏။ ပဋိစ္စဓာတ်၊ သမုပ္ပာဒ်ကို၊ အထပ်ထပ်ထင်၊ ပိုင်ပိုင်မြင်က၊ ကင်္ခါယုံမှား၊ ၁၆–ပါးနှင့်၊ ၈–ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ ကင်းစင်ကွာ ကင်္ခါဝိတရဏာဝိသုဒ္ဓိ။**

ခပ်သိမ်းသော နာမ်ရုပ်တရားတို့၏ ပဋိစ္စသမုပ္ပာဒ်ကို ပိုင်ပိုင်ထင်မြင်နိုင်သည်ရှိသော် သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆–ပါးနှင့် အဘိဓမ္မာလာ ဝိစိကိစ္ဆာ ၈–ပါးတို့ကို လွန်မြောက်နိုင်သော ကင်္ခါဝိတရဏာဝိသုဒ္ဓိ စခန်းသို့ တန်းတန်းမတ်မတ် ဆိုက်ရောက်လေတော့၏။

### သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆–ပါး

**အတိတ်၌ ယုံမှားခြင်း ၅–ပါး**

၁။ ရှေး၌ ငါဖြစ်ဖူးပြီးလော။

၂။ ရှေး၌ ငါမဖြစ်ဖူးသေးဖူးလော။

၃။ အဘယ်အမျိုးအနွယ်အားဖြင့် ဖြစ်ဖူးလေသနည်း။

၄။ အဘယ်အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ဖူးလေသနည်း။

http://www.dhammadownload.com



၅။ အဘယ်အမျိုးအနွယ်ဖြစ်၍ အဘယ်အမျိုးအနွယ် ဖြစ်ခဲ့ရလေသနည်း။
(ဤကား အတိတ်၌ ယုံမှားခြင်း ၅–ပါးတည်း။)

**အနာဂတ်၌ ယုံမှားခြင်း ၅–ပါး**

၁။ နောင်၌ ငါဖြစ်ရလတ္တံ့လော။

၂။ နောင်၌ ငါမဖြစ်ရလတ္တံ့လော။

၃။ အဘယ်အနွယ်အားဖြင့် ဖြစ်ရလတ္တံ့နည်း။

၄။ အဘယ်အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ရလတ္တံ့နည်း။

၅။ အဘယ်အမျိုးအနွယ်ဖြစ်၍ အဘယ်အမျိုးအနွယ် ဖြစ်ရလတ္တံ့နည်း။
(ဤကား အနာဂတ်၌ ယုံမှားခြင်း ၅–ပါးတည်း။)

**ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆–ပါး**

၁။ ယခု ငါသည် ဖြစ်ဆဲလော။

၂။ ယခု ငါသည် ဖြစ်ဆဲမဟုတ်လေသလော။

၃။ အဘယ် အမျိုးအနွယ်အားဖြင့် ဖြစ်လေသနည်း။

၄။ အဘယ် အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်လေသနည်း။

၅။ အဘယ်ဘဝမှ လာခဲ့သနည်း။

၆။ အဘယ်ဘဝသို့ သွားရမည်နည်း။
(ဤကား ပစ္စုပ္ပန်၌ ယုံမှားခြင်း ၁၆–ပါးတည်း။)
သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆–ပါး ပြီး၏။

**အဘိဓမ္မာလာ ဝိစိကိစ္ဆာ ၈–ပါး**

၁။ ဘုရား၌ ယုံမှားခြင်း,

၂။ တရား၌ ယုံမှားခြင်း,

၃။ သံဃာ၌ ယုံမှားခြင်း,

၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း,

http://www.dhammadownload.com



၅။ သံသရာ၏ ရှေ့အစွန်း၌ ယုံမှားခြင်း,

၆။ သံသရာ၏ နောက်အစွန်း၌ ယုံမှားခြင်း,

၇။ သံသရာ၏ ရှေ့နောက်အစွန်း၌ ယုံမှားခြင်း,

၈။ ပဋိစ္စသမုပ္ပာဒ်တရား၌ ယုံမှားခြင်း,

(ဤကား အဘိဓမ္မာလာ ဝိစိကိစ္ဆာ ၈–ပါးတည်း။)

ရုပ်နာမ်ခန္ဓာသတ္တဝါတို့မှာ ရှေးအကြောင်းဟူ၍မရှိဟု ယူသော အဟေတုကဒိဋ္ဌိ, ရုပ်နာမ်ခန္ဓာ သတ္တဝါတို့ကို ထာဝရဘုရား ဖန်ဆင်းသည်ဟူ၍ ယူသော ဝိသမဟေတုကဒိဋ္ဌိ အစရှိသော ဒိဋ္ဌိအမျိုးမျိုးတို့ကို လွန်မြောက်သော် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ ပြီး၏။

## (ဂ) ဝိပဿနာဉာဏ် ၁၀–ပါး

၁။ သမ္မသနဉာဏ်။

၂။ ဥဒယဗ္ဗယဉာဏ်။

၃။ ဘင်္ဂဉာဏ်။

၄။ ဘယဉာဏ်။

၅။ အာဒီနဝဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ်။

၇။ မုစ္စိတုကမျတာဉာဏ်။

၈။ ပဋိသင်္ခါဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ်။

၁၀။ အနုလောမဉာဏ်။

(ဤကား ဝိပဿနာဉာဏ် ၁၀–ပါး သရုပ်တည်း။)

http://www.dhammadownload.com



## ဝိပဿနာဉာဏ် ၁၀–ပါး အကျယ်

**ဆောင်ပုဒ်သံခိပ်။ ။ ခန္ဓာဝိနည်း၊ ဖွဲ့စည်းပြီးခါ၊ ၃–ဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။**

ခပ်သိမ်းသော ရုပ်နာမ်တရားတို့ကို ခန္ဓာ ၅–ပါးစသည် စုပုံဖွဲ့စည်းအပ်၍

**ရူပံ အနိစ္စံ ခယဋ္ဌေန။**

**ရူပံ ဒုက္ခံ ဘယဋ္ဌေန။**

**ရူပံ အနတ္တာ အသာရကဋ္ဌေန။**

အစရှိသည်ဖြင့် လက္ခဏာရေး ၃–ပါးတင်၍ အဖန်ဖန် အထပ်ထပ် သုံးသပ်သော ဉာဏ်သည် သမ္မသနဉာဏ် မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ ဖြစ်ပွားပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။**

ဦးခေါင်း, ခြေ, လက်, မျက်နှာသဏ္ဌာန် စသည်တို့၏ ခဏချင်း ဖြစ်ပေါ်မှု, ခဏချင်းပျက်ကွက်မှု, ထင်လင်းအောင် အစုအခဲအားဖြင့် ဖြစ်မှု, ပျက်မှုကို အစုံအစုံရှုသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ အပျက်ကိုသာ၊ ရှုတုံပါ၊ သညာ ဘင်္ဂဉာဏ်။**

အဖြစ်အပျက် ၂–ပါးတွင် အဖြစ်ကား မြင်လွယ်၏။ အပျက်ကား မြင်ခဲ၏။ လိုရင်းလည်း ဖြစ်၏။ ထို့ကြောင့် အဖြစ်ကို လွှတ်၍ အပျက်သက်သက် ကို ရှုသော ဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ အပျက်မြင်က၊ ဘယမစ္ဆု၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်းထွေထွေ၊ ရှုတုံလေ၊ မှတ်လေ ဘယဉာဏ်။**

ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ပျက်ပုံ, အနိစ္စသဘောကို ထင်မြင်သောအခါ ပျက်ခြင်းနှင့်တကွ ဖြစ်သော ရုပ်နာမ်တရားတို့၏ အပေါ်၌သေမင်းကြီးတမျှ ကြောက်လန့်လှသော ဉာဏ်သည် ဘယဉာဏ် မည်၏။

http://www.dhammadownload.com



**ဆောင်ပုဒ်သံခိပ်။ ။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းမသိ၊ အာဒီနဝဉာဏ်။**

ကြောက်ဖွယ် လန့်ဖွယ်ဟူ၍ ထင်မြင်လာသည်ရှိသော် ဘေးဘယမျိုးဖြစ်သော ရုပ်ဆိုး နာမ်ဆိုး၌ အားကိုးရာမရှိ၊ အပြစ်အတိပါတကားဟု ရှုဆင်ခြင်သောဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေမှတ်လေ နိဗ္ဗိဒံ။**

အားကိုးရမရှိ၊ အပြစ်အတိသာဟု ထင်မြင်သောအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့လှသောအနေဖြင့် ရှုဆင်ခြင်သော ဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုစ္စိတုကမျတာဉာဏ်။**

မပျော်မမွေ့ ငြီးငွေ့လှသောအခါ၌ သင်္ခါရနယ်အတွင်းမှ အတင်းထွက်မြောက်လိုသော ဉာဏ်သည် မုစ္စိတုကမျတာဉာဏ် မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ လွတ်လိုလှ၍၊ လွတ်ရတဲ့ငါ၊ ဘာဝနာ ၄၀ အကျယ်ဖြန့်ချီ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်။**

အလွန်တရာ လွတ်လိုလှ၍ လွတ်ခွင့်ရတဲ့ခြင်းငှါ ဘာဝနာ ၄၀-တို့ဖြင့် အကျယ်တဝင့် အပြင်းဆင်ခြင်၍ အားထုတ်မှုရှုသော ဉာဏ်သည် ပဋိသင်္ခါဉာဏ် မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မဖွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။**

http://www.dhammadownload.com



ဘာဝနာ ၄၀–တို့ဖြင့် အကျယ်တဝင့် အပြင်းအထန် အားထုတ်သောအခါ ဝိပဿနာဉာဏ် ထက်သန်၍ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ မုန်းချစ်မပြု လျစ်လျူရှုသော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

(ဘာဝနာ ၄၀–ဆိုသည်ကား ဆောာ ၄၀–ပင်တည်း။ ဤစာအုပ်တစ်နေရာမှာ ကြည့်ပါ။)

**ဆောင်ပုဒ်သံခိပ်။ ။ မဂ်ရောက်လိုသော်၊ အဆော် အနွေး၊ မဂ် ၄–ဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။**

ဝိပဿနာဉာဏ် ရင့်သန်ထက်မြက်လေသဖြင့် မဂ် ၄–ခုပေါ်အောင် နှိုးဆော်ဘိသည့်ပမာ လွန်စွာ မဂ် ၄–ခုတို့နှင့် လျော်သောဉာဏ်သည် အနုလောမ ဉာဏ် မည်၏။

(ဂဟေအစပ်ကောင်းလှသောဉာဏ်– ဟူလို။)

ဝိပဿနာဉာဏ် ၁၀–ပါး ပြီး၏။

## ဝိပဿနာဉာဏ် ၁၀–ပါး၌ မှတ်ဖွယ်

ဝိပဿနာဉာဏ် ၁၀–ပါးတွင် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်၊ ဤဉာဏ် ၃–ပါးသည် တိရဏပရိညာ– မည်၏။

ထို ဉာဏ် ၃–ပါးတွင် –

၁။ သမ္မသနဉာဏ် ဆိုသည်ကား – ရုပ်တရား နာမ်တရားတို့ မည်သည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော တရားမျိုး မဟုတ်ကုန်။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အတွင်းမှာပင် အခါများစွာ သေဆုံးချုပ်ပျက်ရသော အနိစ္စမျိုး, ဒုက္ခမျိုး, အနတ္တမျိုးတို့သည် ကေန်စင်စစ် ဖြစ်ကြကုန်သည်ဟု ဉာဏ်အမြင်ပေါ်အောင် အားထုတ်အပ်သော ဝိပဿနာဉာဏ်သည် သမ္မသနဉာဏ် မည်၏။ မျက်စိဖြင့် မြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ် ဖြစ်သည်။

အဘိဓမ္မာ ကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျသိနိုင်သော

http://www.dhammadownload.com



သဘောယုတ္တိ ဉာဏ်မျိုးသည် ဝိပဿနာဉာဏ် မဟုတ်။ သုတမယဉာဏ်သာတည်း။ ဝိပဿနာ ဉာဏ်သည်ကား စိန္တာမယဉာဏ်တည်း။ ယခုကာလ၌ကား သုတမယ ဉာဏ်အနေနှင့် ထင်မှု, မြင်မှု, နှလုံးသွင်းမှုကိုပင် ဝိပဿနာဉာဏ်ဟု ထင်မှတ်၍နေကြသူများ၏။

၂။ ဆေးသောက်လို၍ မီးခြစ်ရာ၌ ခြစ်မိသော နေရာမှ မုန်ညင်းစေ့မျှ မီးတောက်ဖြစ်ပေးသည်မှစ၍ တိုးပွား၍ လာသည်ကိုလည်းကောင်း, အတိုးအပွားရပ်ပြီးနောက် ဆုတ်ယုတ်၍သွားသည်ကို လည်းကောင်း, အဆုံးသတ် သေပျောက်၍သွားသည်ကိုလည်းကောင်း, မျက်စိဖြင့် ပစ္စက္ခဒိဋ္ဌ မြင်ကြသကဲ့သို့ ကိုယ်ခန္ဓာအတွင်း၌ ရုပ်တရား, နာမ်တရားတို့၏ ထိုထိုအခိုက်အတန့် အားလျော်စွာ သန္တတိအစဉ်အားဖြင့် ခုတင်တစ်ဖွားဖွား ဖြစ်ပေါ်တိုးပွားမှုကို လည်းကောင်း, အတိုးပွားရပ်ပြီးနောက် ဆုတ်ယုတ်၍ သွားသည်ကိုလည်းကောင်း, ဒိဋ္ဌပစ္စက္ခအားဖြင့် အသိဉာဏ်တွင် အမြင်ပေါက်အောင် အားထုတ်မှုသည် ဥဒယဗ္ဗယဉာဏ် မည်၏။

၃။ ကွယ်ပျောက်မှုကိုသာ အထူးကွက်ခြား၍ ဒိဋ္ဌပစ္စက္ခ အမြင်ပေါက်အောင် ရှုမှုသည် ဘင်္ဂဉာဏ် မည်၏။

ဝိပဿနာဉာဏ် ၁၀–ပါး၌ မှတ်ဖွယ် ပြီး၏။

## အန္တရာယ် ၁၀–ပါး

**ဆောင်ပုဒ်သံခိပ်။ ။ ဥဒယဉာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ဆယ်ချက်အန္တရာယ်။ အရောင်, ပီတိ၊ ပဿဒ္ဓိနှစ်ဖြာ၊ သဒ္ဓါ, ဝီရိယ၊ သုခ, ဗုဒ္ဓိ၊ နိကန္တိနှင့်၊ သတိ, ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါ အန္တရာယ်။**

ဝိပဿနာဉာဏ် ၁၀–ပါးတို့တွင် ဥဒယဗ္ဗယဉာဏ် ရင့်သန်ထက်မြက်လာသောအခါ ဖြစ်ပေါ်၍လာတတ်သော အန္တရာယ် ၁၀–ပါးကား –

ဩဘာသ, ပီတိ, ကာယပဿဒ္ဓိ – စိတ္တပဿဒ္ဓိ, သဒ္ဓါ, ဝီရိယ, သုခ, ဗုဒ္ဓိ, သတိ, ဥပေက္ခာ, နိကန္တိ။

၁။ **ဩဘာသ** – ဝိပဿနာ၏ အရောင်ဖြစ်ပေါ်ခြင်း,

http://www.dhammadownload.com



၂။ **ပီတိ** – ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါ ပီတိ, ဖရဏာပီတိ တို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏။ ဤသို့ ဖြစ်သည်ကို မဂ်ဟု ထင်တတ်ခြင်း,

၃။ **ကာယပဿဒ္ဓိ – စိတ္တပဿဒ္ဓိ** – ကိုယ်စိတ်တို့၏ ငြိမ်းခြင်း,

၄။ **သဒ္ဓါ** – အလွန်ကြည်စေတတ်သော သဒ္ဓါရှိခြင်း,

၅။ **ဝီရိယ** – မဖော့မလျော့ပဲ အားထုတ်ချီးပင့်ခြင်း,

၆။ **သုခ** – ဝိပဿနာနှင့်ယှဉ်သော စေတသိကသုခ အလွန်ချမ်းသာခြင်း,

၇။ **ဗုဒ္ဓိ** – ထက်မြင်စူးရှသော ဉာဏ်အမြင် ပေါ်လာခြင်း,

၈။ **သတိ** – ဝိပဿနာနှင့်ယှဉ်သော ကျောက်စာတိုင်နှင့် တူသော သတိ ဖြစ်လာခြင်း,

၉။ **ဥပေက္ခာ** – သင်္ခါရတရားတို့ကို လျစ်လျူရှုခြင်း,

၁၀။ **နိကန္တိ** – ဝိပဿနာ၌ အာသာငမ်းငမ်း တွယ်တာခြင်း။

အန္တရာယ် ၁၀–ပါး ပြီး၏။

## (ဃ) မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။ ။ ထိုဆယ်ချက်တွင်၊ မဂ်အထင်ကို၊ ပယ်ထွင်ရှင်းကာ၊ အလင်းသာ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ။**

ဥဒယဗ္ဗယဉာဏ် ထက်သန်သောအခါ၌ မကြုံစဖူး အလွန်ထူးသော ကိုယ်ရောင်ကိုယ်ဝါ စသည်ဖြစ်ပေါ်၍ လာတတ်၏။ ထိုအခါ ထိုကိုယ်ရောင် ကိုယ်ဝါ စသည်ကို သာယာသော တဏှာနိကန္တိအတွက် မဂ်ကို ငါရပြီ။ ဖိုလ်ကို ငါရပြီဟု အထင်ကပ်၍ ဝိပဿနာကို လွှတ်၍ နေတတ်၏။ ထိုအခါမှ မဂ်ဟူ၍ ထင်မိသော ထိုပီတိ, ပဿဒ္ဓိ စသည်၏ လောကုတ္တရာမဂ် မဟုတ်သေးကြောင်းကို ရှင်းလင်းနိုင်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

http://www.dhammadownload.com



## (c) ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။** ။ ဥဒယဉာဏ်၊ တစ်ဖန်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊ စခန်းထွင်၍၊ အမြင်လင်းဘိ၊ ထိုးထွင်းသိ၊ ပဋိသဒါဉာဏဒဿနဝိသုဒ္ဓိ။

အန္တရာယ်ကို သုတ်သင်ပြီးမှ ဥဒယဗ္ဗယဉာဏ်ကိုပင် တစ်ဖန် ပြုစုပျိုးထောင်၍ယူပြီးလျှင် ထိုဉာဏ်မှစ၍ အားထုတ်လတ်သော် အစဉ်အတိုင်း နေရာကျဖြစ်ပွား၍သွားသော ဝိပဿနာဉာဏ် ၉-ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

**ဆောင်ပုဒ်သံခိပ်။** ။ သစ္စာနုလောမ၊ အနုလောမ၊ ဉာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။

၁၀-ပါးသော ဝိပဿနာဉာဏ်တို့တွင် နောက်ဆုံးဖြစ်သော သစ္စာနုလောမဉာဏ်, အနုလောမဉာဏ်, ဤဉာဏ် ၂-ခုကို ဝုဋ္ဌာနဂါမိနီဝိပဿနာလည်း ခေါ်သည်။ ဝဋ် ၃-ပါးမှ ကျွတ်လွတ်ထမြောက်ခြင်းအနက်ကြောင့် မဂ်ကို ဝုဋ္ဌာန ဆိုသည်။ ထိုမဂ် မချွတ်မလွဲ ရောက်စေတတ်သော အနက်ကြောင့် ထိုဉာဏ် ၂-ခုကို ဝုဋ္ဌာနဂါမိနီ ခေါ်သည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

## (စ) ပထမ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။** ။ ဝုဋ္ဌာနဂါမ်၊ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ခါ၊ မဂ်ရောက်လာ၊ ဉာဏဒဿနဝိသုဒ္ဓိ။

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် ရင့်သန်သောအခါ၌ နိဗ္ဗာန်ကို အာရုံပြုသော လောကုတ္တရာမဂ်ဉာဏ် ဖြစ်ပေါ်ပေါက်၍ လာ၏။ မဂ်ဉာဏ် ၄-ပါးကို ဉာဏဒဿနဝိသုဒ္ဓိ ဆိုသည်။ ဤအရာ၌ကား သောတာပတ္တိမဂ်ဉာဏ် တည်း။

**ဝီထိကျပုံကား** - ဘဝင် ၂-ကြိမ်၊ လက္ခဏာရေး ၃-ပါးတွင် တစ်ပါးပါးလျှင် အာရုံရှိသော မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ ၁-ကြိမ်စီ၊ နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူ ၁-ကြိမ်၊ သောတာပတ္တိမဂ် ၁-ကြိမ်၊

http://www.dhammadownload.com



သောတာပတ္တိဖိုလ် ၂–ကြိမ်၊ ထိုနောက် ဘဝင်ကျ၏။
(ဝီထိပိုင်းဆိုင်ရာတည်း။)

## မဂ်ကိစ္စ ၄–ပါး

**ဆောင်ပုဒ်သံခိပ်။ ။ သိ, ပယ်, ဆိုက်ပွား၊ လေးပါးအချက်၊ တစ်ပြိုင်နက်၊ မဂ်၏ ကိစ္စတည်း။**

၁။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဒုက္ခအမှန်ကို သိခြင်းကိစ္စ၊

၂။ သမုဒယအသင်းဖြစ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်း ကိစ္စ၊

၃။ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏လည်းကောင်း၊ အပါယဒုက္ခတို့၏ လည်းကောင်း တစ်ချက်တည်း အပြီးတိုင် ငြိမ်းမှုသို့ ဆိုက်ရောက်ခြင်း ကိစ္စ၊

၄။ မဂ်ကို ပွားများမှု တစ်စခန်း ထမြောက်ပြီးစီးခြင်း ကိစ္စ၊

ဤကိစ္စ ၄–ပါးကို မဂ်သည် တစ်ပြိုင်နက် ဖြစ်စေနိုင်သည်။

**ဆောင်ပုဒ်သံခိပ်။ ။ ဒိဋ္ဌိ, ဝိစိ၊ ပယ်သတ်ဘိ၊ အာဒိ မဂ်သောတာ။**

ဤမဂ်ကို ရသည်နှင့်တစ်ပြိုင်နက် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်သတ်၏။ ဒုစရိုက်ကံဟောင်း, ကံသစ် အကုန်ချုပ်ငြိမ်း၏။ ထိုပုဂ္ဂိုလ်သည် ကာမဘုံ၌ ပဋိသန္ဓေ ၇–ကြိမ်သာ ရှိ၏။

## ပစ္စဝေက္ခဏာ ၅–ဝီထိ ဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။ ။ မဂ်, ဖိုလ်, နိဗ္ဗာန်၊ ပယ်ကြွင်းကျန်၊ နှစ်တန် ကိလေသာ။ အစဉ်သမူ၊ အမြင်ရှု၊ ငါးခု ပစ္စဝေက္ခဏာ။**

ထို သောတာပတ္တိမဂ္ဂဝီထိ၏ နောက်၌ –

၁။ မဂ်ကို ရှုဆင်ခြင်သော ဝီထိ,

၂။ ဖိုလ်ကို ရှုဆင်ခြင်သော ဝီထိ,

၃။ နိဗ္ဗာန်ကို ရှုဆင်ခြင်သော ဝီထိ,

၄။ ပယ်ပြီးကိလေသာကို ရှုဆင်ခြင်သော ဝီထိ,

http://www.dhammadownload.com



၅။ ကိလေသာကြွင်းစုကို ရှုဆင်ခြင်သော ဝိထိ– ဟူ၍ ပစ္စဝေက္ခဏာ ၅–ဝိထိ ဖြစ်မြဲ။

**ဆောင်ပုဒ်သံခိပ်။ ။ ထက်မင်္ဂကိုလျှင်၊ မရောက်ခင်၊ ဖိုလ်လျှင် လဲလျောင်းရာ။**

အထက်မင်္ဂသို့ မရောက်မီအတွင်း သောတာပန် ပုဂ္ဂိုလ်အဖြစ်ဖြင့် နှစ်လ များစွာ လည်းကောင်း, ကာမဘုံ၌ ၇–ဘဝ၊ ဗြဟ္မာ့ဘုံ၌ ဘဝကမ္ဘာများစွာပတ် လုံးလည်းကောင်း သောတာပတ္တိဖိုလ်ကို အလိုရှိတိုင်း ဝင်စား၏။

**ဝိထိကျပုံကား** – ဘဝင် ၂–ကြိမ်၊ ရုပ်နာမ်ဓမ္မ သင်္ခါရလျှင် အာရုံရှိသော မနောဒွါရာဝဇ္ဇန်း၊ အနုလုံ ၃–ကြိမ်လည်းကောင်း, ၄–ကြိမ် လည်းကောင်း၊ ထို့နောင် နိဗ္ဗာန်လျှင် အာရုံရှိသော သောတာပတ္တိဖိုလ်ဇော အကြိမ်ပေါင်း အနန္တ အလိုရှိသမျှ ဖြစ်၏။ ထို့နောင် ဘဝင်ကျ၏။

ထိုအခါ၌ ပူအိုက်လှတုန်းအခါ အေးမြစွာသော ရေအိုင်ကြီးထဲသို့ ဆင်း၍ ငုပ်ရာဘိသကဲ့သို့ ထိုသောတာပန်ပုဂ္ဂိုလ်သည် ဖိုလ်၏အတွေ့ နိဗ္ဗာန်၏ အတွေ့ တို့ဖြင့် အလွန်ချမ်းမြေ့လေသတည်း။ အထက်မင်္ဂသို့ မရောက်မီ ဘဝများစွာ, ကမ္ဘာများစွာပတ်လုံး ထိုဖိုလ်သည် လဲလျောင်းရာ ဖြစ်၏။

(ဗြဟ္မာ့ပြည်သို့ သွားလတ္တံ့သော ဝဋ္ဋဘိရတသောတာပန်, ဗြဟ္မာ့ပြည်မှာ ဖြစ်သော ဗြဟ္မာသောတာပန်တို့ကို ရည်၍ ကမ္ဘာများစွာဟု ဆိုသည်။)

သတ္တက္ခတ္တုပရမ သောတာပန်, ကောလံကောလ သောတာပန်, ဧကဗီဇီ သောတာပန်တို့ကား ဤကာမဘုံမှာပင် ရဟန္တာဖြစ်၍ ငြိမ်းကြကုန်လတ္တံ့။

၁။ ပဋိသန္ဓေ ၇–ကြိမ်မှ ငြိမ်းသည်ကား သတ္တက္ခတ္တုပရမ တည်း။

၂။ ၆–ကြိမ်, ၅–ကြိမ်, ၄–ကြိမ်, ၃–ကြိမ်, ၂–ကြိမ်တွင် ငြိမ်းသူတို့ ကား ကောလံကောလ တို့တည်း။

၃။ ၁–ကြိမ်တွင် ငြိမ်းသူတို့ကား ဧကဗီဇီတို့တည်း။

ပဌမမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ပြီး၏။

http://www.dhammadownload.com



## ဒုတိယမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။ ။ ကာ, ဗျာ–နှစ်ထွေ၊ အကျန်ချွေ၊ ရောက်လေသကဒါဂါ။**

သောတာပန်သည် ဝိပဿနာဉာဏ် ၁၀–တန်ကို တစ်ဖန်အားထုတ်ပြန်သည်ရှိသော် သကဒါဂါမိမဂ်သို့ ရောက်ပြန်၏။ သောတာပန်အမည် ကွယ်လေ၏။ သကဒါဂါမိအမည်ကို ရလေ၏။ ကိလေသာမှာ သောတာပန်အခါ၌ အကျန်ကိလေသာစုတွင် ရုန့်ရင်းလျက်ရှိသေးသော ကာမရာဂ, ဗျာပါဒ ၂–ခုကို ပယ်သတ်၏။ သိမ်မွေ့သော ကာမရာဂ, ဗျာပါဒသည် ကျန်ရှိသေး၏။ ကာမဘုံမှာ ၁–ကြိမ်သာ ပဋိသန္ဓေ ရှိ၏။

(ကြွင်းသော အစီရင်စုမှာ ပဌမမဂ္ဂဉာဏဒဿန– နည်းတူ သိလေ။)

ဒုတိယမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

## တတိယမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။ ။ ကာ, ဗျာ နှစ်ထွေ၊ အကုန်ချွေ၊ ရောက်လေအနာဂါ။**

ကာမရာဂ, ဗျာပါဒကို အကြွင်းအကျန်မရှိ အကုန်အစင် ပယ်သတ်မှု, ကာမရာဂ မရှိသဖြင့် ကာမဘုံမှာ ပဋိသန္ဓေနေရန် ကိစ္စမရှိမှု၊ ဤမျှသာ ထူး၏။ အကြွင်းမှာ ရှေးနည်းတူ သိလေ။

ဤအနာဂါမ်ပုဂ္ဂိုလ်သည် –

၁။ ဤဘဝ၌ ရဟန္တာဖြစ်၍ ငြိမ်းသော ပုဂ္ဂိုလ်,

၂။ ဗြဟ္မာ့ပြည်သို့ သွားရသော ပုဂ္ဂိုလ်, ဟူ၍ ၂–မျိုး ရှိ၏။

သုဒ္ဓါဝါသဘုံ၌ကား –

၁။ အန္တရာပရိနိဗ္ဗာယီ,

၂။ ဉပဟစ္စပရိနိဗ္ဗာယီ,

၃။ သသင်္ခါရ ပရိနိဗ္ဗာယီ,

၄။ အသင်္ခါရ ပရိနိဗ္ဗာယီ,

၅။ ဉဒ္ဓံသောတအကနိဋ္ဌဂါမီ, ဟူ၍ ၅–မျိုးရှိ၏။

တတိယမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

http://www.dhammadownload.com



## စတုတ္ထမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

**ဆောင်ပုဒ်သံခိပ်။ ။ သဗ္ဗကိလေ၊ အကုန်ချေ၊ ရောက်လေ အရဟတ္တာ။**

အနာဂါမ်ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် ၁၀–တန်ကို အားထုတ်ပြန်သည် ရှိသော် အရဟတ္တမဂ်သို့ ရောက်လေ၏။ ကိလေသာခတ်စု အကုန်သေ၏။ ဘဝပဋိသန္ဓေ မရှိပြီ။ ပစ္စဝေက္ခဏာ ဝီထိမှာ ကြွင်းကိလေသာကို ဆင်ခြင်သော ပဉ္စမဝီထိ မရပြီ။ ၄–ဝီထိသာ ရှိတော့သည်။

စတုတ္ထမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ပြီး၏။

## မဂ်ပေါ်ပုံကို အစဉ်အားဖြင့် ပြဆိုချက်

အကြောင်းအကျိုး ဆက်စပ်ဖွဲ့စည်း၍နေသော ရုပ်, နာမ်ခန္ဓာတို့၏ တစ်ခုသည် တစ်ခုအား ကျေးဇူးပြုကာနေကြသဖြင့် သံသရာအစဉ် အမျှင်မပြတ်ပဲ ရုပ်ခဲနာမ်ခဲတွေ ဖြစ်၍နေ၏။ ဤရုပ်ခဲနာမ်ခဲ ပေါင်းစပ်ဖွဲ့ယှက် ကျေးဇူးဆက်၍ နေသော တရားအစုကိုပင်လျှင် ရုပ်ခဲ နာမ်ခဲတွေဟု အမှန်သိနိုင်သော ဉာဏ်ပညာ မပေါ်ပေါက်နိုင်ရကား ငါ၏ခန္ဓာ ငါ့ဥစ္စာပင် ငါပဲထင်၍ ပြင်ပြင်မှောက်မှားနေကြရုံမက ၎င်းအထင်မှားမှု ဒိဋ္ဌိအတွက်နှင့်ပင် သံသရာအတွင်း ပဋိစ္စသမုပ္ပာဒ် ကျော့ကွင်းမိ၍ စင်စစ်ဒုက္ခနယ် ဖြစ်သော ဝဋ်ဘောင်မှ လွတ်အောင် မထွက်နိုင်ကြပဲ နေရကုန်၏။

ထိုသို့ အကြောင်းအကျိုး အပြန်အလှန်ဖွဲ့စည်း၍ နေသော ခန္ဓာအစဉ်, အာယတန အစဉ်သည်ပင်လျှင် သံသရာအလျဉ်ကြီး ဖြစ်၍နေ၏။ ခန္ဓာ, အာယတန, ဓာတ်တို့မှတစ်ပါး သံသရာဟူ၍ မရှိ၊ ဤခန္ဓာတို့သည် သင်္ခါရတရားအစု အပုံကြီးမျှသာတည်း။ ဤခန္ဓာ၌ လူဆိုဖို့ရန်, နတ်ဆိုဖို့ရန်, သတ္တဝါဆိုဖို့ရန် တစ်စုံတစ်ခုသော ဓာတ်မျှ မပါမရှိ၊ ကောက်ရိုး အမှိုက်ထွေးကို လူပုံနှင့်တူစွာ စည်းနှောင်၍ လယ်ခင်းဥယျာဉ်မှာ ထားသည်ကိုမြင်သော တောသားသတ္တဝါငှက်များစွာတို့သည် ပညာမှကင်းရှင်းသဖြင့် မြင်ရင်းအတိုင်းမှတစ်ပါး မကြံမစည် မတွေးမတောတတ်ပဲ ကေန်လူကြီးပင် ထင်မှတ်၍ လန့်ကြကုန်သကဲ့သို့ တဏှာဒိဋ္ဌိ ငြိကြီးငြိ၍ ကျော့ကွင်းမိပြီးသော သတ္တဝါတို့သည် ထိုသင်္ခါရအပုံအစု ရုပ်နာမ်

http://www.dhammadownload.com



သက်သက် အခဲအစိုင် ပေါင်းဖွဲ့၍ နေသည်ကို အပေါ်ယံမြင်သည့်အတိုင်းထက် အပိုထွက်နိုင်သော ပညာအဆင်အခြင် မရှိသဖြင့် ငါ၏ကိုယ်ပင် ငါပဲထင်၍ ရှင်စရာနှင့်မြူထူး၊ ကြောက်စရာနှင့်တွေ့လျှင် ရှုးမှူးမလောက် အလကားမှားမှောက် လန့်ထိတ်၍ နေကြရလေသည်။ စင်စစ်ကား သက်သက် သင်္ခါရတုံး ရုပ်တုံး နာမ်ခဲတွေပင်တည်း။

ဝင်ရိုး, စက်ဘီးစသော သေးသေးဖွဲ့ဖွဲ့မှစ၍ ရထား၏ အင်္ဂါအပေါင်းတို့ စပ်ဖွဲ့နေသည်ရှိသော် ၎င်းသစ်အား သံ, ကြေး အစိတ်စိတ် အစုံအပုံကို ရထားဟု ခေါ်ဝေါ်ရ၏။ ဤဝတ္ထုအစုအပုံ၌ ရထားဘယ်ဟာပါလဲဟု ရှာကြသော် ဘာတစ်ခု မျှ မတွေ့မရှိ ဘိသကဲ့သို့ ထို့အတူ သက်သက် သင်္ခါရ ရုပ်နာမ်တို့စုခဲ၍ အတ္တိ ပစ္စယသတ္တိဖြင့် တစ်ခုသော ပစ္စုပ္ပန်ရှိဆဲ ရုပ်နာမ်သည် တစ်ခုသော ပစ္စုပ္ပန်ရှိဆဲ ရုပ်နာမ်အား စပ်ဖွဲ့ကျေးဇူးပြု၍ 'ဌီ'အနေ တည်တံ့၍နေသော တရားစုကိုသာလျှင် သတ္တဝါဟူ၍ ထင်မြင်စွဲလမ်း၍နေကြ၏။ ၎င်းပစ္စုပ္ပန် ရုပ်နာမ်အစုမှာ ဘာတစ်ခုမျှ သတ္တဝါဟူ၍ ရှာလျှင်မရ။

ဤသို့ ရုပ်နာမ်အစုသက်သက်ကို မြင်လျှင် ငါပင်ငါပဲဟု လွဲမှားသော အထင်ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိလမ်းပေါက်၏။ ထိုသို့ ဒိဋ္ဌိဝိသုဒ္ဓိလမ်းပေါက်က ဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း အကြောင်းတရားရှိခြင်းကြောင့် အကျိုးတရား ဆက်လက်၍နေသော တရားတို့၏ ပစ္စည်း, ပစ္စယုပ္ပန် အစဉ်အတန်း ရုပ်နာမ် စခန်း, ရုပ်နာမ်လမ်းမကြီး သာတည်း။ ဘယ်ဘဝကလာ၍ ဘယ်ဘဝသို့သွားသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး မရှိဟုပိုင်နိုင်စွာ အသိဉာဏ် ပေါက်သောအခါ အမျိုးမျိုးသော ယုံမှားသင်္ကာ ဝိစိကိစ္ဆာပျောက်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိလမ်း ပေါက်လေ၏။

ဤကဲ့သို့ ပေါက်ရောက်အောင် ကြည့်ရှုနည်းသည် အနုဆုံးသော နည်းလမ်းဖြစ်၏။ ဤသို့ အကြောင်းအတွက် အကျိုးဖြစ်၍ နေရ၏။ အကြောင်း ကို နုတ်လျှင် ၎တ်တုတ်ပင်ပြိုပျက်၍ အကျိုးတရားမဆက်စပ်နိုင်ဟု စင်စစ်မြင် လျှင် ဥဒယဗ္ဗယဉာဏ်စခန်းသို့လည်း တန်းတန်းမတ်မတ် ပေါက်ရောက် နိုင်လေ၏။

http://www.dhammadownload.com



**ပေါက်နိုင်ပုံကား –** ဤအကြောင်း ထင်ရှားတင်းလင်းရှိပါမူ ဗြဟ္မာ, သိကြား, ဘုရားသဗ္ဗညုတို့ တားသော်လည်း မနိုင်၊ ကေန် ဤမည်သော အကျိုး ဖြစ်ပွား၏ဟု အကြောင်းကို ဖော်၍ကြည့်လျှင် အပြစ်ကိုမြင်သော ဥဒယဉာဏ် ပေါ်ပေါက်၏။ ဤအကြောင်းမရှိခဲ့လျှင် ဗြဟ္မာ, သိကြား, ဘုရားသဗ္ဗညုတို့ ပြုပြင်သော်လည်း မရ။ ဤမည်သော အကျိုးတရား ကေန်ပျက်ဆုံး၏ဟု အကြောင်းကို နုတ်၍ကြည့်လျှင် အပျက်ကိုမြင်သော ဝယဉာဏ် ပေါ်ပေါက်၏။ ထိုဉာဏ် ၂–ပါးကိုပင်လျှင် ဥဒယဗ္ဗယဉာဏ် ခေါ်၏။ ထိုသို့ နာမ်ရုပ်တရားတို့၏ အကြောင်း နှင့်သ...စပ်၍ ဖြစ်လေ့ရှိသည်၏ အဖြစ်ကိုမြင်က ၎င်းတရားတို့၏ အနိစ္စအချက်ကို ကောင်းကောင်း ထင်မြင်နိုင်၏။

ရေအပြင်၌ တစ်ခုသော တုတ်လုံးတံဖြင့် ရေးခြစ်သည်ရှိသော် ရေးခြစ်သော တုတ်လုံးတံသည် ရေအပြင်၌ စိုက်ဆဲအခါ၌သာ အရေးအကြောင်းလိုလို ဖြစ်၏။ တုတ်လုံးတံရွေ့သည်နှင့် တစ်ပြိုင်နက် ရေမှာအရေးသည် တစ်ပါတည်း ပျက်ကွယ်လေသကဲ့သို့ လည်းကောင်း, ပွတ်ဆောက်ဖျားပေါ်၌ ချလိုက်သော မုန်ညင်းစေ့သည် ပွတ်ဆောင်ဖျားပေါ်၌ တည့်တည့်ကျခိုက်အခါတွင်သာ တည်၍ တစ်ခဏချင်း ပျက်စီးလေသကဲ့သို့ လည်းကောင်း, ပထဝီ ဝါယော လွန်ကဲသော တိမ်ညွန့် ၂–ခုတို့ကို တိုက်ခိုက်ဆဲအခါ လျှပ်စစ် ပြက်၍ ပြက်၍ ချက်ချင်း လျှပ်စစ် ကွယ်ပျောက်လေသကဲ့သို့ လည်းကောင်း, ထို့အတူ လက်ငင်း ပစ္စုပ္ပန် ထင်ရှားသော အကြောင်းတရားသည် ကျေးဇူးပြုခိုက်တွင်သာ လျှပ်စစ်ပြက်သကဲ့သို့ အကျိုးတရားပေါ်တည်၍ တစ်ခါတည်း အကြောင်းနှင့်တကွ ပျက်စီးရလေတော့သည်။

ကျေးဇူးပြုသော ပစ္စည်းတရားက ခိုင်မြဲသောတရား ဖြစ်ပါမူကား ၎င်း၏ အကျိုးလည်း ခိုင်မြဲလေရာ၏။ ထိုသို့ကား မဟုတ်ပါခဲ့။ ပရမတ္ထတရားချင်းသာ ကျေးဇူးပြုရလေသည်ဖြစ်၍ သူ့ကို မကယ်သာ, ငါလည်း မကယ်နိုင် ဆိုသကဲ့သို့ သမုဒ္ဒရာအတွင်းမှာ အပြင်းမောပန်း အားစွမ်းလျှလျှ လက်ပန်းကျသောသူ ၂–ယောက်ပုံကဲ့သို့ အကြောင်းအကျိုး တစ်စုံလုံးပင် စုံးစုံးစုပ်စုပ် ဘင်ခဏတွင် မြုပ်ကြလေတော့သည်။ ဤအတိုင်း ဉာဏ်၌ထင်မြင်လာသောအခါ ထိုရုပ်နာမ် တရားတို့သည် အလေ့ပေါက်ပွား အလကား အမှိုက်သရိုက် မြက်ထွေး မြက်ဆွေး

http://www.dhammadownload.com



တို့ကဲ့သို့ အားကိုးလောက်ဖွယ် အနှစ်သာရ ဘာတစ်ခုမျှ မရှိ။ ပြင်စင်လွင်ပ အနတ္တတို့သာ တကားဟု ကြိုးစားဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝတွင် မှန်ပြသကဲ့သို့ ထင်မြင်နိုင်လေ၏။ ဤအဖြစ်အပျက် ၂-ပါးကို ရှုသောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် မည်၏။

ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ အဖြစ်ကို နှလုံးမသွင်းပဲ အပျက်၌သာ သတိဉာဏ် တည်တော့၏။ ထို ဘင်္ဂဉာဏ် ထက်သန်လာသောအခါ ပြင်းစွာ ရိုက်နှက်၍ ကွဲပျက်ဆဲဖြစ်သော အိုးခွက်, လှော်ချက်ဆဲ ဖြစ်သော နှမ်း, ပရမ်းပတာ မြူတို့ကဲ့သို့လည်းကောင်း၊ မိုးပေါက်ကြီးစွာ မိုးရွာတုန်းအခါ ကမ်းထိပ်ကရပ်၍ ကြည့်သော ယောကျ်ားသည် ရေအပြင်၌ ရှုပ်ယှက်ခတ်ပျက်၍, ပျက်၍နေသော ဥဖောင်းရေပွက်တို့ကို မြင်ရသကဲ့သို့ လည်းကောင်း ခပ်သိမ်းသော သင်္ခါရတရားတို့၏ ရှုပ်ယှက်ခတ် လျင်စွာ ပျက်စီး၍နေသည်ကို မြင်ရ၏။

ဘင်္ဂဉာဏ် ထက်သန်လာသောအခါ သက်ရှည်ချမ်းသာ အနာကင်းလိုဘေးကို ကြောက်တတ်လှသောသူသည် ခြင်္သေ့, သစ်ကျား, သားရဲစွယ်ပြူး, ဘီလူးရက္ခိုသ်, နွားမိုက် ခွေးကြမ်း, မှန်ပြွမ်းသောဆင်, ဆိပ်လျင်သော မြွေဆိုး, မိုးကြိုးကျခြင်း, သင်္ချိုင်းစစ်ပွဲ, ရဲရဲငြိသော ရှားမီးအစုတွေကို တွေ့သောကာလ မှိုင်မှေ့ဝေနောက် သေမလောက်ကြောက်ခြင်း ဖြစ်သကဲ့သို့ ခပ်သိမ်းဥသုံ အလုံးစုံ ပျက်ပြား၍နေသော သင်္ခါရတရားတွေကို သေမင်းဘေးကြီး ထပ်ကြပ်လိုက်သော ပမာ လွန်စွာကြောက်အားကြီးလှသော ဘယဉာဏ် ထင်မြင်လာ၏။

ဘယဉာဏ် ထက်သန်လာသောအခါ သက်ရှည်ချမ်းသာ အနာကင်းလိုဘေးကိုကြောက်တတ်သော သူသည် သားရဲနေသော လှိုု, ကျားခိုသော တောင်ခေါင်း, မိကျောင်းရဲသော ရေ, ဓားပြနေသော တောတောင်, မီးလောင်သော အိမ်, ရွယ်ချိန်လွှတ်ပစ် ခုတ်ထစ် တိုက်ခိုက်ဆဲဖြစ်သော စစ်မြေသို့ ရောက်၍ ကြောက်ရွံ့ထိတ်လန့် စိတ်မပျော်ရွှင် ထက်ပန်းကျင်အားဖြင့် အပြစ်အာဒီနဝကိုမြင်သကဲ့သို့ ခပ်သိမ်းသော ဘဝတို့၌ ကိုးစားရာ ရှာကြံမရ။ အလုံးစုံသော လောကကြီးကို မီးခဲတွင်း, မီးခဲစု အတန်အာသီဝိသောပမ သုတ္တန်အလာဓာတ်လေးဖြာ ကို အဆိပ်လျင်သော မြွေ, ၅-ထွေသော ခန္ဓာကို ဥက္ခိတ္တာသိက

http://www.dhammadownload.com



သန့်လျက်ချိမသော သူသတ်ယောက်ျား, အစ္ဈတ္တိကာယတန ၆–ပါးကို ရွာပျက် ပမာ, ဗာဟိရာယတန ၆–ပါးကို ခိုးသူ ဓားပြကြီးဟု အပြစ်ကြီးစွာ ထင်သော အာဒီနဝဉာဏ် ပေါ်လာ၏။

အာဒီနဝဉာဏ် ထက်သန်သောအခါ အနောတတ်အိုင်၏ အနောက်မျက်နှာ ရတနာ ၇–ပါးဖြင့်ပြီးသော စိတ္တကူဋ်တောင်ခြေ ကြာတောဝယ် ရွှင်မောပျော်နေသော ရွှေဟင်္သာသည် ဒွန်းစဏ္ဍာန်းရွာ၏အထွက် စိမ်းစိုသော ရွံ့အိုင်ပွက်၍ မနှစ်သက် မပျော်နိုင်သကဲ့သို့လည်းကောင်း, ယူဇနာ ၃၀၀၀ ဟေဝန်ချောင်နှင့် တောတောင် အကြွေ၌သာ ပျော်မွေ့နေကျဖြစ်သော မိဂရာဇာကေသရာသည် လူ့ရွာ ဝင်းခြံ၌ ပျော်စံမမွေ့ ငြီးငွေ့လေသကဲ့သို့ လည်းကောင်း, ဆဒ္ဒန္တအိုင် အနား၌သာ ပျော်ပါးနေကျဖြစ်သော ဆင်ဖြူဆဒ္ဒန် ကောင်းကင်ပျံသည် နိုင်ငံမြို့တွင်း၌ အလျဉ်းပင် မပျော်မွေ့နိုင်သကဲ့သို့လည်းကောင်း, ခပ်သိမ်းသော ဘုံဘဝ ရုပ်နာမ် သင်္ခါရတို့၌ အပြစ်အာဒီနဝကို မြင်ပြီးသော ယောဂီမြတ်တို့သည် ဟင်္သာ, ကေသရာ, ဆဒ္ဒန်အလား အတန်တန်သော နာမရူပဓမ္မ သင်္ခါရတို့၌ ပျော်ပိုက်ရန် အားမသစ်, မနှစ်ခြိုက်နိုင်၊ ညှိုးမှိုင်နွမ်းချည့် ပျင်းရိငြီးငွေ့ခြင်း တည်းဟူသော နိဗ္ဗိဒါဉာဏ် ပေါ်ပေါက်လေ၏။

နိဗ္ဗိဒါဉာဏ် ရင့်သန်ထက်မြက်သောအခါ မြွေမိသော ဖားအယောင်, ချိုင့်လှောင်မိသော တောကြက်, အလမ္ပာယ်လက်၌ မြွေ, ကျော့ကွင်းမိလေသော သမင်, ဂဠုန်လက်တွင်း နဂါး, ကြောင်ဖားလက်၌ ကြွက်သူငယ်, နက်ကျယ်သော ညွန်ပျောင်း၌ကျသော ဆင်အို, ရာဟုမျိုသော လဗိမာန်, ရန်သူဝိုင်းသော ယောက်ျား စသည်ကဲ့သို့ ဘယ်တစ်စုံတစ်ရာသော သင်္ခါရ၌ပင် ပျော်ပါးငြိတွယ် ဖွဲ့စပ်တပ်စွန်း ခြင်းမရှိ၊ လွန်စွာထန်ပြင်း လွတ်ကင်းထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ် ပေါ်ပေါက်လာ၏။

ဤဉာဏ်သို့ ပေါက်ရောက်လာကာ ငါးဆောင်းသော ယောက်ျားသည် မြွေဟောက်ကိုအုပ်မိက ပီတိရွှင်ပျငါးကြီးရပေ့ါဟု သော့လျင်စွာ ဖမ်းလိုက်ရာတွင် ကြီးစွာ ဆိပ်တောက် စိတ်ဒေါသပေါက်သော မြွေဟောက်ကြီးကို မြင်လေရာတွင်မှ ကြောက်လန့်တုန်အေး မြွေဟောက်ဘေးကို ဝေးအောင်ပစ်ဖို့ရန်အတွက်

http://www.dhammadownload.com



ချက်ကောင်းကိုရှာပြီးမှ ဝေးလှအောင် လွှင့်ပစ်ပြီးကာ လျင်စွာတက်ပြေး၍ မြွေဘေးမှ ငါလွတ်ခဲ့ပေပြီဟု ဝမ်းမြောက်ဝမ်းသာ လှည့်ကာလှည့်ကာ တွေးဆဘိသကဲ့သို့ ရုပ်နာမ်တရားတို့၏ အဖြစ်သနစ်ကို မစိမစစ် မစုံစမ်း အကန်းပကတိ ဖြစ်နေစဉ်က ၎င်းရုပ်နာမ်၏ အကြောင်းအရာကို တစ်ခါတစ်ရံမျှ မကြံဖန်မိ၊ ဒိဋ္ဌိတဏှာသည်းစွာ တင်းကြမ်း ငန်းမန်းသွေးမွှန်၍ နေခဲ့မိသမျှကို ဆိုခဲ့ပြီးသော အတိုင်း ပဋိစ္စသမုပ္ပာဒ်နည်းမှ အခြေစ၍ ဥဒယဗ္ဗဉာဏ်မှ အဆင့်ဆင့်တက်ကာ မုစ္စိတုကမျတာဉာဏ်သို့ရောက်က တွေးထောက်ကြံဖန်ပြန်လှန် စဉ်းစားလိုက်က မြွေဟောက်ကို လက်မှလွှတ်ပြီးသူကဲ့သို့ ငါ့မှာ ရှေးက မသိဖူးသောတရားများကို သိရပေပြီဟု ရှေးကထက်ပင် များစွာ အားတက်ပြန်သဖြင့် လွတ်လိုသော မုစ္စိတုကမျတာဉာဏ် ပေါက်သောအတိုင်း လွတ်ရစိမ့်သောငှါ ဘာဝနာ ၄၀-ဖြင့် ဉာဏ်ဝယ်စူးစိုက် အားတိုက်ဖိနှိပ် ခဲကြိတ်ကြိုးစားလေရာ ရှေးကထက် အထင်အမြင်သာ၍ တဏှာဒိဋ္ဌိတို့ ပါးရှားသည်ထက် ပါးရှားသော ပဋိသင်္ခါဉာဏ် ပေါ်ပေါက်လာ၏။

လွတ်ထွက်ရန် အားတိုက်ရှုသော ပဋိသင်္ခါဉာဏ် ထက်သန်လာသော အခါ ရှေးဦးပထမက ချစ်ကြည်လှစွာသော မယားဆိုးကို ရန်ငြိုးမျက်ပွား မုန်းထားပြစ်မြင် ခွာကြဉ်စွန့်ပစ်ပြီးနောက် တစ်စုံတစ်ယောက်သော ယောကျ်ားနှင့် ပျော်ပါးခုံမင် ရယ်မောရွှင်၍ နေချင်တိုင်း နေသော်လည်း မမုန်းမချစ် လျစ်လျူသာ ဖြစ်သကဲ့သို့ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငါပင်ငါပဲ ထင်စွဲစရာ ဉာဏ်ဖြင့်ရှာမရသောကြောင့် ကြောက်ခြင်း၊ နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်းမချစ် လျစ်လျူဖြစ်သော သင်္ခါရုပေက္ခာဉာဏ် ပေါ်ပေါက်လာ၏။

သင်္ခါရတရားတို့၌ ကြောင့်ကြဗျာပါရစိုက်မှု ပြေငြိမ်းသော သင်္ခါရုပေက္ခာဉာဏ် အလွန်ထက်သန်သောအခါ နေထွက်လိုသော် အရုဏ်လာခြင်းကဲ့သို့ မဂ်ဉာဏ် ၄-ပါးပေါ်ရန် လွန်စွာလျော်လှသော မဂ်ပေါ်ဖို့ ကျေးဇူးပြုတတ်သော အနုလောမဉာဏ် ဖြစ်ပေါ်လာ၏။

ဤအနုလောမဉာဏ် ဟူသည်ကား မဂ်ဖြစ်သော ဝီထိမှာ အာဝဇ္ဇန်း, ပရိကံ, ဥပစာ- ဇောတို့၏နောက် ဂေါတြဘူဇော၏ ရှေ့ဖြစ်သော အနုလုံဇော

http://www.dhammadownload.com



ပင်လျှင်တည်း။

ဆိုခဲ့ပြီးသော ဝိပဿနာဉာဏ်တွင် သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမ ဉာဏ်တို့ကို သံသရာဝဋ်အတွင်းက အတင်းထ၍ ကျွတ်လွတ်သောမဂ်သို့ ရောက် စေတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍ ခေါ်ဝေါ်အပ်၏။ သင်္ခါရုပေက္ခာ ဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ် ၃-ပါးကိုလည်း လောကီတရားတို့၏ အထွဋ်အထိပ်ဆုံးသို့ ရောက်သောဉာဏ်တို့ဖြစ်၍ သိခါပတ္တဝိပဿနာဉာဏ်ဟူ၍ ခေါ်ဝေါ်ရ၏။ လောကုတ္တရာမှလွဲလျှင်ဆိုပြီး ဉာဏ် ၃-ပါး အထွဋ်အထိပ်ဆုံး ဆိုလိုသည်။

ဤဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ဆိုက်ရောက်သောအခါ ကေန် မဂ်ပေါ်လာ တော့မည်ဖြစ်၍ အားထုတ်ကြိုးပမ်း အလုပ်ကိစ္စ စင်ကြယ်ပြီးမြောက်ပြီးဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ရင့်လာသည် ရှိသော် နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူစိတ်နှင့်တကွ မဂ်ပေါ်ပေါက်လာ၏။

**မဂ္ဂဝီထိဖြစ်ဟန်ကား** - ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်၍ ဥဒယဗ္ဗယ စသော ဝိပဿနာဉာဏ် အဆင့်ဆင့် သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် အားတက်ကြိုးမင်း အတင်းဆန်တက်လာသော ယောဂီပုဂ္ဂိုလ်အား မဂ်တည်းဟူ သော အပ္ပနာဖြစ်လိုလတ်သော် ယောဂီပုဂ္ဂိုလ်၏ တိဟိတ်ဘဝင်သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ဘဝင် ၂-ကြိမ်ကျ၏။ ထို့နောင် မနောဒွါရာဝဇ္ဇန်းစိတ်သည် ရုပ်နာမ်တရားတို့၏ အနိစ္စစသော လက္ခဏာရေး ၃-ပါးတို့တွင် ၁-ပါးပါးကို အာရုံပြု၍ အာဝဇ္ဇန်းကိစ္စနှင့် ဖြစ်၍ချုပ်၏။ ထို့နောင် မဟာကုသိုလ်သမ္ပယုတ် ၄-ပါးတွင် ၁-ပါးပါးသည် အာဝဇ္ဇန်းကဲ့သို့ အာရုံပြု၍ ပရိကံ, ဥပစာ, အနုလုံ အမည်ဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဇော ၃-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်၏အနွယ်ကိုဖြတ်သော ဂေါတြဘူကိစ္စနှင့် ဇော ၁-ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် သောတာပတ္တိမဂ်စိတ်သည် -

၁။ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဒုက္ခအဖြစ်ကို စင်စစ်သိမြင်ခြင်း၊

၂။ သမုဒယသစ္စာ၏ အပင်းအသင်းဖြစ်သော ဒိဋ္ဌိသမ္ပယုတ္တ တဏှာ,

http://www.dhammadownload.com



ဝိစိကိစ္ဆာတို့ကို ပယ်ခြင်း၊

၃။ အပါယ်ဒုက္ခမှ အပြီးတိုင် ငြိမ်းမှုဟုဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊

၄။ မဂ္ဂသစ္စာကို ပွားများခြင်း– ဟု ဆိုအပ်သော ကိစ္စကြီး ၄–ပါးကို တစ်ပြိုင်နက် တစ်ချက်တည်း ပြီးစီးအောင် ဆောင်ရွက်လေ၏။

ဤသောတာပတ္တိမဂ်သည် သမုစ္ဆေဒ– ပဟာန်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ပယ်၏။ မဂ်ရှေ့ဇောတို့တွင် အနုလုံဉာဏ်ဇောသည် သင်္ခါရလျှင် အာရုံရှိသော ဝိပဿနာအရာ၌ အထွဋ်အထိပ် အဆုံးစွန်ဖြစ်၏။ ဂေါတြဘူဉာဏ်ဇောသည် ဝုဋ္ဌာနဂါမိနီဝိပဿနာအရာ၌ အထွဋ်အထိပ် အဆုံးစွန် ဖြစ်၏။

## ဝီထိပုံစံကား

| ဘွင် | န | ဒ | မ | ကံ | စာ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

ဤသောတာပတ္တိမဂ် ဝီထိ၌ ရှေ့နောက်ဘဝင်ကို ပဉ္စဝေါကာရတိဟိတ် ဘဝင် ၉–ခုချ၊ မနောဒွါရာဝဇ္ဇန်း အစ အနုလုံ အဆုံးရှိသော စိတ်တို့သည် လက္ခဏာရေး ၃–ပါးတို့တွင် ၁–ပါးပါးကို အာရုံပြုကြကုန်၏။ ဂေါတြဘူ, မဂ်, ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ မဂ်ရှေ့ ဇောတို့ကို မဟာကုသိုလ် သမ္ပယုတ် ၄–ခုတို့တွင် တစ်ခုခုချ၊ သောတာပတ္တိမဂ်သည် ပဌမဈာန်နှင့်ယှဉ်လျှင် မဟာကုသိုလ် တတိယဒွေချ၊ ကြွင်းသော အောက်ဈာန် ၄–ပါးနှင့် ယှဉ်လျှင် ပထမဒွေချ၊ သောတာပတ္တိမဂ်နှင့် ဖိုလ်ချ၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ် ၃–ကြိမ်ချ၊ ရှေ့ကာမဇောတွင် ပရိကံကို ချန်၊ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ် ၂–ကြိမ် ချ၊ ပရိကံကိုလည်း ထည့်။

## တိက္ခပုဂ္ဂိုလ်၏ ဝီထိပုံစံ

| ဘွင် | န | ဒ | မ | စာ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ် | ဘွင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

မိခင်ရောဝတီ

http://www.dhammadownload.com



ထိုယောဂီပုဂ္ဂိုလ်သည် ဒုက္ခိတ သတ္တဝါ သံသရာခရီးသမား ပုထုဇဉ်အလား မှ ကျွတ်လွတ်ထမြောက်၍ အရိယာနွယ်ဝင် နိဗ္ဗာန်သခင် အဖြစ်သို့ ရောက်လေ၏။

ထိုပထမအဆင့် မဂ်လမ်းပွင့်ပြီးသော ပုဂ္ဂိုလ်သည် အရှင်းသတ် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်ပြီးဖြစ်၍ နောင်အပါယ်သို့ သွားရဦးမည်လောဟု တွေးသော ကြောက်လန့်ဖွယ်သော ဘေး, ရုပ်နာမ်ခန္ဓာတို့ကို ငါပင်ပါပဲဟု ထင်စွဲလိမ့်သော ဘေး, ရတနာ ၃-ပါး၌ ယုံမှားလိမ့်သော ဘေးတို့မှ အေးအေးသာသာ တစ်ခါတည်း လွတ်ရ၏။ အကယ်၍ တစ်ဘဝတည်း နိဗ္ဗာန်သို့ ပေါက်ခဲ့သေးလျှင် အထွဋ်အမြတ်ဖြစ်သော ဘုံဘဝတို့၌သာ ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့ မြိန်မြိန်ကြီး ပျော်ပါး အငြိမ်းစားပင်စင်ရ၍ ၇-ဘဝထက် မလွန်ရပဲ နိဗ္ဗာန်မြို့ကပ်ပန်းကို ခြွေလှမ်းပန်ဆင်ရလေတော့သတည်း။

မဂ်ပေါက်သောအခါ တစ်ဆင့်တစ်တန်း အသိဉာဏ်ကိစ္စ စင်ကြယ်ပြီးစီးပြီးဖြစ်၍ ဉာဏဒဿနဝိသုဒ္ဓိ ပေါက်၏။ ဆိုခဲ့ပြီးသော ဥဒယဗ္ဗယစသော ဝိပဿနာဉာဏ်အစဉ်မှာ တစ်ဆင့်ထက်တစ်ဆင့် ရင့်ရင့်ကြီး ထူးခြားစွာ ရေးသား ပြဆိုခဲ့သော်လည်း အလုပ်စခန်းမှာ ဥဒယဗ္ဗယဉာဏ် ကောင်းကောင်း ပေါက်လျှင် အထက်ဉာဏ်စုလည်း အလိုလို ပြီးရတော့၏။ ဥဒယဗ္ဗယဉာဏ် လိုရင်းဖြစ်၏။

ရုပ်နာမ်တရားတို့၏ ပဋိစ္စသမုပ္ပာဒ် နည်းစနစ်အတိုင်း အကြောင်းအကျိုး တွဲစပ် ကျေးဇူးပြုကြပုံကို မြင်လျှင်လည်း ဥဒယဗ္ဗယဉာဏ် အလွန်လွယ်လှတော့၏။ ပထမမဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် သဒ္ဓါစွမ်း, ဝီရိယအစွမ်း, ပညာစွမ်း ရှိသလောက် အထက်မဂ် ၃-ပါးသို့ အလျင်နှင့်အနှေး ပေါက်ရောက်လေတော့သည်။ ဟိမဝန္တာမှ စီးဆင်းလာသော ဂင်္ဂါရေသည် သမုဒ္ဒရာသို့ အတွင်စီးသကဲ့သို့ ပထမအရိယာလည်း နိဗ္ဗာန်သမုဒ္ဒရာသို့သာ စီးလေတော့၏။

**ဆောင်ပုဒ်သံခိပ်။ ။ လွတ်လိုလှ၍၊ လွတ်ရတဲ့ငှါ၊ ဘာဝနာ ၄၀၊အကျယ် ဖြန့်ချီ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်။**

(ဘာဝနာ ၄၀-ဆိုသည်ကား တော ၄၀-ပင်တည်း။)

မိခင်ရောဝတီ

http://www.dhammadownload.com



## ဘာဝနာ ၄၀–ဆောင်ပုဒ်၊ ခန္ဓာ ၅–ပါး

ခန္ဓာ ၊ခန္ဓာတို့သည်။

၁။ ရူပက္ခန္ဓော၊ ရုပ်အစုဟူသော ရူပက္ခန္ဓာ လည်းကောင်း။

၂။ ဝေဒနာက္ခန္ဓော၊ ခံစားမှုအစုဟူသော ဝေဒနာက္ခန္ဓာ လည်းကောင်း။

၃။ သညာက္ခန္ဓော၊ အမှတ်ပြု၍ သိမှုအစုဟူသော သညာက္ခန္ဓာ လည်းကောင်း။

၄။ သင်္ခါရက္ခန္ဓော၊ စိတ်၏စေ့ဆော်မှု, ပြုပြင်မှုအစုဟူသော သင်္ခါရက္ခန္ဓာ လည်းကောင်း။

၅။ ဝိညာဏက္ခန္ဓော၊ အာရုံကို ထွေထွေထူးထူး သိမှုအစုဟူသော ဝိညာဏက္ခန္ဓာ လည်းကောင်း။

ဣမေ၊ ဤသည်တို့ကား။ ပဉ္စက္ခန္ဓာ၊ ၅–ပါးသော ခန္ဓာတို့တည်း။

## အနိစ္စလက္ခဏာ ၁၀–ပါး

ဣမေ ပဉ္စက္ခန္ဓာ၊ ဤ ၅–ပါးသော ခန္ဓာတို့သည်။

၁။ အနိစ္စာ၊ မမြဲခြင်းသဘော မရှိကုန်။

၂။ အဓုဝါ၊ ခိုင်မာခြင်းသဘော မရှိကုန်။

၃။ အသာရာ၊ အနှစ်သာရ မရှိကုန်။

၄။ စလာ၊ ရွေ့လျားတတ်ကုန်၏။

၅။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်၏။

၆။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

၇။ မရဏဓမ္မာ၊ သေဆုံးခြင်းသဘော ရှိကုန်၏။

၈။ ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်းသဘော ရှိကုန်၏။

၉။ သင်္ခါတာ၊ အဖန်ဖန် ပြုပြင်အပ်ကုန်၏။

၁၀။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘော ရှိကုန်၏။

အနိစ္စံ၊ အနိစ္စလက္ခဏာ ၁၀–ပါးတည်း။

http://www.dhammadownload.com



## ဒုက္ခလက္ခဏာ ၂၅-ပါး

ဣမေ ပဥ္စက္ခန္ဓာ၊ ဤ ၅-ပါးသော ခန္ဓာတို့သည်။

၁။ ဒုက္ခာ၊ ယုတ်မာညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း။

၂။ ဘယာ၊ ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။

၃။ ဤတီ၊ ထိတ်လန့်သဖွယ် အန္တရာယ်မျိုးတို့သာတည်း။

၄။ ဥပဒ္ဒဝါ၊ လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း။

၅။ ဥပသဂ္ဂါ၊ တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးတို့သာတည်း။

၆။ ရောဂါ၊ ကြင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း။

၇။ အာဗာဓာ၊ နှိပ်စက်ညစ်ဆိုး အနာမျိုးတို့သာတည်း။

၈။ သလ္လာ၊ စူးဝင်ညစ်ဆိုး မြှားငြောင့်မျိုးတို့သာတည်း။

၁၀။ အဃာ၊ အကျိုးယုတ် အကျိုးမဲ့မျိုးတို့သာတည်း။

၁၁။ အတာဏာ၊ စောင့်ရှောက်မဲ့လျဉ်း ဘေး၏အသင်းတို့သာတည်း။

၁၂။ အလေဏာ၊ ကွယ်ကာမဲ့လျဉ်း ဘေး၏အသင်းတို့သာတည်း။

၁၃။ အသရဏာ၊ ကိုးရာမဲ့လျဉ်း ဘေး၏အသင်းတို့သာတည်း။

၁၄။ အာဒီနဝါ၊ ဆိုးဝါးညစ်ကျူ အပြစ်စုတို့သာတည်း။

၁၅။ အဃမူလာ၊ ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။

၁၆။ ဝဓကာ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါကို နာရီမလပ် အတွင်သတ်
သည့် လူသတ်မျိုးရိုးတို့သာတည်း။

၁၇။ သာသဝါ၊ အာသဝေါတရား ၄-ပါးတို့၏ အစီးအပွားတို့သာတည်း။

၁၈။ မာရာမိသာ၊ ကိလေသာမာရ် မစ္စုမာရ်တို့၏ စားဖတ်, ဝါးဖတ်
သုံးသပ်နင်းနယ်ရာတို့သာတည်း။

၁၉။ ဇာတိဓမ္မာ၊ သတ္တဝါကို မညှာမငဲ့ မရွံ့မစောင်း မကောင်းဆိုးညစ်
ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။

၂၀။ ဇရာဓမ္မာ၊ ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိကုန်၏။

၂၁။ ဗျာဓိဓမ္မာ၊ နာခြင်းသဘော ရှိကုန်၏။

၂၂။ သောကဓမ္မာ၊ စိုးရိမ်ပူပန်ရခြင်းသဘော ရှိကုန်၏။

http://www.dhammadownload.com



၂၃။ ပရိဒေဝဓမ္မာ၊ ငိုကြွေးမြည်တမ်းရခြင်း သဘောရှိကုန်၏။
၂၄။ ဥပါယာသဓမ္မာ၊ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်းသဘော ရှိကုန်၏။
၂၅။ သံကိလေသိကဓမ္မာ၊ တဏှာ, ဒိဋ္ဌိ, ဒုစ္စရိတ– တည်းဟူသော ညစ်နွမ်းခြင်း ၃–ပါးကို ပွားစီးစေတတ်သော သဘော ရှိကုန်၏။

ဒုက္ခံ၊ ဒုက္ခလက္ခဏာ ၂၅–ပါးတည်း။

## အနတ္တလက္ခဏာ ၅–ပါး

ဣမေ ပဉ္စက္ခန္ဓာ၊ ဤ ၅–ပါးသော ခန္ဓာတို့သည်။
၁။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်၊ အစိုးမရကုန်၊ အလိုသို့မလိုက်ကုန်။
၂။ ပရော၊ အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့သာတည်း။
၃။ ရိတ္တာ၊ အနှစ်သာရ ဟူသမျှနှင့် မြူစမယှဉ် အစဉ်ဆိတ်ကင်းသော တရားတို့သာတည်း။
၄။ တုစ္ဆာ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားတို့သာတည်း။
၅။ သုညာ၊ ထောက်ရာတည်ရာ ကိုးကွယ်ရာမျိုး တစ်စိုးတစ်စိ မရှိလုံးလုံး အသုံးမကျသော တရားတို့သာတည်း။

အနတ္တာ၊ အနတ္တာလက္ခဏာ ၅–ပါးတည်း။

(က) အနိစ္စလက္ခဏာ ၁၀–ပါး။
(ခ) ဒုက္ခလက္ခဏာ ၂၅–ပါး။
(ဂ) အနတ္တလက္ခဏာ ၅–ပါး။ ပေါင်း ဘာဝနာ ၄၀–ဖြစ်၏။

ဘာဝနာ ၄၀–ဆောင်ပုဒ် ပြီး၏။

## ဝိမောက္ခ ၃–ပါး

၁။ အနိမိတ္တာ ဝိမောက္ခ။
၂။ အပ္ပဏိဟိတ ဝိမောက္ခ။
၃။ သုညတ ဝိမောက္ခ။

http://www.dhammadownload.com



**ဆောင်ပုဒ်သံခိပ်။ ။ ဝိမောက္ခနက်၊ ကျွတ်လွတ်ချက်၊ ဖိုလ်မဂ်မည်သည်သာ။**

ဝိမောက္ခကား ကျွတ်လွတ်ခြင်းအနက်တည်း။ သံသရာနယ်တစ်ခွင်မှ အစဉ်သဖြင့် ကျွတ်လွတ်တတ်သော အနက်သဘောကြောင့် မဂ် ၄–ပါး, ဖိုလ် ၄–ပါးသည် ဝိမောက္ခ မည်၏။

## ဝိမောက္ခ မုခ ၃–ပါး

၁။ အနိမိတ္တာနုပဿနာဉာဏ်။

၂။ အပ္ပဏိဟိတာနုပဿနာဉာဏ်။

၃။ သုညတာနုပဿနာဉာဏ်။

**ဆောင်ပုဒ်သံခိပ်။ ။ ဝိမောက် – မုခ၊ တံခါး၀၊ အရ လက္ခဏာ။**

## ဝိမောက္ခ မုခ ၃–ပါးအထူး

၁။ အနိစ္စာနုပဿနာဉာဏ်။

၂။ ဒုက္ခာနုပဿနာဉာဏ်။

၃။ အနတ္တာနုပဿနာဉာဏ်။

ဝိမောက္ခမုခ–ကား မဂ်၏တံခါး၀, ဖိုလ်၏တံခါး၀တည်း၊ အရမူကား လက္ခဏာရေး ၃–ပါးတည်း၊ အနုလောမဉာဏ် ၃–ပါး ဆိုလိုသည်။

**ဆောင်ပုဒ်သံခိပ်။ ။ ဝုဋ္ဌာနဂါမိနီ၊ ဉာဏ်ဆိုက်ဘိ၊ ဝိမုနယ်အပါ။**

ဝိပဿနာဉာဏ် ၁၀–ပါးတို့တွင် အဆုံးဖြစ်သော ဝုဋ္ဌာနဂါမိနီ အမည်ရှိသော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ၂–ပါးသို့ ဆိုက်ရောက်သော အနုပဿနာဉာဏ် ၃–ပါးသည် မဂ်တံခါး၀ မည်သော ဝိမောက္ခမုခ နယ်တွင်းသို့ ပါဝင်ပြီဟူလို။

**ဆောင်ပုဒ်သံခိပ်။ ။ အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခ ပဏိဟိတာ။ အနတ္တမူ၊ သုညဟူ၊ သုံးဆူ နုပဿနာ။**

၁။ အနိစ္စာနုပဿနာဉာဏ်သည် အနိမိတ္တာနုပဿနာ– မည်၏။

၂။ ဒုက္ခာနုပဿနာဉာဏ်သည် အပ္ပဏိဟိတာနုပဿနာ– မည်၏။

http://www.dhammadownload.com



၃။ အနတ္တာနုပဿနာဉာဏ်သည် သုညတာနုပဿနာ- မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ ပုဂ္ဂိုလ်, သတ္တဝါ၊ အင်္ဂါကြီးငယ်၊ ဆန်းတကြယ်၊ မှတ်ဖွယ် နိမိတ္တာ။**

ပုဂ္ဂိုလ်, သတ္တဝါသည် နိမိတ်မည်၏။ ဦးခေါင်း, ခြေ, လက်စသော အင်္ဂါကြီးစုသည်လည်း နိမိတ်မည်၏။ မျက်လုံး, နား, နှာခေါင်း, ခံတွင်း, နှုတ်ခမ်း, လျှာ, သွားစသော အင်္ဂါငယ်စု၊ ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း စသော ၃၂-ပါးသော ကောဋ္ဌာသ စုသည်လည်း နိမိတ်မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ အကုန်နိမိတ်၊ ပျောက်အောင်ကြိတ်၊ အနိမိတ္တသာ။**

သတ္တဝါတို့၏စိတ်တွင် ဒြပ်သဏ္ဌာန်နှင့် ကြောင်ကြောင် ထင်မြင်၍ နေကြသော ထိုနိမိတ်တရားတွေကို သဘာဝဉာဏ်, အနိစ္စဉာဏ်နှင့် အဖန်ဖန် ကြိတ်နယ်၍ ကွယ်ပျောက်စေနိုင်သော ဉာဏ်ဖြစ်သောကြောင့် အနိစ္စာနုပဿနာ ဉာဏ်ကို အနိမိတ္တဉာဏ် ဆိုသည်။

**ဆောင်ပုဒ်သံခိပ်။ ။ အတင့်အတယ်၊ အဖွယ်အရာ၊ မင်္ဂလာသုဘ၊ သုခတ္တဋ္ဌ၊ ထင်သမျှ၊ မှတ်ကြ ပဏိဟိတာ။ အကုန် ပဏိဟိ၊ ပျောက်စေဘိ၊ အပ္ပဏိဟိတာ။**

လူ့လောက, နတ်လောက, ဗြဟ္မာ့လောက, အစ္ဈတ္တ, ဗဟိဒ္ဓ, တေဘူမက ဓမ္မတို့၏ အတွင်း၌ နှစ်သက်ဖွယ်, မြတ်နိုးဖွယ်, တင့်တယ် ကောင်းမြတ်သည် ကို တွေ့ရှိထင်မြင်၍ နေကြသောအရာသည် ပဏိဟိတ- မည်၏။ ထို ပဏိဟိတ တွေကို ဘေးဘယအစ ထင်အောင်ရှုသော ဉာဏ်ဖြစ်၍ ဒုက္ခာနုပဿနာဉာဏ် ကို အပ္ပဏိဟိတ- ဉာဏ် ဆိုသည်။

**ဆောင်ပုဒ်သံခိပ်။ ။ နတ်, လူ, ဗြဟ္မာ၊ ငါ, သူတစ်ပါး၊ ယောကျ်ား, မိန်းမ၊ ပုဂ္ဂလနှင့်၊ စိုးရပိုင်နိုင်၊ ခံနိုင်မြင့်ရှည်၊ သက်ဆိုး တည်ဟု၊ အားစည်သမျှ၊ အနန္တ၊ အတ္တ, ဇီဝသာ။ အတ္တ, ဇီဝေ၊ ပျောက်ကင်းစေ၊ မှတ်လေ သုညတာ။**

ပစ္စည်း ပစ္စယုပ္ပန္နဓမ္မအစု, သင်္ခါရအစုမျှသာ ဖြစ်သည်ကို လည်းကောင်း၊ ခဏချင်း ခဏချင်း ချုပ်ကွယ်သေဆုံး၍ နေမှုကိုလည်းကောင်း ရှုမြင်သဖြင့်

http://www.dhammadownload.com



ထို အတ္တ ဇီဝ အထင်အမြင်ကို ပျောက်ကွယ်စေတတ်သော ဉာဏ်ဖြစ်၍ အနတ္တနုပဿနာဉာဏ်ကို သုညတ– ဉာဏ် ဆိုသည်။

ဝိမောက္ခမုခ ၃–ပါး အထူးပြီး၏။

## ဝိမောက္ခအပြား

**ဆောင်ပုဒ်သံခိပ်။** ။ **သုံ့တံခါးမှ၊ ပေါက်ရောက်က၊ မောက္ခ သုံ့မဂ်သာ။**

မဂ်သို့ ဝင်ရောက်ရန် အနုပဿနာဉာဏ် တံခါး ၃–ပေါက်ရှိသည်တွင်–

၁။ အနိစ္စာနုပဿနာ ဉာဏ်ပေါက်မှ ဝင်ရောက်ရရှိသော မဂ်သည် အနိမိတ္တမဂ် မည်၏။

၂။ ဒုက္ခာနုပဿနာ ဉာဏ်ပေါက်မှ ဝင်ရောက်ရရှိသော မဂ်သည် အပ္ပဏိဟိတမဂ် မည်၏။

၃။ အနတ္တာနုပဿနာ ဉာဏ်ပေါက်မှ ဝင်ရောက်ရရှိသော မဂ်သည် သုညတမဂ် မည်၏။

ဤသို့ ရောက်ကြောင်းဟူသော ဝိပဿနာ အာဂမမုခ–ကို အစွဲပြု၍ မဂ်သည် အမည် ၃–ပါးတွင် တစ်ပါးပါးကို ရ၏။ မဂ္ဂဝီထိ၌ ကျသောဖိုလ်သည်လည်း မဂ်ကိုအစွဲပြု၍ မိမိမဂ်ရသော အမည်ကိုရ၏။ ဖလသမာပတ္တိဝီထိ၌ ကျသော ဖိုလ်သည်ကား သုံ့ဝိပဿနာကို အစွဲပြု၍ အနိမိတ္တ– စသော အမည် ၃–ပါးတွင် တစ်ပါးပါးကို ရ၏။

(ဤကား အာဂမမုခ–၏ အစွမ်းဖြင့် မဂ်ဖိုလ်တို့၌ အမည် ၃–ပါး ဖြစ်ပုံတည်း။)

**တစ်နည်း။** ။ နိဗ္ဗာန်သည် အမည် ၃–ပါးကို ရ၏။ မဂ်ဖိုလ်တို့သည် ထိုနိဗ္ဗာန်ကို အာရုံပြုသောကြောင့် အာရုံကိုအစွဲပြု၍ အမည် ၃–ပါးလုံးကို အကုန်ရကြ၏။

**တစ်နည်း။** ။ ရာဂ, ဒေါသ, မောဟ ၃–ပါးသည် နိမိတ္တလည်း မည်၏။ ပဏိဓိလည်း မည်၏။ အလုံးစုံသော မဂ်ဖိုလ်တို့သည် ထိုနိမိတ္တဓမ္မ, ပဏိဓိဓမ္မတို့၏ အာရုံဖြစ်မှ လွတ်ကုန်၏။ ထိုဓမ္မတို့မှ ဆိတ်ကင်းကုန်၏။

http://www.dhammadownload.com



ထို့ကြောင့် အလုံးစုံသော မဂ်ဖိုလ်တို့သည် မိမိတို့၏ ပကတိသဘောကို အစွဲပြု၍လည်း ၃-ပါးသော အမည်တို့ကို ရကြကုန်၏။

သဗ္ဗညုဘုရားရှင်တို့၏ အဆုံးအမတည်းဟူသော သာသနာတော်၌ ဤဝိမောက္ခတို့ဖြင့် ကျွတ်လွတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် -

၁။ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်,

၂။ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်,

၃။ ကာယသက္ခိ ပုဂ္ဂိုလ်,

၄။ ဓမ္မာနုသာရီ ပုဂ္ဂိုလ်,

၅။ ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်,

၆။ ပညာဝိမုတ္တ ပုဂ္ဂိုလ်,

၇။ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်- ဟူ၍ ပုဂ္ဂိုလ် ၇-မျိုး ရှိကုန်၏။

ဝိမောက္ခအပြား ပြီး၏။

## သမာပတ်အပြား

ခပ်သိမ်းသော ဖလဋ္ဌပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဖိုလ်ကို မိမိတို့ အသီးအသီး ဝင်စားနိုင်ကြကုန်၏။ မဝင်စားနိုင်သူ ဟူ၍ မရှိကြကုန်။ ထို့ကြောင့် ဖလသမာပတ်မည်သည် ခပ်သိမ်းသော ဖလဋ္ဌပုဂ္ဂိုလ်တို့နှင့် ဆက်ဆံ၏။

(ဤကား ဖလသမာပတ် ၄-ပါးတည်း။)

## ဒိဋ္ဌဓမ္မ နိဗ္ဗာန်

ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသမာပတ်သည်မူကား လောကီဈာန်သမာပတ် ၈-ပါး, ၉-ပါးကို အကုန်ရရှိ၍နေသော ကာမ, ရူပအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သည်သာလျှင် ဝင်စားနိုင်ကုန်၏။

**ဝင်စားပုံကား** - ရူပ, ပဌမဈာန် သမာပတ်ကို ရှေးဦးစွာ ဝင်စား၏။ ထိုမှထ၍ ထိုပဌမဈာန် သမာပတ်အတွင်း၌ရှိသော ရုပ်နာမ်တရားတို့ကို လက္ခဏာရေး တင်၍ရှု၏။ ဈာန်ဝင်စားမှုကား သမထအလုပ်တည်း။

http://www.dhammadownload.com



လက္ခဏာရေး တင်မှုကား ဝိပဿနာ အလုပ်တည်း။

ဤနည်းအတူ ဒုတိယဈာန် သမာပတ်, တတိယဈာန် သမာပတ်, စတုတ္ထဈာန် သမာပတ်, ပဉ္စမဈာန် သမာပတ်, အာကာသာနဉ္စာယတန သမာပတ်, ဝိညာဏဉ္စာယတန သမာပတ်, အာကိဉ္စညာယတန သမာပတ်တို့ကိုလည်း အစဉ်အတိုင်း ဝင်စား၍သွား၏။ အာကိဉ္စညာယတန သမာပတ်မှ ထပြီးသည်၏ အခြားမဲ့၌ ပုဗ္ဗကိစ္စ ၄-ပါးကို ပြုပြီးလျှင် နေဝသညာနာသညာယတန သမာပတ်ကို ဝင်စား၏။ အနာဂါမ်ပုဂ္ဂိုလ်အား နေဝသညာ ကုသိုလ်ဇော ၂-ကြိမ်, ရဟန္တာပုဂ္ဂိုလ်အား နေဝသညာ ကြိယာဇော ၂-ကြိမ်ကျပြီးလျှင် စိတ်အစဉ် ချုပ်ပြတ်ခြင်းဟူသော နိရောဓ သမာပတ်သို့ ရောက်လေ၏။ စိတ်မရှိပဲ ၇-ရက်, ၆-ရက်စသည် တည်နေပြီးနောက် သမာပတ်မှ ထလိုသော် ရှေးဦးစွာ အနာဂါမ် ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် တစ်ကြိမ် ဖြစ်ပေါ်၍ ဘဝင်ကျလေ၏။

သမာပတ်အပြား ပြီး၏။

(ဤတွင်ရွေ့ကား ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏာဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿန ဝိသုဒ္ဓိဟူ၍ ဝိသုဒ္ဓိဗေဒအားဖြင့် ၅-ပါးအပြားရှိသော အဓိပညာ သာသနာတော်မြတ်ကြီး အပြီးတိုင် အစီအရင်အကျဉ်းချုပ် ပြီး၏။ ရှေ့၌ ပြဆိုခဲ့ပြီးသော အဓိသီလသိက္ခာ သာသနာ, အဓိစိတ္တသိက္ခာ သာသနာ ၂-ပါးနှင့် ပေါင်းသည်ရှိသော် သာသနာတော်မြတ်ကြီး ၃-ပါး, ဝိသုဒ္ဓိကြီး ၇-ပါး ဖြစ်၏။)

ဝိသုဒ္ဓိ ၇-ပါး ပြီး၏။

## အဋ္ဌကထာကြီးများ မိန့်ဆိုချက်

**ဆောင်ပုဒ်သံခိပ်။ ။ ပိဋကတ် ၂-ပုံ၊ အကျဉ်းချုံ၊ နှုတ်ငုံသူတို့မှာ။**

စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝိထိပိုင်း, ရုပ်ပိုင်း, ပစ္စည်းပိုင်း ဤ ၆-ပိုင်းသည် အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းချုံးသော အပိုင်းတို့ပေတည်း၊ ဘုံပိုင်း, သမုစ္စည်းပိုင်း, ကမ္မဋ္ဌာန်းပိုင်းတို့သည် သုတ္တန်ပိဋကတ်ကိုလည်း အကျဉ်းချုံးသော အပိုင်းတို့ပေတည်း၊ ၉-ပိုင်းလုံးကို သိမ်းကျုံးမိသော သူတို့သည်

http://www.dhammadownload.com



အကျဉ်းချုပ်အားဖြင့် ပိဋကတ် ၂-ပုံကို နှုတ်ငုံသိမ်းပိုက်မိကြကုန်၏။

ထိုသူတို့သည် ဤဘဝမှာပင် အကျွတ်တရားရနိုင်ရန် ဓမ္မအဆောက်အအုံနှင့် ပြည့်စုံကြကုန်၏။ ဤဘဝ၌ အကျွတ်တရား မရရှိခဲ့လျှင် နတ်ပြည်၌ ကျွတ်ကြကုန်လတ္တံ့၊ ဤသာသနာမှ ကျန်ရှိကြသော သူတို့သည် သာသနာပ နောက်ကာလ၌ ပစ္စေကဗုဒ္ဓါဖြစ်၍ ကျွတ်ကြကုန်လတ္တံ့၊ ကျန်ရှိသော သူတို့သည် နောက်ဘုရားကာလ၌ ပညာတေဒဂ်, အဘိညာတေဒဂ် ထက်မြက်သီးသီး အကျော်အမော်ကြီးဖြစ်ကြ၍ ကျွတ်ကြကုန်လတ္တံ့။

(ဤကား ဂတပစ္စာဂတ ဝတ်၌လာသော အဋ္ဌကထာကြီးများ မိန့်ဆိုချက်ပေတည်း။)

အဓိပညာသာသနာကို ပြဆိုခန်း ပြီး၏။

❋ ❋ ❋ ❋ ❋

## ၁၄။ နိဗ္ဗာန်ကို ပြဆိုခန်း

### (က) နိဗ္ဗာန်၏ အေးငြိမ်းသော သဘော

**ဆောင်ပုဒ်သံခိပ်။ ။ ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၏၊ ဇာတ်သိမ်းပြည် နိဗ္ဗာန်။**

ဇာတိချုပ်ငြိမ်းသည်ကို ဇာတ်သိမ်းဆိုသည်။ လွန်ခဲ့ပြီးသော အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက် ဇာတ်ထွက်၍ လာခဲ့သော ကိလေသာတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, ပုညာ - ပုညသင်္ခါရ ဟူသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, ပဋိသန္ဓေပဝတ္တိ ဝိပါက် ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှုကို နိဗ္ဗာန် ဆိုသည်ဟူလို။

### (ခ) အပူ ၂-မျိုး

ပုထုဇဉ်တို့၏ သန္တာန်၌ အဝီစိ- အစရှိသော အပါယ်ဘဝသို့ ပစ်ချရန် အစဉ်ပါရှိ၍နေကုန်သော အကုသိုလ်ကံဟောင်းတို့သည် တစ်ယောက် တစ်ယောက်သောသူမှာပင် အသင်္ချေယျ အနန္တရှိကြလေကုန်၏။ လူမင်း, နတ်မင်း, ဗြဟ္မာမင်းကြီးပင်ဖြစ်၍ နေကြကုန်သော်လည်း စိတ်နှလုံးတွင်းမှာ အစဉ်ပါရှိ၍နေကြကုန်

http://www.dhammadownload.com



သော ထိုအကုသိုလ်ကံဟောင်းတို့အတွက် အပူကောင်ကြီးတွေ သက်သက်သာတည်း။

(ဤကား ကံဟောင်းတွေအတွက်နှင့် အပူကောင်တွေဖြစ်၍ နေကြပုံတည်း။)

ထိုပုထုဇဉ်တို့၏ သန္တာန်၌ ရှေးသို့လည်း ဒုစရိုက်အကုသိုလ် အနန္တတို့သည် ဖြစ်ပွားကြကုန်လတ္တံ့သာတည်း။ လူမင်း, နတ်မင်း, ဗြဟ္မာမင်းပင်ဖြစ်၍ နေကြကုန်သော်လည်း ရှေးသို့ပြုလတ္တံ့ကုန်သော ထိုဒုစရိုက်အကုသိုလ် ကံသစ်တို့အတွက် အပူကောင်ကြီးတွေ သက်သက်သာတည်း။

(ဤကား ကံသစ်တွေအတွက်နှင့် အပူကောင်တွေ ဖြစ်၍နေကြပုံတည်း။)

## (ဂ) အပူမှ နိဗ္ဗာန်၏အေးငြိမ်းပုံ

သောတာပတ္တိမဂ်သို့ ရောက်သောအခါ ထိုအတိတ်ကံအနန္တတို့သည် အကုန်ချုပ်ငြိမ်းလေကုန်၏။ ထိုအနာဂတ် ကံအနန္တတို့သည် အကုန်ဇာတ်သိမ်းကုန်၏။ အပါယ်သံသရာကြီးသည်လည်း ထိုသူတို့သန္တာန်မှာ အကုန်ဇာတ်သိမ်းလေကုန်၏။ ဤချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှုသည် သောတာပန်သို့ ရောက်ကြ, ရကြ, ခံစံကြသော နိဗ္ဗာန်ကြီးပေတည်း။ ထိုသောတာပန်တို့သည် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့မှာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ကျင်လည်၍နေကြရာ ပုထုဇဉ် အပူကောင်တွေကို မြင်တိုင်းမြင်တိုင်း ငါတို့မှာ ငြိမ်းပေပြီ။ အေးပေပြီဟူ၍ အနမတဂ္ဂ ကြီးကျယ်လှသော ထိုနိဗ္ဗာန်ချမ်းသာကြီးကို ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အစဉ်ခံစား၍ သွားကြရကုန်၏။

ပရိနိဗ္ဗာန်စံဝင်ရာ ဘဝတိုင်အောင် သာသနာပသော ဘဝ, သာသနာပသော ကမ္ဘာဟူ၍ ထိုသူတို့မှာ မရှိကြကုန်ပြီ။ မိမိ၏ငြိမ်းရန် နိဗ္ဗာန်ဟူသော အကြောင်းနှင့် တစ်ပါးသော ဘုရားကိုလည်း တောင့်တဖွယ် မရှိကြကုန်ပြီ။ တစ်ပါးသော သာသနာကိုလည်း တောင့်တဖွယ် မရှိကြကုန်ပြီ။ မိမိတို့ရပြီး ရောက်ပြီး နိဗ္ဗာန်ကြီး၏ အတွင်းမှ ဘဝများစွာ ကမ္ဘာအဆက်ဆက် မထွက်ကြရကုန်ပြီ။ ထိုနိဗ္ဗာန်ကြီး၏ အတွင်း၌တည်၍ အလိုရှိရာ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ တို့ကို ခံစားစံစားကြကုန်ပြီးမှ အားရကြကုန်သောအခါ ခန္ဓာကို

http://www.dhammadownload.com



စွန့်ပစ်ကြကုန်၏။

**ဥပမာကား** – မြင့်မိုရ်တောင်ခြေရှိ ယူဇနာ ၈–သောင်း ၄–ထောင် နက်ကျယ်စွာသော အလွန်အေးမြကြည်လင်စွာသော သီတာသမုဒ္ဒရာကြီး၏ အတွင်းမှာ ရှိနေကြကုန်သော ငါးကြီးအပေါင်းတို့သည် တစ်ပါးသော မြစ်သမုဒ္ဒရာကို တောင့်တဖွယ်မရှိကြကုန်ပြီ။ နှစ်ပေါင်းမည်မျှပင် ကြာကုန်သော်လည်း ရေကုန်မည်။ ရေခန်းမည်။ ရေနောက်မည်။ ရေပူမည်ကို ကြောင့်ကြဖွယ် မရှိကြကုန်ပြီ။ ထိုသီတာ မဟာသမုဒ္ဒရာကြီး၏ အတွင်း၌သာ အသက်ရှည်ကြသမျှ ကာလပတ်လုံး အလိုရှိတိုင်း မြူးထူးပျော်ပါးစွာ နေကြကုန်ပြီးမှ ခန္ဓာကို စွန့်ကြကုန်သကဲ့သို့တည်း။

ထိုစကားမှန်၏။ ထိုအတိတ် အနာဂတ် ဒုစရိုက်ကံအနန္တတို့၏ ငြိမ်းခြင်းဟူသော နိဗ္ဗာန်သို့ ရောက်ကြကုန်ပြီးသော ထိုပုဂ္ဂိုလ်တို့သည် ထိုငြိမ်းမှုကုန်ဆုံးပြန်လျှင် ပုထုဇဉ်အဖြစ်သို့ တစ်ဖန်ရောက်ကြရပြန်ကုန်သည်။ အပါယ်ဘေးကို ကြောက်ကြရပြန်ကုန်သည်။ ဘုရားတစ်ပါး, သာသနာတစ်ပါးကို မျှော်ကြရပြန်ကုန်သည်ဟု မရှိကြကုန်ပြီ။ သံသရာ၌ ကျင်လည်၍သွားကြကုန်သော်လည်း သံသရာဝဋ်မှ ကျွတ်လွတ်သော အနေနှင့် ကျင်လည်ကြရကုန်၏။ သံသရာဝဋ်၌ နှစ်မွန်းမျောပါး၍ နောက်ကျသော ဝဋ်ကောင်မျိုး, အပူကောင်မျိုး မဟုတ်ကြကုန်ပြီ။ ပြဆိုခဲ့ပြီးသော အနက်တို့ကိုမူကား အဘိသမယသံယုတ် ပါဠိတော်ကြီးကို ထောက်၍ သိအပ်ကုန်၏။

(ဤသည်ကား ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ အဖြစ်ငြိမ်းမှု, ဓာတ်သိမ်းမှု အဟောင်း အသစ်ဖြစ်ကုန်သော ခပ်သိမ်းကုန်သော ဒုစရိုက်ကံတို့၏ ချုပ်ငြိမ်းမှု, ဓာတ်သိမ်းမှု, အပါယ်သံသရာကြီး၏ ချုပ်ငြိမ်းမှု, ဓာတ်သိမ်းမှုဟူသော သောတာပန်တို့သည် ရကြ၊ ရောက်ကြ၊ ခံစံကြရသော အသင်္ခတမဟာနိဗ္ဗာန်ကြီး၏ အခြင်းအရာကို အရိပ်အမြွက်မျှ ပြဆိုချက်တည်း။ ကြွင်းသော အရိယာပုဂ္ဂိုလ်တို့မှာလည်း ထိုက်သည့်အားလျော်စွာ သိလေ။)

http://www.dhammadownload.com



## (ဃ) သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန် ၂-မျိုး

ကံ၏ အကျိုးဖြစ်သော ခန္ဓာငါးပါးသည် တဏှာ, ဒိဋ္ဌိတို့၏ အကျိတ် အခဲ စွဲလမ်းရာဖြစ်၍ ဥပါဒိ မည်၏။

**ဆောင်ပုဒ်သံခိပ်။ ။ သဥပါဒိ၊ သေသ-နိ၊ ကြွင်းရှိ ငါးရပ်ခန်။**

နိ-ကား နိဗ္ဗာန်တည်း။ ဘဝခန္ဓာ သံသရာအကြွင်းအကျန် ရှိနေစဉ်အခါ ပေါက်ရောက်ရရှိ ခံစံကြရသော နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန် မည်၏။

သောတာပန်တို့၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု, ခပ်သိမ်းသော ဒုစရိုက် ကံတို့၏ ချုပ်ငြိမ်းမှု, အပါယ်သံသရာကြီး၏ ချုပ်ငြိမ်းမှုကို ဆိုသတည်း။ ထို သဥပါဒိသေသ နိဗ္ဗာန်သို့ရောက်ကြ၍ ထိုနိဗ္ဗာန်၌ တည်နေကြကုန်သော သောတာပန် ပုဂ္ဂိုလ်တို့အား အပါယ် ၄-ပါးဟူသော ဒုဂ္ဂတိသံသရာ မရှိကြကုန်ပြီ။ ဘုန်းတန်ခိုး ကျက်သရေနှင့် ပြည့်စုံသော လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ ဟူသော ဥပါဒိတရား ကျန်ရှိသည့်အတွက် သဥပါဒိသေသ ခေါ်ဆိုရသတည်း။

(ကြွင်းသော အရိယာတို့မှာလည်း ထိုက်သည့်အားလျော်စွာ သိလေ။)

**ဆောင်ပုဒ်သံခိပ်။ ။ အနုပါဒိ၊ သေသ - နိ၊ မရှိ ငါးရပ်ခန်။**

ခန္ဓာကြွင်း, ဘဝကြွင်း, သံသရာကြွင်း အလျှင်းမရှိသော အဆုံးစွန်သော ပရိနိဗ္ဗာန်စံမှုသည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

ဤနိဗ္ဗာန် ၂-ပါးသည် ကျန်ရှိသော ဘဝခန္ဓာ သံသရာအတွက်နှင့် အခေါ် သာလွဲကြသည်။ တစ်ခုတည်းသော သခ်တ မဟာနိဗ္ဗာန်ကြီးပင်တည်း။

**ဥပမာကား** - တစ်ခုသော မိုးကောင်းကင်ကြီးကိုပင်လျှင် ရပ်ပေါ် ရွာပေါ်မှာရှိသည်ကို ရွာကောင်းကင်ဟူ၍ ရွာမှ ကျွတ်လွတ်ရာ၌ ရှိသည်ကို တောကောင်းကင်ဟူ၍ ဆိုအပ်သကဲ့သို့တည်း။ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာအပါယ် သံသရာတို့၏ ချုပ်ငြိမ်းမှုမှစ၍ တစ်ဆက်တည်း, တစ်ပြင်တည်း, တစ်ခုတည်း သာတည်း။

http://www.dhammadownload.com



## (င) သုညတ အနိမိတ္တ, အပ္ပဏိဟိတ နိဗ္ဗာန် ၃–မျိုး

**ဆောင်ပုဒ်သံခိပ်။ ။ သုည, နိမိတ်၊ ပဏိဟိတ်၊ ဖြာစိတ် သုံးနိဗ္ဗာန်။**

နိဗ္ဗာန်သည် သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ ၃–ပါးပြား၏။

**ဆောင်ပုဒ်သံခိပ်။ ။ ပလိဗောဓ၊ ကြောင့်ကြသဖွဲ့၊ ကင်းဆိပ်ညံ့၊ နိဗ္ဗာန် သုညတ။**

သင်္ခတဓမ္မ အပေါင်းတို့တွင် အရဟတ္တဖိုလ်သည် အမြတ်ဆုံးတည်း။ ထိုအရဟတ္တဖိုလ်သည် ဇာတိရှိသော တရားဖြစ်၍ ရရှိပြီးနောက် ဝင်စားလိုပြန်သည်ရှိသော် ဖြစ်ပေါ်ရန် အကြောင်းအခွင့်တွေကို ကြောင့်ကြစိုက်နိုင်မှ ဖြစ်ပေါ်၏။ ဖြစ်ပေါ်၍ ခံစားစံစားဆဲမှာပင် မတ်တတ်ချုပ်ပျက် ကွယ်ပျောက်၍ သွား၏။ ခံစားလိုပြန်လျှင် တစ်ဖန်ကြောင့်ကြစိုက်ရပြန်၏။ ကြောင့်ကြစိုက်မှု ပလိဗောဓ မဆုံး ရှိနေ၏။ ထိုမှကြွင်းသော သင်္ခတ– တရားတို့၌ ဆိုဖွယ်မရှိ။

**နိဗ္ဗာန်မူသည်ကား** – ထိုကဲ့သို့မဟုတ်၊ ဇာတိကင်းငြိမ်းသော ဇာတ်သိမ်းမှု ဖြစ်ပေ၍ သက္ကာယဒိဋ္ဌိ, အပြီးချုပ်ငြိမ်းခြင်းကို တစ်ကြိမ်ရရှိသည့်နောက် ထိုဒိဋ္ဌိ ငြိမ်းမှု, အပါယ်သံသရာငြိမ်းမှုသည် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အမြဲ တည်လေတော့သည်ဖြစ်၍ ထိုငြိမ်းမှုအတွက်နှင့် ကြောင့်ကြစိုက်ဖွယ်ကိစ္စ တစ်စုံ တစ်ခုမျှ မရှိပြီ။ သီတာသမုဒ္ဒရာကြီး၏ အတွင်းမှာနေသော ငါးကြီးတို့ကဲ့သို့ ထိုငြိမ်းမှု အနမတဂ္ဂကြီးအတွင်းမှာ ကျင်လည်ကာ နေကြရတော့သည်။ ထို့ကြောင့် သုညတ–ဟူ၍ ခေါ်သတည်း။

**ဆောင်ပုဒ်သံခိပ်။ ။ ဘေးပေါင်းတစ်ရံ၊ မဆက်ဆံ၊ နိဗ္ဗာန်နိမိတ္တ။**

သင်္ခတဓမ္မသည် ဇာတိရှိသောကြောင့် ရန့်ရင်းသော အရိပ်နိမိတ်ရှိ၏။ ရန့်ရင်းသော အရိပ်နိမိတ်ရှိသောကြောင့် ဘေးအပေါင်းနှင့် တစ်ရံမစဲ အမြဲဆက်ဆံ၏။ အဇ္ဈတ္တဘေး, ဗဟိဒ္ဓဘေးတို့ ထိပါးနိုင်၏။ ကိလေသာတို့ သုံးသပ်နိုင်၏။ ဇရာ, မရဏမီးတို့ လောင်နိုင်၏။ နိဗ္ဗာန်သည်မူကား ထိုကဲ့သို့မဟုတ်။ အနိမိတ္တဓမ္မသာဖြစ်၏။ ထိုဘေးတို့ မထိပါးနိုင်။

http://www.dhammadownload.com



**ဥပမာကား** – ကောင်းကင်ကြီးသည် ဇာတိနှင့် ဖြစ်ပေါ်သော တရားမျိုး မဟုတ်သောကြောင့် လက်နက်ဘေးတို့ မထိပါးနိုင်၊ မစင်စသော အညစ်အကြေး တို့ မလိမ်းကျံနိုင်၊ မီးတို့မလောင်နိုင်၊ ဟောင်းနွမ်းဆွေးမြည့်သည်မရှိ၊ ပြိုပျက် ကွယ်ဆုံးသည်မရှိ။ အနမတဂ္ဂ သံသရာနှင့်အမျှ နိစ္စတည်ရှိ၏။

ထို့အတူ သောတာပန်ပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု, အပါယ်သံသရာ၏ ချုပ်ငြိမ်းမှုဟူသော နိဗ္ဗာန်သည် ဘေးအပေါင်းတို့ မထိပါးနိုင်၊ ကိလေသာတို့ မလိမ်းကျံနိုင်၊ ဇရာမရဏမီးတို့ မလောင်နိုင်၊ ထိုချုပ်ငြိမ်းမှုကို ဘေးထိ၍ ဆွေးမြည့်ကုန်ခန်းမည်ကို ကြောင့်ကြစိုးရိမ်ဖွယ်မရှိ။ သောတာပန်သည် ပုထုဇ္ဇဉ်အဖြစ်သို့ ပြန်၍ရောက်မည်ကို ကြောင့်ကြဖွယ်မရှိ။ အပါယ်သို့ ကျရောက် ပြန်မည်ကို ကြောင့်ကြဖွယ်မရှိ။ ထို့ကြောင့် နိဗ္ဗာန်ကို အနိမိတ္တ ဆိုသတည်း။

**ဆောင်ပုဒ်သံခိပ်။ ။ တောင့်တပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန် ပဏိဟိတ။**

တောင့်တခြင်းသည် ပဏိဟိတ မည်၏။ ပူပန်မှု သက်သက်တည်း။ ဒုက္ခအများက ပွားများစေတတ်၏။ သခ်တမွေမည်သော ကောင်းမွန်သော တရား ကိုရအောင် အားထုတ်၍ ရရှိသော်လည်း ကုန်ခန်းခြင်းသဘော ရှိသောကြောင့် မွဲမြဲ မွဲပြန်၏။ ဆင်းရဲမြဲ ဆင်းရဲပြန်၏။ တောင့်တ ပူပန်မှု အဆုံးမရှိ။

သောတာပန်တို့အား ရရှိ၍နေသော ထိုငြိမ်းမှုသည်ကား အဘယ်အခါမှာမှ ပျက်ကွယ်ကုန်ဆုံးခြင်း မရှိ၊ တစ်ဖန် တောင့်တရန် မရှိ၊ ဒိဋ္ဌိချုပ်ငြိမ်းမှု ပျောက်ကွယ် သွားပြန်၍ ဘုရားကို တောင့်တရပြန်သည် မရှိ၊ တရားကို တောင့်တရပြန်သည် မရှိ၊ ဒုစရိုက်ချုပ်ငြိမ်းမှု ပျောက်ကွယ်သွားပြန်၍ ဒါနကို အထူးအားထုတ်ရပြန်ပြီ, သီလကို အထူးအားထုတ်ရပြန်ပြီ ဟူ၍မရှိ။ ထို့ကြောင့် နိဗ္ဗာန်ကို အပ္ပဏိဟိတ ဟူ၍ ဆိုပေသတည်း။

(ဤအမည် ၃–ပါးသည်လည်း တစ်ခုသောအဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု၏ အမည်သာတည်း။)

အရိယာပုဂ္ဂိုလ်တို့တွင် သောတာပန်သည် အညံ့ဆုံး ဖြစ်၏။ ထိုအညံ့ဆုံး ၏ ငြိမ်းချမ်းမှုသည်ပင်လျှင် အနမတဂ္ဂ ကြီးကျယ်လှလေ၏။ ကြွင်းသော ပုဂ္ဂိုလ်

http://www.dhammadownload.com



တို့၏ ငြိမ်းချမ်းမှုမှာ ဆိုဖွယ်မရှိပေဟု သိစေခြင်းငှါ သောတာပန်၏ နိဗ္ဗာန်ကို ထုတ်ဖော်၍ ပြဆိုလိုက်သည်။

နိဗ္ဗာန်ကို ပြဆိုခန်း ပြီး၏။

* * * * *

## ၁၅။ ဝိပဿနာရှုနည်း ပြဆိုခန်း

**ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ။**
**မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။**
**မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။**

(သံယုတ်ပါဠိတော်)

**အနက်။** ။ ရူပံ၊ ရူပက္ခန္ဓာကို။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်စိုင် ရေမြှုပ်ခဲနှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို။ ပုပ္ဖုဠူပမာ၊ ရေပွက်နှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သညာ၊ သညာက္ခန္ဓာကို။ မရီစိကူပမာ၊ တံလျှပ်နှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့ကို။ ကဒလူပမာ၊ ငှက်ပျောတုံး လက်ပံတုံးနှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ မာယူပမံ၊ မျက်လှည့်အမှုနှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အနွယ်ဖြစ်တော်မူသော ငါဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

## ရူပက္ခန္ဓာ ရှုနည်း

**ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ၊ ရုပ္ပတိ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ကေန ရုပ္ပတိ၊ သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ ရုပ္ပတိ၊ ရုပ္ပတိ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။**

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

http://www.dhammadownload.com



**အနက်**။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ့်ကြောင့်လျှင်။ ရူပံ၊ ရုပ်ဟူ၍။ ဝဒေထ၊ ဆိုကြကုန်မည်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်လျှင်။ ရုပ္ပတိ၊ အတည်မမြဲ အနည်းနည်းလျှင် ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏။ ရုပ္ပတိ၊ ခဏချင်းလျှင် ယိုယွင်းယိုင်ရွေ့ ဖြေ့ဖြေ့ကြေမွ ရွရွကြေကွဲ အနည်းနည်း ဖောက်ပြန်တတ်၏။ တ္တတိတသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝိစ္စတိ၊ ဆိုအပ်၏။

ကေန၊ အဘယ်အကြောင်းကြောင့်။ ရုပ္ပတိ၊ ဖောက်ပြန်တတ်သနည်း ဟူမူကား။ သီတေနပိ၊ သီတတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဥဏှေနပိ၊ ဥဏှတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဇိဃစ္ဆာယပိ၊ ဆာလောင် ပူပန်သော တေဇောနှောင့်ယှက်ခြင်း ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ပိပါသာယပိ၊ မွတ်သိပ်ပူပန်သော တေဇော နှောင့်ယှက်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဍံသ - သမ္ဖဿေနပိ၊ ခြင်ဆိပ်တေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန် တတ်၏။ မကာသ - သမ္ဖဿေနပိ၊ မှက်ဆိပ်တေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဝါတ - သမ္ဖဿေနပိ၊ လေစိမ်းမှာပါသော သီတ, ဥဏှ - တေဇောအစိမ်းနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ အာတပ - သမ္ဖဿေနပိ၊ နေပူတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ သရီသပ - သမ္ဖဿေနပိ၊ မြွေဆိပ် ကင်းဆိပ်ဟူသော သီတတေဇော, ဥဏှတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန် တတ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်လျှင်။ ရုပ္ပတိ၊ ဖရိုဖရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်၏။ တ္တတိတသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## (က) ဝေါဟာရ မြေကို ပြဆိုချက်

ဤ ပါဠိတော်မြတ်၌ "**သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ**" အရကို သိသာရုံမျှ ပြဆိုအံ့။

မိခင်ရောဝတီ

http://www.dhammadownload.com



ရေ, မြေ, လေ, မီးဟူသော ဓာတ်ကြီး ၄–ပါးတို့တွင် မြေဓာတ်သည် လောကဝေါဟာရမြေ, အဘိဓမ္မာ၌ ဟောတော်မူသော ပရမတ်မြေဟူ၍ ၂–မျိုး ရှိ၏။ ထိုတွင် –

**ဝေါဟာရမြေဆိုသည်ကား** – ပရမာဏုမြူ, အဏုမြူ, တဇ္ဇာရီမြူ, ရထရေဏုမြူ, ကညစ်စာ, သန်းဥ, သန်းဖျ, သန်းမ, နှမ်း, ဆန်, မုယော တို့မှ စ၍ မဟာပထဝီ, မြင့်မိုရ်တောင် စသည်တိုင်အောင် အစိုင်အခဲရှိနေသော ဝတ္ထုမျိုးကို ဝေါဟာရမြေ ဆိုသည်။

သတ္တဝါ၏ သဏ္ဌာန်၌လည်း ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေထူး အရေပါး အစရှိသာ အထည်သဏ္ဌာန်နှင့် မျက်စိဖြင့် မြင်ကောင်း သော ဝတ္ထုမျိုးသည် ဝေါဟာရမြေသာတည်း။

ဝေါဟာရမြေဟူသမျှသည် မြေဓာတ်အစစ် မဟုတ်သေး။ မုချမြေ မဟုတ်သေး။ လက္ခဏာရေး သုံးပါး၏ သက်ဆိုင်ရာ မဟုတ်သေး။ ဝိပဿနာ ဉာဏ် မည်သည် ပရမတ္ထဓမ္မကို အာရုံပြု၍ဖြစ်မြဲ။ ထိုမြေစုကား ပရမတ်မြေအစစ် မဟုတ်။ ဝေါဟာရ ပညတ်မြေမျိုးသာတည်း။ ဝေါဟာရပညတ် ဆိုသည်ကား မုချစင်စစ် အမှန်ရှိရင်းတရားကို မထိ၊ အဟုတ်ရှိရင်းတရားကို မထိ၊ ကေန် ရှိရင်းသဘောသို့ မဆိုက်၊ တကယ် ရှိရင်းဖြစ်သော ဓာတ်ရင်းသို့ မရောက်။ ထို့ကြောင့် ဝိပဿနာဉာဏ်၏ အရာမဟုတ်။

(ဤကား ဝေါဟာရမြေကို ပြဆိုချက်တည်း။)

## (ခ) ပရမတ်မြေကို ပြဆိုချက်

**ပရမတ်မြေ ဆိုသည်ကား** – ခက်မာခြင်း ကိရိယာ အမူအရာ သက်သက်သာတည်း။ ထိုထိုဝတ္ထုကို ဆုပ်ကိုင်ဖိနှိပ် တီးခေါက်၍ စမ်းကြရာ၌ နူးညံ့သည်။ ခက်မာသည်ဟု လူတိုင်းပင် သိကြကုန်၏။ ထိုသို့ သိကြကုန်ရာ၌ ပညတ်သိ, ပရမတ်သိ ၂–မျိုး ရှိ၏။

၁။ နူးညံ့သောဝတ္ထု၌ နူးညံ့မှုကိရိယာနှင့် ထိုဝတ္ထုတစ်ခုလုံးကို တစ်ပေါင်း တည်းပြု၍ တစ်ခုတည်းကိုပြု၍ သိကြသည်ကား ပညတ်သိတည်း။ ပရမတ်သိ

http://www.dhammadownload.com



မဟုတ်၊ စိတ်သိ, သညာသိတည်း။ ဉာဏ်သိမဟုတ်။

၂။ ထိုဝတ္ထု၌ နူးညံ့မှုကိရိယာသက်သက်ကို သီးသန့်ကွက်ခြား၍ သိသည်ကား ပရမတ်သိတည်း။ ပညတ်သိ မဟုတ်။ ဉာဏ်သိတည်း။ စိတ်သိ, သညာသိ မဟုတ်။

သီးသန့်ကွက်ခြား၍ သိမှုသည်ကား ထိုဝတ္ထု၌ မြေဓာတ်မှ တစ်ပါး ရေဓာတ်, မီးဓာတ်, လေဓာတ်, အဆင်းဓာတ်, အနံ့ဓာတ်, ရသဓာတ်, ဩဇာဓာတ် ဟူ၍ ဓာတ် ၇-မျိုး ရှိကြသေး၏။ ရော၍ မပါရအောင် ဝတ္ထုတစ်ခုလုံးကို အကုန်ခြုံ၍ ဤဝတ္ထုသည် နူးညံ့၏ဟု ဆိုသည်ရှိသော် ထိုဓာတ် ၇-မျိုးပါ အကုန်နူးညံ့ခြင်းဟူသော မြေဓာတ်တစ်ခုပြု၍ သိမှု, ပြောမှု ဖြစ်၏။

ဤဝတ္ထုသည် ဤအဏုမြူသည် ဤမွေးညင်းသည် အစရှိသည်ဖြင့် အထည်ဒြပ်ပညတ်သဏ္ဌာန်ကို စိတ်၌ ထင်မြင်၍ သိမှု, ပြောမှု ဖြစ်သည့်အတွက် ပညတ်သိသာ ဖြစ်၏။ ဓာတ် ၇-ပါးကို အဟုတ်ထိသည်လည်း မဟုတ်။ စမ်းသပ်လိုက်သောအခါ၌ ကာယဝိညာဉ်သည်ကား မြေဓာတ် သက်သက်ကိုသာ ထိ၏။ ပရမတ်မြေဓာတ်သက်သက်ကို သီးသန့်ကွက်ခြား၍ ယူသေး၏။ ထိုအခါ ဓာတ် ၇-ပါးတို့ မပါကုန်သေး။ ပညတ်လည်း မဟုတ်သေး။ နောက်လိုက် မနောဝိညာဉ်တို့သည်ကား ကာယဝိညာဉ်သိသော မြေဓာတ်နူးညံ့မှုသက်သက်ကို ထိုဝတ္ထုဒြပ် ပညတ်အထည် နူးညံ့မှုပြုလုပ်၍ သိကြကုန်၏။ ကာယဝိညာဉ်သိကား မပြဋ္ဌာန်းနိုင်။ မနောဝိညာဉ်သိတို့သည်သာ ပြဋ္ဌာန်း၍ နေကုန်၏။ မနောဝိညာဉ်သိအတိုင်းသာ လူတို့က အဟုတ်မှတ်ထင် အသိအမြင်ပြု၍ နေကြကုန်၏။

**ဥပမာ** – မီးရထားစီး၍ သွားကြရာ၌ လယ်ကွင်း, ယာကွင်း, သစ်ပင်, ချုံနွယ်, တော, တောင် တို့ကိုမျှော်ရှုကြရာ၌ စက္ခုဝိညာဉ်သည်ကား ထိုဝတ္ထုတို့ တည်ရှိကြသည့်အတိုင်းသာ မြင်ပေ၏။ နောက်လိုက် မနောဝိညာဉ်တို့ မဟုတ်မယမ်း ဆန်းပြားပွေလီမှုအတွက် ချာချာလည်ဝိုင်း ခုန်စိုင်းပြေးသွား အမှောက်အမှား ထင်မြင်ချက်ပြဋ္ဌာန်းလျက် ရှိနေကြသကဲ့သို့တည်း။

(စက္ခုဒွါရ၌ လူတိုင်း ဒိဋ္ဌမျက်မြင် ဥပမာတည်း။)

http://www.dhammadownload.com



မဟုတ်မှန်းသိလျက်နှင့် မနောဝိညာဉ်တို့ ပြဋ္ဌာန်းလှသည့်အတွက်ကြောင့် ချာချာလည်ဝိုင်း ခုန်စိုင်းပြေးသွား အမှောက်အမှား ထင်မြင်ချက်ကြီးကို ဖျက်သိမ်း၍ပင် မရကြလေ။ ရထားမစီးမီက သိရင်းဖြစ်ကြ၍သာလျှင် ထိုဝတ္ထုတို့ကား မပြေးမသွားသည်အမှန်၊ ရထားသည်သာ ပြေးသွားသည်ဟု ဉာဏ်သိပေါ်နိုင်ကြသေး၏။ ဓာတ်သဘာဝ အရာတို့၌ကား အနမတဂ္ဂ သံသရာမှ တစ်ခါမှ သိရှိရင်း မဟုတ်ကြသောကြောင့် ဉာဏ်သိဟူ၍ မပေါ်နိုင်ကြပြီ။

(ဤကား နူးညံ့သောဝတ္ထု၊ နူးညံ့ခြင်းကိရိယာဟူသော ဆတ်ဆတ်သော ပရမတ်မြေဓာတ်ကို ဝတ္ထုဒြပ်တည်းဟူသော ပညတ်မှ ဉာဏ်ဖြင့် အသီးထုတ်၍ သီးသန့်ကွက်ခြား၍ သိမြင်ပုံတည်း။)

ထိုဝတ္ထုမှာ နူးညံ့မှုကိရိယာကို ပရမတ်မြေဓာတ် အစစ်ဆိုရာ၌လည်း ထိုဝတ္ထုတစ်ခုလုံး၌ နူးညံ့မှုအားလုံးကို တစ်ခုသော ပရမတ်မြေဓာတ်ဟု ဆိုသည် မဟုတ်။ အကယ်၍ တစ်ခုသော မြေဓာတ်ဖြစ်ခဲ့ငြားအံ့။ အစိတ်အစိတ် ခွဲခြမ်းစိတ်ဖြာခြင်းငှါ မတတ်ကောင်းသည်သာ ဖြစ်ရာ၏။

တစ်ခုသော ပရမတ္ထတရားမည်သည် အပိုင်းပိုင်းဖြတ်၍ မရကောင်း၊ အစိတ်စိတ်ခွဲ၍ မရကောင်း၊ မျက်မြင်လက်စမ်း တွေ့ရှိအောင် လှုပ်ရှား၍ အမူအရာ ပြောင်းလဲသည်ဟူ၍မရှိ။ ရှေးရှေးအမှုဟောင်း ကွယ်ပျောက်နောက်နောက် အမှုသစ် တစ်မျိုးတစ်မျိုး ဖြစ်ပေါ်သည်ကို လောက၌ လှုပ်သည်, ရှားသည်, ကြွသည်, ထသည်, ရွေ့လျားသည် ဟု ခေါ်ဝေါ်ပြောဆိုကြသည်။

ပရမတ္ထတရားမည်သည် ကိရိယာအမူအရာ သက်သက်မျှဖြစ်၍

၁။ ရှေးရှေးအမှုဟောင်း ကွယ်ပျောက်မှု ဆိုသည်ကား ရှေးရှေးပရမတ်ဓာတ်ဟောင်းတို့ ချုပ်ပျက် သေဆုံးမှုပေတည်း။

၂။ နောက်နောက် အမှုသစ်တစ်မျိုးတစ်မျိုး ဖြစ်ပေါ်မှု ဆိုသည်ကား ပရမတ်ဓာတ်သစ်တို့ တစ်မျိုးတစ်မျိုး ဖြစ်ပေါ်မှုပေတည်း။

ဓာတ်သစ်, ဓာတ်ဟောင်း, ပရမတ်သစ်, ပရမတ်ဟောင်း ပြောင်းလဲကြရာ၌ အပိုင်းအခြား အာကာသတည်ရှိ၏။ မျက်စိနှင့်ကာ မမြင်ရ။ ပရမတ်ကိရိယာသဘာဝကို မြင်တတ်သော ဉာဏ်နှင့်သာလျှင် ထိုအပိုင်းအခြားကို မြင်နိုင်

http://www.dhammadownload.com



၏။ အပိုင်းအခြား ဆိုသည်ကား ရှေးရှေးတရား၏ ဘင်စွန်းနှင့် နောက်နောက်တရား၏ ဥပဒ်စွန်းအကြားတည်း။ ကောင်းကောင်းမြင်အောင် ကြည့်ကြကုန်ရာ၏။

(နူးညံ့မှုပထဝီမြေဓာတ်စစ်ခန်း ပြီး၏။ ခက်မာမှု ပထဝီမြေဓာတ်မှာလည်း ဤနည်းကို မှီ၍သိလေ။)

(ဤကား ပရမတ်မြေကို ပြဆိုချက်တည်း။)

## (ဂ) ပရမတ်မြေဓာတ်၌ ဓာတ်မျက်လုံးတည်ထောင် အလွန်ဆုံးသော ခက်မာမှု, မာဆတ်သော ပရမတ်ကလာပ်ကို ပြဆိုချက်

အေးမြလှစွာသော သံလုံးသံခဲကို အားကြီးလှစွာသော ရှားမီးကျီးစု အတွင်း၌ ထည့်၍ ဖိုမျှားစွာဆိုင်၍ အပြိုင် အားတိုက်ထိုး၍ အရည်ကျိုရာ၌ သံတုံးသံခဲ၌ နဂိုပကတိ ရှိနေသော ခက်မာမှု အခြင်းအရာ အမှုအရာသည် ဥဏှာမီးပူ အပြင်းအထန် နှိပ်စက်ဖိစီးမှုကြောင့် ရှေးရှေးအမှုအရာ ပျက်၍ ပျက်၍ အမှုအရာသစ် တစ်မျိုးတစ်မျိုး ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ အရည်ကြည်ကြည် ဖြစ်ရ၏။ ခက်မာမှု အမှုအရာဟောင်း အဆင့်ဆင့် ချုပ်ပျက်ကွယ်ဆုံးပုံ, နူးညံ့သော အမှုအရာသစ် အဆင့်ဆင့် ဖြစ်ပေါ်နေပုံကို မြင်အောင်ကြည့်လေ။

သံတုံးသံခဲ အတွင်းအပြင်တစ်ခုလုံး ပျက်မှု, ဖြစ်မှု, ရှုရှု, ရှုရှု နေပုံကို မြင်လိမ့်မည်။ ရေမြှုပ်စိုင်, ရေမြှုပ်ခဲနှင့် အနှစ်မရှိခြင်း တူလှပုံကို မြင်လိမ့်မည်။ ဉာဏ်၌ အတုံးကြီး, အခဲကြီးဟူသော သဏ္ဌာန်ဒြပ်ပညတ်ကြီးပေါ်ရှိ ခုခံပိတ်ဆီး၍ မနေစေနှင့်။ အတွင်း၌ ခက်မာမှုတွေ တရှုရှုတက်နေသည်ကို ဉာဏ်နှင့် စူးစိုက်ထိုးထွင်း မြင်အောင်ကြည့်လေ။ တစ်ဖန် ထိုသံရည်ကို ရေအေး သီတဥတုနှင့် လောင်း၍ အရည်ကြည်ကြည်မှ ပကတိခဲမြဲခဲ, မာမြဲမာပြန်ရာ၌လည်း နူးညံ့သော ပထဝီတွေအဆင့်ဆင့် ချုပ်ကွယ်သေဆုံး၍ ခက်မာသော ပထဝီတွေ အဆင့်ဆင့် ဖြစ်ပေါ်လာရာ၌လည်း နည်းတူသိအပ်ကုန်ရာ၏။

ခက်မာမှုဟူသော ပရမတ်မြေဓာတ် လက္ခဏာ၌ အမာကြီး အဆင့်ဆင့် အမာနုအဆင့်ဆင့် ရှိပြန်၏။ အမာနုကို နူးညံ့မှု ဆိုသည်။ မဟာပထဝီမြေကြီး, မြ'ႇ မိုရ်တောင်, စကြဝဠာတောင်, သတ္တရတန် တောင်ကြီးတွေကို ကမ္ဘာမီး အပြင်း

http://www.dhammadownload.com



အထပ် နိုပ်စက်ဖိစီး၍ လောင်ရာ၌ အတွင်းပရမတ် မြေဓာတ် အမှုအရာ ကိရိယာစုကို ရှုးစိုက်ထိုးထွင်း၍ ကြည့်နိုင်ပါမူ ရေမြုပ်ခဲကြီးတွေနှင့်တူပုံ ထင်ရှားပေါ်လာလိမ့်မည်။

(ဤကား အနမတဂ္ဂ သံသရာ၌ တစ်ခါမျှ မပေါ်ပေါက်ဖူးသေးသော ဓာတ်မျက်စိ, ဓာတ်မျက်လုံး ပေါ်ပေါက်အောင် အစစ္စာ ထူထောင်ပုံ စနစ်တည်း။)

ဤမျက်စိကို ပါဠိတော်တို့၌ **'ဓမ္မစက္ခု – ဥဒပါဒိ'** ဟူ၍ ဟောတော်မူသည်။ ဤမျက်စိပေါက်မှသာ ဘုရားကို မြင်နိုင်သူမည်သည်၊ တရားကို မြင်နိုင်သူမည်သည်၊ သာသနာတော်ကို တွေ့ရသူ မည်သည်။

**ယော ဟိ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။**

**ယော ဓမ္မံ န ပဿတိ၊ သော မံ န ပဿတိ–**

ဟူ၍ ဟောတော်မူသည်။

**အနက်။** ။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ သမ္မုတိပညတ် ဒြပ်သဏ္ဌာန်တွင်းမှာ ဉာဏ်ဖြင့် သီးသန့်ကွက်ခြား၍ ထုတ်ဖော်ရှုမြင်အပ်သော ပရမတ္ထသဘောကို။ ပဿတိ၊ ဉာဏ်မျက်စိဖြင့် မြင်နိုင်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ တွေ့မြင်ရသောသူမည်၏။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ သမ္မုတိပညတ် ဒြပ်သဏ္ဌာန်တွင်းမှ ဉာဏ်ဖြင့် သီးသန့်ကွက်ခြား၍ ထုတ်ဖော်ရှုမြင်အပ်သော ပရမတ္ထသဘောကို။ န ပဿတိ၊ ဉာဏ်မျက်စိဖြင့် မမြင်နိုင်။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ န ပဿတိ၊ မတွေ့ မမြင်ရသောသူ မည်၏။

(ဤကား အလွန်ဆိုးသော ခက်မာမှုမာဆတ်သော ပရမတ်ကလာပ်ကို ပြဆိုချက်တည်း။)

## အလွန်နူးညံ့သော မုဒုပရမတ်မြေဓာတ်ကို ပြဆိုချက်

ယခုအခါ၌ အလွန်နူးညံ့သိမ်မွေ့သော ပရမတ် ပထဝီကို ပြဆိုပေအံ့။

လဝန်းသဏ္ဌာန်မှထွက်၍ မြေအပြင်သို့ရောက်အောင် သက်ဆင်းလွှင့်ပါး ရွေ့ရှားပြေးသန်း၍ ကျရောက်လာသော လရောင်တို့၌ လည်းကောင်း၊ ရှိန်ရှိန်

http://www.dhammadownload.com



ရှိန်ရှိန် လူလူလူလူ တောက်ထ၍ နေသော မီးတောက်မီးလျှံတို့၌လည်းကောင်း၊ ရွှေရွှေရွှေရွှေ စီးသွား၍နေသော မြစ်ရေအလျဉ်တို့၌ လည်းကောင်း တစ်ခဏမျှ ရပ်တန့်တည်နေခွင့်မရပဲ ရုပ်ကိရိယာ ရုပ်အမူအရာ အပျက်, အဖြစ်, အရွေ့ အပြောင်း လျင်မြင်မှုကို မြင်ကြသဖြင့် ထိုဝတ္ထုတို့၌ အလွန်နူးညံ့စွာ ပါရှိသော ပရမတ်မြေဓာတ် အဖြစ်အပျက်ကို မြင်နိုင်ရာ၏။

( ဤကား အလွန်သိမ်မွေ့နူးညံ့သော ပထဝီကို ပြဆိုချက်တည်း။ အမာဆုံး အနုဆုံး ၂-ချက်ကို ပြဆိုလိုက်သဖြင့် အလယ်အလတ်ဖြစ်သော ပထဝီတို့ကိုမူကား သိမြင်နိုင်ကြကုန်ရာပြီ။)

## ဝိကာရရုပ်နှ အပျက်ကို ပြဆိုချက်

သတ္တဝါတို့၏ သဏ္ဌာန်၌မူကား သီတ, ဉဏှ၊ အတက်, အသက်၊ ခဏမစဲ ရှိနေ၏။ ဥတု ၃-ပါး အပွားအဆုတ်, ရုတု ၆-ပါး အပွားအဆုတ်, ၁၂-ရာသီခေါ်သော ဓာတ်မီး ၁၂-ပါး အပွားအဆုတ်, လဆန်း လဆုတ် တနင်္ဂနွေ၊ တနင်္လာ စသော ၇-နေ့ဟုဆိုအပ်သော ဓာတ်မီး ၇-ပါးတို့၏ အစဉ်အတိုင်း အတက်, အဆုတ်, နေ့နာရီ ညနာရီခေါ်သော ဉဏှ, သီတဓာတ်တို့၏ အဖျွတ္တ သန္တာန်မှာလည်း ရွရွရွရွ ခဏမစဲ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်ထာဝရ အတက် အသက် ရုပ်ကိရိယာ ရုပ်အမူအရာတွေ ရွှေရွှေရွှေရွှေ ပြောင်းလဲ၍ နေကြပုံကို လည်း မြင်အောင်ရှုရာ၏။

တ္တရိယာပုထ်ကြီး ၄-ပါး ခပ်သိမ်းသော ကိုယ်အင်္ဂါ လှုပ်ရှားမှုတို့၌ လည်းကောင်း၊ အာဟာရဓာတ်မီး အာဟာရဓာတ်ဆီတို့၏ အတက် အဆုတ်တို့၌ လည်းကောင်း ထို့အတူ မြင်အောင်ရှုရာ၏။။ မိမိသဏ္ဌာန်မှာ တစ်ခုသောအင်္ဂါ၌ ထင်မြင်အောင် ထူထောင်၍ တစ်ကိုယ်လုံး ဓာတ်မျက်လုံး ပေါက်အောင် စွဲမြဲကြလေ။ မိမိသဏ္ဌာန်တစ်ခု၌ ဓာတ်မျက်လုံးလှလှပေါက်လျှင် ခပ်သိမ်းသော သတ္တဝါတို့၏သဏ္ဌာန်၌ လည်းကောင်း၊ သစ်ပင်, တော, တောင်စသော ဗဟိဒ္ဓ သဏ္ဌာန်တို့၌လည်းကောင်း ဓာတ်မျက်လုံးပေါက်တော့သည်။

ခပ်သိမ်းသော ရုပ်ဟူသမျှသည် ပထဝီ၌မှီတွယ်၍ ဖြစ်ကြရကုန်၏။

http://www.dhammadownload.com



ခပ်သိမ်းသော ပဉ္စဝေါကာရ နာမ်ခန္ဓာဟူသမျှသည် ရုပ်၌ မှီတွယ်၍ ဖြစ်ကြရ၏။ ပထဝီ၏ ဖြစ်မှု, ပျက်မှု ဥဒယဗ္ဗယ အချက်ကို ထင်မြင်နိုင်ပါလျှင် ကြွင်းသော ရုပ်နာမ်တို့၏ ဖြစ်မှု, ပျက်မှု ဥဒယဗ္ဗယ အချက်စုကိုလည်း ထင်မြင်ခြင်းငှါ လွယ်လှ၏။

(ဤကား ဝိကာရရုပ်ပွနအပျက်ကို ပြဆိုချက်တည်း။)

ပရမတ်မြေဓာတ်၌ ဓာတ်မျက်လုံး တည်ထောင်ပုံ ပြီး၏။

## ၁၆။ မဇ္ဈိမပုဂ္ဂိုလ်တို့ ရှုနည်းကို ပြဆိုခန်း
## (က) ပရမတ်နှစ် မြေအစစ်

ပရမတ်နှစ်မြေအစစ် ဆိုသည်ကား ခက်မာသော အမူအရာ အခြင်းအရာ ကိရိယာမျှသာတည်း။ အဏုမြူကို အစိတ်တစ်သိန်းစိတ်၍ တစ်စိတ်စာမျှ အခဲအကျိတ် အဆန်အမာ အထည်ဒြပ်ဟူ၍ မရှိ။ အလွန်ကြည်လင် လှစွာသော မြစ်ရေ၊ ချောင်းရေ၊ စိမ့်ရေ၊ စမ်းရေတို့၌ လည်းကောင်း, နေရောင်၊ လရောင်၊ ကြယ်ရောင်၊ မီးရောင်၊ ပတ္တမြားရောင်တို့၌ လည်းကောင်း, အနီးအဝေး ပျံ့နှံ့၍ သွားသော ခေါင်းလောင်းသံ၊ ကုလားတက်သံ၊ တုံးသံ၊ တိုင်သံ၊ ကြေးစည်သံ၊ စည်သံ၊ မုံသံ၊ ဆိုင်းသံ၊ အော်သံ၊ ဟစ်သံ စသည်တို့၌လည်းကောင်း, လေပြေ လေညင်း လေပြင်းမုန်တိုင်းတို့၌လည်းကောင်း, အဝေးအနီး ပျံ့နှံ့လွင့်ပါး၍ သွားသော အမွှေးနံ့ အပုပ်နံ့တို့၌လည်းကောင်း ထိုပရမတ်မြေဓာတ်သည် အပြည့် ပါရှိ၏။

### ကျမ်းဂန်ယုတ္တိကား

၁။ ဓာတ်ကြီး ၄-ပါးတို့၏ တစ်ပါးနှင့်တစ်ပါး အချင်းချင်း အဝိနိဗ္ဘောဂ ဝုတ္တိ ဖြစ်ကြသည်ကို ထောက်၍လည်းကောင်း၊

၂။ ဧကံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။

http://www.dhammadownload.com



ဧကံ မဟာဘူတံ၊ ၁-ပါး ၁-ပါးသော မဟာဘုတ်ကို။ ပဋိစ္စ၊ စွဲ၍မှီတွယ်၍။ တယော မဟာဘူတာ၊ ၃-ပါး ၃-ပါးသော မဟာဘုတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြရကုန်၊ တယော မဟာဘူတေ၊ ၃-ပါး ၃-ပါးသော မဟာဘုတ်တို့ကို။ ပဋိစ္စ၊ စွဲ၍, မှီတွယ်၍။ ဧကံ မဟာဘူတံ၊ ၁-ပါး ၁-ပါးသော မဟာဘုတ်သည်။ ပဝတ္တတိ၊ ဖြစ်ရ၏။ ဒွေ မဟာဘူတေ၊ ၂-ပါး ၂-ပါးသော မဟာဘုတ်တို့ကို။ ပဋိစ္စ၊ စွဲ၍, မှီတွယ်၍။ ဒွေ မဟာဘူတာ၊ ၂-ပါး ၂-ပါးသော မဟာဘုတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏ဟူ၍ ပဋ္ဌာန်း ပါဠိတော်မြွက်၌ ဟောတော်မူသည်ကို ထောက်၍လည်းကောင်း -

၃။ ပထဝီ၊ မြေဓာတ်သည်။ သမ္ဘာရပဋိဋ္ဌနရသာ၊ ရေဓာတ်, လေဓာတ်, မီးဓာတ်တို့ကို ခံခြင်းကိစ္စရှိ၏ဟူ၍ အဋ္ဌကထာတို့၌ မိန့်ဆိုသည်နှင့်အညီ အမာခံဖြစ်သော မြေဓာတ်အခံမရှိလျှင် ရေဓာတ်လည်းမရှိနိုင်၊ မီးဓာတ်လည်း မရှိနိုင်၊ လေဓာတ်လည်း မရှိနိုင်သော သဘောကိုထောက်၍ လည်းကောင်း ဆိုခဲ့ပြီးသော ရေစသည်တို့၌ မြေဓာတ်အပြည့် ပါရှိကြောင်းကို ဆိုအပ်သတည်း။

(ဤကား ကျမ်းဂန်ယုတ္တိတည်း။)

## လက္ခဏာ ယုတ္တိကား

တစ်လုံးတစ်ခဲတည်း ဖြစ်ကြသော ရေတို့၌လည်းကောင်း၊ လေတို့၌ လည်းကောင်း၊ အထက် အထက်နေသော ရေ, လေတို့ကို အောက်အောက်နေသော ရေ, လေတို့က အဆင့်ဆင့်ခံ၍ နေမှုသည် ထင်ရှား၏။ ထိုခံမှုသည် အာပေါမှုလည်း မဟုတ်။ ကပ်တွယ်ဖွဲ့စည်းမှုသည်သာ အာပေါပေတည်း။ ထိုခံမှုသည် တေဇောမှုလည်း မဟုတ်။ ပူမှု, အေးမှုသည်သာ တေဇောပေတည်း။ ထိုခံမှုသည် ပထဝီမှု, ဝါယောမှု ၂-ချက်နှင့်ဆိုင်၏။ ထိုခံမှု၌ ခက်မာကြမ်းတမ်းမှုတစ်ခု, ထောက်ကန်တောင့်တင်းမှုတစ်ခု, ဤ ၂-ခုဖက်စပ်မှ ခံမှု ဖြစ်နိုင်သည်။ ထို ၂-ခုတို့တွင် ခက်မာကြမ်းတမ်းမှုကိုပင် ပရမတ်မြေ ဆိုသည်။ ထောက်ကန်တောင့်တင်းမှုကိုပင် ပရမတ်လေ ဆိုသည်။

ထို ၂-မှုတို့တွင် ထောက်ကန်တောင့်တင်းမှု ဟူသော လေဓာတ်သည်

http://www.dhammadownload.com



ခက်မာကြမ်းတမ်းမှုဟူသော မြေဓာတ်ကို မှီရသည်။ မြေဓာတ်ကို လွှတ်၍ မိမိ အလိုအလျောက် ဖြစ်နိုင်သည်မဟုတ်။ ခက်မာကြမ်းတမ်းမှုနှင့် ထောက်ကန် တောင့်တင်းမှုကို ခြားနားအောင်ကြည့်လေ။ ဤသို့လျှင် ထိုဆိုအပ်ခဲ့ပြီးသော ရေ, လေတို့၌ ရေအားလျော်စွာ, လေအားလျော်စွာ ကက္ခဠလက္ခဏာရှိသည်ကို မြင်၍ သိအပ်သတည်း။

ဆိုအပ်ခဲ့ပြီးသော နေရောင်စသည်, ခေါင်းလောင်းသံစသည်, အမွှေးအနံ့ စသည်တို့၌ကား ထိုအားလျော်စွာ ခက်မာကြမ်းတမ်းမှု အသီးအသီး ပါရှိငြားသော် လည်း အလွန်တရာ အားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့် မပြသာ ချေ။ ကျမ်းဂန်ယုတ္တိနှင့်သာ ပြသာချေသည်။ ဤကြည်လှစွာသော လေ, လရောင်, အသံ, အနံ့ တို့ကို ပြဆိုလိုက်သည်မှာ ကက္ခဠကိရိယာ ခက်မာကြမ်းတမ်းမှု ဟူသော အမှုအရာ သက်သက်သည်သာလျှင် ပရမတ်မြေအစစ် မည်သည်။ အဏုမြူကို အစိတ်တစ်သိန်း စိတ်သော်လည်း တစ်စိတ်စာမျှ အဆန်အမာ အထည်ဝတ္ထု မရှိကြောင်းကို ထင်ရှားစေခြင်းငှါ ပြဆိုလိုက်သည်။ အထည်ဝတ္ထု ဟူ၍ မရှိ၊ ခက်မာသော အမှုအရာ သက်သက်မျှသာဖြစ်သော ထိုမြေဓာတ်သည် လည်း လွန်ကဲသော ခက်မာမှုကိုထောက်၍ နံ့သောခက်မာမှုကို နူးညံ့သည်ဟု ဆိုရသည်။

ထို့ကြောင့် ဝဇိရစိန် ကျောက်သွား၌ရှိသော ခက်မာမှုကို အလွန်ဆုံး ထား၍ လ, ရောင်ကလာပ်၌ရှိသော ခက်မာမှုကို အနံ့ဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှု အဆင့်ဆင့် ဖြစ်၍နေသော ထိုမြေဓာတ်၏သဘော သွားကို သိရမည်။ ဤမြေဓာတ်၌ ခက်မာခြင်းလက္ခဏာ ဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်။ ပကတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိလူတို့နှင့် အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင်စသည်တို့၌ ခက်မာသော အမှုကို မတွေ့နိုင်ရှိလိမ့်မည်။ ထိုခက်မာသော အခြင်းအရာ ကိရိယာသဘော သက်သက်မျှသာ ဖြစ်သော ပရမတ်မြေဓာတ်သည် အာပေါဟူသော ပရမတ် စေးဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်းကုဋေသိန်း သောင်းပေါင်းဖွဲ့မိသည် ရှိသော် အဏုမြူတစ်ခုဟူသော ဝတ္ထုအထည် ဒြပ်ဖြစ်၏။

http://www.dhammadownload.com



အဏုမြူပေါင်း ကုဋေသိန်းပေါင်း ပေါင်းဖွဲ့မိသည်ရှိသော် သန်း, ကြမ်းပိုး ဖြစ်၏။

ထိုမှ အဆင့်ဆင့်ပွား၍ သတ္တဝါတွင် ယူဇနာ ၄–ထောင် ၈–ရာရှိသာ အသူရိန်နတ်ကြီးတိုင်အောင်၊ ဗဟိဒ္ဓသဏ္ဌာန်တွင် ယူဇနာ ၈–သောင်း ၄–ထောင် ၂–ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီး၊ ၂–သိန်း ၄–သောင်း အထုရှိသော မဟာပထဝီမြေကြီးတိုင်အောင် သိလေ။ သန်း အစရှိသော အဏုမြူအစရှိသော သက်ရှိသက်မဲ့ရုပ်စု ရုပ်ခဲ ဟူသမျှတို့၌ ခက်မာခြင်းဟူသော ဤမြေဓာတ်သည် အထည်ခံ, အမာခံ ဖြစ်သတည်း။ ဤမြေဓာတ်မှ တစ်ပါး အထည်ဝတ္ထုရကောင်းသော ဓာတ်မရှိ၊ ရေဓာတ်, မီးဓာတ်တို့သည်လည်း မြေဓာတ်၌ တွယ်ကြ မှီကြရကုန်သည်။

ဤသို့ မြေဓာတ်၏ကိစ္စ ကြီးကျယ်ဟန်ကို သိရမည်။ မြင့်မိုရ်တောင်ကြီး တစ်ခုလုံး၌လည်းကောင်း၊ မဟာပထဝီမြေကြီးတစ်ခုလုံး၌လည်းကောင်း ပရမတ်မြေဓာတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမျှ အထည်ဒြပ်မရှိ၊ ခက်မာသောအခြင်းအရာ ကိရိယာ သဘောသက်သက်ကို ကွက်ခြား၍ သိရသည်။ အဏုမြူမျှ အထည်ဒြပ်မရှိပဲ မှန်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့၊ ရေထဲ၌ ထင်သော အရိပ်ကြီးကဲ့သို့ မြင်ရလိမ့်မည်။ အဏုမြူမျှလောက် အရှည်အတိုအကြီးအငယ် အခဲအမာ ထင်၍လာလျှင် ပရမတ်မြေဓာတ်အစစ် မဟုတ်ပြီ။ သဏ္ဌာန ပညတ်ဒြပ် အထည်နှင့်ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ပဲ နေတတ်သည်။

(ဤဓာတ်ကမ္မဋ္ဌာန်း၌ ရှင်အာနန္ဒကို အရှင်ပုဏ္ဏမထေရ်ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်။ ဤမှန်ရိပ်ဥပမာနှင့်ပင် ရှင်အာနန္ဒာ သောတာပန်ဖြစ်လေသည်။)

မြင့်မိုရ်တောင်, မဟာပထဝီမြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သော အခါ၌ပင် အခဲအကျိတ် အထည်ဝတ္ထု အဏုမြူမျှ မရောမယှက်ပဲ ပရမတ်အစစ် အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ်သက်သက်ကို ထင်မြင်အောင် ရှုနိုင်သော သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်အစစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင်ရှုမှု အလွန်လွယ်လှတော့သည်။

မှန်၌ထင်သော အရိပ်, ရေ၌ထင်သော အရိပ်, သစ်ပင်ရိပ်, တောင်ရိပ်,

http://www.dhammadownload.com



တောရိပ် အစရှိသော အရိပ်တို့သည် မြင့်မိုရ်တောင်မျှပင် ကြီးမားစွာ ထင်မြင်ရ ငြားသော်လည်း အဏုမြူမျှ အထည်ဒြပ် မရှိသည့်အတွက်ကြောင့် ပျောက်ခွင့် ပျက်ခွင့်ဆိုက်ခဲ့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ် တစ်ရာမက ပျောက်နိုင်ပျက်နိုင်သကဲ့သို့ ထို့အတူ ထိုမြင့်မိုရ်တောင်နှင့်အမျှ ပျံ့နှံ့ကြီးကျယ်၍နေသော ထိုပရမတ်မြေဓာတ်သည်လည်း တစ်ခုတည်းသော ပရမတ်ဆန်, ပရမတ်ခဲဟူ၍ အဏုမြူမျှမရှိသည့်အတွက် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်ပျက်ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်နိုင်လိမ့်မည်။

မိမိကိုယ်၌ ထိုပရမတ်စစ် ဖြစ်သော မြေဓာတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ဉာဏ်ငုံနိုင်လောက်ရုံ၊ ဉာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ကြည့်၊ ဦးခေါင်းကို ပိုင်း၍ကြည့်သောအခါ အတွင်းအပြင် မခြားမနား ထုတ်ချင်းပေါက် အောင် ကြည့်၊ မြေဓာတ်မဟုတ်သော အဆင်းဓာတ်ခုခံ၍ နေတတ်သည်။ သဏ္ဌာနပညတ်ဒြပ် အထည်ကြီးလည်း ခုခံ၍ နေတတ်သည်။ ဉာဏ်ကို ကြပ် ကြပ် လှုပ်၍ပေးလေ၊ ခြေဖဝါးတိုင်အောင်လောက် အဖို့အစုကိုလည်း ဉာဏ် နိုင်ရုံနိုင်ရုံ ပိုင်းကြည့်၊ တစ်ကိုယ်လုံး စပ်မိသောအခါ ဉာဏ်ကို ဦးထိပ်ကနေ၍ ရှုယ်လိုက်လျှင် ခြေဖဝါးတိုင်အောင် ထုတ်ချင်းပေါက်ထွင်း၍ သွားလိမ့်မည်။

မိမိကိုယ်ခန္ဓာတစ်ခု၌ ဓာတ်ပေါက်အောင်မြင်ခဲ့လျှင် စကြဝဠာ အနန္တ၊ ကမ္ဘာအနန္တ၌ ရှိသမျှသော သတ္တဝါခန္ဓာစု အကုန်လုံးသည် ဓာတ်ဖြင့်ပြီးတော့ သည်။ ဤပရမတ်မြေဓာတ်တစ်ခု ပေါက်၍သွားလျှင် ကြွင်းသော ရေဓာတ်, မီးဓာတ်, လေဓာတ်, စက္ခု – သောတ, စသော အဇ္ဈတ္တိကဓာတ်, ရူပ – သဒ္ဒ စသော ဗာဟိရဓာတ်စုရှုနည်း, ဖောက်နည်း အလွန်လွယ်၍ ကုန်တော့သည်။

ပထဝီဟူသော မြေဓာတ်ကိုပေါက်အောင် ရှုနည်းအမြွက်ပြီး၏။

## (ခ) ပရမတ်နှစ် ရေအစစ်

ပရမတ်နှစ် ရေအစစ်ကား တွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုသည် သာလျှင် ပရမတ်နှစ်ရေဓာတ်အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုဟူသော ပရမတ်

http://www.dhammadownload.com



ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်း ဟူသော ပဋ္ဌရဏ ရေဓာတ်ဖြစ်လေ၏။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုသော အာဗန္ဓနကိရိယာ သက်သက်မျှသာဖြစ်သော ပရမတ် ရေအစစ်သည်လည်း အဏုမြူကို အစိတ်တစ်သိန်း စိတ်သော်လည်း တစ်စိတ်စာမျှ အခဲအကျိတ် အဆန်အမာ အထည်ဒြပ် ဟူ၍မရှိ။ တွယ်ကပ်ဖွဲ့စည်းခြင်း ကိရိယာ အမူအရာ သက်သက်မျှသာတည်း။

ထိုတွယ်ကပ်ဖွဲ့စည်းမှု ဟူသော ပရမတ် ရေဓာတ်သည် မြေဓာတ်, မီးဓာတ်, လေဓာတ် ၃–ပါးတို့ကို တစ်ခုတည်း, တစ်သားတည်းကဲ့သို့ နေအောင် ဖွဲ့နှောင်စည်းကြပ်ပေးသည်ဖြစ်၍ ကလာပ်တူ မဟာဘုတ်တို့သည် တစ်ပါးသည် တစ်ပါးအား ကျေးဇူးပြုခွင့်ရကြကုန်သည်။ တစ်ပါးကို တစ်ပါးထောင်ပံ့ခွင့် ရကြကုန်သည်။ ဖွဲ့နှောင်စည်းကြပ် ချုပ်ထိန်း၍ နေသော ရေဓာတ် ချုပ်ကွယ်ပျောက် ပျက်ခဲ့သည်ရှိသော် ထိုဓာတ်ကြီး ၃–ပါးတို့သည် အစည်းပြေပျက်၍ ခဏချင်း ပျောက်ပြေကွယ်ဆုံးကြလေကုန်၏။

(ဤကား ကလာပ်စည်းတစ်ခုတည်း၌ ရေဓာတ်၏ ကျေးဇူးကိုဆိုသော စကားရပ်တည်း။)

## ပရမတ်နှစ် ရေဓာတ်စစ်၏ ကျေးဇူးကြီးမားပုံ

လောက၌ ပရမာဏုမြူမှစ၍ သတ္တဝါ၌ အသူရိန်နတ်ကြီးဟု ဆိုအပ်သော ရုပ်လုံးရုပ်ခဲတိုင်အောင် ဗဟိဒ္ဓ၌ မြင့်မိုရ်တောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီးတိုင်အောင် သဏ္ဌာန်ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားတို့ အကျိတ်အခဲအတုံးအခဲဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူး ပင်တည်း။ ဤရေဓာတ်မှတစ်ပါး အကျိတ်အခဲ ဖြစ်အောင် ဖွဲ့စည်းသောဓာတ် ဟူ၍ မရှိပြီ။

၁။ ၈–သောင်း ၄–ထောင် ၂–ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင့်မိုရ်တောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။

http://www.dhammadownload.com



၂။ ၈–သောင်း ၂–ထောင် ၂–ပြန်ဆောင်သော စကြဝဠာတောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဠာတောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။

၃။ မဟာပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ဤမဟာပထဝီမြေကြီးသည် ယခုခဏချင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။

အဘယ့်ကြောင့်နည်းဟူမူကား – ဖွဲ့စည်းမှုဟူသော ထိန်းချုပ်မှု မရှိခဲ့သည်ရှိသော် မြင့်မိုရ်တောင်, စကြဝဠာတောင်, သိလာပထဝီ ဖြစ်၍နေသော တစ်ခဲနက်သော ပရမတ်မြေ, ပရမတ်မီး, ပရမတ်လေတို့သည် တစ်ပါးကိုတစ်ပါး ထောက်ခံမှီတွယ်မှု အစည်းအရုံး ခဏချင်း ကင်းလွတ်ကြလေကုန်၏။ နိဗ္ဗာန်မှ တစ်ပါးသော သင်္ခတလက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ခံမှု, မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောအရာမည်သည် မရှိလေကုန်။

မြင့်မိုရ်တောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီးတို့၌ ပရမတ် ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှုဟူသော မြေဓာတ်နှင့် မရောစေမူ၍ ဖွဲ့စည်းမှုဟူသော ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဆင်းသဏ္ဌာန် အထည်ဒြပ်စုလည်း ခုခံ၍နေတတ်သည်။ ကြည့်ရှုသော ဓမ္မဝဝတ္ထာဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြပ်စု ခုခံ၍နေခဲ့လျှင် နောက်၌ဖြစ်မှု, ပျက်မှုကို ရှုသောအခါ မထင်နိုင်ပဲ နေတတ်သည်။ ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်ကို မြင်နိုင်သည်။

မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟု ဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သောအခါ မြင့်မိုရ်တောင်, မဟာပထဝီမြေကြီးတစ်ခုလုံး၌ အကျိတ်အခဲ အဆန်အမာ ရှိသည့်အတွက် မှန်ထဲရေထဲမှာ ထင်မြင်ရသော မိုးရိပ်, တိမ်ရိပ်, နေဝန်းလဝန်းအရိပ်, သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲ့စည်းမှုဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်။ မြင့်မိုရ်တောင်,

http://www.dhammadownload.com



မဟာပထဝီမြေကြီးတို့၌ ထင်မြင်သောအခါ လူ, နတ်, ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှုမြင်မှု အလွန်လွယ်လှတော့သည်။

သတ္တဝါသညာန်မှာ ထင်မြင်မှုသာလိုရင်း ဖြစ်သည်။ မြင့်မိုရ်, မဟာပထဝီတို့က စချီပြလိုက်သည်မှာ သတ္တဝါသညာန်၌ ထင်လွယ်မြင်လွယ်အောင် စ၍ချီလိုက်သည်။ မိမိသညာန်မှာ ဦးခေါင်းခြေဖဝါးထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတစ်ပါးသညာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

အာပေါဟူသော ရေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

## (ဂ) ပရမတ်နှစ် မီးအစစ်

ပူမှု, အေးမှုဟူသော အမူအရာ ကိရိယာမှုသက်သက်သည် ပရမတ်နှစ် မီးဓာတ်စစ်မည်၏။ ပူမှု အေးမှုဟူသည်လည်း ကလာပ်တူ မဟာဘုတ် ၃-ပါးတို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနွှေးမှုပေတည်း။ အပူစွမ်း, အအေးစွမ်း ၂-ပါးစုံသည် ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင်, ထက်သန်အောင် အသီးသီး အစွမ်းသတ္တိနှင့် ပြည့်စုံအောင် ပေါင်းနွှေးမှု ရှိသည်ချည်း ဖြစ်သည်။

အမိဝမ်းမှဥ၍ မြဲ၍တည်ရှိသော ကြက်ဥတို့သည် အမိဖြစ်သူ ကြက်မက အပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်။ အမိကြက်မက မဝပ်ပဲ အငွေ့မပေးပဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ။ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့အကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။

ဤအတူ တေဇောဟူသော မီးဓာတ်သည် အမိကြက်မနှင့် တူသည်။ အတူအကွဖြစ်သော မြေဓာတ်, ရေဓာတ်, လေဓာတ် ဤဓာတ်ကြီး ၃-ပါးတို့သည် ကြက်ဥနှစ်တို့နှင့် တူကြကုန်သည်။ မီးဓာတ်နှင့်အတူ တွဲဖက်ရမှ မြေဓာတ်ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်။ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ လေဓာတ်ဟူသော အဝှန်အဝါ မှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ

http://www.dhammadownload.com



မဖြစ်နိုင်ကြကုန်။

မဟာသမုဒ္ဒရာရေ၊ သီဒါရေ၊ ကမ္ဘာကိုခံသော ရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း။ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက်ဖြစ်ပွားကာ နေကြရကုန်သည်။ မြင့်မိုရ်တောင်၊ စကြဝဠာတောင်၊ သိလာပထဝီ မြေကြီးတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း။ တစ်ပါးသော ဓာတ်တို့နှင့် မရောမနှောစေပဲ မီးဓာတ်သက်သက်ကို ရှုသောအခါ အေးသောဝတ္ထုတို့၌ အေးမှု သက်သက်ကို ရှုရမည်။ ပူသောဝတ္ထုတို့၌ ပူမှုသက် သက်ကို ရှုရမည်။ အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်နှင့်ရော၍ မနေစေနှင့်။

ပူမှု အေးမှုဟူသော ဤပရမတ်မီးဓာတ်၏ အဏုမြူမျှ မရှိသည့်အတွက် ကြောင့် ဤမီးဓာတ်ကို အမြင်စင်ကြယ်သောအခါလည်း ရေကြည်၊ မှန်ကြည် စသည်တို့၌ နေဝန်းလဝန်းအရိပ်၊ တိမ်ရိပ်၊ မိုးရိပ်တို့ကဲ့သို့ ဉာဏ်အမြင်မှာသာ ကြီးကျယ်၍ အထည်ဒြပ်မရှိကြောင်း ထင်ရှားလိမ့်မည်။ မိမိကိုယ်ကို ရှုသောအခါ ဉာဏ်နိုင်ရုံ ပိုင်း၍ပိုင်း၍ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင်နိုင်လျှင် သတ္တဝါအနန္တမှာ ပင် ထင်တော့သည်။

တေဇောဟူသော မီးဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

## (ဃ) ပရမတ်နှစ် လေအစစ်

မီးတောက် မီးခိုး၏ အတွင်း၌ မီးဓာတ်၏ အာနုဘော်ကြောင့် မီးဓာတ် ကိုပင် အစဉ်ဖြစ်ပွား၍ သွားနိုင်အောင် လှုံ့ဆော်ချီပင့်မှုဟူသော ဝါယောဓာတ်သည် ပါရှိ၏။ ထိုဝါရောဓာတ် အတွက်ကြောင့် မီး၏ပြန့်ပွားခြင်း၊ မီးရှိန်၏ ပြန့်ပွား ခြင်း၊ မီးရောင်၏ ပြန့်ပွားခြင်း၊ မီးတောက်၏ ပြန့်ပွားခြင်း၊ မီးတောက်၏ တစ်လူလူ တက်ပွားခြင်း၊ အခိုးထွက်ခြင်း၊ အဆင့်ဆင့် မီးကူးခြင်း အစရှိသော မီးဓာတ်၏ ပြန့်ပွားစည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏သို့. ထို့အတူ ဝါယောမည် သော ဤလေဓာတ်သည် ပူမှု၊ အေးမှုဟူသော မီးဓာတ် အရှိန်အဝှန်ပေတည်း။

မီးစာရှိရာ၌ အနည်းငယ်ချထားသော မီးသည် ထိုအရှိန်အဝှန်ကြောင့်

http://www.dhammadownload.com



မီးစာရှိသမျှ အကုန်ပြန့်ပွားနိုင်သည်။ မီး၌ အတွင်းအရှိန်အဝှန် ညံ့၍ မပွားတဲ့နိုင်၊ မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့်ယပ်၍ ပြောင်းနှင့်မှုတ်၍ အပက အရှိန်အဝှန်ကို ကူရသေးသည်။ ပူမှုရှိလျှင် ပူရှိန်ပူဟုန် ရှိမြဲ။ အေးမှုရှိလျှင် အေးရှိန်အေးဟုန် ရှိမြဲ။ ပူမှု, အေးမှုကား တစ်ခြား။ အရှိန်အဝှန်ကား တစ်ခြား။ ပူမှု, အေးမှုကား ပရမတ်မီးဓာတ်တည်း။ အရှိန်အဝှန်ကား ပရမတ်လေဓာတ်တည်း။ ထိုအရှိန်အဝှန် ဟူသော လေဓာတ်သည် ကလာပ်တူ ဖြစ်သော မြေဓာတ်, ရေဓာတ်, မီးဓာတ် တို့၏ အားခွန်ဗလလည်း မည်၏။ ထိုအရှိန်အဝှန် ပွားရာကလာပ်တူ မဟာဘုတ် ရုပ်ကလာပ်တို့သည် ဖြစ်ပေါ်၍လိုက်ရကုန်၏။ ထိုအဟုန်အဝှန်သည် လေမွှေရာ, လေခေါင်းအုံးစသည်တို့၌ ကဲ့သို့ ထောက်ကန်တောင့်တင်းမှု, ချီပင့်ထမ်းဆောင်မှု ဖြစ်၍ ဝိတ္ထမ္ဘန လက္ခဏာဟု ကျမ်းဂန်တို့၌ ဆိုပေသည်။ မြင့်မိုရ်တောင်, စကြဝဠာတောင်, သီလပထဝီ စသည်တို့၌ရှိသော သီတဓာတ်မီးသည် ထိုအဟုန်အဝှန် ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဘာပျက်သည့် တိုင်အောင် ရုပ်ကလာပ်အဆက်ဆက်တို့ကို ပွားများစေနိုင်သည်။ မြင်အောင်ကြည့်။

ဟဒယဝတ္ထု၌ ဖြစ်ပေါ်သော တစ်ခုခုသောစိတ်ကြောင့် ခဏချင်း ခဏချင်း တစ်ကိုယ်လုံး စိတ္တဇရုပ်ကလာပ် ပျံ့နှံ့ဖြစ်ပွားမှု, ဥတုဇရုပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု, ဝမ်းထဲသို့ရောက်သော အစာအာဟာရဓာတ်တို့၏ တစ်ကိုယ်လုံး အနှံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု, ကလလရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွား စည်ကားမှု, အညွန့်အညှောက်ပေါ်ပေါက်သည်မှစ၍ သစ်ပင်ချုံမြက်တို့ အစဉ် အတိုင်း တိုးပွားစည်းကားမှုတို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန် သည်သာတည်း။

မြင့်မိုရ်တောင်, စကြဝဠာတောင် မဟာပထဝီမြေကြီးမှစ၍ သက်ရှိသက်မဲ့ အလုံးစုံတို့ကို ရှုရှုရှုရှု ထင်အောင်ကြည့်လေ။ မိမိကိုယ်မှစ၍ အကုန်လုံး နှံ့အောင် ကြည့်။ ဦးထိပ်မှစ၍ ခြေဖဝါးတိုင် အလင်းပေါက်အောင်ကြည့်။ ဤဝါယောဓာတ် ကိုလည်း ဆိုခဲ့ပြီးသော ဓာတ်တို့နည်းတူ အဆန်အမာ ဟူ၍ အဏုမြူမျှ မရှိသည့် အတွက်ကြောင့် ရေထဲမှန်ထဲ၌ ထင်သော အရိပ်စသည်ကဲ့သို့ ထင်မြင်လိမ့်မည်။ မျက်စိတွင် မြင်နေကျ ဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်ကြီး

http://www.dhammadownload.com



ခုခံ၍ နေတတ်သည်။ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်၍ ပစ်လေ။

ဝါယောဟူသော လေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

## (င) လောကုတ္တရာ အရိယဝိနှာ ထွက်ရပ်လမ်း

၁။ ခက်မာမှု,

၂။ ဖွဲ့စည်းမှု,

၃။ ပေါင်းနွှေးမှု,

၄။ အရှိန်အဟုန်မှု,

ဤ ၄-ခုသော အခြင်းအရာ အမူအရာ ကိရိယာကြီးတို့သည် သဘော လက္ခဏာအားဖြင့် အသီးအသီး ထင်ရှားရှိကြကုန်၏။ တည်ရာဌာနအားဖြင့် ခက်မာမှုကို ပထမဦးတည် မ-တည်ပြု၍ တစ်ခုတည်းကဲ့သို့ တည်ကြကုန်၏။ ဖြစ်အတူ, ပျက်အတူ, တည်အတူတို့သာတည်း။

၁။ ခက်မာမှုဟူသော မြေဓာတ်ပျက်ဆုံးလျှင် တည်ရာမရှိသည်ဖြစ်၍ ကြွင်းသော ဓာတ် ၃-ပါးလည်း ပျက်ဆုံးရတော့သည်။

၂။ ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓာတ်ပျက်ဆုံးလျှင်လည်း အဖွဲ့အစည်း ပျက်သဖြင့် တစ်ပါးနှင့်တစ်ပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်။

၃။ ပေါင်းနွှေး၍ ထက်သန်အောင်ပြုမှုဟူသော မီးဓာတ်ပျက်ဆုံးလျှင် လည်း ကြွင်းသော ဓာတ်သုံးပါးတို့သည် မိမိတို့သဘောအတိုင်း ပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်။

၄။ ကြံ့ခိုင်တောင့်တင်းမှုဟူသော လေဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်း သော ဓာတ်တို့သည် အားပြတ်၍ ပျက်ဆုံးကုန်ကြတော့သည်။

မိုးဟူသော ပုမ္ပ အေးမှုသည် လှုံ့ဆော် တလူလူ ဆောင်ရွက်ခြင်းဟူသော လေဓာတ်နှင့် တွဲရမှ ဖြစ်နိုင်သည်။ လေဓာတ်မရှိလျှင် အားပြတ်၍ ခဏချင်း ကွယ်ဆုံးလေ၏။ ထို့အတူ ခက်မာမှုဟူသော မြေဓာတ်သည်လည်း ခက်မာခြင်း

http://www.dhammadownload.com



ကိရိယာကို ကြံ့ယံတင်းရင်းအောင် ချိပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။ ဖွဲ့စည်းခြင်းဟူသော ရေဓာတ်သည်လည်း ဖွဲ့တွယ်ခြင်း ကိရိယာကို ကြံ့ယံ့တင်းရင်းအောင် ချိပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

(ဤကား အခြင်းအရာကြီး ၄-ပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ, တစ်ပါးပျက်လျှင် အကုန်လုံး ပျက်ကြပုံကို ပြဆိုလိုက်သော အချက်တည်း။)

ထိုဓာတ်ကြီး ၄-ပါးတို့၏ သက်ရှိသက်မဲ့ သဏ္ဌာန် ၂-ပါးတို့၌ ဖြစ်ပုံ ဆန်းကြယ်မှုသည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ် အကြံရာ ကြီးကျယ်လှစွာ၏။ ထိုဓာတ် ၄-ပါးတို့၏ တန်ခိုးဣဒ္ဓိပါဒ်သည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ်မကြံရာ ကြီးကျယ်လှစွာ၏။ ဤဓာတ် ၄-ပါးကို ဘုရား၏နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထမြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကုတ္တရာ အရိယဝိဇ္ဇာလမ်းပေါက်၏။ ထိုဓာတ်ကြီး ၄-ပါးတို့၌ အချုပ်အခြာ ဦးစီး ဦးကိုင်ကား တေဇောပေတည်း။ စကြဝဠာ, ကမ္ဘာ, ရေ, မြေနှင့်တကွ ရုပ်သဏ္ဌာန်နှင့်စပ်သော သက်ရှိသက်မဲ့ အလုံးစုံသည် တေဇော၏ အစီးအပွား ချည်းတည်း။ ဓာတ်မီး၏ အစီးအပွားချည်းတည်း။

တေဇောဟူသော ဓာတ်မီး၏ဣဒ္ဓိပါဒ်တန်ခိုး အကျိုးသွားကို ဘုရားသဗ္ဗညု တို့၏ ဉာဏ်တော်သည်သာ မီနိုင်ရာသတည်း။ ဓာတ်မျက်လုံးအမြင် စင်ကြယ်စွာ ပေါက်သောအခါ၌မူကား မိမိ ရူပကာယ ကိုယ်ခန္ဓာ, သူတစ်ပါးတို့၏ ရူပကာယ ကိုယ်ခန္ဓာ, ဗဟိဒ္ဓသဏ္ဌာန်ရုပ်ခန္ဓာကို ဓာတ်မျက်လုံးကျယ်သမျှ ချိန်ရွယ်စူးစိုက်၍ ရှုမျှော်လိုက်သည့်အခါ ဖြစ်မှု, ပျက်မှုတွေ တရွရွ နေသည်ကို မြင်ကြကုန်လတ္တံ့။ ရုပ်တုံးရုပ်ခဲ ဟူသမျှသည် အနှစ်သာရမရှိသော ရေမြှုပ်ခဲတွေနှင့် တူလှစွာ၏ဟု မြွက်ဆိုကြရလတ္တံ့။ ထို့ကြောင့် "**ဖေဏပိဏ္ဍူပမံ ရူပံ**"ဟူ၍ ဟောတော်မူပါပေ သည်တကားဟု မြတ်စွာဘုရားကိုလည်း တွေ့မြင်ကြရလတ္တံ့။

မဏ္ဍိမပုဂ္ဂိုလ်တို့ ရှုနည်းကို ပြဆိုခန်း ပြီး၏။

❋ ❋ ❋ ❋ ❋

http://www.dhammadownload.com



## ၁၇။ တိက္ခပုဂ္ဂိုလ်တို့ ရှုနည်းကို ပြဆိုခန်း
## (က) အချက်ကြီး ၄–ချက်

(၁) စွဲလမ်းတတ်သော တရား ၃–ပါး။

(၂) စွဲလမ်းသော အခြင်းအရာ ၃–ပါး။

(၃) စွဲလမ်းသော ဝတ္ထု ၃–ပါး။

(၄) အစွဲအလမ်းကို ပျောက်ပယ်တတ်သော အနုပဿနာဉာဏ် ၃–ပါး။

**ဆောင်ပုဒ်သံခိပ်။** ။ (က) မာနတဏှာ၊ ဒိဋ္ဌိသာ၊ မှတ်ပါစွဲလမ်းတတ်။

(ခ) သောဟမသ္မိ၊ တော် မမ၊ သော မေအတ္တာ၊ ဤ ၃–ဖြာ၊ ခြင်းရာ ၃–ပါးမှတ်။

(ဂ) နိမိတ်, ပဏိဟိတ၊ အတ္တဓိဝါ၊ ဤ ၃–ဖြာ၊ စွဲရာ ဝတ္ထုမှတ်။

(ဃ) အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတာ၊ မှတ်ပါ ပျောက်ပယ်တတ်။

## (က) သံပေါက်ရှင်းလင်းချက်
## စွဲလမ်းတတ်သော တရား ၃–ပါး

**၁။ မညနံ မာနော။** ။ မညနံ၊ အထင် မှားခြင်း။ မာနော၊ အထင်မှားခြင်း။

**၂။ တသနံ တဏှာ။** ။ တသနံ၊ တွယ်တာခြင်း။ တဏှာ၊ တွယ်တာခြင်း။

**၃။ ဒဿနံ ဒိဋ္ဌိ။** ။ ဒဿနံ၊ အမြင်မှားခြင်း။ ဒိဋ္ဌိ၊ အမြင်မှားခြင်း။

စွဲလမ်းတတ်သော တရား ၃–ပါးမှတ်ရန် ပြီး၏။

## (ခ) သံပေါက်ရှင်းလင်းချက်
## စွဲလမ်းပုံအခြင်းအရာ ၃–ပါး

၁။ သောဟမသ္မိ။

၂။ တော် မမ။

http://www.dhammadownload.com



၃။ သောည မေ အတ္တာ။

**မာနစွဲလမ်းပုံ**

၁။ သော၊ ဤသည်ကား။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။

**တဏှာစွဲလမ်းပုံ**

၁။ တော်၊ ဤသည်ကား။ မမ၊ ငါ့ဟာတည်း။

**ဒိဋ္ဌိစွဲလမ်းပုံ**

၃။ သော၊ ဤသည်ကား။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဝါ၊ အထည်ခံ အာမခံ အနှစ်အသားတည်း။

## (ဂ) သံပေါက်ရှင်းလင်းချက်

### စွဲလမ်းရာ ဝတ္ထု ၃–ပါး

**နိမိတ္တ**

ဆောင်ပုဒ်သံခိပ်။ ။(၁) ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောကျ်ား, မိန်းမ၊ ဦးခေါင်းစသား၊ ဒြပ်များ၊ မှတ်သားနိမိတ္တ။

**ပဏ္ဏတ္တိ**

(၂) လှပတင့်တယ်၊ ဆန်းတကြယ်နှင့်၊ ဖွယ်ရာလျောက်ပတ်၊ ကောင်းမြတ်ချမ်းသာ၊ မဂ် လာကျက်သရေ၊ မက်ဖွယ်တွေ၊ မှတ်လေ ပဏ္ဏတ္တိ။

**အတ္တဇီဝ**

(၃) ပြုတတ်, ကြံတတ်၊ ပြောဆိုတတ်နှင့် သိမှတ်, ခံစား။ ပြောင်းသွား ကျင်လည်၊ အတ္တမည်၏၊ အရှည် နှစ်, လ တည်သမျှ၊ ဇီဝ မှတ်သညာ။

## သံပေါက်ကဗျာ ၃–ပုဒ် ရှင်းလင်းချက်

သစ်ပင်ရှိသည်ရှိသော် သစ်ပင်ကိုစွဲ၍ သစ်ပင်ရိပ် ပေါ်မြဲဖြစ်၏။ အကိုင်းရိပ်, အခက်ရိပ်, အညွန့်ရိပ်, အရွက်ရိပ်, အပွင့်ရိပ်, အသီးရိပ်– အစုံပေါ်မြဲ

http://www.dhammadownload.com



ဖြစ်၏။ ထိုသို့ ပေါ်ရာ၌ သစ်ပင်သည် အရိပ်မဟုတ်၊ အရိပ်သည် သစ်ပင်မဟုတ်၊ သစ်ပင်ကိုစွဲ၍ အရိပ်ဖြစ်၏။ သစ်ပင်, သစ်ကိုင်း, သစ်ခက်, သစ်ညွန့်, သစ်ပွင့်, သစ်သီးတို့သည်လည်း အဋ္ဌကလာပ်ရုပ်အစုတို့ကို စွဲ၍ပေါ်ကြသော အရိပ်ကြီးငယ်တို့သာတည်း။

အဋ္ဌကလာပ်ရုပ်အစုတို့သည် သစ်ပင်, သစ်ကိုင်းစသည် မဟုတ်ကုန်၊ သစ်ပင်, သစ်ကိုင်းစသည်တို့သည် အဋ္ဌကလာပ်ရုပ်အစု မဟုတ်ကြကုန်။ အဋ္ဌကလာပ်ရုပ်အစုကိုစွဲ၍ သစ်ပင်, သစ်ကိုင်းစသော အရိပ်သဏ္ဍာန်ကြီးငယ်တို့သည် ပေါ်ကုန်၏။ သစ်ပင်, သစ်ကိုင်းစသော အရိပ်သဏ္ဍာန်ကြီးငယ်တို့ကို စွဲ၍ သစ်ပင်ရိပ်, သစ်ကိုင်းရိပ် စသော အရိပ်ကြီးငယ်တို့သည် ပေါ်ကုန်၏။ ဤသို့လျှင် သစ်ပင်၌ရှိသော အဋ္ဌကလာပ်ရုပ်အစုတို့မှ အရိပ် ၂-မျိုးပေါ်၏။

**ပထမအရိပ်။** ။ သစ်ပင်သဏ္ဍာန်, သစ်ကိုင်းသဏ္ဍာန်စသော ပထမအရိပ်ကား အဋ္ဌကလာပ် ရုပ်အစုတို့ကိုမှီ၍ ပေါ်ကုန်၏။

**ဒုတိယအရိပ်။** ။ သစ်ပင်, သစ်ကိုင်းရိပ်စသော ဒုတိယအပင်အရိပ်တို့ကား မြေအပြင်၌ ပေါ်ကုန်၏။ ပကတိလူတို့သည် ဤဒုတိယအရိပ်ကိုသာ အရိပ်ဟူ၍ သိကြကုန်၏။ ပထမအရိပ်ကိုကား အရိပ်ဟူ၍ မသိကြကုန်။

ထို့အတူ သတ္တဝါတို့၌လည်း ရုပ်ခန္ဓာတို့မှ အရိပ် ၂-မျိုးထွက်၏။

၁။ ပုဂ္ဂိုလ်အသွင်, သတ္တဝါအသွင်ဟူသော အရိပ်။

၂။ ဦးခေါင်းသဏ္ဍာန်, ကိုယ်သဏ္ဍာန်, ခြေသဏ္ဍာန်, လက်သဏ္ဍာန်, လည်ပင်းသဏ္ဍာန်ဟူသော အရိပ်။

ဦးခေါင်း၌လည်း ဦးထိပ်သဏ္ဍာန်, နဖူးသဏ္ဍာန်, မျက်နှာသဏ္ဍာန်, စသည်၊ မျက်လုံးသဏ္ဍာန်, နှာခေါင်းသဏ္ဍာန်, ခံတွင်းပေါက်သဏ္ဍာန်, မေးသဏ္ဍာန်, နားရွက်သဏ္ဍာန် စသည် အရိပ်ကြီးငယ်အလွန်များ၏။ ကိုယ်၌လည်း ရင်သဏ္ဍာန်, ဝမ်းသဏ္ဍာန်, ဆီးသဏ္ဍာန်, ကျောက်ကုန်းသဏ္ဍာန်, ခါးသဏ္ဍာန်, နံဘေးသဏ္ဍာန် စသည် အရိပ်ကြီးငယ် အလွန်များ၏။ ထို့အတူ–

| | |
|---|---|
| ဆံပင်သဏ္ဍာန်ပေါင်း | ၂၄,၀၀၀,၀၀၀ |
| မွေးညင်းသဏ္ဍာန်ပေါင်း | ၉၉,၀၀၀ |

http://www.dhammadownload.com



| | |
|---|---|
| ခြေသည်းသဏ္ဌာန်ပေါင်း | ၁၀ |
| လက်သည်းသဏ္ဌာန်ပေါင်း | ၁၀ |
| သွားသဏ္ဌာန်ပေါင်း | ၃၂ |
| အရေထူအရေပါးသဏ္ဌာန်ကြီး | ၂ |
| အသားစိုင်အသားခဲသဏ္ဌာန်ပေါင်း | ၉၀၀ |
| အကြောကြီးအကြောငယ်သဏ္ဌာန်ပေါင်း | ၉၀၀ |
| အရိုးကြီးအရိုးငယ်သဏ္ဌာန်ပေါင်း | ၃၀၀ |

ဦးနှောက်ခဲသဏ္ဌာန်, ထိုထိုအရိုးတွင်းရှိ ရိုးတွင်းခြင်ဆီ သဏ္ဌာန်, အညို့သဏ္ဌာန်, နှလုံးသဏ္ဌာန်, အသည်းသဏ္ဌာန်, အဆုတ်သဏ္ဌာန်, အမြေးသဏ္ဌာန်, အူမသဏ္ဌာန်, အူသိမ်သဏ္ဌာန်, စသည်ဖြင့် အရိပ်ကြီးအရိပ်ငယ်ပေါင်း အလွန်များပြား၏။ အဏုမြူ, ပရမာဏုမြူမှ အထည်ဝတ္ထုဒြပ် သဏ္ဌာန်ထင်မြင်ခဲ့လျှင် အရိပ်အသွင်ဟူ၍သာမှတ်။

(ဤကား ပထမအရိပ်မျိုးတည်း။)

နေရောင်မီးရောင်ကိုစွဲ၍ ပေါ်သောလူရိပ်, မှန်အပြင်, ရေအပြင်တို့၌ ပေါ်သော လူရိပ်တို့ကား ဒုတိယအရိပ်အသွင်မျိုးတည်း။

## နာမ်ခန္ဓာအရိပ်

နာမ်ခန္ဓာတို့မှထွက်သော အရိပ်မျိုးကား မြင်သောအသွင်, ကြားသော အသွင်, ကြံသောအသွင်, သိသောအသွင်, နှလုံးသာယာသောအသွင်, နှလုံးမသာယာသောအသွင်, အလိုရှိသောအသွင်, အလိုမရှိသောအသွင်, အမျက်ထွက်သော အသွင်, အမျက်မထွက်သောအသွင်, ကြည်ဖြူသောအသွင်, မကြည်ဖြူသောအသွင် စသည်တို့သည် နာမ်ခန္ဓာတို့မှ ရုပ်ခန္ဓာတို့၌ ထင်သောအရိပ်တို့တည်း။

## ခန္ဓာ ၅–ပါးအရိပ်

ခန္ဓာ ၅–ပါးအပေါင်းတို့မှထွက်သော အရိပ်ကိုကား ထိုထိုကိုယ်အင်္ဂါကြီးငယ်တို့ လှုပ်သောအသွင်, ထိုင်သောအသွင်, ထသောအသွင်, ရပ်သောအသွင်,

http://www.dhammadownload.com



သွားသောအသွင်, ကွေးသောအသွင်, ဆန့်သောအသွင် ထိုထိုအမှုကို ပြုလုပ်သော အသွင်, ပြောဆိုသောအသွင် စသည်ဖြင့် အမှုကိစ္စအမျိုးမျိုး မြင်ထင်ကြသဖြင့် အလုံးစုံတို့သည် ခန္ဓာ ၅–ပါးအပေါင်းတို့မှ ထွက်သောအရိပ်တို့တည်း။ ဤသို့လျှင် ထိုခန္ဓာ ၅–ပါးတို့နှင့် ရောနှောဖက်စပ်၍ ထင်မြင်ရသော အလုံးစုံသော အရိပ် အသွင်တို့ကို နိမိတ္တဟူ၍ ဆိုသတည်း။

"ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောကျ်ား, မိန်းမ၊ ဦး ခေါင်း စသား၊ ဒြပ်များ၊ မှတ်သား နိမိတ္တ"ဟူသော သံပေါက်ကဗျာ၏ သရုပ်ပြီး၏။

## အနိမိတ္တာနုပဿနာဉာဏ်

သစ်ပင်၌ ကေန်ရှိရင်း၊ အရှိန်ရှိရင်း၊ အဟုန်ရှိရင်း ဖြစ်ကြကုန်သော အဋ္ဌကလာပ်ရုပ်တို့ကို လည်းကောင်း ထိုရုပ်တို့၌ရှိသော အနိစ္စအချက်ကြီးကို လည်းကောင်း ဉာဏ်အမြင် ပေါက်ခဲ့သည်ရှိသော် သစ်ပင်, သစ်ကိုင်း, သစ်ခက်, သစ်ညွန့်, သစ်ရွက်, သစ်ပွင့်, သစ်သီး အစရှိကုန်သော ပထမအရိပ်အသွင်တို့ သည် ဉာဏ်၌ အကုန်ကွယ်ပျောက်ကုန်၏။ အမှန်ရှိရင်းမှန်, အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်။ စိတ်အာရုံထဲမှာသာ မျက်လှည့်အသွင်ကဲ့သို့ ထင်မြင်ရသော အရိပ် မျိုး, နိမိတ်မျိုး, အသွင်မျိုး, သဏ္ဌာန်မျိုးတို့သာတည်းဟု ဉာဏ်၌ ရှင်းလင်းစွာ ထင်မြင်၏။

ထို့အတူ သတ္တဝါတို့ သန္တာန်၌လည်း ကေန်ရှိရင်း အမှန်ရှိရင်းဖြစ်ကုန် သော အသီးအသီးသော ရုပ်ဓာတ်တို့ကို လည်းကောင်း, နာမ်ဓာတ်တို့ကို လည်း ကောင်း, ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အနိစ္စအချက်ကြီးကို လည်းကောင်း ဉာဏ် အမြင်ပေါက်ခဲ့သည်ရှိသော် ပုဂ္ဂိုလ်, သတ္တဝါ, အင်္ဂါကြီးငယ် အစရှိကုန်သော အလုံးစုံသော ရုပ်နိမိတ်, နာမ်နိမိတ်, ရုပ်နာမ်နိမိတ်တို့သည် ဉာဏ်၌ အကုန်ကွယ် ပျောက်ကုန်၏။ ကေန်အမှန် အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်။ သတ္တဝါတို့၏ စိတ်အာရုံထဲမှာသာ မျက်လှည့်အသွင်ကဲ့သို့ ထင်ကြရ မြင်ကြရသော အရိပ်မျိုး, နိမိတ်မျိုး, အသွင်သဏ္ဌာန်မျိုး တို့သာတည်းဟု ဉာဏ်၌ ထင်မြင်၏။

http://www.dhammadownload.com



ထိုဒြပ်သဏ္ဌာန်တို့ ကွယ်ပျောက်ကုန်လျှင်လည်း ပုဂ္ဂိုလ်ကြည့်သည်၊ ပုဂ္ဂိုလ်မြင်သည်၊ ပုဂ္ဂိုလ်နံသည်၊ ပုဂ္ဂိုလ်ကြားသည်၊ ပုဂ္ဂိုလ်ထိုင်သည်၊ ပုဂ္ဂိုလ်ထသည်၊ ပုဂ္ဂိုလ်ရပ်သည်၊ ပုဂ္ဂိုလ်သွားသည်၊ ပုဂ္ဂိုလ်ရယ်သည်၊ ပုဂ္ဂိုလ်ပြုံးသည် အစရှိသော သတ္တဝါနှင့်စပ်သော ကိရိယာဒြပ်အများတို့လည်း ဉာဏ်၌ ကွယ်ပျောက်ကုန်လတ္တံ့။ ပုဂ္ဂိုလ်ဒြပ်, ပုဂ္ဂိုလ်အမူအရာ, သတ္တဝါဒြပ်, သတ္တဝါအမူအရာ အလုံးစုံ ကွယ်ပျောက်ကုန်သည်ရှိသော် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟူသော အရိပ်ကြီးတို့လည်း အကုန်ကွယ်ပျောက်လတ္တံ့။

ဤသို့လျှင် ရုပ်နာမ်တို့မှ ဖြစ်ကြကုန်၍ ရုပ်နာမ်တို့ကို လုံခြုံလုစွာ ဖုံးလွှမ်းကွယ်ကာ၍အပ၌ ထင်ရှားပေါ်ကာရှိနေကြကုန်သော ခပ်သိမ်းသော ရုပ်နိမိတ်, နာမ်နိမိတ်, ရုပ်နာမ်နိမိတ်တို့ကို အကုန်ကွယ်ပျောက်စေတတ်သော ကြောင့် အနိစ္စာနုပဿနာဉာဏ် အနိမိတ္တာနုပဿနာဉာဏ် ဆိုသတည်း။

## (ခ) မဟာဘုတ်ကြီး ၄–ပါးတို့၏ အလွန်သိမ်မွေ့သေးဖွဲ့ပုံနှင့် အဖြစ်အပျက် အလွန်လျင်မြန်ပုံ

ပရမာဏုမြူ, အဏုမြူမျှ အထည်ဝတ္ထု, ဒြပ်, သဏ္ဌာန်, နိမိတ်အသွင် ထင်မြင်ခဲ့သည်ရှိသော် ကေန်ရှိ, အမှန်ရှိ, အဟုတ်ရှိသည်မျိုး မဟုတ်ပြီ။ မျက်လှည့်ဆရာပြသော ရုပ်တု, ရုပ်သွင်မျိုး စင်စစ်မှတ်။

အဘယ့်ကြောင့်နည်းဆိုသော် အဏုမြူတစ်ခုဟု ဆိုသော ဝတ္ထုကို ကြိတ်နယ်ခဲ့လျှင် အစိတ်အဖြာကွဲမှု ကေန်ရှိ၏။ အတွင်းပကလာပ်ဖွဲ့အများ ရှိ၏။ အာကာသအခြား အများရှိ၏ဟု သိအပ်၏။

အစိတ်အဖြာကွဲမှု ဟူသမျှသည် ကလာပ်အခြားမှာ ကွဲမြဲတည်း။ အဏုမြူ ကွယ်ပျောက်လေ၏။ ပရမာဏုမြူ တွေဖြစ်၍ ကုန်၏။ ထိုပရမာဏုမြူတို့ အသီးအသီး အစိတ်အဖြာ ကွဲကြကုန်လျှင် ပရမာဏုမြူအမည် ကွယ်ပျောက်ကြ ကုန်၏။ တစ်ခုတစ်ခုသော ရုပ်ကလာပ်စိတ်တွေ ဖြစ်ကြကုန်ရာ၏။ ထိုအခါ အစိတ်အဖြာ ကွဲမှုမရှိပြီ။ ချုပ်ဆုံး၍သာ သွားကြကုန်လတ္တံ့။

ဤသို့လျှင် အဏုမြူဓာတ် အဏုမြူကလာပ် ဟူ၍ စင်စစ်အားဖြင့်

http://www.dhammadownload.com



မရ၊ နိမိတ္တမျိုးသာ ဖြစ်၏။ ပရမာဏုမြူဓာတ်၊ ပရမာဏုမြူကလာပ်ဟူ၍ စင်စစ် အားဖြင့် မရှိ၊ နိမိတ္တမျိုးသာ ဖြစ်၏။ ဤပရမာဏုမြူကား ပကတိမျက်စိဖြင့် မမြင်အပ်။ ဒိဗ္ဗစက္ခုအဘိညာဖြင့်သာ မြင်အပ်သည်ဟူ၏။ ထိုပရမာဏုမြူမှာပင် ရုပ်ကလာပ်ပေါင်းများစွာ၊ ပထဝီပေါင်းများစွာ၊ အာပေါပေါင်းများစွာ၊ တေဇော ပေါင်းများစွာ၊ ဝါယောပေါင်းများစွာ ကလာပ်ခြား အာကာသပေါင်းများစွာ ရှိသေး၏။ ထိုထက်ကြီးသော ဝတ္ထုဒြပ်တို့၌ ဆိုဖွယ်မရှိ။

(ဤကား ပရမတ်ဓာတ်စစ်ကြီးတို့ သိမ်မွေ့ပုံကို ဆ၍ သိကြရန် အချက် တည်း။)

ထို့အတူ နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, စိန်ရောင်, မြရောင်, ပတ္တမြားရောင်, လျှပ်ရောင်တို့၌လည်းကောင်း၊ မြေ၌ထင်သော သစ်ပင်ရိပ်, လူရိပ်, မှန်အကြည်၊ ရေအကြည်တို့၌ထင်သော နေရိပ်, လရိပ်, တိမ်ရိပ်, လူရိပ်, သစ်ပင်ရိပ်တို့၌လည်းကောင်း၊ ညဥ့်အမှောင်ရိပ်တို့၌လည်း ကောင်း၊ ကြည်လှစွာသော ရေတို့၌လည်းကောင်း၊ အသံအမျိုးမျိုးတို့၌ လည်းကောင်း၊ တောင်လေ, မြောက်လေ အစရှိသော လေအမျိုးမျိုး၊ ထိုလေ ဆောင်ရာ ပါရှိကုန်သော အနံ့အမျိုးမျိုးတို့၌လည်းကောင်း၊ မြေဓာတ်, ရေဓာတ်, လေဓာတ်, မီးဓာတ်ဟူသော မဟာဘုတ် ရုပ်ကြီးတို့သည် ပါရှိကုန်၏။ မဟာဘုတ် ကြီးတို့နှင့်ကင်း၍ တစ်ခုတစ်ခုသော ရုပ်မျှ ဖြစ်ခြင်းမည်သည်မရှိ။ မဟာဘုတ် ကြီး ရုပ်ကြီးတို့သည် အရိပ်အရောင် အစရှိသော ရုပ်တို့၏ အထည်ခံ အမာခံ ဖြစ်ကြပေကုန်၏။

အရိပ်အရောင် အစရှိသည်တို့၌ ပါရှိသော မဟာဘုတ် ရုပ်ကြီးတို့နှင့် သတ္တဝါတို့ သဏ္ဌာန်တို့၌ အထည်ခံ အမာခံဖြစ်ကုန်သော မဟာဘုတ်ရုပ်ကြီး တို့သည် လည်းကောင်း၊ ကျောက်တိုင်, ကျောက်တုံး, သံတိုင်, သံတုံး, သစ်ပင်, သစ်တုံး စသည်တို့၌ အထည်ခံ အမာခံ ဖြစ်ကုန်သော မဟာဘုတ်ရုပ်ကြီးတို့သည် လည်းကောင်း၊ အဏုမြူ ပရမဏုမြူမျှ ဒြပ်သဏ္ဌာန်မရှိကြ၊ ကိရိယာ အမူအရာမျှသာ ရှိကြမှုတို့သည် တူကြကုန်၏။ ရုပ်ကလာပ်ချင်း အစုအခဲ အပေါင်း အဖွဲ့, စိပ်မှု, ကြဲမှု, ချောင်မှု အမျိုးမျိုးသို့လိုက်၍သာ အထူးရှိနေကြကုန်၏။

http://www.dhammadownload.com



(ဤသည်လည်း မဟာဘုတ်ရုပ်ကြီးတို့၏ သိမ်မွေ့သေးဖွဲလှပုံကို သိမြင်ရန် အချက်စုတည်း။)

## တေဇောဟူသော မီးဓာတ်ကြီး၏ အခွင့်ကိစ္စကြီး ၂-ပါး

ထိုမဟာဘုတ်ကြီး ၄-ပါးတို့တွင် တေဇောမဟာဘုတ် ဆိုသည်ကား မီးဓာတ်ကြီးပေတည်း။ ထိုမီးဓာတ်ကြီး၏ အခွင့်ကိစ္စကား -

၁။ အတူတကွဖြစ်သော မဟာဘုတ်ကြီးတို့ကို အတွင်လောင်မှု, ကျွမ်းစေမှု, ကုန်ဆုံးစေမှု အခွင့်ကိစ္စကြီး တစ်ပါး။

၂။ ရုပ်ကလာပ်သစ်တို့ကို အတွင်ပေါက်ဖွားစေမှု, တိုးပွားစေမှု ကိစ္စကြီး တစ်ပါး။

ဤအခွင့်ကိစ္စကြီး ၂-ပါးကို မျက်တောင်တစ်ခတ်မျှ မလပ်မစဲ အမြဲနိစ္စအားဖြင့် တွင်ကျယ်စွာ ရွက်ဆောင်၏။ ထိုကိစ္စကြီး ၂-ပါးတွင် ရုပ်ကလာပ်သစ်ပေါက်ဖွားမှုက သဟဲကောင်းလှသောအခါ သူလောင်၍ ကလာပ်ဟောင်းတစ်ခုကုန်ရာ၌ ကလာပ်များစွာကို ဖြစ်ပေါ်စေ၏။ သစ်ပင်များ တစ်နေ့တစ်ခြား ကြီးပွားမှုကိုမျှော်လေ။ ပေါက်ဖွားမှုက သဟဲနည်းလှသောအခါ လောင်၍ကုန်ဆုံးမှုက အားကြီး၏။ တိုးပွားမှုက အားနည်း၏။ သစ်ပင်များ အိုး၍ကျသွားသည်ကို မျှော်လေ။

လောင်မှု, ပွားစေမှု သဟဲမျှတ၍ နေသောအခါ အတိုးအဆုတ် မျှတ၍ နေ၏။ ထင်းမီးစာ သဟဲကောင်းလျှင် မီးတောက်တိုးပွား၏။ ထင်းမီးစာ သဟဲနည်း၍သွားလျှင် မီးတောက်ဆုတ်ယုတ်၍ သွား၏။ ထင်းမီးစာကုန်လျှင် မီးတောက်ကုန်ပျောက်၏။

လောက၌ ပကတိမီး၏ အချက်စုကို စေ့စုံစွာ ကြည့်၍ ပရမတ်တေဇောဓာတ်ကြီး၏ အခွင့်ကြီး ၂-ပါးကို အတပ်သိနိုင်၏။ သီတမီးသည်လည်း လောင်မှု, ပွားမှု ကိစ္စကြီး ၂-ပါးရှိ၏။ မြစ်ရေ, သမုဒ္ဒရာရေ, ကမ္ဘာပျက်ရေတို့ကို မျှော်လေ။ ထိုရေတို့၌ တိုးမှု, ပွားမှု, တည်နေမှု, ဆုတ်ယုတ်မှုတို့သည် သီတဓာတ်မီး၏ အခွင့်ကိစ္စကြီးပေတည်း။

## မိခင်ရော၀တီ

http://www.dhammadownload.com



(ဤကား တေဇောဟူသော မီးဓာတ်ကြီး၏ အခွင့်ကိစ္စကြီး ၂–ပါးကို ပြဆိုချက်တည်း။)

အထက်ကပြဆိုခဲ့သော ပရမတ်ဓာတ်ကြီး၏ သိမ်မွေ့သေးဖွဲ့မှုနှင့် ဤတေဇောဓာတ်ကြီး၏ အခွင့်ကိစ္စကြီး ၂–ပါးကို နှီးနှော၍ ကြည့်ခဲ့သည်ရှိသော် ဤခန္ဓာကိုယ်တို့၌ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ မပြတ်မဲ့ အမြဲကုန်ဆုံးမှုကြီး တစ်ခု ရှိနေသည်ကိုလည်းကောင်း၊ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ မပြတ်မစဲ အမြဲဖြစ်ပွားမှုကြီးတစ်မှု ရှိနေသည်ကိုလည်းကောင်း၊ မုချဆတ်ဆတ် သိမြင်အပ်၏။ ကုန်ဆုံးမှုကြီးကို ထင်မြင်အောင် ကြည့်ရှုသောအခါ၌ မီးလောင်၍ နေသော ဝမ်းပုံကြီး, ဝမ်းလုံးကြီး, စက္ကူပုံကြီး, စက္ကူထုပ်ကြီးတို့၏ ကုန်မှုကဲ့သို့ ရှုမြင်ရာ၏။ ဖြစ်မှု, ပွားမှုကို ကြည့်ရှုသောအခါ၌ ကိုယ်ခန္ဓာအတွင်းမှာ ကောင်းကင်၌ တိမ်တိုက် တိမ်ခဲတွေက ခဏချင်း ပြည့်သကဲ့သို့လည်းကောင်း၊ ဒီချောင်း၌ ဒီရေတက်သကဲ့သို့ လည်းကောင်း ထင်မြင်အောင် ကြည့်လေ။ ဖြစ်ပွားမှု, ပျက်ဆုံးမှုကြီး ၂–ပါးကို ဉာဏ်နှင့်သန့်ခြား၍ အချက်ကျအောင် ကြည့်တတ်မှ မြင်သာထင်သာရှိမည်။ အချက်ကျအောင် ကြံဖန်၍ မကြည့်တတ်လျှင် ထွေးယှက်၍နေလိမ့်မည်။

(ဤကား မဟာဘုတ်ကြီး ၄–ပါးတို့၏ အလွန်သိမ်မွေ့ သေးဖွဲ့ပုံနှင့် အဖြစ်အပျက် အလွန်လျင်မြန်ကြပုံကို ရိပ်မိလောက်ရုံ ပြဆိုချက်တည်း။)

## (ဂ) အာကာသ ၄–ပါး ကြည့်ရှုရန်

### ပထဝီ အာကာသ

အာကာသဓာတ် အပြိုင်ဖြစ်ကုန်သော ကလာပ်ဖွဲ့တို့၏ အချင်းချင်း ခြားမှု, ရှေ့နောက်အစဉ်ဖြစ်ကုန်သော ရုပ်ဟောင်း, ရုပ်သစ်တို့၏ ဘင်စွန်း ဥပါဒ်စွန်း ခြားမှုဟူ၍ ၂–ပါးရှိ၏။ ထိုတွင် အပြိုင်ဖြစ်သော ကလာပ်ဖွဲ့တို့၏ အချင်းချင်း ခြားမှုကို ရှေး၌ အဏုမြူ, ပရမာဏုမြူတို့ဖြင့် ခွဲ၍ပြဆိုခဲ့ပြီ။ ရှေ့နောက်အစဉ် ဖြစ်ကုန်သော ရုပ်ဟောင်း ရုပ်သစ်တို့၏ ဘင်စွန်း, ဥပါဒ်စွန်း ခြားမှု၌ ခပ်သိမ်းသော ရုပ်တရား, နာမ်တရားတို့မည်သည် ကိရိယာမျှသာ ဖြစ်ကြ

http://www.dhammadownload.com



ကုန်၏။ အမှုအရာမျှသာ ဖြစ်ကြကုန်၏။ ထို့ကြောင့် အမှုအရာ တစ်မျိုးတစ်မျိုးသည် ရုပ်တစ်မျိုးတစ်မျိုး, နာမ်တစ်မျိုးတစ်မျိုးပေတည်း။ ထိုတွင် ရုပ်အမှုအရာတစ်မျိုးနှင့် ရုပ်အမှုအရာတစ်မျိုး၏အကြား၌ အာကာသ ပရိစ္ဆေဒ ခြားမြဲတည်း။

**ဥပမာကား** – လူတို့၌ အရေပါးနှင့် အရေထူ၏အကြား၌ အာကာသ ခြား၏။ အပေါ်ယံအရေပါးကို အသီးအခြား ခွာယူလျှင် ရ၏။ အရေထူနှင့် အသားမြှေး၏အကြား၌ အာကာသခြား၏။ အရေထူကို အသီးအခြားခွာယူလျှင် ရ၏။ အရိုးတို့၏ အသားတို့၏အကြား၌ အာကာသခြား၏။ အသားကို အသီးအခြား ခွာယူလျှင်ရ၏။ ဤအာကာသမျိုးကား ဟင်းလင်းမြင်ရသော အာကာသမျိုး မဟုတ်။ အစွန်း ၂-ခု အစ ၂-ခု ထိစပ်လျက် ရှိ၏၊ ထိစပ်လျက်ရှိသော်လည်း အကြား, အလပ်, အပြတ် အပေါက်လည်း ကေန် ရှိ၏။ ဤအတူ ချုပ်ကွယ်လေသော ကိရိယာဟောင်း၏ ဘင်စွန်းနှင့် ဖြစ်ပေါ်လာသော ကိရိယာသစ်၏ ဥပါဒ်စွန်းအကြား၌ အာကာသခြား၏။

## ချိပ်ခဲဥပမာ

အလွန်ခက်မာ၍နေသော ချိပ်ခဲကို ပြင်းစွာသော မီးကျီးစု၌ချ၍ အရည်ကြည်စေရာ၌ အလွန်ခက်မာမှုကား အမှုအရာကိရိယာ တစ်မျိုး, ပထဝီဓာတ်တစ်မျိုး သီတမီးဓာတ်၏ သားသမီးစုပေတည်း။ ပြင်းစွာပူသော မီးကျီးစု၌ ကျရောက်သည်နှင့် တစ်ပြိုင်နက် ဥဏှမီးရှိန်သည် အောက်အဖို့မှစ၍ အစဉ်အတိုင်း လောင်၍သွားလေရာ သီတမီးဓာတ်သည် အစဉ်အတိုင်း ချုပ်ကွယ်လေ၏။ သီတမီးဓာတ်နှင့် သဟဇာတဖြစ်ကောင်းသော ခက်မာမှုကိရိယာလည်း သီတမီးဓာတ်နှင့်အတူ အစဉ်အတိုင်း ချုပ်ကွယ်လေ၏။ ဥဏှမီးဓာတ်နှင့် သဟဇာတ်ဖြစ်ကောင်းသော နူးညံ့မှု ကိရိယာအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်၍ သွားသဖြင့် ချိပ်ရည်ကြည် ဖြစ်လေ၏။

စေ့စေ့ကြည့်ရှု၍နေလျှင် ခက်မာမှုကိရိယာ ကြေပျောက်၍ ကြေပျောက်၍ သွားမှု, ပျော့ပျောင်း၍ ပျော့ပျောင်း၍လာမှု, အစိုင်အခဲ ကြေ၍ကြေ၍ သွားမှု,

http://www.dhammadownload.com



အရည်တွေတွေ ဖြစ်ပေါ်လာမှုတို့ကို ဒိဋ္ဌိမြင်ရ၏။ စကားတစ်မျိုး တစ်မျိုးနှင့် ပြောဆိုရန် အမူအရာ တစ်မျိုးတစ်မျိုး ပြောင်းလဲဖြစ်ပေါ်၍ လာမှု ထင်ရှား၏။ ခက်မာမှုထက် ခက်မာမှု အဆင့်ဆင့် ချုပ်ကွယ်၍သွား၏။ နူးညံ့မှုထက် နူးညံ့မှုအဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာ၏။ ရေလောင်း၍ ဥဏှ မီးဓာတ် ချုပ်ငြိမ်း၍ သီတမီးဓာတ် မင်းမူ၍ လာပြန်လျှင် နူးညံ့မှု အဆင့်ဆင့် ချုပ်ဆုံး၍သွား၏။ ခက်မာမှု အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်၍လာ၏။ အလွန်ခက်မာမြဲ ခက်မာပြန်၏။

ဤ၌ ချိပ်ဟူသော, ချိပ်ခဲဟူသော, ချိပ်ပျော့ဟူသော, ချိပ်ရည်ဟူသော နိမိတ္တဓမ္မကြီးကို နှလုံးမသွင်းမူ၍ ခက်မာမှုကိရိယာ, နူးညံ့မှုကိရိယာ ဟူသော ပထဝီဓာတ်အစစ်ကိုသာ ဉာဏ်နှင့်စိုက်၍ ကြည့်။

## ကြည့်ပုံကား

ပထမခက်မာမှုသည် အရည်ကြည်ဖြစ်သည့်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟု ကြည့်။ ထိုသို့ကြည့်ခဲ့လျှင် ထိုပထမခက်မာမှုသည် အရည်ကြည်ဖြစ်သည့်တိုင်အောင် ပကတိအတိုင်း မတည်နိုင်မူ၍ အစမှစ၍ ခက်မာသော ပထဝီအဆင့်ဆင့် ပြိုပျက်ကုန်ဆုံး၍သွားမှု, နူးညံ့သော ပထဝီစုလိုင်းပွက် အလိပ်အလိပ်ထသကဲ့သို့ အဆင့်ဆင့် ဖြစ်ပေါ်၍ လာမှုသည် ဉာဏ်၌ထင်ရှားစွာ ထင်မြင်ရ၏။ ရှေးရှေး ပထဝီမျိုးကွယ်ပျောက်မှု အဆုံးဆုံးနှင့် နောက်နောက် ပထဝီမျိုး အလိပ်အလိပ် ဖြစ်ပေါ်မှု အစအစတို့၏ အကြားအကြား၌ အာကာသပရိစ္ဆေဒ အခြားအခြား အသီးအသီး ရှိကြသည်ကို ဉာဏ်၌ ခြားနားစွာ ထင်မြင်စေရာ၏။

ဤ၌ အာကာသပရိစ္ဆေဒကား အလွန်စိပ်၏။ မျက်တောင်တစ်ခတ်မှာပင် အရာ, အထောင်မက စိပ်၏။ ဉာဏ်၌ ပထဝီကိရိယာ တစ်မျိုးတစ်မျိုးအနေနှင့် ထင်ရှားလှရာကိုသာ အပိုင်းအခြားပြု၍ ကြည့်လေ။ ခက်မာမှုစု တစ်ပိုင်း၊ ပျော့ပျောင်းမှုစု တစ်ပိုင်း၊ အရည်စု တစ်ပိုင်း ဤသို့ ၃-ပိုင်း ပိုင်း၍သော်လည်း ကြည့်လေ။ ပျက်မှုကို ကြည့်သောအခါ တစ်ပိုင်းတစ်ပိုင်း သန့်ခြား၍ အလုံးစုံ ကုန်သည်တိုင်အောင် စိုက်၍ကြည့်လေ။ အရည်၌ နူးညံ့လှစွာသော ပထဝီသည် ခက်မာမှု ဖြစ်သည့်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟု အပြန်

http://www.dhammadownload.com



အလုန်၌လည်း ထိုနည်းအတူ သိလေ။

ပထဝီအာကာသ ပြီး၏။

## အာပေါအာကာသ

အာပေါအာကာသ၌လည်း ပကတိခက်မာသည်မှစ၍ အရည်ကြည်ဖြစ်သည့်တိုင်အောင် ဖွဲ့စည်းမှုဟူသော အာပေါဓာတ် အဆင့်ဆင့် ပြယ်ပျောက်၍သွားပုံ, ယိုစီးမှုဟူသော အာပေါဓာတ်အဆင့်ဆင့် စမ်းရေပွက်ကဲ့သို့ ဖြစ်ပေါ်၍သွားပုံ, တစ်ဖန်အရည်ကြည်မှာရှိသော ယိုစီးမှုမှစ၍ ပကတိ ခက်မာမှု ဖြစ်သည့်တိုင်အောင် ယိုစီးမှု အဆင့်ဆင့် ချုပ်ပျောက်ပုံ, ဖွဲ့စည်းမှု အဆင့်ဆင့်ဖြစ်ပေါ်ပုံကို အာကာသရိစ္ဆေဒနှင့် ပိုင်းခြား၍ ကြည့်လေ။

အာပေါအာကာသ ပြီး၏။

## တေဇောအာကာသ

တေဇောအာကာသ၌ အေးမှုအဆင့်ဆင့် ပူမှုအဆင့်ဆင့် ပိုင်းခြား၍ ကြည့်လေ။

တေဇောအာကာသ ပြီး၏။

## ဝါယောအာကာသ

ဝါယောအာကာသ၌ ထောက်ခံမှု အဆင့်ဆင့် ပိုင်းခြား၍ ကြည့်လေ။

ဝါယောအာကာသ ပြီး၏။

ဤချိပ်ခဲတစ်ခု၌ ဓာတ်ကြီး ၄-ပါးတို့၏ ဖြစ်မှု, ပျက်မှုကို အာကာသ ပရိစ္ဆေဒနှင့်တကွ အချက်ကျ ခြားနားထင်ရှားစွာ ထင်မြင်နိုင်ကြပါလျှင် သတ္တဝါ ခန္ဓာကိုယ်ကို မဆိုထားဘိ မြင့်မိုရ်တောင်, မဟာပထဝီမြေကြီးတို့၌ပင် မြင်နိုင်ကြကုန်လတ္တံ့။ ဤချိပ်ခဲ၌ မီးရှိန်ပြင်းစွာ ထိပါးမှုကို အာရုံပြုလိုက်သည်နှင့် တစ်ပြိုင်နက် ချိပ်ခဲအမှုအရာ တစ်မျိုးပြောင်းလဲမှုကို မျက်စိနှင့် မြင်ရသကဲ့သို့ မြင်၏။ အမှုအရာဟောင်း ပျက်သည်ကိုလည်း မြင်၏။ အမှုအရာသစ် ပေါ်သည်

http://www.dhammadownload.com



ကိုလည်း မြင်၏။ မီး၌ တကယ်ချလျှင်လည်း မျက်စိနှင့်ပင် ကြောင်ကြောင် မြင်၏။

**မျက်စိအမြင် ဆိုသည်ကား** – ဋ္ဌီခဏ–ဋ္ဌီခဏ ရောက်ဆဲကိုသာ မြင်၏။ ပျက်မှုအစွန်း, ဖြစ်မှုအစွန်းတို့ကို မြင်ရိုးမဟုတ်။ အစွန်း ၂–ခုတို့၏ အကြား အာကာသပရိစ္ဆေဒကိုလည်း မြင်ရိုးမဟုတ်။ အဟောင်းအသစ် ဋ္ဌီအချင်း ချင်းဖြင့်သာ စပ်ဆက်၍ မြင်၏။

ထိုသို့ မြင်ရာတွင် ဋ္ဌီရုပ်အချင်းချင်း အမူအရာမတူကြသည်ကို မြင်၍ မနောဒွါရဖြင့် ရုပ်ပြောင်းမှုကို လောက၌ အလိုလိုသိကြ၏။ အမူအရာဟောင်း ပျက်သည်ကို သိကြ၏။ အမူအရာသစ် တစ်မျိုး ဖြစ်ပေါ်သည်ဟု သိကြ၏။ အမူအရာခြားသည်ဟု သိကြ၏။ ထိုတွင် –

၁။ အမူအရာဟောင်းပျက်သည်ဟု သိမှုကား ရုပ်ဟောင်း၏ ဘင်ကို သိမှုပင်တည်း။

၂။ အမူအရာသစ်တစ်မျိုး ဖြစ်ပေါ်သည်ဟု သိမှုကား ရုပ်သစ်၏ ဥပါဒ်ကို သိမှုပင်တည်း။

၃။ အမူအရာခြားသည်ဟု သိမှုကား အာကာသပရိစ္ဆေဒကို သိမှုပင် တည်း။

ထိုသို့ သိသော်လည်း ချိပ်ခဲဟူသော သဏ္ဌာန်ဒြပ်, ပညတ်နိမိတ်ကြီး ကို စိတ်၌စွဲလျက်ရှိနေသောကြောင့် စိတ်၌ ထိုသဏ္ဌာန်ကြီးသည်သာ ပြဋ္ဌာန်း၍ နေ၏။ အမူအရာဟောင်းပျက်မှု, ပျောက်ကွယ်မှု, ချုပ်ဆုံးမှုကား မရဏဓာတ် ကြီးတစ်ခုတည်းဟု ပျက်မှုကို အသီးအခြား ဓာတ်ကြီး ၁–ပါး၊ ဓမ္မကြီး ၁–ပါး အနေနှင့် မသိကြ။ စိတ်၌ စွဲမြဲထင်ပေါ်၍နေသော ချိပ်ခဲ၏အပေါ်ရံက အမူအရာ မျှအနေနှင့်သာ ထင်ကြ၏။ ထို့အတူ အမူအရာတစ်မျိုး ဖြစ်ပေါ်မှု, ပေါက်ဖွား မှုကိုလည်း အသီးအခြား ဇာတိဓာတ်ကြီး တစ်ပါး၊ ဇာတိဓမ္မကြီး တစ်ပါးဟု မသိကြ။ ထို့အတူ အမူအရာခြားမှုကိုလည်း အာကာသပရိစ္ဆေဒဓာတ်ကြီး ၁–ပါး၊ ဓမ္မကြီး ၁–ပါးဟု မသိကြ။

ချိပ်ခဲဟူသော အဟုတ်ရှိ၊ ကေန်ရှိမဟုတ်သော နိမိတ္တကြီးကို ဉာဏ်နှင့်

http://www.dhammadownload.com



ဖယ်ရှား၍ ခက်မာမှု၊ ဖွဲ့စည်းမှု၊ အေးမှု၊ ပူမှု၊ ကြွရွမှုဟူသော ပရမတ်ဓာတ်စစ်ကို ဉာဏ်စိုက်၍ ကြည့်တတ်မှသာလျှင် ထိုမရဏဓာတ်ကြီး၊ ဇာတိဓာတ်ကြီး၊ အာကာသဓာတ်ကြီးတို့သည် အမှုအသီးအခြား၊ ကိရိယာအသီးအခြား၊ ဓမ္မ ကြီး ၁-ပါးစီ ၁-ပါးစီ အဖြစ်နှင့် ထင်မြင်နိုင်သည်။ ဤဓမ္မကြီး ၃-ပါးကို ကြီးကြီးမားမား သီးသီးခြားခြား ဉာဏ်အမြင် ထင်ရှားစွာ ပေါ်၍လာအောင် အားထုတ်ရသည်။ သတိ အထူးထားကြစေ။

ဤမျှသော စကားရပ်တို့ဖြင့် အနိစ္စဆိုသော တရားသည် ငါတို့ နဂိုပကတိစိတ်အသိထဲမှာပင် ပါဝင်ပြီးသာတည်း။ မမိနိုင်သော တရားမဟုတ်။ ဉာဏ်၌ နိမိတ္တဓမ္မကြီးကို ပယ်ရှားမှု၊ ဓာတ်ကြီး ၄-ပါးကို ထုတ်ဖော်မှု၊ ဓမ္မကြီး ၃-ပါးကို ထင်ရှားစေမှု လို၍နေကြသည့်အတွက်ကြောင့်သာ အနိစ္စကို မြင်လျက်နှင့် အနိစ္စ မှန်းမသိ ရှိနေကြရကုန်သည်ဟု အားတက်ကြရန် အချက်ကို ပြဆိုသတည်း။

(အာကာသ ၄-ပါး ကြည့်ရှုရန် ပြီး၏။)

## (ဃ) အနိစ္စလက္ခဏာ မထင်မြင်နိုင်ပုံ

**ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယမ္ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။**

(အဋ္ဌကထာ)

အဘယ်ကို နှလုံးမသွင်းခြင်းကြောင့် အဘယ်သည် ဖုံးလွှမ်းခြင်းကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါတို့၏ဉာဏ်၌ မထင်လေသနည်း ဟူမူကား ဖြစ်မှု၊ ပျက်မှုကို ဓာတ်အသီးအခြား၊ ဓမ္မအသီးအခြားဟု ထင်ရှားအောင် နှလုံးမသွင်းခြင်းကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါတို့၏ ဉာဏ်၌ မထင်လေသည်။ ဖြစ်မှုပျက်မှုကို ဓာတ်အသီးအခြား၊ ဓမ္မအသီးအခြားဟု ထင်ရှားအောင် ဉာဏ်နှင့် သိမ်းဆည်း၍ သန္တတိ ပညတ်တည်းဟူသော နိမိတ္တဓမ္မကြီးကို ဉာဏ်နှင့်ဖွာဖျက်ပယ်ရှားမှုတ်လွှင့်၍ ပစ်သည်ရှိသော် အနိစ္စလက္ခဏာသည် ဟုတ်မှန်တိုင်းသာ

http://www.dhammadownload.com



မိမိကိစ္စနှင့်တကွ သတ္တဝါတို့၏ ဉာဏ်၌ ထင်လာ၏။

(ဤကား အဋ္ဌကထာကြီး၏ စကားကို အကျဉ်းချုပ် ထိလောက်ရုံ အဓိပ္ပာယ် ဖော်ပြချက်တည်း။)

ဓာတ်ကြီး ၄-ပါး, ဓမ္မကြီး ၃-ပါးတို့သည် ဉာဏ်အလိမ္မာတို့၏ ကြီးပွားစည်ကားရာ ဖြစ်ကုန်၏။ နိမိတ္တဓမ္မတို့သည် ကိလေသာတို့၏ ကြီးပွားစည်ကားရာ ဖြစ်ကုန်၏။ အတ္တဒိဋ္ဌိ၏ အမိသဖွယ်ဖြစ်သော သမ္မောဟတရားကြီးသည် ဓာတ်ကြီး ၄-ပါး, ဓမ္မကြီး ၃-ပါးတို့ကို လုံခြုံစွာ ဖုံးလွှမ်းကွယ်ကာ၏။ စိတ်ဝိညာဉ်ဟူသော မျက်လုည့်သည် ကြီးသည်အဟုတ်မရှိသော နိမိတ္တဓမ္မကြီးကို အမြဲဖန်ဆင်း တည်ထောင်၍ ပြထား၏။ ထို့ကြောင့် သတ္တဝါတို့သည် ဓာတ်ကြီး, ဓမ္မကြီးတို့ကို ကြောင်ကြောင်မြင်လျက် မသိကြကုန်။ ကြောင်ကြောင် သိလျက် မမြင်ကြကုန်။

အဘယ်သို့ ကြောင်ကြောင်မြင်လျက် မသိကြကုန်သနည်း ဟူမူကား လောက၌ ဒိဋ္ဌကိုယ်တွေ့ချည်း ဖြစ်ကြသည်ကို ကြောင်ကြောင်မြင်သည် ဆိုသည်။ မည်သည့်ဓာတ်ဟူ၍, မည်သည့်ဓမ္မဟူ၍ အသီးအသီး ခြားနား၍ မသိကြသည်ကို မသိဆိုသည်။

ကြောင်ကြောင်သိလျက် မမြင်ကြဆိုသည်ကား သာသနာဓမ္မ၌ ကြားဖူးနားဝ ရှိကြသူတို့မှာ ဤကိုယ်ခန္ဓာသည် ဓာတ်ကြီး ၄-ပါးအစုသာတည်းဟု သိကြလျက် ကိုယ်ခန္ဓာတစ်ခုလုံးကို ၄-စိတ်ကွဲအောင် ခွဲခြမ်း၍မမြင်ကြ ဆိုလိုသည်။

## ထိုစကား ၂-ရပ်ကို ထင်ရှားစေဦးအံ့

ခက်မာမှု, ကြမ်းတမ်းမှု, ပျော့ပျောင်းမှု, နူးညံ့မှုတို့သည် ဒိဋ္ဌ ကိုယ်တွေ့တို့ချည်းသာတည်း။ ထို့အတူ ဖွဲ့တွယ်မှု, စေးချွဲမှု, ယိုစီးမှုတို့သည်လည်းကောင်း၊ ပူမှု, လောင်မှု, နွေးမှု, အေးမှု, ချမ်းမှု တို့သည်လည်းကောင်း၊ ထောက်ကန်မှု, တောင့်တင်းမှု, ကြွရွမှု, လှုပ်ရှားမှု, ရွေ့သွားမှုတို့သည် လည်းကောင်း ဒိဋ္ဌကိုယ်တွေ့တို့ချည်းသာတည်း။ ထို့အတူ ထိုအမှုအရာတို့၏ အခြေအနေ

http://www.dhammadownload.com



ပျက်မှု, အမူအရာပြောင်းလဲမှု, တစ်မျိုးတစ်မျိုး ပေါ်လာမှု၊ အမူအရာခြားမှု, ရှေ့အမူ နောက်အမူ မတူမှုတို့သည် ဒိဋ္ဌကိုယ်တွေ့တို့ချည်းသာတည်း။ အမူအရာ တစ်ခုခုကိုမူကား ဓာတ် ၁–ပါး၊ ၁–ပါးဟူ၍ ဉာဏ်နှင့်ခြားနား၍ကား မမြင်ကြကုန်။ အလုံးစုံသော အမူအရာစုကို နိမိတ်ကြီးနှင့် တစ်ခုတည်းပြု၍သာ မြင်ကြကုန်၏။ ကိုယ်ကိုစမ်းလျှင် ပူမှန်းသိ၏။ နွေးမှန်းသိ၏။ အေးမှန်းသိ၏။ တေဇောဓာတ်ကြီးပေဟူ၍ မသိကြ။ နိမိတ်နှင့် တစ်ခုတည်းပြု၍ ကိုယ်ပူသည်။ ကျောပူသည်။ ဝမ်းပူသည် အစရှိသည်ဖြင့် သိကြ၏။ အပူပျောက်ပြီ။ အနွေးပျောက်ပြီ။ အအေးပျောက်ပြီဟု သိကြ၏။ ထိုပျောက်မှုကို တေဇော၏သေမှု, ချုပ်မှုဟူသော မရဏဓာတ်ကြီးပေ ဟူ၍ မသိကြ။ ပူလာပြီ။ အပူဖြစ်ပေါ်၍ လာပြီ။ အေးလာပြီ။ အေးမှု ဖြစ်ပေါ်၍ လာပြီဟု သိကြ၏။ ထိုဖြစ်ပေါ်မှုကို ဇာတိဓမ္မကြီးတစ်မျိုးပေဟူ၍ မသိကြ။ ထိုအလုံးစုံကို ထင်ရှားစေခြင်းငှါ ဒွတ္တိံသာကာရနှင့်စပ်၍ ပြဆိုအံ့။

ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၌ –

ကေသကာယံ၊ လောမကာယံ၊ နခကာယသံ၊ ဒန္တကာယံ အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် တစ်ယောက်သောသူ၏ ကိုယ်သဏ္ဍာန်၌ ကေသကာယ, လောမကာယ အစရှိသည်ဖြင့် ကာယပေါင်း ၃၂ –ရှိ၏။ ကိုယ်ခန္ဓာပေါင်း ၃၂–ရှိ၏ဟူလို။ ဆံပင်ပေါင်း ၂–ကုဋေ ၄–သန်း ရှိသည်ဆိုသောကြောင့် ကေသကာယပေါင်း ၂–ကုဋေ ၄–သန်း ရှိ၏။ ဆံပင်ခေါ်သော ကိုယ်ခန္ဓာပေါင်း ၂–ကုဋေ ၄–သန်းရှိ၏ဟူလို။ ထို့အတူ –

| | |
|---|---|
| မွေးညင်းခေါ်သော ကိုယ်ခန္ဓာပေါင်း | ၉၉၀၀၀ –ရှိ၏။ |
| ခြေသည်း, လက်သည်းခေါ်သော ကိုယ်ခန္ဓာပေါင်း | ၂၀ –ရှိ၏။ |
| သွားခေါ်သော ကိုယ်ခန္ဓာပေါင်း | ၃၂ –ရှိ၏။ |
| အရေခေါ်သော ကိုယ်ခန္ဓာပေါင်း | ၂ –ရှိ၏။ |
| အသားခေါ်သော ကိုယ်ခန္ဓာပေါင်း | ၉၀၀ –ရှိ၏။ |
| အကြောခေါ်သော ကိုယ်ခန္ဓာပေါင်း | ၉၀၀ –ရှိ၏။ |
| အရိုးခေါ်သော ကိုယ်ခန္ဓာပေါင်း | ၃၀၀ –ရှိ၏။ |

http://www.dhammadownload.com



ဤသို့ စသည်ဖြင့် ခွဲလေဦး။

ဆံပင်တစ်ခုဌ်လည်း ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယဟူ၍ ကာယကြီး ၄-ပါးရှိ၏။

၁။ ဆံပင်တစ်ခုလုံး၌ အမာခံဖြစ်သော ခက်မာမှုကိရိယာ အပေါင်းသည် ပထဝီကာယ မည်၏။

၂။ ဖွဲ့စည်းမှု ကိရိယာအပေါင်းသည် အာပေါကာယ မည်၏။

၃။ ပူသောအခါ၌ ပူမှုအပေါင်း၊ အေးသောအခါ၌ အေးမှု အပေါင်းသည် တေဇောကာယ မည်၏။

၄။ တေဇောကာယ၏ အရှိန်ဖြစ်သော ထောက်ကန်မှု အပေါင်းသည် ဝါယောကာယ မည်၏။

ဤသို့ဆိုလျှင် ဆံပင်တစ်ခု၌ ကာယကြီး ၄-ပါးရှိ၏။ ကိုယ်ခန္ဓာကြီး ၄-ပါးရှိ၏ဟူလိုသည်။

ထိုကာယကြီး ၄-ပါးတို့၏ မစဲဖြစ်ပေါ်မှု, မစဲပျက်ဆုံးမှု ဟူသော လက္ခဏာဓာတ်ကြီး ၂-ပါးလည်း ရှိ၏။ ကလာပ်ဖွဲ့ ကလာပ်ခဲတို့၏ ထက်ဝန်းကျင် အခြား ရှေ့နောက်အခါဟူသော အာကာသပရိစ္ဆေဒဓာတ်ကြီးလည်း ရှိ၏။ စိတ်ဝိညာဉ် ဖန်ဆင်း၍ပြသဖြင့် ထင်မြင်၍ နေကြသော သဏ္ဌာန်နိမိတ်ကြီးလည်း ရှိ၏။ ထိုသဏ္ဌာန်အတိုင်း နှစ်လအရှည်တည်နေသည်ဟု ထင်မြင်၍နေကြသော သန္တတိနိမိတ်ကြီးလည်း ရှိ၏။ ဤနိမိတ်ကြီး ၂-ပါးတို့သည်ကား စိတ်ထဲတွင် ထင်မြင်ကြရသော ပညတ်မျှတို့သာတည်း။ ထိုဆံပင်တစ်သက် ထိုနိမိတ်ကြီးတို့သည် မြဲကုန်၏။ လူသေ၍မှ မပျက်ကြကုန်သေး။ သုသာန်မြေမှာ တစ်ထွေးလုံးလုံး တည်ရှိကြကုန်သေး၏။ ထိုနိမိတ် ၂-ပါးတို့မှာ ဖြစ်မှုဟူ၍လည်း မရှိ။ ပျက်မှုဟူ၍လည်း မရှိ။ အနိစ္စလည်း မရှိ။ ဒုက္ခလည်း မရှိ။ နိစ္စဓမ္မမျိုးတို့သာ တည်း။

ထိုနိမိတ်ကြီး ၂-ပါးတို့၏ မှီရာဖြစ်သော ကာယကြီး ၄-ပါးတို့၏ ထိုဘဝ၌ အစစွာသော ဖြစ်ပေါ်မှုကို ထိုနိမိတ်တို့၏ ဖြစ်ပေါ်မှုဟု ထင်မြင်ကြရကုန်၏။ သုသာန်မြေမှာ ကာယကြီး ၄-ပါးတို့၏ အဆုံးစွန်သော ပျက်မှုကို

http://www.dhammadownload.com



ထိုနိမိတ်တို့၏ ပျက်မှုဟု ထင်မြင်ကြရကုန်၏။ ထို့ကြောင့် ထိုနိမိတ်တို့ကိုသာ သိမြင်ထင်စွဲ၍ နေကြကုန်သော သတ္တဝါတို့သည် ထိုဆံပင်မှာ တစ်ခါဖြစ်, တစ်ခါပျက်သာ ရှိသည်ဟု သိမြင် ထင်မှတ်၍ နေကြကုန်၏။ မသေမီအကြား၌ ထိုသူအသက်ရှည်သမျှ ကာလပတ်လုံး အန္တရာယ်မရှိလျှင် သုသာန်မြေသို့ ရောက်သည်တိုင်အောင် ထိုဆံပင် အခါခါ ဖြစ်သည်။ အခါခါ ပျက်သည်ဟူ၍ မရှိပြီဟု သိမြင် ထင်မှတ်၍ နေကြကုန်၏။ သတ္တဝါတို့၏ ကိုယ်ခန္ဓာတစ်ခုလုံးသည် နိမိတ္တတုံးကြီး, နိစ္စတုံးကြီး ထင်မြင် စွဲမှတ်၍ နေကြကုန်၏။

ထိုနိမိတ်ကြီး ၂-ပါးတို့တွင် သဏ္ဍာန်နိမိတ်ကြီးသည် ဆံပင်၌ရှိသော ကာယကြီး ၄-ပါးတို့ကို ဆံပင်ဟု တစ်ခုတည်းဟု ဖုံးလွှမ်း၏။

၁။ ဆံပင်၌ရှိသော ခက်မာမှုကို ပထဝီဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင်ခက်မာသည် ဟူ၍သာ သိကြကုန်၏။

၂။ ဖွဲ့စည်းမှုကို အာပေါဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင်ဖွဲ့စည်းသည်ဟု သိကြကုန်၏။

၃။ ပူမှု, အေးမှုကို တေဇောဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင်ပူသည်, ဆံပင်အေးသည်ဟု သိကြကုန်၏။

၄။ ထောက်ကန်, တောင့်တင်းမှုကို ဝါယောဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်။ ဆံပင် တောင့်တင်းသည်ဟု သိကြကုန်၏။

သန္တတိနိမိတ်ကြီးသည် ထိုဓာတ်ကြီး ၄-ပါးတို့၏ ၁-နာရီအတွင်းမှာ အခါ ၁-ရာ အခါ ၁-ထောင်မက တစ်သုတ်တစ်သုတ် ချုပ်ပျက်သေဆုံးမှု, တစ်သုတ်တစ်သုတ် အသစ်အသစ် ဖြစ်ပေါ်မှုတို့ကို လုံခြုံလှစွာ ဖုံးလွှမ်း၍ ရှေ့နောက်အစဉ် ဖြစ်ကုန်သော ထိုတစ်သုတ် တစ်သုတ်တို့ကို ဆံပင်တစ်ခုတည်း ပြု၍ တစ်သက်လုံး၌ သည်ဆံပင်ဟု ထင်မှတ်မှောက်မှားစေ၏။ ဓာတ်ကြီး ၄-ပါးတို့ကား အနိစ္စမျိုးတို့တည်း။ နိမိတ်ကြီး ၂-ပါးတို့ကား နိစ္စမျိုးတို့တည်း။ အဟုတ်ရှိသော တရားမျိုးမဟုတ်သောကြောင့် ပျက်စရာမရှိသည့်အတွက် နိစ္စမျိုး ဖြစ်လေသတည်း။

ထိုဆံပင်၌ ကာယကြီး ၄-ပါးတို့တွင် တေဇောကာယ ဆိုသည်ကား

http://www.dhammadownload.com



မီးစု မီးခဲတည်း။ ပူမှု, နွေးမှု, အေးမှု, ချမ်းမှု အစုခအခဲတည်း။ ပူမှု, အေးမှုတို့၌ ကိစ္စကြီးကား ၂-ပါးသာ ရှိ၏။

၁။ အတူတကွ အနီးအစပ်ဖြစ်သော ပထဝီကာယ, အာပေါကာယ, ဝါယောကာယတို့ကို ခဏမစဲ ကုန်ဆုံးအောင် အမြဲလောင်မှု ကိစ္စကြီး တစ်ပါး။

၂။ ထိုကာယကြီး ၃-ပါးတို့ကို လောင်မိ, စွဲမိ, ခဲမိသည်နှင့် တစ်ပြိုင်နက် အမြဲမီးပွားမှု ကိစ္စကြီး တစ်ပါး။

ဤသို့ ပူမှု၌ ကိစ္စကြီး ၂-ပါး၊ အေးမှု၌ ကိစ္စကြီး ၂-ပါး အသီးအသီး ရှိကြ၏။ ဤစကား၌ မီးပွားမှု ဆိုသည်ကား အပူအဆင့်ဆင့်ပွားမှု, အအေးအဆင့်ဆင့် ပွားမှုကို ဆိုသတည်း။ ပူမှု, အေးမှု အသစ်အသစ် မီးပွားတိုင်း, မီးပွားတိုင်း ကြွင်းသော ကာယကြီး ၃-ပါးတို့သည် အမြဲပါရှိကြကုန်၏။

## မီးပွားပုံ

မီးပွားပုံ အခြင်းအရာကိုကား လောက၌ ရှားမီးခဲရဲရဲကြီးတို့ စေ့စေ့ကြည့်ရှု၍လည်းကောင်း, မီးတောက်မီးလျှံကို စေ့စေ့ကြည့်ရှု၍ လည်းကောင်း ဉာဏ မီးပွားမှုကို သိမြင်ရာ၏။ မြစ်ရေအလျဉ်, စမ်းရေအလျဉ်များကို ကြည့်ရှု၍ သီတမီးပွားမှုကို သိမြင်ရာ၏။ လှုပ်လှုပ်ရွရွ တဖွားဖွား ပေါ်မှု, တက်မှု, တတွေတွေ စီးထွက်မှုတို့ကို ဆိုလိုသည်။

အကြင်မျှလောက်သော နေ့, ရက်, လ, နှစ်ကာလပတ်လုံး ထိုဆံပင်၌ တေဇောကာယကြီး မီးပွားမှု အခွင့်ရှိ၏။ ထိုမျှလောက်သော ကာလပတ်လုံး ဆံပင်ဟူသော သဏ္ဌာန်နိမိတ်, သန္တတိနိမိတ်တို့သည် ထင်မြင်ရကုန်၏။ မီးပွားမှု ကုန်ဆုံးလျှင် အမှီမရှိ၍ ထင်စရာ, မြင်စရာမရှိ၊ ကွယ်ပျောက်ကြကုန်၏။ ဤမီးပွားမှုကို ဉာဏ်စူးစိုက်မိခဲ့လျှင် ဆံပင်တစ်ခုလုံး အမြဲနိစ္စ တရွရွနေသည်ကို ထင်မြင်နိုင်ကြကုန်လတ္တံ့။

ဆံပင်တစ်ခု၌ ကောင်းကောင်းမြင်ခဲ့ပေလျှင် သတ္တဝါတို့၏ ကိုယ်ခန္ဓာရှိ ရုပ်စု ရုပ်ခဲတို့ကို မဆိုထားဘိ။ မဟာပထဝီမြေကြီး, မြင့်မိုရ်တောင်ကြီးတို့နှင့်

http://www.dhammadownload.com



တကွ တော, တောင်, သစ်ပင်အစရှိသော ရုပ်စု ရုပ်ခဲတို့သည် ဉာဏ်၌ တရွရွ တွေ့ဖြစ်၍ ကုန်လတ္တံ့။

တရွရွထင်မြင်ခဲ့လျှင် ထိုတရွရွဆိုရသော အမှုမျိုး၌ အကျအတက် အပျက် အဖြစ်တွေကို ဖက်စပ်၍ဆိုရသော အမှုမျိုးပေတည်း။

ထို့ကြောင့် -

၁။ ရှေးရှေးအသုတ်မှ ကာယကြီး ၄-ပါး ပျက်ဆုံးမှု အစွန်း၊

၂။ နောက်နောက်အသုတ်မှ ကာယကြီး ၄-ပါး အသစ်အသစ် ဖြစ်ပေါ်မှု အစွန်း၊

၃။ ထိုအစွန်း ၂-ပါး, ၂-ပါးတို့၏ အကြား၌ အပြတ်ကြီး, အပြတ်ကြီး အနေနှင့် အမြဲပါရှိသော အာကာသပရိစ္ဆေဒမှု၊

ဤအစွန်း ၂-ပါး, အခြား ၁-ခုကိုလည်း အတပ်သိမြင်နိုင်ကြကုန်ရာ သတည်း။

(ဤကား အစဉ်အမြဲအားဖြင့် သတ္တဝါတို့၏ ကိုယ်ခန္ဓာနှင့်တကွ တစ်လောကလုံး၌ နေ, လ, နက္ခတ်တို့ကို အရင်းပြု၍ တစ်နေ့ တစ်နေ့၌ ပင်လျှင် ဗဟိုရ်အပိုင်းအခြား, နေ့, ညဉ့်အပိုင်းအခြားအားဖြင့် တက်တုံ ဆုတ်တုံ ဖြစ်၍နေကြသော ဥဏှဓာတ်မီး, သီတဓာတ်မီးတို့ကို အစွဲပြု၍ ပကတိသော ဆံပင်၌ ကာယကြီး ၄-ပါး၊ အစွန်းကြီး ၂-ပါး၊ အခြားကြီး ၁-ပါးတို့ကို ဖော်ပြသော အချက်တည်း၊ ချိပ်ခဲဥပမာနှင့် ယှဉ်၍ကြည့်လေ။)

ဤဆံပင်၌ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ဥပါဒါရုပ် ၄-ခု ကျန်ရှိသေး၏။ ကာယကြီး ၄-ပါးတို့၏ ဖြစ်မှုပျက်မှု ထင်မြင်နိုင်ပါလျှင် ဥပါဒါရုပ်တို့၏ ဖြစ်မှုပျက်မှုတို့ကိုလည်း ထင်မြင်နိုင်တော့သည်။ သို့ရာတွင် အဆင်းဟူသော ဝဏ္ဏဓာတ်သည် သဏ္ဌာန်နိမိတ်ကြီးနှင့် အလွန်နီးစပ်လှ၏။ ဤအဆင်းဟူသော ဝဏ္ဏဓာတ်ကို မှန့်မှုန့်ညက်ညက် ကြေအောင် ဉာဏ်နှင့် အထူးချေဖျက်ရလိမ့်မည်။ ပထဝီကာယကြီး ပျက်မှုကိုရှုခဲ့လျှင် ဝဏ္ဏဓာတ်ပျက်မှုကိုလည်း တစ်ပေါင်းတည်းပါအောင်ရှု။

ထို့အတူ အာပေါကာယကြီး အဖွဲ့အတွက် ပြုတ်ပျက်မှု, တေဇောကာယ

http://www.dhammadownload.com



ကြီး အပူအအေး ကုန်ဆုံးမှု, ဝါယောကာယကြီး အရှိန်သေပျောက်မှုတို့ကို ရှုခဲ့လျှင် ဝဏ္ဏဓာတ်ပျက်မှုလည်း တစ်ပေါင်းတည်း ပါလေအောင် အထူး အားထုတ်ရမည် ဆိုလိုသည်။ ဆံပင်၌ မည်းနက်သော အဆင်းကို ကြောင်ကြောင်မြင်ကြလျက် ဓာတ်အသီးအခြားဟု မသိကြ။ ဓာတ်အသီးအခြားဟု သိကြလျက် ခြားနား၍ မမြင်ကြ။ အနံ့၊ အရသာ၊ ခြေသည်း လက်သည်း၊ သွား၊ အရေ အစရှိသော ကြွင်းသော ကောဋ္ဌာသတို့၌လည်း ကာယကြီး ၄-ပါး, အစွန်း ၂-ပါး, အာကာသပရိ စ္ဆေဒ ၁-ပါး, နိမိတ်ကြီး ၂-ပါးတို့ကို အသီးသီး ထင်မြင်အောင် ပေါက်အောင် အားထုတ်ကြလေ။

ထိုကြွင်းသော ကောဋ္ဌာသတို့တွင် မွေးညင်းမှတစ်ပါးသော ၁၈-ပါးသော ပထဝီကောဋ္ဌာသတို့၌ နိမိတ်ကြီး ၂-ပါး ကြီးကျယ်လှ၏။

၁။ သဏ္ဌာနနိမိတ်မည်သည် အဏုမြူမှ အထည်ဝတ္ထု ဒြပ်သဏ္ဌာန် ထင်မြင်လာလျှင် သဏ္ဌာန နိမိတ်ကြီးပင်တည်း။

၂။ သန္တတိနိမိတ်မည်သည်ကား ဤဝတ္ထုသည် ၁-မိနစ် တည်နေ၏။ ၁-နာရီ တည်နေ၏ဟု ထင်မြင်လာလျှင် သန္တတိနိမိတ်ကြီး ပင်တည်း။

မုန်ညင်းစေ့ငယ်တွေကို တောင်ကြီးဖုံးဖိ၍ ထားဘိသကဲ့သို့ အဟုတ်အမှန်ရှိသော ပရမတ်ဓာတ်တွေကို အဟုတ်အမှန်ရှိ မဟုတ်၊ စိတ်ဝိညာဉ် လုပ်ကြံလှည့်စား၍ ပြမှုနှင့် ထင်မြင်၍နေရသော ထိုနိမိတ်ကြီး ၂-ပါးတို့သည် ဖုံးအုပ်ကွယ်ကာ၍ ထားအပ်ကုန်၏။ ပရမတ်ဓာတ်ကြီးတွေကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်၍ နိမိတ်ကြီးတွေကို ဉာဏ်နှင့်သန်သန်မှုတ်လွှင့်၍ ပစ်ကြလေ။ အမိုက်မှောင် မည်သည်ကို အရောင်အလင်းသည်သာ ငယ်နိုင်ဖြစ်၏။ ညဉ့်အခါ တိုက်ခန်း၌ ပြည့်၍နေသော မှောင်လုံး မှောင်ခဲကြီးကို အရောင်တစ်ခုသည်သာ နိုင်၏။ အရောင်မှတစ်ပါး ထိုမှောင်ကို နိုင်သောအရာမရှိ။ ဗုံးကြီး, အမြောက်ကြီးနှင့် ပစ်ခွင်း၍ ဖျက်ဆီးသော်လည်း ပျောက်ပျက်အောင် မတတ်နိုင်။ မီးရောင်လာခဲ့လျှင် အဏုမြူမကျန် ခဏချင်း အလိုလို ကွယ်ပျောက်၏။

ထို့အတူ နိမိတ္တမှောင်ကြီးကိုလည်း ဓာတ်သဘောကို မြင်သောဉာဏ်

http://www.dhammadownload.com



ရောင်သည် ငယ်နိုင်ဖြစ်၏။ ဉာဏ်ရောင်ပေါ်လျှင် အလိုလိုကွယ်ပျောက်၏။ နိမိတ္တမှောင်ကြီး ဖုံးလွှမ်းမှု ဆိုသည်နှင့် အဝိဇ္ဇာ– မောဟမှောင်ကြီး ဖုံးလွှမ်းမှုသည်ကား အတူတူပင်။ စိတ်သန္တာန်၌ သမ္မောဟ တရားကြီး ရှိနေသောကြောင့် စိတ်ဝိညာဉ်သည် ထိုနိမိတ္တမှောင်ကြီးတွေကို ဖန်ဆင်းနိုင်လေသည်။ စိတ်သန္တာန်၌ ဓာတ်အမြင်ပေါက်သောဉာဏ် တစ်စတစ်စ ပေါ်လာလျှင် သမ္မောဟတရားကြီး တစ်စတစ်စ ပြယ်ပျောက်၏။ စိတ်ဝိညာဉ် လှည့်စားမှုလည်း တစ်စတစ်စ ကွယ်ပျောက်၏။

ထိုသမ္မောဟတရားကြီးကြောင့် စိတ်ဝိညာဉ်အမှု ဖြစ်သော နိမိတ္တမှောင်ကြီး ၂–ပါး အမြဲထင်မြင်၍ နေသဖြင့် –

၁။ နိစ္စဒိဋ္ဌိကြီး,

၂။ အတ္တဒိဋ္ဌိကြီး,

၂–ပါးတို့ မင်းမူ၍နေကုန်၏။ ထိုဒိဋ္ဌိကြီးတို့မှ ဒုစရိုက် ၁၀–ပါးသည် ထွက်ပေါ်ကြကုန်၏။ ဒုစရိုက် ၁၀–ပါးတို့မှ အပါယ်ဘဝ, အပါယ်ခန္ဓာတို့သည် ဖြစ်ကုန်၏။

ဒိဋ္ဌိဘေးကြီး, ဒုစရိုက်ဘေးကြီး, အပါယ်ဘေးကြီးတို့ကို ကြောက်လန့်ကြကုန်မူကား ဓာတ်အမြင်ပေါက်အောင် ဉာဏ်ရောင်အလင်းကို အင်တိုက်အားတိုက် ထူထောင်ကြလေကုန်။

## တိမ်သလာဖုံးသော မျက်စိ

မျက်စိနှစ်ဖက်၌ ပသာဒရုပ်ကြည်ကို တိမ်သလာကြီး ထူထပ်စွာ ဖုံးလွှမ်းလျက်ရှိသောသူသည် နေ့ကြောင်ကြောင်မှာပင် မှောင်ကြီးဝိုင်း၍ နေ၏။ မှောင်ကြီးကိုသာ မြင်၍နေ၏။ ထိုသူထင်မြင်၍နေသော မှောင်ကြီးကား နေ့ကြောင်ကြောင်ဖြစ်၍ အဟုတ်ရှိသော မှောင်မဟုတ်။ ထိုသူစိတ်ဝိညာဉ် ထင်မိထင်ရာ မြင်မိမြင်ရာ မဟုတ်တရုတ်ကြီး, မတူတယူကြီး သက်သက်သာတည်း။ မျက်စဉ်းဆေးဝါးကို အားထုတ်မှီဝဲ၍ တိမ်သလာ ကွာပျောက်သဖြင့် အတွင်း၌ ပသာဒရုပ်ကြည်ပေါ်လာလျှင် ထိုဝိုင်း၍နေသော မှောင်ထုကြီး အလိုလို ပပျောက်လေ၏။

http://www.dhammadownload.com



၁။ မျက်စိမမြင်သူနှင့် ဉာဏ်သတ္တဝါတို့သည် တူကုန်၏။

၂။ မျက်စိနှင့် စိတ်သန္တာန်သည် တူ၏။

၃။ ပသာဒရုပ်ကြည်နှင့် ပကတိဉာဏ် တူ၏။

၄။ တိမ်သလာနှင့် အဝိဇ္ဇာသမ္မောဟ တရားကြီးသည် တူ၏။

၅။ စိတ်ရှေးရှုရာ အရပ် ၁၀–မျက်နှာ ဝိုင်း၍နေသော မှောင်ကြီးနှင့် နိမိတ်ကြီးတို့သည် တူကုန်၏။

သတ္တဝါတို့၏ ပကတိသောစိတ်ဝိညာဉ်မည်သည် အဟုတ်အမှန်ကို ဟုတ်မှန်သည့်အတိုင်း ထင်မြင်၍နေမှု အလွန်နည်းပါး၏။ မဟုတ်မမှန် ထင်မြင်၍ နေမှုကား တစ်ယောက် တစ်ယောက်မှာပင် အနန္တများပြား၏။

## သည်းခြေပျက်သော အရူး

သည်းခြေပျက်၍ အလွန်ကြီးဖောက်ပြန်၍နေသော အရူး၏စိတ်သည် မီးကို ရွှေထင်၏။ ရေပြင်ကို မြေပြင်ထင်၏။ ကောင်းကင်ကို ရေပြင်ထင်၏။ သစ်ပင် တောချုံတွေကို ရွှေဘုံရွှေနန်းတွေ ထင်၏။ ထိုထင်မြင်မှုသည် စိတ်ဝိညာဉ် လှည့်စားမှု သက်သက်သာတည်း။ ဓာတ်အမြင် မပေါက်သော ပုထုဇဉ်သတ္တဝါ တို့၏ စိတ်သည် ထိုအရူးစိတ်နှင့် ထပ်တူပင်တည်း။

အရူး၏စိတ်မှာ ဘာမှမဟုတ်၊ ဘာမှမရှိသော ကောင်းကင်ကို ရေပြင်ကြီး, ပင်လယ်ပြင်ကြီး အဟုတ်အမှန် ထင်မြင်၍နေမှုနှင့် ပုထုဇဉ်သတ္တဝါတို့၏ စိတ်မှာ နိမိတ်ကြီး ၂–ပါး ထင်မြင်၍နေမှု တူလှ၏။ ရုပ်ဓာတ်, နာမ်ဓာတ်တို့ သည်သာ အဟုတ်ရှိ အမှန်ရှိ ဖြစ်၏။ ထိုအဟုတ်ရှိ အမှန်ရှိတို့ကား မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ ခိုင်မြဲသော နိစ္စမျိုးမဟုတ်ကုန်။ အလိုသို့ လိုက်ပါတတ် သော သတ္တဝါမျိုး မဟုတ်ကုန်။ အနိစ္စမျိုး, အနတ္တမျိုးတို့သာ ဖြစ်ကုန်၏။ နိမိတ်ကြီး ၂–ပါးတို့ကား အဟုတ်ရှိ အမှန်ရှိ မဟုတ်။ စိတ်ဝိညာဉ် ထင်ချင် တတ်တိုင်း ထင်မြင်၍နေသော အထည်ဒြပ်ကြီးဖြစ်၍ နိစ္စအနေ, အတ္တအနေ ထင်မြင်၍ နေကြကုန်၏။

နိမိတ်ကြီး ၂–ပါးဆိုသည်ကား အထည်ဒြပ် မဟုတ်သော ရုပ်ဓာတ်,

http://www.dhammadownload.com



နာမ်ဓာတ်ကိုပင် အထည်ဒြပ်ပြုလုပ်၍ ထင်မြင်သော အမှုတည်း။ အရူးသည် ကောင်းကင်ကြီးငယ်ကို ရေဟူ၍ အတပ်ထင်မြင်၏။ အရူးထင်သည့်အတိုင်း ရေမဟုတ်သည့်အတွက်ကြောင့် ရေကိစ္စ၌ အသုံးသက်သက်မကျ၊ ရေဟု ထင်မြင်ချက်နှင့် အမက်ကြီး အစွဲကြီးတစ်ခု ဖြစ်နေရုံမျှသာ ရှိ၏။ ထို့အတူ သတ္တဝါတို့သည် ရုပ်ဓာတ်, နာမ်ဓာတ်တို့ကို နိမိတ်ကြီး ၂-ပါး ပြုလုပ်၍ နိစ္စ, အတ္တ ထင်မြင်၍ နေကြကုန်၏။ သတ္တဝါတို့ ထင်မြင်သည့်အတိုင်း မဟုတ်သည့်အတွက်ကြောင့် ထိုရုပ်ဓာတ် နာမ်ဓာတ်တို့သည် နိစ္စကိစ္စ, အတ္တကိစ္စနှင့် သက်သက် အသုံးမကျကုန်။

**နိစ္စကိစ္စ, အတ္တကိစ္စ ဆိုသည်ကား** – စောင့်ရှောက်မှု, ထောက်ပံ့မှု, မွေးမြူပြုပြင်မှုတို့နှင့် အချင်းခပ်သိမ်း လွတ်ကင်း၍ အနှစ် တစ်ရာ၊ အနှစ် တစ်ထောင် စသည်ဖြင့် သတ္တဝါတို့ အလိုရှိသမျှ ကာလပတ်လုံး မိုးကြိုးပင် ပစ်သော်လည်း ဖောက်ပြန်ခြင်း မရှိပဲ ပကတိအတိုင်း တည်နေမှုသည် နိစ္စကိစ္စ, အတ္တကိစ္စ မည်၏။ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၌ ထိုကိစ္စ ၂-ချက် သက်သက်မရှိ။

## ဆီမီးတောက် ဥပမာ

မီးစာ, ဆီ, ရေနံဆီတို့ကို အစွဲပြု၍ ဖြစ်ရ, တည်နေရသော မီးတောက်သည် မီးစာ, ဆီ, ရေနံဆီတို့ လျော့ပါးကုန်လျှင် လျော့ပါးရတော့သည်။ မီးစာ, ဆီ, ရေနံဆီတို့ ကုန်ဆုံးလျှင် သေဆုံးရတော့သည်။ မီးစာ, ဆီ, ရေနံဆီတို့နှင့်ကင်း၍ ပကတိအနေနှင့် မျက်တောင်တစ်ခတ်စာမျှ တည်တံ့၍မနေနိုင် သေရလေ၏။

မီးစာ, ဆီ, ရေနံဆီတို့ပင် အပြည့်အစုံ ရှိကြသော်လည်း လေ, ရေ အစရှိသော အန္တရာယ် ဖျက်ဆီးပြန်လျှင် ခဏချင်း သေဆုံးပြန်သည်။

ထိုနှင့်ထပ်တူ သတ္တဝါတို့ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သည် အမိဝမ်း၌ အမိကိုယ်၌ ဖြစ်ကုန်သော ဥတု, အာဟာရ တို့ကို အစွဲပြု၍ ဖြစ်ရ, တည်ရကုန်၏၊ ထိုဥတု, အာဟာရတို့နှင့်ကင်း၍ မျက်တောင်တစ်ခတ်စာမျှ တည်တံ့စွာ မနေနိုင်၊ ပျက်ဆုံးရကုန်၏။ ဖွားမြင်သည်မှ နောက်၌လည်း ထမင်းအစာရေစာတို့မှ ဖြစ်ကုန်သော ဥတု, အာဟာရတို့ကို အစွဲပြု၍ ဖြစ်ရတည်ရကုန်၏။ ထိုဥတု,

http://www.dhammadownload.com



အာဟာရ တို့နှင့်ကင်း၍ မျက်တောင် တစ်ခတ်စာမျှ အဇ္ဈတ္တခန္ဓာတို့သည် တည်တံ့စွာ မနေနိုင်ကုန်။ ပျက်ဆုံးရကုန်၏။

ထိုဥတု, အာဟာရတို့ ထောက်ပံ့မှု ရှိနေကုန်သော်လည်း ကိုယ်တွင်း အန္တရာယ်, ကိုယ်ပအန္တရာယ်တို့ အပြင်းအထန် ထိပါးခဲ့ပြီးလျှင် ခဏချင်း ပျက်ဆုံးရပြန်ကုန်၏။

ကိုယ်တွင်း၌ ထမင်းရေစာတို့မှ ဖြစ်ပွားသော ဥတုဟူသော ဓာတ်မီး, အာဟာရဟူသော ဓာတ်ဆီတို့နှင့် ကင်းလျက် လည်းကောင်း, အတွင်းအပ အန္တရာယ် ပြင်းထန်စွာ ထိပါးလျက် လည်းကောင်း, ဖောက်ပြန်ခြင်း မရှိပဲ မိမိတို့၏ နိစ္စဂုဏ်သတ္တိ အစွမ်းနှင့်သော် လည်းကောင်း, သတ္တဝါတို့၏ အလိုသို့ လိုက်ပါမှုဟူသော အတ္တဂုဏ် သတ္တိအစွမ်းနှင့်သော် လည်းကောင်း ပကတိအနေ အားဖြင့် မျက်တောင်တစ်ခတ်စာမျှ တည်နေနိုင်မှု မရှိကြလေကုန်။

ဤလောကတွင် ရေသတ္တဝါ, ကုန်းသတ္တဝါတို့၌ အသက်မွေးမှုကိစ္စ, အစာအာဟာရ ရှာမှီးစားသောက်မှုကိစ္စ, ကိုယ်တွင်းကိုယ်ပ ဘေးအန္တရာယ်တို့ကို အမြဲသတိပြုမှု ကိစ္စ, ဤသင်္ခါရဒုက္ခကိစ္စကြီးတို့နှင့် နေ့ရက်ရှိသမျှ ကြပ်တည်းစွာ ကြောင့်ကြစိုက်ထုတ်၍ နေကြသည်သာ ဒိဋ္ဌမျက်မြင်ပေတည်း။

ထိုသင်္ခါရဒုက္ခကိစ္စကြီးတို့ကို လွှတ်ထား၍ မိမိခန္ဓာတို့၏ နိစ္စဂုဏ်သတ္တိ, အတ္တဂုဏ်သတ္တိ သက်သက်နှင့် တစ်သက်လုံး တည်နေနိုင်သောသူဟူ၍ လောက၌ တစ်စုံတစ်ယောက်မျှ မရှိ။ တစ်နေ့ တစ်ရက်မျှ မနေနိုင်ကြ။ တစ်ကြိမ်မှီဝဲသော အစာအာဟာရဓာတ်ဆီ၏ တစ်ကိုယ်လုံးပျံ့နှံ့ ထောက်ပံ့မှုသည် လူတို့၌ ၇-ရက် ဟူ၏။ နတ်တို့၏ ၁-လ, ၂-လ ဟူ၏။ ထိုဓာတ်ဆီအလျဉ်ပြတ်သည်နောက် မျက်တောင်တစ်ခတ်မျှ အဇ္ဈတ္တခန္ဓာတို့ မတည်နိုင်ကုန်။ ဥတုဇရုပ်ကြမ်းတို့သည်သာ သူသေကောင်အဖြစ်နှင့် ကျန်ရစ်ကုန်တော့သည်။

နိမိတ်ကြီး ၂-ပါးတို့သည် ထိုခန္ဓာတို့၏ ထိုကဲ့သို့သော ပျက်ဆုံးမှုကို အဏုမြူမျှ တားမြစ်ခုခံနိုင်ကြသည် မဟုတ်ကုန်။ ဤသတ္တဝါအပေါင်းတို့သည် မူကား သင်္ခါရဒုက္ခမှုကြီးတွေနှင့် အကြပ်အတည်း ကြောင့်ကြစိုက်နိုင်လှ၍ ခန္ဓာ အစဉ်မပြတ်ပဲ နှစ်လရှည်ကြာအသက်ရှည်၍ နေကြရပါသည်ကို နိမိတ်ကြီးတို့၏

http://www.dhammadownload.com



နိစ္စအစွမ်း, အတ္တအစွမ်း, ဇီဝအစွမ်းဟု ထင်မှတ်မှောက်မှား၍ နေကြကုန်၏။ ခန္ဓာတို့သည်လည်းကောင်း, နိမိတ်တို့သည်လည်းကောင်း အကယ်၍ အလိုလိုက်မှု ဟူသော အတ္တအစွမ်း ရှိကြကုန်သည်ဖြစ်အံ့။ ထိုခန္ဓာနိမိတ်တို့သည် ပြုပြင်မှုနှင့် ကင်း၍ပင် သတ္တဝါတို့၏ နေလိုသမျှ နှစ်, လများစွာ တစ်ရာ တစ်ထောင်စသည် တည်နေကြကုန်ရာသည်။

သတ္တဝါတို့၏ အလိုသက်သက်နှင့် တစ်ရက် တစ်နာရီတည်နေကြသည် မဟုတ်ကုန်။ ထို့ကြောင့် အတ္တအစွမ်းဟူ၍ အဏုမြူမျှ မရှိကြသည်ကို မုချ သိမြင်နိုင်၏။

အကယ်၍ တစ်နေ့ တစ်ရက်ရှည်နိုင်သော အသက်ဇီဝ ရှိကြကုန်သည် ဖြစ်အံ့။ တစ်နေ့ တစ်ရက်အတွင်းမှာ မိုးကြိုး တစ်ရာဆိုင်၍ ပစ်သော်လည်း ထိုခန္ဓာတို့ မပျက်ကုန်ရာ။ အကယ်၍ တစ်ရက် တစ်ရက်ရှည်နိုင်သော အသက်, သုံးရက်ရှည်နိုင်သော အသက်, တစ်လရှည်နိုင်သော အသက်စသည်ဆိုလေ။ အကယ်၍ ထိုခန္ဓာ အနှစ်တစ်ရှည်နိုင်သော အသက်ဇီဝ ရှိကုန်သည်ဖြစ်အံ့။ ထိုခန္ဓာ ထိုနိမိတ်တို့သည် ပြုပြင်မွေးမြူမှုနှင့်ကင်း၍ပင် အနှစ်တစ်ရာရှည်နိုင်ကုန်ရာ၏။

အနှစ်တစ်ရာ၏အတွင်းမှာ မိုးကြိုး တစ်ရာပင်ဆိုင်၍ပစ်သော်လည်း မပျက်နိုင်ကြကုန်ရာ။ ထိုသို့ မပျက်နိုင်ကုန်သည်ကား မဟုတ်။ အာဟာရအလျဉ် ပြတ်ခဲ့လျှင် ဘယ်အခါမဆို ပျက်ဆုံးကြကုန်၏။ အန္တရာယ် ပြင်းထန်စွာ ထိခိုက်လျှင်လည်း ဘယ်အခါမဆို ပျက်ဆုံးကြကုန်၏။ ထို့ကြောင့် တစ်နာရီရှည်နိုင်သော အသက်ဇီဝ ဟူ၍ အဏုမြူမျှ မရှိ။ တစ်ရက်စသည် ရှည်နိုင်သော အသက်ဇီဝမှာ ဝေးစွ။ စောင့်ရှောက်မှု, မွေးမြူမှု, ပြုပြင်မှု အစွမ်းသက်သက်နှင့်သာ နေ့, ရက်, လ, နှစ်အရှည် တည်နိုင်ကြကုန်သည်ဟု မုချသိရာ၏။

ခန္ဓာတို့သည် အတ္တဟုတ်ပါကုန်၏။ အတ္တမှန်ပါကုန်၏။ ကောင်းကောင်း ပြုပြင်၍ပေးခဲ့ပါလျှင် အန္တရာယ်လည်း ကင်းခဲ့ပါလျှင် အသက်တမ်းရှိသမျှ ပြည့်မီ ရုံအလိုသို့ လိုက်ပါကုန်၏။ ခန္ဓာတို့သည် ပုဂ္ဂိုလ်ဟုတ်ပါကုန်၏။ သတ္တဝါ ဟုတ်ပါကုန်၏။ ငါ ဟုတ်ပါကုန်၏။ ငါဟုတ်သောကြောင့်ပင်လျှင် ငါအလိုသို့ လိုက်ပါကုန်၏။ ခန္ဓာတို့ကို ငါအစိုးရပါ၏။ ငါ့ကိုယ်ဟုတ်ပါ၏။ ငါနှင့်ခန္ဓာ

http://www.dhammadownload.com



တစ်ခုတည်းပင် ဖြစ်၏။ ငါ့အလိုသို့ လိုက်ကြပုံကား တစ်သက်လုံး ငါ၏ ခန္ဓာတို့နှင့်ပင် ငါအလိုရှိရာပြုလုပ်၍ လာခဲ့သည်။ ရှေ့အဖို့လည်း အသက်ရှိသမျှ ကာလပတ်လုံး ငါ့ခန္ဓာတို့နှင့်ပင် ငါအလိုရှိရာ ပြုလုပ်၍ သွားရပါလိမ့်ဦးမည်ဟု ဆိုကြကုန်ငြားအံ့။

ထိုစကား၌ ကောင်းကောင်းပြုပြင်၍ ပေးခဲ့လျှင် အန္တရာယ်လည်း ကင်းခဲ့ပါလျှင် အသက်တမ်းရှိသမျှ ပြည့်မီရုံအလိုသို့ လိုက်ပါကုန်၏ဟူသော အဆိုမှာ ပြုပြင်၍ပေးမှပင် အလိုသို့ လိုက်နိုင်ကြကုန်သည်။ ပြုပြင်၍မပေးခဲ့လျှင် အလိုသို့ မလိုက်နိုင်ကြကုန်ဟု ဆိုရာကြ၏။ အလို၏အစွမ်းနှင့် အလိုရှိတိုင်း မပြီးစီးနိုင်သောကြောင့် ပြုပြင်မှုကို ပဓာနထား၏။ အလိုသို့လိုက်သော အခြင်းအရာ ထင်မြင်ရသည်မှာ ပြုပြင်မှု၏ အစွမ်းသက်သက်သာ၊ အလို၏ အစွမ်း မဟုတ်။ အလိုသို့လိုက်မှု ဆိုသည်မှာ စိတ်ထင်သက်သက်သာဟု ထိုစကားနှင့်ပင် ထင်ရှားပြီး ဖြစ်သတည်း။ သိမ်မွေ့လှ၏။

ခန္ဓာတို့သည် ပုဂ္ဂိုလ်ဟုတ်ပါကုန်၏။ သတ္တဝါဟုတ်ပါကုန်၏။ ငါဟုတ်ပါကုန်၏ဟူသော စကား၌ နိမိတ်ကြီး ၂–ပါးတို့သည် ခန္ဓာဟုတ်ကြပါကုန်လျှင် ဓာတ်ကြီး ၄–ပါး ဟုတ်ကြပါကုန်လျှင် ခန္ဓာတို့သည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ ဟုတ်ကြပေကုန်ရာ၏။ နိမိတ်ကြီးတို့သည် ခန္ဓာမဟုတ်၊ ဓာတ်ကြီး ၄–ပါးမဟုတ်၊ ဘာမှမဟုတ်ကုန်။ ကောင်းကင်ကို ရေပြင်ဟု အရူး၏စိတ်ဖောက်ပြန်မှုနှင့် ထပ်တူ မိမိတို့ စိတ်ဝိညာဉ်လှည့်စားမှု သက်သက် ဖြစ်ကြောင်းကို ရှေး၌ ထင်ရှားစွာ ပြဆိုခဲ့ပြီ။ အနိစ္စမျိုးဖြစ်သော ခန္ဓာတို့, ဓာတ်တို့ကို နိစ္စမျိုးဖြစ်သော နိမိတ်ကြီး ၂–ပါးတို့ လွှမ်းခြုံ၍နေကုန်၏။ နိမိတ်ကြီး ၂–ပါးတို့အပေါ်မှာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟူသော သတ္တပညတ်ကြီး ထပ်ဆင့်၍နေ၏။ သိမ်မွေ့စွ။

မှောင်နှင့်မီးရောင် ဥပမာကဲ့သို့ ဓာတ်ကြီး ၄–ပါးတို့ကို ဥပါဒ်စွန်း, ဘင်စွန်းတို့နှင့်တကွ ထင်ရှားစွာ မြင်နိုင်ကြမှ ထိုနိမိတ္တပညတ်, သတ္တပညတ်တို့ အလိုလို ကွယ်ပျောက်ကုန်သတည်း။ ခန္ဓာတို့ ငါဟုတ်သောကြောင့်ပင်လျှင် ငါ့အလိုသို့ လိုက်ပါကုန်၏။ ငါတစ်သက်လုံး ငါ့ခန္ဓာတို့နှင့်ပင်လျှင် ငါအလိုရှိ

http://www.dhammadownload.com



ရာပြုလုပ်၍ လာခဲ့သည်ဟူသာစကား၌ နောက်နောက်နေ့ရက်တို့၌ အလိုရှိရာ ကြံမှု, ဖန်မှု, ပြောမှု, ဆိုမှု, ကိုယ်အင်္ဂါကြီးငယ် လှုပ်ရှားသွားလာပြုလုပ်မှု အလုံးစုံတို့သည် ရှေးရှေးနေ့ရက်တို့က အစာရေစာ စသည်တို့နှင့် မွေးမြူပြုပြင်မှု တို့၏ အစွမ်းကြောင့်သာ နောက်နောက်နေ့ရက်တို့မှာ ဖြစ်ပေါ်နိုင်ကုန်၏။ အလို၏ အစွမ်းသတ္တိကြောင့် အလိုသို့ လိုက်နိုင်ကြသော အစွမ်းရှိကြကုန်၍ နောက်နောက် နေ့ရက်တို့၌ ဖြစ်ပေါ်နိုင်ကုန်သည် မဟုတ်။ ရှေးရှေးနေ့ရက်တို့၌ မွေးမြူပြုပြင် မှု မရှိပါမူကား အဇ္ဈတ္တခန္ဓာ ၅-ပါးတို့သည် ရှေးရှေးနေ့ရက်တို့၌ အမိဝမ်းက ဖွားမြင်စမှာပင် ချုပ်ပျက်ကုန်ဆုံးကြကုန်ရာ၏။ နောက်နောက်နေ့ရက်သို့ မရောက် လာကြကုန်ရာပြီ။ မျက်မြင်ကဲ့သို့ပင် ထင်ရှားလှပါ၏။

## ဆိုဖွယ်အထူးကား

သင်္ခါရတရားမျိုးမည်သည် ဘယ်လိုပြုလျှင် ဘယ်လိုဖြစ်၏ဟုသိ၍ အလိုရှိရာ ဖြစ်လာနိုင်ရန် ပြုပြင်၍ပေးလျှင် အလိုရှိရာ ဖြစ်လာ၏။ ပြုပြင်မှုနှင့် ကင်း၍ အလိုသက်သက်နှင့် ဖြစ်လာသည်မရှိ။ မန္တာတ်မင်းကြီး လက်ပမ်းပေါက် ခတ်လိုက်လျှင် ကောင်းကင်မှ ရတနာမိုး ရွာလာရသည်ဟူရာ၍ ထိုသို့ဖြစ်နိုင်ရန် ရှေးရှေးဘဝတို့၌ ကံအထူးကိုပြုမှု, လက်ပမ်းပေါက်ခတ်မှုဟူသော ပြုပြင်မှုသာ ရတနာမိုးရွာမှု ဖြစ်လာသည်။ အလိုသက်သက်ဖြင့် ဖြစ်လာနိုင်သည် မဟုတ်။

၁။ ဘယ်အမှုကိုပြုလျှင် ဘယ်ဟာကိုဖြစ်လာ၏ဟု သိမှုတို့ကား သညာ, ဝိညာဉ်, ပညာတို့ပေတည်း။

၂။ ပြုပြင်မှုတို့ကား စေတနာ, ဝီရိယတို့ပေတည်း။

ထိုတရားတို့သည် နိမိတ္တပညတ်မျိုးလည်း မဟုတ်ကုန်။ ပုဂ္ဂလ, သတ္တ၊ အတ္တ, ဇီဝ ပညတ်မျိုးလည်း မဟုတ်ကုန်။ တစ်ထိုင်တွင်း, တစ်နာရီတွင်းမှာပင် အခါတစ်ရာမက ချုပ်ပျောက်ပျက်ဆုံးမှု အမြဲရှိနေကြကုန်သော ပရမတ်ဓာတ်မျိုး, အနိစ္စဓာတ်မျိုး တို့သာတည်း။ ထို့ကြောင့် ထိုဓာတ်တို့လည်း တစ်စုံတစ်ခုကိုမျှ သိတတ်ပြုပြင်တတ်သော ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ကြကုန်။ ထိုဓာတ်တို့မှ တစ်ပါး လည်း တစ်စုံတစ်ခုကိုမျှ သိတတ် ပြုပြင်တတ်သော ပုဂ္ဂိုလ်, သတ္တဝါဟူ၍

http://www.dhammadownload.com



အသီးအခြား မရှိပြီ။ သိမ်မွေ့လှ၏။ သညာ၊ ဝိညာဉ်၊ ပညာ၊ စေတနာ၊ ဝီရိယ တို့ကို ဓာတ်အသီးအခြား အနေနှင့် ဉာဏ်အမြင်ပေါက်ခဲ့လျှင် ဤအချက်ကြီး ချောမောလတ္တံ့။

(ဤတွင်ရွေ့ကား ဆံပင်မှကြွင်းသော ပထဝီကောဋ္ဌာသတို့တွင် အရေ, အသား, အရိုး အစရှိသော ကောဋ္ဌာသကြီးတို့၌ နိမိတ်ကြီး နှစ်ပါး ကြီးကျယ်လှသည်ဖြစ်၍ နိစ္စ, ဓုဝ, ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ အထင်အမြင်တို့ကို ပယ်ဖျောက်ရန် အလွန်ခဲယဉ်းလှသောကြောင့် ခက်ဆစ်ပိုင်းတို့နှင့် တကွ နိမိတ်ကြီး နှစ်ပါး ပယ်ရှားနည်းကို အထပ်ထပ် ပြဆိုလိုက်သည်။ အရေ, အသား, အရိုး, ဦးနှောက်, အဆုတ်, အသည်း, နှလုံး, အူမ, အူသိမ် ဤ ကိုးပါးသည် လိုရင်းတည်း။)

## (င) ဓာတ်ကြီး ၄-ပါးနှင့် ဘာဝနာကိစ္စပြီးနိုင်ပုံ

ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော ရူပက္ခန္ဓာတရား အများရှိပါလျက် ဓာတ် ၄-ပါးကိုသာ ပြဆိုသည်မှာ ဓာတ် ၄-ပါးနှင့်ပင် ဝိပဿနာကိစ္စ ပြီးစီးနိုင်ကြောင်းကို စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူချက်ရှိသောကြောင့်တည်း။

(က) **အထ ခေါ အာယသ္မာ ရာဟုလော ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ ရာဟုလံ ဘဂဝါ ဧတဒဝေါစ။ ယာ စ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာ စ ဗာဟိရာ ပထဝီဓာတု၊ ပထဝီဓာတု ယေဝေသာ၊ နေတံ မမ၊ နေသောဟမသ္မိ။ နေသော မေ အတ္တာတိယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝ မေတံ ယထာဘူတံ သမ္မာပညာယ ဒိသွာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီ ဓာတုယာ စိတ္တံဝိရာဇေတိ။**

(ခ) **ယာ စ ရာဟုလ အဇ္ဈတ္တိကာ အာပေါဓာတု၊ ယာ စ ဗာဟိရာ အာပေါဓာတု၊ အာပေါဓာတုယေဝေသာ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာ ပညာယ**

http://www.dhammadownload.com



ဒဠ္ဌဗ္ဗံ၊ ဧဝံ မေတံ ယထာဘူတံ သမ္မာ ပညာယဒိသွာ အာပေါ ဓာတုယာ နိဗ္ဗိန္ဒတိ၊ အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

(ဂ) ယာ စ ရာဟုလ အဇ္ဈတ္တိကာ တေဇောဓာတု၊ ယာ စ ဗာဟိရာ တေဇောဓာတု၊ တေဇောဓာတုရေဝေသာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာ ပညာယဒဠ္ဌဗ္ဗံ၊ ဧဝ မေတံ ယထာဘူတံ သမ္မာ ပညာယ ဒိသွာ တေဇောဓာတုယာ နိဗ္ဗိန္ဒတိ၊ တေဇော ဓာတုယာ စိတ္တံ ဝိရာဇေတိ။

(ဃ) ယာ စ ရာဟုလ အဇ္ဈတ္တိကာ ဝါယောဓာတု၊ ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုရေဝေသာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာ ပညာယဒဠ္ဌဗ္ဗံ၊ ဧဝ မေတံ ယထာဘူတံ သမ္မာ ပညာယ ဒိသွာ ဝါယောဓာတုယာ နိဗ္ဗိန္ဒတိ၊ ဝါယောဓာတုယာ စိတ္တံ ဝိရာဇေတိ။

(င) ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသု စတူသု ဓာတူသု နေဝတ္တာနံ န အတ္တနိယံ သမနုပဿတိ၊ အယံ ဝုစ္စတိ ရာဟုလ သမ္မဒသောဘိက္ခု၊ အစ္ဆေစ္ဆိ တဏှံ၊ ဝိဝတ္တယိ သံယောဇနံ၊ သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

**အနက်ကား –**

(က) အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ ရာဟုလော၊ အရှင်ရာဟုလာသည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေ၊ ထို ဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဧကမန္တံ၊ သင့်တင့်သောအရပ်၌။ နိသီဒိ၊ နေ၏။ ဧကမန္တံ၊ သင့်တင့်သောအရပ်၌။ နိသိန္နံ ခေါ၊ နေပြီးသော။ အာယသ္မန္တံရာဟုလံ၊ အရှင်ရာဟုလာကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ဤဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ရာဟုလ၊ ရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ယာ စ ပထဝီ ဓာတု၊ အကြင် ပထဝီဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်သော။ ယာစ ပထဝီဓာတု၊ အကြင်

http://www.dhammadownload.com



ပထဝီဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ဤပထဝီဓာတ် ၂-မျိုးသည်။ ပထဝီဓာတုယေဝ၊ မြေသဘော သက်သက်သာတည်း။ တော်၊ ဤပထဝီဓာတ် ၂-မျိုးသည်။ န မမ၊ ငါပိုင်ဥစ္စာ မဟုတ်။ သော၊ ဤပထဝီဓာတ် ၂-မျိုးသည်။ န အဟမသ္မိ၊ ငါမဟုတ်။ သော၊ ဤပထဝီဓာတ် ၂-မျိုးသည်။ န မေ အတ္တာ၊ ငါ၏အတ္တအဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ တော်၊ ဤပထဝီဓာတ် ၂-မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့။ တော်၊ ဤပထဝီဓာတ် ၂-မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ဒိသွာ၊ မြင်၍။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

**(ခ, ဂ, ဃ နောက်ဓာတ်ကြီး ၃-ဝါကျ၌လည်း ဤနည်းတူ အနက်ပေးလေ။)**

(င) ရာဟုလ၊ ရာဟုလာ။ ယတော၊ အကြင်အခါ၌။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ ၄-ပါးကုန်သော။ ဣမာသု ဓာတူသု၊ ဤဓာတ်တို့၌။ နေဝတ္တာနံ၊ အနှစ်သာရ အတ္တမဟုတ်သည်ကို။ န အတ္တနိယံ၊ ကိုယ်နှင့် မစပ်သည်ကို။ သမနုပဿတိ၊ ကောင်းစွာ မြင်၏။ ရာဟုလ၊ ရာဟုလာ။ အယံဘိက္ခု၊ ဤသို့ မြင်သော ရဟန်းကို။ သမ္မဒသော၊ ကောင်းစွာ မြင်သောရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဏှံ၊ တဏှာသည်။ အစ္ဆေဒ္ဒိ၊ ပြတ်ပြီ။ သံယောဇနံ၊ သံယောဇဉ်သည်။ ဝိဝဋ္ဋယိ၊ ပြီးပြတ်၏။ သမ္မာ၊ ကောင်းစွာ။ မာနာဘိသမာယာ၊ မာနကို ပယ်နိုင်ခြင်းကြောင့်။ ဒုက္ခဿ၊ အမျိုးမျိုးသော ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုနိုင်ပြီ။

## ပထဝီဓာတုယေဝသော - ပါဠ်၌ အဓိပ္ပာယ်ကား

မြေကြီး, တော, တောင်စသည်တို့၌ ရှိသော ဗာဟိရပထဝီသည်လည်း ငါပိုင်ဥစ္စာမဟုတ်။ ငါလည်းမဟုတ်။ ငါ့အတ္တလည်းမဟုတ်ဟု ထင်ရှား၏သို့ ထို့အတူ မိမိ မိမိတို့၏ အဇ္ဈတ္တသန္တာန်၌ ရှိသော ခက်မာမှုကိုရိယာကိုလည်း ငါပိုင်ဥစ္စာ မဟုတ်။ ငါလည်း မဟုတ်။ ငါ၏အတ္တလည်း မဟုတ်ဟု ဉာဏ်အမြင်

http://www.dhammadownload.com



၌ ထင်ရှားစေရမည်။ ပထဝီ ၂-မျိုး ထပ်တူကျစေရမည်။ အဇ္ဈတ္တပထဝီကို ပုဂ္ဂိုလ်, သတ္တဝါ, ငါဖြစ်၍ မနေစေနှင့်။ ငါ၏ဥစ္စာဖြစ်၍ မနေစေနှင့်။ ငါ၏ အတ္တဖြစ်၍ မနေစေနှင့်ဟု ဝေကျောက်ကန် လျှာလိပ်သံ ပြင်းပြင်းနှင့် ခပ်တင်းတင်း ဟောတော်မူပေသတည်း။

## တစ်နည်းတစ်ဖုံ ဓာတုမနသိကာရ ထူထောင်ရန်
## သီလဝိသုဒ္ဓိ

အာဇီဝဋ္ဌမကသီလကို လုံခြုံစေ၍ ရှေးဦးစွာ သီလဝိသုဒ္ဓိနှင့် ပြည့်စုံရာ၏။
သီလဝိသုဒ္ဓိ ပြီး၏။

## စိတ္တဝိသုဒ္ဓိ

စိတ္တဝိသုဒ္ဓိမှာ တတ်နိုင်လျှင် အထူးကောင်း၏။ မတတ်နိုင်လျှင် နေရစ်၏။ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာဟူသော စိတ္တဝိသုဒ္ဓိကို အသီးအခြား မလုပ်သော ယောဂီပုဂ္ဂိုလ်ကို သုက္ခဝိပဿက- ယောဂီဟု ခေါ်သည်။ သုဒ္ဓဝိပဿက ယောဂီလည်း ခေါ်၏။ ယခုကာလသည် သုက္ခဝိပဿက ခေတ်တည်း။ ထို့ကြောင့် သီလဝိသုဒ္ဓိနေရာကျလျှင် ဓာတုမနသိကာရ ထူထောင်ရမည်။

## ထူထောင်ပုံကား

ဤကိုယ်၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူ၍ ဓာတ်ကြီး ၄-ပါးရှိ၏။

မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်ဟူ၍ ဓာတ်ကြီး ၄-ပါး ရှိ၏သော်လည်းဆို။

## မြေ ၃-ပါး

ဤ၌ မြေသည် လောကမြေ, သုတ္တန်မြေ, ပရမတ်မြေဟု ၃-ပါး ရှိ၏။
ထိုတွင် -

http://www.dhammadownload.com



၁။ လူအများသိကြသော သိလာပထဝီ, ပံသုပထဝီ ဤမြေ ၂–ပါးသည် လောကမြေ မည်၏။

၂။ ဆံ, မွေးညင်း, ခြေသည်း လက်သည်း အစရှိသော ပထဝီဓာတ် ၂၀–မြေသည် သုတ္တန်မြေ မည်၏။

၃။ ဤမြေ ၂–ပါးကား အထည်ဒြပ် ထင်မြင်ရသော မြေမျိုးဖြစ်၍ ပရမတ်မြေ မဟုတ်၊ ပရမာဏုမြူ, အဏုမြူမှုပင်သော်လည်း အထည်ဒြပ် ထင်မြင်လျက်ရှိခဲ့လျှင် ပရမတ်မြေကို ဉာဏ်မထိ ပညတ်သဏ္ဌာန်တွင် ဉာဏ်စိုက်၍ နေ၏။ အထည်ဒြပ် မဟုတ်သော ခက်မာမှုကိရိယာ သက်သက်သည်သာ ပရမတ်မြေ,အဘိဓမ္မာမြေ အစစ်တည်း။

လောကမြေ, သုတ္တန်မြေ ၂–ပါး၌ အနိစ္စလက္ခဏာရေး အစစ်မဝင်နိုင်။ ပရမတ်မြေ အစစ်၌သာ အနိစ္စလက္ခဏာရေး အစစ်ဝင်နိုင်သည်။ အနိစ္စလက္ခဏာရေး အစစ်ဆိုသည်ကား တစ်နာရီအတွင်းမှာပင် အခါများစွာ ပျက်မှု, ချုပ်မှု, သေဆုံးမှု, ကုန်ခန်းမှုတည်း။ အထည်ဒြပ် သဏ္ဌာန်ကြီးဖြစ်သော ဆံပင်မည်သည် တစ်နာရီအတွင်းမှာ အခါများစွာ ချုပ်ပျက် ကုန်ဆုံးမည်ဝေးစွ၊ လူသေ၍မှ ဆံပင် မသေသေး။ သုသာန်မြေမှာပင် တစ်ထွေးလုံးလုံးနေသေး၏။ ဆံပင်၌ ခက်မာမှု ကိရိယာတစ်မျိုးသည် ရှိ၏။ ထို ကိရိယာသည်သာလျှင် ပရမတ်မြေ အစစ်တည်း။ ဆံပင်၌ ထိုမြေဓာတ် အစစ်သည်မှုကား တစ်နာရီအတွင်းမှာပင် အခါများစွာ ပျက်ချုပ်၏။ သေ၏, ဆုံး၏, ကုန်၏, ခန်း၏, ကွယ်ပျောက်၏။

**ပျက်ပုံကား** – ထင်ရှားစေခြင်းငှါ ဉာဏ်ဖြင့် ဆံပင်ကို ခွေ၍ကြည့်၊ မြေဓာတ်စစ် မပျက်ခဲ့လျှင် ကိုင်း၍ ညွှတ်၍ပင်မရ၊ ပကတိအတိုင်း တောင်တင်းခိုင်မာ၍ ခံနေလတ္တံ့။ ကိုင်း၍ ညွှတ်၍ ရခဲ့လျှင် ဆံပင်အတွင်း၌ နဂိုမြေဓာတ်တွေ မြွေမြွေ ကြေပျောက် ပျက်ဆုံး၍ ကုန်ပြီဟု သိအပ်၏။ ဉာဏ်စိုက်မိခဲ့စွ၊ ပရမတ်မြေဓာတ်စစ် မည်သည် ခက်မာမှုကိရိယာမျှကိုသာ ဆိုသောကြောင့် ဆံပင်ကို ခွေရာ၌ ထိုဆံပင်အတွင်းမှာ ကိရိယာ အပြောင်းအလဲကို မြင်အောင် ကြည့်ရသည်။

**ကိရိယာပြောင်းလဲမှု ဆိုသည်ကား**။ ။ မာမှုကိရိယာ အခြေအနေ တစ်မျိုး တစ်မျိုး ပျက်၍ပျက်၍ မာမှုကိရိယာ အသစ်အသစ် ဖြစ်ပေါ်၍ သွားမှု

http://www.dhammadownload.com



ကို ကိရိယာ ပြောင်းလဲမှု ဆိုသည်။

ကိရိယာပြောင်းလဲမှု ထင်မြင်ခဲ့လျှင် ကိရိယာဟောင်း ပျက်ဆုံးမှု အဆင့်ဆင့် ကေန်ရှိ၏။ ပျက်ဆုံးမှုမရှိခဲ့လျှင် ပြောင်းလဲမှုမရှိနိုင်။ ကိရိယာဟောင်း ပျက်ဆုံးမှု အဆင့်ဆင့်တို့နှင့် ကိရိယာအသစ် ဖြစ်ပေါ်မှု အဆင့်ဆင့်တို့၏ အကူး အကူး အကြား အကြားတို့၌ အာကာသဓာတ် အခြား, အခြားကိုလည်း ဉာဏ်နှင့် မြင်အောင်ကြည့်။ အာကာသဓာတ်ကို မြင်တတ်မှ သန္တတိအမျှင် ပြတ်မည်။

ဤသို့ ကိရိယာဟောင်းအဆင့်ဆင့် ကုန်ဆုံးပျောက်ကွယ်မှုကို အနိစ္စလက္ခဏာအစစ် ဆိုသည်။ ဤကိစ္စကိုမြင်နိုင်မှ ဝိပဿနာဉာဏ် အစစ် ဖြစ်သည်။ ဓာတ်၏ ပျက်ခြင်း, ဓာတ်၏ ချုပ်ခြင်း, ဓာတ်၏ သေခြင်း, ဓာတ်၏ ဆုံးခြင်း, ဓာတ်၏ ကုန်ခန်းခြင်းကို အနိစ္စဆိုသည်။ မရဏ အစစ်ပေတည်း။ ဤမရဏ အစစ်ကိုမြင်မှ ဝိပဿနာဉာဏ် အစစ်ဖြစ်သည်။

(ဤကား ဆံပင်၌ ပရမတ်မြေဓာတ်အစစ်ကို ပြဆိုချက်တည်း။ ဤနည်းကို မှီ၍ ရေဓာတ်, မီးဓာတ်, လေဓာတ်တို့၌လည်း လောက, သုတ္တန်, ပရမတ်စစ် ၃-ပါး ၃-ပါးစီထုတ်၍ ပရမတ်ဓာတ်စစ်ခွဲနည်း အနိစ္စလက္ခဏာ စစ်ခွဲနည်း, ဝိပဿနာဉာဏ်စစ် ခွဲနည်းကို သိလေ။)

## ပရမတ်ဓာတ်စစ် ရေဓာတ်နှစ်

ပရမတ်ဓာတ်စစ်ကိုသာ ပြဆိုအံ့။ ထိုဆံပင်၌ ခက်မာမှုကိရိယာမျှသာ ဖြစ်သော ထိုမြေဓာတ်စစ် အများကို တစ်ခုနှင့်တစ်ခု ကပ်တွယ်ဖွဲ့စည်းမှုသည် ပရမတ်ရေဓာတ် အစစ်မည်၏။ ဤရေဓာတ် ဖွဲ့စည်းမှုကြောင့် အထည်ဒြပ်မရှိသော ခက်မာမှုကိရိယာသည် များစွာ စုမိ ခဲမိကြသဖြင့် ဆံပင်သဏ္ဍာန် အထည်ဒြပ် ထင်မြင်ရ၏။ ဤရေဓာတ်၏ ပျက်မှု ဖြစ်မှုမှာ မိမိ၏မှီရာ မြေဓာတ်နှင့် ဖြစ်အတူ ပျက်အတူ ပါလေတော့သည်။

(ဤကား ဆံပင်၌ ရေဓာတ်အစစ်ကို ပြဆိုချက်တည်း။)

http://www.dhammadownload.com



## ပရမတ်ဓာတ်စစ် မီးဓာတ်နှစ်

ထိုဆံပင် ပူသောအခါ ပူမှုကိရိယာ သက်သက်သည်လည်းကောင်း, အေးသောအခါ အေးမှုကိရိယာ သက်သက်သည်လည်းကောင်း ပရမတ်မီးဓာတ် အစစ်မည်၏။ ဤမီးဓာတ်ကိုပင် ကျမ်းဂန်တို့၌ ဥတုဟုဆိုသည်။ မီးရာဝတ္ထုကို လောင်မှု အမြဲရှိသောကြောင့် မီးခေါ်သည်။ မီးရာဝတ္ထုကို စွဲမိလျှင် သားသမီး ပေါက်ဖွားမှု အမြဲရှိသောကြောင့် ဥတု ခေါ်သည်။ လောကမျက်မြင်ကို ကြည့်။

အဘယ်ကို လောင်သနည်း။ မိမိမီးရာ မြေဓာတ်ကို အမြဲလောင်သည်။ မြေဓာတ်ကား တေဇော၏ မီးစာတည်း။ စိတ္တက္ခဏ ၁၇-ချက်ရှိလျှင် မီးစာ မြေဓာတ် ကုန်မြဲတည်း။ မီးစာကုန်လျှင် မီးကုန်မြဲ။ ဥပါဒ်သည် နောက်ဋ္ဌီသို့ ရောက်လျှင် မြေဓာတ်ကို စွဲမိခဲမိ၏။ စွဲမိခဲမိသည်နှင့် တစ်ပြိုင်နက် သားသမီး ပေါက်ဖွား၏။ ထိုသားသမီး ကလာပ်စုကို ဥတုဇကလာပ် ခေါ်သည်။ ဤမီးဓာတ်၏ အမြဲလောင်မှု, အမြဲရုပ်သစ် ကလာပ်သစ် ပေါက်ဖွားမှုကို မြင်နိုင်ပါမူကား ပကတိဆံပင်၌ပင် ဖြစ်မှု, ပျက်မှု တရွရွနေသည်ကို မြင်လိမ့်မည်။ ဤမီးဓာတ်၏ ပျက်မှု, ဖြစ်မှုသည်လည်း မီးစာမြေဓာတ်နှင့် ပျက်အတူ, ဖြစ်အတူပင်တည်း။

(ဤကား ဆံပင်၌ မီးဓာတ်အစစ်ကို ပြဆိုချက်တည်း။)

## ပရမတ်ဓာတ်စစ် လေဓာတ်နှစ်

မီးရှိလျှင် အရှိန်ရှိမြဲဖြစ်၍ ထိုဆံပင်၌ မီးဓာတ်၏ အရှိန်ဖြစ်မှု, ကြွရွမှု ကိရိယာသက်သက်သည် လေဓာတ်စစ်မည်၏။ လှုပ်ရှားခြင်းရှိမှု ထင်ရှားသည်။ ပျက်မှုဖြစ်မှုမှာ တေဇောနှင့် တစ်ချက်တည်းပင်။

(ဤကား ဆံပင်၌ လေဓာတ်အစစ်ကို ပြဆိုချက်တည်း။)

## ဒိဋ္ဌိဝိသုဒ္ဓိ

လွယ်လည်းလွယ်၏။ ခက်လည်းခက်၏။ ဉာဏ်စိုက်မိလျှင် လွယ်၏။ ဉာဏ်မစိုက်မိလျှင် ခက်၏။ ဤသို့လျှင် ဆံပင်၌ အမှုကြီး ၄-ပါး, ကိရိယာကြီး ၄-ပါးကို ၄-စိတ်ကွဲအောင် ဉာဏ်နှင့်ခွဲမှုသည် စတုဓာတုဝဝတ္ထာန် မည်၏။ ဆံပင်ခေါ်သော ဒြပ်သဏ္ဌာန် ဉာဏ်၌ ကွယ်ပျောက်၍ သွားအောင်မြင်လေ။

http://www.dhammadownload.com



ဉာဏ်၌ ဆံပင်ဒြပ်သဏ္ဌာန် ကွယ်ပျောက်၍ ဓာတ်အစု သက်သက်သာ မြင်သော အခါ ဆံပင်၌ အတ္တဟူ၍ စွဲလမ်းသော သက္ကာယဒိဋ္ဌိ ကွာလေ၏။ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

(ဤကား ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပုံကို စံပြချက်တည်း။ ဤနည်းကို မှီ၍ မိမိကိုယ်တစ်ခုလုံးကို ၄-စိတ် ၄-ဖြာ အကွဲကြီးကွဲအောင် အားထုတ်ကြလေ။)

မိမိကိုယ်တစ်ခုမှာ ၄-စိတ် ၄-ဖြာ ကွဲလျှင် ရုပ်ခန္ဓာရှိသမျှမှာ ကွဲနိုင်လေတော့သည်။ မိမိကိုယ်မှာ ဆံပင်၌ကဲ့သို့ ဉာဏ်၌ ဒြပ်သဏ္ဌာန်တွေအကုန်ကွယ်ပျောက်၍ ဓာတ်ပုံ, ဓာတ်စု, ဓာတ်ခဲ, ဓာတ်တုံးကြီးသက်သက် ထင်မြင်နိုင်သောအခါ သက္ကာယဒိဋ္ဌိကြီး ကျွတ်ကွာ၏။ တစ်ကိုယ်လုံး၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်တည်ထောင်မိ၏။ **"သမ္မောဟဝိနောဒနီ အဘိဓမ္မာအဋ္ဌကထာကြီး"**၌ ဤအနေ ဤစခန်းသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ကိုပင် စူဠသောတာပန် အဖြစ်သို့ရောက်ပြီဟု မိန့်ဆိုတော်မူ၏။

(ဤကား ဒိဋ္ဌိဝိသုဒ္ဓိ အမြွက်တည်း။)

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

## ကံ, ဥတု, အာဟာရ အချက်ကြီး ၃-ပါး

ပစ္စယပရိဂ္ဂဟဉာဏ်၌ ကံ, စိတ်, ဥတု, အာဟာရဟူ၍ အကြောင်းတရား ၄-ပါးရှိ၏။ ပဋိသန္ဓေအခါ၌ ခက်မာမှုကိရိယာ, ဖွဲ့စည်းမှုကိရိယာ, ပူနွေးမှုကိရိယာ, ကြွရွခြင်းဟူသော ထောက်ကန်မှု ကိရိယာ ဤကိရိယာကြီး ၄-ခုအစုတို့သည် ကံကြောင့် ဖြစ်ပေါ်ကုန်၏။

ထို ၄-ခုတို့တွင် ပူနွေးမှုကိရိယာသည် ဥတုပေတည်း။ သားသမီးရုပ်ကလာပ် ပေါက်ဖွားမှု၌ အတုမရှိ စွမ်းနိုင်လှသော ဓာတ်ကြီးပေတည်း။ မီးတောက်ကိုလည်းကောင်း, မီးခဲကိုလည်းကောင်း စေ့စေ့ကြည့်ရှု၍နေလျှင် ရွရွရွရွနေသည်ကို မြင်ရ၏။ မီးဓာတ်ဟု ဆိုအပ်သောဥတု၏ သားသမီး ပေါက်ဖွားမှုပေတည်း။ သတ္တဝါတို့၏ သဏ္ဌာန်မှာလည်း ကံသည် ရှေးဦးစွာစ၍ ပေးရုံသာတည်း။ အစဉ်

http://www.dhammadownload.com



ထုထောင်၍ ပေးရုံမျှသာတည်း။ စမိသည်နောက်၌ ကြီးပွားစေရန် ကိစ္စမှာ ဓာတ်မီး ၏ တာဝန်ပေတည်း။ ဓာတ်ကိရိယာကြီး ၄-ပါး ပေါ်လာသည်ရှိသော် အာဟာရ ဩဇာဟု ဆိုအပ်သော ဓာတ်ဆီသည်လည်း ပါရှိမြဲတည်း။ ဤဓာတ်ဆီသည်လည်း သားသမီး ပေါက်ဖွားမှု၌ လွန်စွာစွမ်းနိုင်သော တရားပေတည်း။

လောက၌ မီးသည် အဆီမျိုးနှင့် ပေါင်းမိလျှင် လွန်စွာ သားသမီးပေါက်ဖွား၏။ မီးတောက်မီးလျှံ ဖြစ်၍ထ၏။ အဆီသည်လည်း မီးနှင့်ပေါင်းမိလျှင် လွန်စွာ သားသမီးပေါက်ဖွား၏။ ဓာတ်မီးနှင့် ဓာတ်ဆီတို့ကား အဖော်အဖက်တို့ ပေတည်း။ ဆီမီး, ရေနံဆီမီး, ဖယောင်းမီးတို့ကို ကြည့်လေ။ အစစွာ ကံထုထောင်၍ ပေးသည့်နောက် တစ်ခဏတစ်ခြား ရုပ်ကလာပ်ခန္ဓာ ကြီးပွားမှုသည် ဓာတ်ဆီ, ဓာတ်မီးတို့၏ တာဝန်ပေတည်း။

## ညောင်ပင်ကြီး ဥပမာ

**ဥပမာကား** – ညောင်ပင်ကြီးဖြစ်ရာ၌ သေးငယ်လှစွာသော ညောင်စေ့သည် အစစွာ အညှောက်ငယ်ကလေး ဖြစ်အောင် ထုထောင်၍ပေးလေ၏။ ထုထောင်၍ ပေးသည့်နောက် ထိုညောင်စေ့ငယ်သည် ပုပ်ဆွေးပျောက်ကွယ်လေ၏။ အစဉ်အတိုင်း ကြီးပွားမှုမှာ မြေဥတု, ရေဥတု ၂-ပါးတို့၏ တာဝန်ပေတည်း။ မိုးကောင်းလှသောအခါ၌ လစဉ်ရွာသော မိုးရေသည် မြေနှင့်ရောနှော၍ တည်နေ၏။ မြေဥတု, ရေဥတု ၂-ပါးဖြစ်၏။ ထိုဥတု ၂-ပါးသည် ထိုညောင်ညှောက်ငယ်ကို အပ်ငယ်, အပ်ကြီး, ဝင်ရိုး, လက်သန်း, လက်ညှိုးသဏ္ဍာန် စသည်ဖြင့် တစ်နေ့တစ်ခြား ကြီးပွားစည်ကားစေ၏။ သံတောင် တစ်ရာရှိသော ညောင်ပင်ကြီး ဖြစ်စေ၍ အနှစ် ငါးရာ, အနှစ် တစ်ထောင်တိုင်အောင် တည်စေ၏။

၁။ သတ္တဝါတို့၏ ရုပ်ခန္ဓာ၌ ကံသည် ညောင်စေ့ငယ်နှင့် တူ၏။

၂။ ဓာတ်ဆီ, ဓာတ်မီးတို့သည် မြေဥတု, ရေဥတုတို့နှင့် တူကုန်၏။

ညောင်ပင်သဏ္ဍာန်တစ်ခုလုံး အပြည့်ရှိနေသော ဓာတ်မီးသည် မြေဥတု မျိုးပေတည်း။ ညောင်ပင်သဏ္ဍာန် တစ်ခုလုံး၌တည်ရှိသော စိုစွတ်သော အစေး

http://www.dhammadownload.com



သည် ရေဥတုမျိုးတည်း။ အတွင်းမြေဥတု, ရေဥတု ၂-ပါးတည်း။ ညောင်ပင်၏ တည်ရာ မြေကြီးရှိသောဥတုသည် အပမြေဥတုတည်း။ လစဉ်မပြတ်ရွာသော မိုးရမှုဖြစ်သော မြေတွင်းရှိ စိုစွတ်သော အမှုသည် အပရေဥတုတည်း။ အပဥတု ၂-ပါးတည်း။ အပဥတု ၂-ပါးက တွင်တွင် ချီးမြှောက်ထောက်ပံ့၏။ ညောင်ပင် တွင်းရှိ အတွင်းဥတု ၂-ပါးက အတွင်ကြီးပွားစေ၏။ ကြီးပွားစေသော်လည်း မျိုးစေ့၏ တန်ခိုးအားဖြင့် ညောင်ပင်၏အခြင်းအရာ အတိုင်းသာ ကြီးပွားစေ၏။ အသွေး, အဆင်း, အကိုင်း, အခက်, အရွက်သဏ္ဌာန် စသည်အလုံးစုံသည် သရက်ပင်သဏ္ဌာန်, ပိန္နဲပင်သဏ္ဌာန် စသည်ဖြစ်၍ မသွားစေရ၊ သဏ္ဌာန်ကြီးမှု, အရပ်မြင့်မှု, အသက်ရှည်မှု အလုံးစုံသည် မျိုးစေ့၏ တန်ခိုးအားဖြင့် ညောင်ပင်၏ အခြင်းအရာမျိုးအတိုင်းသာ ဖြစ်ရ၏။ ဗီဇနိယာမ ခေါ်သည်။

မြေဥတု, ရေဥတု ကောင်းရာ၌ ပေါက်ရောက်ခဲ့လျှင် အလွန်ကြီးပွား စည်ကား၏။ ခြောက်သွေ့ ခေါင်းပါးလှသော မြေ၌ ပေါက်ရောက်ခဲ့လျှင် ကောင်းစွာ မကြီးပွားနိုင်။ ဥတုအတွက်လည်း။ ခပ်သိမ်းသော သစ်ပင်မျိုး, ချုံမျိုး, နွယ်မျိုး, မြက်မျိုး, ကောက်စပါးမျိုးတို့၌လည်း ဤနည်းတူပင်။

ဤသို့လျှင် ညောင်ပင်ကြီး၌ မျိုးစေ့ဆိုင်ရာ အမှု, အတွင်း, မြေဥတု, ရေဥတု ၂-ပါး၏ ဆိုင်ရာအမှု, အပမြေဥတု, ရေဥတု ၂-ပါး၏ ဆိုင်ရာ အမှုတို့ကို ခြားနားစွာ ကြည့်မြင်၍ ထားဘိဦး၊ သတ္တဝါတို့၏ ရုပ်ခန္ဓာ၌ ကံ၏အမှုသည် ညောင်ပင်ကြီး၌ မျိုးစေ့ငယ်၏ အမှုနှင့်တူလှ၏။

ပဋိသန္ဓေမှစ၍ အစဉ်ပါရှိ၍လာသော အတွင်းဓာတ်ဆီ, ဓာတ်မီး ၂-မျိုးသည် ညောင်ပင်၏အတွင်းဥတု ၂-ပါးနှင့်တူ၏။ အမိဝမ်း၌ နေစဉ်အခါ အမိကိုယ်မှ ထိုသူငယ်၏ အတွင်းသန္တာန်ကို အတွင်ထောက်ပံ့သော အပဓာတ်ဆီ, ဓာတ်မီး ၂-ပါး ဖွားမြင်သည့်နောက်၌ မျိုအပ်သော အစာအာဟာရတို့မှ ထိုသဏ္ဌာန်ကို အတွင်ထောက်ပံ့သော အပဓာတ်ဆီ, ဓာတ်မီး ၂-ပါးသည် ညောင်ပင်တည်ရာ မြေအတွင်းရှိ အပဥတု ၂-ပါးနှင့်တူ၏။ အပမှနေ့စဉ် မျိုအပ် သော ထမင်းရေစာတို့သည် လစဉ်ရွာသော မိုးရေနှင့်တူ၏။ စေ့စပ်အောင်ကြံလေ။

ကံ, ဥတု, အာဟာရအချက်ကြီး ၃-ပါးအမြွက် ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## စိတ်ဓာတ်အချက်

စိတ်၏အချက်ကား အထူးအားဖြင့် လှုပ်ရှားမှု, သွားမှု, လာမှု, ထမှု, ထိုင်မှု, ပြောမှု, ဆိုမှုစသည်တို့၌ အမှုအားလျော်စွာ တစ်ကိုယ်လုံး၌လည်းကောင်း, ပြုပြင်လိုရာ ကိုယ်အင်္ဂါအစိတ်၌လည်းကောင်း, ပြိုင်းခနဲ ပြိုင်းခနဲ တစ်ပြိုင်နက် ဓာတ်ကိရိယာ ၄-ပါး ဖြစ်ပေါ်ရ၏။ ညဥ့်အခါ၌ အခန်းတွင်းမှာ မီးထွန်းကြရာ မီးတောက်သည်နှင့် တစ်ပြိုင်နက် တစ်ခန်းလုံး၌ မီးရောင်တွေ အပြည့်ပေါ်လာသကဲ့သို့တည်း။ စိတ်၏အစွမ်းမျိုးဖြစ်၍ အလွန်အဟုန်ပြင်းထန် သန်စွမ်း၏။ သူ့စိတ်နှင့် သူ့အမှု အသီးသီးပေတည်း။

စိတ်ဓာတ်၏အချက် ပြီး၏။

ဤသို့လျှင် ပဋိသန္ဓေ၌ ရှေးဦးစွာ ဖြစ်ပေါ်လာသည်မှစ၍ တစ်ဘဝလုံး ထိုဓာတ်ကိရိယာ အစုအရုံး အတုံးအခဲကြီးသည် ကံ, စိတ်, ဥတု, အာဟာရ၊ ဤအကြောင်း ၄-ပါးကြောင့် ဖြစ်ရ၏။ တည်ရ၏။ ထိုတွင် ပြုပြင်သူဆိုင်ရာ အကြောင်းကြီး ၄-ပါးကို ခြားနား၍ သိရာ၏။ တစ်ကိုယ်လုံးသည် ဓာတ်မီးခဲကြီးဆိုလျှင်လည်း ဟုတ်၏။ ဓာတ်ဆီခဲကြီး ဆိုလျှင်လည်း ဟုတ်၏၊ လူသဏ္ဌာန်မျှ တောက်၍နေသော မီးတောက်ကြီးနှင့် ဤကိုယ်ကြီးသည် တူလှ၏။ ထိုမီးတောက်ကြီးကို စေ့စေ့ကြည့်နေလျှင် တရွရွ တရှိန်ရှိန်ရုပ်ကလာပ်တွေ ပွား၍ နေမှုသည် ထင်ရှားလှ၏။ စီး၍နေသော မြစ်ရေအလျဉ်ကို စေ့စေ့ကြည့်၍ နေလျှင်လည်း စိပ်စိပ် စိပ်စိပ်, တရွရွ ပွားမှုအစဉ်သည် ထင်ရှား၏။ တရှိန်ရှိန် တရွရွ မြင်ကြလျှင် ဆံပင်စသော ခန္ဓာတို့၌ အာကာသပရိစ္ဆေဒဓာတ်၏ ခြားနားနေချက်ကိုလည်း ထင်တတ် မြင်တတ်ကြစေ။

အာကာသဓာတ် အခြားအခြားတွေကို မြင်တတ်မှ ဓာတ်ကိရိယာ အဟောင်းတွေ သေမှု, ဆုံးမှု, အသစ်အသစ်တွေ ဖြစ်ပေါ်မှု အနိစ္စအချက် ပေါ်နိုင်သည်။ ထိုမီးတောက်ကြီး မြစ်ရေအလျဉ်တို့၌ မီးတောက် မီးလျှံပွားမှု, မြစ်ရေအလျဉ် ပွားမှုတို့ကဲ့သို့ ဤကိုယ်ခန္ဓာကြီးမှာလည်း အမြဲပွား၍နေသော ဥတုဓာတ်မီး, ဥတုဇရုပ်ကလာပ် စသည်တို့ကို တရှိန်ရှိန်, တရွရွ နေကြသည်ကို မျက်စိနှင့် မြင်သကဲ့သို့ ဉာဏ်နှင့်မြင်ကြစေရမည်။

http://www.dhammadownload.com



ပဋိသန္ဓေမှစ၍ ကမ္မဇရုပ်ကလာပ် အစဉ်မှာမူကား ထိုဥတုဇ, အာဟာရဇ တို့ပွားစီးလျှင် ပွားစီး၍ လိုက်၏။ ဆုတ်ယုတ်လျှင် ဆုတ်ယုတ်၍ လိုက်၏။ ရေပွားလျှင် ကြာပွားသကဲ့သို့ ရေဆုတ်လျှင် ကြာဆုတ်သကဲ့သို့တည်း။ လောက၌ ကိုယ်တွေ့ မျက်မြင်တွေကိုလည်း ဇေ့ဇေ့နှံ့နှံ့ ကြည့်တတ်, သိတတ်ရသည်။

(ဤကား ကမ်ဝိတရဏဝိသုဒ္ဓိ အမြွက်တည်း။)

ခေတ်ကြီး ၄–ပါးနှင့် ဘာဝနာကိစ္စ ပြီးစီးနိုင်ပုံကို ပြဆိုချက်ပြီး၏။

## (စ) ခေတ်ဆီ, ခေတ်မီးတို့ကို အမှီပြု၍ ရုပ်တရားတို့၌ ဝိပဿနာဉာဏ်အမြင် ထိုးထွင်း၍သိပုံ

ခေတ်ဆီ ခေတ်မီးတို့ကို အမှီပြု၍ ရုပ်ဓမ္မတို့၌ ထိုးထွင်း၍ သိရာသော အချက်စုကို ပြဆိုအံ့။

**အထက်အောက်အဖို့အားဖြင့်** – အကနိဋ္ဌဘုံမှစ၍ မဟာအဝီစိငရဲကြီး ထိုအောက် ယူဇနာ ၁–သိန်း ၂–သောင်း အထုရှိသော သိလာပထဝီ ကျောက်ဖျာကြီး၊ ထိုအောက် ယူဇနာ ၄–သိန်း ၈–သောင်း အထုရှိသော ရေပြင်ကြီး၊ ထိုအောက် ယူဇနာ ၉–သိန်း ၆–သောင်း အထုရှိသော လေပြင်ကြီး၊ ဤမျှလောက်သော သြကာသကို ခေတ်ဆီ, ခေတ်မီးတို့သည် ဖန်ဆင်းတည်ထောင်အပ်၏၊ ထိုမှ အောက်အဖို့သည် အနန္တကောင်းကင်နယ်သာ ဖြစ်၏။ ရုပ်ဟူ၍ အဏုမြူမျှမရှိပြီ။ အကနိဋ္ဌဘုံမှ အထက်အဖို့သည်လည်း အနန္တကောင်းကင်နယ်သာ ဖြစ်၍ ရုပ်ဟူ၍ အဏုမြူမျှ မရှိပြီ။

**ဖီလာအဖို့အားဖြင့်** – အောက်လေအပြင်, ရေအပြင်တို့သည် အနန္တစကြဝဠာ တစ်ပြင်တည်းသာ ဖြစ်ကုန်၏။ သိလာပထဝီ ခေါ်သော ကျောက်အပြင်သည်လည်း စကြဝဠာ ၃–ခုဆိုင်ရာ၌ ယူဇနာ ၈–ထောင် အပေါက်ရှိ၏။ မြင်း, မိုရ်တောင်, သတ္တရဘာန်တောင်, စကြဝဠာတောင်တို့သည်လည်း ထိုသိလာပထဝီ၌ အမြစ်စိုက်ကုန်သည်။ ထိုတောင်တို့၏ အောက်၌ ပံသုပထဝီ အခြားမရှိပြီ။ မြင့်မိုရ်တောင်သည် ရေထဲ၌ ၈–သောင်း ၄–ထောင်မြုပ်သည်ဟူသော စကားမှာ အောက်မြေမှ ပေါ်ရာ သမုဒ္ဒရာအစောက်နှင့်တိုင်း၍ ဟောသော စကားသာဟု

http://www.dhammadownload.com



ယူရမည်။ သီလာပထဝီခေါ်သော ကျောက်ဖျာအပြင်မှ ပေါ်တက်သည်ကို ဆိုမှုကား မြင့်မိုရ်တောင်သည် ရေထဲ, မြေထဲသို့ မြုပ်သည်ကား ပံသုပထဝီ အထုယူဇနာနှင့်အမျှ ၁–သိန်း ၂–ထောင် မြုပ်သည်ဟု ဆိုရမည်။ သမုဒ္ဒရာသည် အောက်မြေပြင်၌ တည်ရှိ၍ ထားသကဲ့သို့ ဖြစ်သည်မဟုတ်။ အသုရာပြည် တည်ရာအရပ်မူကား အထူးဖြစ်သော ဩကာသပေတည်း။

**ပံသုပထဝီမှာမူကား** – ကျောက်ခွက်အများ၌ အသီးသီး ထည့်၍ထားသော မြေညက်ကဲ့သို့ စကြဝဠာ တစ်ခုစာအတွင်း၌သာ အသီးသီး တည်ကြလေသည်။ စကြဝဠာ ၁–ပါးနှင့် ၁–ပါး ပံသုပထဝီချင်း မစပ်ကြ။ ဆိုအပ်ခဲ့ပြီးသော စကြဝဠာ အနန္တပင် တစ်ပြင်တည်းဖြစ်၍ ဆောင်ပေသော လေအပြင်သည်လည်း ဓာတ်ဆီ, ဓာတ်မီးတို့ ဖန်ဆင်းတည်ထောင်ပေ၍ ယနေ့ထက်ထိ ဖြစ်ထွန်းကာ နေပေသည်။

**ပဋ္ဌာန်းပါဠိတော်၌** – ဗဟိဒ္ဓဓာတ်ဆီသည် ဗဟိဒ္ဓဝတ္ထု၌ ကျေးဇူးပြုကြောင်းကို မဟောပါသော်လည်း ဗဟိဒ္ဓိဝတ္ထုတို့၌ အဆီအင်အားကောင်းလျှင် ခိုင်ခံ့အားရှိသည်များကို မြင်ကြရသောကြောင့် ဗဟိဒ္ဓဓာတ်ဆီသည် လေ, ရေ, မြေစသော ဗဟိဒ္ဓဝတ္ထုတို့၌လည်း သုတ္တန်ဥပနိဿယနည်းအားဖြင့် ဓာတ်မီး၏ အားကြီးစွာသော အထောက်အပံ့ အဖော်သဟဲကြီး တစ်ခုဖြစ်ကြောင်းကို သိရလေတော့သည်။

လောက၌ ဥဏှာတေဇောလွန်သော မီးကျီးမှ အဆင့်ဆင့် ဖြစ်ပွားသော မီးတောက်ကို မီးတောက်ဟု ခေါ်ဝေါ်သည်။ ထိုမီးတောက်၏ အဆင့်ဆင့်မီးပွား၍ သွားသည်နှင့် အတူတူပင်။ ထိုလေပြင်ကြီးသည်လည်း ဓာတ်မီးအပြင်ကြီးပင်ဖြစ်၍ အဆင့်ဆင့်မီးပွား၍နေသော မီးသား, မီးမြေး, မီးစု, မီးခဲပင်တည်း။ မီးစာပင် ကောင်းသော်လည်း နှမ်းဆီ, ရေနံဆီစသော လောင်စာအဆီရှိမှ မီးသည် အရှည်တည်နိုင် ပွားများနိုင်သကဲ့သို့ ထိုလေပြင်၌ ကလာပ်တိုင်းမှာပါသော ဩဇာဟူသော ဓာတ်ဆီကြောင့်သာ ဓာတ်မီးသည်လည်း အရှည်တည်နိုင် ပွားများနိုင်လေသတည်း။

## ဓာတ်ကြီး ၃-ပါးကို ဉာဏ်ဖြင့် နုတ်၍ကြည့်ရှုရန်

ထိုလေပြင်ကြီး၌ လေဓာတ်သည် ဓာတ်လွန်, ဓာတ်ပေါ်ဖြစ်၏။ မီးဓာတ်သည် မပေါ်လွန်း, မငုပ်လွန်းသော အလယ်အလတ် မဇ္ဈတ္တဓာတ် ဖြစ်၏။ မြေဓာတ်, ရေဓာတ်များသည် ငုပ်ဓာတ်စုသာဖြစ်၏။ မြေဓာတ်သည် သဟဇာတ် ဓာတ်တို့၏ အဖွဲ့အစည်းကိစ္စမျှသာ ရှိ၏။ မြေဓာတ်ကို ဉာဏ်ဖြင့်နုတ်ယူ၍ကြည့်လျှင် ထိုလေပြင်ကြီးသည် မီးတောက်သေကဲ့သို့ ချုပ်ပျောက်ခွင့်ထင်မည်။ ရေဓာတ်ကိုလည်း ထို့အတူ ဉာဏ်ဖြင့်နုတ်၍ရှု၊ ဤကဲ့သို့ချည်း အရာတိုင်းမှာပင် ပစ္စည်းကိုနုတ်၍ ကြည့်တတ်မှ တုစ္ဆသဘော, သုညသဘော ပေါ်လေသည်။

**ဥပမာ** - မီး, ရေ, လေတို့ဖြင့် လှုပ်ရှားသွားလာ၍ နေသော စက်ရုံကြီး, သင်္ဘောကြီး, မီးရထားကြီးများကို မြင်ကြလေရာ အသက်ရှိသကဲ့သို့ ထင်မြင်ရသည်။ အချက်အလက်တို့ကို နေရာကျသိ၍ ဉာဏ်ဖြင့် နုတ်ကာ, နုတ်ကာ ကြည့်ရှုပါလျှင် လှုပ်လှုပ်မြင်သမျှ အားလုံးသည် တုံးလုံးပုံလျက် သက်သက်အသေ ထင်မြင်ပေသည်။ ယင်းသို့ ထင်သည်ကို တုစ္ဆ, သုည ခေါ်သည်။ ပဋိစ္စသမုပ္ပာဒ်နည်း, ပဋ္ဌာန်းနည်းများနှင့် ပစ္စည်းအမျိုးမျိုးတို့ကို ဟောတော်မူသည်မှာလည်း ပစ္စည်းအပြားကို သိစေလို၍ ဟောတော်မူရင်းပင် မဟုတ်။ ပစ္စည်းတရားကို နေရာကျသိ၍ နုတ်ကာနုတ်ကာ ရှုတတ်ပါမှ လောကဓာတ်အားလုံး၏ တုစ္ဆသဘော, သုညသဘောကို သိနိုင်မည်ဟု နှလုံးပြု၍ နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညအဖြစ်ကို သိစေလို၍သာ ဟောတော်မူရင်း ဖြစ်ပေသည်။

ဤကဲ့သို့သော သဘောကို မသိကြကုန်သော သူတို့သည် ပဋ္ဌာန်း ၂၄-ကျမ်းကို အသက်ထက်ဆုံး နုတ်ဝယ်ငုံသော်လည်း ဤသတ္တလောက, သင်္ခါရလောက, ဩကာသလောက၏ တုစ္ဆအဖြစ်, သုညအဖြစ်, နိဿတ္တ, နိဇ္ဇီဝ, အနတ္တ, အသာရအဖြစ်ကို မရိပ်မိကြလေကုန်။

လေဓာတ်သည် သဟဇာတ်တို့၏ အားခွန်ဗလပေတည်း။ ထို့ကြောင့် လေဓာတ်ကို နုတ်၍ရှုလျှင် လေအပြင်ကြီး ခဏချင်းကွယ်ရာ၌ ဆိုဖွယ်မရှိ။ မီးဓာတ်မှာမူကား သူမွေးဖွားမှ ဖြစ်ပွားရလေသော လေအပြင်ကြီး ဖြစ်ပေ၍ သူ့ကိုနုတ်လျှင် လေအပြင်မရှိပြီ။ ဩဇာဟူသော ဓာတ်ဆီကိုနုတ်၍ ရှုလျှင်လည်း

http://www.dhammadownload.com



ခေတ်မီးသေပျောက်သည်ကို မြင်လတ္တံ့။

(ဤကား အထုအားဖြင့် ယူဇနာ ၉-သိန်း ၆-သောင်း ဖီလာအားဖြင့် စကြဝဠာအနန္တ တစ်ပြင်တည်း ဖြစ်ပွားနေသော လေပြင်ကြီး၌ ရိတ္တသဘော, တုစ္ဆသဘော, သုညသဘောတို့ကို အလင်းထင်ရှားအောင် ရှုနည်းပေတည်း။)

၁။ အနိစ္စလက္ခဏာကို သန္တတိဖုံးလွှမ်းသည်။

၂။ သန္တတိကို ခွာ၍ရှုမှ အနိစ္စလက္ခဏာပေါ်သည်။

၃။ ဒုက္ခလက္ခဏာကို ဣရိယာပထ ဖုံးလွှမ်းသည်။

၄။ ဣရိယာပထကို စစ်၍ ကြည့်တတ်မှ ဒုက္ခလက္ခဏာ ပေါ်သည်။

၅။ အနတ္တလက္ခဏာကို ဃနဖုံးလွှမ်းသည်။

၆။ ဃနကိုဖွင့်၍ ကြည့်တတ်မှ အနတ္တလက္ခဏာ ပေါ်သည်။

ဟုလာသော သမ္မောဟဝိနောဒနီ အဘိဓမ္မာ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ကိုမှီ၍ အနတ္တ၏ ပရိယာယ်ဖြစ်သော တုစ္ဆ, သုည, အသာရကို ပစ္စယသာမဂ္ဂီ ဖုံးလွှမ်းသည်ဖြစ်၍ ပစ္စယသာမဂ္ဂီ ဉာဏ်ဖြင့် ပေါက်ခွဲမှုတ်လွှင့်၍ တုစ္ဆသဘောကို ရှုပုံနည်း အမြွက်ပေတည်း။

## ငုတ်ခေတ်နှင့်ပေါ်ခေတ်ကို ရှုနည်း

ငုတ်ခေတ်ကို ဖော်၍ရှုနည်း, ပေါ်ခေတ်ကို ငုပ်စေ၍ ရှုနည်းများကို ဆိုပေအံ့။

ဖယောင်းခဲ၌ရှိသော ရေခေတ်သည် ငုပ်ခေတ်တည်း။ ထိုရေခေတ်ကို ပေါ်စေလိုသည်ရှိသော် ဖိစီးလွှမ်းမိုး၍ နေသော မြေခေတ်ကို အားထုတ်၍ ငုပ်သွားအောင် မီးခေတ်တစ်ပါးဖြင့် ထိ၍ သိရမည်။

ဋ္ဌီသို့ရောက်လာသော ထိုမြေခေတ်သည် မီးခေတ်ဖိသဖြင့် အဆင့်ဆင့် ငုပ်လေ၍ ရေခေတ်သည် အဆင့်ဆင့်ပေါ်၍ လာ၏။ အရည်ကြည်ဖြစ်၏။ မီးခေတ်ခွာစေပြန်လျှင် တစ်ဖန် မြေခေတ်က အားတိုက်ဖိစီးပြန်၍ ရေခေတ်ငုပ်သဖြင့် အခဲဖြစ်ပြန်၏။ မျက်မြင်ချိပ်ခဲ၌ရှိသော မြေခေတ်ကား ဖယောင်းခဲ၌ရှိ

http://www.dhammadownload.com



သော မြေဓာတ်ထက် အားရှိ ပြည်ဖြစ်၍ အတန်အားရှိသော မီးဓာတ်နှင့်ဖိမှ ဆုတ်ငုပ်သည်။ ရေဓာတ်သည်လည်း အတန်အားရှိသော မီးဓာတ်နှင့်နိုးမှ ထနိုင်သည်။

ခဲဋ္ဌိရှိသော မြေဓာတ်, ရေဓာတ်၊ ရွှေငွေဋ္ဌိရှိသော မြေဓာတ်, ရေဓာတ်၊ ကြေးနီဋ္ဌိရှိသော မြေဓာတ်, ရေဓာတ်၊ သံတွေခဲဋ္ဌိရှိသော မြေဓာတ်, ရေဓာတ်တို့ကို ဆုတ်အောင် ငုပ်အောင် ဖိနည်း, ထအောင်နိုးနည်းများကိုလည်း ချင့်၍သိလေ။ ဗဟိဒ္ဓက တိုက်ခိုက်သော ပယောဂမှုသည်သာ ပမာဏပေတည်း။ ပယောဂမှုက အားရှိလှလျှင် ဖိ၍မပိသောဓာတ်, မဆုတ်မငုပ်သောဓာတ်ဟူ၍ မရှိ။ နိုး၍ မနိုးသောဓာတ်, မထသောဓာတ်ဟူ၍ မရှိ။

ဖိသော ပယောဂမှု, နိုးသော ပယောဂမှုဟူသည်လည်း ဓာတ်အချင်းချင်း လည်း တိုက်ခိုက်၍ ဖိနိုင် နိုးနိုင်ပါ၏။

ဂါထာမန္တရားတန်ခိုး, နတ် – နဂါး – သိကြား – ဗြဟ္မာတို့ ကမ္မဝိပါ ကဇတန်ခိုး, ရသေ့ရဟန်းတို့၏ သီလတန်ခိုး, သစ္စာတန်ခိုး, အဘိညာတန်ခိုး စသည်တို့ကိုလည်း မြတ်စွာဘုရား၏တန်ခိုးဖြင့် နိုးပေးမှုကား မြင့်မိုရ်တောင်ဖြစ်၍ နေသော မြေဓာတ်စုသော်မှလည်း ငုပ်ရသည်။ ရေဓာတ်စုသော်မှလည်း ထရ ပေါ်ရသည်။ မြင့်မိုရ်တောင်သည် ရေအလျဉ်ဖြစ်၍ စီးသွားရသည်။

(ဤကား အဖိ အနိုး၌ မြင်နိုင်စေကောင်းသော နည်းအမြွက်ပေတည်း။)

ဤလေပြင်ကြီး၌ကား ဘုရားတန်ခိုးဖြင့် လေဓာတ်ကိုနှိပ်၍ မြေဓာတ်ကို နိုးခဲ့လျှင် မြေခဲမြေပြင်ကြီး ဖြစ်ပေမည်။ ရေဓာတ်ကိုနိုးပေးလျှင် ရေအလျဉ်ကြီး ဖြစ်၍ စီးသွားပေမည်။ မီးဓာတ်ကို နိုးပေးလျှင် မီးတောက်အပြင်ကြီးဖြစ်၍ ကွယ်ပေမည်။ ဤကား ငုပ်ဓာတ်, ဝပ်ဓာတ်တို့ကို မြင်အောင် မရှုနိုင်သောသူတို့ အား ထင်ရှားစွာပြ၍ ရှုနိုင်စေခြင်းငှါ ပြလိုက်သော ဓာတ်ဖော်နည်းပေတည်း။ ဤနည်းသည် အင်္ဂုတ္တိုရ် ပါဠိတော်၌လာသော အရှင်သာရိပုတ္တရာ ရှုနည်းပေ တည်း။ ဤနည်းဖြင့် ဓာတ် ၄–ပါးကို ထင်ရှားစွာ မြင်အောင်ရှုပြီးမှ ရှေး၌ ပြအပ်သော သုညတနည်းကို ရှုရသော် အလွန်ထင်ရှားပေလတ္တံ့။

လေအပြင် ပြီး၏။

http://www.dhammadownload.com



## ရေအပြင်

အထူးအားဖြင့် ယူဇနာ ၄–သိန်း ၈–သောင်း၊ အပြန့်အားဖြင့် စကြဝဠာ အနန္တတစ်ပြင်တည်း တည်နေသော ရေအပြင်ကြီး၌ကား ရေဓာတ်သည် ပေါ်ဓာတ်၊ မီးဓာတ်သည် မဇ္ဈတ္တဓာတ် (အလယ်အလတ်ဓာတ်)၊ မြေဓာတ်, လေဓာတ်သည် ငုပ်ဓာတ်၊ ရေသည် လှုပ်ရှားခြင်း ရှိသော်ငြားလည်း အပလေ တွန်း၍သာ လှုပ်ရသည်။ မိမိ၏ သဟဇာတ် ကလာပ်၌ပါသော လေဓာတ်လွန်ကဲ၍ လှုပ်ရသည်မဟုတ်။ ထို့ကြောင့် ထိုရေပြင်မှာ လေဓာတ်ကို အငုပ်ဓာတ် ဆိုပေသည်။

နိုင်လောက်အောင် တန်ခိုးဖြင့် မြေဓာတ်ကို နှိုးလျှင် မြေပြင်ကျောက်ပြင်ကြီးဖြစ်၍ လာလတ္တံ့။ မီးဓာတ်ကို နှိုးလျှင် မီးတောက်အပြင်ကြီးဖြစ်၍ ချုပ်လတ္တံ့၊ လေဓာတ်ကိုနှိုးလျှင် လေပွ၍ပွင့်လတ္တံ့၊ သဟဇာတ်ပစ္စည်းတို့ကို နုတ်ခွာ၍ကြည့်လျှင် တုစ္ဆ, သုညအဖြစ် ထင်ရှားလတ္တံ့။

## မြေအပြင်

ထိုအထက် သိလာပထဝီခေါ်သော ကျောက်ဖျာအပြင် ထိုမှပေါ်သော မြင့် မိုရ်, သတ္တရဘန်, စကြဝဠာ တောင်စုတို့နှင့်တကွ လူတို့နေရာ ပံသုပထဝီ အပြင်တို့၌ကား သိလာမြေ, ပံသုမြေဟူသော မြေဓာတ်ပေါ်သည်။ မီးဓာတ် လျစ်လျူရှုသည်။ ရေဓာတ်, လေဓာတ် ငုပ်သည်။ ပေါ်ဓာတ်တို့ကို နှိပ်၍ ငုပ်ဓာတ်တို့ကို ဖော်၍ရှုလေ၊ ပစ္စယသာမဂ္ဂိတို့ကို နုတ်ခွာ၍ ရှုလေ။ သုညတ သဘော ထင်ရှားလာလတ္တံ့။

ဤ မြေဓာတ်နယ်ကား အကနိဋ္ဌဗြဟ္မာကြီးသဏ္ဌာန်, နတ်ဝတ်ပုဆိုး, ဘုံဗိမာန်, ဥယျာဉ်, ပဒေသာပင်တိုင်အောင် မြေစု မြေခဲတွေသာ ဖြစ်ပေ၍ အကနိဋ္ဌမှ အောက်တစ်ပြင်ပေတည်း။ သတ္တလောကအားဖြင့်ကား အဝီစိငရဲကောင် မှစ၍ အထက်အကနိဋ္ဌ ဗြဟ္မာသဏ္ဌာန် တိုင်အောင် ဤအတွင်း၌ ပရမာဏုမြူ နယ် သေးငယ်လှစွာ သတ္တဝါကောင် ဖြစ်၍နေသော မြေခဲမှစ၍ ရာဟုအသူရိန်၏ ကိုယ်ကောင်သဏ္ဌာန်ဖြစ်သော မြေခဲကြီးတိုင်အောင် မြေနယ်ပေတည်း။ သတ္တဝါ အနန္တကို နှံ့နိုင်သမျှ နှံ့ပြားအောင် ထိုးခြေ၍ ရှုလေ။

မီးခင်ဇရာဝတီ

http://www.dhammadownload.com



## ရှေးနည်းကို ပြပေအံ့

အကနိဋ္ဌ ဗြဟ္မာသဏ္ဌာန်၌ မြေခွေးပေါ်၏။ မီးခွေး လျစ်လျူရှု၏။ ရေခွေး ငုပ်၏။ လေခွေးမှာ လှုပ်ရှားသွားလာသောအခါ ပေါ်၏။ ငြိမ်သက်စွာနေသောအခါ ငုပ်၏။ ရေခွေးကို နှိုး၍ရှုလျှင် ရေအလျဉ်ဖြစ်၍ စီးသွားလေအံ့၊ မီးခွေးကိုနှိုးလျှင် မီးတောက်မီးလျှံဖြစ်၍ ပျောက်လေအံ့။ လေခွေးကိုနှိုးလျှင် ပွရှ၍ လွင့်ပါးလေအံ့။ ပစ္စယသာမဂ္ဂီကို နုတ်ခွာ၍ ကြည့်လျှင် သတ္တဝါမဟုတ်။ အသက်မဟုတ်။ တုစ္ဆ, သုည သဘောထင်ရှား ပေါ်လာလေအံ့။ စကြဝဠာ အနန္တတွင် ကာမ, ရူပ ရှိသမျှသော သတ္တဝါ အနန္တတွေကို အကုန်ကြိတ်နယ်၍ ရှုလေ။ မိမိကိုယ်ကို ရှေးဦးစွာ တင်၍ရှုလေ။

**အထူးမှာကား** – ရူပဗြဟ္မာကောင် ဆိုရသော မြေခဲစုမှာ ခွေးမီး၏ သားမြေးစုသာတည်း။ ကာမသတ္တဝါကောင် ခေါ်ရသော မြေခဲတို့၌ကား ခွေးဆီ၏ သားမြေး, ခွေးမီး၏ သားမြေးဟူ၍ ၂–ထွေပင် ရှိရလေသည်။ ကာမသတ္တဝါတို့မှာ မပြတ်မပြတ် ခွေးဆီလောင်း၍ လောင်း၍ ပေးနိုင်မှ ခွေးမီးတောက်နိုင်၍ အကောင်မပျက် အထည်မပျက် ဆက်လက် တည်နေနိုင်သည်။ လူသတ္တဝါများမှာ တစ်နေ့လျှင် ၂–ခါ, ၂–ခါ ခွေးဆီလောင်း၍ အသက်ကိုဆွဲငင်ရသည်။ ခွေးဆီလောင်းချိန်ကျလျှင် မလောင်းခဲ့လျှင် ထိုအချိန်ကစ၍ အဇ္ဈတ္တခွေးနတို့သည် တစ်ကိုယ်လုံးမှာပင် ရေမှဆယ်သော ရေမြှုပ်စိုင်ကဲ့သို့ အစဉ်အတိုင်း တဖြုတ်ဖြုတ် ကြေပျက်၍ ၇–ရက်တိုင်လျှင် ကမ္ဗခွေးနကုန်၍ သေဆုံးရတော့သည်။

ထိုသို့ဖြစ်ရန် အခွင့်ထင်ရှား ရှိလေသောကြောင့် မြေတစ်ပြင်လုံးမှာပင် လယ်ခင်းတွေ, ယာခင်းတွေ ဥယျာဉ်သစ်ပင်တို့ကို လုပ်ဆောင်၍ ရေကြောင်း ကုန်းကြောင်း သွားလာ၍ အသက်မွေးမှု အမျိုးမျိုးတို့ဖြင့် ခွေးဆီ ဆက်လက်နိုင်မှုကို ကြောင့်ကြစိုက်ရသည်။ စကြဝဠာအနန္တမှာပင် နေ့ရှိသမျှ ရှုရှုရှု ကြောင့်ကြစိုက်ရသောအမှုကို အရင်းပေါ်အောင် နေရာကျ စစ်ဆေး၍ ကြည့်တတ်ပါလျှင် "**အနတ္တာ အသာရကဋ္ဌေန**" ဟူသော အနတ္တလက္ခဏာ ထင်လင်းစွာ ပေါ်ပေ၏။

အသာရကဋ္ဌေန၊ မိမိ၏ ပုဂ္ဂလိက အစွမ်းသတ္တိအားဖြင့် အစွန့်ရှည်ကြာ ခိုင်မြဲစွာ တည်နေနိုင်သော အနှစ်အမာမရှိခြင်း အနက်ကြောင့်။

http://www.dhammadownload.com



အနတ္တာ၊ အနတ္တ- မည်၏။

အနှစ်အမာ မရှိသောကြောင့်ပင်လျှင် ဇရာမီး, မရဏမီး ခဏချင်း မီးလောင်ကျွမ်းကုန်သည်ဖြစ်၍ **"အနိစ္စံ ခယဋ္ဌေန"** ဟူသော အနိစ္စလက္ခဏာ ထင်လင်းစွာ ပေါ်ပေ၏။

ဇရာမီး, မရဏမီး ခဏချင်း ဖိစီးလောင်ကျွမ်းသဖြင့် ခဏချင်း ခဏချင်း ပျောင်းမြင်းရိရှား နွမ်းပါးညှိုးချုံး ပျက်ဆုံးကွယ်ပျောက်သည်ဖြစ်၍ ကြောက်ဖွယ် လန့်ဖွယ်တွေသာ ဖြစ်ရလေကား **"ဒုက္ခံ ဘယဋ္ဌေန"** ဟူသော ဒုက္ခလက္ခဏာ ထင်လင်းစွာ ပေါ်ပေမည်။

အနှစ်အမာမရှိ၍ မျက်တောင်တစ်ယှက် လျှပ်တစ်ပြက်မျှ အသက်မရှည်နိုင်သော တရားစုသည် ဘယ်သူ့အလိုကို လိုက်ပါနိုင်မည်နည်း။ အလိုသို့မလိုက်သော တရားစုကို "ငါ့ကိုယ် - ငါ့ကိုယ်"ဟု အတွင်းထား၍ အားပြုခြင်းအမှုသည် ဟုတ်မှန်သောသဘောပင် မဟုတ်ပေ။ အနှစ်မရှိခြင်းသည် လက္ခဏာယာဉ် ၃-ပါး၏ အရင်းမူလပေတည်း။ ထို့ကြောင့် အနှစ်မရှိခြင်းဟူသော တုစ္ဆ, သုည သဘောကို အနုထက်အနု မြင်အောင် ရှုနိုင်ပါလျှင် လက္ခဏာယာဉ် ၃-ပါး ပေါ်လတ္တံ့။

## ဘော့တိုက် ဥပမာ

ခရီးသွားမျက်စိလည် တစ်ယောက်သည် ညဥ့်အခါ ဂင်္ဂါမြစ်ရေ၌ မျော၍ လာသော ဘော့တိုက်ကိုရ၍ တက်စီးလေရာ ညဥ့်အခါ၌ပင် သမုဒ္ဒရာပြင်သို့ မျောထွက်ရာပါလေ၏။ ထိုဘော့တိုက်ကြီးသည် သစ်ကြီး, ဝါးကြီးလည်းမပါ။ ကြိုးလွန်, ကြိမ်နွယ် အဖွဲ့အယှက်လည်း မရှိ။ စုမိစုရာ ဆူးအမျိုးမျိုး, ငြောင့်အမျိုးမျိုးနှင့်ယှဉ်သော အမှိုက်အစုသာ ဖြစ်၏။ တွေ့မိတွေ့ရာက ထွက်၍ပါလာသော အဆိပ်ထန်သော ပိုးအမျိုးမျိုး, မြွေအမျိုးမျိုးနှင့်လည်း ပြည့်၏။ လေနှင့် လှိုင်းနှင့်ဝဲနှင့် တစ်ချက်တွေ့လျှင်ပင် တစ်ဖျင့်တစ်ပါး ပျက်ပြားလတ္တံ့သည်လည်း ဖြစ်၏။ ထိုသူသည် မဟာသမုဒ္ဒရာ၏ ဆားငန်ရေအတိဖြစ်၍ ကမ်းမရှိ၊ ကျယ်သည်။ နက်သည်။ ငါး, လိပ်, မကန်းစသော ဘေးအန္တရာယ် များပြား

http://www.dhammadownload.com



သည်ကိုလည်း မသိ။

ထိုသူသည် ညဥ့်အမှောင်တွင်းဖြစ်၍ ထိုဘော့ဖောင်ကိုပင် သိကြားမင်း ဖန်ဆင်းသော မဟာပစ္စရိ ဖောင်ကြီးနှင့် အတူထင်၍ ချမ်းမြေ့သဖြင့် ကျွန်းကောင်း၊ မြို့ကောင်းသို့ ဆိုက်ပေတော့အံ့ဟု အားရှိ၏။ ညဥ့်အခါတွင်း၌ပင်လျှင် လေဟုန်၊ လှိုင်းဟုန်၊ ဝဲဟုန်နှင့်တွေ့၍ ဖရိုဖရဲ တစ်ဖျင့်တစ်ပါး ပျက်ပြားလေရာ တွယ်တာရုံမျှ စမ်းမရသဖြင့် ငါး၊ လိပ်တို့၏အစာဖြစ်လေ၏။

**ဤဥပမာ၌** – သာသနာတွင်းဝယ် လူ့အဖြစ်ကိုရသည်နှင့် ဂင်္ဂါမြစ်ကြွေ၌ ဘော့တိုက်ကိုရသည်နှင့် တူ၏။ ညဥ့်မှောင်နှင့် အဝိဇ္ဇာတူ၏။ ညဥ့်မှောင်မရှိပေလျှင် ဘော့တိုက်ကြီး၏ ကြောက်လန့်ဖွယ်ကိုလည်းကောင်း၊ ကမ်းမရှိသော မဟာသမုဒ္ဒရာသို့ သွားရသောဘေးကိုလည်းကောင်း၊ ဂင်္ဂါ၏ကမ်းကိုလည်း ကောင်း မြင်ရ၍ ဘော့တိုက်ကို ကမ်းရှိရာသို့ အပါတွန်း၍ရေဘေး၊ ဘော့တိုက် ဘေးမှ လွန်တည့်ရန် ကြံဖန်အားထုတ်ပေလတ္တံ့။

၁။ ဂင်္ဂါကမ်းနှင့် နိဗ္ဗာန်၊

၂။ မဟာသမုဒ္ဒရာနှင့် သာသနာပ သံသရာ၊

၃။ ငါး၊ လိပ်၊ မကန်းနှင့် သံသရာဒုက္ခ၊

၄။ ဘော့တိုက်နှင့် မိမိ၏ ဥပါဒါနက္ခန္ဓာ ၅–ပါး၊

၅။ ဘော့တိုက်၌ ဆူးငြောင့်စုနှင့် ရောဂါအနာမျိုး၊

၆။ ဘော့တိုက်၌ ခိုကြသော အဆိပ်ထန်သော ပိုးမျိုး မြွေမျိုးနှင့် တစ်ထောင့် ငါးရာ ကိလေသာ၊

၇။ ဘော့တိုက်ကြီး၏ အဖွဲ့အစည်း အားနည်းလျော့ရဲ ပြိုကွဲလုလုနှင့် အနမတဂ္ဂ သံသရာတွင် ခန္ဓာ ၅–ပါး၏ အသာရကဋ္ဌ၊

၈။ လေဟုန် လှိုင်းဟုန် ဝဲဟုန်နှင့် လောကဥ္စရှိသော ဘေးစု၊

၉။ ဘော့တိုက်ကို သိကြားဖန်ဆင်းသော ဖောင်ကြီးနှင့်အတူထင်သော ပုထုဇဉ်၊

၁၀။ ဖောင်ကို အားကိုးမှား၍ ဖောင်သွားရာ သမုဒ္ဒရာပြင်သို့ရောက်လေ သည်နှင့် ယခုဘဝခန္ဓာကို ညာတာ၍ သေသည်၏ အခြားမဲ့၌

http://www.dhammadownload.com



သာသနာပသို့ ရောက်သွားသော သူ,

၁၁။ ဂင်္ဂါမြစ်ကြီး ကမ်းအနီးဝပ်၍ ရေပြင်လယ်၌ပင် ပျက်၍သေသူနှင့် ယခုဘဝ ပုထုဇဉ်အနေ သေသူ,

၁၂။ ကမ်းမမြင်ရာ သမုဒ္ဒရာအလယ်မှာ ဖောင်ပျက်၍သေသူနှင့် သာသနာပ အနမတဂ္ဂ၌ သေကြရသမျှ တူလှကုန်၏။

ထို့ကြောင့် ယခုဘဝကမ်းအနီးခိုက်တွင် မိမိခန္ဓာ၏ အသာရ, နိဿာရ, တုစ္ဆ, သုညအဖြစ်များကို မြင်ကြ၍ ခန္ဓာအလိုသို့ မလိုက်ပဲ ခန္ဓာကိုသာ ကမ်းနီးရာသို့ အပါဆွဲရမည်။ ထင်းစကိုစွဲ၍ တောက်ရသော မီးတောက်သည် ထင်းစထက်ပင် အနှစ်သာရ အနှစ်အမာ နည်းလေသကဲ့သို့ ရုပ်ကိုစွဲ၍ ဖြစ်ရသော စိတ်, စေတသိက်ဟူသော နာမ်တရားသည် ရုပ်ထက်ပင် အလွန်အနှစ်အမာနည်းသည်ဟု သိလေ။

## တော တောင် သစ်ပင် ချုံပိတ်ပေါင်းတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ

တော, တောင်, သစ်ပင်, ချုံပိတ်ပေါင်းတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တုစ္ဆ၊ သုညကို မြင်လိုလျှင် နှစ်စဉ်ရှာသော မိုးရေ မိုးပေါက်ဟူသော ဓာတ်မီး၊ မြေ၌ မှီသောဓာတ်မီးတို့ကို ဉာဏ်နှင့်နုတ်ပယ်၍ရှု၊ ယခုနှစ်တွင် စကြဝဠာအနန္တ တစ်ပြိုင်တည်း မိုးပြတ်ခဲ့အံ့။ နောက်ကို မိုးမရွာပြီဟူခဲ့အံ့။ စကြဝဠာအပြင်သည် နောက်နှစ်မှစ၍ သစ်ရွက်, သစ်ညွန့်ကုန်မည်။ မကြာမီ သစ်ပင်, တော, တောင် ချုံပိတ်ပေါင်းတို့ ခြောက်သွေ့ကုန်ခန်းမည်။

ဗဟိဒ္ဓဓာတ်ဆီကို နေ့စဉ်လောင်း၍ သည်ရက်မှ နောက်ရက်၊ သည်လမှ နောက်လ၊ သည်နှစ်မှ နောက်နှစ်၊ သည်အရွယ်မှ နောက်အရွယ်ရောက်အောင် ဆွဲနိုင်ငင်နိုင်ပါမှ ပါနိုင်သော လူ, နွား, ကျွဲ, ဆင်, မြင်း, ငါး, လိပ်, မကန်း စသော အကောင်အထည်ဟု ဆိုအပ်သော ဓာတ်မီးတောက်, ဓာတ်မီးခဲတို့သည်လည်း နောက်နှစ်မှစ၍ စကြဝဠာအနန္တ တစ်ပြင်လုံး အရိုးဖွေးဖွေးမျှ မကျန်အောင် ပျက်ဆုံးကုန်ခန်းမည်။ ကမ္ဘာတည်သည်မှစ၍ လိုရာနှစ် သက္ကရာဇ်တွင် ဖြတ်၍ကြည့်။

http://www.dhammadownload.com



## မိမိကိုယ်ကို ကွက်၍ ကြည့်ရှုရန်

သတ္တဝါတစ်ကောင်တွင် ကွက်၍ကြည့်လိုမူကား မိမိကိုယ်ကို ကွက်၍ ကြည့်၊ ကလလသတ္တာဟဉ္စ ဓာတ်မီး အစောင့်ရှောက်နှင့် လာခဲ့၍ အဗ္ဗုဒသတ္တာဟ, ပေသိသတ္တာဟသို့ ရောက်သောအခါ အမိမှဖြစ်သော ဓာတ်ဆီသည် သူငယ်သို့ စိမ့်ဝင်၍ ဓာတ်ကိုပွားစေသည်။ ဓာတ်ဆီနှင့် မန့်ပေမူ ထိုအခါတွင် ချုပ်မည်။ နေ့စဉ်အတိုင်း ယခုနေ့တိုင်အောင် ဓာတ်ဆီလောင်းကား လာခဲ့ရသည်ကိုလည်း မြင်အောင်ကြည့်။ မည်သည့်နေ့မှစ၍ မလောင်းပေးလျှင် မည်သည့်နေ့တွင် သေမည်ဟု သေနေ့ကိုလည်း မြင်အောင်ကြည့်။

နာရီတိုင်း, ခဏတိုင်း သေနာရီ, သေခဏချည်း မြင်အောင်ရှု၊ အနမတဂ္ဂသံသရာက လာခဲ့ရပုံကိုလည်း ရှု၊ နောက်ရက်, နောက်လ, နောက်နှစ်သို့ ရောက်ပါရအောင် ဓာတ်ဆီလောင်းရပုံ၊ မလောင်းလျှင် ကုန်ဆုံးပုံကိုလည်း မြင်အောင်ရှု၊ ဝမ်းတွင်း၌ ရောက်ပြီးသော အစာနွမ်းသည်မှစ၍ ခဏစဉ်အတိုင်း တစ်ကိုယ်လုံး၌ ရှိသော ဓာတ်နတို့၏ အစဉ်အတိုင်း တစ်ဖြုတ်ဖြုတ် ပျက်ပြုန်းသည်ကိုလည်း မြင်အောင်ရှု၊ အစာသစ်, ဓာတ်ဆီသစ် ထပ်ကာထပ်ကာ လောင်းပါသော်လည်း ဓာတ်ဆီဟောင်း, ဓာတ်မီးဟောင်း, ဓာတ်မီး၏ သားဟောင်း, မြေးဟောင်း, ရုပ်ဟောင်း, ကလာပ်ဟောင်းတို့သည် ထိုထို ဓာတ်ဆီ ဓာတ်ဟောင်း ဓာတ်မီးဟောင်းတို့နှင့် အတူတကွပင် ကွယ်ပျောက်ချုပ်ဆုံးကာ ပါကြရလေကုန်၏။

၁။ ရှေးရှေးနေ့၌ မျိုအပ်သော အစာရေစာ၌ပါသော ဗဟိဒ္ဓ ဓာတ်ဆီ ဓာတ်မီး၊ ဤဗဟိဒ္ဓဓာတ်ဆီ, ဓာတ်မီးတို့နှင့် ဖက်တွဲရမှ ထကြွတောက်ထွန်း၍ မျက်လုံးခဲ, နားခဲ, အသည်းခဲ, အဆုတ်ခဲ စသော ကလာပ်စု ကလာပ်ခဲတို့ကို ဖန်ဆင်းကြပေသော ကမ္မဇဓာတ်ဆီ ဓာတ်မီး, စိတ္တဇ ဓာတ်ဆီ ဓာတ်မီး, ဥတုဇ ဓာတ်ဆီ ဓာတ်မီး, အာဟာရဇ ဓာတ်ဆီ ဓာတ်မီးဟူသော အဇ္ဈတ္တဓာတ်ဆီမျိုး ဓာတ်မီးမျိုးတို့သည်လည်းကောင်း၊

၂။ ထိုဗဟိဒ္ဓ, အဇ္ဈတ္တဓာတ်ဆီ ဓာတ်မီးတို့မှ ပေါက်ပွားသော ရုပ်ကလာပ်ခဲစုတို့သည် လည်းကောင်း၊ ဤအလုံးစုံတို့သည် နောက်နောက်သို့ သား, မြေး, မြစ်စွန်းမျှသာ ရောက်ကြကုန်သည်။

မိခင်ရောဝတီ

http://www.dhammadownload.com



ခြောက်သစ် ရှစ်သစ်ခန့်သာရှိသော လျှော်မျှင်တို့ကို အလံ တစ်ရာရှည်သော ကြိုးကြီး ကွန်ကြီးဖြစ်အောင် ကျစ်ရာ၌ ကြိုးကျစ်လိမ္မာလှသော ယောကျ်ားသည် မြုပ်သောအစ, စိုက်သောအစကို မပေါ်ရအောင် ကျစ်ပေသကဲ့သို့ နောက်နောက် နေ့တို့၌ အလျဉ်မပြတ်ရအောင် ထပ်ကာထပ်ကာ လောင်း၍ လောင်း၍ သဏ္ဌာန် မပြတ် ဟန်ပန်မပျက်မီ ဆက်လက်ပါမှ ချုပ်လေပျက်လေသော ကလာပ်ဟောင်း တို့ နေရာမှာ အစားစေ့ကာ အစဉ်ပါနိုင်လေသတည်း။ တစ်ရက်အတွင်းမှာလည်း ဉာဏ်မီသမျှ အနုစိတ်လေ၊ အဟောင်းတို့ ချုပ်ပျက်ပုံနှင့် အသစ်တို့ ဖြစ်ပေါ်ပုံ များကို အမျှင်ပြတ်အောင် ခြားနား၍ ရှုရမည်။

ထိုသို့ ရှုမြင်သော သူကိုပင်လျှင် -

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ**- ဟူ၍ ဓမ္မပဒ ပါဠိတော်၌ ချီးမွမ်းတော်မူပေသည်။

**အနက်** - ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရား တို့၏ အသစ်အသစ် မစဲ ဖြစ်ပေါ်ခြင်း, အဟောင်း အဟောင်း မစဲချုပ်ကွယ်ခြင်း ကို။ အပဿံ - အပဿန္တော၊ မမြင်ဖူးရပဲ။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်၏။ တဿ၊ ထိုသူ၏။ ဇီဝိတံ၊ အနှစ်တစ်ရာ ခန္ဓာ မြင့်ရှည် နေရသည်ထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရားတို့၏ အသစ် အသစ် မစဲဖြစ်ပေါ်ခြင်း, အဟောင်း အဟောင်း မစဲချုပ်ကွယ်ခြင်းကို။ ပဿတော၊ အတပ်မြင်လျက်။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်သာ။ သေယျော၊ မြတ်လှစွာ၏။

ဤဥဒယဗ္ဗယသဘောကို မြင်ရသော သူသည်သာ ဘုရားကို တွေ့ရသော သူ မည်၏။ ဥဒယဗ္ဗသဘောကို မမြင်ဖူးရသောသူသည် ဘုရားကို တွေ့ရသော သူ မဟုတ်သေး။

(ဤကား အာဟာရနှင့်စပ်၍ မိမိအဇ္ဈတ္တသန္တာန်၌ ဥဒယဗ္ဗယကို ရှုပုံတည်း။)

အတိတ်သံသရာက လာခဲ့ရပုံကိုလည်း မြင်အောင်မျှော်လေ။ နောက်ရက်, နောက်လ, နောက်နှစ်သို့ သွားရလတ္တံ့သောပုံကိုလည်း မြင်အောင်မျှော်လေ၊

http://www.dhammadownload.com



ရှိသမျှ သတ္တဝါစုကိုလည်း မိမိသန္တာန်နှင့် အတူမြင်အောင် ရှုလေ။ ဤအာဟာရနှင့် စပ်၍ ရှုနည်းသည် တစ်ဘဝ တစ်ဘဝတွင် ပဝတ္တိအခါ၌သာ ရသည်။ ဘဝအသစ် ထူထောင်ရန်မှာမူကား –

၁။ ဒါန, သီလ, ဘာဝနာ – ဟူသော ကုသိုလ်ကံ စေတနာ, ပါဏာတိပါတစသော အကုသိုလ်ကံ စေတနာသည် ဘဝသစ် ဘဝသစ်ကို ပေါက်ဖွားနိုင်သော ဓာတ်မီးပေတည်း။

၂။ နန္ဒီရာဂ – ခေါ်သော ဘဝတဏှာသည် ဓာတ်ဆီပေတည်း။ ဓာတ်ဆီ လောင်း၍ပေးမှ ဓာတ်မီးတောက်၍ ဘဝသစ်ပေါ်နိုင်သည်။

၃။ အကုသိုလ် စေတနာ – ဟူသော ဓာတ်မီးသည် အပါယ်ဘုံမှာ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေသည်။

၄။ ကာမကုသိုလ်စေတနာ – ဟူသော ဓာတ်မီးသည် လူ့ဘုံ, နတ်ပြည် ၆–ထပ်တို့၌ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေသည်။

၅။ ရူပကုသိုလ် စေတနာ, အရူပကုသိုလ် စေတနာ – ဟူသော အဆင့်ဆင့်သော ဓာတ်မီးတို့သည် ရူပ ၁၆–ဘုံ, အရူပ ၄–ဘုံတို့၌ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေနိုင်သည်။

အသစ်အသစ် ဖြစ်သည်ကို သာယာသော ဘဝတဏှာကို ဓာတ်ဆီခေါ်ပေသည်မှာ "တဏှာ သိနေဟော"ဟူသော ပါဠိနှင့် အညီတည်း။ ကံကို ဓာတ်မီးခေါ်သည်မှာ ထင်လွယ်ရန်ပေတည်း။ အနမတဂ္ဂ သံသရာတွင် လိုရာဘဝကိုမှတ်၍ ဓာတ်ဆီကိုနုတ်၍ ဓာတ်မီးကိုသတ်၍ရှု၊ ဘဝအသစ် မပေါ်ပဲ ချုပ်ကွယ်သော ဝယ သဘော ထင်လင်းလတ္တံ့။ ဘဝတိုင်း အသစ်လောင်းရသော တဏှာဓာတ်ဆီနှင့် စေတနာဓာတ်မီးတို့၏ အချက်တွေကို မြင်လျှင် ဘဝအသစ်အသစ် ဖြစ်ကာဖြစ်ကား တက်၍လာသော ဥဒယသဘောကို မြင်ရလတ္တံ့။ ဘဝသစ် ထူထောင်မိလျှင် ကာမဘုံမှာ အာဟာရဓာတ်ဆီနှင့် စပ်၍ရှု၊ ရူပ, အရူပဘုံမှာ ဖဿာဟာရ, ဝိညာဏာဟာရနှင့် စပ်၍ရှုလေ။

၁။ အတိတ်, အနာဂတ် သံသရာကို မဟာကမ္ဘာနှင့် အပိုင်းပိုင်းဖြတ်။

၂။ မဟာကမ္ဘာကို အသင်္ချေယျကပ်နှင့် အပိုင်းပိုင်းဖြတ်။

http://www.dhammadownload.com



၃။ အသရေ်ယျကပ်ကို အန္တရကပ်နှင့် အပိုင်းပိုင်းဖြတ်။

၄။ အန္တရကပ်ကို ထိုထို အသက်တမ်းဟူသော အာယုကပ်နှင့်ဖြတ်။

၅။ အာယုကပ်တွင် ရောက်ရာ အသက်တမ်းကို နှစ်နှင့် အပိုင်းပိုင်းဖြတ်။

၆။ နှစ်ကို ဥတုနှင့် အပိုင်းပိုင်းဖြတ်။

၇။ ဥတုကို လနှင့် အပိုင်းပိုင်းဖြတ်။

၈။ လကို ပက္ခနှင့် အပိုင်းပိုင်းဖြတ်။

၉။ ပက္ခကို ရက်နှင့် အပိုင်းပိုင်းဖြတ်။

၁၀။ ရက်ကို ပဟိုရ်နှင့် အပိုင်းပိုင်းဖြတ်။

၁၁။ ဗဟိုရ်ကို နာရီနှင့် အပိုင်းပိုင်းဖြတ်။

၁၂။ နာရီကို ပါဒ်နှင့် အပိုင်းပိုင်းဖြတ်။

၁၃။ ပါဒ်ဗီဇနာကို ပြန်နှင့် အပိုင်းပိုင်းဖြတ်။

၁၄။ ပြန်ကို ခရာနှင့် အပိုင်းပိုင်းဖြတ်။

၁၅။ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်ခန့်မှာ ကုဋေအရာမက အပိုင်းပိုင်းဖြတ်ရမည်ပင်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နယဝိပဿနာတွင်လာသော အာဒါနနိက္ခေပစသော အစီအရင်နှင့်သော်လည်းဖြတ်။

(ဤကား ခေတ်ဆီ, ခေတ်မီးတို့ကို အမှီပြု၍ ရုပ်တရားတို့၌ ဝိပဿနာဉာဏ်အမြင် ထိုးထွင်း၍သိပုံအကြောင်း အမြွက်ပေတည်း။)

ရုပ်တရားတို့ကို နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညသဘောများကို ဆိုခဲ့တိုင်းသော အစီအရင်ဖြင့် ထင်မြင်နိုင်ပေမူကား ထိုထို ရုပ်တရားထက် အဆများစွာ အားနည်းပါးသော စိတ်–စေတသိက် ဟူသော နာမ်တရားတို့၏လည်း နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညသဘောများသည် အလိုလို ထင်ရှားလာလတ္တံ့။ ရိလှပုပ်လှစွာသော အနာကြီး၏ တုစ္ဆ, သုညသဘောကို ထင်မြင်ပေလျှင် အနာကြီး၏ အတွင်း၌ နာဖို့ကျင်ဖို့ နေသော ငန်းရှိန်, ငန်းခိုး, မန်းရှိန်, မန်းခိုးတို့၏ တုစ္ဆ, သုညသဘောသည် ထင်ပေရာသကဲ့သို့တည်း။

http://www.dhammadownload.com



## (ဆ) နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်း ဖွင့်နည်း

### ဝိညာဏခန္ဓာ၌ အကျဉ်းခွဲနည်း

ဝေဒနာက္ခန္ဓာစသော နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်းဖွင့်နည်းကို ပြဆိုမည်။

ဝေဒနာက္ခန္ဓာစသော နာမက္ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာသည် အကြီးအမှူး ဦးစီးဦးကိုင် အချုပ်အခြာ ပဓာနကြီးဖြစ်ပါလျက် ဒေသနာတော်အစဉ်၌ နောက်ဆုံးထား၍ ဟောတော်မူသည်မှာ သတ္တဝါတို့အား ထင်ရှားရာကို ပဓာနပြုတော်မူသည်မှတ်။ ရူပက္ခန္ဓာသည် အထင်အရှားဆုံးတည်း။ ရူပက္ခန္ဓာကိုစွဲ၍ သုခ ဒုက္ခ ဖြစ်မှု, သုခ ဒုက္ခနှင့် စပ်သော မှတ်သားမှု, မှတ်သားမိသည် အားလျော်စွာ ကြောင့်ကြစိုက်မှုသည် ထင်ရှားသောအစဉ်ဖြစ်၏။ အကြား၌ ဝိညာဏက္ခန္ဓာ ဝင်ခွင့်မရ။ ထို့ကြောင့် နောက်ဆုံးထား၍ ဟောတော်မူသည်။

ဤကမ္မဋ္ဌာန်း ကျမ်းစာအုပ်၌မူကား ပုဗ္ဗင်္ဂမကိစ္စကို ပဓာနပြု၍ ဝိညာဏက္ခန္ဓာကို ရှေ့ထားပေအံ့။

### ဆောင်ပုဒ်သံခိပ်

၁။ ထွေထွေလာလာ၊ သိမှုမှာ၊ ခန္ဓာဝိညာဉ်- မှတ်။
၂။ ခံသာ, မခံသာ၊ လျစ်လျူမှာ၊ ဝေဒနာဟု- မှတ်။
၃။ မှတ်သိလိမ္မာ၊ မမေ့ရာ၊ သညာဟူ၍- မှတ်။
၄။ စေ့ဆော်ကြောင့်ကြ၊ စိုက်သမျှ သင်္ခါရဟု- မှတ်။

ဝိညာဏက္ခန္ဓာ၌ ထွေထွေလာလာ သိမှုဆိုသည်ကား -

၁။ မြင်မှုခေါ်သော သိမှု ၁-ပါး,
၂။ ကြားမှုခေါ်သော သိမှု ၁-ပါး,
၃။ နံမှုခေါ်သော သိမှု ၁-ပါး,
၄။ လျက်မှုခေါ်သော သိမှု ၁-ပါး,

http://www.dhammadownload.com



၅။ တွေ့ထိမှုခေါ်သော သိမှု ၁-ပါး,

၆။ အထင်အရှား သိလင်းကြဲစည်မှုခေါ်သော သိမှုအချုပ်ကြီး ၁-ပါး- ဟူ၍ ၆-ပါးရှိ၏။

**ဆောင်ပုဒ်သံခိပ်။** ။ **မြင်, ကြား, နံ့, လျက်, တွေ့, သိချက်၊ ဆက္ကဝိညာဉ်မှာ။**

မြင်ချက်, ကြားချက်, နံ့ချက်, လျက်ချက်, တွေ့ချက် သိချက်ဟူ၍ ဝိညာဏဆက္က ပွား၏။

၁။ မြင်မှုကား မျက်စိ၌ပေါ်သော စာတ်တည်း။

၂။ ကြားမှုကား နား၌ပေါ်သော စာတ်တည်း။

၃။ နံ့မှုကား နှာခေါင်း၌ပေါ်သော စာတ်တည်း။

၄။ လျက်မှုကား လျှာ၌ပေါ်သော စာတ်တည်း။

၅။ တွေ့မှုကား အတွင်းအပတစ်ကိုယ်လုံးပေါ်သော စာတ်တည်း။

၆။ သိမှုကား နှလုံး၌ပေါ်သော စာတ်တည်း။

ထိုဝိညာဏဆက္ကတို့တွင် နောက်ဆုံးဖြစ်သော သိမှုကြီး ၅-ပါးမှ အသီးအခြား သိမှုကြီး ၁-ပါးဟူ၍ ပေါင်း ၆-ပါး ရှိပြန်၏။

၁။ မြင် - သိ,

၂။ ကြား - သိ,

၃။ နံ့ - သိ,

၄။ လျက် - သိ,

၅။ တွေ့ - သိ,

၆။ အလွတ် - သိ- ဟူ၍ နောက်ဆုံးအထိ ၆-ပါး ရှိပြန်၏ဟူလို။

ထိုတွင် မြင်, သိ ၂-ချက် ဖြစ်ပုံကား -

ထိုထိုအဆင်းမျိုးတို့နှင့် တိုက်ဆိုင်မိကြသောအခါ မျက်စိမြင်မှု ရှေးဦးစွာဖြစ်၏။ နောက်၌ နှလုံးမှ သိမှုကြီးဆက်လက် ဖြစ်ပွား၏။ သစ်ပင်ကို မြင်၍ သစ်ပင်မှန်း သိရာ၌ မြင်မှုကား မျက်စိ၏ ဆိုင်ရာပေတည်း။ သိမှုကား မနော နှလုံး၏ ဆိုင်ရာပေတည်း။ မြင်မှုအခိုက်၌ ထိုပုဂ္ဂိုလ်သည် သစ်ပင်ပါတကားဟူ၍ မသိသေး။ သိမှုအခိုက်သို့ ရောက်မှ ထိုပုဂ္ဂိုလ်အား သစ်ပင်ကြီး ဘွားခနဲ ပေါ်၏။

http://www.dhammadownload.com



ပေါ်သောအခါမှစ၍ ထိုသစ်ပင်မှာ သိမှုပေါင်းများစွာ ကျယ်ပွား၍ သွားပေ၏။ မျက်နှာမလွဲမချင်း မြင်မှု, သိမှု အထပ်ထပ် အလည်လည်ဖြစ်၍ နေကြ၏။

ပကတိလူတို့သည်ကား မြင်မှု, သိမှု ၂-ပါးကို ခြားနား၍ မသိနိုင်ကြကုန်။ မိမိတို့ကိုယ်၌ ဖြစ်ကြုံ၍နေကြသော အမှုမျိုးဖြစ်သောကြောင့် ဉာဏ်နှင့် အချက်ရှာ၍ ကြည့်တတ်သော ပညာရှိတို့သည်ကား ခြားနား၍ သိမြင်နိုင်ကြ၏။

(ဤကား သိ-မြင် ၂-ချက် ဖက်စပ်ပုံတည်း။ ဤနည်းကို အမှီပြု၍ ကြား-သိ ၂-ချက်၊ နံ-သိ ၂-ချက်၊ လျက်-သိ ၂-ချက်၊ တွေ့-သိ ၂-ချက် ဆက်စပ်ဖြစ်ပုံကို အကုန်သိကြကုန်ရာ၏။)

ထို ၅-ပါးတို့နှင့် ကင်း၍ အသီးအခြား သိမှုကြီးဆိုသည်ကား မြင်ဆဲ, ကြားဆဲ, နံဆဲ, လျက်ဆဲ, တွေ့ထိဆဲ အာရုံတို့မှ အလွတ်ဖြစ်သော အာရုံမျိုးတို့ကို သိမှု, ကြံမှုကြီးပေတည်း။ ဤသိမှုကြီးကား မနောနှလုံးထဲတွင် စဲသည်ဟု မရှိသကဲ့သို့ ထင်ရ၏။ အလွန်ကျက်စားရာ အာရုံနယ် ကြီးကျယ်လှ၏။

(ဤကား ဝိညာဏက္ခန္ဓာ၌ အကျဉ်းခွဲနည်းတည်း။)

## ဝေဒနာက္ခန္ဓာ၌ အကျဉ်းခွဲနည်း

ဝေဒနာက္ခန္ဓာ၌ ခံသာမှု, မခံသာမှု, လျစ်လျူမှု ဟူ၍ ၃-ပါးရှိ၏။

၁။ ခံသာမှု ဆိုသည်ကား သာယာသော ခံစားမှု, ကောင်းသည်၊ ကောင်းသည် ဟူ၍ ချီးမွမ်းဖွယ်သော ခံစားမှု, ခင်မင်ရသော ခံစားမှု ဆိုလိုသည်။

၂။ မခံသာမှု ဆိုသည်ကား မသာယာသော ခံစားမှု, မကောင်း၊ မကောင်း ဟူ၍ ကဲ့ရဲ့ဖွယ်သော ခံစားမှု, မုန်းရသော ခံစားမှု ဆိုလိုသည်။

၃။ လျစ်လျူခံစားမှု ဆိုသည်ကား ခံသာသည်, မခံသာသည် ဟူ၍ အမှုမစိုက်လောက်သော မထင်ရှားသော ခံစားမှု ဆိုလိုသည်။

ဤဝေဒနာက္ခန္ဓာကို လောက၌ -

၁။ မျက်စိအရသာ ခံစားမှု,

၂။ နားအရသာ ခံစားမှု,

http://www.dhammadownload.com



၃။ နှာခေါင်းအရသာ ခံစားမှု,

၄။ လျှာအရသာ ခံစားမှု,

၅။ ကိုယ်အင်္ဂါအရသာ ခံစားမှု,

၆။ စိတ်မနောအရသာ ခံစားမှု– အားဖြင့် ၆–ပါးပြု၍ ခေါ်ဝေါ်ကြကုန်၏။

ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ဤဝေဒနာက္ခန္ဓာ ဟူသော အရသာ ၆–ပါးတို့ ၌ နစ်မွန်း၍ နေကြကုန်၏။

(ဤကား ဝေဒနာက္ခန္ဓာ၌ အကျဉ်းခွဲနည်းတည်း။)

## သညာက္ခန္ဓာ၌ အကျဉ်းခွဲနည်း

သညာက္ခန္ဓာ၌ မှတ်သိလိမ္မာ မမေ့ရာဆိုသည်ကား အမိဝမ်းမှ မွေးဖွားသည်မှစ၍ ဤကား အမိ, ဤကား အဖ, ဤကား အရှေ့, ဤကား အနောက် စသည်ဖြင့် လူအများတို့ ပြောဆိုပြုလုပ်ကြသမျှတို့ကို မှတ်၍မှတ်၍ တစ်နေ့ တစ်ခြား သိကြားလိမ္မာ၍ လာကြသောအမှု, တွေ့ဖူး၊ ကြုံဖူး၊ ဆက်ဆံဖူးသမျှကို ထင်ရှားရာဌာနတို့၌ မမေ့မပျောက် စွဲမြဲထင်ရှား၍ နေမှုအခြင်းအရာမျိုးကို သညာက္ခန္ဓာ ဆိုသည်။

## အသိအလိမ္မာ ၂–ပါး

၁။ မှတ်သိလိမ္မာ ၁–မျိုး၊

၂။ တတ်သိလိမ္မာ ၁–မျိုး၊ ဟူ၍ ၂–မျိုး ရှိ၏။

(၁) သညာ၏ အသိအလိမ္မာကား မှတ်သိလိမ္မာတည်း။

(၂) ပညာ၏ အသိအလိမ္မာကား တတ်သိလိမ္မာတည်း။

အရပ်ဒေသ အမျိုးအရိုးတို့နှင့်ပင် ပြီးစီးနိုင်သော အသိအလိမ္မာမျိုးသည် သညာနှင့် ပြီးစီး၏။ ဆရာသမားထံ သင်ကြားလေ့လာ နာခံမှတ်သားထားမှုနှင့် ပြီးစီးနိုင်သော အသိအလိမ္မာမျိုးသည်ကား ပညာပေတည်း။

(ဤကား အသိ, အလိမ္မာ ၂–ပါး ခွဲနည်းတည်း။)

http://www.dhammadownload.com



ထိုသညာက္ခန္ဓာသည် အာရုံအပြားအားဖြင့် ၆–ပါးရှိ၏။

၁။ ရူပ သညာ၊

၂။ သဒ္ဒ သညာ၊

၃။ ဂန္ဓ သညာ၊

၄။ ရသ သညာ၊

၅။ ဖောဋ္ဌဗ္ဗ သညာ၊

၆။ ဓမ္မ သညာ– ဟူ၍ ဤ ၆–ပါးတည်း။

အဆင်းသဏ္ဍာန်မျိုး၌ သိမှု, အသံမျိုး၌ သိမှု, အနံ့မျိုး၌ သိမှု, အရသာမျိုး၌ သိမှု၊ ပထဝီ, တေဇော, ဝါယောဟူသော ဖောဋ္ဌဗ္ဗမျိုးတို့၌ သိမှု၊ ထို ၅–မျိုးတို့မှ ကြွင်းသော ကုသိုလ်ဓမ္မ, အကုသိုလ်ဓမ္မ, အဗျာကတဓမ္မတို့၌ သိမှု ဟူ၍ ၆–ပါး ဆိုလိုသည်။

မျက်စိအရသာကို သိမှု, နားအရသာကို သိမှု, နှာခေါင်းအရသာကို သိမှု, လျှာအရသာကို သိမှု, ကိုယ်အင်္ဂါအရသာ သိမှု, မနောအရသာကို သိမှု ဟူ၍လည်း ၆–ပါးဖြစ်၏။

သတ္တဝါအပေါင်းတို့သည် ဤသညာနှင့်ပင် နေ့နေ့ညည ကိစ္စအခွင့်အလုံးစုံမျိုးကို သိ၍သိ၍ လုပ်ကြံဆောင်ရွက်၍ နေကြရကုန်၏။

(ဤကား သညာက္ခန္ဓာ၌ အကျဉ်းခွဲနည်းတည်း။)

## သညာသိနှင့် ဝိညာဉ်သိ အထူး

ဤအရာ၌ ဝိညာဏက္ခန္ဓာ သိမှုနှင့် သညာက္ခန္ဓာ သိမှုကိုလည်း ခွဲခြမ်းရာ၏။

၁။ ၆–ဒွါရ၌ ဆိုက်တိုက်လာသော အာရုံတို့ကို သင်ကား မြေ, သင်ကား ရေ အစရှိသည်ဖြင့် သိမြင်ဖော်ပြ၍ သွားမှုသည် ဝိညာဉ်၏ သိမှုတည်း။ သညာ၏ သိမှုမဟုတ်။

၂။ ဝိညာဉ်ဖော်ပြ၍ သွားသမျှကို နောင်မမေ့ရအောင် မှတ်မှုသည် သညာ၏ သိမှုတည်း။ ဝိညာဉ်၏ သိမှုမဟုတ်။

http://www.dhammadownload.com



ဝိညာဉ်အလိုအားဖြင့် ရှေ့သို့တွေ့ကြုံသမျှကို ထင်မြင်၍ သွားနိုင်ရာ၏။ တွေ့ကြုံပြီးကိုပြန်၍ တစ်စုံတစ်ခုကိုမျှ မမှတ်မိနိုင်ရာ။ သညာအလိုအားဖြင့် တွေ့ ကြုံဖူးသည်ကို မှတ်မိ၏။ ရှေ့သို့ တစ်စုံတစ်ခုကိုမျှ သိမြင်မှု မရှိလေရာ။

(ဤကား သညာသိ, ဝိညာဉ်သိ ၂-ပါးတို့၏ အထူးတည်း။)

## သင်္ခါရက္ခန္ဓာ၌ အကျဉ်းခွဲနည်း

သင်္ခါရက္ခန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သင်္ခါရက္ခန္ဓာ အပါအဝင်ဖြစ်သော တရားမျိုးသည် ၅၀-ရှိ၏။ သုတ္တန်နည်းအားဖြင့် စေတနာ စေတသိက် ၁-ခုကို ပဓာနပြု၍ ပြဆိုရ၏။ စေတနာ စေတသိက်တစ်ခု၌ အနိစ္စလက္ခဏာရေး ပိုင်နိုင်ခဲ့လျှင် ထိုအလုံးစုံတို့၌ ပိုင်နိုင်တော့သည်။ ဤသင်္ခါရက္ခန္ဓာ၌ စေ့ဆော်, ကြောင့်ကြစိုက်မှု ဆိုသည်ကား သတ္တဝါတို့၏ စိတ်ကို မျက်တောင်တစ်ခတ်မျှ ကြံမှု, စည်မှုကို လွှတ်၍ ငြိမ်ဝပ်ရပ်နားလျက် နေခွင့်မရအောင် နှိုးဆော်မှု, ကြောင့်ကြဗျာပါရစိုက်ထူ၍ အပူတိုက် ဆော်ဩမှုပေတည်း။

လွန်လေပြီးသော အနမတဂ္ဂ သံသရာတွင် အသည်းသတ်ဘုံ၌ ဖြစ်ခိုက်ကို ချန်လှပ်၍ ဘဝအဆက်ဆက်ကို အကုန်မျှော်လေ။ စိတ်တလှုပ်လှုပ်, စိတ်တရွရွ, စိတ်တကြွကြွ, စိတ်တချီချီ, စိတ်တလူလူ နေမှုကို မြင်ခဲ့လျှင် စေတနာအမှုကို သိမြင်လိမ့်မည်။ တစ်ခုခုသော ဘဝတွင် စုတိ ကမ္မဇရုပ် ချုပ်ဆုံးရာ၌လည်း မျက်တောင်တစ်ခတ်မျှ ရပ်တန့်ခွင့် မရမူ၍ ဘဝအသစ်သစ်တို့ ပစ်ချမှုသည် ဤစေတနာ၏ အမှုပေတည်း။ ဤစေတနာဟူသော စေ့ဆော်မှု, ကြောင့်ကြဗျာပါရစိုက်မှုကို ကုသိုလ်ကံ, အကုသိုလ်ကံဟူ၍ ဆိုအပ်၏။ ကာယကံ, ဝစီကံ, မနောကံဟူ၍လည်း ဆိုအပ်၏။

အာရုံအပြားအားဖြင့် -

၁။ ရူပသဉ္စေတနာ၊

၂။ သဒ္ဒသဉ္စေတနာ၊

၃။ ဂန္ဓသဉ္စေတနာ၊

၄။ ရသသဉ္စေတနာ၊

http://www.dhammadownload.com



၅။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊
၆။ ဓမ္မသဉ္စေတနာ- ဟူ၍ ၆-ပါး ရှိ၏။

၁။ ရူပါရုံအတွက်နှင့် စေ့ဆော်မှု၊
၂။ သဒ္ဒါရုံအတွက်နှင့် စေ့ဆော်မှု၊
၃။ ဂန္ဓာရုံအတွက်နှင့် စေ့ဆော်မှု၊
၄။ ရသာရုံအတွက်နှင့် စေ့ဆော်မှု၊
၅။ ဖောဋ္ဌဗ္ဗာရုံအတွက်နှင့် စေ့ဆော်မှု၊
၆။ ဓမ္မာရုံအတွက်နှင့် စေ့ဆော်မှု၊
(ဤကား သင်္ခါရက္ခန္ဓာ၌ အကျဉ်းချဲ့နည်းတည်း။)
နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်းဖွင့်နည်း ပြီး၏။

## (ဓ) ဝိညာဉ် ၆-ပါး နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက် ဒုက္ခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါး “မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ”

ဟူသော ပါဠိတော်မြတ်နှင့်အညီ နာမက္ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာသည် အချုပ်အခြာ ပဓာနရှေ့သွားဖြစ်၏။ ရူပက္ခန္ဓာ၌ ခက်မာမှုပထဝီသည် ခပ်သိမ်းသော ရုပ်ကလာပ်တို့၏ အမာခံ ရောတည် ဖြစ်သကဲ့သို့ နာက္ခန္ဓာ ၄-ပါးတို့၌ သိမှုဟူသော ဝိညာဏက္ခန္ဓာသည် ခပ်သိမ်းသော စေတသိက်ခန္ဓာတို့၏ ရောတည်ဖြစ်၏။ သိမှုကိုမှီ၍ ခံစားမှု, မှတ်သားမှု, စေ့ဆော်မှု စသည်တို့သည် ဖြစ်ပွားကြရကုန်၏။ ထို့ကြောင့် နာမက္ခန္ဓာ ၄-ပါးတို့၏ အနိစ္စအချက်ကို ပြဆိုရာ၌ ၆-ပါးကို ပဓာနပြု၍ ဆိုပေအံ့။

ဝိညာဉ် ၆-ပါးတွင်လည်း တစ်ကိုယ်လုံး အနှံ့အပြားဖြစ်နိုင်သော ကာယဝိညာဉ်ကို, ထိုတွင်လည်း အလွန်ထင်ရှားသော ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကို ရှေးဦးစွာ ပြဆိုရာ၏။ ခြေဖဝါးအပြင်မှ အထက်ငယ်ထိပ် အပြင်တိုင်အောင် အတွင်းအပ တစ်ကိုယ်လုံးသည် ကာယဝိညာဉ်နှင့်တကွသော နာမက္ခန္ဓာ ၄-ပါးတို့

http://www.dhammadownload.com



၏ ဖြစ်ရာဌာနချည်းသာတည်း။ အလွန်ထက်သန်လှစွာသော အပ်သွားဖြင့် ထိုး၍ စမ်းသည်ရှိသော် နာတတ်သော အရပ်ဟူသမျှ, နာမှုပေါ်ရာအရပ်ဟူသမျှသည် ထိုခန္ဓာ ၄-ပါးဖြစ်ရာဌာနချည်းသာတည်း။

## ပေါ်လွင်ထင်ရှားအောင် ဆိုဦးအံ့

ကာယဝိညာဉ်ဟူသော ဝေါဟာရသည် မာဂဓဘာသာသို့လိုက်၍ ခေါ်သော ဝေါဟာရတည်း။ မြန်မာဘာသာနှင့်မှုကား တစ်ကိုယ်လုံး၏ သိမှု ဆိုလိုသည်။ ခြေဖဝါးအရေကို အပ်သွားဖြင့်ထိုးလျှင် ခြေဖဝါးအရေသည် သိ၏။ ဤခြေဖဝါးအရေ၏ သိမှုကို ကာယဝိညာဉ် ခေါ်၏။ ထို့အတူ -

၁။ ခြေချောင်းအရေတို့သည် သိတတ်ကြကုန်၏။

၂။ ခြေဖနောင့်ရေ, ခြေဖမိုးရေတို့သည် သိတတ်ကြကုန်၏။

၃။ ခြေသလုံးရေ, ဒူးပုဆစ်ရေ, ပေါင်ရေ အစရှိကုန်သော အလုံးစုံသော အရေတို့သည် သိတတ်ကြကုန်၏။

၄။ ၉၀၀-သော သားတစ်တို့သည်လည်း သိတတ်ကြကုန်၏။

၅။ ၉၀၀-သော အကြောတို့သည်လည်း သိတတ်ကြကုန်၏။

၆။ ဦးနှောက်ခဲ, အဆုတ်ခဲ, အသည်းခဲ, နှလုံးခဲ, ကျောက်ကပ်ခဲ, အဖျဉ်းခဲ, အမြေးလွှာ, အူကြီး, အူငယ်တို့သည်လည်း သိတတ်ကြကုန်၏။

ဤအလုံးစုံတို့၏ သိမှုကို ကာယဝိညာဉ် ခေါ်၏။

ဤသိမှုတို့၌ ခန္ဓာ ၄-ပါးအစုံပါရှိ၏။ ဤစကား၌ သိမှုဆိုသော်လည်း ပုဂ္ဂိုလ်၏ သိမှုမဟုတ်သေး။ အရေတို့၏ သိမှု၊ အသားတို့၏ သိမှု၊ အကြောတို့၏ သိမှု၊ ဦးနှောက်ခဲ, အဆုတ်ခဲ စသည်တို့၏ သိမှုသာတည်း။ ဝိညာဉ် ၆-ပါးခွဲခန်း၌ ဤသိမှုကို တွေ့ထိမှုဟူ၍သာ ခေါ်ရသည်။ မြင်သိ, ကြားသိ, နံသိ, လျက်သိ, တွေ့သိဟူ၍ အစုံအစုံရှိသည်တွင် တွေ့သိဟူသောအစုံ၌ တွေ့မှုသာ ရှိသေးသည်။ ဤတွေ့မှုကို အရေတို့၏ သိမှု၊ အသားတို့၏ သိမှု၊ အကြောတို့၏ သိမှုစသည်ဖြင့် ဆိုခဲ့သည့်ကောဋ္ဌာသ အပြားသို့လိုက်၍ ခွဲမှုကား အရေ၏

http://www.dhammadownload.com



သိမှု, နှလုံး၏သိမှု ၂-ပါးခွဲရာ၏။ အရေ၏သိမှုကို တွေ့ထိမှု ခေါ်၏။ ကာယ ဝိညာဉ်ပေတည်း။

နှလုံး၏သိမှုကိုသာ သိမှုခေါ်သည်။ မနောဝိညာဉ်ပေတည်း။ ပုဂ္ဂိုလ်၏ သိမှုကား နှလုံး၏ သိမှုသို့ရောက်မှ ပေါ်၏။ ဤနှလုံး၏သိမှု ပေါ်လာမှသာ ပုဂ္ဂိုလ်သိ သိ၏။ ဤသို့လျှင် ကောဋ္ဌာသတို့၏ သိမှု၊ ပုဂ္ဂိုလ်၏ သိမှု ၂-ပါးကို ကိုယ်တွေ့ဒိဋ္ဌအားဖြင့် ခြားနား၍ သိကြကုန်ရာ၏။

**ပရမတ္ထအလိုအားဖြင့်မူကား** – ပုဂ္ဂိုလ်ဟူ၍ မရှိ၊ ခန္ဓာ ၅-ပါးသာ ရှိ၏။ ထို့ကြောင့် ပုဂ္ဂိုလ်၏ သိမှုမည်သည်ကား နှလုံးအိမ်တွင်း၌ မနောဝိညာဉ် ဖြစ်ပေါ်မှုသာတည်း။ ထို့အတူ ပရမတ္ထအားဖြင့် အရေဟူ၍ မရှိ။ အသားဟူ၍ မရှိ။ အကြောဟူ၍ မရှိ။ ဦးနှောက်စသည် ဟူ၍မရှိ။ ခန္ဓာ ၅-ပါးသာ ရှိ၏။ ထို့ကြောင့် အရေစသော ကောဋ္ဌာသတို့၏ သိမှုမည်သည်ကား ထိုထိုခြေဖဝါးရေ, ခြေချောင်းရေ, ခြေဖနောင့်ရေ, ခြေဖမိုးရေ စသည်တို့၌ ကာယဝိညာဏဓာတ်၏ ဖြစ်ပေါ်မှုသာတည်း။ ဤသို့လျှင် လောကအလိုအားဖြင့် ပုဂ္ဂိုလ်စကားပြောခဲ့လျှင် ပုဂ္ဂိုလ်သည် သိတတ်၏။ ပုဂ္ဂိုလ်၏အင်္ဂါ ဖြစ်ကုန်သော ဦးခေါင်း, ခြေလက် စသည်တို့သည်လည်း သိတတ်ကြကုန်၏။

အရေ, အသား, အကြော အစရှိသော ကောဋ္ဌာသတို့သည်လည်း သိတတ်ကြကုန်၏။ ပုဂ္ဂိုလ်၏ သိမှု, ကိုယ်အင်္ဂါတို့၏ သိမှု, ကောဋ္ဌာသတို့၏ သိမှု အသီးသီးရှိကြကုန်၏ဟု ပြောဆိုရာ၏။ ပရမတ္ထအလိုအားဖြင့်မူကား ထိုအလုံးစုံ ကိုပယ်ရှား၍ မြင်မှု-သိမှု, ကြားမှု-သိမှု, နံမှု-သိမှု, လျက်မှု-သိမှု, တွေ့မှု-သိမှု ထွေထွေလာလာ ကြံမှု-သိမှု ဟူသော အလုံးစုံသော သိမှုဟူသမျှသည် ထိုထို အင်္ဂါ၊ ထိုထိုကောဋ္ဌာသ အရပ်တို့၌ အကြောင်းဆိုက်တိုက်လာရာ ဖြစ်ပေါ်ကြသော ဝိညာဉ် ၆-ပါး၏ အမှုသက်သက်တည်းဟု ပြောဆိုရာ၏။

သစ်ပင်, ချုံနွယ်, တုံးတိုင်စသော ဗဟိဒ္ဓသဏ္ဌာန်တို့၌ကား ဤကဲ့သို့သော သိမှုမရှိ။ သိမှုမရှိသောကြောင့်လည်း ခံသာမှု, မခံသာမှု မရှိ။ မှတ်သားမှု မရှိ။ ကာယကံမှု, ဝစီကံမှု, မနောကံမှု မရှိ။ ဗဟိဒ္ဓသဏ္ဌာန်နှင့် ယှဉ်စက်၍ ပြောမှုကား နာမက္ခန္ဓာ ၄-ပါး၏ အမှုအသီးအခြား ထင်ရှားဖြစ်ပေါ်လေတော့သည်။

မိခင်ရောဝတီ

http://www.dhammadownload.com



**ပြောပုံကား** – သစ်ပင်ကို ခုတ်ဖြတ်ခဲ့သော် ဖြတ်မှုသာ ရှိ၏။ သိမှု၊ နာမှု၊ မှတ်မှု၊ စိတ်လှုပ်ရှားမှု မရှိ။ ခြေလက်အင်္ဂါကို ခုတ်ဖြတ်ခဲ့သော် ပြတ်မှု လည်း ရှိ၏။ ထိုခြေလက်အင်္ဂါတို့၏ သိမှု၊ နာမှု၊ မှတ်မှု၊ စိတ်လှုပ်ရှားမှုတို့ လည်း ရှိကုန်၏။ ဤအပိုအမိုမှုတို့ကို နာမက္ခန္ဓာဆိုသည်ဟု ပြောပြလေ။

## တွေ့မှု ၂–မျိုး

မြန်မာတို့အခေါ်၌ ကာယဝိညာဉ် အတွေ့အထိဟူ၍ ခေါ်သည်။ အတွေ့ အထိဟူရာ၌လည်း ရုပ်ခန္ဓာချင်း ခိုက်တွေ့ဆဲ၌ ဖြစ်ပေါ်သော သိမှုကို အတွေ့ဟူ၍ ခေါ်သည်။ ရုပ်ခန္ဓာချင်း ခိုက်ထိဆဲ၌ ဖြစ်ပေါ်သော သိမှုကို အထိဟူ၍ ခေါ်သည်။ ရုပ်ခန္ဓာချင်း တွေ့မှု၊ ထိမှုနှင့် ဤကာယဝိညာဉ်ခေါ်သော တွေ့မှု၊ ထိမှု ထွေးလုံး ၍နေကြ၏။ တွေ့မှု ၂–မျိုးကွဲအောင် ခွဲခြမ်းကြလေ။ တွေ့မှုနှင့် ထိမှုကား အတူတူလိုပင်။

## ဒုက္ခဝေဒနာ

မြန်မာလို အခေါ်၌ ကာယဝိညာဉ်နှင့်အတူ ဖြစ်ပေါ်သော ဒုက္ခဝေဒနာကို

၁။ ညောင်းသည် ညာသည်ဟူ၍ ခေါ်၏။

၂။ နာသည် ကျင်သည်ဟူ၍ ခေါ်၏။

၃။ ယားသည် ယံသည်ဟူ၍ ခေါ်၏။

၄။ ထုံသည် ကျင်သည်ဟူ၍ ခေါ်၏။

၅။ ကိုက်သည် ခဲသည်ဟူ၍ ခေါ်၏။

၆။ အောင့်သည် အင့်သည် နင့်သည် စူးသည်ဟူ၍ ခေါ်၏။

၇။ မောသည် ပန်းသည်ဟူ၍ ခေါ်၏။

၈။ နွမ်းသည် နယ်သည်ဟူ၍ ခေါ်၏။

၉။ ပူသည် အေးသည်ဟူ၍ ခေါ်၏။

ဤအခေါ်သည် ရုပ်ပူ၊ ရုပ်အေးနှင့် ထွေးလျက်ရှိ၏။ ရုပ်ပူ၊ ရုပ်အေး ထိ၍ မခံသာသည်ကို ပူသည် အေးသည်ဟု ခေါ်၏။ ဤသို့ အစရှိသဖြင့်

http://www.dhammadownload.com



မခံသာမှုဟူသော ဒုက္ခဝေဒနာက္ခန္ဓာသည် မြန်မာတို့အခေါ်၌ အလွန်များပြား၏။ ထိုအလုံးစုံသော ညောင်းမှု, ညာမှု, ကျင်မှု အစရှိသည်တို့ကို အဘိဓမ္မာ၌ ဒုက္ခဝေဒနာဟု ဟောတော်မူ၏။ ဝေဒနာက္ခန္ဓာကြီးတွေပေတည်း။ ထိုကာယဝိညာဉ်နှင့်အတူ ဖြစ်ပေါ်လာသော သညာက္ခန္ဓာ, စေတနာ ဟူသော သင်္ခါရက္ခန္ဓာတို့ကိုလည်း ရှေး၌ပြဆိုခဲ့ပြီးသော ခွဲခြမ်းနည်းကို အစဉ်မှီ၍ သိကြလေကုန်၏။

## မိစ္ဆာဒိဋ္ဌိအမြင်နှင့် သမ္မာဒိဋ္ဌိအမြင်

ယခုအခါ မိစ္ဆာဒိဋ္ဌိအမြင်နှင့် သမ္မာဒိဋ္ဌိအမြင် ၂-ပါးကို ခြားနား၍ ပြဆိုပေအံ့။

ခြေဖဝါးအပြင်၌ မြေ, ရေ, အုတ်, ကျောက်, ဆူး, ငြောင့်, ခလုတ် စသည်ထိ၍ သိမှု, နာမှုဖြစ်ပေါ်သောအခါ၌ ခြေဖဝါးအရေပေါ် အရေတွင်းတို့၌ နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်၏။ ခြေဖဝါးအရေကား ရူပက္ခန္ဓာတည်း။ သိမှု, နာမှုတို့ကား နာမက္ခန္ဓာတို့တည်း။ ရူပက္ခန္ဓာနှင့် နာမက္ခန္ဓာတို့သည် ဝိပ္ပယုတ္တပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ကြကုန်၍ ပိန်းကြာဖက်အပြင်၌ ကျရောက်တင်နေသော မိုးရေပေါက်သည် ပိန်းကြာဖက်နှင့် ရောနှောခြင်း မရှိသကဲ့သို့ ရုပ်နာမ် ၂-ပါး ရောနှောခြင်း မရှိကြကုန်။

အရေ၌ ခက်မာမှု, ဖွဲ့စည်းမှု, ပူမှု, အေးမှု, တောင့်တင်းမှု, အဆင်းမှု, အနံ့မှု, အရသာမှုဟု ဆိုအပ်ကုန်သော ရုပ်ခန္ဓာမှုတို့ကား တစ်ခြား၊ ထိုသိမှု, နာမှုစသော နာမက္ခန္ဓာမှုတို့ကား တစ်ခြားတို့သာတည်း။

ထိုသို့ဖြစ်ရာ၌ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ခြားနားခြင်းမရှိမူ၍ ခြေဖဝါးနာသည်ဟု သိသည်ကား ဒိဋ္ဌိသိတည်း။ ခြေဖဝါးဟူ၍ စင်စစ်အားဖြင့် မရှိ။ ရုပ်ခန္ဓာစုလည်း သိတတ်, နာတတ်သည် မဟုတ်။ ထိုသိမှု, နာမှုကား စင်စစ်အားဖြင့် နာမ်ခန္ဓာစုပေတည်းဟု သိသည်ကား ဉာဏ်သိတည်း။ ထိုအသိ ၂-ပါးတို့တွင် ခြေဖဝါးနာသည်ဟု သိခြင်းကား ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို နိစ္စဟူ၍ သိခြင်း, သုခဟူ၍ သိခြင်း, အတ္တဟူ၍ သိခြင်းတည်း။

ခြေဖဝါးဟူ၍ မရှိ။ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သာ ရှိကုန်၏။ ထိုတွင်

http://www.dhammadownload.com



ခက်မာမှု, ဖွဲ့စည်းမှုစသော ရုပ်ခန္ဓာစုသည် သိမှု, နာမှု မဟုတ်။ သိတတ်သည် နာတတ်သည် မဟုတ်။ နာမှုကို သိသည်ကား ဝိညာဏက္ခန္ဓာပေတည်း။ နာမှုကား ဝေဒနာက္ခန္ဓာပေတည်း။ အမှတ်ထားမှုကား သညာက္ခန္ဓာပေတည်း။ မြွေဆိပ်တက်သကဲ့သို့ နာမှု တရှရှ ရှိနေသည်ကား သင်္ခါရက္ခန္ဓာ စေတနာပေတည်းဟု သိသည်ကား အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ ပေတည်း။

## နိစ္စသိ, သုခသိ, အတ္တသိ

ခြေဖဝါးနာသည်ဟု သိမှုသည် အဘယ်သို့လျှင် နိစ္စသိ, သုခသိ, အတ္တသိ ဖြစ်လေသနည်း ဟူမူကား –

ခြေဖဝါးမည်သည် ပရမတ္ထာအားဖြင့် အဟုတ်ရှိ, ကေန်ရှိခြင်း မဟုတ်။ ဝိညာဉ်၏ လှည့်ပတ်မှုနှင့် စိတ်ထဲတွင် ထင်မြင်ရသော နိမိတ္တ ဓမ္မမျိုးဖြစ်၍ အသက်တစ်ရာနေ၍ လူသေသည့်တိုင်အောင် မပျက်သေးမူ၍ သုသာန်၌ မီးရှို့မှု, မြေမြှုပ်မှုတို့ဖြင့် တမင်ဖျောက်ဖျက်၍ ပစ်ရသော နိစ္စမျိုးသာတည်း။ ပုဂ္ဂိုလ် သတ္တဝါမျိုးသာတည်း။ ထို့ကြောင့် ခြေဖဝါး နာသည်ဟု သိခြင်းသည် ခက်မာမှု, နာမှုစသော ထိုရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို နိစ္စဟု သိခြင်း ဖြစ်လေသတည်း။

နာမှုကို နိစ္စဟု မယူသော်လည်း ခြေဖဝါးပြု၍ ယူခြင်းကြောင့် နိစ္စယူ, နိစ္စသိ ဖြစ်လေသည်။ နိစ္စဟူသည် သတ္တဝါတို့ သာယာဖွယ်သော သုခမျိုး ဖြစ်၏။ ထို့ကြောင့် သုခသိ ဖြစ်လေသတည်း။ နိစ္စဟူသည် အတ္တ, သာရမျိုး ဖြစ်၏။ ထို့ကြောင့် အတ္တသိ ဖြစ်လေသတည်း။

## အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ

နောက်ပုစ္ဆာ၌ကား ခက်မာမှုစသော ရုပ်ခန္ဓာ, နာမှုဟူသော နာမ်ခန္ဓာ တို့သည် အနိစ္စမျိုးသာတည်း။

၁။ ခက်မာမှု စသည်တို့သည် အလှုပ်အရှားပင် မခံကုန်။ တစ်နာရီအဖို့ မှာပင် အခါများစွာ ကွယ်ဆုံးပြောင်းလဲ နိုင်ကြကုန်၏။ နာမှုသည် လည်း ခဏချင်းပင် ချုပ်ပျောက်နိုင်၏။ ထို့ကြောင့် ရုပ်, နာမ် ဟူ၍

http://www.dhammadownload.com



သိခြင်းသည် အနိစ္စသိ ဖြစ်၏။

၂။ အနိစ္စဟူသည် မရဏဓမ္မမျိုး ဖြစ်၏။ အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်လန့်ကြရသော သဘောမျိုးစင်စစ် ဖြစ်၏။ ထို့ကြောင့် ဒုက္ခသိ ဖြစ်၏။

၃။ အနိစ္စဟူသည် အနှစ်သာရ၏ ဆန့်ကျင်ဖက် ဖြစ်၏။ ထိုပုဂ္ဂိုလ် တစ်သက် တည်နေနိုင်သော ပုဂ္ဂိုလ်၏ အမာခံ အနှစ်သာရ အတ္တမျိုး မဟုတ်။ ဘေးဘယမျိုး, ဒုက္ခမျိုးဟူသည် သတ္တဝါတို့၏ အလိုနှင့် ဆန့်ကျင်ဖက်မျိုး သာတည်း။ ထို့ကြောင့် ရုပ်, နာမ်ခန္ဓာဟူ၍ သိခြင်းသည် အနတ္တသိ ဖြစ်၏။

## ခဏိကမရဏ, သန္တတိမရဏ

ဤစကား၌ အနိစ္စဟူသည် မရဏဓမ္မမျိုး ဖြစ်၏။ အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်လန့်ကြရသော ဘေးမျိုးစင်စစ် ဖြစ်၏ဟူရာ၌–

၁။ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၏ ခဏမစဲ ချုပ်ပျက်မှုဟူသော ခဏိက မရဏ တစ်ပါး,

၂။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ကို အမြင်ရှုကြရသော သန္တတိ မရဏ တစ်ပါး,

ဤ မရဏ ၂–ပါးတို့သည်လည်း သတ္တဝါတို့ အလွန်ကြောက်လန့်ကြရသော သေဘေးမျိုး အမှန်စင်စစ် ဖြစ်ကုန်၏။ သို့သော်လည်း ဘဝဆုံးမှုကြီး မဟုတ်သေး၍ သေဘေးမျိုးဟူ၍ပင် မထင်နိုင်ကြကုန်။

## ဇာတိဓမ္မ, မရဏဓမ္မ

ထိုမှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါမျိုးတို့တွင် အပါအဝင်ဖြစ်သော ခြေဖဝါး ကို ဖယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာခြား၍ မြင်မှု၌မူကား ဣရိယာပုထ် တစ်ခုတစ်ခု အတွင်းမှာပင် အသစ်အသစ် အမျိုးမျိုး ဖြစ်ပေါ်မှုဟူသော ဇာတိဓမ္မ, ဥဒယဓမ္မ ကိုလည်း သိမြင်နိုင်သည်။ ပုဂ္ဂိုလ်၏ရှင်ခြင်း, ပုဂ္ဂိုလ်၏သေခြင်းဟူ၍ မရှိ။

http://www.dhammadownload.com



ဓာတ်တို့၏ သေခြင်းသည်သာ အမှန်ရှိသည်ဟု မြင်နိုင်လေတော့သည်။

ဤခြေဖဝါး၏ နာကျင်မှု၌လည်း ပကတိ လူတို့အားပင်လျှင် ယခုတွင် ရှေ့ပေါ်လာသည်။ ယခုပင် အနာအကျင် ပျောက်ပေပြီဟု ပြောဆိုသိမြင်ထင်ရှား၏။ ရုပ်ခန္ဓာ, နာမ်ခန္ဓာဟု ခြားနား၍ သိမှု မရှိကြသည့်အတွက်ကြောင့် ဖြစ်ပေါ်မှုကိုလည်း ဓာတိဓမ္မကြီးဟူ၍ မသိကြကုန်။ အနာအကျင် ပျောက်မှုကိုလည်း မရဏဓမ္မကြီးဟူ၍ မသိကြကုန်။

## ဝေဒနာဖွယ်

ဝေဒနာရန်ရှိ၏။ နာမှု, ကျင်မှု မည်သည် ဒုက္ခသာတည်း။ ဒုက္ခ၏ ချုပ်ပျောက်ခြင်းသည်ကား သတ္တဝါတို့ အလွန်အလိုရှိကြ, သာယာတောင့်တကြရသော ဣဋ္ဌမျိုး သုခမျိုး စင်စစ်တည်း။ ထို့ကြောင့် မရဏဓမ္မမျိုးပင် ဖြစ်သော်လည်း ဒုက္ခမျိုးမဟုတ်။ သုခမျိုးသာတည်း။ ကြောက်လန့်ဖွယ်မျိုး မဟုတ်။ ဤမရဏဓမ္မကြီးသည် ဒုက္ခဝေဒနာမျိုးကိုသာ ချုပ်ပျောက်စေတတ်သည်။ သုခဝေဒနာမျိုးကိုကား အန္တရာယ် မပြုတတ်ဟု ခြားနားချက်ရှိခဲ့လျှင် ဆိုသင့်ပေ၏။

ထိုသို့ကားမဟုတ်။ သုခဝေဒနာ ပေါ်လာလျှင်လည်း အတွင်ချုပ်ပျောက်စေ၏။ ဒုက္ခဝေဒနာ ပေါ်လာလျှင်လည်း အတွင်ချုပ်ပျောက်စေ၏။ ဘယ်ရုပ်, ဘယ်နာမ်တစ်ခုကိုမျှ မချန်၊ အတွင် ချုပ်ပျောက်စေ၏။ ထို့ကြောင့် ဒုက္ခဝေဒနာကို ချုပ်ပျောက်စေသော အခါ၌လည်း ထိုမရဏဓမ္မကြီးသည် ကြောက်လန့်ဖွယ်သော ဘေးမျိုးသာ ဖြစ်၏။ အကျွမ်းဝင်ဖွယ်, သာယာဖွယ်သော သုခမျိုးမဟုတ်။

**ဥပမာကား** – မီးသည် မကောင်းသော အမှိုက်ကိုသာ လောင်တတ်သည်။ ကောင်းမွန်သော ဝတ္ထု, ဘဏ္ဍာ, အိမ်ရာ, ဘုံနန်း, ပြာသာဒ်, သတ္တဝါ, ပုဂ္ဂိုလ်တို့ကို မလောင်တတ်ဟု ခြားနားချက် မရှိ။ မိမိနှင့် ထိစပ်သမျှကို အကုန်လောင်တတ်၏။ ထို့ကြောင့် အမှိုက်ကိုလောင်၍ နေသောအခါ၌လည်း ထိုမီးသည် ကြောက်လန့်ဖွယ်သော ဘေးမျိုး, ရန်သူမျိုးသာတည်း။ မိမိကိုယ်၌ အချမ်းကို ပယ်ဖျောက်၍ နေဆဲအခါ ချက်မှု, ပြုတ်မှုတို့ဖြင့် ကျေးဇူးဥပကာရပြု၍ နေဆဲအခါ၌လည်း ကြောက်လန့်ဖွယ်သော ဘေးမျိုး, ရန်သူမျိုးတို့သာတည်း။ ဤဥပမာ

http://www.dhammadownload.com



အတိုင်း မြင်လေ။

အပါယ်ဘုံသားတို့အား သုဂတိဘဝသို့ ပြောင်းလာခွင့်မရအောင် ပြုမှု သည်လည်း သူ့အတတ်ပင်၊ လူ, နတ်, ဗြဟ္မာတို့ကို သုဂတိဘုံမှ အတွင်သတ်၍ ချမှုသည်လည်း သူ့အတတ်ပင်၊ လွန်ခဲ့ပြီးသော သံသရာ၌ ဂင်္ဂါသဲမျှမက ပွင့်တော်မူ ကြကုန်သော လောကသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကြပေကုန်သော မြတ်စွာဘုရားတို့ကို အကုန်ကွယ်ဆုံး၍ ကုန်ရအောင် ပြုမှုသည်လည်း သူ့အတတ် ပင်တည်း။ သမုဒ္ဒရာသဲမျှမက ပွင့်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့ကိုလည်း အကုန်ကွယ်ဆုံး၍ ကုန်အောင်ပြုမှုသည်လည်း သူ့အတတ် ပင်တည်း။ အနန္တစကြဝဠာ လူ, နတ်, ဗြဟ္မာ သက်ရှိသက်မဲ့ ခန္ဓာတို့သည် ကမ္ဘာမြေကြီးနှင့်တကွ အဆက်ဆက် ကွယ်ဆုံး၍ ကုန်ခဲ့မှုသည်လည်း သူ့အတတ် ပင်တည်း။

ယခု တည်ရှိဆဲဖြစ်သော အနန္တစကြဝဠာ သက်ရှိသက်မဲ့ ခန္ဓာတို့သည် လည်း ကမ္ဘာမြေကြီးနှင့်တကွ အကုန်ကွယ်ဆုံး ကြရကုန်လတ္တံ့။ နောက် အနမတဂ္ဂ သံသရာ၌ ပေါ်လာသမျှကုန်သော သက်ရှိသက်မဲ့ ခန္ဓာတို့သည်လည်း ကမ္ဘာမြေ ကြီးနှင့်တကွ အကုန်ကွယ်ဆုံး ကြရကုန်လတ္တံ့။ ဤကား ခြေဖဝါးအပြင်၌ နာကျင်မှုဟု ဆိုအပ်သော နာမ်ခန္ဓာ၏ ချုပ်ပျောက်မှုဟူသော မရဏဓာတ်ကြီး၏ အတတ်ကို နှံ့စပ်စွာ မျှော်မြင်ကြရန် အချက်ကြီးပေတည်း။

## ခြေဖဝါးတစ်ပြင်လုံး၌ နာမက္ခန္ဓာ ၄-ပါးပေါ်ပုံ

ခြေဖဝါးတစ်ပြင်လုံး၌ တစ်ပြိုင်နက် တစ်ချက်တည်း ထိခိုက်မှု ရှိခဲ့လျှင် ဤနာမက္ခန္ဓာ ၄-ပါးတို့သည် ခြေဖဝါးတစ်ပြင်လုံး၌ ဖြစ်ပေါ်ကြကုန်၏။ ထိခိုက်မှု ဒဏ်ချက်သည် အသားတွင်းသို့ တစ်သစ်, နှစ်သစ် စသည်ဖြင့် စူးဝင်ခဲ့သည်ရှိ သော် ခြေဖဝါး အသားတွင်း၌ တစ်သစ်, နှစ်သစ် စသည်ဖြင့် အနံ့အပြား ဖြစ်ပေါ်ကုန်၏။ ထိခိုက်မှု ဒဏ်ချက်သည် ခြေဖဝါးအပြင်မှ အထက် ခြေဖမိုး သို့ ပေါက်ရောက်တတ်သည်ရှိသော် နာမက္ခန္ဓာတို့သည် ခြေဖဝါး, ခြေဖမိုး အတွင်းအပြင် ခြေတစ်ခုလုံး အနံ့အပြား တစ်ပြိုင်နက် အပြည့်ဖြစ်ပေါ်၍ ဒဏ်မကျေသမျှ ကာလပတ်လုံး တစ်နာရီ နှစ်နာရီ စသည်ဖြင့် တစ်ဖွားဖွား

http://www.dhammadownload.com



ဖြစ်ပေါ်၍ နေကုန်၏။ ဒဏ်ပြေပျောက်မှပင် ချုပ်ပျောက်ကြကုန်၏။ ကိုယ်တွေ့ ဒိဋ္ဌတို့ချည်းသာတည်း။

## ဖဿပစ္စယာ ဝေဒနာ

ဖဿပစ္စယာ ဝေဒနာဟူသော ပဋိစ္စသမုပ္ပာဒ် ပါဠိတော်နှင့်အညီ ဒဏ်ချက်၏ ထိခိုက်မှုဟူသော ဖဿသည်သာ ပမာဏပေတည်း။ ဖဿဖြစ်ပေါ်လျှင် ဝေဒနာဖြစ်ပေါ်မြဲ၊ ဖဿနံ့ပြားသမျှ ဝေဒနာ နံ့ပြား၏။ ဖဿချုပ်ပျောက်လျှင် ဝေဒနာချုပ်ပျောက်၏။ အတွင်းအပ တစ်ခုလုံး ဒဏ်ထိသမျှ ဖဿဖြစ်ပေါ်၍ ခြေတစ်ခုလုံး ဝေဒနာတွေ အနံ့အပြား ဖြစ်ပေါ်၍ နေကြကုန်သော်လည်း ရုပ်နှင့်နာမ်သည် ဝိပ္ပယုတ္တဖြစ်ကြသောကြောင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်။

**ဥပမာ** – ညဥ့်အခါ၌ ထွန်းအပ်သော မီးရောင်တို့သည် ရေခွက်အတွင်း၌ရှိသော ကြည်လင်လှစွာသော ရေအတွင်း၌ အကုန်လုံး အနံ့အပြား ဖြစ်ပေါ်ကြကုန်သော်လည်း ရေနှင့်ရောယှက် ငြိတွယ်ခြင်း မရှိကုန်သကဲ့သို့တည်း။ ရောယှက်ငြိတွယ်ခြင်း မရှိကြပုံကား ထွန်းအပ်သော မီးတောက်ဖြစ်ပေါ်လျှင် ရေခွက်၌ မီးအရောင်တို့ ဖြစ်ပေါ်ကုန်၏။ မီးတောက်သေပျောက်ခဲ့လျှင် ရေခွက်တွင်းရှိ မီးရောင်တို့သည် တစ်ပြိုင်နက် ပျောက်ကွယ်ကုန်၏။ လေခတ်၍ မီးတောက်လှုပ်ရှားခဲ့လျှင် ရေ၌မီးရောင်တို့သည် လှုပ်ရှားကုန်၏။ ရေသည်မူကား မီးရောင်တို့၏ ဖြစ်ပေါ်မှုကြောင့်လည်း အနေမပျက်၊ မီးရောင်တို့၏ လှုပ်ရှားမှုကြောင့်လည်း လှုပ်ရှားခြင်း မရှိ။ မီးရောင်တို့၏ ပျောက်ကွယ်မှု, ကုန်ခန်းမှုကြောင့်လည်း အနေမပျက်။

(ဤကား ရေနှင့်မီးရောင် ဝိပ္ပယုတ္တ ဖြစ်ကြပုံတည်း။)

ရေနှင့် ရေ၌ထင်သော လူရိပ်, မှန်နှင့် မှန်၌ထင်သော မျက်နှာရိပ် စသည်တို့လည်း ဝိပ္ပယုတ္တမျိုးတို့ပင်တည်း။ ထို့အတူ နာမ္မဟူသော နာမက္ခန္ဓာ ၄–ပါးတို့သည် ခြေတစ်ခုလုံး အနံ့အပြား အတွင်းအပြင် ဖြစ်ပေါ်၍ ၁–ရက် ၂–ရက် စသည် ဒဏ်ထိမှု ဖဿမပြေမပျောက်သမျှ ကာလပတ်လုံး ဖြစ်ပေါ်၍ နေကြကုန်သော်လည်း ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်ချင်း ဖြစ်ကြကုန်၍ ခြေဟူသော

http://www.dhammadownload.com



ရူပက္ခန္ဓာနှင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်။ ဖဿ ဖြစ်ပေါ်မှု၌လည်း သဠာယတနပစ္စယာ ဖဿော ဟူ၍ ဟောတော်မူ၏။ ဤကာယဝိညာဉ် နာမက္ခန္ဓာအရာ၌ ကာယာယတနနှင့် ဖောဋ္ဌဗ္ဗာယတန ၂-ပါး ထိခိုက်မှု ဒဏ်ချက်ရှိရာ၌ ကာယသမ္ဖဿ ဖြစ်ပေါ်မြဲတည်း။ ကာယသမ္ဖဿ ဖြစ်ပေါ်ရာ၌ ဤနာမှုဟူသော ကာယသမ္ဖဿဇာဝေဒနာ ဖြစ်ပေါ်မြဲတည်း။

ကာယာယတန ဆိုသည်ကား အတွင်းအပဖြစ်သော ခြေတစ်ခုလုံး၌ တည်ရှိသော ကာယပသာဒ ရုပ်ကြည်ပေတည်း။ ဖောဋ္ဌဗ္ဗာယတန ဆိုသည်ကား ခက်မာမှု, နူးညံ့မှုဟူသော ပထဝီ ၁-ပါး၊ ပူမှု, အေးမှုဟူသော တေဇော ၁-ပါး၊ ထကြွလှုပ်ရှားမှုဟူသော ဝါယော ၁-ပါး၊ ဤဓာတ်ကြီး ၃-ပါးကို ဖောဋ္ဌဗ္ဗာယတန ဆိုသတည်း။ ထိုဓာတ်ကြီး ၃-ပါးသည်လည်း ခြေတစ်ခုလုံး၌ ရှိနေသော အတွင်းဖောဋ္ဌဗ္ဗကြီး ၃-ပါး, ကြမ်းအပြင် ခြေနင်းပျဉ်အပြင် စသော အပသန္တာန်၌ရှိနေသော အပဖောဋ္ဌဗ္ဗကြီး ၃-ပါးဟူ၍ ၆-ပါးရှိ၏။ အပဖောဋ္ဌဗ္ဗ ကြီး ၃-ပါးသည် ခြေဖဝါးအရေပေါ်မှာရှိသော ကာယယတန၌သာ ထိခိုက်နိုင်၏။ အရေပေါ်မှာ ထိခိုက်သည်ရှိသော် ထိခိုက်မှု ဒဏ်ဟုန်ကြောင့် အတွင်းဖောဋ္ဌဗ္ဗတို့နှင့် အတွင်း ကာယာယတနတို့သည် အချင်းချင်း သွက်သွက်ခါ ထိခိုက်ကြလေ ကုန်၏။

ခြေဖဝါးရေပေါ်၌ ပေါလောပေါ်ရှိသော ဖဿတရား, ဝေဒနာတရားတို့ သည်ကား အပဖောဋ္ဌဗ္ဗတို့၏ ထိခိုက်မှုဒဏ်ချက်ကြောင့် ဖြစ်ပေါ်ကြကုန်၏။ အရေ၏အတွင်း ခြေတစ်ခုလုံး၌ ပေါ်ရှိသော ဖဿတရား, ဝေဒနာတရား တို့သည် မူကား အတွင်းဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယပသာဒတို့၏ ထိခိုက်မှု ဒဏ်ချက် ကြောင့် ဖြစ်ပေါ်ကြကုန်၏။ ဤအရာမျိုး၌ သဠာယတနပစ္စယာ ဖဿော, ဖဿပစ္စယာ ဝေဒနာဟူသော ပဋိစ္စသမုပ္ပာဒ် အချက်ကြီးကို လည်းကောင်း, ဝိပ္ပယုတ္တပစ္စယာ ဟူသော ပဋ္ဌာန်းအချက်ကြီးကိုလည်းကောင်း ကသိုဏ်းကွက် အသွင် ထင်မြင်ကြကုန်ရာ၏။

http://www.dhammadownload.com



## သတိပေးချက်

ရေ၌ မီးရောင်တို့၏ ဖြစ်ပေါ်တည်နေမှု, ချုပ်ကွယ်မှုတို့သည် ရေနှင့် ရောယှက်ခြင်း မရှိကြကုန်သကဲ့သို့ လည်းကောင်း၊ ရေ၌ထင်သော မျက်နှာရိပ်, မှန်တွင်ထင်သော မျက်နှာရိပ်တို့၏ ဖြစ်ပေါ်မှု, တည်နေမှု, ချုပ်ကွယ်မှုတို့သည် ရေ-မှန်တို့နှင့် ရောယှက်ခြင်း မရှိကြကုန်သကဲ့သို့ လည်းကောင်း ခြေ၌ဖြစ်ပေါ်သော နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်ပေါ်တည်နေမှု, သေပျောက်ချုပ်ကွယ်မှုတို့သည်လည်း ရူပက္ခန္ဓာနှင့် ရောယှက်ခြင်း မရှိကြကုန်။

၁။ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာဟူသော ပါဠိတော်တစ်ရပ်။

၂။ ဝိပ္ပယုတ္တပစ္စယော ဟူသော ပါဠိတော်တစ်ရပ်။

ဤပါဠိတော် ၂-ရပ်ကို စိတ်ထဲ၌ အမြဲစွဲထားကြလေကုန်။ နာမ္မ ဟူသော ဝေဒနာ ထင်ရှားရာ၌ သိမှုဟူသော ဝိညာဉ်သည် မထင်ရှားလုပြီ။

## ဖဿဖြစ်ပေါ်မှု

ဖဿဖြစ်ပေါ်မှု၌ကား ကာယာယတန ၁-ပါး, ဖောဋ္ဌဗ္ဗာယတန ၁-ပါး, ကာယဝိညာဉ်ဟူသော မနောယတန ၁-ပါး ဤအာယတန ၃-ပါး ပေါင်းဆုံလုံးထွေးမှုကြောင့် ကာယသမ္ဖဿ ဖြစ်ပေါ်၏။ ကာယသမ္ဖဿ ဖြစ်ပေါ်မှုကြောင့် ကာယသမ္ဖဿဇာ ဒုက္ခဝေဒနာ ဟူသော နာကျင်မှု ဖြစ်ပေါ်၏။ ကာယဝိညာဉ်ဆိုသည်ကား လူတို့စွဲလမ်းချက် အလိုအားဖြင့် ထိုကိုယ်အင်္ဂါတို့၏ သိမှုတည်း။ အရေတို့၏ သိမှု, အသားတို့၏ သိမှု, အကြောတို့၏ သိမှု, အရိုးတို့၏ သိမှု စသည်တည်း။

ခြေနာသည်၊ ခြေကျင်သည်၊ ခြေညောင်းသည်၊ လက်နာသည်၊ လက်ကျဉ်သည်၊ လက်ညောင်းသည်၊ ခေါင်းကိုက်သည်၊ ခေါင်းခဲသည်၊ မျက်စိနာသည်၊ နားနာသည်၊ သွားနာသည်၊ သွားကိုက်သည်၊ မေးရိုးကိုက်သည်၊ လက်ချောင်းနာသည်၊ ပခုံးနာသည်၊ ရင်ဘတ်နာသည် အစရှိသည်တို့ကို ဆိုသတည်း။

အပြင်းအထန်ပူ၍ ဖျာနားရာ၌ အတွင်းအပ တစ်ကိုယ်လုံးပင် ဒုက္ခ

http://www.dhammadownload.com



သဟာဂုတ် နာမက္ခန္ဓာ ၄-ပါးတို့နှင့် ပြည့်သကဲ့သို့ ရှိ၏။ အဖျားကျငြိမ်း၍ သွားပြန်လျှင် အကုန်လုံး ချုပ်ကွယ်ကြလေကုန်၏။ ဤကာယဝိညာဉ် သိမှုသည်ကား လောက၌ သိမှုဟူ၍ မထင်ရှား။ ခြေနာသည်၊ ခြေကျဉ်သည်၊ ခြေညောင်းသည်၊ လက်နာသည်၊ လက်ကျဉ်သည်၊ လက်ညောင်းသည် အစရှိသည်တို့၌ ပါဝင်နေကြ၏။

ခြေသည် တစ်စုံတစ်ခု ထိခိုက်လာလျှင် နာတတ်၏။ ကျဉ်တတ်၏ ဟူ၍ကား သိကြကုန်၏။ ထိခိုက်သည်ကို ခြေကသိတတ်၏ဟု မထင်ကြကုန်။ မနောနှလုံးကသာ သိတတ်သည်ဟု ထင်၍နေကြကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော် မနောနှလုံးသိ ဖြစ်ပေါ်မှသာ ပုဂ္ဂိုလ်သိ ပေါ်လေသောကြောင့်တည်း။ ခြေဖဝါး၌ ထိခိုက်မှုသည် မနောနှလုံးတိုင်အောင် ထိခိုက်လာမြဲတည်း။ ခြေသိ, မနောနှလုံးသိ ဟူ၍ အခိုက် ၂-ချက် ဖြစ်၏။ ခြေသိကို ကာယဝိညာဉ် ခေါ်သည်။ မနောနှလုံးသိကို မနောဝိညာဉ် ခေါ်သည်။ ရှေ့သွားနောက်လိုက် ၂-ပါးအစုံတည်း။ ထိုတွင် နောက်လိုက်ဖြစ်သော မနောနှလုံးသိ ပေါ်လာမှ ငါ၏ခြေ၌ ထိသည်ဟု ပုဂ္ဂိုလ်သိ ပေါ်လာသည်။ ပုဂ္ဂိုလ်ကိုသာ လောက၌ အသိဟု ထင်မှတ်ကြသည် ဟူလို။

(ဤကား ကိုယ်၏ သိမှု, ခြေလက်စသော ကိုယ်အင်္ဂါတို့၏ သိမှု, ကောဋ္ဌာသတို့၏ သိမှုဟု ဆိုအပ်သော ကာယဝိညာဉ်သည် ပရမတ္ထဓမ္မတို့တွင် အလွန်ထင်ရှားသော ဝိညာဉ်တစ်ပါး ဖြစ်ပါလျက် လောက၌ လူတို့အသိဉာဏ်တွင် မထင်မရှား ရှိနေကြသည်ဖြစ်၍ ထင်ရှားစေခြင်းငှါ အဖန်တလဲလဲ ပြဆိုလိုက်သည်။)

## နာမက္ခန္ဓာ ၄-ပါး ပြဆိုချက်

ကေန်ဟုတ်မှန်သော ပရမတ္ထ အလိုအားဖြင့်မူကား ပုဂ္ဂိုလ်ဟူ၍လည်း မရှိ။ ပုဂ္ဂိုလ်၏အင်္ဂါဖြစ်သော ခြေဟူ၍လည်း မရှိ။ အရေစသော ကောဋ္ဌာသဟူ၍လည်း မရှိ။ ခန္ဓာ ၅-ပါးသာ အမှန်ရှိ၏။ သိမှုဟူသမျှသည် ရူပက္ခန္ဓာမျိုး မဟုတ်။ ဝိညာဏက္ခန္ဓာမျိုးသာ ဖြစ်၏။ ခြေစသည်တို့၌ အခိုက်အတိုက်ရှိရာမှာ

http://www.dhammadownload.com



ဖြစ်ပေါ်၏။ ထိုသိမှု ဖြစ်ပေါ်ရာတိုင်းမှာ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တို့သည်လည်း လက္ခဏာမကွဲ အမြဲဖြစ်ပေါ်ကြကုန်၏။ ဤကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါးတို့သည် တစ်ကိုယ်လုံးမှာ ဘယ်နေရာ၌ အမြဲရှိနေကြသည်ဟူ၍ မရှိကြကုန်။

အတွင်းဖောဋ္ဌဗ္ဗ, အပဖောဋ္ဌဗ္ဗတို့ ထိခိုက်ရာ ထိခိုက်ရာတိုင်း အတွင်းအပ ကိုယ်အင်္ဂါတို့၌ ခဏခဏ ဖြစ်ပေါ်ကြကုန်၏။ ထိခိုက်မှုဒဏ် ပျောက်တိုင်း ခဏခဏ ချုပ်ပျောက်ကြကုန်၏။ လောက၌လည်း ဘယ်နေရာက ယခုညောင်း၍ လာသည်။ အညောင်းပျောက်ပြီ။ နာ၍လာသည်။ အနာပျောက်ပြီ။ ကိုက်ခဲ၍ ထုံ၍ ကျဉ်၍လာသည်။ အကိုက်ပျောက်ပြီ။ အထုံပျောက်ပြီ။ အကျဉ်ပျောက်ပြီ။ ဘယ်နေရာက ပူ၍လာသည်။ နွေး၍လာသည်။ အေး၍လာသည်။ ချမ်း၍ လာသည်။ အပူပျောက်ပြီ။ အနွေးပျောက်ပြီ။ အအေးပျောက်ပြီ။ အချမ်းပျောက် ပြီ စသည်ဖြင့် ဖြစ်ပေါ်မှု, ချုပ်ပျောက်မှု အာဂန္တုအခြင်းအရာသည် သိမြင်ထင် ရှားကြလျက် ဖြစ်၏။

နာမက္ခန္ဓာကြီး ၄-ပါးတို့၏ အမှုဟူ၍သာ မသိကြကုန်သည်။ ထိုသို့ မသိကြကုန်သည့် အတွက်ကြောင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာ မတူကြကုန်သည် ဖြစ်၍ မျက်လှည့်သည် ဝိညာဉ် လှည့်စားမှု လှလှရသဖြင့် ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍, ပုဂ္ဂိုလ်၏ အင်္ဂါဟူ၍, နာတတ်သည်။ ကျဉ်တတ်သည်။ နာမှန် သိတတ်သည်။ ကျဉ်မှန်း သိတတ်သည်ဟူ၍ ခြေကိုပင် အသက်ရှိသည်ဟူ၍, အရှင်ဟူ၍, လက်ကိုပင် အသက်ရှိသည်ဟူ၍, အရှင်ဟူ၍ ထိုထိုအင်္ဂါကိုပင် အသက်ရှိသည် ဟူ၍, အရှင်ဟူ၍ မဟုတ်မမှန် ဖောက်ပြန်စွဲလမ်း၍ နေကြကုန်သည်။ အလွန် ခက်ခဲ နက်နဲလှသော အရာဖြစ်၍ ကောင်းစွာထင်ရှားအောင် အနည်းနည်း အဖုံဖုံ ဖော်ပြလိုက်သည်။ အဖန်တလဲလဲဟု အပြစ်မတင်ကြကုန်လင့်။

(ဤကား ခြေအင်္ဂါ၌ နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက်တည်း။)

ဤသို့လျှင် ခြေအင်္ဂါ၌ ဖော်ပြသည့်အတိုင်း -

၁။ ခြေချင်းဝတ်အင်္ဂါ - အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း,

http://www.dhammadownload.com



အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်းတို့၌လည်းကောင်း၊

၂။ ခြေသလုံးအင်္ဂါ, ဒူးပုဆစ်အင်္ဂါ, ပေါင်အင်္ဂါ, ခါးအင်္ဂါ, ဝမ်းအင်္ဂါ– အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်း, အအူပေါ် အအူတွင်းတို့၌ လည်းကောင်း၊

၃။ ရင်အင်္ဂါ, ကျောက်ကုန်းအင်္ဂါ – အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်း, အသည်းပေါ် အသည်းတွင်း, အဆုတ်ပေါ် အဆုတ်တွင်း, နှလုံးပေါ် နှလုံးတွင်းတို့၌ လည်းကောင်း၊

၄။ လည်ပင်းအင်္ဂါ, ဦးခေါင်းအင်္ဂါ, ဦးနှောက်အင်္ဂါ, မျက်လုံးအင်္ဂါ, နားအင်္ဂါ, နှာခေါင်းအင်္ဂါ, ခံတွင်းအင်္ဂါ, လျှာအင်္ဂါ – အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်းတို့၌ လည်းကောင်း၊

၅။ လက်ရုံးအင်္ဂါ, လက်မောင်းအင်္ဂါ – အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်းတို့၌ လည်းကောင်း၊ ညောင်းမှု, ညာမှု, နာမှု, နင့်မှု, ထုံမှု, ကျဉ်မှု, ကိုက်မှု, ခဲမှု, ပင်မှု, ပန်းမှု, နွမ်းမှု, နယ်မှု, ပူမှု, အေးမှု အစရှိသော အလုံးစုံသော ဒုက္ခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတို့၏ ဖြစ်ပေါ်မှု ချုပ်ပျောက်သေဆုံးမှုတို့ကို သိကြလေကုန်။

ဒုက္ခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတို့ကို ပြဆိုချက် ပြီး၏။

## သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါး

ယခုအခါ သုခသဟဂုတ်သည် ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတို့ကို ပြဆိုပေအံ့။ ပူလှတုန်းအခါ၌ အေးမြလှစွာသော ရေ၏ထိခြင်း, ချမ်းလှတုန်း အခါ၌ ပူနွေးသော မီးရှိန်၏ထိခြင်းတို့ဖြင့် ခြေဖဝါးအပြင်၌ ခံ၍ကောင်းသော သုခဝေဒနာနှင့်တကွ နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်၏။ ခြေဖဝါးအရေ၌ ရှိသော

http://www.dhammadownload.com



ခက်မာမှု စသည်တို့ကား ရူပက္ခန္ဓာတည်း။ သိမှု, ခံ၍ကောင်းမှုတို့ကား နာမက္ခန္ဓာတို့တည်း။ ရူပက္ခန္ဓာနှင့် နာမက္ခန္ဓာတို့သည် ဝိပ္ပယုတ္တပစ္စည်း၊ ပစ္စယုပ္ပန် ဖြစ်ကြကုန်၏။ ပိန်းကြာဖက်အပြင်၌ ကျရောက်တင်နေကုန်သော မိုးရေမိုးပေါက်တို့သည် ပိန်းကြာဖက်နှင့် ရောနှောခြင်း မရှိကုန်သကဲ့သို့ ရုပ်နာမ် ၂-ပါး ရောနှောခြင်း မရှိကြကုန်။ အရေ၌ ခက်မာမှု, ဖွဲ့စည်းမှု, အေးမှု, နွေးမှု, တောင့်တင်းမှု, အဆင်းအမှု, အရသာတို့ကား တစ်ခြား, သိမှု၊ ခံ၍ကောင်းမှုတို့ကား တစ်ခြားတို့သာတည်း။

ထိုသို့ဖြစ်ရာ၌ –

၁။ ရုပ်ဓမ္မကို မသိကုန်သော ဗာလပုထုဇဉ်တို့သည်ကား ခြေဖဝါးနွေးသည်၊ ခြေဖဝါးအေးသည်ဟု သိကြကုန်၏။ ဤသို့ သိခြင်းကား ဒိဋ္ဌိသိပေတည်း။

၂။ ပညာရှိသိတို့သည်ကား စင်စစ်အားဖြင့် ခြေဖဝါးဟူ၍ မရှိ။ ရုပ်ခန္ဓာ, နာမ်ခန္ဓာ, တို့သည်သာ ရှိကုန်၏။ ထိုတွင် ရုပ်ခန္ဓာတို့သိခြင်း ကိစ္စမရှိကြကုန်။ ထိုသိခြင်း, ခံ၍ကောင်းခြင်းကိုကား နာမ်ခန္ဓာတို့သာတည်းဟု သိကြကုန်၏။ ဤသို့ သိခြင်းကား ဉာဏ်သိပေတည်း။

## သုတမယဉာဏ်, စိန္တာမယဉာဏ်

ပညာရှိတို့၏ သိမှု၌လည်း သုတမယဉာဏ်သိ, စိန္တာမယဉာဏ်သိ ဟူ၍ ၂-ပါးရှိ၏။

၁။ အဘိဓမ္မာ ကျမ်းဂန်တို့ကို ကောင်းစွာတတ်လှ၍ သဘောသကန် ကျေလည်ချောမောအောင် ပြောတတ်, ဟောတတ်, ချတတ်, ပို့တတ်, ဆုံးဖြတ်တတ်မှု, သိမှုကား သုတမယဉာဏ်သာတည်း။ ဤသိမှုကား ဝိပဿနာဉာဏ်မျိုး မဟုတ်။ ပရိယတ္တိဉာဏ်မျှသာတည်း။

၂။ ထိုပရိယတ္တဉာဏ်၌ တည်၍ ထိုဉာဏ်ဖြင့် သိသည့်အတိုင်း ကြည့်ရှုဖန်များလတ်သော် ထိုခြေဖဝါးပူနွေးမှု, အေးချမ်းမှုတို့၌ မျက်စိဖြင့်မြင်ဘိသကဲ့သို့ ရုပ်ခန္ဓာတစ်ခြား၊ နာမ်ခန္ဓာတစ်ခြား ကွဲကွဲပြားပြား ထင်မြင်မှုသည်ကား စိန္တာမယ

http://www.dhammadownload.com



ဉာဏ်သိ ဉာဏ်မြင်မည်၏။ ဘာဝနာမယဉာဏ်လည်း ဆိုရ၏။ ဤသိမှု, မြင်မှုသည်သာလျှင် ဝိပဿနာဉာဏ် မည်၏။

ဤဘာဝနာအရာ၌ ဤသို့သော စိန္တာမယဉာဏ် အသိအမြင်ကိုသာ လိုအပ်၏။ ဤစိန္တာမယဉာဏ် အသိအမြင်သည်သာလျှင် ဒိဋ္ဌိကို ပယ်သတ်နိုင်၏။

(ဤကား သုတမယဉာဏ်, စိန္တာမယဉာဏ် ၂-ပါး ခြားနားချက်တည်း။)

## မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ အမြင်

ထိုဗာလပုထုဇဉ်တို့သိမှု, ပညာရှိတို့သိမှု ၂-ပါးတို့တွင် ရုပ်ခန္ဓာ, နာမ်ခန္ဓာဟု မသိမှု၍ ခြေဖဝါးအပြင် ပူသည်၊ နွေးသည်၊ အေးသည်၊ ချမ်းသာသည်ဟု သိမြင်မှုကား မိစ္ဆာဒိဋ္ဌိ သိမျိုး, မိစ္ဆာဒိဋ္ဌိ မြင်မျိုးသာ ဖြစ်၏။ နိစ္စသိမျိုး, နိစ္စမြင်မျိုးမည်၏။ သုခသိမျိုး, သုခမြင်မျိုး မည်၏။ အတ္တသိမျိုး, အတ္တမြင်မျိုး မည်၏။ ပရမတ္ထအလိုအားဖြင့် ဖောက်ပြန်မှောက်မှားသော အသိမျိုး, အမြင်မျိုး မည်၏။

ခြေဖဝါးအပြင်ဟူသော နိမိတ္တဓမ္မကြီးကို ပယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာကိုခြားနား၍ သိမှု, မြင်မှုသည်ကား သမ္မာဒိဋ္ဌိဉာဏ်သိမျိုး, ဉာဏ်မြင်မျိုး မည်၏။ အနိစ္စသိမျိုး, အနိစ္စမြင်မျိုး မည်၏။ ဒုက္ခသိမျိုး, ဒုက္ခမြင်မျိုးမည်၏။ အနတ္တသိမျိုး, အနတ္တမြင်မျိုး မည်၏။ လောကအလို, ပရမတ္ထအလို ၂-ပါးအားဖြင့် ဖြောင့်မတ်ဟုတ်မှတ်သော အသိမျိုး၊ အမြင်မျိုး ၂-ပါး ရှိ၏။

လောကအလိုအားဖြင့် ဖြောင့်မတ်ဟုတ်မှန်ပုံကား ခက်မာမှုသည် သိမှုမဟုတ်။ သိမှုသည် ခက်မာမှုမဟုတ်။ ခက်မာမှုကား အမှုတစ်ခြား၊ သိမှုကား အမှုတစ်ခြား၊ ခက်မာမှုကား ရုပ်မှုတည်း။ စိတ်ဝိညာဉ် မဟုတ်။ သိမှုကား စိတ်ဝိညာဉ်မှုတည်း။ ရုပ်မှုမဟုတ်ဟု ပြောဆိုခဲ့လျှင် လောက၌ အမှုတစ်မျိုးစီ မဟုတ်ဟု မငြင်းနိုင်ကြကုန်လတ္တံ့။

http://www.dhammadownload.com



## နိစ္စသိ, သုခသိ, အတ္တသိ

ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို ဤကား ရုပ်ခန္ဓာ, ဤကားနာမ်ခန္ဓာဟု မသိမူ၍ ၂-ပါးစုံကို ခြေဖဝါးပြုလုပ်၍ သိခြင်းသည် အဘယ်သို့လျှင် နိစ္စသိ, သုခသိ, အတ္တသိ ဖြစ်လေသနည်း ဟူမူကား ခြေဖဝါးမည်သည် နိမိတ္တဓမ္မမျိုး ဖြစ်၍ တစ်သက်လုံး ခိုင်မြဲသော နိစ္စဓမ္မမျိုးတည်း။ သုသာန်သို့ရောက်မှ ဆုံး၏။ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ၂-ပါးကို တစ်သက်လုံး ခိုင်မြဲသော နိစ္စမျိုးဟု သိလျက်ရှိ၏။ နိစ္စဟူသည် သတ္တဝါတို့၏ အလိုရှိအပ်သော သုခမျိုးဖြစ်၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို သုခဟု သိလျက်ရှိ၏။ အတ္တဟူသည် တစ်သက်လုံး ခိုင်မြဲသော အနှစ်သာရမျိုးဖြစ်၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို ခြေဖဝါး၏ အသားအနှစ် အတ္တ, သာရကို သိလျက်ရှိ၏။

## အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ

ခြေဖဝါးကို ပယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို ခွဲခြမ်း၍ သိမှုသည် အဘယ်သို့လျှင် အနိစ္စသိ, ဒုက္ခသိ, အနတ္တသိမှု ဖြစ်လေသနည်းဟူမူကား ခက်မာမှုကို ရုပ်ခန္ဓာဟု သိခဲ့လျှင် အလျက်အယုက်မခံ ပျက်တတ် ပြောင်းလဲတတ်သော အနိစ္စမျိုးဟု သိတော့သည်။ ပူမှန်းသိခြင်း, နွေးမှန်းသိခြင်း, အေးမှန်းသိခြင်းကို နာမ်ခန္ဓာဟု သိခဲ့လျှင် သူ့အကြောင်း ဆိုက်တိုက်ရာ ဖြစ်ချည်ပျက်ချည် အတည်မရ အနိစ္စမျိုးကို ထင်ရှားတော့သည်။

အနိစ္စဟူသည် မရဏမျိုးစင်စစ် ဖြစ်၍ ကြောက်လန့်ရသော ဒုက္ခမျိုးဟု သိခြင်း ဖြစ်တော့သည်။ အနိစ္စမျိုးဟူသည် အခိုင်အမာ အနှစ်သာရမျိုး မဟုတ်သည်ဖြစ်၍ ခြေဖဝါးကဲ့သို့ တစ်သက်လုံး ပျက်ခြင်း, ပြောင်းလဲခြင်း မရှိပဲ ပကတိအနေနှင့် တည်နေနိုင်သော အနှစ်သာရ အတ္တ, ဇီဝမျိုး မဟုတ်ဟု သိမြင်နိုင်တော့သည်။

(ဤမှနောက်၌ ဒုက္ခသဟဂုဟ်၌ ပြဆိုခဲ့သမျှသော အလုံးစုံတို့ကို အကုန်ဆက်၍ သိကြလေ။)

ခြေကို သာယာစွာ ပွတ်မှု, နှိပ်မှု, သပ်မှု. နယ်မှု, ကိုင်မှု, ထိမှု,

http://www.dhammadownload.com



ချောမွေ့ညံ့သက်သော အဝတ်အရုံထိမှု, ဖျာရိုင် သင်ဖြူး အခင်းအနှီးထိမှု, ချောမွေ့ညံ့သက် အေးချမ်းသော လမ်းမြေ, သဲမြေ, ရွံ့မြေထိမှု စသည်တို့၌လည်း ခံသာမှု, ခံ၍ကောင်းမှုဟု ဆိုအပ်သော ခြေအရသာတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုခြေအရသာတို့သည် သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါးတို့ပေတည်း။ ခြေအင်္ဂါ အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်း အလုံးစုံတို့၌ ထင်ရှားဖြစ်ကုန်သော အပဖောဋ္ဌဗ္ဗ, အတွင်းဖောဋ္ဌဗ္ဗတို့၏ ထိတွေ့မှုကြောင့် ထင်ရှား, မထင်ရှားသော ခြေအရသာ ဖြစ်ပေါ်မှု, ချုပ်ပျက်မှုတို့ကို အကုန်အစင် သိမြင်ကြလေကုန်။

ထိုနည်းအတူ ခြေချင်းဝတ်အင်္ဂါ အရေ, အသား, အကြော, အရိုး အလုံးစုံတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ဟူသော အရသာပေါ်မှု, ခြေသလုံးအင်္ဂါ၊ ဒူး-ပုဆစ်အင်္ဂါ၊ ပေါင်အင်္ဂါ၊ ခါးအင်္ဂါ၊ အရေ, အသား, အကြော, အရိုး အလုံးစုံတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာဟူသော အရသာ ပေါ်မှု, ဝမ်းအင်္ဂါ၊ ရင်အင်္ဂါ၊ ကျောက်ကုန်းအင်္ဂါ၊ အအူတွင်း၊ အသည်းတွင်း၊ အဆုတ်တွင်း၊ နှလုံးတွင်းတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ဟူသော အရသာပေါ်မှု, ဦးခေါင်းအင်္ဂါ၊ မျက်နှာ၊ ခံတွင်း၊ အရေ, အသား, အကြော, အရိုး အလုံးစုံတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ဟူသော အရသာ ပေါ်မှု, ပျက်မှုတို့ကိုလည်း အကုန်မြင်ကြလေ။

## ခွေး၊ ကျီး၊ လင်းတ ဥပမာ

လောက၌ ခွေး, ကျီး, လင်းတတို့သည် မိမိတို့ကိုယ်တွင်း၌ မကောင်းသော ဝဋ္ဋ ဝိပါက် အမြဲတိုက်တွန်းမှုကြောင့် အလွန်စက်ဆုပ်ဖွယ်ရှိသော လူသေပုပ်, နွားသေပုပ်, ခွေးသေပုပ်တို့ကိုပင် အလွန်ခံ့မင် စုံမက်မြိန်ရှက် မြတ်နိုးကြ ကုန်၏။ ထို့အတူ ဤသတ္တဝါ အပေါင်းတို့သည် ထိုကိုယ်အင်္ဂါအရသာကြီးကို အလွန်ခင်မင် စုံမက် မြိန်ယှက်လှသော ကာမတဏှာဟူသော အကုသိုလ်ဝဋ္ဋဆိုးကြီး အမြဲတိုက်တွန်းမှုကြောင့် အပုပ်ကောင်, အညှီကောင်, အနံ့အစော်ကောင်ကြီးမှန်း ကြောင်ကြောင် သိမြင်ကြပါကုန်လျက် အချင်းချင်း အလွန်ခင်မင် မြိန်ရှက်ကြလေကုန်၏။

http://www.dhammadownload.com



## နူနာရောဂါသည်ကြီး ဥပမာ

တစ်ကိုယ်လုံး ရွဲရွဲစို ကျိုက်ကျိုက်ဆူ နူနာကြီး ရှိသောသူတို့အား တစ်ကိုယ်လုံး ပိုးတွေကိုက်၍ အမြဲယားယံမှု ဒုက္ခကြီး ၁-ပါး၊ ပိုးစာ, ပိုးချေး, သွေးပုပ်, ပြည်ပုပ်တို့အတွက် အမြဲချမ်းမှု ဒုက္ခကြီး ၁-ပါး၊ ဤဒုက္ခကြီး ၂-ပါး အမြဲရှိနေ၏။ အလွန်ပူအိုက်လှသော ကဆုန်, နယုန်, ဝါဆို, ဝါခေါင် အခါတို့၌ပင် ရဲရဲငြိသော ရှားမီးကျီး မီးအိုးကင်းကြီးကို မလွှတ်နိုင်။ ကိုယ်တွင်း အသည်းနှလုံးတွင်းတို့မှ ပိုးတွေလှုပ်ကြွသဖြင့် အလွန်ယားယံမှု, ခိုက်ခိုက်တုန် ချမ်းအေးမှု ဖြစ်လာတိုင်း ဖြစ်လာတိုင်း ရှားမီးကျီး မီးအိုးကင်းကြီးသို့ ချဉ်းကပ်၍ မီးအိုးကင်းကြီးနှင့် လုံးထွေးမိမှ အယားအယံ အတုန်အချမ်းပြေ၍ နေသာထိုင်သာ ချမ်းသာသုခကို ရလေ၏။

ထို့အတူ သတ္တဝါအပေါင်းတို့မှာလည်း ထိုကိုယ်အင်္ဂါ အရသာကြီး အနမတဂ္ဂ သံသရာ၌ ဘဝအဆက်ဆက် ရွဲရွဲစို ကျိုက်ကျိုက်ဆူ ပွားစီး၍ လာခဲ့သော ကာမတဏှာ နူနာစိုကြီးသည် ရှိနေကြ၏။ ပြဆိုခဲ့ပြီးသော ကိုယ်အင်္ဂါ အရသာကြီး သည်မူကား ထိုတဏှာ နူနာကို လွန်စွာပွားစီးစေနိုင်သော အစာအာဟာရကြီးပေတည်း။ ထိုနူနာရောဂါကြီးသည် ရှားမီးကျီး မီးအိုးကင်းကြီးကို အမြဲကိုးကွယ်ရာပြု၍ နေဘိသကဲ့သို့ ကာမတဏှာ နူနာရောဂါသည်ကြီးတွေ ဖြစ်၍ နေကြကုန်သော သတ္တဝါတို့သည်လည်း ကာမဝတ္ထု ကာမအထည်ကြီးတွေကို အမြဲကိုးကွယ်ရာပြု၍ ထားကြရကုန်၏။

နွေလအခါ၌ ရှားမီးကျီးမည်သည် မြင်ရုံမျှနှင့်ပင် အလွန်ပူအိုက်ခြင်း ဒုက္ခကိုသာ ဖြစ်ပွားစေတတ်၏။ အေးချမ်းခြင်း သုခကို မဖြစ်စေတတ်။ ထို့အတူ ထိုကိုယ်အင်္ဂါ အရသာကို ခံစားဖက်ဖြစ်သော ကာမဝတ္ထု ကာမအထည်တို့မည်သည် မြင်ရုံမျှနှင့်ပင် ကာမတဏှာ ကိလေသာအပူ အအိုက်ကို ဖြစ်ပွားစေနိုင်ကုန်၏။ ကာမတဏှာ ကိလေသာအပူ၏ အေးငြိမ်းခြင်းကို မဖြစ်စေတတ်ကုန်။

ရှားမီးကျီးမည်သည် ပေါင်းဖက် ရောယှက်လာသော ဝတ္ထုမျိုးတို့ကို အကျိုးမဲ့ကြီး အချည်းနှီး ပြာမှုန့်ဖြစ်အောင် အကုန်အပြောင် လောင်ကျွမ်းစေတတ်၏။ ထို့အတူ ထိုအင်္ဂါအရသာကို ခံစံဖက်ဖြစ်ကုန်သော ကာမဝတ္ထု ကာမအယည်

http://www.dhammadownload.com



တို့သည်လည်း ပေါင်းဖက် ရောယှက်မိသော သူတို့ကို ယခုဘဝတွင် အလွန်မြင့်မြတ်လှစွာကုန်သော သီလဂုဏ်, သိက္ခာဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်ကြီးတို့မှ အပဖြစ်၍ သေသည်၏ အခြားမဲ့၌ ခွေး, ဝက်, ကြက်, ငှက်, သန်း, ကြမ်းပိုး, ပိုးလောက်, ပိုးမွှားစသော သေးနုပ်စုတ်ဖွဲ့လှသော ဘဝသို့ရောက်လေအောင် အကုန်အပြောင် လောင်ကျွမ်းစေတတ်ကုန်၏။

(ဤကား ကာမဝတ္ထု, ကာမအထည်တို့နှင့် ရောယှက်မိသောအခါ ကိုယ်အင်္ဂါအတွင်း၌ လျှပ်စစ်ပြက်သကဲ့သို့ ခဏခဏ ဖြစ်ပေါ်ကြကုန်သော သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါးဟု ဆိုအပ်ကုန်သော ကိုယ်အင်္ဂါအရသာကြီးတို့၏ အပြစ်ဒေါသ အမြွက်မျှ ပြဆိုချက်တည်း။)

သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက် ပြီး၏။

## ဇိဝှါဝိညာဉ် နာမက္ခန္ဓာ ၄-ပါး

ယခုအခါ လျှာ၏သိခြင်း, လျှာ၏သိမှု, လျှာ၏အသိဟု ဆိုအပ်သော ဇိဝှါဝိညာဉ်နာမက္ခန္ဓာ ၄-ပါးကို ပြဆိုပေအံ့။ ချဉ်လှစွာသော အရသာတစ်ခုဖြင့် လျှာတစ်ပြင်လုံးကို တို့၍စမ်းသည်ရှိသော် ချဉ်မှန်းသိမှု ဖြစ်ပေါ်လာရာ လျှာအစုသည် ဇိဝှါဝိညာဉ်နှင့်တကွသော နာမက္ခန္ဓာ ၄-ပါးတို့ ဖြစ်ရာဌာနပေတည်း။

ဇိဝှါဝိညာဉ်ဆိုသည်ကား လောကအလိုအားဖြင့် လျှာ၏သိမှု ဆိုလိုသည်။ အဘိဓမ္မာအလိုအားဖြင့် လျှာ၌ဖြစ်ပေါ်သော သိမှုဆိုလိုသည်။ ပုဂ္ဂိုလ်၏ သိမှုကား မဟုတ်သေး။ ထိုလျှာ၏ သိမှုပေါ်သည်မှ နောက်၌ မနောနှလုံး၏ သိမှုကြီးသည် ဆက်လက်၍ ဖြစ်ပေါ်၏။ ဤမနောနှလုံး သိမှုကြီး ဖြစ်ပေါ်သောအခါမှ ပုဂ္ဂိုလ်သိ ဖြစ်ပေါ်လာ၍ ချဉ်သည်။ ချိုသည်ဟု ပုဂ္ဂိုလ်သိ သိ၏။

ယောက်မသည် အသက်ထက်ဆုံး ဟင်းအိုးကို မွှေ၍နေသော်လည်း ဟင်း၏အရသာကို ချိုသည်။ ချဉ်သည်ဟူ၍ မသိတတ်။ လျှာသည် တစ်ကြိမ်တစ်ခါမျှပင် ဟင်းနှင့်ပေါင်းမိသော်လည်း ဟင်းအရသာကို ချိုသည်။ ချဉ်သည်စသော အရသာမျိုးကို သိတတ်၏ဟု ဟောတော်မူ၏။ ဤလျှာ၏ သိမှုသည် လျက်မှု၌ အတွင်းဝင်လျက် ရှိ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ဓိဌါဝိညာဉ် နာမက္ခန္ဓာ ၄–ပါးနှင့် ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါးမှာ ဤလျှာအပြင်၌ ထမင်းပူ, ထမင်းအေး စသည်တို့ကို သိသော ကာယဝိညာဉ် သည်လည်း ဖြစ်ပေါ်၏။ အရသာမျိုးကို သိသည်ကား ဓိဌါဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတည်း။ လျှာပေါ်၌ ရောက်လာသော ဝတ္ထုတို့ကို နူးညံ့သည်။ ကြမ်းတမ်းသည်။ ပူသည်။ အေးသည်။ ရွသည်။ မွသည်။ လှုပ်ရှားသည် အစရှိသော သိမှု, လျှာနာမှု, လျှာယားမှု, လျှာချမ်းသာမှု, လျှာမချမ်းသာမှု စသည်တို့ကား ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတည်း၊ ဤသို့ သိမှုသာ ကွဲသည်။ ဖြစ်ရာဌာန ကား မကွဲကြ။

ဤသို့လျှင် လျှာသည် နာမက္ခန္ဓာ ၄–ပါး ၂–စုံတို့၏ ဖြစ်ပေါ်ရာဌာန ဖြစ်ပေသောကြောင့် လျှာသည် အချို, အချဉ်စသော အရသာမျိုးတို့ကိုလည်း သိတတ်၏။ အနုအကြမ်းစသော ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏ဟု ပြောဆိုရာ၏။ ပရမတ္ထအားဖြင့်မူကား လျှာဟူ၍ပင် မရှိ။ ခန္ဓာ ၅–ပါးသာ ရှိ၏။ ခက်မာမှုသည် ရှိ၏၊ ဖွဲ့စည်းမှုသည် ရှိ၏။ ပူနွေးမှုသည် ရှိ၏။ တောင့်တင်းမှု, လျော့ရဲမှုသည် ရှိ၏။ အဆင်းဓာတ်ရှိ၏။ အနံ့ဓာတ်ရှိ၏။ ရသဓာတ်ရှိ၏။ ဤအမှု ဤဓာတ်စုသည် ရုပက္ခန္ဓာ မည်၏။ ဤရူပက္ခန္ဓာ၏ကိစ္စကား အသီးအခြားတည်း။ ထိုနာမက္ခန္ဓာတို့၏ ကိစ္စတို့ကား အသီးအခြားတို့တည်း။ အရသာမျိုးကို သိမှုသည် ထိုထိုအချိုမျိုး အချဉ်မျိုး စသော အာဟာရဝတ္ထုတို့ကို လျှာပေါ်သို့ တင်သောအခါမှ ဖြစ်ပေါ်လာကြကုန်၏။ လျှာပေါ်၌ ထိုဝတ္ထုမျိုးတို့ မရှိပြန်လျှင် ချုပ်ပျောက်ကြကုန်၏။ ဖောဋ္ဌဗ္ဗသိတို့လည်း ထို့အတူတည်း။

ထိုသို့ဖြစ်ရာ၌ ရုပ်ခန္ဓာမှန်း နာမ်ခန္ဓာမှန်း မသိကြကုန်သော ဗာလ ပုထုဇဉ်တို့သည်ကား ရုပ်ခန္ဓာစုကို လျှာဟု တစ်ခုတည်းပြု၍ ထိုသိမှုတို့ကို နာမ်ခန္ဓာဟု မခြားနားပဲ လျှာ၏ကိစ္စပြု၍ လျှာသိသည်ဟု မြင်ကြကုန်၏။ ဤအမြင်ကား ဒိဋ္ဌိတည်း။ နိစ္စအမြင်, သုခအမြင်, အတ္တအမြင်, ဇီဝအမြင်တည်း။ လျှာဟူသော အသိကိုပယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ခြားနား၍ သိမှုကား ဉာဏ်သိ ဉာဏ်မြင်ပေတည်း။ အနိစ္စအမြင်, ဒုက္ခမြင်, အနတ္တမြင်, နိဇ္ဇီဝ, နိသတ္တ အမြင်ပေတည်း။ အကြောင်းယုတ္တိကိုကား ကာယဝိညာဉ် ၂–ပါး၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com



ဤ၌ လျှာအရသာသည် သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ဟူသော အရသာတစ်မျိုး, ဇိဝှါဝိညာဉ် နာမက္ခန္ဓာဟူသော အရသာတစ်မျိုးဟူ၍ ၂-မျိုးရှိ၏။ ထိုတွင် ကာယဝိညာဉ် နာမက္ခန္ဓာဟူသော လျှာအရသာသည်ကား ကိုယ်အင်္ဂါအရသာကြီး၌ ပါဝင်လေပြီ။ ဇိဝှါဝိညာဉ် နာမက္ခန္ဓာဟူသော အရသာကြီးကား ကျန်ရှိ၏။ ဆေးအပြတ်မခံနိုင်။ ကျမ်းအပြတ်မခံနိုင် ရှိကြကုန်၏။ ရသတဏှာကို ဝင့်ဆိုးကြီး နူနာကြီးပြု၍ ထိုက်သည်အားလျော်စွာ ဥပမာ ဥပမေယျ ၂-ရပ်တို့ကိုလည်း သိကြလေ။

ဇိဝှါဝိညာဉ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုခန်း ပြီး၏။

## ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး

နှာခေါင်း၏ သိခြင်း, နှာခေါင်း၏ သိမှု, နှာခေါင်း၏ အသိဟု ဆိုအပ်သော ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၌ နှာခေါင်း၏ အတွင်းအရပ်သည် ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်ရာဌာနတည်း။ ဤ၌လည်း ကာယ ဝိညာဉ် နာမက္ခန္ဓာ ၄-ပါး, ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ၂-စုံရ၏။ အကြမ်း အနု, အပူအအေး, အလှုပ်အရှားတို့နှင့် နှာခေါင်းလေတို့၏ တွေ့ထိမှုတို့ကြောင့် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်၏။ အတွင်းမှဖြစ်သော အမှု, အပမှာဖြစ်သော အမှုတို့၏ ထိခိုက်မှုကြောင့် ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်၏။ ဃာနဝိညာဉ်၏ သိမှုကိုကား နံသည်, မွှေးသည်ဟု ခေါ်၏။

ဤသို့ နှာခေါင်းသည် နာမက္ခန္ဓာ ၄-ပါး ၂-စုံတို့၏ ဖြစ်ရာဌာန ဖြစ်သောကြောင့် နှာခေါင်းသည် အနံ့အမျိုးမျိုးကိုလည်း နံတတ်၏။ အနုအကြမ်း စသော ဖောဋ္ဌဗ္ဗမျိုးကိုလည်း သိတတ်၏ဟု ပြောဆိုရာ၏။ ပရမတ္ထအားဖြင့်မူကား နှာခေါင်းဟူ၍ပင် မရှိ။ ထိုနေရာ၌ဖြစ်သော ခန္ဓာ ၅-ပါးသာ ရှိ၏။ ဇိဝှါဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၌ကဲ့သို့ ရုပ်ခန္ဓာ, နာမ်ခန္ဓာခွဲနည်း၊ ဒိဋ္ဌိသိခွဲနည်း၊ နိစ္စ, သုခ, အတ္တ၊ အနိစ္စ, ဒုက္ခ, အနတ္တ ခွဲနည်းတို့ကို ခွဲခြမ်း၍ သိကြလေ။ ဇိဝှါဝိညာဉ် နည်းတူ သိကြလေ။

ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုခန်း ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com



## သောတဝိညာဉ် နာမက္ခန္ဓာ ၄–ပါး

နား၏သိခြင်း, နား၏သိမှု, နား၏အသိဟူသော သောတဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတို့၌ နား၏အတွင်းအရပ်သည် ဤနာမက္ခန္ဓာ ၄–ပါး၏ ဖြစ်ရာဋ္ဌာနတည်း။ ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါး၏ ဖြစ်ရာဋ္ဌာနလည်း ဖြစ်၏။ နာမက္ခန္ဓာ ၂–စုရ၏။ နားသည် ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏။ အသံအမျိုးမျိုးတို့ကိုလည်း ကြားတတ်၏ဟု ပြောဆိုရာ၏။ သောတဝိညာဉ်, သိကို ကြားသည်ဟူ၍ ခေါ်၏။ ထိုထိုအသံကိုကြား၍ သိကြရာ၌ နားသိ, မနောနှလုံးသိ, ပုဂ္ဂိုလ်သိ ခွဲမြဲခွဲလေ။ ပရမတ္ထအားဖြင့်မူကား နားဟူ၍ပင် မရှိ။ ထိုနေရာ၌ ဖြစ်သော ခန္ဓာ ၅–ပါးသာ ရှိ၏။ ရုပ်ခန္ဓာ နာမ်ခန္ဓာခွဲလေ။

ရုပ်ခန္ဓာကား ထိုနေရာ၌ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်၍ နေ၏။ နာမ်ခန္ဓာ ၄–ပါးတို့ကား ထိုထိုအသံမျိုး ထိခိုက်ဆဲအခါ၌သာ ဖြစ်ပေါ်ကြကုန်၏။ ထိုထိုအသံ ပြတ်စဲပြန်လျှင် ထိုနေရာ၌ပင်လျှင် နာမ်၏ သေဆုံးခြင်းဖြင့် သေဆုံးချုပ်ပျက်ကြကုန်၏။ ဓာတ်၏သေဆုံးခြင်း, ဓမ္မ၏သေဆုံးခြင်းဖြင့် သေဆုံးချုပ်ပျက်ကြလေကုန်၏။ တစ်နာရီအတွင်းမှာ အသံအမျိုးမျိုးကို အခါခါကြားရာ၌ သူ့အသံနှင့် သူ့နာမက္ခန္ဓာစု အခါခါဖြစ်ပေါ်၍ အခါခါ ပျက်ဆုံးကြကုန်၏။

## နမောတဿ ပြောဆိုသံ

စကားပြောဆိုသံကို ကြားနာရာ၌ စကားမည်သည် အက္ခရာတစ်လုံး တစ်လုံးစီစဉ်၍ ပြောရာ၏။ အက္ခရာတို့သည် အစဉ်အတိုင်း ချုပ်ပျောက်ကုန်၏။ နောက်နောက် အက္ခရာပေါ်လာလျှင် ရှေးရှေး အက္ခရာ မရှိပြီ။ နားထောင်သူတို့၏ နား၌ သောတဝိညာဉ် နာမက္ခန္ဓာ ၄–ပါးတို့သည် သူ့အက္ခရာနှင့်သူ အစဉ်အတိုင်း ဖြစ်ပေါ်၍ အစဉ်အတိုင်း ချုပ်ဆုံးကြကုန်၏။ "**နမော တဿ**"ဟူသော ရွတ်ဆိုသံကို ကြားနာရာ၌ န–ဟူသော အသံအက္ခရာသည် နားတွင်း၌ ထိခိုက်၏။ ထိခိုက်မှုဒဏ်ဟုန်ကြောင့် သောတဝိညာဉ် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်ရ၏။ န–ဟူသော အသံကိုစွဲ၍ ဖြစ်ပေါ်သော နာမက္ခန္ဓာသည် ထိုအသံချုပ်ဆုံးလျှင် ချုပ်ဆုံးမြဲ ဖြစ်၏။ န–အသံ ချုပ်ဆုံးလျှင် န–အသံကို ကြားမှုလည်း ပျောက်ကွယ်

http://www.dhammadownload.com



သည်ဟု လောကဌ်လည်း ထင်ရှားပါ၏။ လောကဌ် နား၏ကိစ္စအခွင့်မည်သည် အလွန်ကြီးကျယ်၏။ နား၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, နိစ္စ, သုခ, အတ္တ စွဲလမ်းချက် အလွန်သန်၏။

## စောဒနာဖွယ်

**စောဒနာရန်ရှိသည်ကား** – နားကို ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍ စွဲလမ်းမှု မရှိပါ။ ပုဂ္ဂိုလ်၏ အင်္ဂါ၊ သတ္တဝါ၏ အင်္ဂါဟူ၍သာ စွဲလမ်းပါသည်ဟု ဆိုရန်ရှိ၏။

**အဖြေကား** – ငါကြားသည်ဟု စွဲလမ်းမှု, နားသည် ကြားတတ်သည်ဟု စွဲလမ်းမှုသည် နားကို ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း။ ထို့အတူ ခြေသန်း, လက်သန်း၌ ထိခိုက်၍ နာသည်ရှိသော် ငါနာသည်ဟု စွဲလမ်းမှုသည် ခြေသန်း, လက်သန်းကို ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း။

ယုတ်စွအဆုံး မုတ်ဆိတ်ကြင်စွယ် ဟူသော မွေးညင်းကို နုတ်ပယ်ရာ၌ မွေးညင်း၏ အရင်းအဖို့သည် ကာယပသာဒရုပ် ရှိ၏။ နာတတ်၏။ ထိုနာမှုကို ငါနာသည်ဟု စွဲလမ်းမှုသည် တစ်ခုတစ်ခုသော မွေးညင်းကို ပုဂ္ဂိုလ်ဟူ၍ သတ္တဝါ ဟူ၍ စွဲလမ်းမှုပင်တည်း။ မွေးညင်းပေါင်း ၉–သောင်း ၉–ထောင်ရှိသည်ဟူရကား မွေးညင်း အရေအတွက် ပုဂ္ဂိုလ်, သတ္တဝါ စွဲလမ်းလျက် ၉–သောင်း ၉–ထောင် ရှိ၏။ မိမိ မိမိ စွဲလမ်း၍ နေမှုကိုပင် မိမိ မရေလည်၍ စောဒနာခြင်းသာ ဖြစ်သည်ဟု ဖြေလေ။

ပုဂ္ဂိုလ်၏ အင်္ဂါဖြစ်၍ ပုဂ္ဂိုလ်မဟုတ်ဟု အစိတ်စိတ်နုတ်၍ ထားခဲ့လျှင် တစ်ကိုယ်လုံး အင်္ဂါချည်းဖြစ်၍ ကုန်ရာ၏။ ပုဂ္ဂိုလ် သတ္တဝါပင်မရှိရာပြီ။ ထို့ကြောင့် ထိုထိုဝိညာဉ်၏ ဖြစ်ရာဌာန, သိတတ်ရာဌာန, အသက်ရှိသည်။ အရှင်ဖြစ်သည်ဟု မှတ်ယူရာဌာန အလုံးစုံသည် ပုဂ္ဂိုလ်လည်း ဟုတ်၏။ ပုဂ္ဂိုလ်၏ အင်္ဂါလည်း ဟုတ်၏။ သတ္တဝါ၏ အင်္ဂါလည်း ဟုတ်၏။ အတ္တလည်း ဟုတ်၏။ ဇီဝလည်း ရှိ၏ဟု လောကအလိုလို သိအပ်၏။ ပုဂ္ဂိုလ်, သတ္တဝါဟု စွဲလမ်းမှုသည် နိစ္စ, သုခ, အတ္တ, ဇီဝဟု စွဲလမ်းမှုပင်တည်း။ တဏှာ မာန, ဒိဋ္ဌိ

http://www.dhammadownload.com



၃-ပါးတို့၏ အမှုချည်းသာတည်း။ ကြားတတ်သော နားဒြပ်, နားသဏ္ဌာန်ဟူ၍ မရှိ။

ထိုနေရာ၌ အစဉ်ဖြစ်ပွား၍ နေသော ခက်မာမှုသည်ကား ရူပက္ခန္ဓာသာတည်း။ ထိုရူပက္ခန္ဓာသည် ကြားတတ် သိတတ်သော တရားမျိုးမဟုတ်။ ကြားမှု, သိမှုသည်မှုကား ထိုနေရာ၌ အသံထိခိုက်ဆဲအခါ ဖြစ်ပေါ်လာသော နာမ်ခန္ဓာ ၄-ပါးသာတည်း။ နား၌ ခန္ဓာ ၅-ပါးသာ ရှိ၏ဟု သိမှု, မြင်မှုသည် ဉာဏ်သိ ဖြစ်၏။ အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ, နိဿတ္တသိ, နိဇ္ဇီဝသိ ဖြစ်၏။ အကြောင်းယုတ္တိကိုမူကား ကာယဝိညာဉ်၌ ပြဆိုခဲ့သည့်အတိုင်းသိလေ။

## နားအရသာ ၂-မျိုး

နားအရသာသည်လည်း ၂-မျိုးရှိ၏။ ထိုတွင် သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါးဟူသော အရသာသည် ကိုယ်အင်္ဂါ အရသာကြီး၌ ပါဝင်လေပြီ။ သာယာသောအသံကိုလည်းကောင်း, မိမိအလိုရှိသော စကားမျိုးကိုလည်းကောင်း ကြားသောအခါ၌ ခံစားရသော နားအရသာသည်ကား သောတာဝိညာဉ် နာမက္ခန္ဓာ ၄-ပါးပေတည်း။ ဤနားအရသာကိုလည်း သတ္တဝါတို့သည် ကုန်စွာလိုက်စားကြကုန်၏။ စကားပြောဖော် စကားပြောဖက်နှင့်ကင်း၍ ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်ရေတစ်ကာယ နေထိုင်ခြင်းငှါပင် မတတ်နိုင်ရှိကြကုန်၏။ အဖော်နှင့်ကင်း၍ နားဆိတ်ဆိတ်နေရလျှင်ပင် ငြီးတောက်ခြင်း, ငြီးငွေ့ခြင်း ဖြစ်ကြကုန်၏။ ရောက်မိရောက်ရာ စပ်မိစပ်ရာ သမ္ဖပ္ပလာပ စကားမျိုးကိုပင် ကြားနား၍နေရမှ အငြီးပြေကြကုန်၏။ ဤသောတအရသာကြီးသည် လောက၌ အငြီးပြေခံစားဖွယ်ကြီး တစ်ပါးပင်တည်း။ ခွေး, ကျီး, လင်းတ ဥပမာ နူနာရောဂါသည်ကြီး ဥပမာတို့ကိုလည်း ဤ၌ ထိုက်သည်အားလျော်စွာ သိကြလေ။

သောတာဝိညာဉ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက်ပြီး၏။

http://www.dhammadownload.com



## စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄–ပါး

စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄–ပါး၌ မျက်လုံးအရပ်သည် စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄–ပါး၏ ဖြစ်ရာဌာနပေတည်း။ ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါး၏ ဖြစ်ရာဌာနလည်း ဟုတ်၏။ ဤမျက်စိ၌လည်း နာမက္ခန္ဓာ ၄–ပါး ၂–စုံရ၏။ မျက်စိသည် အပူအအေးစသော ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏။ နာတတ်၏။ ကျင်တတ်၏။ ကျိန်းတတ်၏။ စပ်တတ်၏။ အဆင်းအမျိုးမျိုးကိုလည်း မြင်တတ်၏။ ပုဂ္ဂိုလ်မျိုး, သတ္တဝါမျိုး အမှန်ဖြစ်၏ဟု ဆိုရာ၏။ စက္ခုဝိညာဉ် သိကို မြင်သည်ဟူ၍ ခေါ်၏။ ထိုထို သက်ရှိသက်မဲ့ ဝတ္ထုတို့ကိုမြင်၍ ဘယ်သင်း ဘယ်ဟာဟု သိကြရာ၌ မျက်စိသိ, မနောနလုံးသိ, ပုဂ္ဂိုလ်သိဟု ခွဲမြဲခွဲလေ။

**ပရမတ္ထအားဖြင့်မူကား** – မျက်စိဒြပ် ဟူ၍ပင်မရှိ။ ထိုနေရာ၌ ဖြစ်သော ခန္ဓာ ၅–ပါးသာရှိ၏။ ထိုတွင် ရူပက္ခန္ဓာ ၁–ပါးသာ ထိုနေရာ၌ အစဉ်မြဲ၏။ နာမက္ခန္ဓာ ၄–ပါးတို့သည်ကား ထိုထိုအဆင်းအာရုံကို ကြည့်ရှု၍နေဆဲအခါ၌သာ ဖြစ်ပေါ်ကုန်၏။ အိပ်ပျော်၍နေဆဲအခါ, မှောင်မိုက်တွင်း၌ နေဆဲအခါ, မျက်စိကို မှိတ်၍ နေဆဲအခါတို့၌ ထိုနေရာမှာ ချုပ်ကွယ်၍ နေကြကုန်၏။ ကြည့်ရှုနေဆဲ အခါမှာလည်း မျက်တောင်ခတ်တိုင်း, ခတ်တိုင်း ခဏခဏ ချုပ်ကွယ်ကြရကုန်၏။ အာရုံပြောင်းတိုင်း, ပြောင်းတိုင်း ချုပ်ကွယ်ကြရလေကုန်၏။

မန်ကျည်းပင် အစရှိသော အရွက်စိပ်သစ်ပင်မျိုးတို့ကို မော်၍ကြည့်ကြရာ၌ အရွက်တစ်ခုတစ်ခုလျှင် နာမက္ခန္ဓာ ၄–ပါး အသီးအသီးဖြစ်၍ အသီးသီး ချုပ်ကွယ်ကြကုန်၏။ အရွက်တစ်ခုကို မြင်မှု သိမှုနှင့် ထို့ပြင် အရွက်တစ်ခုကို မြင်မှု သိမှုတို့သည် အသီးအခြားတို့သာတည်း။ တစ်ခုပြီးမှတစ်ခု ဖြစ်ကြမြဲ ပေတည်း။ ၃–ခုပြိုင်၍ ဖြစ်မြဲမဟုတ်။ စိတ်မည်သည် အလွန်လျင်မြန်လှ၏။ တစ်ပင်လုံးကိုပင် တစ်ပြိုင်နက်မြင်သည်ဟု မှတ်ထင်၍ နေကြရကုန်၏။ အရွက် တစ်ခုတစ်ခု၌ပင် မျက်စိသိ, မနောနလုံးသိ, ပုဂ္ဂိုလ်သိ အသီးသီးစီ ဖြစ်ကြ၏။

http://www.dhammadownload.com



## စက္ခုသိ

**စက္ခုသိ ဆိုသည်ကား** – အဆင်းသက်သက်ကို မြင်မှုသက်သက်သာတည်း။ အကြီး, အငယ်, အဝန်း, အလျား စသော သဏ္ဌာန်ကို သိသည်မဟုတ်။ မနောနှလုံးအသိသို့ရောက်မှ ထိုသဏ္ဌာန်တို့ အသီးအသီးပေါ်၏။ ဤမနောနှလုံးသိကိုပင် ပုဂ္ဂိုလ်သိ ဆိုရသည်။ မန်ကျည်းပင်ကြီးကို မော်၍ကြည့်ရာ၌ အရွက်တွေကို အသီးအသီးသိမှုသည် တစ်ပြိုင်နက်ပင် မှတ်ထင်ကြရကုန်၏။ စိတ်၏ ဖြစ်မှု, ပျက်မှု, ပြောင်းလဲမှုမြန်ပုံကို ရိပ်မိရုံ ပြဆိုလိုက်သည်။ လောက၌ ဤမျက်စိ၏ အခွင့်မည်သည် အလွန်ကြီးကျယ်၏။ နား၏ အခွင့်ထက်ပင် သာလွန်၏။ မျက်စိ၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, နိစ္စ, သုခ, အတ္တ စွဲလမ်းမှု အလွန်ထက်သန်၏။
(ဤစကား၌ ဓောဒနာချက် ဖြေဆိုချက်တို့ကို သောတ၌ဆိုခဲ့တိုင်း သိလေ။)

အရသာနှင့် တဏှာအစွမ်းကို ပြဆိုနည်း၌ ဤမျက်စိမှာလည်း အရသာ ၂–မျိုးရှိ၏။ ထိုတွင် သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါးဟူသော အရသာသည် ကိုယ်အင်္ဂါ အရသာကြီးတွင် ပါဝင်လေပြီ။ လှပတင့်တယ်သော အဆင်းသဏ္ဌာန်မျိုး, မိမိအလိုရှိသော ဝတ္ထုမျိုး, မတွေ့စဖူး မမြင်စဖူးသော အာရုံဝတ္ထုမျိုးကို မြင်ကြရသောအခါ ခံစားကြရသော မျက်စိအရသာသည်ကား စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄–ပါးပေတည်း။ ဤစကားမျိုး၌ မနောနှလုံး အမှုတို့ကိုလည်း အပါအဝင်ပြု၍ ယူကြလေကုန်။ ပီတိ, သုခ, သောမနဿတို့ကို အရသာဆိုလိုရင်း ဖြစ်ငြားသော်လည်း ခန္ဓာ ၄–ပါးတို့၏ ဖြစ်မှုအလား ထင်ရှားစေခြင်းငှါ ခန္ဓာ ၄–ပါးဟူ၍ပင် ဆိုလိုက်သည်။

**တစ်နည်းကား** – ဥပေက္ခာ ဝေဒနာသည်လည်း ပီတိ, သုခ, သောမနဿကို မရသာရာ၌ (မရသောအခါ၌) အငြိုးပြေ အရသာမျိုးပင် ဖြစ်၏။ မျက်စိမည်သည် ကောင်းသည်ကိုမှသာ ကြည့်လိုသည်မဟုတ်။ ကြည့်ခွင့်ရှိပါလျက် မကြည့်ရလျှင် သက်သက်မနေနိုင်မှုမျိုးတည်း။ တစ်သက်လုံး တစ်နေ့တစ်နေ့လျှင် အခါခါ မြင်၍နေသော ဝတ္ထုမျိုးပင် ဖြစ်သော်လည်း မက်စရာဝတ္ထု ၁–ပါး

http://www.dhammadownload.com



မရှိခဲ့လျှင် ထိုအာရုံကိုပင် တမော့မော့ နေရ၏။ မကြည့်ပဲ မနေနိုင်။

မကြည့်ပဲ စက္ခုန္ဒြေကို ချုပ်တည်း၍ နေရမည်ဆိုလျှင် ခဏချင်း ငြီးတောက်၏။ စိတ်ကျဉ်းကျပ်၏။ မျက်စိဥပစာတစ်ဆုံး ဖွင့်လွှတ်၍ထားမှ အကြိုက်ကျ၏။ အရသာကောင်း တွေ့သကဲ့သို့ အငြီးအတောက် ပြေပျောက်၏။ ထို့ကြောင့် မကောင်းသည်ဖြစ်စေ, ကောင်းသည်ဖြစ်စေ ကြည့်မြင်ရမှုသည်လည်း အငြီးအတောက် ပြေပျောက်စေတတ်သော အဖျော်အဖြေ အရသာကြီးတစ်မျိုးပင် ဖြစ်သတည်း။ ကြွင်းသော သောတ, ဃာန စသည်တို့၌လည်း ဤနည်းတူ သိလေ။ ထို့ကြောင့် ဥပေက္ခာ ဝေဒနာကိုလည်း အရသာဆိုသင့်၏။ နာမက္ခန္ဓာ ၄–ပါးလုံးကိုလည်း အရသာဆိုလင့်၏ဟူ၍ မှတ်လေ။

တစ်သက်လုံး မြင်၍နေရသော အာရုံမျိုး အလယ်၌ပင် စက္ခုန္ဒြေကို ချုပ်ထိန်း၍ မရ။ မျက်စိ မျက်နှာ ဦးတည်မိရာ မျက်စိဥပစာ၌ မိုးကိုမျှော်လိုက်ရ၏။ တိမ်ကို မျှော်လိုက်ရ၏။ မြေအပြင်ကို မျှော်လိုက်ရ၏။ ရေအပြင်ကို မျှော်လိုက်ရ၏။ တောတစ်ခွင်ကို မျှော်လိုက်ရ၏။ တောင်တစ်ခွင်ကို မျှော်လိုက်ရ၏။ လူကို, နွားကို, ခွေးကို, ဝက်ကို, အိမ်ကို, ယာကို မျှော်လိုက်ရ၏၊ မျှော်ရမှ စိတ်ချောင်၏။ စိတ်ချမ်းသာ၏။ အရသာကြီးတစ်ပါးပင် ဖြစ်၏။ ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ကြ၏။ ဤမှနောက်၌ ဤစက္ခုအရသာ၌ သာယာသော တဏှာ ဝဋ်ဆိုးကြီး, တဏှာ နှုနာကြီးတို့ကို ကာယဝိညာဉ်၌ ပြဆိုခဲ့ပြီးသောနည်းကို အစဉ်မှီး၍ သိကြလေ။

စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄–ပါးကို ပြဆိုချက် ပြီး၏။

## မနောဝိညာဉ် နာမက္ခန္ဓာ ၄–ပါး

မနောနှလုံးသိ, ပုဂ္ဂိုလ်သိခေါ်သော မနောနှလုံး၏ သိခြင်း, မနောနှလုံး၏ သိမှု, မနောနှလုံး၏အသိဟု ဆိုအပ်သော မနောဝိညာဉ် နာမက္ခန္ဓာ ၄–ပါးကို ပြဆိုအံ့။

ရင်တွင်း၌ရှိသော နှလုံးသွေးအတွင်း၌ ဤမနောဝိညာဉ်သည် ဖြစ်၏။ နှလုံးအိမ်သည်သာ အသားစိုင်, အသားခဲဖြစ်၍ ကာယဝိညာဉ် နာမက္ခန္ဓာ ၄–ပါး

http://www.dhammadownload.com



ဖြစ်ရာ ဋ္ဌာနဖြစ်၏။ နှလုံးသွေးမူကား ကာယဝိညာဉ်၏ ဖြစ်ရာဋ္ဌာန မဆိုသာ၊ နှလုံးသွေး၏ အတွင်း၌ဖြစ်သော ထိုမနောဝိညာဉ် နာမက္ခန္ဓာ ၄–ပါးသည်ကား အလွန်အထွေအပြား များပြား၏။

၁။ အကုသိုလ်ဟု ဆိုအပ်သော မကောင်းသော အကြံမျိုးသည်လည်း မနောနှလုံးမှ ဖြစ်၏။

၂။ ကုသိုလ်ဟု ဆိုအပ်သော ကောင်းသော အကြံမျိုးသည်လည်း မနော နှလုံးမှ ဖြစ်၏။

၃။ အိပ်ပျော်သောဘဝင် အဗျာကတ ဝိညာဉ်မျိုးသည်လည်း မနောနှလုံးမှ ဖြစ်၏။

၄။ ကိုယ်အင်္ဂါကြီးငယ်တို့ကို ပြုပြင်ခြင်းဟု ဆိုအပ်သော ကာယကံမှုမျိုး, စကားပြောဆိုခြင်းဟူသော ဝစီကံမှုမျိုး, စိတ်နှလုံးထဲတွင် တရိုန် ရိုန်ထ၍နေသော မနောကံမှုမျိုး တို့သည်လည်း မနောနှလုံးမှ ဖြစ် ကုန်၏။

၅။ ကုသိုလ်ဇော, အကုသိုလ်ဇောတို့သည် ထိုမနောနှလုံးမှ ဖြစ်ကုန်၏။

## ဇော၏ ဥပမာ

**ဇောဆိုသည်ကား** – အလွန်ပြင်းထန်သော အဟုန်ရှိသော စိတ်မျိုးတည်း။

၁။ ဤကိုယ်ခန္ဓာကြီးသည် မီးရထား, မီးသင်္ဘောနှင့် တူ၏။

၂။ နှလုံးအိမ်သည် မီးအိုး, ရေနွေးအိုးကြီးနှင့် တူ၏။

၃။ ဘဝင်စိတ်မျိုးသည် ရေနွေး၌ရှိသော ပြင်းထန်သော အခိုးနှင့် တူ၏။

၄။ လောဘဇော, ဒေါသဇော အစရှိသော အမျိုးမျိုးသော ဇောစုသည် ရေနွေးအိုးမှ တစ်ဟုန်တည်း ဆူထသော ရေလှိုင်းပွက်တွေနှင့် တူ၏။

၅။ ဇောအမျိုးမျိုးမှဖြစ်သော စိတ္တဇဝါယောတို့သည် ရေလှိုင်းပွက်တို့မှ ပန်း၍ထွက်သော အဟုန်ပြင်းထန်သော အခိုးတို့နှင့် တူကုန်၏။

၆။ ကိုးရာသောအကြောတို့သည် အခိုးလျှောက်သွားရာ အခိုးကြောင်း

http://www.dhammadownload.com



နှင့် တူကုန်၏။

၇။ အင်္ဂါကြီးငယ်တို့သည် စက်ကိရိယာနှင့် တူကုန်၏။

၈။ ပုဂ္ဂိုလ်, သတ္တဝါတို့သည် လည်းကောင်း, အဆင်းသဏ္ဌာန် အစရှိသော အာရုံ ခြောက်ပါးတို့သည်လည်းကောင်း ရထားစက်အိုးတို့နှင့် တူကုန်၏။

၉။ တဏှာ ခြောက်ပါးတို့သည် ရထားအစိုးရကြီးတို့နှင့် တူကုန်၏။

ဘဝင်စိတ်မည်သည် အလွန်နုံ့လှသော စိတ်မျိုးတည်း။ ဤနုံ့လှသော ဘဝင်စိတ်မျိုးသည်ပင်လျှင် အလွန်ပျံ့နှံ့သော အရှိန်အဝါရှိ၏။

## ဘဝင်စိတ်သည် ရေနံမီးတောက်ကြီးနှင့် တူပုံ

ဘဝင်စိတ်သည် ညဥ့်အခါ တိုက်ခန်းအတွင်း၌ ထွန်းအပ်သော ရေနံကြမ်းမီးတောက်နှင့်တူ၏။

**တူပုံကား** – ထိုမီးတောက်မှ အလွန်လျှင်မြန်သော လေသည် ထွက်၏။ ထိုလေသည် မီးတောက်မှထွက်သော မီးရောင်တို့ကို မီးတောက်သည်နှင့် တစ်ပြိုင်နက် တိုက်ခန်းတစ်ခုလုံး ပြည့်အောင် ဖြန့်ဖြူး၏။ မီးတောက်မှ ထွက်သော အခိုးကြမ်းတို့ကိုလည်း ဝမ်းအတွင်း, ရင်အတွင်း, ဝမ်းအဖို့, ရင်အဖို့တို့ကို ပြည့်စေ၏။

ထို့အတူ ဘဝင်စိတ်၏ အဟုန်ကြောင့်ဖြစ်သော စိတ္တဇလေသည် အလွန်လျှင်မြန်၏။ ထိုလေသည် စိတ္တဇရုပ်ကလာပ်တို့ကို ဘဝင်စိတ် ဥပါဒ်သည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံးပြည့်အောင် ဖြန့်ဖြူး၏။ ထွက်သက်, ဝင်သက်တည်းဟူသော စိတ္တဇလေကြမ်းတို့ကို ရင်, ဝမ်းနှင့်အပြည့်ဖြစ်စေ၏။ အိပ်ပျော်၍နေဆဲအခါ၌ပင်လျှင် ကိုယ်ခန္ဓာ အလယ်ပိုင်း တစ်ခုလုံးကို ရေလှိုင်းထသကဲ့သို့ ကြွချီ လှုပ်ရှားစေလျက် ပြင်းထန်သော ရှူခြင်း ရှိုက်ခြင်းကို ဖြစ်စေ၏။ ဘဝင်စိတ်ဟူသော နုံ့လှစွာသော ကြံမှု အရှိန်အဝါသည်ပင်လျှင် ဤမျှလောက် ထက်သန်၏။ ပြင်းထန်လှစွာသော အဟုန်နှင့်တကွ ယမ်းပုံမီးကျ ဖြစ်ပေါ်၍ထသော ဇောဟူသော အကြံဓာတ်ကြီး အရှိန်အဝါသည် ဆိုဖွယ်ရာမရှိ။

မိခင်ဇရာဝတီ

http://www.dhammadownload.com



အကြံမှု, အကြံစာတ်ကြီး အရှိန်အဝါမျိုး မည်သည် ဤကဲ့သို့ ပြင်းထန်၏။ မီးရထား, မီးသင်္ဘောတို့၌ ထိုထို စက်ခလုတ်တို့ကို ပြုပြင်၍ ပေးလိုက်သည်ရှိသော် ရေအခိုးတို့သည် မိုးကြိုးအဟုန်ကဲ့သို့ ထိုထိုအခိုးကြောင်းတို့ကို ခဏချင်း ပြည့်ဖြိုး တွန်းဝှေ့တိုက်ခတ်သော ထွက်ကြကုန်သကဲ့သို့ ဤကိုယ်ခန္ဓာ၌လည်း ပြုလိုက်သော အမှုအားလျော်စွာ စိတ္တဇဝါယော လေမုန်တိုင်းသည် ထိုထိုအကြောကြီး အကြောငယ်တို့ကို အဟုန်နှင့်တကွ ခဏချင်း ပြည့်ဖြိုးစေကြကုန်၏။

## စိတ္တဇ ဝါယောဓာတ်တို့သည် မြွေနဂါးတို့နှင့် တူပုံ

အားခွန်ဗလ သန်မြန်လှသော မြွေနဂါးကြီးငယ်တွေ ကခုန်မြူးထူးကြကုန်သကဲ့သို့ ခြောက်ဆယ်သော အကြောကြီး, ကိုးရာသော အကြောငယ်တို့သည် ခဏချင်း အဟုန်နှင့်တကွ အင်္ဂါကြီးငယ်တို့သည် ချီကြွ၍ ထကြွ ကွန့်မြူးကြရကုန်၏။ ထိုအကြောကြီး အကြောငယ်တို့၏ မြူးထူးချက်ကြောင့် ဤကိုယ်ခန္ဓာ ကိုယ်အင်္ဂါတို့၏ အဟုန်နှင့်တကွ ထကြွ လှုပ်ရှားသွားလာခြင်း, လာခြင်း, ကွေးခြင်း, ဆန့်ခြင်း အစရှိသည်တို့သည် ဖြစ်ကြကုန်၏။

မီးရထား မီးသင်္ဘောတို့၌ အသံ၏ဆိုင်ရာ အပေါက်ကို ဖွင့်လှစ်လိုက်သည်ရှိသော် ထိုဆူပွက်သော ရေအဟုန်တို့မှ အသံနှင့်တကွ ပြင်းထန်သော အခိုး၏ တိုးဝှေ့ထွက်သွားခြင်းဖြင့် ဥသြသံမည်သည် ဖြစ်သကဲ့သို့ စကားစမြည်ပြောဆိုမည်ဟု ဇောစိတ် အကြံစာတ်မျိုး ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် စကားပြောမှု၏ဆိုင်ရာ စိတ္တဇလေတို့သည် လည်းကောင်း၊ လည်းပင်းကြော, မေးကြော, လျှာကြောတို့သည် လည်းကောင်း မြွေနဂါးတွေ မြူးထူးကြကုန်သကဲ့သို့ တစ်ပြိုင်နက် လွန့်လက်မြူးထူး ကြွထကြရကုန်၏။ ရယ်ဇောဖြစ်ပေါ်ခဲ့လျှင် မျက်နှာအပြင်၌ ခဏချင်း ရုပ်ရွှင် ရုပ်ကြည်တွေ အပြည့်ဖြစ်ပေါ်မှု, ငိုဇောဖြစ်ပေါ်ခဲ့လျှင် မျက်နှာအပြင်၌ ခဏချင်း ရုပ်ညှိုး ရုပ်နောက်တွေ အပြည့်ဖြစ်ပေါ်မှုတို့၌ကား ညဥ့်အခါ မီးထွန်းသော ဥပမာနှင့် တိုက်ဆိုင်၍ သိလေ။

http://www.dhammadownload.com



## အကြံဟူသော ပကတိစိတ်ဓာတ်ကြီး၏ အရှိန်အဟုန် ကြီးကျယ်ပုံ

မျက်နှာအပြင်၌ ရယ်ရုပ်တွေ, ငိုရုပ်တွေ ခဏချင်း အပြည့်ဖြစ်ပေါ်မှုတို့ကို မြင်သဖြင့် ဝမ်းတွင်း, ရင်တွင်း, လည်ပင်း, ဦးခေါင်းတွင်း တစ်ခွင်လုံးတို့၌လည်း ထိုရုပ်တို့ပြည့်မှုကို သိကြလေ။

၁။ အာရုံပြုမှု၏ အလွန်လျင်မြန်စွာ ပျံ့နှံ့ခြင်း၌လည်း ဆိုင်းသံ, စည်သံ, အမြောက်သံ, မိုးကြိုးသံတို့သည် ဖြစ်ရာအရပ်မှ အလွန်ဝေးစွာသော အရပ်မျက်နှာတို့ကို ခဏချင်း ပျံ့နှံ့ကြလေကုန်ဘိသကဲ့သို့လည်းကောင်း,

၂။ တိမ်တိုက်မှထွက်သော လျှပ်ရောင်, နေဝန်းမှထွက်သော နေရောင်, လဝန်းမှထွက်သော လရောင်တို့သည် လျင်မြန်လှသော လေဟုန်၏အစွမ်းဖြင့် ထွက်ရာအရပ်မှ ခဏချင်း ကောင်းကင်မြေပြင်တစ်ခွင်လုံး ပျံ့နှံ့သကဲ့သို့လည်းကောင်း,

စိတ်ခေါ်သော အကြံဓာတ်, အသိဓာတ်မျိုးတို့သည် နေ, လ, နက္ခတ်, တာရာတို့နှင့်တကွ မိုးတစ်ပြင်လုံး, မြေတစ်ပြင်လုံး, တောတစ်ခွင်လုံး, တောင်တစ်ခွင်လုံး တို့ကိုလည်းကောင်း မနောဝိညာဉ် ဖြစ်ခဲ့အံ့။ အသက်ထက်ဆုံး တွေ့ကြုံဆက်ဆံ၍ လာခဲ့သော အရပ်ဒေသဌာနမြို့ရွာ အာရုံဝတ္ထုတို့ကို လည်းကောင်း ခဏချင်း ပျံ့နှံ့၍ ယူနိုင်၏။

အကြံဟူသော ပကတိစိတ်ဓာတ်ကြီး၏ အရှိန်အဟုန် ကြီးကျယ်ပုံအချက်ကို အမြွက်မျှ ပြဆိုလိုက်သည်။ ဘာဝနာကိစ္စဖြင့် ပွားစီးကြီးကျယ်ခြင်းသို့ ရောက်သော တန်ခိုးတ္တဒ္ဓိဟူသော အကြံဓာတ်မျိုး၌ ဆိုဖွယ်မရှိပြီ။ ဤအချက်ကို မူကား ဓာတ်တို့၏ အစွမ်းကို နှံ့ပြားစွာ မမြင်နိုင်ကြကုန်သည်ရှိသော် သတ္တဝါတို့၌ ဖြစ်၍နေကြသောအမှုတို့ကို ဓာတ်တို့နှင့်အကုန် နေရာမချနိုင်ကြ ကုန်သဖြင့် ပုဂ္ဂိုလ် အစွမ်း, သတ္တဝါအစွမ်းတွေ ထင်မြင်၍ နေမှုကို မဖျောက်ဖျက်နိုင် ရှိနေကြကုန် ရာသောကြောင့် ရိပ်မိရုံ ပြဆိုလိုက်သည်။

http://www.dhammadownload.com



## မနောနလုံး၏ အရေးအခွင့် ကြီးကျယ်ပုံ

လောကဓမ္မတို့၌ ဤမနောနလုံး၏အခွင့်သည် အလွန်တရာ ကြီးကျယ်လှ၏။ ခပ်သိမ်းသော အလိမ္မာဟူသမျှတို့သည် လည်းကောင်း၊ ခပ်သိမ်းသော အမိုက်အမဲဟူသမျှတို့သည် လည်းကောင်း ဤမနောနလုံးမှ ဖြစ်ကုန်၏။

**လောကအလိုအားဖြင့်** – ဤမနောနလုံးသည် ဣရိယာပုထ် ၄–ပါးကို ဆောင်တတ်၏။ သွားတတ်၏။ ရပ်တတ်၏။ ထိုင်တတ်၏။ လျောင်းတတ်၏။ ပြောတတ်၏။ ဆိုတတ်၏။ ငိုတတ်၏။ ရယ်တတ်၏၊ သူ့အသက်ကို သတ်တတ်၏။ သူ့ဥစ္စာကို ခိုးယူတတ်၏။ ဤသို့အစရှိသည်ဖြင့် ပုဂ္ဂိုလ်, သတ္တဝါ၏ ကိစ္စဟူသမျှသည် မနောနလုံး၏ ကိစ္စချည်းသာတည်း။

## စောဒနာဖွယ်

**စောဒနာရန်ရှိပြန်သည်ကား** – သက်သက်သော မနောကံကိစ္စမျိုးကိုသာ မနောနလုံးက ပြုတတ်ပါသည်။ ကာယကံကိစ္စမျိုး, ဝစီကံကိစ္စမျိုးတို့သည်ကား မနောနလုံး သက်သက်နှင့် ပြီးစီးကြသည် မဟုတ်ကုန်။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ ပါရှိမှ ပြီးစီးကုန်၏။ ထို့ကြောင့် ကာယကံကိစ္စမျိုး, ဝစီကံကိစ္စမျိုးတို့ကိုမူကား မနောနလုံးသည် မပြုတတ်၊ ပုဂ္ဂိုလ် သတ္တဝါသည်သာ ပြုတတ်ပါသည်ဟု ဆိုရန်ရှိ၏၊

**စောဒနာချက်ကို ပြန်၍မေးရန်** – ကိုယ်အင်္ဂါ, နှုတ်အင်္ဂါစသည် သိတတ်, ကြံတတ်, အားထုတ်တတ်သလောဟု ပြန်၍မေးရာ၏။

**ဤလိုဆိုပေလတ္တံ့** – ကိုယ်အင်္ဂါ, နှုတ်အင်္ဂါစသည် မသိတတ်, မကြံတတ်, အားမထုတ်တတ်ပါ။ မနောနလုံးသည်သာ သိတတ်, ကြံတတ်, အားထုတ်တတ်ပါသည်ဟု ဆိုပေလတ္တံ့။

**ဤလိုမေးမြန်းပြန်ရာ၏** – ပုဂ္ဂိုလ်, သတ္တဝါဆိုသည်ကား သိတတ်, ကြံတတ်, အားထုတ်တတ်သည်ကို ဆိုသလော။ မသိတတ်, မကြံတတ်, အားမထုတ်တတ်သည်ကို ဆိုသလောဟု မေးမြန်းရာ၏။

**ဤလိုဆိုပေလတ္တံ့** – သိတတ်, ကြံတတ်, အားထုတ်တတ်သည်ကို

http://www.dhammadownload.com



ဆိုပါသည်ဟု ဆိုပေလတ္တံ့။

ထိုအခါ မနောနှလုံးသည်သာ ပုဂ္ဂိုလ်, သတ္တဝါအစစ် ဖြစ်ကြောင်းသည် ထင်ရှားပေါ်၍လာ၏။ မနောနှလုံးသည်သာ သွားတတ်, လာတတ်, ပြောတတ်, ဆိုတတ်, ကြံတတ်, သိတတ်, သတ်တတ်, ခိုးတတ်ကြောင်းသည် ထင်ရှားပေါ်၍ လာ၏။

**တစ်နည်းသော်ကား** – သတ်မှု, ခိုးမှုမည်သည် မနောနှလုံး၏ သိမှု, ကြံမှုသက်သက်နှင့် ပြီးစီးသည် မဟုတ်။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့၏ လှုပ်ရှားမှု ပယောဂလည်းပါရှိမှ ပြီးစီးသည်ဖြစ်၍ မနောနှလုံးသည်လည်း သတ်တတ်၏။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါသည်လည်း သတ်တတ်၏။ မနောနှလုံးသည်လည်း ခိုးတတ်၏။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါသည်လည်း ခိုးတတ်၏။ မနောနှလုံးသည်လည်း ပုဂ္ဂိုလ် သတ္တဝါတည်း။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါသည်လည်း ပုဂ္ဂိုလ် သတ္တဝါတည်း။ လက်ဖြင့် သတ်ရာ၌ မနောနှလုံးသည်လည်း သတ်တတ်သော ပုဂ္ဂိုလ်, သတ္တဝါပင်တည်း။ လက်သည်လည်း သတ်တတ်သော ပုဂ္ဂိုလ် သတ္တဝါပင်တည်း။

ဤအရာ၌မူကား မနောနှလုံးကို ပြဆိုရာဖြစ်၍ မနောနှလုံးသည် သတ်တတ်၏။ ခိုးတတ်၏ဟု ဆိုပေသတည်း။ ရှေးနည်းကား မနောနှလုံးကိုသာ ပုဂ္ဂိုလ်, သတ္တဝါအစစ်ဟု မှတ်ထင်သူတို့၏အလိုပေတည်း။ နောက်နည်းကား တစ်ကိုယ်လုံးကိုပင် ပုဂ္ဂိုလ် သတ္တဝါဟု မှတ်ထင်သူတို့၏ အလိုပေတည်း။ အချို့သူတို့ကား စိတ်ကိုသာ ပုဂ္ဂိုလ် သတ္တဝါအစစ်ဟု ယူကုန်၏။ အချို့သူတို့ကား ခန္ဓာ ၅–ပါးလုံးကိုပင် ပုဂ္ဂိုလ် သတ္တဝါအစစ်ဟု ယူကုန်၏။ အယူ ၂–မျိုး ရှိ၏။

(ဤကား လောကအလိုတည်း။)

## ပရမတ္ထအလို

ပရမတ္ထအလိုအားဖြင့်မူကား ပုဂ္ဂိုလ် သတ္တဝါဟူ၍လည်း မရှိ။ နှလုံးသွေးဟူ၍လည်း မရှိ။ ထိုနေရာဌာန အကြောင်းအားလျော်စွာ ဖြစ်ကြသော ခန္ဓာ ၅–ပါးသာ ရှိ၏။ ထိုတွင် ခက်မာမှု, နူးညံ့မှု, ဖွဲ့စည်းမှု, ယိုစီးမှု, ပူနွေးမှု စသော ရူပက္ခန္ဓာစုသည်သာ ထိုနေရာ၌ ဖြစ်ချည် ပျက်ချည် အစဉ်အမြဲ လည်နေ

http://www.dhammadownload.com



၏။ နာမက္ခန္ဓာ ၄-ပါးတို့သည်ကား ထိုနေရာ၌ ဖြစ်ပေါ်ခိုက်၌သာ ရှိကုန်၏။ ထိုနှလုံးဌာနမှတစ်ပါး တစ်ကိုယ်လုံးမှာ ထိုထိုနေရာတွင် ဖြစ်ပေါ်၍နေခိုက် နှလုံးမှာ မရှိကြကုန်။

အရေတစ်ခွင်လုံးမှာ ထိုထိုနေရာ၌ နာမက္ခန္ဓာတို့ ဖြစ်ပေါ်၍နေခိုက် နှလုံးမှာ ရူပက္ခန္ဓာတစ်ပါးသာ ရှိ၏။ သားတစ်ကိုးရာတို့တွင် ထိုထိုသားတစ်မှာ ဖြစ်ပေါ်၍နေခိုက် နှလုံးမှာ ရူပက္ခန္ဓာတစ်ပါးသာ ရှိ၏။ အကြောကိုးရာတို့တွင် ထိုထိုအကြောမှာ၊ အရိုးသုံးရာတို့တွင် ထိုထိုအရိုးမှာ၊ နှစ်ကုဋေလေးသန်းသော ဆံပင်တို့တွင် ထိုထိုဆံပင်မြစ်မှာ၊ ကိုးသောင်း ကိုးထောင်သော မွေးညင်းတို့တွင် ထိုထိုမွေးညင်းမြစ်မှာ ဖြစ်ပေါ်၍နေခိုက် နှလုံး၌ ရူပက္ခန္ဓာ တစ်ပါးသာ ရှိ၏။

ထိုသို့ ဖြစ်ပါသော်လည်း နာမက္ခန္ဓာလေးပါးတို့၏ ဖြစ်မှု, ပျက်မှု, ဖြစ်ရာဌာန ရွှေ့ပြောင်းမှုမည်သည် အလွန်တရာ မြန်လှသည်ဖြစ်၍ ရှေး၌ ပြဆိုခဲ့ပြီးသော မီးရောင်, နေရောင်, လရောင်, ဆိုင်းသံ, စည်သံ, အမြောက်သံ, သေနတ်သံ, မိုးသံ, မိုးကြိုးသံတို့ကဲ့သို့ ခြေဖဝါးတစ်ပြင်လုံး၌ အလွန်နာကျင်၍ နေဆဲမှာပင် ထိုနာကျင်မှုကို မနောနှလုံးကလည်း အမြဲသိ၍ နေသည်ဟု မှတ်ထင်ကြရကုန်၏။

ခြေဖဝါးတစ်ပြင်လုံးတွင်လည်း တစ်သုတ်တစ်သုတ် ဖြစ်ပေါ်နေသော နာမက္ခန္ဓာဟူသော နာမှု၏ ဖြစ်ရာဌာနသည် အဏုမြူမျှ ပမာဏကျယ်သည် မဟုတ်။ တစ်သုတ် ချုပ်ကွယ်ပြီးမှ တစ်သုတ် ဖြစ်ပေါ်မြဲ ဓမ္မတာတည်း။ တစ်သုတ် တစ်သုတ်၏ အကြားအကြား၌လည်း နာမှန်းကျင်မှန်း သိသော မနောနှလုံးသိ အသီးအသီး ညှပ်ကာညှပ်ကာဖြစ်မြဲ ဓမ္မတာတည်း။ မညှပ်ခဲ့လျှင် ထိုတစ်သုတ် နာမှုကို နာသည်ဟု ပုဂ္ဂိုလ်သိ ဖြစ်နိုင်သည်မဟုတ်။ ခြေဖဝါးက နာမှု, မနော နှလုံးက သိမှုအစုံအစုံတို့၏ အကြားအကြား၌လည်း ဘဝင်မနော တစ်သုတ် တစ်သုတ်ခြားမြဲ ဓမ္မတာတည်း။

ဤသို့ ဖြစ်ပါလျက် ခြေဖဝါး တစ်ပြင်လုံးသည် တစ်ပြိုင်နက်ပင် နာ၍ နေသည်။ နာမှုတစ်ပြင်လုံး တစ်ခုတည်း ဖြစ်၍နေသည်ဟု မှတ်ထင်ကြရကုန်၏။

http://www.dhammadownload.com



မနောနှလုံးကလည်း နာမှုနှင့် အပြိုင်သိ၍ နေသည်ဟု မှတ်ထင်ကြရကုန်၏။ ခြားနားရှင်းလင်းစွာ သိမြင်ခြင်းငှါ ထိုက်လှသော အချက်ကြီးတစ်ခုပေတည်း။ တစ်ကိုယ်လုံးရှိ ထိုထိုအင်္ဂါတို့ကို တစ်ဖက်, မနောနှလုံးကို တစ်ဖက်ထား၍ ဤနည်းအတိုင်း အကုန်သိကြလေ။

မြင်မှုနှင့်သိမှု ခြားနားအောင် ကြည့်၊ မြင်မှုနှင့် သိမှုမှာလည်း တစ်နာရီ ကြည့်ရှု၍ နေရာ၌ အစအဆုံးတိုင် မြင်မှုလည်း တစ်ခုတည်း။ မျက်စိက မြင်မှုနှင့် မနောနှလုံးက သိမှုလည်း တစ်ပြိုင်တည်း မှတ်ထင်ကြရကုန်၏။ ကြားမှု-သိမှု အစုံ, နံမှု-သိမှုအစုံ, လျက်မှု-သိမှု အစုံတို့၌လည်း ထိုနည်းအတူ သိကြလေ။

မြင်မှုနှင့် ကြားမှု, မြင်မှုနှင့် နံမှု, မြင်မှုနှင့် လျက်မှု, မြင်မှုနှင့် တွေ့ထိမှု, ကြားမှုနှင့် နံမှု, ကြားမှုနှင့် လျက်မှု, ကြားမှုနှင့် တွေ့ထိမှု စသည်တို့၌လည်း ပြိုင်သည်ဟု ထင်မှတ်ကြရကုန်၏။ မနောနှလုံးသိ သက်သက်၌လည်း ဝတ္ထုအာရုံ အမျိုးမျိုးတို့ကိုပင် တစ်ပြိုင်တည်း သိနိုင်သည်ဟု မှတ်ထင်ကြရကုန်၏။

## အက္ခရာတစ်လုံးလျှင် ဇော ၇-ကြိမ်

စကားပြောဆိုကြရာ၌ အက္ခရာ တစ်လုံးတစ်လုံးလျှင် ဇောစိတ် ခုနစ်ကြိမ်, ခုနစ်ကြိမ် တစ်သုတ် တစ်သုတ်စီ ဖြစ်ရ၏။ အက္ခရာချင်းလည်း ရှေ့နောက် မရောယှက်၊ အာကာသ ပရိစ္ဆေဒ ခြားလျက် ရှိကြ၏။ ဇောအသုတ်ချင်းလည်း ရှေ့နောက် မရောယှက်။ ဘဝင်စိတ်ခြားလျက် ရှိကြ၏။ သို့ဖြစ်ပါသော်လည်း စကားလုံး တစ်သောင်း, တစ်သိန်းကိုပင် ဇောစိတ်တစ်ခုဖြင့် ပြောဆို၍ နေသည်ဟု မှတ်ထင်ရကုန်၏။

## ဣရိယာပုထ် ၄-ပါး ထူးခြားချက်

ဣရိယာပုထ် ၄-ပါးတို့တွင် -

၁။ သွားမှု ဥဿာဟ ဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တစ်မျိုး၊

၂။ ရပ်မှု ဥဿာဟ ဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တစ်မျိုး၊

၃။ ထိုင်မှု ဥဿာဟ ဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တစ်မျိုး၊

http://www.dhammadownload.com



၄။ လျောင်းမှု ဥဿာဟ ဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တစ်မျိုး၊ အသီးအသီး ဖြစ်ကြ၏။

ဥဿာဟ ဗျာပါရ မတူကြသည်ဖြစ်၍ စိတ္တဇလေတို့၏ ထပုံ, ကြွပုံချင်း မတူကြ။ စိတ္တဇလေတို့၏ ထပုံ, ကြွပုံချင်း မတူကြသည်ဖြစ်၍ အကြောကြီး အကြောငယ်တို့၏ ထပုံ, ကြွပုံချင်းလည်း မတူကြ၊ အကြောကြီး အကြောငယ်တို့၏ ထပုံ, ကြွပုံချင်း မတူကြသည်ဖြစ်၍ ကိုယ်အင်္ဂါ ကြီးငယ်တို့၏ သယ်ပုံ, ပိုးပုံ, လှုပ်ရှားပုံချင်းလည်း မတူကြ။ သူ့ဥဿာဟဗျာပါရနှင့် သူ့ကိရိယာ အသီးအသီး ဖြစ်ကြ၏။ နှစ်ခုပြိုင်၍ မရကောင်း။ ထို့အတူ သွားမှု၌လည်း ခြေတစ်လှမ်း တစ်လှမ်းလျှင် မနောနှလုံး၌ ဇောဥဿာဟ တစ်သုတ် တစ်သုတ်စီ ဖြစ်ကြ၏။ ကြွင်းသော ဣရိယာပုထ်တို့၌ လည်းကောင်း, ထိုထိုဣရိယာပုထ်တွင်းမှာ ထိုထိုကိုယ်အင်္ဂါ လှုပ်ရှားမှုတို့၌လည်းကောင်း အကြံဥဿာဗျာပါရ အသီးအသီး ဖြစ်ရမှုကိုလည်း သိကြလေ။

## မနောနှလုံးဖြစ်ပေါ်မှု ၃–မျိုး

၁။ မနောနှလုံး၌ အကုသိုလ်အကြံအစည် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်မှု တစ်မျိုး၊

၂။ ကုသိုလ်အကြံအစည် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်မှု တစ်မျိုး၊

၃။ ဘဝင် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်မှု တစ်မျိုး– ဟူ၍ ၃–မျိုးရှိ၏၊

၁။ အကုသိုလ် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်လာလျှင် နှလုံးသွေး တစ်မျိုး ပြောင်းလဲ၏။

၂။ ကုသိုလ် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်လာလျှင် နှလုံးသွေး တစ်မျိုး ပြောင်းလဲ၏။

၃။ ဘဝင် နာမက္ခန္ဓာ ၄–ပါး ဖြစ်ပေါ်ဆဲအခါ၌ နှလုံးသွေးသည် ပကတိ နီမြန်းသော အဆင်းအတိုင်းပင် တည်ရှိ၏။

http://www.dhammadownload.com



ကုသိုလ်ဖြစ်ပေါ်ခိုက်မှာ နှလုံးသွေးသည် ပကတိထက် ကြည်လင်၏။ အကုသိုလ်ဖြစ်ပေါ်ခိုက်မှာ ပကတိထက် နောက်ကျု၏။ ကုသိုလ်ဇောတို့တွင်လည်း သဒ္ဓါလွန်ကဲသော အလှည့်မှာ ဝါ၍ကြည်၏။ ပညာလွန်ကဲသော အလှည့်မှာ အရောင်အလက်နှင့်တကွ ကြည်၏။ မေတ္တာလွန်ကဲသော အလှည့်မှာ အလွန်ချမ်းမြ၍ ကြည်၏။ လောဘလွန်ကဲသောအလှည့်မှာ နီလျက် နောက်ကျု၏။ ဒေါသလွန်ကဲသော အလှည့်မှာ ညိုလျက်မည်းနက်လျက် နောက်ကျု၏။ မောဟလွန်ကဲသောအလှည့်မှာ သားဆေးရေအဆင်းကဲ့သို့ နီပြေပြေ နောက်ကျု၏။

ဝိတက်လွန်ကဲသော အလှည့်မှာ ကုလားပဲပြုတ်ရေကဲ့သို့ ဖျော့တော့သော အဆင်းရှိ၍ နောက်ကျု၏။ ပီတိသော မနသ လွန်ကဲသော အလှည့်မှာ ရွှင်သော အဆင်းရှိ၏။ ဒေါမနဿလွန်ကဲသော အလှည့်မှာ ညှိုးခြောက်သော အဆင်းရှိလျက် နောက်ကျု၏။ သောကပရိဒေဝ လွန်ကဲသော အလှည့်မှာ အလွန်ပူလောင်မည်းညစ်၏။ ကြောက်ခြင်း, ရွံ့ခြင်း, ထိတ်လန့်ခြင်းဖြစ်သော အလှည့်မှာ အလွန်အေးချမ်း၍ခဲ၏။

ဤကဲ့သို့ ဇောစိတ္တုပ္ပါဒ် နာမက္ခန္ဓာ အမျိုးမျိုးတို့ အလှည့်အလည်အားဖြင့် ဖြစ်ပေါ်လာသောအခါ နှလုံးသွေးအမျိုးမျိုး အသစ်အဟောင်း ပြောင်းလဲ၏။ ကိုယ် တွင်းသန္တာန်၌ အထူးထူးအထွေထွေ ဖြစ်၍နေကြသော ခန္ဓာ ၅-ပါးတို့၏ အထွေ ထွေအလာလာ အမှုသွားတို့ကို မြင်နိုင်သော ဉာဏ်မျက်စိ မရှိကြကုန်မူ၍ အပေါ်ယံ ပြင်ပ အပေါင်းမျှကိုသာ သိမြင်၍ နေကြကုန်သော သူတို့မူကား စိတ်ဝိညာဉ် ဟူသည် တစ်သက်လုံး အမြဲတည်ရှိ၍နေသည်ဟု မှတ်ကြကုန်၏။

ထို့ကြောင့် တစ်ကိုယ်လုံး၌ နာမက္ခန္ဓာတို့၏ ဖြစ်ရာဌာနတွေကိုလည်းကောင်း, ဖြစ်ဆဲအခိုက် အလှည့်တွေကို လည်းကောင်း အထွေထွေ အလာလာ များစွာဝေဖန်၍ ပြဆိုလိုက်သည်။

## မနောဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၌ ဒိဋ္ဌိသိ, ဉာဏ်သိ ခွဲပုံ

ဤမနောဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၌ ဒိဋ္ဌိသိ-ဉာဏ်သိခွဲပုံကို ပြဆိုပေအံ့။ ဤ၌ ဒိဋ္ဌိသိမြင်မှုသည် အလွန်များပြားလှ၏။ အကျဉ်းကို ပြဆိုအံ့။

မိခင်ရောဝတီ

http://www.dhammadownload.com



၁။ သတ္တဝါအပေါင်းတို့အား မျက်စိဖြင့်မြင်၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်မြင်မှု, သတ္တဝါမြင်မှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးများသည် ရှိနေကြ၏။

၂။ နားဖြင့်ကြား၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်ကြားမှု, သတ္တဝါကြားမှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးများသည် ရှိနေကြ၏။

၃။ နှာခေါင်းဖြင့် နံ၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်နံမှု, သတ္တဝါနံမှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးများသည် ရှိနေကြ၏။

၄။ လျှာဖြင့်လျက်၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်လျက်မှု, သတ္တဝါလျက်မှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးများသည် ရှိနေကြ၏။

၅။ ကိုယ်အင်္ဂါဖြင့် တွေ့၍ ထွေထွေလာလာ သိကြရာ၌ ပုဂ္ဂိုလ်တွေ့မှု, သတ္တဝါတွေ့မှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးများသည် ရှိနေကြ၏။

၆။ မနောနှလုံးသက်သက်ဖြင့် ထွေထွေလာလာ ကြံကြံ သိကြရာ၌ ပုဂ္ဂိုလ်ကြံမှု, သိမှု, သတ္တဝါကြံမှု, သိမှုဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးများသည် ရှိနေကြ၏။

သတ္တဝါတစ်ကောင်လုံးသည် ဒိဋ္ဌိတုံးကြီး, ဒိဋ္ဌိခဲကြီး, ဒိဋ္ဌိ ပဒေသာပင်ကြီးတွေ ဖြစ်၍ နေကြ၏။

(ထိုတွင် ရှေ့ ၅–ချက်တို့သည် ပဉ္စဝိညာဉ် နာမက္ခန္ဓာတို့၏ အခန်း၌ ပါဝင်လေကုန်ပြီ။ နောက်ဆုံး အချက်သည်ကား ဤမနောဝိညာဉ် နာမက္ခန္ဓာ သက်သက်တို့ကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ထင်မြင်စွဲယူမှုပေတည်း။)

http://www.dhammadownload.com



## မနောဝိညာဉ် နာမက္ခန္ဓာ ၄-ပါးတို့ကို နိစ္စ, သုခ, အတ္တ စွဲလမ်းချက်

မနောဝိညာဉ် နာမက္ခန္ဓာ ၄-ပါးတို့ကို နိစ္စဟူ၍, သုခဟူ၍, အတ္တဟူ၍ စွဲလမ်းမှုပေတည်း။

**စွဲလမ်းပုံကား** - ပုဂ္ဂိုလ် သတ္တဝါဟူသည် ဖြစ်စရာ ပျက်စရာ သဘာဝ အသားမရှိသော နိမိတ္တမွေကြီးဖြစ်၍ နိစ္စမျိုး, ဓုဝမျိုးပေတည်း။ တစ်ဘဝ တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါပျက်သာ ရှိသည်ဖြစ်၍ တစ်သက် တစ်သက် ခိုင်မြဲသော နိစ္စမျိုး, ဓုဝမျိုးပေတည်း။ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍, ငါဟူ၍, သူတစ်ပါးဟူ၍, ယောက်ျား မိန်းမဟူ၍ ထင်မြင်စွဲလမ်းမှုသည် ထိုရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို နိစ္စမျိုး, ဓုဝမျိုးဟူ၍ ထင်မြင်စွဲလမ်းမှု ဖြစ်လေသည်။

**နိစ္စဓုဝဟူသည်** - ဇုဋ္ဌမျိုး, သုခမျိုး, သုဘမျိုးပေတည်း။ အနှစ်သာရ အတ္တမျိုးပေတည်း။ ကြံတတ် သိတတ်သော ပုဂ္ဂိုလ် သတ္တဝါဟူသည် မရှိ။ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားသာ ရှိ၏။ ထိုတွင် နှလုံးသွေး၌ရှိသော နူးညံ့မှုကိရိယာ, ဖွဲ့စည်းယို စီးမှုကိရိယာ, ပူမှု နွေးမှုကိရိယာ, ပွရွလှုပ်ရှားမှုကိရိယာ, အဆင်း, အနံ့, အရသာ, ဩဇာတို့ကား ရုပ်ခန္ဓာတို့တည်း။ ထိုရုပ်ခန္ဓာတို့သည် ကြံမှုမျိုး, သိမှုမျိုး မဟုတ်ကုန်။ ပုဂ္ဂိုလ်, သတ္တဝါမဟုတ်ကုန်။ ဗဟိဒ္ဓမှ အာရုံခိုက်တိုက်လာသည်ရှိသော် ထိုနှလုံးအတွင်း၌ ရံခါရံခါ မနောဝိညာဉ် နာမက္ခန္ဓာ ၄-ပါးတို့သည် တစ်သုတ်တစ်သုတ် ဖြစ်ပေါ်ကုန်၏။ ထိုနာမက္ခန္ဓာတို့ကို ကြံမှု, သိမှုဟု ဆိုသတည်း။

နှလုံးသွေး၌လည်း ထိုနာမက္ခန္ဓာတို့၏ ဖြစ်ပေါ်ရာဌာနသည် တစ်ရာမက တစ်ထောင်မက များပြား၏။ အကြောင်းအခွင့် အထူးသင့်ရာ ဤနေရာ၌ တစ်သုတ်, ထိုနေရာ၌ တစ်သုတ် ဖြစ်ပေါ်ကြကုန်၏။ တစ်နာရီအတွင်းမှာပင် ဖြစ်ရာဌာနပေါင်း တစ်ရာ၊ တစ်ထောင်မက တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသာ ရှိရမည်။ များပြား၏။ တစ်သုတ်တစ်သုတ်၏ အကြားအကြား၌ ဘဝင်မနော အသီးအသီး ဖြစ်ပေါ်၍ ခြား၏။ အသုတ် ၂-ခု ပြိုင်ရိုးမရှိ။ ဘဝင်မနောနှင့်လည်း ပြိုင်ရိုးမရှိ။ တစ်သုတ်ချုပ်ဆုံးမှ ဘဝင်တစ်သုတ် ဖြစ်ပေါ်၏။ ဘဝင်ချုပ်မှ

http://www.dhammadownload.com



နောက်မနောဝိညာဉ် တစ်သုတ် ဖြစ်ပေါ်၏။

နှလုံးသွေးမှတစ်ပါး စက္ခု, သောတ စသော တစ်ကိုယ်လုံးမှာ ထိုထို နေရာ၌ နာမက္ခန္ဓာ ၄-ပါးတို့ ဖြစ်ပေါ်၍ နေခိုက်တို့၌လည်း နှလုံးသွေးမှာ ဘဝင်ဝိညာဉ်, မနောဝိညာဉ် နာမက္ခန္ဓာ ၄-ပါးတို့ အကုန်တိတိကင်း၍ နေကုန်၏။ ရူပက္ခန္ဓာ သက်သက်သာ ရှိနေ၏။ တစ်သုတ်တစ်သုတ် ချုပ်မှု, ပျက်မှု, ကုန်ဆုံးမှုတို့ကြောင့် အနိစ္စအစစ်ပေတည်း။

## အနိစ္စလက္ခဏာ မရဏဘေးကြီး

အနိစ္စလက္ခဏာ အမြဲမရှိ၍ နေကြကုန်သော ထိုနာမက္ခန္ဓာ ၄-ပါးတို့သည် အနိစ္စမျိုး စင်စစ်တို့သာတည်း။ အနိစ္စလက္ခဏာဟူသည် မရဏဘေးကြီးအစစ်တည်း။ မရဏဘေးကြီး ခဏမစဲ အမြဲကပ်တိုက်၍ နေကုန်သော ထိုနာမက္ခန္ဓာ ၄-ပါးတို့သည် ငါဟူ၍လည်းကောင်း, ငါ၏ဥစ္စာဟူ၍ လည်းကောင်း သိမ်းပိုက်ဝံ့စရာ မရှိ။ ကြောက်မက်ဖွယ် အတိဖြစ်သော ဒုက္ခမျိုး စင်စစ်တို့သာတည်း။ မျက်တောင်တစ်ခတ်မျှ ခိုင်မြဲသည်ဟု စိတ်ချရသော အနှစ်သာရမျိုး မဟုတ်ကြကုန်သောကြောင့် ပုဂ္ဂိုလ်, သတ္တဝါ၏ အမာခံအနှစ်သာရ အတ္တမဟုတ်သော အနတ္တမျိုး စင်စစ်တို့သာတည်း။

ပုဂ္ဂိုလ်, သတ္တဝါ၏ အနှစ်သာရမှန်ခဲ့လျှင် ပုဂ္ဂိုလ်, သတ္တဝါအသက်ရှည်သမျှ ခိုင်မြဲရမည်။ တစ်ဘဝတွင် တစ်ခါဖြစ် တစ်ခါသေသာ ရှိရမည်။ ထိုသို့ကား မဟုတ်။ နာမက္ခန္ဓာ လေးပါးတို့သည်ကား တစ်နာရီအတွင်းမှာပင် အခါတစ်ရာ တစ်ထောင်မက သေဆုံးကြကုန်၏။ ပုဂ္ဂိုလ်နှင့် တစ်လမ်းစီ နေကြကုန်၏။ ထို့ကြောင့် နာမက္ခန္ဓာ ၄-ပါးတို့သည် ပုဂ္ဂိုလ်, သတ္တဝါ၏ အထည်ခံ, အမာခံဟူသော အတ္တမဟုတ်ကုန်။ ပုဂ္ဂိုလ်၏ ကိုယ်မဟုတ်။ သတ္တဝါ၏ ကိုယ်မဟုတ်။ ပုဂ္ဂိုလ်, သတ္တဝါ၏ ကိုယ်ဟုတ်ခဲ့လျှင် ပုဂ္ဂိုလ်, သတ္တဝါသေဆုံးမှ သေဆုံးကြရလိမ့်မည်ဟူလိုသည်။

http://www.dhammadownload.com


**လယ်တီတစ်ခေတ်ဆန်းတော့မည်**

ဗုဒ္ဓကျမ်းဂန် စာပေသမိုင်းတွင် အထင်ကရ မှတ်တိုင်ကြီးများ စိုက်ထူထားခဲ့သည့်
ကျမ်းပြုအာကျော် **လယ်တီဆရာတော်ဘုရားကြီး၏**
**အကျော်ကြားဆုံး စာအုပ်များ ဖြစ်သည့်**

- အနတ္တဒီပနီ
- ဘာဝနာဒီပနီ
- ပဋိစ္စသမုပ္ပါဒ်ဒီပနီ
- ဗောဓိပက္ခိယဒီပနီ
- လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး
- ဝိပဿနာဒီပနီ
- ရောဂန္တရဒီပနီ
- အာနာပါနဒီပနီ
- ပါရမီဒီပနီ
- ဥတ္တမပုရိသဒီပနီ
- လယ်တီနိဗ္ဗာန်
- ဓါတ်ကမ္မဋ္ဌာန်းကျမ်းကြီး

အပါအဝင် ကာလအတန်ကြာ ပျောက်ကွယ်နေသည့် လယ်တီကျမ်းစာအုပ်များ မကြာမီ ထွက်ရှိလာပါတော့မည်။
နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ဆရာတော်ကြီး၏ စေတနာနှင့် မိခင်ရောဝတီ
စာအုပ်တိုက်တို့၏ သာသနာတော်အတွက် ကြိုးပမ်းမှု ခြေလှမ်းသစ်များ . . . . .

**ဆရာတော် ရေးပြသမျှ ဝေးရသည်ချည်းပင်**
**ဆရာတော်၏ စာအုပ်မှန်သမျှ အနှစ်သာရ ပြည့်ဝသည်**
(ဒေါက်တာ ဖင်းတင်မွန်ရေး သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး စာအုပ်မှ)
ကျမ်းပြုအာကျော် **သပြေကန် ဆရာတော်ကြီး၏**

❋ ပရိတ်ကြီး နိဿယသစ်
❋ စေတီနှင့်ရှိသေမှု
❋ သပြေကန်တရားပေါင်းချုပ် အမှတ် (၁)

ရှားပါး အဖိုးတန်စာအုပ်များ မရမရှိလိုက်ရလေအောင် ဖြန့်ချိနေပါသည်။

**မိခင်ရောဝတီ စာအုပ်တိုက်တွင် ဝယ်ယူရရှိနိုင်သော စာအုပ်ကောင်းများ**

| | |
|---|---|
| ❋ နှစ်ဖက်လှ ဦးကျော်လွင် | ဇယမင်္ဂလာ ရန်ကင်းဂါထာများ |
| ❋ နှစ်ဖက်လှ ဦးကျော်လွင် | ပုတီးသမိုင်းနှင့်ပုတီးစွမ်းရည်အမျိုးမျိုး |
| ❋ နှစ်ဖက်လှ ဦးကျော်လွင် | ကျန်းမာရေးအတွက် မြတ်ဗုဒ္ဓ၏ ဟောကြားချက်များ |
| ❋ နှစ်ဖက်လှ ဦးကျော်လွင် | ဘာဝနာ ပုတီးစိပ်နည်း |
| ❋ ကလောင်စုံ | ကြွေမိန်းကလေးပုံပြင်နှင့် ဘဝရသစာစုများ |
| ❋ ရွှေဝါစိုး | ကံခရီးသွား |
| ❋ ရွှေဝါစိုး | စိန္တာမဏိကျင့်ဝတ်ရတနာ |
| ❋ မိခင်ရောဝတီ | ဘုရားရှိခိုးအမျိုးမျိုး |

မိခင်ရောဝတီ စာအုပ်တိုက်၊ ☎ ၀၁ – ၇၀၁၄၃၁ က စီစဉ်ဖြန့်ချိ၍ ရွှေတိဂုံဘုရားဈေး၊
ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။